http://www.dhammadownload.com


စိတ်ကူးချိုချိုအနုပညာ

ရာဇဂုရု-ရာဇာဓိရာဇဂုရု
တံဆိပ်တော်နှစ်တန် အပူဇော်ခံရသော

# မောင်းထောင်ဆရာတော်ဘုရားကြီး

ရေးသားအပ်သည့်

## ပါဠိဘာသာ သာသနာဝင်ကျမ်း၏
မြန်မာဘာသာပြန်



# ဗုဒ္ဓသာသနာဝင်

နေရင်း ဦးကောဝိဒ
ပြန်ဆိုသည်။

ဗုဒ္ဓသာသနာဝင် ● နေရင်း ဦးကောဝိဒ

SEIKKU CHO CHO

http://www.dhammadownload.com

http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ
၈၅(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၇၂၆၆၂၄

http://www.dhammadownload.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

# ဗုဒ္ဓသာသနာဝင်

## နေရင်း - ဦးကောဝိဒ

## ပြန်ဆိုသည်။

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ
ဒုတိယအကြိမ်

http://www.dhammadownload.com

ဗုဒ္ဓသာသနာဝင်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၂၄၈၀၅၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၃၉၉၀၈၀၉ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ အောက်တိုဘာလတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်၊ ညိဝင်းမြင့်

၀၀၀

နေရင်းဦးကောဝိဒ ၊
ဗုဒ္ဓသာသနာဝင် / နေရင်းဦးကောဝိဒ ။ -ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၀၉။
စာမျက်နှာ ၁၄၀ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ
(၁) ဗုဒ္ဓသာသနာဝင်

http://www.dhammadownload.com



နေရင်း ဦးကောဝိဒ

http://www.dhammadownload.com



http://www.dhammadownload.com

# နိဒါန်း

ကျွန်ုပ်တို့၏ လောကထွတ်တင် ဘုန်းတော်သခင် ဘုရားရှင်သည် ကိုယ်တော်မြတ်၏ သက်တော်ထင်ရှား ရှိစဉ်ကာလက ရအပ်ပြီးသော အရဟတ္တဖိုလ် ချမ်းသာကို ဝမ်းသာရွှင်လန်းစွာခံစား၍ အမှန်အားဖြင့် ကြောင့်ကြမဲ့ နေတော်မမူနိုင်ဘဲ ရေတွက်ခြင်းငှာ မစွမ်းနိုင် ဂဏန်း မပိုင်နိုင်အောင် များစွာကုန်သော ဆည်းပူး အားထုတ် ခဲ့ပြီးသော ဘုန်းရှင်ကံရှင် ပါရမီရှင် လူနတ်ဗြဟ္မာ အစ ဖြာသော သတ္တဝါအပေါင်းတို့အား လူနတ်နိဗ္ဗာန် ၃ တန် ချမ်းသာကို ရပါစေခြင်းအကျိုးငှာ သာသနာတော်မြတ် ကို ဖြစ်စေ၍ ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံလွန်တော် မူသည်မှစ၍ အနှစ် ၅၀၀၀ တိုင်အောင် တည်စေလျက် နောင်လာနောက်သား သတ္တဝါများတို့အား လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရစေငှာလျှင် သုံးဖြာသော သာသနာ တော်ကို တည်ထားတော်မူခဲ့လေသတည်း။

ထိုသာသနာတော်သည် မဇ္ဈိမဒေသ ဖြစ်သော အိန္ဒိယတိုင်းကြီးမှ အလှိုင်းတကြီး ပျံ့နှံ့၍ တိုင်းကြီး တိုင်းငယ် မြို့ငယ်မြို့ကြီး အသီးသီးသော နိဂုံးဇနပုဒ် ပစ္စန္တရာဇ် အရပ်ကျအောင် နှံ့စပ်ပျံ့နှံ့၍ လာလေ၏။ အချို့သော ဌာနတို့၌ ဘုရားသားကျော် သံဃာတော် တို့၏ သင်ကြားပို့ချ ဟောပြကျင့်ကြံ နိဗ္ဗာန်ဖိုလ်မဂ် ထိုထိုထက်သာသဖြင့် သာသနာတော်၌ သက်ဝင် ယုံကြည် လေးမြတ်ကုန်သော မင်းနှင့် အမတ်ကြီး သူဌေးကြီး သူဌေးငယ် ကုန်သည် ဆင်းရဲသား စသည် များတို့၏ ပစ္စည်း ၄–ပါးဖြင့် ချီးမြှောက်ခြင်း၊ တရား တော်ဖြင့် ချီးမြှောက်ခြင်းတို့ဖြင့် ထွန်းလင်းတောက်ပ လျက်ရှိ၏။ အချို့သော ဌာနတို့၌ ဆန့်ကျင်ဘက်ဖြစ် ကုန်သော ရဟန်းရှင်လူတို့သည် ဖြစ်စေအပ်သော အညစ် အကြေးတို့ကြောင့် မှောင်မေးကွယ်ပလျက်ရှိ၏။ ဤသို့ လျှင် ဘုရားရှင် သာသနာတော်သည် မီးအိမ်ရှိ ဆီများ ကဲ့သို့ တစ်ခါတစ်ရံ ထွန်းလင်း၊ တစ်ခါတစ်ရံ မှေးမှိန် လျက် ပျံ့နှံ့လာခဲ့သဖြင့် ယနေ့အထိ ကျွန်ုပ်တို့ တိုင်း ပြည်ခွင်သို့ရောက်လျက် စည်ပင်ကြီးပွား ပြန့်ပြောကာ အံ့သြမကုန်သောအဖြစ်ကို တွေ့ခဲ့ရလေသည်။ ဆိုခဲ့ပြီး ဥဿုံ အလုံးစုံသော ဖြစ်ပုံအစဉ်ကိုပြလျက် သာသနာဝင် အစ အရှင်မဟာကဿပ အစရှိကုန်သော ဆရာ အစဉ် အဆက်ကို လည်းကောင်း၊ ထိုထို မထေရ်ကျော် အရှင် တို့ စီရင်တော်မူခဲ့သော ကျမ်းဂန်ဖြစ်ပုံကို လည်းကောင်း၊ ထိုထိုခေတ်တို့က ဖြစ်ခဲ့သော ရာဇဝင်မင်းအဆက်တို့ကို လည်းကောင်း ရှင်းလင်းလျက် ပြဆိုကာ ရှေးဟောင်း အစဉ်က ကျွမ်းကျင်လိမ္မာသော **မဟာဓမ္မသင်္ကြံ** အမည် တော်ရှိသော မင်းတိုင်ပင် အမတ်ကြီးသည် ကျယ်ဝန်း လှစွာသော **သာသနာလင်္ကာရကျမ်း** တစ်စောင်ကို ရေး စီရင်တော်မူခဲ့လေ၏။ ထိုသာသနာလင်္ကာရ မြန်မာ ဘာသာကျမ်းကို အမှီပြုလျက် ထပ်မံ ချဲ့ထွင်ကာ ပြည့်စုံ စွာ တန်ဆာဆင်လျက် သီဟိုဠ်သား အရှင် သရဏင်္ကရ အရှင်သုမင်္ဂလ မထေရ်တို့၏ တောင်းပန်ခြင်းကို အရင်း ပဓာနပြု၍ သဒ္ဒနီတိအဖွင့် သံဝဏ္ဏနာ စသည် ကျမ်းပြု **ပညာသာမိသိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု** တံဆိပ် တော်ရ **မောင်းထောင်ဆရာတော် အရှင်ပညာသာမိ** မထေရ်မြတ်သည် ၁၀ ပါးသော အပိုင်းတို့ဖြင့် သိုင်းဝိုင်း ဖွဲ့နွဲ့ကာ သာသန ဝံသပ္ပဒီပိကာ အမည်သာသော ပါဠိ ဘာသာ သာသနာဝင်ကျမ်းကြီးတစ်ဆူကို သက္ကရာဇ် ၁၂၂၃ ခုနှစ်ကပင် ရေးသားစီရင် ထားတော်မူခဲ့လေ သတည်း။

ထိုသာသနာဝင်ကျမ်း၌ အခန်းကြီး ၁၀ ခန်း ပိုင်း ခြားထားသည်မှာ –

၁ ကိုးတိုင်းကိုးဌာန အစီအစဉ် သာသနာဝင်၊

၂ သီဟိုဠ်ကျွန်း သာသနာဝင်၊

http://www.dhammadownload.com



၃ သုဝဏ္ဏဘုံသထုံ သာသနာဝင်၊
၄ ယောနကတိုင်း သာသနာဝင်၊
၅ ဝနဝါသီတိုင်း သာသနာဝင်၊
၆ အပရန္တတိုင်း သာသနာဝင်၊
၇ ကသ္မီရဂန္ဓာရတိုင်း သာသနာဝင်၊
၈ မဟိံသကတိုင်း သာသနာဝင်၊
၉ မဟာရဋ္ဌတိုင်း သာသနာဝင်၊
၁၀ စိန့်တိုင်း သာသနာဝင်၊

ဟူသည်တို့ ဖြစ်လေသည်။ * ဤသို့ အခန်းကြီး ၁၀ ခန်း၊ အခန်းငယ် ၉၇ တို့ဖြင့် သန့်ရှင်းစင်ကြယ်စွာ ရေးသားတော်မူခဲ့သော ကျမ်းပြုအရှင်၏ ဉာဏ်တော်ကို အံ့ဩဖွယ်ကောင်းလေသည်။ ရှေးခေတ်ကရော ယခုခတ်ပါ သာသနာဝင် အမည်ခံ ကျမ်းတို့ပါ ဤသို့ သန့်ရှင်းသောကျမ်း မရှိဘဲ ပြွတ်သိပ်ရောထွေးနေသော ကျမ်းတွေသာ များနေသောကြောင့်ပေတည်း။

ဤသာသနာဝင်ကျမ်းကို သီဟိုဠ်ကျွန်းတွင် လည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင် လည်းကောင်း သီဟိုဠ်စာ၊ အင်္ဂလိပ်စာတို့ဖြင့် ပုံရိုက်ကာ အသုံးပြုလျက် သာသနာဝင်ကျမ်းကောင်းတို့၏ ရသာဆီနှစ်ကို ခံစားနေကြရပြီ ဖြစ်ရကား ကျွန်ုပ်တို့ မြန်မာပြည်က ၁၂၂၃ ခုနှစ်က ရေးပြီးသော မြန်မာ စာရေးဆရာ၏ မြန်မာပြည်ထွက် ကျမ်းကို မြန်မာလူရှင်တို့ မြန်မာကျမ်းကောင်း၏ အရသာကို ပေပေါ်တွင်တင်၍ စာတိုက်တွေထဲတွင် နှစ်ပေါင်း ၄၀ ကျော်မျှ အိပ်နေခဲ့သည်မှာ မြန်မာလူရှင်တို့၏ ကံဇာတာညှံ့ခြင်း ဖြစ်ခဲ့လေပြီ။ အဖိုးတန် ပတ္တမြား ညှံ့တွင်းတွင်း နစ်နေသည်ကို ထုတ်ယူပြဘိသို့အလား မခြားတူတော်မူသော မန္တလေး ခင်မကံ ပါကဋ္ဌ ထင်ပေါ် စာချအကျော် အရှင်သီလာစာရ ဆရာတော်က ထိုပါဠိသာသနာဝင်ကျမ်းကြီးကို ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့နှင့် လည်းကောင်း၊ သီဟိုဠ်မူ လန်ဒန်မူ စသည်တို့နှင့် လည်းကောင်း၊ ထိုထို ဆရာတော်ကြီးတို့၏ ထေရုပ္ပတ္တိကျမ်း အရပ်ရပ်တို့နှင့် လည်းကောင်း အထပ်ထပ် ညှိနှိုင်းပြင်ဆင် သုတ်သင်လျက် ၁၂၈၅ ခုနှစ်ကပင် မန္တလေးမြို့ပေါ်၌ ပါဠိမူကို သာသနဝံသပ္ပဒီပိကာ ဟူသော အမည်ဖြင့် ပုံရိုက်ခဲ့လေပြီ။ ထိုသို့ ပုံရိုက်ပြီး ပါဠိသာသနာဝင်ကျမ်းကြီးကို မြန်မာဘာသာကိုသာ တတ်ကျွမ်းကုန်သော သာသနာဝင် သူတော်စင်တို့အား အင်္ဂလန်၊ သီဟိုဠ် ထိုထိုသို့သော ဗုဒ္ဓဘာသာဝင်တို့ကဲ့သို့ မြန်မာကျမ်းရေးဆရာ၏ မြန်မာဖြစ် သာသနာဝင်ကို ကိုယ့်ငါးချဉ်မှ ကိုယ်ချဉ်ဆိုသကဲ့သို့ နိုင်ငံခြားသားတို့ထက် လေးနက်စွာ သာသနာဝင်၏ အရသာကို ခံစားစေလိုသော သမာဆန္ဒဖြင့် မြန်မာဘာသာ ပြန်ဆိုခြင်းကို ပြုပါသတည်း။

မှတ်ချက် – ဤသာသနာဝင်ကျမ်း၌ ၉ ဌာန၊ ၉–တိုင်း ကောက်ယူပုံတို့မှာ မူလ ကျမ်းရင်းဆရာ၏ ဝါဒ ဖြစ်ကြောင်း သတိမူစေလိုပါသည်။

နေရင်း–ဦးကောဝိဒ
၁၃၀၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့။

---

* ဤမြန်မာပြန်သော နာဝင်၌မူ ၂–တွဲခွဲ၍ ထုတ်ဝေပါဟု တောင်းပန်ကြသဖြင့် တစ်ပိုင်းတစ်ဝက်ရိုက်ပြီးမှ ၆–အပရန္တတိုင်း သာသနာဝင် အခန်းကြီးကို နောက်ဆုံး ၁၀ နံပါတ်ကထားကာ စီစဉ်လိုက်ရပေသည်။

http://www.dhammadownload.com

# မာတိကာ


**သာသနာဝင်နိဒါန်း**

ဗုဒ္ဓဝင်အကျဉ်းချုပ် ၁
ပထမသင်္ဂါယနာတင်ခန်း ၂
ဒုတိယသင်္ဂါယနာတင်ခြင်းအကြောင်း ၅
တတိယသင်္ဂါယနာတင်ခြင်းအကြောင်း ၈

**၁–ပထမပိုင်း**
**၉–တိုင်း ၉–ဌာန သာသနာဝင် အခန်းကြီး**

၁ သုဝဏ္ဏဘူမိတိုင်း ၁၁
၂ အပရန္တတိုင်း ၁၂
၃ ယောနကတိုင်း ၁၃
၄ ဝနဝါသီတိုင်း ၁၃
၅ ကသ္မီရဂန္ဓာရတိုင်း ၁၃
၆ မဟိံသကတိုင်း ၁၃
၇ မဟာရဋ္ဌတိုင်း ၁၃
၈ စိနရဋ္ဌတိုင်း ၁၄
၉ သီဟိုဠ်တိုင်း ၁၄
သာသနာဝင်ဆရာအစဉ်အဆက် ၁၄
ဂိုဏ်းကွဲများ ပေါ်ပေါက်လာပုံ ၁၄
သန့်ရှင်းစင်ကြယ်သော ဆရာအစဉ်မှတ်ပုံ ၁၅

**၂–ဒုတိယပိုင်း**
**သီဟိုဠ်သာသနာဝင် အခန်းကြီး**

သီဟိုဠ်သာသနာဝင်အခန်း ၁၇
အရှင်မဟိန္ဒ သာသနာပြုကြွပုံ ၁၇
ဘုရင်နှင့် အရှင် ပြဿနာမေးဖြေပုံ ၁၉
ဝိနည်းမိုရ်ဆရာ၏ လက္ခဏာ ၃ ပါး ၂၀
သာသနာကိုခဲယဉ်းစွာ စောင့်ရှောက်ကြပုံ ၂၁
စာတစ်ပိုဒ်မေ့၍ ယူဇနာတစ်ရာခရီးမှ ပြန်လာပုံ ၂၂
အလဗ္ဘိထံ စာသင်၍ သာသနာပြုပုံ ၂၂
စတုတ္ထသင်္ဂါယနာတင် အစီအရင် ၂၃
သီဟိုဠ်ကျွန်း ဂိုဏ်းကွဲများပုံနှင့် ၂၄
သာသနာဆုတ်ချည်တက်ချည်ဖြစ်နေပုံ
စွယ်တော် သီဟိုဠ်ရောက်ပုံ ၂၇
အရှင်ဗုဒ္ဓဃောသ အဋ္ဌကထာ အကျဉ်းချုပ် ၂၇
ဈူဠဝင်ကျမ်းလာ အရှင်ဗုဒ္ဓဃောသအဋ္ဌုပ္ပတ္တိ ၂၉
သီဟိုဠ်ကျွန်း အရိယာမရှိသောနေရာ မရှိပုံ ၃၀
သီဟိုဠ်ကျွန်း၏ ဘွဲ့ထူးများ ၃၀
သီဟိုဠ်ကျမ်းပြုဆရာများ ၃၁
လက်သန်းအဋ္ဌကထာများ ၃၁
ဂဏ္ဌိဂန္ထန္တရကျမ်းများ ၃၂

**၃–တတိယပိုင်း**
**သုဝဏ္ဏဘူမိ သထုံ သာသနာဝင် အခန်းကြီး**

သထုံသာသနာဝင်အခန်း ၃၃
ရာမညတိုင်း ပထမ သာသနာဝင် ၃၃
ရာမညတိုင်း ဒုတိယ သာသနာဝင် ၃၃
ရာမညတိုင်း တတိယ သာသနာဝင် ၃၅
ရာမညတိုင်း စတုတ္ထ သာသနာဝင် ၃၆
ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကျွန်းကြွပုံ ၃၇
ဆပ္ပဒမထေရ်၏အကြောင်း ၃၇
ရာမညတိုင်း ပဥ္စမ သာသနာဝင် ၃၈

http://www.dhammadownload.com

ရာမညတိုင်း သတ္တမ သာသနာဝင် ၃၉
သီဟိုဠ်သို့စေလွှတ်၍ သာသနာမျိုးစေ့တည်ပုံ ၄၀
သီဟိုဠ်ဘုရင်၏ အလှူထူး ၄၁
ဟံသာဝတီ ကလျာဏီသိမ်ကြီးအကြောင်း ၄၂
သီဟိုဠ်သာသနာနှင့် မြန်မာသာသနာဆက်ပုံ ၄၂
မွန်တိုင်း ကျမ်းပြုဆရာတော်များ ၄၃

### ၄–စတုတ္ထပိုင်း
### ယောနကတိုင်း သာသနာတော်ဝင် အခန်းကြီး

ယောနကတိုင်း ပထမ သာသနာဝင် ၄၄
ယောနကတိုင်း ဒုတိယ သာသနာဝင် ၄၄
ယောနကတိုင်း တတိယ သာသနာဝင် ၄၅
၎င်း စတုတ္ထ ၄၆
၎င်း ပဉ္စမ ၄၆
၎င်း ဆဋ္ဌမ ၄၆
၎င်း သတ္တမ ၄၆

### ၅–ပဉ္စမပိုင်း
### ဝနဝါသီတိုင်း သာသနာဝင် အခန်းကြီး

ဝနဝါသီတိုင်း ပထမ သာသနာဝင် ၄၈
၎င်း ဒုတိယ ၄၈
၎င်း တတိယ ၄၉

### ၆–ဆဋ္ဌမပိုင်း
### ကသ္မီရဂန္ဓာရတိုင်း သာသနာဝင် အခန်းကြီး

ကသ္မီရဂန္ဓာရတိုင်း သာသနာဝင် ၅၀
နဂါးနှင့်ရဟန်း တန်ခိုးပြိုင်ပုံ ၅၀

### ၇–သတ္တမပိုင်း
### မဟိသကတိုင်း သာသနာဝင် အခန်းကြီး

မဟိသကတိုင်း သာသနာဝင် ၅၃

### ၈–အဋ္ဌမပိုင်း
### မဟာရဋ္ဌတိုင်း သာသနာဝင် အခန်းကြီး

မဟာရဋ္ဌတိုင်း သာသနာဝင် ၅၄

### ၉–နဝမပိုင်း
### စိန့်တိုင်း သာသနာဝင် အခန်းကြီး

စိန့်တိုင်း သာသနာဝင် ၅၆

### ၁၀–ဒသမပိုင်း
### အပရန္တတိုင်း သာသနာဝင် အခန်းကြီး

အပရန္တတိုင်း ပထမ သာသနာဝင် ၅၇
၎င်း ဒုတိယ ၅၇
၎င်း တတိယပိုင်း ၅၈
တမ္ပဒီပတိုင်း အရည်းကြီး ရဟန်းတို့အကြောင်း ၅၉
ရာဇဝင်လာ အရှင်အရဟံ အတ္ထုပ္ပတ္တိ ၅၉
ပရိတ္တနိဒါန်းလာ အရှင်အရဟံ၏ အတ္ထုပ္ပတ္တိ ၆၁
သာသနာဝင်လာ အရှင်အရဟံ အတ္ထုပ္ပတ္တိ ၆၂
တမ္ပဒီပတိုင်း စတုတ္ထ သာသနာဝင် ၆၂
ပုဂံပြည်ခေါ်ဆိုပုံ ၆၄
တမ္ပဒီပတိုင်း ပဉ္စမ သာသနာဝင် ၆၅
ပုဂံမြို့ထေရပရမ္ပရ သာသနာဝင် ၆၅
ရာဟုလာ ရဟန်းအကြောင်း ၆၅
ထီးလှိုင်ရှင်မင်းတရားနှင့် ရဟန္တာများ ၆၇
ရဟန္တာများကို ထိနိုင်ခဲ့ပုံ ၆၇
ရဟန္တာငစွယ်ရှင်ပုံသကူမထေရ်အကြောင်း ၆၈
ပေါင်လောင်အရှင်ကဿပရဟန္တာအကြောင်း ၇၀
ရဟန္တာရှင်သုမေဓာအကြောင်း ၇၁
သာသနာ ၅–ထောင် ပိုင်းခြားနည်းများ ၇၁
ပုဂံမင်းတို့ စာတတ်ကြောင်းကို သီဟိုဠ်က ဝန်ခံပုံ ၇၂
မင်းသမီးလိုချင်၍ ကျမ်းပြုရပုံ ၇၃
ကျစွာမင်းအကြောင်း ၇၃

http://www.dhammadownload.com


| | |
|---|---|
| တောထွက်ရဟန်းကြီး စာတတ်လာပုံအကြောင်း | ၇၄ |
| မိန်းမများ ပဋ္ဌာန်းသင်၍ သာသနာပြုပုံ | ၇၅ |
| ရဟန်းတစ်ပါးနှင့် အပျိုမ မေးဖြေကြပုံ | ၇၅ |
| ပုဂံခေတ်သည် စာတတ်ခေတ်ဖြစ်ပုံ | ၇၆ |
| ကိုရင်လေးနှင့် ဝါခင်းစောင့် မိန်းမငယ် | ၇၆ |
| ကေတုမတီ သာသနာဝင် | ၇၇ |
| သေရည်သေရက်ဝိဝါဒ အဆုံးအဖြတ် | ၇၇ |
| ပုဂံမြင်စိုင်း သာသနာဝင် | ၇၈ |
| ရဟန်းများနှင့် နိုင်ငံရေး | ၇၈ |
| ပင်းယမြို့ သာသနာဝင် | ၇၉ |
| ပင်းယမြို့ကျောင်းဒကာ ဥဇနာမင်း | ၇၉ |
| ရွာဂိုဏ်း တောဂိုဏ်း ကွဲလာပုံ | ၈၀ |
| ပင်းယမြို့ ကျော်စွာမင်း | ၈၀ |
| စိတ်ထားတတ် မြတ်ပုံထုံးတစ်ခု | ၈၁ |
| လက်ဖွေ့သတ်ရဟန်းကြီးသဃ်ဇာအကြောင်း | ၈၂ |
| ဆူးထွင်းပစ်ဆရာတော်အကြောင်း | ၈၂ |
| ရတနာပုရ ရွှေအင်းဝ သာသနာဝင် | ၈၄ |
| သတိုးမင်းကြီး သာသနာပြုပုံ | ၈၅ |
| မင်းကြီးစွာစော်ကဲ သာသနာပြုပုံ | ၈၅ |
| အကြံကောင်းသော မထေရ်တစ်ပါး | ၈၅ |
| ဘုရင်မင်းခေါင်နှင့် သံဃာတော်တို့အကြောင်း | ၈၆ |
| စာကြိုကိုယ်တော်ကြောင့် မင်းနှစ်ပါး ချမ်းသာရပုံ | ၈၆ |
| မိုးညှင်းမင်းတရား သက္ကရာဇ်ဖြိုခြင်း | ၈၇ |
| မဟာအရိယဝံသ စာတတ်အကျော်ဆရာတော် | ၈၇ |
| ရဟန်းတန်ခိုး ဘုရင်မတို့နိုင်ပုံ | ၈၉ |
| ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ | ၈၉ |
| ပျို့ကဗျာလင်္ကာကို ဘုရားတားမြစ်ပုံ | ၈၉ |
| မဟာသူတော်ကြီးအကြောင်း | ၉၀ |
| ရှမ်းသိုဟန်ဘွား သာသနာဖျက်ပုံ | ၉၀ |
| ရှင်တိသာသနဓဇဆရာတော် | ၉၁ |
| ညောင်ရမ်းမင်းလက်ထက် သာသနာဝင် | ၉၂ |
| သားတော်ကြီး ဥပရာဇာလက်ထက် | ၉၂ |
| အကျော်ဆရာတော်နှစ်ပါး | ၉၃ |
| တောင်ဖီလာဆရာတော်အကြောင်း | ၉၃ |
| သာလွန်မင်းတရားကြီး | ၉၄ |
| ရဟန်းများ နိုင်ငံရေး ဝင်ရောက်ပုံ | ၉၅ |
| နိုင်ငံရေးနှင့် သာသနာရေးအကျိုး | ၉၆ |
| သာလွန်မင်းတရား ကောင်းမှုတော် ဘုရားတည်ပုံ | ၉၆ |
| တရုတ်စစ် ရောက်လာပုံ | ၉၇ |
| နန်းကျောင်းဆရာတော်နှစ်ပါး | ၉၇ |
| မှတ်လောက်သော မိန့်ခွန်းတစ်ရပ် | ၉၈ |
| လူထွက်မည့် ပဉ္စင်းပျို တရားရပုံ | ၉၈ |
| တောင်ဖီလာနှင့် ရွှေဥမင်ဆရာတော် | ၉၉ |
| သူတော်ကောင်းတို့ဂုဏ်ကို ဝမ်းမြောက်ခြင်းအကျိုး | ၁၀၀ |
| ပုခန်းနယ်က ကျမ်းပြုဆရာ ထွက်ကြပုံ | ၁၀၀ |
| ရမည်းသင်းမင်းကြီးလက်ထက် သာသနာပြုပုံ | ၁၀၁ |
| ပဋ္ဌာန်းတရားနှင့် ရွှေပေစာပေါ်ပုံ | ၁၀၁ |
| အတင်ဂိုဏ်း အရုံဂိုဏ်းကွဲလာပုံ | ၁၀၁ |
| ဆင်ဖြူရှင်လက်ထက် အတင်ဂိုဏ်း အရေးသာပုံ | ၁၀၂ |
| ကျော်အောင်စံထားနှင့် ရှင်ပါသံသတို့ အချေအတင်ပြောပုံ | ၁၀၃ |
| အလောင်းမင်းတရားနှင့် အတင်ဂိုဏ်း | ၁၀၄ |
| မောင်းထောင်ဆရာတော်နှစ်ပါး | ၁၀၄ |
| တောင်တွင်းဆရာတော် ပုဂ္ဂိုလ်ကျော် | ၁၀၅ |
| အရုံဂိုဏ်းက အနိုင်ရပုံ | ၁၀၆ |
| အရုံဂိုဏ်းတို့ ဒုတိယအောင်ပွဲရပုံ | ၁၀၇ |


## အမရပူရ သာသနာဝင်


| | |
|---|---|
| သာသနာပြု တစ်ကျိပ်နှစ်ပါး ဖြစ်လာပုံ | ၁၀၉ |
| မောင်းထောင် သာသနာပိုင်ကြီးအကြောင်း | ၁၀၉ |
| သီဟိုဠ်သို့ သာသနာပြု စေလွှတ်ပုံ | ၁၁၁ |
| အတင်ဂိုဏ်းဝါဒ ပထမရှုံးပုံထုံးပုံနှင့် ပြချက် | ၁၁၁ |
| ၎င်း ဒုတိယ ပြချက် | ၁၁၃ |
| ၎င်း တတိယ ပြချက် | ၁၁၄ |
| အတင်ဂိုဏ်း လက်စသိမ်းပုံ | ၁၁၄ |
| အင်းဝနေပြည်တော်ကို ထပ်မံတည်ပုံ | ၁၁၅ |

http://www.dhammadownload.com


| | |
|---|---|
| သွားတော် ၄၀– စွယ်တော် လေးချောင်း | ၁၁၅ |
| ဝတ္တုကံမြေများကို ဘုရင် မသုံးနိုင်ပုံ | ၁၁၆ |
| ရွှေဘို ကုန်းဘောင်မင်းလက်ထက် | ၁၁၇ |
| သီဟိုဠ်ကျွန်း သာသနာပြုစေလွှတ်ပုံ | ၁၁၈ |
| ပုဂံမင်းကြီးလက်ထက် သာသနာပြုပုံ | ၁၁၈ |
| မင်းတုန်းဘုရင် သာသနာဝင် | ၁၁၉ |
| ပိဋကတ်တော်ကို ပြုစုပုံ | ၁၂၀ |
| မန္တလေး သာသနာဝင် | ၁၂၁ |
| တိုင်းသားပြည်သူတို့ တရားစောင့်ပုံ | ၁၂၁ |
| ပဋိညာဉ်ဝန်ခံ၍ သိက္ခာပုဒ် ဆောက်တည်သင့် မသင့် | ၁၂၂ |
| သီဟိုဠ်တွင် သိမ်အတွက် အငြင်းအခုံဖြစ်၍ လာရပုံ | ၁၂၅ |
| ပုဂံဂိုဏ်း သာသနာဝင် အစဉ်အဆက် | ၁၂၆ |
| ဆပ္ပဒဂိုဏ်းဝင် ဆရာစဉ်ဆက် | ၁၂၈ |
| ပဥ္စမ သင်္ဂါယနာတင်ပုံ | ၁၂၈ |
| မင်းတုန်းဘုရင်၏ ကုသိုလ်တော်အမြွက် | ၁၂၈ |
| သီပေါမင်းလက်ထက် သာသနာဝင် | ၁၂၉ |
| ပထမ စာတော်ပြန်ပွဲ | ၁၃၀ |
| သာသနာပိုင် အစဉ်အဆက်များ | ၁၃၀ |
| မူလကျမ်းရင်း နိဂုံး | ၁၃၁ |


❑

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သာသနာဝင်နိဒါန်း

## အာသီသ–ပဌာမ

ဘုရားနေမင်း ထွန်းလင်းခဲ့ပေ၊
လူနတ်စသား အများမိုလ်ခြေ။
နိဗ္ဗာန်ထက်ဖျား တင်ထားခဲ့ပေ၊
ထိုနေမင်း နေရင်း စောင့်ပါစေ။

ဤဆိုလတ္တံ့သည်ကား သာသနာဝင်ကျမ်းကြီး၏ အခန်းကြီး စာအရှိလာပေသော မာတိကာတို့ပေတည်း။

၁။ ကိုးတိုင်းကိုးဌာန သာသနာဝင် အစီအစဉ် အခန်းကြီး။
၂။ သီဟိုဠ်ကျွန်း သာသနာဝင် အခန်းကြီး။
၃။ သုဝဏ္ဏဘူမိတိုင်း သာသနာဝင် အခန်းကြီး။
၄။ ယောနကတိုင်း သာသနာဝင် အခန်းကြီး။
၅။ ဝနဝါသီတိုင်း သာသနာဝင် အခန်းကြီး။
၆။ ကသ္မီရဂန္ဓာရတိုင်း သာသနာဝင် အခန်းကြီး။
၇။ မဟိံသကတိုင်း သာသနာဝင် အခန်းကြီး။
၈။ မဟာရဋ္ဌတိုင်း သာသနာဝင် အခန်းကြီး။
၉။ စိန့်တိုင်း သာသနာဝင် အခန်းကြီး။
၁၀။ အပရန္တတိုင်း သာသနာဝင် အခန်းကြီး။

## ဗုဒ္ဓဝင်အကျဉ်းချုပ်

ထိုစကားရပ်တို့တွင် ၉–တိုင်း ၉–ဌာနသို့ သက်ရောက်လာသော သာသနာဝင် စကားအစဉ်ကို ဤသို့လျှင် သိမှတ်အပ်၏။ ဘယ်လို သိမှတ်ရပါမည်နည်း။ အကြောင်းအရာ စုံလင်စွာ အကျယ်ချဲ့ကာ ပြဆိုဦးအံ့။ သစ္စာ ၄–ပါး မြတ်တရားကို ပိုင်းခြားသိမြင် ကျွန်ုပ်တို့ဘုရားရှင်သည် များဖျင်သတ္တဝါ ဝေနေယျာတို့၏ အစီးအပွား ကြီးမားစေခြင်း အကျိုးငှာ ကိုယ်တော်မြတ်၏ လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို ဝမ်းသာကြည်ဖြူ မယူမူ၍ သုံးလူတို့မှန်ကင်း ဒီပင်္ကရာ ခြေတော်ရင်းတွင် ဝပ်စင်းကြည်ဖြူ ဗုဒ္ဓဗျာဒိတ် လှမဥ္စူကို လှမ်းယူဆွတ်ခူး ထွတ်ဖူးထိပ်တင် ကောင်းစွာ ပေးဆပ်၍ ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေကာလပတ်လုံး များစွာသော ဘဝသံသရာ ဇာတိအဖြာဖြာတို့၌ ကိုယ်တော်၏ ပင်ပန်းချက်ကို ငဲ့ကွက်တော်မမူဘဲ သုံးဆယ်မျှသော ပါရမီတို့ကို ပြည့်ညီတော်မူစေလျက် ဝေဿန္တရာမင်းကြီးအဖြစ်မှ စုတေကာ တုသိတာ နတ်ရွာတွင် နတ်တို့၏စည်းစိမ်ကို ခံစားကာနေလေသတည်း။ ထိုအခိုက်တွင် လောကဓာတ်တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားဖြစ်ရန် အကြောင်းကို ခညောင်းတောင်းပန်အပ်သည်ဖြစ်၍ ကပိလဝတ်ပြည်ဝယ် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္န ခတ္တိယဝံသာ နွယ်လာသန့်ရှင်း သုဒ္ဓေါဒန မင်းတရား၏ ညာထားသက်နှင်း ချစ်ခြင်းမျှညီ သီရိမဟာ မာယာ သညာတွင်ပြီး အဂ္ဂမဟေသီမိဖုရားကြီးဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ၊ ၆၇ ခု ဝါဆိုလပြည့် ကြာသပတေးနေ့ဝယ် တည်နေတော်မူလျက် ဆယ်လလွန်၍ ၆၈ ခု ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်ပြီးနောက် ၁၆ နှစ်အရွယ် တင့်တယ်ဝင်းထိန်မင်းစည်းစိမ်ရောက် ၂၉ နှစ် လွန်မြောက်သော်၊ အဟော်ဝတ မင်္ဂလာဥယျာဉ်သို့ ထွက်ဝင်၍သွားခိုက်၊ နတ်တို့သည် ပြလိုက်သော သူအို, သူနာ, သူသေ, ရဟန်း နိမိတ်ကြီးလေးခန်းကိုမြင် စိတ်တွင်ထိခိုက် လောကီကို မနှစ်ခြိုက် မပျော်ရွှင် သံဝေဂဉာဏ်ယှဉ်လျက် ဆင်ခြင်ကာ

http://www.dhammadownload.com



တောထွက်တော်မူပြီးလျှင် အနော်မာမြစ်ကမ်း၌ ပိတုန်းရောင် အဆင်းကဲ့သို့သော ဆံပင်တို့ကိုဖြတ်၍ ဗြဟ္မာနတ် လှူဒါန်း ဖန်ရည်ဝန်သင်္ကန်းကို ဖုံးလွှမ်းဝတ်ရုံကာ နေရဉ္စရာမြစ်ကမ်း၌ ကဆုန်လပြည့် မိုးတောက်ထအချိန်တွင် သဋ္ဌေးသမီး သုဇာတာ လှူဒါန်းသော နွားနို့ဃနာဆွမ်းကို ၄၉ လုတ် မယုတ်လွေးလွေး ဘုဉ်းပေးတော်မူ၍ ရှေးဘုရားတို့ ဓမ္မတာအတိုင်း ရွှေခွက်ကို မြစ်သို့မျှောပြီးလျှင် မဟာဗောဓိမဏ္ဍိုင်သို့ချဉ်းကပ်၊ အပ္ပရာဇိတ ပလ္လင်မြတ်တွင် ထိုင်နေလျက် အစမထင် သံသရာတစ်ခွင်မှစ၍ ကိုယ်တော်မြတ်အား အရိပ်အသွင် အစဉ်လိုက်ကုန်သော ကိလေသာသောင်းပြောင်း ရန်သူတို့ဦးခေါင်းကို လေးချောင်းသော မဂ်, ဓားကြီးတို့ဖြင့် ဖြတ်လှီးပယ်ချလျက် သုံးလောကထိပ်နင်း တရားမင်းအဖြစ်သို့ ရောက်တော်မူပြီးလျှင် ၄၅-ဝါ ကာလပတ်လုံး ထိုထိုသို့သော အရပ်တို့၌ ထိုထိုသို့သော သတ္တဝါတို့အား မဟာကရုဏာသမာပတ် ကွန်ရွက်ကို ဖြန့်ကြက်တော်မူ၍ ဒေသနာဉာဏ်အားရုံးလျက် တရားတုံး လွှတ်ကြဲကာ သာသနာအံ့ပွဲများကို တည်ထားတော်မူခဲ့လေသတည်း။ သာသနာတော်မြတ် တည်စေတော်မူ၍ သက်တော် ၈၀ ပြည့်ဖြိုးကြွယ်သောအခါ ထွန်းတောက်၍ ငြိမ်းလေပြီးသော မီးကဲ့သို့ ဆီးတားမရ အနုပါဒိသေသ နိဗ္ဗာနဓာတ်မှန်ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူလေသတည်း။ သေခြင်းတရားမည်သည်ကား ....။ ဤသူကား လောကကြီး၌ အလွန်မြတ်နိုးအပ်သောပုဂ္ဂိုလ်၊ အလွန်ရိုသေအပ်သောပုဂ္ဂိုလ်၊ အလွန်ကြောက်အပ်သော ပုဂ္ဂိုလ်ဟု သိတတ်သောသဘော မရှိချေ။ လောက၏ထိပ်တင် ရွှေဘုန်းရှင် မြတ်ဘုရားကိုပင် ယူသွားချေသေး၏။ "ငါတို့လို ဘုန်းကံမဲ့ငြား ပုဂ္ဂိုလ်တို့အား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း၊ ပျက်မြဲသဘောရှိသော သင်္ခါရတရားတို့သည် ဘုရားကိုပင် မငဲ့ညှာ ဘယ်ညာရိုက်ဟီး လက်ဖျစ်တီး၍၊ ဩော် ... အံ့ချီးဖွယ်ရှိလေစွတကား" ဟု သတိတွေရကာ ထင်မြင်လျက် သေခြင်းတရားကို အမြဲဆင်ခြင်ရှုစားကြကုန်ရသတည်း။ ။ ဤနေရာ၌ သင်္ဂဟဂါထာနှင့် ဘာသာပြန်ဆိုသော သင်္ဂဟ ကဗျာတို့မှာ အောက်ပါအတိုင်းပင်တည်း။

၁ မစ္စုဓမ္မော စ နာမေသ၊
နိလဇ္ဇော စ အနောတ္တပ္ပီ။
တိလောကဂ္ဂံ ဝ အာဒါယ၊
ဂစ္ဆိ ပဂေဝ အညေသု။ ။
၁ ဤမှုသေမင်း မည်ရင်းဓမ္မာ၊
ရှက်ခြင်း ကြောက်ခြင်း အလျှဉ်းမပါ။
လောကထွတ်ဖြား ယူသွားပေရှာ၊
ငါတို့ဝယ် ဆိုဖွယ်မရှိပါ။

၂ ယထာ ဂေါဃာတကော စောရော၊
မာရေတုံ ယေဝ အာရဘိ။
ဂေါဏံ လဒ္ဓါန လောကမှိ၊
ပယောဇနံ ဝ တွေကံ။ ။
၂ နွားကိုသတ်ငြား ခိုးသား-ပုံတင်၊
လောကတလွှား နွားများတွေ့လျှင်။
တန်ဖိုးအကျိုး မြတ်နိုးမခင်၊
သတ်ဖို့ကား ထင်ရှားအားထုတ်ပင်။

၃ တထေ ဝ မစ္စုရာဇာ စ၊
ဟိန္နဂ္ဂုနံ ဂုဏံ ဣဓ။
နဝိဇာနာတိ သော ဟိ၊
မာရေတုံ ယေဝ အာရဘိ။ ။
၃ ထို့တူသေမင်း မယွင်းတံတွာ၊
ရှင်လူအပေါင်း ဂုဏ်ကောင်းဖြာဖြာ၊
ကောင်းစွာမကြည့် မသိသူ့မှာ၊
သတ်ဖို့ကား ထင်ရှား အားထုတ်ရှာ။

## ပထမသင်္ဂါယနာတင်စန်း

သုံးလူ့ထိပ်တင် ဘုရားရှင်သည် များဖျင်သတ္တဝါ ဝေနေယျာတို့အား ပစ်ခွာစွန့်ထားခဲ့ပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်နောက် ခုနစ်ရက်မြောက်သော် မြားမြောင်သော ရဟန်းသံဃာ ၁၂၅ဝ နှင့်တကွ အရှင်မဟာကဿပ မဟာထေရ်သည် ပါဝါပြည်မှ ကုသိနာရုံ အင်ကြင်းစုံသို့ ကြွလာသည်ရှိသော်၊ လမ်းခရီးအကြား၌ **ဘုရားပရိနိဗ္ဗာန်ဝင်စံပြီ** ဟူသော သတင်းစကားကိုကြား ရ၍ သောကမပယ်နိုင်သေးသော ရဟန်းငယ် ရဟန်းကြီး

http://www.dhammadownload.com



အသီးသီးတို့သည် ဝမ်းနည်းငိုကြွေးကြသည်တို့ကို မြင်ရသဖြင့် ဘဝင်ဟဒယသဘော မသက်နိုင်သော တောထွက်သုဘဒ်ရဟန်းကြီးက "ငါ့ရှင်တို့ မငိုကြွေးကြနဲ့၊ ငါတို့မှာ ရှေးအခါက ကြွေးရှင်က ကျေးကျွန်နှိပ်စက်သလို ရဟန်းကြီး ဂေါတမသည် လောကတွင် ဤဟာမပြုရ၊ သင်တို့နှင့်မအပ်။ ဤဟာကိုသာ ပြုရမည်။ သင်တို့နှင့် အပ်စပ်သည်။ အထပ်ထပ် စိတ်ပျက်အောင် ကျွန်ုပ်တို့အား နှိပ်စက်ခဲ့လေပြီ။ ယခုအခါမူကား ဘုရားဂေါတမ မရှိသဖြင့် မိမိတို့ အလိုရှိရာ ကျင့်ချင်ရာကို ကျင့်နိုင်သည်၊ မပြုချင် မကျင့်ချင်က နေနိုင်သည်" ဟု အခြေပိုင်ပိုင် သဘောကျပြီးလျှင် ပြောပြနေသော စကားတို့ကို နားနှင့်ဆတ်ဆတ် ကြားတော်မူရလေသတည်း။

## အရှင်မဟာကဿပ ဓမ္မသံဝေဂဖြစ်ပုံ

ထိုသို့ သုဘဒ်ရဟန်း၏ တုပကြမ်းတမ်း ပရမ်းပတာ စကားအလာကို ကြားရရှာသော အရှင်မဟာကဿပသည် "သြော်-ဤသို့ စုတ်ချာ ယုတ်မာလှသော သာသနာ့ရန်သူကို အစွဲပြု၍ ဘုရားရှင်၏ သာသနာသည် လျင်စွာမသွေ ကွယ်ပလေယောင်တကား၊ ယခုအခါ၌ ရွှေတုံးကြီးအလား မြတ်ဘုရား၏ ခန္ဓာတော်ထင်ရှားရှိပါသေးလျက်ပင် လေးသချေႋနှင့် ကမ္ဘာတစ်သိန်း ဆင်းရဲငြိုငြင်စွာဖြင့် ဖြစ်ခဲ့ရသော သာသနာတော်အရေးသည် ကြောက်ဖွယ်မအေး ကြီးစွာသောဘေး ဖြစ်ပေးလာခဲ့လေပြီတကား။ ဤသူယုတ်သည် သဘောတူချင်း အသင်းအပင်း ကြီးပွားသဖြင့် ဆီးတားမရသည်ရှိသော်၊ ထိုဘုရားသာသနာကို မုန်စွာမသွေ ဆုတ်ယုတ်စေအောင် စွမ်းဆောင်နိုင်ပေလိမ့်မည်တကား" ဟု များများကြီးစိတ်ပြန့်လျက် ထိတ်လန့်သော ဓမ္မသံဝေဂ ဖြစ်တော်မူပြီးလျှင် ဤရဟန်းကြီးကို အပန်းတကြီး အဝတ်ဖြူလဲကာ ကိုယ်တွင်ပြာကြဲလျက် တစ်ခါတည်း ပြင်ပသို့ နှင်ချခြင်းအမှုပြုအံ့ဟူသော အကြံတော်ပင် ဖြစ်တော်မူလေ၏။ ထိုအခါ မရှင်မဟာကဿပ ထေရ်မြတ်အား ထပ်မံ၍ အကြံတော်ဖြစ်ပုံမှာ 'ယခုအခါ ရဟန်းဂေါတမ၏ခန္ဓာ ထင်စွာရှိတုံသေးလျက် ၎င်း၏ တပည့်သာဝကတို့သည် ဝိဝါဒ ဆိုတဲ့ နိက်ရန်မှုကို လိုက်လံပြုကြန်ပြီ' ဟု ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုကြကုန်လိမ့်မည်ဟူသော အချက်ကို ကွက်ကွက်ကွင်းကွင်း မြင်တော်မူ၍ သုဘဒ်ရဟန်းကြီးအား နှင်ထုတ်ပစ်ရန် အကြံကို ရုတ်သိမ်းသည်းခံပြီးလျှင် သဗ္ဗညုဘုရား နိဗ္ဗာန်လားသော်လည်း ဟောကြားခဲ့သောတရား ထင်ရှားရှိပေသေး၏တကား၊ ဘုရားဟောတော် တရားတော်၏ မမှားမချော် အရှည်ခန့်၍ တည်တံ့စေခြင်းအကျိုးငှာ ပေါင်းစည်းညီညာ ရွတ်ဖတ်ကာနှင့် သင်္ဂါယနာတင်အပ်သည်ရှိသော် ဤသုဘဒ်ကဲ့သို့သော သူယုတ်မာ ရဟန်းတို့ကြောင့် သာသနာကြီးသည် မကွယ်မပျောက်နိုင်ဘဲ ရှိပေမည်။ ကျောက်ထီး ကျောက်တိုင်ကဲ့သို့ ခန့်ခိုင်တည်ထွန်းအောင် ပြုပေလိမ့်မည်ဟု ရည်ရွယ်တော်မူ၍ ကိုယ်တော်တိုင် သပ္ပာယ်သော သင်္ကန်းကြီးကို ရှင်လန်းစွာ ချီးမြှောက်ခြင်းစသည်ဖြင့် သဗ္ဗညုဘုရားက ငါ့အား ချီးမြှောက်သည်မဟုတ်တုံလောဟု စောကြောဆင်ခြင်ပြီးလျှင် ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံပြီးသည်နောက် ၃ လမြောက်သော် ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်ခွင် စရည်းပင်ရောက်ရာ လိုဏ်မြတ်၌ အဇာတသတ်မင်းကို အမှီထား၍ ငါးရာသော ရဟန္တာတို့နှင့်တကွ ပထမသင်္ဂါယနာတင်ပွဲကြီးယင်တော်မူလေသတည်း။

## သာသနာ့ဒါယကာနှင့် မြန်မာ့ရာဇာ

ထိုခေတ်အခါက တွက်စစ်လျှင် သက္ကရာဇ် ၁၄၈ ခုကို ဒေဝိယကိန်းနှင့် အကုန်ချေပစ်၍ အခြေအမြစ်ဖြစ်သော သာသနာနှစ်နှင့် အညီအမျှ အသစ်တွင်၍ ၁ နှစ်အဝင် ထားကြကုန်၏။ ပထမသင်္ဂါယနာတင်သဘင် ပွဲကြီးယင်သောနှစ်တွင် အဇာတသတ် ဘုရင်သည် နန်းစံရှစ်နှစ်မြောက် ဖြစ်၏။ ကျွန်ုပ်တို့ မြန်မာတိုင်း တကောင်းသင်းတွဲ ပြည်တော်တွင် ဇမ္ဗူဒီပဓဇမင်း နန်းစံငါးနှစ်ကျော် ဖြစ်၏။ ထိုမင်း ၂-ပါးသည် အချင်းချင်း စခန်းပိုင်ပိုင်နှင့် နန်းပြိုင်ထီးပြိုင် ဖြစ်ကြလေကုန်သတည်း။

## ပထမ သာသနာပြုပုဂ္ဂိုလ်များ

ဤပထမသင်္ဂါယနာသဘင်၌ အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါ စသည်များပြား ၅၀၀ သော မထေရ်မြတ်များတို့သည် ရှေးဖျားမဆွ ပထမသခင် သင်္ဂါယနာတင်လျက် ဘုရားရှင် သာသနာကို

http://www.dhammadownload.com



ကောင်းစွာချီးမြှင့် ပြုစုတော်မူကြကုန်၏။ သုဘဒ်ရဟန်းယုတ်၏ ကြမ်းကြုတ်သော သာသနာဖျက်ရန် စကားကြီးသည် သာသနာပြုခြင်း၏ အကြောင်းရင်းကြီးတစ်ခု ဖြစ်သွားတော့သတည်း။

## သုဘဒ်ရဟန်း၏အတ္ထုပ္ပတ်

သုဘဒ်ရဟန်းကြီးသည်ကား ဆတ္တာသည်မျိုး အာတုမာမြို့သားပင် ဖြစ်၏။ ဘုရားရှင်သည် သက်တော်ထင်ရှားရှိစဉ်က အာတုမာမြို့သို့ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူသောအခါ သုဘဒ်ရဟန်းကြီးသည် မိမိ၏သား သာမဏေ ၂ ယောက်ကို ဆတ္တာသည်အမှုပြုစေ၍ ရခဲ့သော ဆန်, ဆီ, ဆား စသော ဝတ္ထုတို့ကို ယာဂုချက်ကျို၍ ဘုရားကို သံဃာနှင့်တကွ ကပ်လှူရာ မအပ်သဖြင့် အလှူခံတော်မမူ။ အကြောင်းရင်းမေးတဲ့၍ ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် မအပ်သောအရာ၌ လူသာမဏေတို့အား ခိုင်းစေသော် အကပ္ပိယ သမာဒါန ဒုက္ကဋ်အာပတ်၊ ဆတ္တာသည်အမှု ပြုဖူးသော ရဟန်းသည် သင်တုံး စသော ဆတ္တာသည်တို့ အပြုအမူကို ဆောင်ရွက်သော ခုရဓာရဏ ဒုက္ကဋ်အာပတ်ဟု သိက္ခာပုဒ် ၂ ရပ်ကို ပညတ်ချက် ထုတ်တော်မူ၏။ ထိုအကြောင်းရင်းကို အစွဲပြုပြီးလျှင် အမြဲပင် ရန်ငြိုးထား၍ အမှန်တန်ခိုးပွားသော ဘုရားသာသနာစက်ကို ဖျက်လိုသောသဘောရှိသောကြောင့် ရဲရဲငြိသော သံတွေခဲကို မျိုရသကဲ့သို့သော မဆိုအပ် မဆိုကောင်းသော သာသနာဖျက် ထိုစကားကို သုဘဒ်ရဟန်းကြီးသည် ဆိုမှားမိလေသတည်း။

## ပထမသာသနာပြုမင်း

အဇာတသတ်မင်းသည်ကား အရှင်ဘုရားတို့၏ ဓမ္မစက် ဖြစ်ပါစေ၊ တပည့်တော်၏ အာဏာစက် ဖြစ်ပါစေမည်၊ ဝုံဝုံရဲရဲ သင်္ဂါယနာတင်ပွဲကို ဆင်နွှဲကျင်းပတော်မူကြပါကုန်ဟု အစွမ်းကုန် အာဏာစက်နှင့် သာသနာ့ရန်ကို ဖြိုဖျက်ရန် လျှောက်ထားသော ယောကျ်ားအာဇာနည် ကမ္ဘာတည်ရန် သာသနာ့အမှုကို အစပထမပြုပေသော **ပထမသာသနာပြုမင်းမြတ်** ဟု ပိဋကတ်စာရင်းမြတ်တွင် ရဟန္တာအရှင်မြတ်တို့က တင်ထားခဲ့ရသော မင်းမြတ်ပေတည်း။ ပထမသင်္ဂါယနာတင် အရှင်မဟာကဿပ အစရှိသော ရဟန္တာကြီး (၅၀၀) တို့က ဆင်းသက်လာသော ဆရာစဉ်ဆက် တပည့်စဉ်ဆက်တို့မှာ သိန်းသန်းမက ရေတွက်လို့ မရနိုင်အောင် များပြားစွာရှိကြလေကုန်၏။ ဤနေရာ၌ သင်္ဂါယနာတင်ခန်းအကျယ်ကို ဝိနည်းအဋ္ဌကထာ စသည်တို့၌ ကြည့်ရှုကြပါလေကုန်။ အရှင်မဟာကဿပ စသော မထေရ်မြတ်တို့သည် ပထမသင်္ဂါယနာတင်၍ ပရိနိဗ္ဗာန် စံဝင်တော်မူကြကုန်ပြီ။ ဩော်-ပျက်ရန်ဖြစ်လာသော သင်္ခါရ သဘောသည် အံ့ဩဖွယ်ရှိပေစွတကား။ ။

ဤနေရာ၌ သင်္ဂဟ ဂါထာနှင့် သင်္ဂဟ ကဗျာတို့မှာ ဤသို့ဤပုံ ဖြစ်ကုန်သတည်း။

၁ ဣဒ္ဓိမန္တေစ ယေ ထေရာ၊
ပထမသံဂီတိံ ကတ္ဝာ။
သာသနံ ပဂ္ဂဟိတ္ဝာန၊
မစ္စု ဝသံ ဝ သမ္ပတ္တာ။ ။

၁ တန်ခိုးကြီးငြား ထေရ်များအရှင်၊
အစပေါင်းစု ရွတ်မှုပြီးလျှင်။
သာသနာကြီး မြှောက်ချီး၍ပင်၊
သေမင်းနောက် ဆိုက်ရောက်လေကုန်အင်။

၂ ကိဉ္စာပိ ဣဒ္ဓိယော သန္တိ၊
တထာပိ တာ ဇဟိတ္ဝာန။
နိဗ္ဗာယိံသု ဝသံမစ္စု၊
ပတ္တာတေ ဆိန္နပက္ခာဝ။

၂ ထို့ပြင်များပြား ဘုန်းများအရှင်၊
ထိုရှင်များလည်း ထိုနည်းတူပင်။
အတောင်ပျက်ဘိ ငှက်၏အသွင်၊
သေမင်းနောက် ရောက်ကြလေကုန်ပင်။

၃ ကာကထာ ဝ စ အမှာကံ၊
အမှာကံ ဂဟဏေ ပန။
မစ္စနော နတ္ထိ ဘာရောစ၊
ဓဝံ ဓာရေယျ ပဏ္ဍိတော။ ။

၃ ငါတို့များနယ် ဆိုဖွယ်မထင်၊
ငါတို့ကိုကား ယူသွားဖို့ပင်။

http://www.dhammadownload.com



ရှင်သေမင်းယုတ် ဝန်ထုတ်မထင်၊
ပဏ္ဍိတ်တို့ ဤသို့ မှတ်စေချင်။ ။

**သင်္ဂါယနာ** ဆိုသည်ကား သမောဓာနေတွာဂါယန္တိ ဧတ္ထာတိ သင်္ဂါယနာ ဟူသော ဋီကာနှင့်အညီ ညီညာစွာ ပေါင်းစုကြ၍ ရွတ်ဆိုခြင်း သီကုံးခြင်းအဖြာဖြာကို **သင်္ဂါယနာ** ဟု-မှတ်ကြပါလေ။ ။

### ဒုတိယ သင်္ဂါယနာတင်ခြင်းအကြောင်း

ပဌမ သင်္ဂါယနာတင်ပွဲ ဆင်နွှဲပြီးမြောက် အနှစ်တစ်ရာ ရောက်သည့်တိုင်အောင် အရှင်မဟာကဿပထေရ် စသည်တို့၏ တပည့်အစဉ် ဆရာအဆက်ဆက်တို့သည် သာသနာတော်ကို အစဉ်မပျက်အောင် ထက်မြက်သော စေတနာနှင့် သေချာစွာ ထမ်းဆောင်ခဲ့ကြကုန်၏။ ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်သည်မှ စ၍ရေတွက် အနှစ်တစ်ရာ ပြည့်လျက်နေသောအခါ ဝေသာလီပြည်ဝယ် ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် ရဟန်းတို့နှင့်မအပ် ဝိနည်းတရားနှင့်မညီ အလီလီ ဆန်းပြား၍ မတရားသော အဝတ္ထု ၁၀-ပါး တို့ကို တကယ်အားဖြင့် ပြသ ပြောဟော သဘောကျအောင် ကျင့်ဆောင်နေကြကုန်သဖြင့် သာသနာတော်မှာ အရေးအမှန်ကြီးတဲ့ ဘေးရန်ကြီးစွာ ဖြစ်လာပြန်သတည်း။

သာသနာတော်၏ ဘေးရန်ကြီးတစ်ရပ်ဟု အရေးအင်မတန်ကြီးစွာ ရဟန္တာအရှင်တို့ မှတ်တမ်းတင်ခဲ့ရသော ထိုအဝတ္ထု ၁၀-ပါးတို့ကား ...

၁။ **သိင်္ဂီလောဏကပ္ပ**။ ။ သားချိုဖြင့် ဆားကို ထည့်၍ ဆောင်ထားပြီးလျှင် ဆားမရှိသော ယာဝကာလိက ဘောဇဉ်နှင့် ရောယှဉ်၍စားလျှင် ရဟန်းတို့အား အပ်၏ဟု ယူခြင်းတစ်ပါး။

(သန္နိဓိ ပါစိတ်အာပတ်သင့်၍ မအပ်ဟုမှတ်လေ။)

၂။ **ဒွင်္ဂုလကပ္ပ**။ ။ မွန်းလွဲ၍ အရိပ် လက်နှစ်သစ်လွန်အောင် စားသော်လည်း ရဟန်းတို့အား အပ်၏ဟု ယူခြင်းတစ်ပါး။

ဝိကာလဘောဇနာပါစိတ်အာပတ်သင့်၍ မအပ်ဟုမှတ်လေ။

၃။ **ဂါမန္တရကပ္ပ**။ ။ တစ်ရပ်တစ်ရွာသို့ သွားလိုသဖြင့် ပဝါရိတ်သင့်သော ဘောဇဉ်ကို အတိရိတ် ဝိနည်းကံမပြုဘဲ စားကောင်းဟုဟု ယူခြင်းတစ်ပါး။

အနတိရိတ္တပါစိတ်အာပတ်သင့်၍ မအပ်ဟုမှတ်ကြလေ။

၄။ **အာဝါသကပ္ပ**။ ။ တစ်သိမ်တည်း၌ တစ်ကျောင်း တခြားစီ တစ်နေရာစီ ကံဆောင်ကောင်း၏ဟု ယူခြင်းတစ်ပါး။

ဝဂ္ဂကံဖြစ်၍ မအပ်ပေ။

၅။ **အနုမတိကပ္ပ**။ ။ မရောက်လာသေးပဲနှင့် လာမည့်ဆန္ဒကို ယူအံ့ဟု ရှေးဦးစွာ ကံပြုသော် အပ်၏ဟု ယူခြင်းတစ်ပါး။

ဝဂ္ဂကံဖြစ်၍ မအပ်ပေ။

၆။ **အာစိဏ္ဏကပ္ပ**။ ။ ဆရာသမား ဥပဇ္ဈာယ်များ၏ အလေ့အကျင့် အယူဝါဒဖြစ်က ဘယ်ဟာမဆို အပ်၏ဟု ယူခြင်းတစ်ပါး။

အယူတိုင်း မအပ်နိုင်။

၇။ **အမထိတကပ္ပ**။ ။ နို့ရည်အဖြစ်ကို မစွန့်သေး နို့ဓမ်းအဖြစ်သို့ မရောက်သေးသော နို့ရည်ကို ပဝါရိတ် သင့်သောရဟန်းသည် အတိရိတ် ဝိနည်းကံ မပြုဘဲ စားကောင်း၏ဟု ယူခြင်း တစ်ပါး။

အနတိရိတ္တပါစိတ်အာပတ်သင့်သည်။ မအပ်ပေ။

၈။ သေရည်အဖြစ်သို့ မရောက်သေးသော သေနကို သောက်ကောင်းသည်ဟု ယူခြင်းတစ်ပါး။

သုရာပါနပါစိတ်အာပတ်သင့်၍ မအပ်ပေ။

၉။ အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏ဟု ယူခြင်းတစ်ပါး။

အဆာမရှိသော နိသီဒိုင်ရဟန်းများ မသုံးဆောင် ကောင်း၍ မအပ်ပေ။

၁၀။ ရွှေငွေကို ကိုင်ခံကောင်း၏ဟုယူခြင်း။

ရွှေငွေကို အလှူခံခြင်းမှာ ရဟန်းတို့အား နိဿဂ္ဂိပါစိတ် အာပတ်သင့်၍ မည်သည့် ပရိယာယ်နှင့်မျှ မအပ်ဟုမှတ်လေ။

---

သင်္ဂီတိံ အာရောပိတနယေန ဂဏာသဇ္ဈာယမကံသု။ ဟူသော ပါရာဇိကဏ်အဋ္ဌကထာကို ထောက်၍ တူရာပေါင်း၍မိစဉ်ခြင်း၊ သီကုံးခြင်းကို သမောဓာနေတွာ ဂါယနံ သံဂါယတနံ ဟူသည်နှင့်အညီ သင်္ဂါယနာ မည်၏ဟု ဆိုအပ်၏။ ဆင်တဲဆရာတော်။

http://www.dhammadownload.com



ဘုရားက မအပ်သည်ကို အပ်သည်ဟု တရားနှင့် မညီ ဗီလာပြောင်းပြန် ဖောင်းလန်အောင် အပါယ်လားမှု ဖြစ်သော ဤ ၁၀-ပါးသော အဓမ္မဝတ္ထုတို့ကို တကယ် အားဖြင့် ပြုလုပ်ကျင့်ကြံ အဖန်ဖန် ဟောပြောကြလျက်၊ ဒါယကာ ဒါယိကာမတို့မှာလည်း ရွှေငွေများကို အလှူ ခံခြင်း အမှုကို ပြုကြလေကုန်သတည်း။ ထိုခေတ် ထို အခါက ကပ္ပါကို ခြေတင်လျက် မြေပြင်စိုးအုပ် မင်းလုပ် နေသော 'သုသုနာဂ' မင်းကြီး၏ သားတော် 'ကာဠာ သောက' မင်းတရားသည် အခင်းသွားအမှုရှုပ်ကို ပြု လုပ်ကာနေကြသော ဝဇ္ဇီတိုင်းသား ရဟန်းများအား ခစားကြည်ညို မှီခိုကာ စာရင်းတင်သော အသင်းဝင် ဒါယကာအရင်းအချာကြီး ဖြစ်လေ၏။

## ဒုတိယသင်္ဂါယနာတင်ရန် ကြံစည်ပုံ

ထိုအခါ ကာကဏ္ဍကမင်း၏သား (အရှင်အာနန္ဒာ ၏တပည့်) ဖြစ်သော အရှင်ယသထေရ် အရှင်သည် ဝေသာလီပြည် ဒဇ္ဇီတိုင်းသို့ ခရီးဒေသစာရီ လှည့်လည် ကြွမြန်းလာသည်ရှိသော် ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် မတရား ဝတ္ထု ၁၀ ပါးစုကို တကယ် အားဖြင့် ပြုကြကုန်သဘတ် ဆိုသော စကားရပ်ကို နား ဆတ်ဆတ် ကြားတော်မူသဖြင့်၊ "သြော်... ဘုရား သာ သနာ ဖျက်ဆီးမှု စကားရပ်ကြီးများကို နားဆတ်ဆတ် ကြားရပါလျက် အေးအေးသက်သာ ကြောင့်ကြမဲ့နေပါမူ မသင့်တော် မလျောက်ပတ်ချေ။ ငါကိုယ်တိုင် ယခုချက် ချင်း အဓမ္မဝါဒီ ရဟန်းအသင်းတို့ကို နှိပ်နင်းဖျက်ဆီး၍ မပျက်မစီးနိုင်တဲ့ မှန်သော တရားဓမ္မကို ဘုရား ပြုသလို ပြုတော့အံ့" ဟု ဝေသာလီပြည်မြတ်သို့ ချဉ်းကပ်ကြွရောက် တော်မူလာလေသတည်း။ ဝေသာလီပြည် ရောက်ပြီး သောအခါ အရှင်မဟာကဿပသည် အရှင်ရေဝတ, အရှင်သဗ္ဗကာမီ စသော ရဟန္တာ (၇၀၀) တို့နှင့်တကွ (အဓမ္မဝတ္ထု ၁၀ ပါး ပေါ်ပေါက်မှုကို အကြောင်းပြုလျက်) ရဟန္တာအရှင်တို့ ဘုရားဒေသနာ မှန်ကန်စွာကို ပေါင်းစု ညီညာ ရွတ်ဆိုကာနှင့် သင်္ဂါယနာသဘင် ဆင်ယင်အံ့ ဟု တိုင်ပင်တော်မူကြရန် **"ဝေသာလီပြည်-ဝါလုကာရုံ ကျောင်းတော်"** သို့ ကြွရောက်တော် မူလာကြကုန်၏။

## ရဟန်းဆိုးများ ကုန်းတိုက်ပုံ

ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် အကြမ်းအား ဖြင့် ချုပ်ချယ်ငြူစူ စောင်းမြောင်း မကောင်းသောစိတ် ဖြင့် ကာဠာသောက မင်းမြတ်ထံ ချဉ်းကပ်၍ "မြတ်သော မင်းကြီး ကိုယ်တော်အရှင်တို့သည် မဟာဝန်ကျောင်း တိုက်တွင်းက ဂန္ဓကုဋိတိုက်ကြီးကို စောင့်ရှောက်၍နေ ကြပါကုန်သည်။ မင်းမြတ် ယခုအခါ လူ့ရှာ၍ တရား ကင်းနေကြကုန်သော မတရားသင်း ရဟန်းအများတို့ သည် ငါတို့ကို ထုနက်၍ လုယက်ဖျက်ဆီးရန် လာ ရောက်ကြလေကုန်ပြီ။ ၎င်းတို့ကို တားမြစ်ပါ" ဟူသော အဆုံးသဘောနှင့် ကုန်းချောကာ ပြောကြလေကုန်၏။

## ရဟန်းကောင်းတို့ကို ပြစ်မှားကြပုံ အဖုံဖုံ

သူခိုးက လူဟစ် ဇမ္ဗူရာဇ် ရွှေစင်ကို မြေပြင်က ကျောက်ခဲကဲ့သို့ ဖောက်လွဲဖောက်ပြန် မမှန်သော အဓမ္မ ဝါဒီ ရဟန်းတစ်သင်းတို့၏ ကုန်းစကားကို ယုံစား သဖြင့် အပုံကြီး လမ်းမှားနေသော ကာဠာသောက မင်း တရားသည် မစဉ်းစား မဆင်ခြင်ဘဲ အရှင်ယသ စသော အာဂန္တု ရဟန္တာအရှင်ကောင်းတို့အား ကျောင်းထဲသို့ မဝင်ရဟု ဘုရားသားတော် အစစ်တို့ကို တားမြစ်သော အမိန့်ကိုထုတ်ကာ အမတ်တို့အား စေခိုင်းလိုက်လေ၏။ အမတ်တို့သည် ရဟန်းတို့အား နှင်ထုတ်ပယ်ရှားအံ့ဟု တကယ်အားဖြင့် သွားကြကုန်သော်လည်း နတ်ကောင်း နတ်မြတ်တို့၏ စောင့်ရှောက်အပ်သော တန်ခိုးအာနုဘော် ကြောင့် ရဟန်းအရှင်တို့ကို အကန်းအသွင်ကဲ့သို့ မမြင် ကြလေကုန်သတည်း။ ထိုညတွင် ကာဠာသောကမင်း ကြီးအား ရဟန်းကောင်းတို့အား ပြစ်မှားသဖြင့် လောဟ ကုမ္ဘီ ငရဲအိုး၌ စောက်ထိုးမိုးမျှော် ဟစ်အော်ပူဆူ ကယ် ယူနိုင်ရန် အကဲမလှဘဲ ငရဲကျပုံ အိပ်မက်ကို ချိန်စက်ရန် မြင်မက်လေသည်။ နံနက်မိုးသောက်လျှင် ဘုရင်မင်း တရား၏ နှမတော် "ရဟန္တာမ-နန္ဒာထေရီ" အရှင်မသည် ကောင်းကင်ခရီး ဈာန်ယာဉ်စီးလျက် မင်းကြီးထံ လာ ရောက်ခါ ဓမ္မဝါဒီ ရဟန်းကောင်းတို့အား နှိပ်နင်းခြင်း အပြစ်၊ အဓမ္မဝါဒီ ရဟန်းဆိုးတို့ကို ချီးမြှောက်၍ အပြစ် များလှသည်၏အဖြစ်ကို စနစ်ကျကျ ပြသ ဟောပြော၍ တစ်ခေတ်မှတစ်ခါ ကြုံရသဖြင့် ဒုလ္လဘဖြစ်သော သာသနာ

http://www.dhammadownload.com



တော်ကြီးသည် မီးတောက်ကြီးများကဲ့သို့ ချီးမြှောက်ရန် အခွင့်အရေးကို လေးလေးနက်နက် နှလုံးဟဒယ အေးအေးနှင့် အဆုံးအမ ပေးတော်မူလေသည်။ ကာဠာသောက မင်းတရားသည် စဉ်းစားတိုင်း ထိတ်လန့်တုန်လှုပ်ကာ နောက်အရေးကို ကြောက်သွေးမွှန်လှသောကြောင့် အရှင်မဟာယသ စသော ဓမ္မဝါဒီ ရဟန္တာတို့အား ချမ်းသာပေးရန် အကြောင်းခံပြီးလျှင် တောင်းပန် မာန်လျှော့၍ လွန်သမျှအမှုကို ဝန်ချကန်တော့ပြီးသည်ကို ရဟန္တာအရှင်တို့က ကြည်ဖြူစွာ ခွင့်ပြုသည်းခံတော်မူကြသောအခါ ကာဠာသောကမင်းတရားသည် ပထမ သာသနဒါယကာ အဇာတသတ်မင်းကဲ့သို့ သာသနာတော်ကြီးကို ချီးမြှောက်လေသတည်း။

## ဒုတိယ သင်္ဂါယနာတင်ကြပုံ

အရှင်မဟာယသ အစရှိသော ရဟန္တာ ၇၀၀ တို့သည် ကာဠာသောကမင်းကြီးကို အမှီရသဖြင့် ဝေသာလီပြည် ဝါလုကာရုံ ကျောင်းတိုက်ကြီးတွင် ဝဇ္ဇီတိုင်းသား ရဟန်းများတို့ ရမ်းကားစွာ ပြအပ်ကုန်သော အဓမ္မဝတ္ထု ၁၀–ပါးတို့ကို နှောင်လာ နောက်သားတို့ အပါယ်မလားအောင် ပယ်ရှားဖျက်ဆီး၍ မပျက်မစီးနိုင်သော ဘုရားဟော ဒေသနာ ပိဋကတ်တော် ၃ ဖြာကို ရှစ်လတိုင်တိုင် ပေါင်းစုညီညာ စီစဉ်ကာ ရွတ်ဆိုကြ၍ ဒုတိယအကြိမ်မြောက် သင်္ဂါယနာတင်ခြင်းအမှုကို ပြုတော်မူကြကုန်သတည်း။

## ဒုတိယ သာသနာ့ဒါယကာနှင့် မြန်မာ့ရာဇာ

ဒုတိယ သင်္ဂါယနာတင်ပွဲကြီး ဆင်ယင်သောနှစ်တွင် မဇ္ဈိမတိုင်းရပ် ပါတလိပုတ်ပြည် သုသုနာဂမင်းကြီး၏သား ကာဠာသောကမင်းသည် ထီးနန်းစိုးစံ ဘိသိတ်ခံ၍ ဘုန်းလျှံထွန်းတောက် ၁၀ နှစ်မြောက်ပြီး ဖြစ်လေ၏။ ထိုအခါ မြန်မာတိုင်း **သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီး**ကား ထီးရိပ်နန်းစံ ဘိသိတ်မခံမီ ဘုန်းလျှံတက်စ တစ်နှစ်မျှသာ ရှိတုံသေး၏။ သာသနာသက္ကရာဇ် တွက်စစ်သော် အနှစ် ၁၀၀ ဖြစ်လေ၏။ ဒုတိယ သာသနဒါယကာ ကာဠာသောကမင်းတရားနှင့် မြန်မာတို့၏ရာဇာ ဒွတ္တပေါင်မင်းကြီးတို့သည် သတင်းကြီးစွာ နည်းလမ်းပိုင်ပိုင်နှင့် ထီးနန်းပြိုင် ဖြစ်ကြလေသတည်း။

## ဒုတိယသာသနာပြုအရှင်များနှင့် ဒုတိယ သာသန ဒါယကာ

ဒုတိယ သင်္ဂါယနာသဘင်၌ အရှင်မဟာယသ အရှင်ရေဝတ အရှင်သဗ္ဗကာမီ အမှူးရှိသော မဟာထေရ် အမော် (၇၀၀) ကျော်တို့သည် ဒုတိယ သင်္ဂါယနာတင်၍ သာသနာတော်ကို ချီးမြှောက်ကြသော **ဒုတိယသာသနာပြုပုဂ္ဂိုလ်ကြီး**တို့ ဖြစ်ကုန်၏။ အရှင်မဟာယသ မထေရ်မြတ်သည်ကား ဇေတဒဂ် ငါးဖြာ ဂုဏ်မဟာတို့ဖြင့် ဘုရားမြတ်စွာ ချီးမွမ်းတော်မူအပ်သော အရှင်အာနန္ဒာ၏ အတူနေတပည့်ကြီးပေတည်း။ ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အဓမ္မဝတ္ထုကို ပြခြင်းသည် ဒုတိယ သင်္ဂါယနာတင်ခြင်း၏ အကြောင်းရင်း ဖြစ်လေ၏။ ကာဠာသောက မင်းကြီးသည်မူကား ရှေးဦးစွာ အဓမ္မဝါဒီ ရဟန်းတို့၏ အသင်းဝင်ဖြစ်သော်လည်း နောက်တစ်ဖန် ဖောက်ပြန်မှု ပယ်ရှား၍ အပါယ်မလားနိုင်သော ဓမ္မဝါဒီ ရဟန်းတို့၏ အသင်းတွင် စာရင်းတင်ကာ ရင်းနှီးစွာ ဒါယကာကြီး ဖြစ်လာလျက် သာသနာတော်ကို သူမတူတန် ကဲလွန်စွာ ချီးမြှောက်တော်မူ၏။ ထို့ကြောင့် ကာဠာသောက မင်းတရားကို **"ဒုတိယ သာသနဒါယကာ"** ဟု ရဟန္တာအရှင်တို့က ကမ္ဘာမှာ ပေါ်ထွန်းအောင် မော်ကွန်းကြီး ထိုးခဲ့ပြန်လေသတည်း။ ။

ဒုတိယ သင်္ဂါယနာ သဘင်ပွဲကြီး ဆင်ယင်သော အရှင်မဟာယသ, အရှင်ရေဝတ, အရှင်သဗ္ဗကာမီ အမှူးရှိသော (၇၀၀) ကုန်သော မထေရ်ကျော် ဆရာတော်ဟို့၏ တပည့်အဆက်ဆက်တို့မှာ ရေတွက်လို့မရနိုင်အောင် များလှစွာကုန်၏။ ထိုမထေရ်ကျော် ဆရာတော်ကြီးတို့သည် မကြာမြင့်မီ ပရိနိဗ္ဗာန် စံဝင် ချုပ်ငြိမ်း၍ ခန္ဓာဝန် လက်စသိမ်းတော် မူကြလေကုန်သတည်း။ ဤနေရာ၌ အောက်ပါ သင်္ဂါဟကဗျာတို့သည် ဖြစ်ကုန်သတည်း။

၁။ ဗုဒ္ဓိမန္တောစ ယေ ထေရာ၊<br>
ဒုတိယသင်္ဂီတိံကတွာ။

http://www.dhammadownload.com



သာသနံ ပဂ္ဂဟိတွာန၊
မစ္စုဝသံ ဝ သမ္ပတ္တာ။ ။
၁။ ပညာကြီးမား ထေရ်များအရှင်၊
နှစ်ကြိမ်ပေါင်းစု ရွတ်မှုပြီးလျှင်။
သာသနာကြီး မြှောက်ချီး၍ပင်၊
သေမင်းနောက် ဆိုက်ရောက် လေကုန်အင်။
၂။ ဣဒ္ဓိမန္တောပိ ယေ ထေရာ၊
မစ္စုနော တာဝ ဝသံ ဂမုံ။
ကထံယေဝ မယံ မုတ္တာ၊
တတော အာရကာ မုစ္စနာ။ ။
၂။ တန်ခိုးကြီးမား ထေရ်ရှင်များပင်၊
သေမင်းထံမှောက် ဆိုက်ရောက်ကုန်လျှင်။
ထိုသေဘေးမှ ဝေးကပြေးပင်၊
ငါတို့အား ရှောင်ရှားဘယ်မမြင်။ ။
**ဒုတိယ သင်္ဂါယနာတင်ခန်း ပြီး၏။**

### တတိယ သင်္ဂါယနာတင်ခြင်း အကြောင်းရင်း

ဒုတိယသင်္ဂါယနာတင် ဆင်ယင်ပြီးမြောက်သည်မှ သာသနာနှစ် ၂၁၈ နှစ်အထိ ဘုရားရှင်၏ သာသနာတော်သည် ညစ်ကြေးမတင် သန့်ရှင်းစင်လျက် ထက်ကောင်းကင် လမင်းကဲ့သို့ ထွန်းလင်းတောက်ပလျက် ရှိလေသည်။ သာသနာသက္ကရာဇ် ၂၃၈ နှစ်ရောက်လတ်သော် ပါဋလိပုတ်ပြည်ကြီး၌ သီရိဓမ္မာသောကမင်းတရားအား နိဂြောဓ သာမဏေကလေးကို အကြောင်းပြု၍ သာသနာတော်၌ ကောင်းမှုကုသိုလ်တိုးပွား အကြည်ညိုများလျက် ရဟန်းသံဃာများအား လာဘ်လာဘများ ပုံခါ စားသုံးမကုန်နိုင်အောင် ရှိလေကုန်သတည်း။ တိတ္ထိ ၆ သောင်းတို့သည် နောက်နှောင်းအခါကဲ့သို့ လာဘသက္ကာရ လာဘ်ပူဇော်ခြင်း အလျှင်းနည်းပါးကုန်ရကား လာဘ်လာဘ တိုးပွားရန် အကြောင်းခံပြီးလျှင် ရဟန်းမဟုတ်ဘဲနှင့် ရဟန်းအစစ်ကဲ့သို့ ဉပုသ်ပြု ပဝါရဏာပြုကံငယ် ကံကြီး အသီးသီးတို့၌ အနည်းနည်းရောနှော၍ သောကော ရောကော ဝင်ရောက်ကာ ပြုကြလေကုန်၏။ ရဟန်းကောင်းတို့အလယ်တွင် တိတ္ထိတို့ ဝင်ရောက်ကာ နေပုံကား ရွှေဟင်္သာမင်းတို့အလယ်တွင် ဗျိုင်း၊ နွားတို့၏ အလယ်တွင် နွားနောက်၊ သိန္ဓောမြင်းတို့အလယ်၌ မြည်း သတ္တဝါတို့ နေသကဲ့သို့ အသရေမဲ့ကာ တူလှပေတော့သတည်း။ ထိုအခါ ရဟန်းသံဃာ အရှင်မြတ်တို့သည် ယခုအခါ စိတ်ဓာတ် ခင်တွယ်စရာ ပရိယတ် မစင်ကြယ်ပါတကားဟု နှလုံးထား၍ ဉပုသ် ပဝါရဏာပြုခြင်းတို့ကို မပြုကြတော့ချေ။ သာသနာတော်မြတ်ကြီး၌ ထိုကဲ့သို့ တိတ္ထိတို့ ရှုပ်ထွေးသော အညစ်အကြေး ဘေးရန်တို့ကြောင့် ၇ နှစ်တိုင်တိုင် ဉပုသ်ပဝါရဏာမှု ကံပြုခြင်း အရုပ်ရုပ်တို့သည် အထပ်ထပ် ပြတ်စဲလျက် ရှိနေကုန်သတည်း။

### သီရိဓမ္မာသောကမင်း နိုင်းစေပုံ

သီရိဓမ္မာသောကမင်းတရားသည် ရဟန်းများတို့သည် တစ်ပါးနှင့်တစ်ပါး မသင့်မတင့် ငြင်းခုံခိုက်ရန်မှု မပြီးဆုံးနိုင်ပဲ အဓိကရဏ်း ဖြစ်နေကြောင်းကို ကြားရသဖြင့် ဆိုင်ရာအမတ်ကို ဆင့်ခေါ်ပြီးလျှင် ရဟန်းအချင်းချင်းတို့သည် အဓိကရဏ်းကို ငြိမ်းကုန်လျက် ဉပုသ်ပြုကြရန် လျှောက်ချေဟု စေခိုင်းလိုက်လေသည်။ အမိန့်ကိုနာခံရသော အမတ်သည် ရဟန်းတော်များက ဉပုသ်ပြုရန် အလိုမရှိကြပါမူ ဘယ်သို့ ပြုကြရပါမည်နည်းဟု ဘုရင်မင်းမြတ်အားပြန်၍ တစ်ဖန် တုံ့ပြန် မေးမြန်းခြင်းငှာ ကြောက်ရွံ့သဖြင့် တွေဝေမိုက်မဲ ဉာဏ်အမြင်နည်းလှသော အမတ်မိုက်သည် အခြားသော လောကဓမ္မနှစ်ဝကြောင်းကျိုး ကောင်းဆိုးနှစ်ထွေ ခွဲဝေမသိ မိုက်မဲဘိသော အမတ်များထံသို့သွား၍ တိုင်ပင်သောအခါ "ဉပုသ်မပြုကြသော ရဟန်းသံဃာများကို ဘုရင်မင်းမြတ်က သတ်စေလိုသော ဆန္ဒရှိပေသည်" ဟု ပြောကြားလိုက်လေ၏။ မိမိကိုယ်တိုင် အဆင်ခြင်ဉာဏ်နည်း၍ မိုက်မဲတွေဝေသော အမတ်ယုတ်သည် ထိုအမတ်မိုက်တို့၏ စကားကို အဟုတ်ကြီးထင်မှတ်၍ ကျောင်းသို့သွားပြီးလျှင် ရဟန်းသံဃာများအား ဉပုသ်ပြုရန် လျှောက်ထားရာ ပရိယတ် မစင်ကြယ်သဖြင့် မပြုကုန်သော ရဟန်းကောင်းတို့အား ဘုရင့်အာဏာစက် ဆိုပြီးလျှင် ထက်မြက်စွာသော ဓားဖြင့် သတ်လျက် နေလေသည်။

http://www.dhammadownload.com



## တတိယ သင်္ဂါယနာတင်ဖြစ်လာပုံ

ဘုရင်မင်းတရားသည် ယုတ်မာလှစွာသော အမတ်သည် ရဟန်းသံဃာတို့အား သတ်ဖြတ်နေသော သတင်းကို ကြားရသောအခါ ငါက မစေခိုင်းဘဲ ဤအမတ်သတ်ဖြတ်နေသော မကောင်းမှုကြီးသည် ငါ့အား မကောင်းမှုမှ လွတ်မည်လား၊ မလွတ်ဘဲနေမည်လားဟု နှစ်လုံးနှစ်ခွ ယုံမှားသံသယရှိသဖြင့် ဂင်္ဂါမြစ်အထက်တွင် သီတင်းသုံးနေသော ရဟန္တာ **အရှင်မောဂ္ဂလိပုတ္တတိဿ** မထေရ်မြတ်အား ပင့်၍ မေးလျှောက်ရာ အရှင်မြတ်သည် **ဒီပကတိတ္တိရဇာတ်တော်**ကို ထုံးပြုလျက် နှလုံးဟဒယ အေးလာအောင် စေတနာ မရှိက မကောင်းမှုပြစ် မရှိပေဟု ဖြေကြား ဆုံးဖြတ်တော်မူလေသတည်း။ ၇ ရက် တိုင်အောင် တိတ္ထိတို့၏ အယူဝါဒတို့ကို သီရိဓမ္မာသောက မင်းတရားအား သင်ကြားပေးတော်မူလေ၏။ အယူဝါဒကို နားလည်တတ်မြောက်သော မင်းတရားသည် သာသနာ၏ဝါဒနှင့် တိတ္ထိတို့၏ဝါဒတို့ကို ကိုယ်တိုင် စစ်ဆေးမေးမြန်းပြီးလျှင် အယူမှားသော တိတ္ထိ ၆ သောင်း တို့အား သာသနာပြင်ပသို့ နှင်ချပစ်တော်မူလေ၏။ အရှင်မောဂ္ဂလိပုတ္တမဟာထေရ်မြတ်သည် တိတ္ထိ ၆ သောင်းကို နှင်ထုတ်စေပြီးမှ ရဟန်း ၆ သိန်းနှင့်တကွ သာသနာအမှု ဥပုသ်ပြုတော်မူလေ၏။ ဘုရားရှင် ထားတော်မူခဲ့သော ဗျာဒိတ်တော်အတိုင်း အဘိဓမ္မာပိဋကတ်ကထာဝတ္ထုကျမ်းမြတ်ကို ရဟန်းသံဃာတို့၏အလယ်တွင် ဝါဒ ၁၀၀၀ ခြယ်လှယ်၍ အတင့်အတယ်ကြီး ဟောကြားတော်မူလေ၏။ အာသောကာရုံ ကျောင်းတိုက်ကြီးတွင် အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော (၁၀၀၀) မျှသော ရဟန္တာကြီးတို့သည် ၉ လတိုင်တိုင် ပေါင်းစုညီညာ စီစဉ်ကုံးသီကာ ရွတ်ဖတ်ကြ၍ ဘုရားဟော ပိဋကတ်ကို ယတိဖြတ် ပြင်ဆင်ခါနှင့် တတိယ သင်္ဂါယနာ တင်တော်မူကြလေကုန်သတည်း။

## တတိယ သာသနာဒါယကာနှင့် မြန်မာ့ရာဇဝင်

တတိယ သင်္ဂါယနာ သဘင်ပွဲကြီး ဆင်ယင်သော ထိုနှစ်သည်ကား မဇ္ဈိမတိုင်းကြီးကို အလျှိုင်းတကြီး တန်ခိုးပြကာ အစိုးရသော **သီရိဓမ္မာသောကမင်းမြတ်**၏ နန်းအပ်မင်္ဂလာ ပြီးမြောက် ၁၈ နှစ်မြောက် ဖြစ်လေ၏။ မြန်မာတို့တိုင်းရပ်၌ကား သီရိခေတ္တရာပြည်အရှင် **ရန်ပေါင်ဘုရင်** ၏ ထီးခွင်နန်းရောက် ၁၂ နှစ်မြောက် ဖြစ်လေ၏။ သီရိဓမ္မာသောကနှင့် ရန်ပေါင်မင်းတရား ထို ၂ ပါးတို့သည် တရားနှင့်အညီ စခန်းပိုင်ပိုင်နှင့် နန်းပြိုင်ထီးပြိုင် ဖြစ်ကြလေကုန်သတည်း။

## အရှင်မောဂ္ဂလိပုတ္တတိဿ အကြောင်းရင်း

ဤတတိယ သင်္ဂါယနာတင် ဆင်ယင်ကိစ္စ၌ နာယကပုဂ္ဂိုလ် ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿ အရှင်မြတ်ကြီးသည်ကား ဒုတိယ သင်္ဂါယနာတင်ဆရာ မထေရ်တို့က ဗြဟ္မာ့ပြည်သို့သွား၍ သာသနာတော်ကို ချီးမြှောက်စေခြင်းငှာ တောင်းပန်ကြသဖြင့် လူ့ပြည်သို့ ဆင်းသက်လာသော **တိဿမဟာဗြဟ္မာ** လူထွက်ကြီး ပေတည်း။ လာဘ်လာဘကို ငဲ့ကွက်၍ တိတ္ထိ ၆ သောင်းတို့ ရဟန်းကောင်းတို့နှင့် ရောစွက်နေသဖြင့် သောကော ရောကော ပရိသတ်မစင်ကြယ်၍ ၇ နှစ်တိုင်တိုင် ဥပုသ် မပြုဘဲနေကြခြင်းသည် တတိယ သင်္ဂါယနာတင်ခြင်း၏ အကြောင်းရင်းကြီးတစ်ခု ဖြစ်လေသည်။ ။

## တတိယ သာသနာပြုအရှင်များနှင့် တတိယ သာသနာ့ဒါယကာ

အရှင်မောဂ္ဂလိပုတ္တတိဿ, အရှင်မဇ္ဈန္တိက အမှူးရှိသော မထေရ်မြတ်တို့သည်ကား တတိယ သင်္ဂါယနာတင်၍ ဘုရားရှင် သာသနာကို များဖျင်သောသူတို့နှင့် မတူအောင်ပြုကြပေသော **တတိယသာသနာပြု ပုဂ္ဂိုလ်ကြီး** တို့ပေတည်း။ သီရိဓမ္မာသောကမင်းတရားသည်ကား တိတ္ထိတို့ အယူဝါဒကို ကိုယ်တိုင်သင်ကြား၍ အထင်အရှားအားဖြင့် တိတ္ထိတို့ကို သာသနာပြင်ပသို့ နှင်ချခြင်း စသည်ဖြင့် သူမတူတာန် ကဲလွန်စွာ သာသနာကို ချီးမြှောက်ပေသော **တတိယ သာသနဒါယကာကြီး**ဟု ကမ္ဘာကြီးတုန်သွားအောင် သာသနဂုဏ်များဖြင့် ယုံစားကာ မှတ်တမ်းတင်တော်မူခဲ့ကြကုန်၏။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ, အရှင်မဇ္ဈန္တိက, အရှင်မဟာရေဝ အမှူးရှိသော (၁၀၀၀) သော ရဟန္တာအရှင်တို့၏ တပည့်အစဉ်အဆက်တို့မှာ ရေတွက်လို့မရအောင် များလှစွာကုန်၏။ ထိုအရှင်မြတ်တို့သည် တတိယ သင်္ဂါယနာတင်ပြီးလျှင် ပရိ

http://www.dhammadownload.com



နိဗ္ဗာန် စံလွန်ချုပ်ငြိမ်း၍ ဘဝဇာတ် သိမ်းတော်မူကြလေကုန်သတည်း။

**သင်္ဂဟ သံဝေဂ ဂါထာနှင့် ကဗျာ**

၁။ မဟိဒ္ဓိကာပိ ယေ ထေရာ၊
သင်္ဂါယိတွာန သာသနေ။
မစ္စုဝသံ ကစ္ဆိံသု၊
အဟ္ဝဂတ္တံဝ ဘာကရော။

၁။ တန်ခိုးကြီးများ ထေရ်များအရှင်၊
သာသနာပြု ပေါင်းစုပြီးလျှင်။
နေမင်းတိမ်တိုက် ဝင်လိုက်အသွင်၊
သေမင်းထံ အမှန်ရောက်ကုန်ပင်။

၂။ ယထာ ဧတေ စ ဂစ္ဆန္တိ၊
တထာ မယမ္ပိ ဂစ္ဆာမ။
ကောနာမ မစ္စုနာ မုစ္စေ၊
မစ္စုပရာယဏာ သတ္တာ။

၂။ ထိုရှင်များ သွားကြသေမင်းထံ၊
ငါတို့လည်း ထိုနည်းလိုက်ကြရန်။
ဘယ်သူပြေး သေဘေးမလွတ်မှန်၊
သတ္တဝါ သေမှာ ဆုံးသတ်ပြန်။

၃။ တသ္မာဟိ ပဏ္ဍိတော ပေါသော၊
နိဗ္ဗာနံ ပန အစ္စုတံ။
တသော ဝ သစ္စိကတ္တာယ၊
ပုညံ ကရေယျ သဗ္ဗဒါ။

၃။ ထို့ကြောင့် ကြံကြည့် ဉာဏ်ရှိသူမှန်၊
သေခြင်းအေးငြိမ်း ဇာတ်သိမ်းနိဗ္ဗာန်။
နိဗ္ဗာန်မျက်မှောက် တက်ရောက်ကြရန်၊
ကုသိုလ်များ ပြုငြားအချိန်မှန်။ ။

ဤတွင် တတိယသင်္ဂါယနာတင်ခန်း အကျဉ်းအမြွက် ပြီး၏။

ဤတွင် သာသနာဝင်ကျမ်း၏ နိဒါနကထာ အပြီးသတ်သတည်း။

ဖဿဖဿ

http://www.dhammadownload.com

# ပထမပိုင်း

## ၉-တိုင်း ၉-ဌာန သာသနာဝင် အခန်းကြီး

တတိယသင်္ဂါယနာသဘင် ဆင်ယင်ပြီးသည် နောက်၌ အဘယ်အရပ်၌ ဘုရားမြတ် သာသနာသည် ကောင်းစွာတည်တံ့ အရှည်ခန့်နိုင်လိမ့်မည်နည်းဟု အသီးသီးသော အဘိညာဉ် ဈာန်ကသိုဏ်းတို့ဖြင့် ဉာဏ်တွင် ချိန်တိုင်းကြည့်တော်မူသော သံဃာ့ဦးစီး အရှင်မဟာမောဂ္ဂလိ ပုတ္တိတိဿ မဟာထေရ်မြတ်ကြီးသည် ပစ္စန္တရာဇ်တိုင်း အရပ်၌ ဘုရားမြတ်သာသနာသည် ကောင်းစွာကြန့်ကြန့် အရှည်ခန့်၍ တည်တံ့လိမ့်မည့် အခြင်းအရာကို ရှင်းလင်းစွာ မြင်တော်မူ၍ ၉-တိုင်း ၉-ဌာန ပစ္စန္တရာဇ်ဒေသသို့ ဗုဒ္ဓသာသနာတော် တည်စေခြင်း အကျိုးငှာ အသီးအသီး မဟာထေရ်မြတ်တို့ကို "အရှင်မြတ်သည် ဤမည်သော တိုင်းအရပ်သို့ ရှိုင်းလတ်ကုန်သော သတ္တဝါတို့အား မြတ်စွာဘုရား၏ တရားဓမ္မစက်ဖြင့် အသားတကျအောင် ပြုပြီးလျှင် သာသနာကို အရှည်အားဖြင့် တည်ထားတော်မူပါ" ဟု မှာကြားကာ စေလွှတ်တော်မူလေသည်။ ၉-ဌာန ခွဲခြား၍ ၉-ပါးသော မထေရ်အရှင်တို့ သာသနာပြုကြွရောက်ပုံ အစီအစဉ်တို့မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၁- အရှင်မဟာမဟိန္ဒထေရ် **သီဟိုဠ်ကျွန်း**။

၂- အရှင်သောဏထေရ်၊ ဥတ္တရထေရ်တို့ကို **သုဝဏ္ဏဘုံ-သထုံတိုင်း**။

၃- အရှင်မဟာရက္ခိတထေရ်ကို **ယောနကတိုင်း**။

၄- အရှင်ရက္ခိတထေရ်ကို **ဝနဝါသီတိုင်း**။

၅- အရှင်ယောနက ဓမ္မရက္ခိတထေရ်ကို **အပရန္တတိုင်း**။

၆- အရှင်မဇ္ဈန္တိကထေရ်ကို **ကသ္မီရဂန္ဓာရတိုင်း**။

၇- အရှင်မဟာဓမ္မရက္ခိတ ... အရှင်မဟာရေဝတထေရ်ကို **မဟိံသကတိုင်း**။

၈- အရှင်မဟာဓမ္မရက္ခိတထေရ်ကို **မဟာရဋ္ဌတိုင်း**။

၉- အရှင်ဟာမဇ္ဈိမထေရ်ကို **စိန့်တိုင်းငါးရပ်**။

ဤသို့ သတ်မှတ်ပိုင်းခြား၍ ဥပသမ္ပဒကံဆောင်နိုင်အောင် သံဃာ ၅ ပါးစီနှင့် စေလွှတ်တော်မူ၏။ အရှင်မဟိန္ဒ စသော မထေရ်မြတ်ကြီး အသီးအသီးတို့သည် မိမိတို့ဆိုင်ရာ တိုင်းကြီးများသို့ အသီးအသီးကြွသွားကာ သာသနာတော်ကို ပြုတော်မူကြကုန်၏။သာသနာကို တည်စေပြီးသောအခါ ၉-တိုင်း ၉-ဌာနတို့တွင် ရဟန်းတော်တို့၏ ဝတ်ရုံဆင်မြန်း ဖန်သင်္ကန်းရောင် တပြောင်ပြောင် ထွန်းလင်းတောက်ပလျက် ဆီးနှင်း မြူတိမ် သူရိန် မိုးခိုး ညစ်မျိုး ငါးအင် ကင်းစင်ပဝင်း နေမင်း လမင်းတို့ကဲ့သို့ ဘေးအန္တရာယ် ရှင်းလင်း၍ သာသနာတော်ကြီးသည် ထွန်းလင်းတော်မူလေသတည်း။

### ၁။ သုဝဏ္ဏဘူမိတိုင်း

ထိုသာသနာပြုရာ တိုင်းကြီး ၉-ရပ်တို့တွင် တန်ခိုးအရပ်ရပ် ယခုအခါ စုံလျက်ရှိသော **သုဝဏ္ဏဘုံ** ခေါ် တိုင်းတော်သည်ကား ... **သုဓမ္မ** ခေါ် **သုဓမ္မ** က ဆင်းသက်လာသော **သထုံဒိစတြိတ်မြို့ကြီး**ပင်တည်း။ အဘယ်လို သိရပါသနည်းဟူမူ ခရီးစဉ်အားဖြင့် ၎င်းတည်ရာ ဌာန အစဉ်အားဖြင့် လည်းကောင်း သိအပ်လေ၏။ ခရီးစဉ်အားဖြင့် သိရပုံမှာ ...။ ဤသထုံမြို့မှ သီဟိုဠ်ကျွန်းသည် ယူဇနာ (၇၀၀) ကွာခြားသည်။ လေဖြောင့်လျှင် ရေးယခင်က ၇ ရက်မျှသာ သွားရ၏။ "တစ်ခါတစ်ရံ ထို ၇ ရက်မျှ သွားရသော သင်္ဘောခရီး၌ ဝဋ္ဋ မည်သော ငါးတို့တွင် ကျောက်ကုန်းခြင်းစပ်လျက် အထပ်ထပ်ပြည့်ညှပ်လျက် ရှိ၏။ ထို့ကြောင့် ကုန်းနေသတ္တဝါ

http://www.dhammadownload.com



ထက် ရေနေသတ္တဝါ များ၏" ဟု ကေင်္ဂုတ္တရ အဋ္ဌကထာတွင် ဆိုထားသောကြောင့် သီဟိုဠ်ကျွန်းမှ သထုံသွား ခရီးစဉ် သထုံခေါ် သုဝဏ္ဏဘူမိမှ သီဟိုဠ်သွား ခရီးစဉ် ပမာဏ ညီမျှစွာ ရှိလေ၏။ ရှေးဆရာကြီးတို့၏ စကားအစဉ်မှာ- သထုံမှ သီဟိုဠ်သို့ ယူဇနာ (၇၀၀) ခရီး၊ လေဖြောင့်လျှင် ၇ ရက်မျှနှင့် ရောက်နိုင်၏ဟု ရှေးဆရာတို့၏ စကားအလာကို များစွာ ကြားရလေသတည်း။ ဤသို့ ခရီးစဉ် မဂ္ဂါနုမာနအားဖြင့် **သထုံမြို့**ကိုပင် ရှေးက **သုဝဏ္ဏဘူမိတိုင်း** ဖြစ်ပုံကို သိထိုက်လေ၏။ တည်ရာဌာနအားဖြင့် သိရပုံမှာ ...။ ရှေးက သုဝဏ္ဏဘူမိတိုင်းသည် သမုဒ္ဒရာအနီးတွင် ရှိ၏။ အထူးထူးသော ကုန်သည်ကြီးငယ် အသွယ်သွယ်တို့၏ ရောင်းဝယ်ရာ ဆိပ်ကမ်းကြီးဖြစ်၏။ ထို့ကြောင့်မဟုတ်လော မဟာဇနကမင်းသားစသည်တို့သည် စမ္ပာနဂိုရ်ပြည်မှ သုဝဏ္ဏဘူမိခေါ် သထုံမြို့သို့ လာကြလေကုန်ပြီဟု ထိုထို အဋ္ဌကထာတို့၌ များစွာ ဆိုကြလေကုန်၏။ ရှေးက သထုံမြို့သည် ပင်လယ်ကမ်းနားမှာ တည်ရှိသည့်အတိုင်း ယခု သထုံခေါ် မြို့တော်ကြီးသည်လည်း သမုဒ္ဒရာအနီး ပင်လယ်ကမ်းအနီးတွင် ရှိလေ၏။ ရှေးက ပင်လယ်ကမ်းခြေသည် တဖြည်းဖြည်း တိမ်ကော ရွေ့လျောသွားရကား ယခုအခါ သထုံမြို့နှင့် (၁၄) မိုင်ခန့်မျှ ကွာခြား၍ သွားတော့၏။ ဤသို့သော တည်ရာဌာနကို မှန်းဆသောအားဖြင့် လည်းကောင်း၊ အရှင်သောဏဥတ္တရတို့၏ သီတင်းသုံးခဲ့ရာ ရဟန္တာတိုက်ခေါ် ကျောင်းတော်ရာ, မြို့ရိုး, ကျုံးများတို့ဖြင့် ရှေးခေတ်က ယခုခေတ်အထိ ထင်ရှားစွာ ရှိသည်ကို ထောက်ဆသောအားဖြင့် လည်းကောင်း ယခု သထုံမြို့ကြီးကိုပင် ရှေးက သာသနာပြုရာ **"သုဝဏ္ဏဘူမိတိုင်းကြီး"** ဟု ယုံယုံကြည်ကြည် ခံတည်၍ စုံညီစွာ မှတ်သားသိမြင်ကြရာသတည်း။ အချို့သော **ကေစိ** [*၁] **ဆရာ** တို့ကား ရွှေမျက်ပါးခတ်ရာ ရှိသောမြေကို အစွဲပြု၍ **ဇင်းမယ်ခရိုင်**ကို သုဝဏ္ဏဘူမိတိုင်းဟူ၍ လည်းကောင်း အကြောင်းကိုတွေးဆ၍ ရေးကြပြောကြကုန်၏။ အချို့သော **အညေ** [*၂] **ဆရာကြီး**တို့ကလည်း **ယိုးဒယားခရိုင်** ကို သုဝဏ္ဏဘူမိတိုင်းဟု ဆိုကြကုန်၏။ ထိုဆရာတို့၏ စကားအလာမှာ အဋ္ဌကထာ, ဋီကာ, ကျောက်စာ ရေးဟောင်း, စာကောင်းစာတမ်းတို့နှင့် မညီမညွတ် ကွဲလွဲကာ ထူးဆန်းလှသဖြင့် ပညာရှင်တို့ စူးစမ်းဆင်ခြင်၍ ထင်မြင်ချက် သွင်းကြကုန်ရာသတည်း။

ထိုသို့သော အချက်တို့ကို မျှော်ထောက်၍ ဟံသာဝတီ ပဲခူးနယ်မှစ၍ စင်ကာပူတိုင်အောင် ကျွန်းဆွယ်များနှင့် တကွသော ဌာနကို ရှေးက သုဝဏ္ဏဘူမိတိုင်းကြီးပင် ဖြစ်၍ မင်းတစ်ပါး၏ ပိုင်စံရာ နိုင်ငံကြီးဖြစ်ကြောင်းကို ကောင်းစွာ မှတ်သင့်ကြလေကုန်သတည်း။

## ၂။ အပရန္တတိုင်း

အပရန္တတိုင်း ဆိုသည်ကား တိုင်းသီး တိုင်းခြားပင်ဟု **အပရေဆရာ** အရှင်တို့ ဆိုကြကုန်၏။ ရှင်ဥက္ကံသမာလာ မဟာသီလဝံသစသော **အညေဆရာ**တို့ကား အပရန္တတိုင်းသည် **သုနာပရန္တတိုင်း** ပင်တည်းဟု ဆိုကြကုန်၏။ ထိုအညေဆရာတို့ စကားတော်သည် သင့်တော် လျောက်ပတ်လှပါပေ၏။ အဘယ်ကြောင့် အပရန္တတိုင်းသည် သုနာပရန္တတိုင်းဟု သိအပ်ပါသလဲဟု စောဒနာကြပါမူ အဋ္ဌကထာတို့၌ နာမည် ၂ မျိုးတို့ဖြင့် လာသောကြောင့်ဟု သောဓနာမှု ဖြေရှင်းခြင်း ပြုကြကုန်ရာ၏။ ထိုစကားသည် မှန်လှ၏။ **ဥပရိပဏ္ဏာသ အဋ္ဌကထာ- သဠာယတနသံယုတ် အဋ္ဌကထာ** တို့၌ အဋ္ဌကထာဆရာတို့သည် အရှင်မဟာပုဏ္ဏ ပင့်လျှောက်၍ ဘုရားသခင် သုနာပရန္တတိုင်းသို့ ကြွမည့်နေ့တွင် စာရေးတန်မဲ လက်ဦးရသော အရှင်ကောဏ္ဍဓာန ထေရ်အား စာရေးတန်မဲ ကျရာ၌ ပထမတန်း တေဒဂ်ဘွဲ့ ပေးတော်မူသော အခမ်းအနား၌ အပရန္တတိုင်းကြီးကိုပင် **သုနသဒ္ဒါ**နှင့် ရောစပ်၍ **သုနာပရန္တတိုင်း** ဟု ဆိုတော်မူ၏။ ဓမ္မပဒ အဋ္ဌကထာ အင်္ဂုတ္တရအဋ္ဌကထာ ၂ စောင် တို့၌ကား သုနာပရန္တတိုင်းကိုပင် သုန သဒ္ဒါမထည့်ဘဲ အပရန္တတိုင်းဟု ဆိုတော်မူ၏။ ဤနေရာ၌ သုနသဒ္ဒါသည် ပုဗ္ဗသဒ္ဒါ၏ ပရိယာယ်ပင်တည်း။ မန္ဓာတ်မင်းကြီးသည် နတ်ပြည်သို့ တက်၍ သားကြီးရတနာအား ပြန်လွှတ်တော်မူသောအခါ အတူပါလာသော ၄ ကျွန်းသားတို့တွင် **မြောက်ကျွန်းသားတို့** နေရာကား ကုရုတိုင်း၊ အရှေ့

[*] အပရေဆရာ, အညေဆရာ ဟူသည် မိမိ၏ဆရာနှင့် ဂုဏ်ရည်တူ ဆရာ။ ကေစိဆရာ ဟူသည် မိမိအောက် ဂုဏ်ရည်ညံ့သော ဆရာဟု ဘုရားပြုဆရာတော်-ကလျာဏီကျောက်စာနိဿယ ၁၀၅ တွင် ဆို၏။ တွင်းကြီးဆရာခတ်ကား အပရေဆရာ ဟူသည် ဆရာတူတပည့်ချင်းဟု ဝိဝိဓဝိနိစ္ဆယကျမ်း၌ ဆို၏။ မိမိနှင့် ဂုဏ်ရည်တူ ဟူ၍လည်း အဓိပ္ပာယ်ရ၏။

http://www.dhammadownload.com



ကျွန်းသားတို့ နေရာကား ဝိဒေဟတိုင်း၊ အနောက်ကျွန်းသားတို့ နေရာကား အပရန္တတိုင်း မည်ကြောင်းကို သတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ ပြတော်မူ၏။ ထိုအနောက်အရပ်၌ ဖြစ်သောကြောင့် သုနသဒ္ဒါနှင့် ဆိုထား၏။ ထိုအနောက်ကျွန်း၌ ဖြစ်သူတို့ကို **ပုဏ္ဏ** ဟူ၍ လည်းကောင်း၊ **သုန** ဟူ၍ လည်းကောင်း သဒ္ဒါနည်းဖြင့် သုံးနှုန်းထား၏။ နှိုင်းကြည့်စရာ ဥပမာမှာ– **ဝဇ္ဇီပုတ္တကာ ဘိက္ခူ**=ဝဇ္ဇီတိုင်းသား ရဟန်းများ။ ။ ဝဇ္ဇီပုတ္တက၌ ပုတ္တသဒ္ဒါသည် ဝဇ္ဇီနှင့်တွဲယှက်၍ **ဝဇ္ဇီတိုင်းသား** ဟူ၍သာ အနက်ထွက်လာသကဲ့သို့ပေတည်း။ တစ်နည်းအားဖြင့် ပထမဆိုရင်းပုဂ္ဂိုလ်၏ အလိုအားဖြင့်လည်းကောင်း၊ စကား အလာ သာယာပြေပြစ် ကျစ်လျစ်–သိပ်လှ၊ ဝါစာ သိလိဋ္ဌ၏ အစွမ်းအားဖြင့် လည်းကောင်း သုနသဒ္ဒါနှင့် အထူးပြုပြီးလျှင် သုနာပရန္တတိုင်း သမိုင်းစိုက်ထူ၍ မြန်မာပြည်ကို မော်ကွန်းထူခဲ့သတည်း။

## ၃။ ယောနကတိုင်း

ယောနကတိုင်း ဆိုသည်ကား **ယွန်းလူမျိုးတို့**၏ နေထိုင်ရာအရပ်ဖြစ်သော **ဇင်းမယ်ခရိုင်**ကို ဆိုသတည်း။ [ယခုအခါ ယိုးဒယားမြောက်ပိုင်း ဖြစ်သော ဇင်းမယ် ကျိုက်ခေါင် စသောမြို့တို့၏ တည်နေရာအရပ် ဖြစ်သည်။ ရှေးဆရာကြီးများက ဟရိဘုဥ္စတိုင်း ဟူ၍ လည်းကောင်း၊ ယွန်းနိုင်ငံ ဟူ၍လည်းကောင်း ဆိုကြ၏။ ယခုခေတ် အနောက်တိုင်းပညာရှိတို့ အယူမှုကား အာရှတိုက် အလယ်ပိုင်းမှာရှိသော ဟိန္ဒူကွတ်တောင်နှင့် ဩက္ကဆမြစ် စပ်ကြားရှိသော ဘက်တြီယာနယ်ကြီးကို ယောနကတိုင်းဟု ယူကြ၏။ ဩက္ကဆမြစ် အစသည် ရုရှားနှင့် အာဖဂန်နယ်စပ်တွင် ရှိသည်ဟု ပြထား၏။ သာသနာဝင်ဆရာ၏စကား မဟုတ်သော်လည်း သိမှတ်ရန် ထည့်သွင်းပြလိုက်၏။]

## ၄။ ဝနဝါသီတိုင်း

ဝနဝါသီတိုင်း ဆိုသည်ကား **သီရိခေတ္တရာမြို့**ခရိုင် နိုင်ငံကြီးကို ဆိုသတည်း။ အချို့ဆရာတို့ကား ဝနဝါသီတိုင်း ဆိုသည်ကား ... "တိုင်းသီး တိုင်းခြားပင် ဖြစ်သည်။

သာလျှင် ဝနဝါသီတိုင်း ဖြစ်သည်။ အဘယ်ကြောင့် ဤသို့ အခိုင်အမာ ဆိုပါသနည်း ..."ကျွန်ုပ်တို့ ဗမာနေထွက်ဘုရင် **မင်းတုန်းမင်းတရားကြီး**၏ နောင်တော် ပုဂံမင်း လက်ထက် အခါ သီရိခေတ္တရာမြို့တွင် ချုံတွေ ရှုပ်ထွေးလျက်ရှိသော မြေကြီးအောက်က တူးဖော် ရရှိလာသော ကြေးဆင်းတုတော် ရှေးဟောင်း ဘုရားတစ်ဆူကို တွေ့ရှိကြရာ ထိုဘုရားပလ္လင်၌ "ဤဘုရားရှင်သည် ဝနဝါသီတိုင်းသားတို့၏ ပူဇော်ခြင်းငှာ တည်ထားအပ်သော ဘုရား ..." စသည်ဖြင့် ရှေးဟောင်း စာတမ်းများကို ထင်ရှားစွာ တွေ့မြင်ကြရလေသည်။ ဤသို့သော အကြောင်းကြောင်း ကြောင့် သီရိခေတ္တရာမြို့ခရိုင်ကိုပင် ဝနဝါသီတိုင်းဟု သာသနာဝင်ဆရာ အခိုင်အမာ ဆိုတော်မူလေသတည်း။ [အနောက်တိုင်း ပညာရှိတို့ကမူ 'ရာဇပုတ္တ' နယ် အစွန်းကို ဝနဝါသီတိုင်းဟု ဆိုကြကုန်၏။]

## ၅။ ကသ္မီရဂန္ဓာရတိုင်း

ကသ္မီရဂန္ဓာရတိုင်း ဆိုသည်ကား ကသ္မီရတိုင်းကြီး ၁ ခု၊ ဂန္ဓာရတိုင်းကြီး ၁ ခု၊ ပေါင်း ၂ ခုပင်တည်း။ ထိုတိုင်းကြီး ၂ ရပ်တို့သည် နယ်ချင်းစပ်လျက် တစပ်တည်းတည်ရှိကြကုန်၏။ ထိုတိုင်းကြီး ၂ ရပ်ကို ဘုရင်တစ်ဦးတည်းပိုင်ရာ (EMPIRE) နယ်ဖြစ်သောကြောင့် တစ်တိုင်းတည်း ပြု၍ ဆိုထားသည်။ အဋ္ဌကထာဆရာပင် တိုင်းကြီး ၂ တိုင်းဟု ခွဲပြထားပေသည်။

## ၆။ မဟိံသကတိုင်း

မဟိံသကတိုင်း ဆိုသည်ကား **အန္ဓကတိုင်းကြီး**ပင်တည်း။ ယခုအခါ၌ ဧည၀တီခေါ် **ရခိုင်ပြည်ကြီး**ကို မဟိံသကတိုင်းဟု မှတ်ကြရာ၏။ (အနောက်တိုင်း ပညာရှိတို့မူကား နိဇံနယ်ကို မဟိံသကတိုင်းဟု ယူဆကြကုန်၏။)

## ၇။ မဟာရဋ္ဌတိုင်း

မဟာရဋ္ဌတိုင်းကြီးကား **မဟာနဂရ** ခေါ် တိုင်းကြီးပေတည်း။ ၎င်းမဟာရဋ္ဌတိုင်းကြီးသည် ထိုခေတ်အခါ၌

http://www.dhammadownload.com



ဆိုကြကုန်၏။ (အနောက်တိုင်းဆရာတို့ အယူကား ၎င်းမဟာရဋ္ဌတိုင်းသည် ဘုံဘေမြို့မှ မိုင် ၁၅၀ ကွာမှာ ရှိသည်ဟု ယူကြကုန်၏။)

### ၈။ စိနရဋ္ဌတိုင်း

စိန့်တိုင်းသည်ကား ဟိမဝန္တာနှင့် တစပ်တည်း တည်ရှိသော စိန့်တိုင်းပင်တည်း။ ဟိမဝန္တာ၏ အလယ်ပိုင်းတွင် တည်ရှိ၏။

### ၉။ သီဟိုဠ်တိုင်း

သီဟိုဠ်တိုင်း ဆိုသည်ကား အခြား မဟုတ်ပေ။ ယခုအခါ စွယ်တော်ပွဲကြီးကို ခမ်းနားကြီးကျယ်စွာ ကမ္ဘာကသိအောင် ဆင်နွှဲကျင်းပလျက် ထင်ရှားစွာ ရှိသော လင်္ကာဒီပ, တမ္ဗပဏ္ဏိဒီပ, သီဟဠဒီပ, (နာဂဒီပ) အမည်ရသော သီဟိုဠ်ကျွန်းကြီးပေတည်း။ ဤသည်လျှင် သာသနာပြု အရှင်မြတ်တို့ ကြွရောက်ရာဖြစ်သော ၉-တိုင်း ၉-ဌာန ပိုင်းခြားသတ်မှတ် အဆုံးအဖြတ် ဖြစ်လေသတည်း။

### သာသနာဝင် ဆရာအစဉ်အဆက်ကိုပြခြင်း

ဤနေရာ၌ သာသနာဝင် ဆရာအစဉ်အဆက်ကို လှစ်ဖွင့်ပြဦးအံ့။ မြတ်စွာဘုရား၏ သန္တိဝိဟာရိက-ဝိနယဓရ တေဒဂ်ရ **အရှင်ဥပါလိထေရ်** သည် အသီတိမဟာသာဝက အဝင်အပါ တပည့်ကြီး ဖြစ်၏။ ထိုအရှင်၏တပည့် အရှင်ဒါသကထေရ်၊ ထိုအရှင်၏တပည့် သောဏကထေရ်၊ ထိုအရှင်၏တပည့် သိဂ္ဂဝထေရ်၊ စန္ဒဝဇ္ဇိထေရ်၊ ထိုအရှင်၏တပည့် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ ဤမဟာထေရ်မြတ်ကြီး ၅ ပါးတို့သည် သာသနာဝင်၏ အစပထမ အသက်ကူး၍ပေးသော လက်ဦးဆရာရဟန္တာကြီးတို့ပေတည်း။ ထိုရဟန္တာကြီး ၅ ပါးတို့၏ များပြားသော တပည့်အဆက်ဆက်တို့မှာ ရေတွက်လို့မရနိုင်၊ ယနေ့တိုင်မပြတ် ရှိကြကုန်၏။ ဆရာအစဉ်အဆက် ရေတွက်ရန်မှုကား လဇ္ဇီသူမွန်သီလဝန်ရဟန်း

လည်း လာဘ်ကိုငဲ့ကွက် လောကကို လေးမြတ်၍ ထွေးယှက်ခြင်း စသည်တို့ဖြင့် တရားတော်အစဉ်ကို ဖျက်ဆီး၍ သာသနာတော်မြတ်ကြီးကို ဘေးဥပဒ် ဖြစ်စေတတ်ကြကုန်၏။ သာသနာကို စောင့်ရှောက်မှုမည်သည်ကား လဇ္ဇီသူမွန်သီလဝန်တို့၏အရာ ဖြစ်၏။ အလဇ္ဇီတို့၏ အရာ မဟုတ်ပေ။ ထို့ကြောင့် ရှေးဆရာကြီးတို့သည် "နောက်အနာဂတ်၌ သာသနာတော်မြတ်ကို အဘယ်သူသည် စောင့်လတ္တံ့ဟု ဆင်ခြင်တော်မူပြီးလျှင် နောင်အနာဂတ်၌ သာသနာမြတ်ကို လဇ္ဇီရဟန်းတို့ စောင့်ရှောက်ကုန်လတ္တံ့။ လဇ္ဇီတို့ စောင့်ကုန်လတ္တံ့။ လဇ္ဇီတို့ စောင့်ကုန်လတ္တံ့ ...." ဟူသော ၃ ကြိမ်တိုင်အောင်သော စကားကို မြွက်ကြားတော်မူခဲ့ကြလေကုန်၏။ အကျင့်ဆိုးသော အလဇ္ဇီ ရဟန်းမျိုးတို့သည်ကား မဇ္ဈိမဒေသ၌ပင် တစ်ပါးမက များလှစွာရှိကုန်၏ဟု သိကြပါလေကုန်။ ။

### ဂိုဏ်းကွဲများ ပေါ်ပေါက်လာပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးသော်၊ အနှစ် ၁၀၀ ကျော်တွင် ယခင် အထက်က ဆိုမြွက်ပြခဲ့ပြီးသော နည်းအတိုင်း ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် မတရားအမှု အဓမ္မဝတ္ထု ၁၀ ပါးစုကိုပြလျက် ဝါဒသစ် တီထွင်ကာ ပထမသင်္ဂါယနာတင်အခါကစပြီး ပယ်ကြဉ်ထားကုန်သော မကောင်းစုတ်ချာ ယုတ်မာ သောင်းပြောင်း ပါပဘိက္ခုအပေါင်းတို့နှင့် အကြောင်းသင့်အခွင့်ရှာ တိုင်ပင်ကြကာဖြင့် အရှင်မဟာကဿပ စသည်တို့ သင်္ဂါယနာတင်ကြကုန်သကဲ့သို့၊ ထိုရဟန်းဆိုးတို့က ကျမ်းကိုးနှင့်တစ်ဖန် သင်္ဂါယနာတင် စာရင်းဝင်တို့ကို သီးခြားထားပြီးလျှင် တစ်နည်းအားဖြင့် သာသနာ၏ အဆင်ကိုကြည့်ပြီးလျှင် ... (၁) **မဟာသင်္ဂီတိဂိုဏ်းကြီး** ဟု အလိုင်းတကြီး တည်ထောင်ထားကြကုန်၏။ ဤအဓမ္မဝါဒီ ရဟန်းတို့၏ ဂိုဏ်းသီးခွဲထွင်သည့် ပညာရှင်တို့၏ ရယ်ရွှင်ဖွယ် ဤအမှုသည် ကမ္ဘာအနှံ့ပြောလွယ်အောင် မဟာအံ့ဩဖွယ်ကြီးအစစ် ဖြစ်လေစွ...။ ဥပမာ...

http://www.dhammadownload.com



တူလေစွတကား။ ထိုအဓမ္မဝါဒီ ရဟန်းအများတို့သည် ဘုရားဟောဖော် ပါဠိတော်ကို ဟုတ်တိုင်းမှန်စွာ မသိမြင်ကြဘဲ (သူများယောင်လို့ ယောင်ရသည် အမောင် ဘာမှန်းမသိ) ဆိုသကဲ့သို့ ပါဠိအသံ ရွတ်ကာမျှနှင့် ယထာဘူတ ဟုတ်မှန်သောအနက် အဆုံးအဖြတ်တို့ကို မသုံးသတ်နိုင်ကြကုန်။ မိမိတို့ဉာဏ် မတို့နိုင်သဖြင့် အချို့အချို့သော ပါဠိတော် စကားအစစ်တို့ကို ပယ်ရှား၍ ပစ်ကြကုန်၏။ ဤသို့ ပါဠိတော်စကား ပယ်ရှားမှုသည် ၎င်းတို့၏ အဓမ္မဝါဒီဂိုဏ်း၌သာ ဖြစ်၏။ ဓမ္မဝါဒီ တရားညီသောဂိုဏ်းကမူကား ဤသို့သော မဟုတ်မဟတ်တို့ကို မလုပ်တတ်ကြပေ။ သုတ်ဝိနည်း အဘိဓမ္မာ ၃ ဖြာသော ဓမ္မဝိနယ စကားတော်များကို ပယ်ရှားဖျက်ဆီး၍ မိမိတို့ထင်သလို မဆင်မခြင် ကျင့်ကြံ၍ မသင့်မမှန် ပြုလုပ်ကျက်စား လှည့်လည်နေကြလေကုန်၏။ ဤသည်ကား **မဟာသင်္ဂီတိ** အမည်ရှိသော **အဓမ္မဝါဒီဂိုဏ်းကြီး**၏ အလိုင်းတကြီးဖြစ်လာပုံ ဖြစ်လေသတည်း။

## ဂိုဏ်းများစွာကွဲလာပုံ

ထိုမှတစ်ဖန် ကာလကြာပြန်သော်၊ ထိုအဓမ္မဝါဒီ ဂိုဏ်းအတွင်းမှ အချင်းချင်း သူကြိုက်ရာ သူလုပ် ငါကြိုက်ရာ ငါလုပ် ဝါဒချင်း ထွေးရှုပ်လျက် သေးနုပ်သော မဟာသင်္ဂီတိ အဓမ္မဝါဒမှ တစ်ဖန်ခွဲထွက်ပြီးလျှင် သဘောတူရာ စုပေါင်းကာ (၂) **ဂေါကုလိကဂိုဏ်း**၊ (၃) **ဧကဗျောဟာရဂိုဏ်း**ဟု ၂-ဂိုဏ်း ၂-လက် ကွဲထွက်၍ လာကြပြန်ကုန်၏။ ထိုမှနောက်ဖြစ် ကောက်ကျစ်သော ဂေါကုလိကဂိုဏ်းအတွင်းမှ အချင်းချင်းကွဲအက်၍ (၄) **ဗဟုဿုတိကဂိုဏ်း**၊ (၅) **ပညတ္တိဂိုဏ်း** ဟု ၂ ဂိုဏ်း တစ်ဖန် ကွဲလာပြန်၏။ ၎င်းမှတစ်ဖန် အကြောင်းပြုကြပြန်၍ ထိုဂိုဏ်းတို့မှ ကွဲအက်၍ (၆) **စေတိယဝါဒ** မည်သောဂိုဏ်း ၁ လက်သည် ပေါ်ထွက်၍လာပြန်လေ၏။

ထိုမှတစ်ဆင့် ကာလကြာမြင့်ပြန်သော် ဓမ္မဝါဒီ ဂိုဏ်းသားထဲမှ အချို့တို့သည် သဘောမတူသော အဓမ္မဝါဒီဂိုဏ်းသို့ ဝင်ကြကာ ချိန်ဆပြီးလျှင် (၇) **မဟိံသကဂိုဏ်း**၊ (၈) **ဝဇ္ဇိပုတ္တဂိုဏ်း** ဟု ၂ ဂိုဏ်း ခွဲထွက်လာပြန်၏။ ထိုမှတစ်ဖန် ဝဇ္ဇိပုတ္တက ဂိုဏ်းမှ အချင်းချင်း ကွဲအက်၍ (၉) **ဓမ္မုတ္တရိကဂိုဏ်း**၊ (၁၀) **ဘဒ္ဒယာနိကဂိုဏ်း**၊ (၁၁) **ဆန္နာဂါရိကဂိုဏ်း**၊ (၁၂) **သမ္မတိကဂိုဏ်း** ဟု ၄ ဂိုဏ်း ခွဲထွက်လာပြန်၏။ တစ်ဖန်လည်း မဟိံသက ဂိုဏ်းမှ အချင်းချင်း ကွဲအက်ပြီးလျှင် (၁၃) **သဗ္ဗတ္ထိဝါဒဂိုဏ်း**၊ (၁၄) **ဓမ္မဂုတ္တိဂိုဏ်း**၊ (၁၅) **ကဿပိယဂိုဏ်း**၊ (၁၆) **သင်္ကန္တိကဂိုဏ်း**၊ (၁၇) **သုတ္တဝါဒဂိုဏ်း** ဟု ၅ ဂိုဏ်း ၅ လက် ပေါ်ထွက်လာပြန်၏။ ဤသည်တို့ကား ဒုတိယသင်္ဂါယနာတင် ထေရ်အရှင်တို့၏ **ဓမ္မဝါဒီ ထေရဝါဒဂိုဏ်းကြီး**မှ အနည်းနည်း လွဲဖျက်ကာဖြင့် အသီးအသီး ခွဲထွက်လာသော အဓမ္မဝါဒီဂိုဏ်း ၁၇ ဂိုဏ်းတို့ ဖြစ်ကြလေကုန်သတည်း။ ထိုအဓမ္မဝါဒီဂိုဏ်းတို့ကို သာသနာဝင်ဆရာအစဉ်၌ မပါဝင်ကြကုန်။ ထိုစကား မှန်လှ၏။ ထိုအဓမ္မဝါဒီ ရဟန်းဗလချာတို့သည် မြတ်ဗုဒ္ဓဘာသာ၌ ကျေးဇူးဥပကာရ ဘာတစ်ခုမျှ မရှိကြကုန်။ ထို့ကြောင့် သာသနာဝင် ဆရာအစဉ် စာရင်း၌ ပါဝင်ခြင်းငှာ မထိုက်ကြကုန်။ ဥပမာ ထင်မြင်စရာအားဖြင့် ဟင်္သာအပေါင်း၌ ဗျိုင်း၊ နွားအပေါင်း၌ နွားနောက်ခေါ် နွားတစ်မျိုး၊ ရွှေစင်၏အလယ်တွင် ကြေးဝါကဲ့သို့ မဝေးရှာသော အဓမ္မဝါဒီ ဂိုဏ်းကြီးတို့သည် အလိုင်းတကြီး တူကြလေကုန်သတည်း။

## ဆရာအစဉ်အဆက် သန့်ရှင်းစင်ကြယ်ပုံ

ရှင်မဟာကဿပမှ ဆင်းသက်လာသော ထေရပရမ္ပရ ဆရာအစဉ်အဆက်တို့ကို ဥပါလိဒါသ ကောစေ အစရှိသည်ဖြင့် သမန္တပါသာဒိက ဝိနည်း အဋ္ဌကထာ ပရိဝါခန္ဓက၌ ဖွင့်ပြသောနည်းဖြင့် သိကြပါလေကုန်။ အရှင်ဥပါလိ စသော ရဟန္တာအရှင်တို့မှစ၍ ဆင်းသက် စာရင်းတွက်သော် အရှင်မောဂ္ဂလိပုတ္တ တိုင်အောင် သာသနာနှစ် ၁၀၀ တွင် ဆရာစာရင်း တင်ထားကြကုန်၏။ ထိုစာရင်းတွင် အရှင်ဥပါလိ မထေရ်ကြီး၏ အကျင့် အာစာရ သီလဖြူစင် ဓုတင်ပဋိပတ် အထပ်ထပ် အကောင်းဂုဏ်တို့ဖြင့် အပေါင်းစုံနေသည်ကို ထောက်ဆ၍ အရှင်မောဂ္ဂလိပုတ္တ အထိ အဓိပတိ အကျင့်စခန်းတို့ဖြင့် အဆင့်အတန်း မြင့်မြတ်မှန်ကန်ကြောင်းကို သိရကုန်၏။ ဥပမာအားဖြင့် မြစ်၏ အထက်အညာ၌ မိုးရွာသည်ကို ထောက်လတ်၍ အောက်အရပ်တွင် ရေကြီးနေသည်ကို သိနိုင်ကြကုန်၏။ ဤသို့ သိပုံနည်းသည် အကြောင်းကို

http://www.dhammadownload.com



ထောက်ဆ၍ အကျိုးကို သိရသော **'ကာရဏာနုမာနနည်း'** ဖြစ်လေ၏။ အရှင်မောဂ္ဂလိပုတ္တမှ တစ်ဖန် အထက်ပြန်၍ ထောက်ဆသော် အရှင်ဥပါလိထေရ်သို့ ရောက်ရပြန်၏။ အဆုံးဖြစ်သော အရှင်မောဂ္ဂလိပုတ္တတို့၏ အကျင့်အာစာရ သီလဖြူစင် ဓုတင်ပဋိပတ် ပရိယတ်အဖုံဖုံ ကျေးဇူးဂုဏ်တို့နှင့် စုပုံတိုးလတ် အကျိုး၏ ကောင်းမြတ်ပုံကို ထောက်သိ၍ အရှင်ဥပါလိအကြောင်း အစကောင်းလှသည်၏အဖြစ်ကို သိသင့်ကြကုန်၏။ ဥပမာအားဖြင့် အထက်ကောင်းကင်တွင် အခိုးကို မြင်သဖြင့် အောက်တွင် မီးရှိကြောင်းကို သိနိုင်ကုန်၏။ ဤသို့ သိပုံနည်းသည် အကျိုးကို ထောက်ဆ၍ အကြောင်းကိုသိရသော **'ဖလာနုမာနနည်း'** ဖြစ်လေ၏။ အစ ဥပါလိ-အဆုံး အရှင်မောဂ္ဂလိပုတ္တ၏ ကောင်းမြတ်လှသော သီလ သမာဓိ ပညာတို့ကို ထောက်ဆ၍ အလယ်၌ မထင်မရှား အရှင်များ ဖြစ်ကြသော အရှင်ဒါသက, အရှင်သောဏ, အရှင်သိဂ္ဂဝ စသော အရှင်တို့အားလည်း ဖြူစင်သီလ သမထ ဝိပဿနာ အဖြာဖြာ ဂုဏ်အဓိပတိတို့ဖြင့် စုံပြည့်လျက်ရှိသည်ကို သိရကုန်၏။ ဥပမာအားဖြင့် ကျောက်ဖျာ အစအဆုံး ဤဘက် ဟိုဘက်၌ သမင်ခြေရာမြင်သဖြင့် အလယ်တွင် မထင်ရှားသော်လည်း သွားသောခြေရာ ရှိသည်၏အဖြစ်ကို သိစွမ်းနိုင်ကြကုန်၏။ ဤသို့ သိပုံနည်းသည် **'မိဂပဒဝလဉ္ဇနည်း'** ဖြစ်လေ၏။ ဤ **'ဓမ္မဝါဒီ ထေရဝါဒဂိုဏ်းကြီး'** သည် ဤနည်း ၃ ရပ်တို့ဖြင့် ဆုံးဖြတ်စစ်ဆေး၍ ညစ်ကြေးမရှိ ပြကတိ ဖြူစင်ကောင်းမြတ်သော ဆရာအစဉ်အဆက်တို့ဖြင့် ဆင်းသက်လာသော ဓမ္မဝါဒီထေရဝါဒဂိုဏ်းကြီးဟု သိကြပါလေကုန်။ နောက်နောင် ဤနည်းကိုမှီ၍ သိကြပါလေ။ စတုတ္ထသင်္ဂါယနာတင် ပေထက်အက္ခရာတင်အထိ ဆရာအစဉ်အဆက်တို့ကို သမန္တပါသာဒိက ဝိနည်း အဋ္ဌကထာ ပရိဝါခန္ဓက၌ "တတောမဟိန္ဒောဣဋ္ဋိယော ..." စသည်ဖြင့် ဆိုပြီးသောနည်းဖြင့် သိကြကြည့်ကြပါလေကုန်။

ဤတွင် သာသနာဝင်ကျမ်းကြီး၏ ပထမပိုင်း ဖြစ်သော ၉-တိုင်း ၉-ဌာန **သာသနာဝင်အခန်းကြီး** သည် ငြိမ်းထိးတင်မြောက် ပြီးခြင်းသို့ ရောက်လတ်သတည်း။ ။

ဖဆဖဆ

http://www.dhammadownload.com

# ဒုတိယပိုင်း

## သီဟိုဠ် သာသနာဝင် အခန်းကြီး

ဤဒုတိယပိုင်းတွင် သီဟိုဠ်ကျွန်းတစ်ခွင် ဘုရားရှင်၏ သာသနာဝင်အကြောင်းကို ပြဆိုပေအံ့။ သီဟိုဠ်သာသနာ အသွယ်သွယ်ကို မှတ်သားဖွယ်ကောင်းအောင် အကျယ်ချဲ့၍ ပြဦးအံ့။ သီဟိုဠ်ကျွန်းသည်ကား လောကထွတ်ထား မြတ်ဘုရား၏ ၃ ပါးသော သာသနာ၏ တည်ရာအစစ် ဧကန်ဖြစ်သောကြောင့် စေတီကြီး ဘုရားပုထိုးကြီးများနှင့် တူကြောင်းကို ရှေးသူဟောင်းတို့ မိန့်ဆိုကြကုန်၏။ ဘုရားသခင်သည် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သီဟိုဠ်ကျွန်းသို့ ၃-ကြိမ် ၃-ခေါက် ကြွရောက်တော်မူလေ၏။ ပထမအကြိမ်မှာ ဘီလူးတို့ကို ဆုံးမခြင်းငှာ အဖော်မပါ ကိုယ်တော် တစ်ပါးတည်းသာ ကြွရောက်တော်မူ၍ ဘီလူးတို့ကို ဆုံးမပြီးလျှင် "ငါဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးသောအခါ သီဟိုဠ်ကျွန်းတွင် ငါ၏ သာသနာတော်သည် ကောင်းစွာမသွေ တည်ပေလိမ့်မည်" ဟု သိမြင်တော်မူသဖြင့် နောင်သောအခါ ဘေးရန်ကင်းပျောက် အစောင့်အရှောက်ဖြစ်အောင် ပရိတ်အရံအတား ပြုတော်မူလျက် သီဟိုဠ်ကျွန်း တစ်ပိုင်းကို ပတ်ပတ်လည် ဝိုင်းမိအောင် ၃ ကြိမ်တိုင် လှည့်လည်သွား၍ စည်းတားခြင်းအမှုကို ပြုတော်မူခဲ့လေ၏။ ဒုတိယအကြိမ်တွင် စူဠောဒရ မဟောဒရ တူဦးရီး နဂါးမင်းတို့အား ဆုံးမခြင်းအကျိုးငှာ ကိုယ်တော် တစ်ပါးတည်းသာ ကြွတော်မူ၍ တူဦးရီး နဂါးမင်းတို့အား တရားသွင်းကာ နှလုံးဟဒယအေးအောင် အဆုံးအမပေးကာ ပြန်ကြွတော်မူ၏။ တတိယအကြိမ်တွင် ရဟန္တာ ၅၀၀ ခြံရံကာ ကြွရောက်တော်မူ၍ မဟာစေတီ, ထူပါရုံစေတီ, သဃ်မိတ္တာဗောဓိပင်, မဟိယင်္ဂဏစေတီ, မုဒိင်္ဂဏစေတီ, ဒီဃဝါပီစေတီ, ကလျာဏီစေတီ တည်ရာဌာနများတွင် အနာဂတ်အခါ သာသနာမြတ် တည်မည်ကို မျှော်လတ်၍ နိရောဓသမာပတ် ဝင်စားလျက် ထင်ရှားစွာ နေတော်မူလေသည်။

ထိုစဉ်အခါက ဘုရားရှင်၏ သာသနာသည် သီဟိုဠ်ကျွန်းတွင် မတည်သေးချေ။ နောက်ခါကျမှသာ ပြဆိုခဲ့သော ဆရာအစဉ်အဆက် ဆင်းသက်လာခဲ့သော အရှင်မောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီးက စေလွှတ်တော်မူသဖြင့် အရှင်မဟိန္ဒထေရ်သည် သာသနာနှစ် (၂၃၅) နှစ်၊ တန်ဆောင်မုန်းလတွင် အရှင်ဣဋ္ဋိယ, အရှင်ဥတ္တိယ, အရှင်သမ္ဗလ, အရှင်ဘဒ္ဒသာလ ဤမထေရ် ၄ ပါးတို့နှင့်တကွ သာသနာပြု ကြွသွားတော်မူလေသတည်း။

အရှင်သောဏ, ဥတ္တရ စသော မထေရ်မြတ်တို့သည်လည်း သာသနာနှစ် ၂၃၅ ခု၊ တန်ဆောင်မုန်းလ ၌ပင် သာသနာတည်စေခြင်းငှာ မိမိတို့စေလွှတ်ရာ သထုံတိုင်း စသော ထိုထိုတိုင်းတို့သို့ သာသနာပြု ကြွတော်မူကြလေကုန်သတည်း။

### အရှင်မဟိန္ဒ သာသနာပြု ၇-လ ဆိုင်းနေပုံ

အရှင်မဟာမဟိန္ဒထေရ်မြတ်မူကား ၇ လတိုင် ဆိုင်းငံ့တော်မူ၍ သာသနာနှစ် (၂၃၆) နှစ်၊ နယုန်လပြည့်နေ့တွင် သီဟိုဠ်ကျွန်း၌ သာသနာတည်စေခြင်းငှာ သာသနာပြု ကြွတော်မူလေ၏။ ထိုဆိုင်းငံ့သောအကြောင်းကြောင့် ဇ-တိုင်း ဇ-ဌာနတို့တွင် သီဟိုဠ်ကျွန်းသို့ ၂၃၆ ခုနှစ်၊ အခြားတိုင်းကြီး ၈ တိုင်းသို့ ၂၃၅ ခုနှစ်က သာသနာပြု ကြွရောက်တော်မူကောင်း အသီးအခြား တစ်နည်းထား၍ မှတ်သားထားကြပါလေကုန်။

အဘယ့်ကြောင့် အရှင်မဟာမဟိန္ဒ ၇ လ စောင့်

http://www.dhammadownload.com



ဆိုင်း၍ နောက်ပိုင်းကျမှ ကြွရောက်တော်မူရပါသနည်း။ ထိုစဉ်အခါက သီဟဋ္ဌရာဇာသည် ဇရာဒုဗ္ဗလကျသဖြင့် အာယုက္ခယခေါ် အသက်ကုန်ခါနီးသဖြင့် ဘဝင်္ဂတုန်ဟီး သွားနိုင်သော ဘုရား သာသနာကြီးကို မြှောက်ချီးနိုင်မည် မဟုတ်တော့ချေ။ မုဋသိဝ မင်းတရား၏ သားတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းသားသည် အကင်းပါးချိန် ငယ်ရွယ်သူ ဖြစ်သဖြင့် သာသနာကို တကယ်ချီးမြှောက်ခြင်းငှာ စွမ်းနိုင်ပေလတ္တံ့။ ဤသို့သောဖြစ်အင်ကို သိမြင်တော်မူ၍ ဒေဝါနံပိယတိဿ မင်းသားသည် ထီးဖြူနှင်းအပ် မင်းမြတ် ဖြစ်ပေစေဦးဟု ဆိုင်းငံ့တော်မူကာ ဝေဒိဿကဂိရိမြို့ကြီး၌ နေကြကုန်သော မယ်တော်နှင့် ဆွေတော် မျိုးတော်တို့ထံ ချီးမြှောက်ကြည့်ရှုရန် ကြွတော်မူ၍ ၇ လတိုင် ဆိုင်းငံ့တော်မူပြီးလျှင် သာသနာနှစ် ၂၃၆ နှစ်ကျမှ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူ၏ဟု သိကြပါလေကုန်။

ကြွရောက်တော်မူပုံမှာ အရှင်မဟာမဟိန္ဒ ထေရ်မြတ်သည် အရှင်ဣဋ္ဋိယ စသော ၄ ပါးသော ရဟန်းတော်, တူတော် သုမန သာမဏေ, ပဏ္ဍုက ခေါ်သော ဥပါသကာတို့နှင့်တကွ သာသနာသက္ကရာဇ် ၂၃၆ နှစ် နယုန်လပြည့်နေ့တွင် နယုန်လအခါ မိုးကောင်းကင်မှ ရွှေဟင်္သာတို့ကဲ့သို့ အာကာဝေဟင် လေယာဉ်ခရီး ဈာန်ယာဉ်စီးလျက် အနုရာဓမြို့ကြီး၏ အရှေ့မျက်နှာ ၁* မိဿက တောင်ထိပ်သို့ တရိပ်ရိပ် ရောက်လာကြလေကုန်သတည်း။

၂* နယုန်လပြည့်နေ့သည်ကား သီဟိုဠ်ကျွန်းတစ်ခွင်တွင် ဇေဋ္ဌ နက္ခတ်ပွဲသဘင်ကြီးကို နွှဲဆင်ကျင်းပကြကုန်လျက် လူအများတို့သည် ပလူများ သွားကြသကဲ့သို့ များစွာ စည်ကား ပျော်ပါးနစ်သက် သီဟိုဠ်ပုဏ္ဏမီ နက္ခတ်သဘင် ပွဲရက်ကြီး ဖြစ်ပေ၏။

ထိုပွဲသဘင် အစီအစဉ်ကို ရာဇမတ္တန်ကျမ်းတွင် ပါသောနည်းအရ ပြုကြလေကုန်၏။ ထိုအကြောင်းကို သာရတ္ထဒီပနီဋီကာကြီး၌ အကျယ်တဝင့် ဆိုထားလေ၏။

ဒေဝါနံပိယတိဿမထေရ်သည် နက္ခတ်ပွဲသဘင်နွှဲဆင်ကျင်းပကြလေကုန်ဟု ကြွေးကြော်ပြုလုပ်စေပြီးလျှင် ကိုယ်တော်တိုင် ၄၀၀၀၀ သော ယောကျ်ားများခြံရံလျက် မိဿက တောင်တန်းသို့ သမင်ဖမ်းကစားရန် ရွှင်လန်းစွာ ကြွရောက်တော်မူလေသတည်း။

မိဿကတောင်စောင့်နတ်သည် သမင်အသွင် ဖန်ဆင်း၍ ဘုရင်မင်းတရားကို လှည့်စားသွေးဆောင်လျက် အရှင်မဟိန္ဒထေရ်မြတ် ရှေ့တူရူသို့ ရောက်စေတော်မူ၏။ အရှင်မဟိန္ဒထေရ်မြတ်သည် ဘုရင်မင်းတရား ရှေ့ဖျားသို့ ရောက်လာသည်ကို မြင်တော်မူ၍ "ဘုရင်သည် ငါအရှင် တစ်ဦးတည်းကိုသာ မြင်စေ၊ အခြားအရှင်တွေကို မမြင်စေသတည်း" ဟု မိဋ္ဌာန်တော်မူပြီးလျှင် တိဿ တိဿ ဤသို့လာခဲ့ဟု ခေါ်လိုက်လေ၏။ ဘုရင်မင်းတရားကို ခေါ်သံကြားသည်နှင့် တစ်ပြိုင်နက် စဉ်းစားဆင်ခြင်လိုက်သည်မှာ– ဤသီဟိုဠ်ကျွန်းသွားတဲ့ လူအားလုံးတို့သည် ငါဘုရင်မင်းမြတ်ကို အမည်နာမတပ်၍ ခေါ်ဖို့ရန်ဝေးစွ၊ မော်၍မျှ မကြည့်ဝံ့ကြချေ။ ဤသူသည်ကား အခန်းခန်း အထပ်ထပ် အစုတ်စုတ် အပြတ်ပြတ်တို့ကို ချုပ်စပ်သော ပုဆိုးကို ဆောင်လျက် ဦးခေါင်းသျှောင်ပြောင်တုံး ဖန်ရည်ဝတ် ဖုံးထားပြီးလျှင် ငါ မင်းတရားကို မစဉ်းမစား တိဿ တိဿဟု စိတ်ဟာဒယညစ်လာအောင် နစ်နာစွာ ခေါ်ဘိ၏။ လူနတ်နဂါးသိကြား ဗြဟ္မာ ဘယ်လိုလူစား ဖြစ်ပါလိမ့်မည်နည်းဟု အနည်းနည်း တွေးတောလျက်နေစဉ် အရှင်မဟိန္ဒထေရ်အရှင်သည် ရတ်တရက် ရှောင်တခင် ကြည်လင်သော အသံတော်ဖြင့်

> သမဏာ မယံ မဟာရာဇ၊
> ဓမ္မရာဇဿ သာဝကာ။
> တဝေ ဝ အနုကမ္ပာယ၊
> ဇမ္ဗုဒီပါ ဣဓာ ဂတာ။ ။

---

၁* အနုရာဓမြို့နှင့် မိဿကတောင်သည် ၈ မိုင် ဝေးသည်။ ယခုအခါ mihintale တောင်ဟု ခေါ်သည်။ ထိုအတွင်း၌ ကျောင်းတော်ရာကျောက်တိုင်တို့ မရေမတွက်နိုင်အောင် ပေါ်များလှပေ၏။

၂* ထိုခေတ်ကစ၍ အနုရာဓတွင် နယုန်လပြည့်နေ့တိုင်း နက္ခတ်ပွဲသဘင်ကြီး ဖြစ်လာခဲ့သည်။ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက် မဟာစေတီတည်ပြီးသောအခါမှ သာသနာရေးပွဲသဘင်ကြီး ဖြစ်ခဲ့ပြီ။ ယခုခေတ်တိုင်အောင် နယုန်လပြည့်နေ့တွင် သီဟိုဠ်တစ်ကျွန်းလုံးမှာ တစ်သိန်းကျော်သောလူတို့ မဟာစေတီကြီးကို လာရောက်ဖူးမြော်သော (ပေါစွန်) ခေါ် ပွဲတော်ရက်ကြီးပေတည်း။ ။

http://www.dhammadownload.com



ရှင်မင်းမြတ် သိမှတ်ငါတို့မှာ၊
တရားမင်း သားရင်းသာဝကာ။
ရှင်မင်းအား သနားငဲ့ညှာ၊
ဓမ္မျမှ ကြွခဲ့ဤကျွန်းသာ။

ဟု နှုတ်ဆက်စကား မိန့်ကြားတော်မူလိုက်လေသတည်း။

ထိုအခါသည်ကား ဒေဝါနံပိယတိဿဘုရင်သည် ဓမ္မာသောက မင်းတရားကြီးက စေလွှတ်ပို့သသော လောကဓမ္မ လက်ဆောင်ကောင်းတို့ဖြင့် အဘိသိက်သွန်းလောင်းပြီးသဖြင့် တစ်လမျှသာ ရှိသေး၏။ ဒေဝါနံပိယတိဿ ဘုရင်သည် ဓမ္မာသောက မင်းတရားကြီး စေလွှတ်ပို့သသော ဓမ္မပဏ္ဏာကာရ တရားလက်ဆောင်၌ ရတနာ ၃ ရပ်နှင့် စပ်လျဉ်းသော သတင်းစကားကို စဉ်းစားအောက်မေ့လျက် အရှင်မဟာ မဟိန္ဒမထေရ်မြတ်၏–

သမဏာ မယံ မဟာရာဇ၊
ဓမ္မရာဇဿ သာဝကာ။
ရှင်မင်းမြတ် သိမှတ်ငါတို့မှာ၊
တရားမင်း သားရင်းသာဝကာ။

ဆိုတဲ့စကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ဉာဏ်ကြီးသောဘုရင်သည် သြော် အရှင်မြတ်တို့ ကြွပေပြီဟု သိပြီးလျှင် မိမိလက်တွင်ပါသော လက်နက်များကို ချထားလျက် အရှင်မဟိန္ဒထေရ်အနားသို့ကပ်ကာ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကာနှင့် သင့်တင့်ရာအရပ်တွင် ချဉ်းကပ် နေထိုင်လေသတည်း။ ထိုအကြောင်းကို မဟာဝင်အဋ္ဌကထာ ကျမ်းကြီး၌ –

အာဝုဓံ နိက္ခိပိတွာန၊
ဧကမန္တံ ဥပါဝိသိ။
နိသဇ္ဇ ရာဇာ သမ္မောဒိ၊
ဗဟုံ အတ္ထူ ပသဉ္ဇိတံ။ ။
လက်နက်အများ ချထား၍သာ၊
သင့်တင့်ရာရပ် ချဉ်းကပ်နေကာ။
အကျိုးများပြား စကားကိုသာ၊
ထိုမင်းမြတ် ရွှင်လတ်ပြောဆိုရှာ။ ။

ဟု မိန့်ဆိုတော်မူထားလေသတည်း။ ။

အရှင်မဟာမဟိန္ဒနှင့် ဒေဝါနံပိယတိဿဘုရင် အရှင် ၂ ပါးတို့ ဝမ်းမြောက်ရွှင်မော စကားပြောနေစဉ် အခိုက် နောက်လိုက်ဗိုလ်ပါ ၄၀၀၀၀ တို့သည် ကောင်းစွာ ခြံရံလာကြကုန်၏။ ထိုအခါ အရှင်မဟိန္ဒထေရ်က တန်ခိုးဖြင့် ဖုံးကွယ်ထားသော နောက်ပါ ၆ ယောက်တို့ကို ပြတော်မူလေ၏။ ဘုရင်သည် နောက်ပါအရှင်တို့ကို မြင်တော်မူ၍ ဘယ်အခါက ကြွရောက်တော်မူလာပါသနည်းဟု မေးလျှောက်တော်မူ၏။ အရှင်မဟိန္ဒက၊ မင်းမြတ်၊ ကိုယ်တော်အရှင်နှင့် အတူပင် ကြွလာတော်မူကြကုန်၏။ ယခုအခါ ဇမ္ဗူဒီပါ၌ ဘုရားသားကျော် ရဟန်းတော်တို့သည် များစွာ ရှိကြကုန်၏။ မြတ်သောမင်းကြီး ယခုအခါ ဇမ္ဗူဒီပါကျွန်းမြတ်တွင် သင်္ကန်းရောင် တပြောင်ပြောင် တလျှပ်လျှပ် ထွန်းလတ်၍ ရသေ့ရဟန်းတည်းဟူသော လေစုန်လေဆန်သည် အဖန်ဖန် တိုက်ခတ်လျက်ရှိပေ၏။ ထိုရဟန်းတော် အရှင်မြတ်တို့သည်ကား–

တေဝိဇ္ဇာ ဣဒ္ဓိ ပတ္တာစ၊
စေတောပရိယ ကောဝိဒါ။
ခီဏာသဝါ အရဟန္တော၊
ဗဟူ ဗုဒ္ဓဿ သာဝကာ။ ။
ဝိဇ္ဇာ ၃–မျိုး တန်ခိုးရောက်ကုန်၊
စိတ်လေ့လာတိုင်း ဈာန်ပိုင်းပြည့်စုံ။
ဘုရားမင်း၏ သားရင်းဖုံဖုံ၊
အာသဝေါခွာလျှော ကင်းကြကုန်။ ။

ဟု ဆိုအပ်သော ဂုဏ်ဒြပ်တို့နှင့် စုံလတ်စွာ ရှိကြကုန်သတည်း။

## ဘုရင်နှင့် အရှင် မေးဖြေပုံ

အရှင်ဘုရား, ဘယ်ခရီးလမ်းက ကြွမြန်းတော်မူခဲ့ကြပါသလဲ ဘုရား။ မြတ်သောမင်းကြီး, ရေလမ်းကလည်း မလာ၊ ကုန်းလမ်းကလည်း မဟုတ်ပေ။ ဘုရင်မင်းတရားသည် အရှင်မြတ်တို့သည် ကောင်းကင်လမ်းဖြင့် ကြွလှမ်းတော်မူခဲ့ကြောင်းကို သိတော်မူလေ၏။ ထိုအခါ ဗဟိန္ဒအရှင်သည် ဘုရင်အား အဆင်ခြင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပါ၏လောဟု စုံစမ်းခြင်းအကျိုးငှာ အနီးတွင် ရှိသော သရက်ပင်ကို အကြောင်းရှာ၍ ပြဿနာမေးတော်မူလေသည်။

http://www.dhammadownload.com



## အရှင်က ဘုရင်ကို ပြဿနာမေးပုံ

မင်းကြီး, ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်း။ အရှင်ဘုရား, သရက်ပင်ပါဘုရား။ မင်းကြီး, ဤသရက်ပင်ကို ချန်ထား၍ အခြား သရက်ပင်များ ရှိသလား၊ မရှိဘူးလား။ အရှင်ဘုရား, အခြား သရက်ပင်တွေ အများကြီး ရှိပါသည်ဘုရား။ မင်းကြီး, ဤသရက်ပင်ကို လည်းကောင်း အခြား သရက်ပင်တို့ကို လည်းကောင်း ချန်ထား၍၊ အခြားတစ်ပါးသော သစ်ပင်များ ရှိပါသလား။ အရှင်ဘုရား, သရက်ပင် မဟုတ်သော အခြားသစ်ပင်တို့ ရှိပါသည်ဘုရား။ မင်းကြီး, အခြားတစ်ပါးသော သရက်ပင်တို့ကို လည်းကောင်း၊ သရက်ပင်မဟုတ်သော သစ်ပင်တို့ကို လည်းကောင်း လွှတ်ထား၍ အခြားသစ်ပင် ရှိပါသလား။ အရှင်ဘုရား, ဤသရက်ပင်သာ ရှိပါသည်ဘုရားဟု ဖြေကြားတော်မူလေ၏။ မင်းကြီး, သင်သည် ကောင်းမွန်ပဏ္ဍိ ဉာဏ်အမြင်ရှိပေ၏ဟု ချီးမွမ်းတော်မူလေသတည်း။

မင်းကြီး, သင့်မှာ ဆွေမျိုးဉာတကာ ရှိပါသလား။ အရှင်ဘုရား, ဆွေမျိုးဉာတကာတို့သည် များစွာ ရှိပါသည်ဘုရား။ မင်းကြီး, ဆွေမျိုးတို့ကို အလွတ်ထား၍ အခြားဆွေမျိုးမတော်သူတွေ ရှိပါသလား။ အရှင်ဘုရား, ဆွေမျိုးမတော်သူတို့က ဆွေမျိုးထက်ပင် များပါသေးသည်ဘုရား။ မင်းကြီး, သင်၏ ဆွေမျိုးတွေကို လည်းကောင်း၊ ဆွေမျိုးမတော်သူတွေကို လည်းကောင်း လွှတ်ထား၍ အခြားတစ်ပါးသော ပုဂ္ဂိုလ် ရှိပါသလား။ ။ အရှင်ဘုရား, တပည့်တော်ဘုရင် ဖြစ်ပါသည်ဘုရားဟု ဖြေကြားတော်မူလေ၏။ မင်းကြီး, မိမိကိုယ် မည်သည်ကား ဆွေမျိုးတော်သူလည်း မဟုတ်၊ မတော်သူလည်း မဟုတ်၊ မိမိတစ်ဦးတည်းပင် ဖြစ်သည်ဟု ချီးမွမ်းစကား မိန့်ကြားတော်မူ၏။ ထိုပြဿနာကို မေးပြီးလျှင် မဟိန္ဒထေရ်အရှင်သည် ရှင်ဘုရင်သည် တရားအစဉ်ကို သိမြင်ခြင်းငှာ စွမ်းနိုင်ပေလိမ့်မည်ဟု ယုံကြည်တော်မူ၍ စူဠ ဟတ္ထိပဒေါပမ သုတ္တန်ကို ထုတ်ပြန်ဟောကြားတော်မူလေသတည်း။ တရားဟောပြီးသည်၏ အဆုံး၌ ဘုရင်မင်းမြတ်သည် နောက်လိုက်နောက်ပါ ၄၀၀၀၀ ပရိသတ်အပေါင်းတို့နှင့်တကွ သရဏဂုံတည်လတ် ဥပါသကာမြတ်တို့ ဖြစ်ကြလေကုန်သတည်း။ ထိုမှ နောက်၌ ဆိုသင့်ဆိုဖွယ် အသွယ်သွယ်ကို သမန္တပါသာဒိက အဋ္ဌကထာ စသည် အလီလီတို့၌ ဆိုပြီးနည်းအရ သိကြပါလေကုန်။

## အရှင်မဟိန္ဒမှ တပည့်အဆက်ဆက် ဆင်းသက်ပုံ

သီဟိုဠ်သာသနာပြု အရှင်မဟာမဟိန္ဒမှ ဆင်းသက်လာကုန်သော တပည့်အဆက်ဆက်တို့မှာ ရေတွက်လို့ မရနိုင်အောင် များလှစွာကုန်၏။ အဘယ်သို့ ဆင်းသက်လာကုန်သနည်း။ အရှင်မဟာမဟိန္ဒထေရ်၏ တပည့် အရိဋ္ဌ၊ ထိုအရှင်၏ တပည့် တိဿဒတ္တ၊ ဤအတိုင်း ဆင်းသက်လာပုံမှာ အရှင်ကာဠသုနေ, အရှင်ဒီဃ, အရှင်ဒီဃသုနေ, အရှင်ကာလသုမန, အရှင်နာဂ, အရှင်ဗုဒ္ဓရက္ခိတ, အရှင်တိဿ, အရှင်ရေဝ, အရှင်သုမန, အရှင်စူဠနာဂ, အရှင်ဓမ္မပါလိတ, အရှင်ခေမ, အရှင်ဥပတိဿ, အရှင်ဖဿဒေဝ, အရှင်သုမန, အရှင်မဟာပဒုမ, အရှင်မဟာသီဝ, အရှင်ဥပါလိ, အရှင်မဟာနာဂ, အရှင်အဘယ, အရှင်တိဿ, အရှင်သုမန, အရှင်စူဠာဘယ, အရှင်တိဿ, အရှင်စူဠဒေဝ, အရှင်သီဝတို့ ဖြစ်ကြလေသည်။ ဤအစဉ်အဆက်ကား စတုတ္ထသင်္ဂါယနာတင်အထိ ဆင်းသက်လာသော ထေရပရမ္ပရ ဖြစ်လေသတည်း။

## ဝိနည်းဓိုရ် ဆရာတော်၏ လက္ခဏာ ၃-ပါး

သာသနာတော်မြတ်၌ ဝိနည်းဓိုရ် ဆရာတို့သည်ကား လက္ခဏာ ၃-ဖြာနှင့် ကောင်းစွာပြည့်စုံစေရာ၏။

လက္ခဏာ ၃-ပါးကား -

၁။ ဝိနည်းပါဠိတော် စကားများကို ပါဠိအတိုင်း နှုတ်တက်ရွရွ ကောင်းစွာရခြင်း။ (အဆုံးအဖြတ် အာစရိယဝါဒပါ နှုတ်တက်စေရမည်။)

၂။ ဝိနည်းအကျင့်တရားတို့၌ မဖောက်မပြား ကောင်းစွာတည်ရှိခြင်း။

၃။ ဆရာအစဉ်အဆက်ကို ကောင်းစွာ မှတ်မိရခြင်း။

ဤသည်ကား ဝိနည်းဓိုရ်ဆရာ၏ လက္ခဏာ ၃-ပါး ဖြစ်လေသတည်း။

ဤနေရာ၌ ဆရာစဉ်ဆက်ကို မှတ်သားရမည်

http://www.dhammadownload.com



ဆိုရာ၌ အကျွန်ုပ်၏ ဆရာသည် အဘယ်ဆရာထံ၌ သင်ကြားခဲ့သည်၊ ထိုဆရာသည် အဘယ်ဆရာထံမှာ စသည်ဖြင့် ဆရာစဉ်ဆက် အလုံးစုံကို ထေရဝါဒပါ ယူဆောင်၍ အရှင်ဥပါလိထေရ်အရှင်သည် ဘုရားသခင်ထံမှာ သင်ကြားသည်ဟု အဆုံးတိုင် မှတ်သားနိုင်ရမည်။ တစ်ဖန် အရှင်ဥပါလိထေရ် အရှင်သည် ဘုရားသခင်ထံမှာ သင်ကြားသည်၊ ဒါသကထေရ်သည် သူ၏ ဥပဇ္ဈာယ်အရှင် ဥပါလိထံ၌ လည်းကောင်း သောဏကထေရ်သည် သူ၏ ဥပဇ္ဈာယ် သောဏကထံ၌ လည်းကောင်း အရှင်သိဂ္ဂဝသည် သူ၏ ဥပဇ္ဈာယ် သောဏကထံ၌ လည်းကောင်း၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သူ၏ ဥပဇ္ဈာယ် အရှင်သိဂ္ဂဝိစန္ဒဝဇ္ဇီတို့ထံ သင်ကြားသည်။ ဤသို့ စသည်ဖြင့် အာစရိယ ပရမ္ပရဆရာစဉ်ဆက်ကို ထေရဝါဒပါ ယူဆောင်၍ မိမိ၏ ဆရာရင်းကျအောင် ရောက်စေရမည်။ ဤသို့ အပြန်ပြန် အလှန်လှန် မှတ်သားနိုင်မှ ဆရာစဉ်ဆက်ကို ကောင်းစွာ မှတ်မိသော တတိယ အင်္ဂါလက္ခဏာနှင့် ပြည့်စုံနိုင်သည်။ အကယ်၍ မတတ်နိုင်ပါမူ ဆရာအစဉ်အဆက် ၂ ဆက် ၃ ဆက်ကို ဖြစ်စေ အောက်မေ့သောအခါ စိတ်ထဲတွင် မီးတောက်မီးလျှံ ထင်သကဲ့သို့ ထင်ထင်ကြီး မှတ်သားရမည်ဟု ဆိုလိုသတည်း။

## ရှေးဆရာမြတ်တို့ သာသနာကို ခဲယဉ်းစွာ စောင့်ရှောက်ကြပုံ

ပြဆိုခဲ့ပြီးသော ဆရာဆရာ သာထက်သာကြီးတို့သည် ဘုရားသခင် သက်တော်ထင်ရှား ရှိသည်မှစ၍ စတုတ္ထသင်္ဂါယနာတင်သည့်နှစ်ထိအောင် ပိဋကတ်တော်ကို နှုတ်တက်ရွရွ ထမ်းဆောင်ကြကုန်၏။ ပေစာတို့၌ ပြည့်စုံစွာ ရေးသား၍မူကား မထားကြကုန်။ ဤသို့ ပေစာတွင် မထားဘဲ နှုတ်ဖျားတွင်သာ ခဲယဉ်းစွာ ရွက်ဆောင်မှုကို ပြု၍ သာသနာတော်ကို ချီးမြှောက်တော်မူကြသော ဆရာဆရာ သာထက်သာသော ရှေးရှေးမဟာထေရ်မြတ်ကြီးတို့သည် အလွန်ပင် အံ့ဩလို့မဆုံး ကြည်ညိုလို့မဆုံးဖွယ် ဖြစ်ပေ၏။

သီဟိုဠ်ကျွန်းတွင် စဏ္ဍာလတိဿ ဘေးကြောင့် ထွက်ပြေးတိမ်းရှောင် တုန်လှုပ်ချောက်ချား၍နေကြစဉ် မိုးကလည်း မရွာသဖြင့် ဝေါ်မွတ်သော ဒုဗ္ဘိက္ခန္တရကပ်ဘေးကြီးသည် အရေးတကြီး ဖြစ်ပေါ်လာလေ၏။ ထိုအခိုက်တွင် အလိုက်သိတတ်သော သိကြားမင်းသည် သံဃာတော်အရှင်မြတ်တို့ထံ လာရောက်၍ အရှင်ဘုရားတို့ ဤသီဟိုဠ်တွင် ပိဋကတ်တော်ကို ဆောင်ခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။ လှေကိုစီး၍ ဇမ္ဗူဒီပါကျွန်းကြီးသို့ ကြွတော်မူကြပါကုန်။ အကယ်၍ လှေမဆန့်ပါမူ ထင်းသစ်သားဖြင့်လည်းကောင်း၊ ဝါးဖြင့် လည်းကောင်း လှေနှင့်တွဲပါ၍ ကူးတော်မူကြပါကုန်။ ဘေးမရောက်ရန် တပည့်တော် စောင့်ရှောက်ပါမည်ဟု လျှောက်ထားလေ၏။ ထိုအခါ ၆၀ မျှသော ရဟန်းတို့သည် သိကြားမင်း၏ ပင့်လျှောက်ချက်အရ သမုဒ္ဒရာကမ်းပါးသို့ရောက်မှ တစ်ဖန် ဤသို့ ကြံပြန်၏။ ငါတို့သည် ဇမ္ဗူဒိပ်သို့ မသွားလိုတော့ပြီ။ ဤသီဟိုဠ်ကျွန်း၌ပင် နေရစ်ခဲ့၍ ပိဋကတ်တော်ကို ဆောင်ကြကုန်တော့အံ့ဟု အကြံဖြစ်တော်မူကြကုန်၏။ ထိုအကြံအတိုင်း လှေဆိပ်မှ ပြန်ကြွတော်မူခဲ့ကြကုန်ပြီးလျှင် သီဟိုဠ်ကျွန်းအစိတ်အပိုင်း မလယဇနပုဒ်သို့သွား၍ ရသမျှသော အမြစ် အပွင့် သစ်သီးဆွမ်းတို့ကိုသာ မျှတရုံ ဘုန်းပေးတော်မူကြကုန်လျက် ပိဋကတ်စာပေတို့ကို ပြန်အံသရဇ္ဈာယ်၍ နေကြလေကုန်သည်။ အလွန်မနေနိုင်လောက်အောင် မွတ်သိပ်ဆာလောင်လှသဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ဖို့ရာ မတတ်နိုင်သောအခါ သဲအစုပေါ်၌ ရင်ဘတ်ကိုထား၍ ခေါင်းချင်းဆိုင်ကာ နှုတ်က မမြွက်နိုင်ကြဘဲ စိတ်သက်သက်ဖြင့် သရဇ္ဈာယ်ခြင်းအမှုကို ပြုတော်မူကြကုန်၏။ ဤနည်းအတိုင်း ၁၂ နှစ်တိုင်တိုင် အဋ္ဌကထာနှင့်တကွ ပိဋကတ်တော်ကို သရဇ္ဈာယ် စောင့်ရှောက်ကြ၍ သာသနာတော်ကို ချီးမြှောက်တော်မူကြကုန်၏။ ၁၂ နှစ် လွန်မြောက်သောအခါ ထိုစဏ္ဍာလတိဿဘေးကျမ်းသည် အေးချမ်းငြိမ်သက်ခြင်းသို့ရောက်၍ ရှေးအခါ ဇမ္ဗူဒိပ်သို့ ကြွသွားကုန်သော ရဟန်း ၇၀၀ တို့သည် ပြန်ကြွလာကြ၍ သီဟိုဠ်ကျွန်း ရာမဇနပုဒ် မဏ္ဍလာရာမ ကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူကြလေကုန်၏။ သီဟိုဠ်တွင် ကျန်ရစ်ခဲ့သော ရဟန်း ၆၀ တို့သည်လည်း ထိုမဏ္ဍလာရာမကျောင်းသို့ ကြွရောက်တော်မူကြပြီးလျှင် အချင်းချင်းတိုင်ပင်နှီးနှော၍ ပိဋကတ်တော်ကို သရဇ္ဈာယ်ကြပြန်လေကုန်၏။ ထိုအခါ သီဟိုဠ်ရဟန်း ဇမ္ဗူဒိပ်ရဟန်း

http://www.dhammadownload.com



တို့၏ ပိဋကတ်စာများသည် အချင်းချင်း ညီညွတ်ကြကုန်၏။ ဆန့်ကျင်နှောင့်ယှက် သဘောမတူသောအချက်ဟူ၍ တစ်လုံးတစ်ပါဒမျှ မတွေ့ကြကုန်။ ဂင်္ဂါရေနှင့် ယမုံနာရေ ၂ ထွေ ၂ စား တစ်သားတည်းကျသကဲ့သို့ ဖြစ်လေ၏။ ဤသို့ဤပုံ ခဲယဉ်းလှစွာသော ရွတ်ဖတ်သရဇ္ဈာယ်မှုကို နှုတ်တက်ရွရွ ပြုကုန်ကြ၏။

ဤသို့လျှင် ရှေးရှေး မဟာထေရ်ကျော် ပုဂ္ဂိုလ်မော်တို့သည် ခဲယဉ်းလှစွာသော သာသနာပြုမှုကြီးကို ပြုကြလေကုန်သတည်း။

**စာ ၁ ပိုဒ်မေ့၍ ယူဇနာတစ်ရာခရီးမှ ပြန်လာသော တပည့်နှင့် တစ်သိန်းတန် ကမ္ဗလာကို ဓားနှင့် နုတ်နုတ်စဉ်းပစ်သော ဆရာမြတ်အကြောင်း**

ဘုရားဟော ပိဋကတ် ပရိယတ်ကို တစ်ပုဒ်တစ်ပါဒ အက္ခရာ တစ်လုံးမျှ အပိုမသွင်း မယိုမယွင်းရအောင် ရွက်ဆောင်ကာ သာသနာပြုတော်မူကြသော အရာလည်း ရှိ၏။ ထိုသို့ ပါဠိ ပိဋကတ်ကို အတိအကျ ဆောင်ရွက်တော်မူသော သာသနာ့အလုပ်သည် ကမ္ဘာမှာရှိသော အလုပ်တို့ထက် ခဲခက်သော အလုပ်ကြီးတစ်ရပ် ဖြစ်ပေ၏။ ဤနေရာတွင် အသုံးကျလှသော ထုံးသာဓကကို ကျွန်ုပ်တို့ တစ်ဆင့်စကား ကြားရဖူးသည်ကား သီဟိုဠ်ကျွန်းတွင် ပုနဗ္ဗသုက မည်သော သူကြွယ်ကြီး၏သား တိဿထေရ်သည် ငယ်စဉ်ကာလက ပညာသင်ယူလိုသဖြင့် သီဟိုဠ်မှ ဇမ္ဗူဒိပ်သို့ကူး၍ အရှင်ယောနကဓမ္မရက္ခိတမထေရ်၏ အထံ၌ ဘုရားဟော ပိဋကတ် ပရိယတ်ကို  သင်ကြားပြီးလတ် တတ်မြောက်ပြီအမှတ်နှင့် ပြန်၍လာခဲ့ရာ၊ လှေဆိပ်ရောက်မှ တစ်ခုသောပုဒ် ပဒ၌ ဥပ္ပန္နကခံ ခေါ်သော သံသယ ယုံမှား ဉာဏ်မကျေက်စားနိုင်သောအရာ ဉာဏ်တွင် ထင်လာသဖြင့် လှေဆိပ်မှ ပြန်ခဲ့၍ ယူဇနာ တစ်ရာခရီး ဆရာကြီးထံ ပြန်လာရာ လမ်းခရီးအကြားတွင် သူကြွယ်တစ်ယောက်က ပြဿနာတစ်ခု မေးမြန်းရာ ကျေနပ်စွာ ဖြေလိုက်လေ၏။ သူကြွယ်ကလည်း ပြဿနာဖြေရှင်းမှုကို ကျေနပ်ပြီးလျှင် ကြည်ညိုလှသဖြင့် မိမိတွင်ပါလာသော တစ်သိန်းတန် ကမ္ဗလာကို ဝမ်းသာစွာ ပေးလှူလေ၏။ တိဿထေရ်သည် တစ်သိန်းတန် ကမ္ဗလာကြီးကိုယူခဲ့၍ မိမိ၏ ဆရာအရင်း ကျေးဇူးရှင် မထေရ်မြတ်ကြီးအား လှူလေ၏။ ဆရာမထေရ်မြတ်သည် တစ်သိန်းတန် ကမ္ဗလာကို ဓားနှင့် နုတ်နုတ်စဉ်းပြီးလျှင် နေခင်းထိုင်ရာ တိုက်ခန်းနံရံတွင် အင်္ဂတေသရွတ် မံသကဲ့သို့ လိမ်းကျံတော်မူလေ၏။ တစ်သိန်းတန် ကမ္ဗလာကြီးကို ရက်စက်စွာ အဘယ်ကြောင့် ဤသို့ ပြုတော်မူပါသနည်း။ နောင်လာနောက်သား လူအများတို့ကို ချီးမြှောက်လိုသောကြောင့် တစ်သိန်းတန် ကမ္ဗလာကို ရက်စက်စွာ မခင်တွယ်၊ စင်ကြယ်စွာ မြေလိမ်းကျံခြင်းအမှု ပြုတော်မူလေသတည်း။

မဟာထေရ် အကျော်ဆရာတော်ကြီးက– ငါ၏ တစ်သိန်းတန် ကမ္ဗလာကြီးကို မခင်မတွယ် စင်ကြယ်စွာ ပြုပုံကို ဆင်ခြင်ကြကုန်၍ နောင်အနာဂတ်အခါ သာသနာဝင် လူရှင်တို့သည် ငါ့ကဲ့သို့ပင် ပစ္စည်းကို မခင်မင်အကျင့်ကို ဖြူစင်အောင် ကျင့်ကြကုန်လတ္တံ့ဟု ထင်မြင်တော်မူသဖြင့် ဤသို့ပြုတော်မူသည်ဟု တစ်ဆင့်စကား အသင့်အားဖြင့် ကြားရဖူးလေသတည်း။ တိဿထေရ်သည် ဆရာ့ထံ၌ ယုံမှားဖြစ်သော တစ်ပုဒ်တစ်ပါဒမျှကို မေးမြန်းပြီးမြောက်လျှင် သီဟိုဠ်ကျွန်းသို့ ပြန်၍ ကြွတော်မူလေ၏။ တိဿထေရ်ကဲ့သို့ တစ်ပုဒ်တစ်ပါဒမျှ ချွတ်ယွင်းရုံနှင့် တစ်ယူဇနာခရီး ကျေးဇူးရှင် ဆရာကြီးထံ ပြန်လာပြီးလျှင် ထပ်မံ သင်ကြား၍ တစ်ပုဒ်တစ်ပါဒ မချွတ်မယွင်းရအောင် ပိဋကတ်တော်ကို ရွက်ဆောင်တော်မူနိုင်သော အရာသည် လွန်စွာခဲယဉ်းသောအမှု ဖြစ်သတည်း။

**အလဇ္ဇီရဟန်းထံ စာသင်၍ သာသနာပြုပုံ**

များသောအားဖြင့် လေ့ကျက်သင်ကြား အထင်အရှား မရှိသဖြင့် ကွယ်ပျောက်လုနီး ဖြစ်နေသော ပိဋကတ် ကျမ်းဂန်ကို မကွယ်မပျောက်စေခြင်း အကျိုးငှာ လေ့ကျက်သင်ကြားခြင်း စသည်ဖြင့် စောင့်ရှောက်တော်မူသော အလုပ်သည် ရှိ၏။ ထိုကွယ်ပျောက်လုနီး ကျမ်းဂန်ကြီးများကို မကွယ်မပျောက် ထွန်းလင်းတောက်အောင် စောင့်ရှောက်သောအားဖြင့် သင်ကြားသော အလုပ်သည်လည်း အလွန်ခဲယဉ်းသော အလုပ်ကြီး ဖြစ်သည်။ ဤနေရာတွင် အသုံးကျသော ထုံးသာဓကကို ကြားဖူးရသည်ကား သီဟိုဠ်ကျွန်းတွင် အမျိုးမျိုးသော မင်းဆိုး

http://www.dhammadownload.com



ဘေး၊ အစာရေစာ ပါးရှားသောဘေးတို့ ရှုပ်ထွေးလျက်ရှိစဉ်အခါမှာ အလဇ္ဇီ ရဟန်းတစ်ပါးသည် အရှင်သာရိပုတ္တရာ ဟောတော်မူခဲ့သော မဟာနိဒ္ဒေသကျမ်းကြီးကို တတ်စွမ်း ဆောင်ရွက် လေ့ကျက်ထားသည်ကို မဟာတိပိဋက မထေရ်ကြီးက သိလေ၏။ ထိုအခါ နိကာယ် ၄ တန်ဆောင် တိဿထေရ်၏ ဥပဇ္ဈာယ်ဆရာ မဟာတိပိဋကမထေရ်ကြီးက အရှင်မဟာရက္ခိတထေရ်ကို ထိုအလဇ္ဇီရဟန်းအထံ သင်ကြားရန်အတွက်– ငါ့ရှင်ရက္ခိတ, ကွယ်ပျောက်လုနီး မဟာနိဒ္ဒေသကျမ်းကြီးကို ဤမည်သော ရဟန်းထံမှာ သင်ကြားပါချေဟု စေခိုင်းတော်မူရာ အရှင်ရက္ခိတက အရှင်ဆရာတော်ဘုရား, ထိုရဟန်းသည် မကောင်းစုတ်ချာ ယုတ်မာ လော်လည်အကျင့်မတည် အလဇ္ဇီ ဖြစ်သဖြင့် မသင်ကြားလိုပါဟု ငြင်းပယ် လျှောက်တင်လေ၏။ မဟာထေရ်မြတ်ကြီးက ငါ့ရှင်, ထိုမဟာနိဒ္ဒေသကျမ်းသည် သူတစ်ပါးတို့ မသင်ကြားသဖြင့် ကွယ်လုနီးပါး ဖြစ်နေပြီ။ ငါတို့လည်း သင့်ကိုစောင့်ရှောက်ကြည့်ရှုပါမည်ဟု အားပေး တိုက်တွန်းတော်မူမှ "အရှင်ဘုရား, အရှင်တို့က စောင့်ရှောက်ကြည့်ရှုသည်ရှိသော် သင်ကြားပါမည်။ ကောင်းလှပါပြီ" ဟု ဝန်ခံပြီးလျှင် ထိုအလဇ္ဇီ ရဟန်းယုတ်ထံ၌ အဖိုးတန်လှသော မဟာနိဒ္ဒေသကျမ်းကြီးကို နေ့ညမပြတ် အထပ်ထပ် သင်ကြားတတ်မြောက်၍ အပြီးသို့ရောက်သောနေ့၌ပင် ထိုရဟန်းယုတ်၏ အိပ်ရာစုတင်အောက်တွင် မိန်းမတစ်ယောက်ကို တွေ့မြင်ခဲ့ရသဖြင့် အရှင်ရက္ခိတထေရ်က မဟာတိပိဋက မထေရ်ကြီးအား အရှင်ဘုရား, တပည့်တော်သည် ရှေးအခါက ကြားရဖူးသည့်အတိုင်း ယခု ကိုယ်တိုင်မြင်ရသလို ယခင်က မြင်ခဲ့ပါမူ ဤရဟန်း အလဇ္ဇီထံ၌ သင်ကြားရန် မဖြစ်နိုင်ပါဟု ပြန်ပြောင်း လျှောက်လေသတည်း။ အလဇ္ဇီရဟန်းထံက သင်ကြားလာခဲ့သော အရှင်ရက္ခိတထံမှတစ်ဆင့် များစွာကုန်သော လဇ္ဇီသူမွန် သီလဝန်ထွဋ်ထိပ် မဟာထေရ်ကြီးတို့သည် မဟာနိဒ္ဒေသကျမ်းကို သင်ကြား၍ သာသနာတော်ကို ပြုတော်မူကြကုန်၏။ ဤသို့ သူအများတို့ သင်ကြားလေ့ကျက် မရှိသဖြင့် ကွယ်လုနီးဖြစ်သော ပိဋကတ်ကျမ်းဂန်ကို မကွယ်မပျောက် ထွန်းတောက်ပရန် သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သား၍ သာသနာတော်ကို စောင့်ရှောက်တော်မူသော အလုပ်သည်လည်း အလွန်ခဲယဉ်းသော အလုပ်ကြီးတစ်ရပ် ဖြစ်လေသတည်း။

## စတုတ္ထ သင်္ဂါယနာတင် အစီအရင်

ဤသို့လျှင် ဘုရားသခင် သက်တော်ရှင်စဉ်မှစ၍ ကာလကြာမြင့်အောင်ပင် ယခင် ဆိုအပ်ခဲ့ပြီးသော ဆရာအစဉ်အဆက်တို့သည် ပိဋကတ်တော်ကို နှုတ်တိုက် ဆောင်ရွက်၍ နှုတ်ထဲတွင်သာ စောင့်ရှောက်ထားတော်မူကြကုန်၏။ (ယခုခေတ်ကဲ့သို့ စာအုပ်ဖြင့် သိမ်းထားခြင်း မရှိကြကုန်)။ ဩော်– ရှေးရှေးယခင် ဆရာအစဉ်တို့၏ သတိပညာတည်စွာ သမာဓိပြန့်ပြောဘိသဖြင့် အဓိပတိဖြစ်သော နှုတ်ဖြင့်သာ ဆောင်ရွက်တော်မူသော အလုပ်သည် အလွန်ပင် အံ့သြဖွယ် ရှိပေစွတကား။ ရှေးရှေးယခင် ဆရာအစဉ်တို့၏ နှုတ်ဖြင့်သာလျှင် ဘုရားဟောပိဋကတ် ပရိယတ်ကို ဆောင်ရွက်တော်မူခဲ့ရာ ကာလကိုတွက်စစ်လျှင် ၄၉၅ နှစ် ကြာမြင့်စွာ ရှိလေသတည်း။ ဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည့်နောက် မဟာဝင်ကျမ်းသာရ သဂ်ီဟကျမ်းတို့၌ လာသောနည်းအရ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ် ရောက်သောအခါ သီဟိုဠ်ကျွန်းတွင် မင်း ၁၈ ဆက်မြောက် သဒ္ဓါတိဿမင်းတရား၏ သားတော် ဝဋ္ဋဂါမဏိမင်းသည် ထီးတွင်းနန်းရောက် ၆ နှစ်မြောက်တွင် နောင်သောအခါတွင် သတ္တဝါတို့သည် သတိပညာ သမာဓိတရားတို့ ယုတ်လျော့နည်းပါးသဖြင့် နှုတ်တက် ဆောင်ရွက်လေ့ကျက်ခြင်းငှာ မစွမ်းနိုင်ကြမည်ကို မြင်တော်မူကြကုန်၍ ယခင် ပြခဲ့ပြီးသော ဆရာအစဉ်မှ ဆင်းသက်လာကုန်သော ရဟန္တာ ၅၀၀ တို့သည် ဝဋ္ဋဂါမဏိမင်း စောင့်ရှောက်အပ်ထား၊ အမှီထား၍ သီဟိုဠ်ကျွန်း အစိတ်အပိုင်း မလယဇနပုဒ်* **အာလောကလိုဏ်**၌ အဋ္ဌကထာနှင့်တကွသော ပိဋကတ် ၃ ပုံ ပါဠိတော်အစုံကို ပေတွင်ရေးသား၍ ပေထက်အက္ခရာ တင်ထားကြကုန်၏။

* ကန္ဒီမြို့မှ ၁၈ မိုင် ဝေးသော မာတာလဲမြို့တွင် ရှိသည်။ လက်ဝဲလက်ယာ ကျောက်တောင် ၆ လုံးဖြင့် ဆန်းကြယ်စွာတည်နေသော အလင်းရောင်ရသောလိုဏ် ဖြစ်သည်။ အရှင်ဗုဒ္ဓဃောသကအဋ္ဌကထာရေးကူးသောနေရာလည်း ဖြစ်သည်။ ရှေးအဋ္ဌကထာကြီးများကို တောင်ထဲတွင်မြှုပ်ကာ စေတီ ၈ ဆူ တည်ထားသည်။ သီဟိုဠ်အခေါ် အောလုဝိဟာရဟု ခေါ်ကြသည်။

http://www.dhammadownload.com



ထိုသို့ ရဟန္တာ ၅၀၀ တို့ ပေထက်အက္ခရာတင်မှုကို ယခင် ပြုခဲ့ပြီးသော သင်္ဂါယနာ ၃ တန်မှ ထောက်သဖြင့် စတုတ္ထ သင်္ဂါယနာဟု သာရတ္ထဒီပနီ မည်သော ဝိနည်း ဋီကာ ဆရာ မိန့်မှာတော်မူ၏။ သီဟိုဠ်ကျွန်း စတုတ္ထ သင်္ဂါယနာ ဒါယကာ ဝဋ္ဋဂါမဏိမင်း၊ မြန်မာပြည် သီရိခေတ္တရာမြို့ ကြက်ဦးခေါင်းစား ငါတစ်ပါးမင်းသည် အချင်းချင်း ညီမျှသော ထီးရနန်းထိုင် မင်းပြိုင် ဖြစ်လေသည်။ သာရ သင်္ဂဟကျမ်းအလို သာသနာနှစ် ၄၅၀ ဆိုသည်။ အမရ ပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရား လက်ထက် သီဟိုဠ်ရဟန်းတို့က ဆက်လက်သော သန္ဒေသ ကထာ တွင်ကား ၄၃၃ နှစ်ဟု စတုတ္ထ သင်္ဂါယနာတင်ကို မှတ်ပုံ တင် ဝါဒထူးကြလေသတည်း။ ။

စတုတ္ထ သင်္ဂါယနာတင်ခန်း ပြီး၏။

## သီဟိုဠ်ကျွန်းဂိုဏ်းများကွဲပုံနှင့် သာသနာ ဆုတ်ချည်တက်ချည် ဖြစ်နေပုံ

ပေါတ္ထကာရုဠ္ဟခေါ် ပေထက် အက္ခရာတင် စတုတ္ထ သင်္ဂါယနာသဘင် ဆင်ယင်ပြီးမြောက်သောအခါ ဇမ္ဗူ ဒီပါ၌ လည်းကောင်း၊ လင်္ကာခေါ် သီဟိုဠ်ကျွန်း၌ လည်း ကောင်း ရဟန်းတို့သည် အသီးအသီး အခြားအခြား ဂိုဏ်း ကွဲတွေ များကြကုန်၏။ ဥပမာအားဖြင့် အနဝတတ်အိုင်မှ ခွဲထွက်လာသော မြစ်များသည် ဂင်္ဂါ ယမုံနာ သရဘူ မဟီ စသည်ဖြင့် အလီလီ ကွဲပြားလာသကဲ့သို့ပေတည်း။ ဇမ္ဗူ ဒိပ်၌ ဂိုဏ်းကွဲပုံတို့ကို နောက်၌ ပြဆိုကုန်အံ့။ သီဟိုဠ် ကျွန်း၌ ဂိုဏ်းကွဲတွေ များလာပုံကို ဤသို့ သိကြပါလေ ကုန်။ သီဟိုဠ်ကျွန်း၌ သာသနာတည်သော ကာလမှ အနှစ် ၂၁၈ နှစ် လွန်မြောက်သောအခါ ဝဋ္ဋဂါမဏိဘုရင် မင်းမြတ် ဆောက်လုပ်အပ်သော အဘယဂိရိ ကျောင်း တိုက်နေပျော် ရဟန်းတော်တို့သည် ပရိဝါခန္ဓက ပါဠိတော် ကို ပါဠိအနက် ဖောက်ပြန်ချက် ပြုကြပြီးလျှင် မဟာ ဝိဟာရဝါသီ ဓမ္မဝါဒီဂိုဏ်းကြီးများမှ အသီးအခြား ကွဲ အက်ကာ ဂိုဏ်းကွဲတစ်ဖန် ထူထောင်ကြပြန်၏။ ဂိုဏ်း၏ အမည်နာမကို **(၁) အဘယဂိရိဝိဟာရဝါသီဂိုဏ်း** ဟူ၍ လည်းကောင်း၊ ဓမ္မရုစိဂိုဏ်း ဟူ၍ လည်းကောင်း မှည့် ထားကြလေ၏။ အဘယဂိရိ ဝိဟာရဝါသီဂိုဏ်းကွဲ ပေါ် ပေါက်လာသည်မှ ၃၄၂ နှစ် လွန်မြောက်ပြန်သော် မဟာ

သေနမင်းမြတ် ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်း ပျော် ရဟန်းတော်တို့သည် ဥဘတောဝိဘင်း ပါဠိတော်ကို မတော်မလျော် ချွတ်ယွင်းဖောက်ပြန် ပြောင်းပြန်တီထွင် စီရင်ကြပြီးလျှင် အဘဂိရိဝါသီဂိုဏ်းမှ တစ်ဖန် **(၂) ဇေတ ဝနဝါသီဂိုဏ်း၊ သာဂလီယဂိုဏ်း** ဟု အမည် ၂ မျိုးပေး ကာ ဂိုဏ်း ၁ လက် ပေါ်ထွက်လာပြန်၏။ ဇေတဝန ဝါသီဂိုဏ်းကွဲ ပေါ်ထွက်လာပြီးသည်မှ ၃၅၁ နှစ် လွန် မြောက်ပြန်သော ကုရုန္ဒဝါသီ ကောလမ္ဗဝါသီ ရဟန်းတို့ သည် တူတော် ဖြစ်သော ဒါဌာပတိမင်းကို အမှီပြုပြီး လျှင် ဥဘတောဝိဘင်း၊ ပရိဝါခန္ဓက ပါဠိတော်များကို ချွတ်ယွင်းဖောက်ပြန် ပြောင်းပြန်တီထွင် စီရင်ကြကာဖြင့် အဘယဂိရိဂိုဏ်း ဇေတဝနဝါသီဂိုဏ်းကြီးတို့မှ အသီး ခွဲထွက်ကာ မဟာဝိဟာရဝါသီဂိုဏ်းမြတ်ကို နှိုင်းလတ် ရှိန်ဆ ဆင်ခြင်နည်းမှီးကြပြီးလျှင် **(၃) မဟာဝိဟာရ ဝါသီဂိုဏ်း** ဟူသော အမည်ဖြင့် ဂိုဏ်းတုတစ်ဖန် ကွဲပြား လာပြန်၏။ ဤသို့လျှင် သီဟိုဠ်ကျွန်းတစ်ခွင်၌ အရှင် မဟိန္ဒ စသော မထေရ်မြတ်တို့၏ အနွယ်ဖြစ်သော (၄) **မဟာဝိဟာရဝါသီဂိုဏ်းကြီး** နှင့်တကွ ၄ ဂိုဏ်း ရှိလေ သည်။ ထို ၄ ဂိုဏ်းတို့တွင် **(၄) မဟာဝိဟာရဝါသီ ဂိုဏ်းကြီး** တစ်ဂိုဏ်းသာလျှင် ဓမ္မဝါဒီတရားနှင့် ညီ၏။ ကြွင်း ၃ ဂိုဏ်းတို့သည် တရားနှင့် မညီ။ အဓမ္မဝါဒီ ဖြစ်လေသတည်း။ ထိုအဓမ္မဝါဒီ ဂိုဏ်း ၃ ဂိုဏ်းတို့သည် ဟုတ်မှန်သည်ကို ပယ်ရှား၍ မဟုတ်မမှန်သောအားဖြင့် သာ တရားတော်ကို မရှိမသေပြုကာ ကျင့်ကြံနေထိုင်ကြ ကုန်၏ဟု ရှေးဆရာအစဉ် ဥဒါန်းတွင်သောကြောင့် သီဟိုဠ် အဓမ္မဝါဒီဂိုဏ်းကြီး ၃ ဂိုဏ်းသား အလဇ္ဇီများ တို့သည် အဝန်းညီစွာ သက်န်းကိုင်ရသော ပရိမဏ္ဍလ သိက္ခာပုဒ်၊ ရင်ဝပ်ပုဆစ်ဒူးဝန်းတို့ကို ကောင်းစွာ ဖုံးလွှမ်း ရသော သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်တို့ကို မနာမယူ မကျင့်ကြံဘဲ ထင်သလိုကြံကာ မြို့ထဲ ရွာထဲသို့ သွားလာ နေထိုင်ကြ ကုန်၏။ ထိုခေတ် ထိုအခါမှစ၍ ယခုခေတ်တိုင်အောင် သာသနာဘောင်၌ အချို့သော ရဟန်းတို့သည် သိက္ခာ ပုဒ်တော်ကို မရှိမသေ မလေးမစား အထူးထူး အပြားပြား ဝတ်ရုံကြကာဖြင့် ထင်သလို သွားလာနေထိုင်ကြပုံတို့ကို တွေ့မြင်ကြရကုန်၏။ ဩော်– အဓမ္မဝါဒီတို့၏ အလေ့ အလာကို ယနေ့ထိအောင် တွေ့ကြုံရခြင်းသည် ထန်ပြင်း

http://www.dhammadownload.com



သော ဆင်းရဲကြီး ဖြစ်ပေစွတကား။ ထိုအဓမ္မဝါဒီ ဂိုဏ်းကွဲများ ပေါ်ပေါက်ပြီးနောက် နှစ်ပေါင်း ၅၂၇ နှစ် ရောက်ပြန်သော် သီရိသင်္ဃဗောဓိမင်းမြတ်သည် မဟာဝိဟာရဝါသီ ဓမ္မဝါဒီဂိုဏ်းမြတ်ကို အတိုင်းထက်အလွန် ကြည်ညိုသက်ထား အသင်းသား ဖြစ်သောကြောင့် ထိုအဓမ္မဝါဒီ ဂိုဏ်းကြီး ၃ ဂိုဏ်းတို့ကို နှိမ်နင်းချိုးဖျက်၍ တန်ခိုးထွက်လာအောင် ဘုရားသာသနာကို ချီးမြှောက်တော်မူလေ၏။ ထိုသီရိသင်္ဃဗောဓိမင်းတရားကြီးသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံ ပုဂံပြည် အနော်ရထာမင်းကြီးနှင့် ထီးပြိုင်နန်းပြိုင် ဖြစ်လေ၏။ ထိုမင်းနောက်၌ သီဟိုဠ်ကျွန်း ဝေါဟာရကတိဿမင်း လက်ထက်တွင် ကပိလမည်သော အမတ်ပညာရှိနှင့် တိုင်ပင်၍ မဟာဝိဟာရဝါသီ ဂိုဏ်းကြီးကို ချီးမြှောက်ကာ အဓမ္မဝါဒီဂိုဏ်းတို့ကို နှိမ်နင်း၍ ဘုရားသာသနာ ပွင့်လင်းလာအောင် စောင့်ရှောက်တော်မူလေ၏။

ထိုနောက်တစ်ဖန် ဂေါဋ္ဌာဘယမင်း လက်ထက်၌ အဘယဂိရိဝါသီဂိုဏ်းသား ရဟန်းများတို့ကို သမုဒ္ဒရာကမ်းတစ်ဖက်သို့ နှင်ထုတ်ပြီးလျှင် မဟာဝိဟာရဝါသီ ဂိုဏ်းကြီးကို ချီးမြှောက်ကာဖြင့် သာသနာကို တစ်ဖန်သုတ်သင်ပြန်လေ၏။ ထိုမှတစ်ဖန် ဂေါဋ္ဌာဘယမင်း၏ သားတော် မဟာသေနမင်း လက်ထက်၌ အဘယဂိရိ ဂိုဏ်းသား ရဟန်းများတို့သည် သင်္ဃမိတ္တမည်သော ရဟန်းတစ်ပါးသည် မဟာသေနမင်းတရား ကိုးကွယ်ဆည်းကပ်သော ပဓာနဆရာတော် ဖြစ်သဖြင့် အရှင်မဟိန္ဒစသော ရဟန္တာကြီးတို့နေရာ မဟာဝိဟာရကျောင်းအာရာမ်ကို မဟာသေနမင်းနှင့် တိုင်ပင်၍ ပျက်စီးရန်အားထုတ်လေ၏။ ၎င်းတို့၏ အားထုတ် ဖျက်ဆီးမှုကြောင့် မဟာဝိဟာရ ကျောင်းတိုက်တွင် ရဟန်းများ ၉ နှစ်တိုင်တိုင် တစ်ပါးမျှ မရှိ၊ ငုံးတိတိ ဖြစ်လေသတည်း။ ရှေ့ဟောင်းတို့၏နေရာကို ကျီးယုတ်တို့ ဖျက်ဆီးသကဲ့သို့ တန်ခိုးကြီးကြွား မထေရ်များတို့၏ နေရာတော်ကို အကျင့်မညီ အလဇ္ဇီတို့ ဖျက်ဆီးကြခြင်းသည် သြော်–အံ့ဖွယ်ကြီး ဖြစ်ပေစွတကား။ ဓေတဝနဝါသီ ဂိုဏ်းသားထဲက တိဿမည်သော ရဟန်းတစ်ပါးသည် ထိုမင်းနှင့်တိုင်ပင်၍ မဟာဝိဟာရ ကျောင်းတိုက်တွင်း၌ ရဟန္တာအရှင်တို့ သမုတ်ထားသော သိမ်ကို နှုတ်ပြန်လေ၏။ သို့ရာတွင် ထိုရဟန်းအရှင်တို့သည် ဝိနည်း၌ မကျွမ်းကျင် မလိမ္မာသောကြောင့် သိမ်နှုတ်မှုသည် မပြီးမြောက် မပြည့်စုံဘဲ ရှိလေသတည်း။ မကောင်းစိတ်ချာ ယုတ်မာသောသူတို့၏ အမှုယုတ်သည် ဘယ်ညာရိုက်ဟီး လက်ဖြစ်တီး၍ သြော်–အံ့သြဖွယ်ကောင်းလေစွတကား။ ဥပမာအားဖြင့် မျောက်သတ္တဝါသည် အဖိုးများစွာ ထိုက်တန်သော ကာသိကတိုင်းဖြစ် အဝတ်အထည်များကို အဖိုးမတန် ထင်မှတ်ပြီး ကိုက်ဖြတ်ဆုတ်ပစ်သည့် နမူ အမှုသွား တူလေစွ။ သို့ကြောင့် အဖိုးတန် ဝတ္ထုနှင့် ယုတ်မာသောသတ္တဝါ၊ ကွဲတတ်သော ဝတ္ထုနှင့် ခွဲတတ်သောသတ္တဝါတို့မှာ အလွန်ဝေးကွာစွာ ဖြစ်ထိုက်လေသတည်း။

## သင်္ဂဟ ဂါထာနှင့် သင်္ဂဟ ကဗျာများ

၁။ ယထာ သာခါမိဂေါ ပါပေါ၊
အပ္ပဂ္ဃေါ ယေဝ–ကာသိကံ။
မဟဂ္ဃံကစ္စဆိန္နံဆိန္နံ၊
မဟာဿာဟေန ဆိန္ဒတိ။ ။
၂။ ဧဝံအဓမ္မဝါဒီ ပါပေါ၊
ဓမ္မဝါဒိဂဏံ သုဘံ။
မဟုဿာဟေန တိန္ဒယိ၊
အဟော အစ္ဆရိယော အယံ။ ။
၃။ အာရကာ ဒူရတော အာသုံ၊
တိန္ဒိတဗ္ဗေဟိ ဘေဒကာ။
ဘူမိတော၀ ဘ၀ဂ္ဂန္တော၊
အဟော ကမ္မံ အဓာနတံ။ ။
၁။ ပမာထုတ် မျောက်ယုတ် များထိုထို၊
အဖိုးတန် မျိုးမှန်ဝတ်များကို။
အဖိုးနည်း ထင်လွဲမှတ်၍ဆို၊
အပိုင်းပိုင်း ဆုတ်လှိုင်းဖြတ်သကို။ ။
၂။ အဓမ္မဂိုဏ်းယုတ် ရိုင်းလုပ်ဤလို၊
ဓမ္မဝါဒိ ကောင်းသည့်ဂိုဏ်းကို။
အလွန်အားဖြင့် ကွဲပြားမှုပို၊
လက်ဖြစ်တီး အံ့ချီးများ ထိုထို။ ။
၃။ ကွဲတတ်ဝတ္ထု ခွဲမှုသူမှာ၊
ရန်သူမှ ဝေးကဖြစ်ကြပါ။

http://www.dhammadownload.com



မြေကြီးဘဝင် ဝေးချက်တူရာ၊
မသိမှု အံ့ပြု ထိတ်စရာ။ ။

ဤသို့လျှင် အဓမ္မဝါဒီဂိုဏ်းတို့က အားများနေကြသောကြောင့် ဓမ္မဝါဒီဂိုဏ်းကြီးသည် အလှိုင်းတကြီး ဆုတ်ယုတ် မှေးမှိန်သွားလေသည်။ လင်းတငှက်တို့၏ တောင်ပန်လေဟုန်ကြောင့် ရွှေဟင်္သာမင်းတို့သည် ပြကတိအားဖြင့်တည်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ဤနည်းအတူ အဓမ္မဝါဒီက အားကောင်းနေသဖြင့် ဓမ္မဝါဒီဂိုဏ်းကြီးသည် ပုန်းရှောင်မှေးမှိန်နေရလေသည်။ ကျားတောတွင် ရွှေသမင် မဝင့်ဝံ့သကဲ့သို့ အဓမ္မဝါဒီများ လွှမ်းမိုးနေသဖြင့် သူတော်ကောင်း ဓမ္မဝါဒီတို့သည် မိမိတို့အလိုကျ သူတော်ကောင်း ဓမ္မတို့ကို ကျင့်ဖို့မျှ အခွင့်မရနိုင်ဘဲ ရှိလေ၏။ မှန်ကင်းတလှည့် ထင်းတလှည့် ဆိုသကဲ့သို့ ဤလောကကြီးသည် အလွန် ကြောက်ဖွယ်ကောင်းလေစွတကား။

သီဟိုဠ်ကျွန်းတွင် သာသနာတည်သောအခါမှ နှစ်ပေါင်း ၁၄၇၂ နှစ်အထက် ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်သည်မှ သာသနာသက္ကရာဇ် ၁၇၀၈ ခုနှစ် လွန်မြောက်သောအခါ သီရိသင်္ဃဗောဓိ ပရက္ကမဗာဟု မဟာရာဇာမည်သော ရေမြေ့ရှင်မင်းတရားသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ပြန်၏။ ဥဒုမ္ဗရဂိရိဝါသီ အရှင်ကဿပ စသောမဟာဝိဟာရဝါသီ ဂိုဏ်းသံဃာတို့သည် ထိုမင်းတရားကို အမှီပြုကာ တစ်ဖန် ရွှေပန်းတိမ်သမားသည် ရွှေ၌အညစ်အကြေးကို သုတ်သင်သကဲ့သို့ သာသနာကို တစ်ဖန် သုတ်သင်ကြပြန်လေ၏။ မဟာဝိဟာရဝါသီဂိုဏ်းမှ တစ်ပါးသော အခြားသော အဓမ္မဝါဒီဂိုဏ်းတို့ကို နှင်ထုတ်ပယ်ရှား၍ သာသနာကို တကယ်အားဖြင့် သန့်ရှင်းစင်ကြယ်စေကုန်၏။ ထိုသီရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းတရားသည် ကျွန်ုပ်တို့ မြန်မာပြည် ပုဂံမြို့ နရပတိစည်သူမင်းတရားနှင့် ထီးပြိုင်နန်းပြိုင် ဖြစ်လေသည်။ ထို့နောက်တစ်ဖန် ဝိဇယဗာဟုမင်း ပရက္ကမဗာဟုမင်းတို့ကို အမှီပြုကာဖြင့် သာသနာကို သန့်ရှင်းစင်ကြယ်အောင် ပြုတော်မူကြပြန်၏။ အဓမ္မဝါဒီ ဂိုဏ်းအားလုံးတို့ကို နှင်ထုတ်ပြီး ဖြစ်သောကြောင့် မဟာဝိဟာရဝါသီဓမ္မဝါဒီ ဂိုဏ်းတစ်ခုသာ ကြွင်းနေသဖြင့် သာသနာတော်သည် ဆီးနှင်းမြူတိမ် သူရိန်မီးနိုး ညစ်မျိုး ၅ အင်ကင်းစင်ပဝင်း ရွှေလမင်းကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ ရှိလေသတည်း။

သီရိသင်္ဃဗောဓိမင်း၊ ဝေါဟာရိကတိဿမင်း၊ ဂေါဌာဘယမင်း ဤမင်း ၃ ပါးတို့သည် သာသနာတော်ကို သုတ်သင် ပြုစုကြကုန်သော်လည်း အဓမ္မဝါဒီ ဂိုဏ်းကွဲဂိုဏ်းခြားတို့ တစ်ခါတည်း မပျက်စီးကြသောကြောင့် သာသနာတော်သည် အခါခပ်သိမ်း မသန့်ရှင်း မစင်ကြယ်လေ။ သီရိသင်္ဃဗောဓိ ပရက္ကမဗာဟု မဟာရာဇာမင်း၊ ဝိဇယဗာဟုမင်း၊ ပရက္ကမဗာဟုမင်းတို့ လက်ထက်၌မူကား အဓမ္မဝါဒီဂိုဏ်းသားတို့ ပယ်ရှား ပျောက်ကင်းသောကြောင့် အခြင်းခပ်သိမ်း သာသနာတော်သည် သန့်ရှင်း စင်ကြယ်လေသည်။ အဓမ္မဝါဒီ ဂိုဏ်းသားတို့သည်လည်း နေထွက်သောအခါ ဇီးကွက် ခင်ပုတ် ဒီးဒုတ်ငှက်တို့ ဦးခေါင်းမော်၍မျှ မကြည့်ဝံ့သလို အဓမ္မဝါဒီတို့သည် မှေးမှိန်လျက်ရှိလေသည်။ ထိုနောက်တစ်ဖန် ကာလကြာပြန်သော် ဘရင်ဂျီ၊ ပသီ၊ အင်္ဂလိပ် စသော ဘာသာခြားလူမျိုးတို့ ကြီးစိုးသောကြောင့် သီဟိုဠ်ကျွန်းတွင် သာသနာတော် ယိုယွင်းပျက်စီး၍ ဂိုဏ်းပြည့်ရုံ သံဃာ ၅ ပါးမျှ မရှိသောကြောင့် မဟာဝိဇယဗာဟုမင်း လက်ထက်တွင် ရာမညတိုင်းမှ သံဃာတို့ကို ပင့်ဆောင်၍ သာသနာကို တစ်ဖန်တည်ထားရပြန်လေ၏။ ထို့နောက်တစ်ဖန် ဝိမလဓမ္မသူရိယမင်း လက်ထက်၌ လည်းကောင်း၊ ဝိမလဓမ္မရာဇာမင်း လက်ထက်၌ လည်းကောင်း ရခိုင်ပြည်က သံဃာတို့ကို ပင့်ယူ၍ သာသနာကို တည်ထားတော်မူရပြန်၏။ ၎င်းနောက် ကိတ္တိသီရိရာဇာသီဟမင်း လက်ထက်တွင် ယိုးဒယားပြည်က သံဃာတို့ကို ပင့်၍ သာသနာကို တည်ထားပြုစုတော်မူရပြန်လေသည်။ ဩော်-ရှေးမင်းကောင်းမင်းမြတ်တို့သည် သာသနာတော် တည်မှုကို ဤမျှပင် အရေးပြုပါတကားဟု ဆင်ခြင် စဉ်းစား၍ ယခုခေတ် မင်းများတို့သည် သာသနာရေးကို လေးလေးနက်နက် အားပေးထိုက်လှပေသတည်း။

ဤကား သီဟိုဠ် သာသနာဝင်၌ ဂိုဏ်းကွဲတွေပွား၍ သာသနာ ဆုတ်ချည်တတ်ချည် ဖြစ်သွားပုံကို ပြဆိုချက်ပေတည်း။

ထိုနောက်တစ်ဖန် သာသနာနှစ် ၈၉၀ ကျော်သောအခါ ဗုဒ္ဓဒါသမင်း လက်ထက်တွင် တရားဟော ဓမ္မ

http://www.dhammadownload.com



ကထိက အရှင်မြတ်တစ်ပါးသည် ဝိနည်းအဘိဓမ္မာပိဋကတ် ကျမ်းစာတို့ကိုထား၍ သုတ္တန် ပိဋကတ်ကျမ်းစာများကို သီဟိုဠ်ဘာသာသို့ ပြန်ဆိုထားသည်ဟု စူဠဝင်ကျမ်းတွင် ဆိုလေသည်။ ဗုဒ္ဓဒါသမင်းတရား၏ ၈၀ မျှသော သားတော်တို့ကို အသီတိမဟာသာဝကတို့၏ အမည်အတိုင်း မှည့်ထားလေကုန်သတဲ့။ သားတော် ၈၀ တို့တွင် အရှင်သာရိပုတ္တရာ အမည်နှင့်တူသော ဥပတိဿ မည်သော မင်းသားသည် ခမည်းတော်မင်းတရား နတ်ရွာလားတော်မူသည်နောက် ၄၂ နှစ်တိုင် မင်းလုပ်လေသည်။ သားတော်အလတ် မဟာနာမ မင်းသားသည် အနှစ် ၂၀ မင်းလုပ်လေသည်။ ထိုမင်းလက်ထက် သာသနာနှစ် ၉၃၃ နှစ် သီဟိုဠ်မင်းဆက် ၆၆ ဆက် စေ့ရောက်သောအခါ အရှင်ဗုဒ္ဓဃောသ မထေရ်မြတ်သည် သီဟိုဠ်ကျွန်းသို့ကြွ၍ သီဟိုဠ်ဘာသာဖြင့် ရေးသားထားကုန်သော အဋ္ဌကထာကျမ်းတို့ကို မာဂဓ ဘာသာသို့ ပြန်ဆို ရေးကူးလေသည်။ ထိုမဟာနာမ မင်းတရားသည် ကျွန်ုပ်တို့ မြန်မာပြည် သီရိပစ္စယာမြို့တည်နန်းတည် သေဉ်လည် ကြောင်မင်းတရားနှင့် ထင်ရှားပိုင်ပိုင် ထီးပြိုင်နန်းပြိုင် ဖြစ်တော်မူ၏။ ပရိတ္တာနိဒါန်းတွင်ကား ပြူမင်းနှင့် ထီးပြိုင်နန်းပြိုင်ဟု ဆိုထားသည်။ ထိုစကားသည် အထောက်အထား အခြား စာပေ မရှိသောကြောင့် ယုတ္တိ မရှိလှချေ။

## စွယ်တော် သီဟိုဠ်ရောက်ပုံ

သီဟိုဠ်ကျွန်း ကိတ္တိသီရိမေဃမင်း နန်းစံနှစ် ၉ နှစ်၊ သီဟိုဠ်မင်း ၆၂ ဆက်မြောက်၊ သာသနာနှစ် ၈၃၀ စေ့ရောက်သောအခါ ဇမ္ဗူဒိပ် ကလိင်္ဂရာဇ်တိုင်းပြည်မှ ကုဟသီဝမင်း၏ သမီးနှင့် သမက်ဖြစ်သော ဒန္တကုမ္မာ မင်းသားသည် ဟေမမာလာမင်းသမီးကိုယူ၍ စွယ်တော်ကို ခိုးယူပြီးလျှင် သီဟိုဠ်သို့ သင်္ဘောဖြင့် သွားကြလေ၏။ သာသနာ ၈၃၀ တွင် ဇေဋ္ဌတိဿမင်း နန်းစံ ၉ နှစ်၊ ဗုဒ္ဓဒါသမင်း နန်းစံ ၂၉ နှစ်၊ ဥပတိဿမင်း နန်းစံ ၄၂ နှစ်၊ မဟာနာမမင်း နန်းစံ ၂၂ နှစ်တို့ကို ပေါင်းလိုက်သည်ရှိသော် သာသနာနှစ် ၉၃၂ နှစ်မျှ ရှိလေသည်။ မဟာနာမမင်း လက်ထက် သာသနာနှစ် ၉၃၀ တွင် အရှင်မဟာ ဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းသို့ ရောက်တော်မူလေသည်။ အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် သီဟိုဠ် ရဟန်းတို့က ဆက်သွင်းသော သန္ဒေသကထာတွင်ကား ၉၅၆ နှစ် အလွန်တွင် အရှင်မဟာ ဗုဒ္ဓဃောသ သီဟိုဠ်သို့ ရောက်သည်ဟု ဆိုထားလေသည်။ မြန်မာဆရာတော်တို့ဝါဒ ၉၃ နှစ်၊ သီဟိုဠ် ရဟန်းတို့ဝါဒ ၉၅၆ နှစ် ဤထူးခြားချက် နှစ်ရပ်တို့ကို မှတ်သားမိကြပါစေသတည်း။

## အရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

ဤနေရာ၌ အဋ္ဌကထာ ဆရာတော် အရှင်ဗုဒ္ဓဃောသထေရ်မြတ်၏ အတ္ထုပ္ပတ္တိကို အကျဉ်းအားဖြင့် ပြဆိုအံ့၊ ဘယ်ပုံဆိုပါမည်နည်း။ သီဟိုဠ်အက္ခရာတို့ဖြင့် ပြန်ဆိုရေးသားထားလေသော ပရိယတ္တိသာသနာ ကျမ်းစာတို့ကို အဘယ် ပုဂ္ဂိုလ်ထူးသည် ပြန်ဆို ကူးယူခြင်းငှာ စွမ်းနိုင်ပါမည်နည်းဟု ကြံစည်ကြည့်ရှုကာဖြင့် ရဟန္တာမထေရ်ကြီးတို့သည် တိုင်ပင်တော်မူကြပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ကြွသွားပြီးလျှင် ဃောသနတ်သားကို မြင်၍ သိကြားမင်းနှင့်တကွ တောင်းပန်ကြကာ ဗောဓိပင် အနီး ဃောသရွာ* ကေသပုဏ္ဏား၏ဇနီး ကေသီပုဏ္ဏေးမ၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေ ကိန်းဝပ်တော်မူကြစေကုန်၏။ အို လူအပေါင်းတို့ စားလှည့်ကုန် သောက်လှည့်ကြကုန် ဟူ၍ ပုဏ္ဏားအချင်းချင်း ကြွေးကြော်သောအခါတွင် ဖွားမြင်သောကြောင့် ဃောသ သတိုးသားဟု နာမည်မှည့်ထား၏။ ထိုဃောသ သတို့သားသည် ၇ နှစ်အရွယ်တွင် ဗေဒင် ၃ ပုံ၌ ပြိုင်သူ ဘက်သူ မရှိ၊ လမ်းဆုံး ပေါက်မြောက် တစ်ဖက်ကမ်းရောက် တတ်မြောက်လေသည်။

တစ်နေ့သ၌ ရဟန္တာကြီးတစ်ပါးနှင့် ဗေဒင် စကားများကို မေးဖြေ ပြောဆိုကြပြီးသောအခါ ရဟန္တာမထေရ်ကြီးက ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ အစရှိသော ပရမတ္ထဗေဒင်ခေါ် ဗုဒ္ဓမန္တန်တော်ကို

---

* ဓမ္မပဒမဟာဋီကာ၌ ဗုဒ္ဓဃောသမဟာထေရောနာမေသ သုဗ္ဗာဘူမိယံဃောသဂါမဝါသိကော၊ အထဝါ၊ ပဗ္ဗိမဒေသေမဂဝရဋ္ဌေ၊ မဟာဗောဓိသမီပေဃောသ ဂါမေဇာတောဟု အရှင် ဗုဒ္ဓဃောသကို သုဝဏ္ဏဘုံ သထုံသားဟု လည်းကောင်း၊ မဇ္ဈိမဒေသ မဂဓတိုင်း ဃောသရွာသားဟု လည်းကောင်း ဝါဒ ၂ မျိုး ပြတော်မူသည်။

http://www.dhammadownload.com



မေးမြန်း ပြောဟောတော်မူလေ၏။ ဃောသ သတို့သားသည် ဗုဒ္ဓဗေဒင် စကားကို ကြားရသဖြင့် သင်ကြားလိုသောကြောင့် ရဟန္တာအရှင်မြတ်ကြီးထံ၌ ရဟန်းပြုပြီးလျှင် နေ့တိုင်း နေ့တိုင်း တစ်နေ့လျှင် ပုဒ် ၆၀၀၀၀ မျှ ဂါစုဂ္ဂဘ နှုတ်ရအောင် ဆောင်လေသည်။ တစ်လနှင့်ပင် ပိဋကတ် ၃ ပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူလေ၏။

ထိုနောက် မကြာမြင့်မီ အရှင်မဟာဃောသထေရ်သည် ဆိတ်ငြိမ်ရာ တိုက်ခန်း၌ တစ်ပါးတည်း စံမြန်းနေထိုင်လျက် ဘုရားဟောလတ် ပိဋကတ်၌ ငါ၏ပညာက သာလွန်သလော၊ သို့မဟုတ် ဥပဇ္ဈာယ် ဆရာအရှင်၏ ပညာက သာလွန်သလောဟု တွေးတော် ကြံစည်တော်မူလေ၏။ ထိုအကြောင်း ဥပဇ္ဈာယ်ဆရာ ရဟန္တာကြီးသည် သိ၍ ခေါ်ပြီးလျှင် သင် ဤကဲ့သို့ ဆရာသမားကို ပြစ်မှားခြင်းသည် အလွန်ဝန်လေးသည် စသည်ဖြင့် နှိပ်နင်းဆုံးမတော်မူလေ၏။ အရှင်ဗုဒ္ဓဃောသသည် ထိတ်လန့်ပြီးလျှင် "သည်းခံတော်မူပါ" ဟု ရှိခိုးဝန်ချ တောင်းပန်သောအခါ ဥပဇ္ဈာယ် ရဟန္တာကြီးက "သင်သည် သီဟိုဠ်ကျွန်းသို့သွား၍ သီဟိုဠ်အက္ခရာ အရေးအသား ပိဋကတ်တော်များကို မာဂဓ ပါဠိဘာသာ ပြန်ဆိုရေးသားရတော့မည်။ ဤသို့ပြုမှ ငါသည်းခံမည်" ဟု မိန့်တော်မူလိုက်လေသည်။

အရှင်ဗုဒ္ဓဃောသသည် ခမည်းတော် ပုဏ္ဏားကြီးအား မိစ္ဆာဒိဋ္ဌိအယူမှ လွတ်အောင် ဟောပြော ချွတ်ပြီးလျှင် ဆရာ၏ စကားကို ဦးထိပ်ဝယ်ပန်ဆင်လျက် ပိဋကတ်တော်ကို မာဂဓဘာသာ ပြန်ဆိုရေးသားရန် သီဟိုဠ်ကျွန်းသို့ သင်္ဘောစီးနင်း၍ ကြွသွားတော်မူလေသည်။

အရှင်ဗုဒ္ဓဃောသ စီးသော သင်္ဘောသည် သမုဒ္ဒရာ အပြင်သို့ ၃ ရက်ကူး ခရီးရောက်သောအခါ သီဟိုဠ်မှ ရှင်ဗုဒ္ဓဒတ္တမထေရ် စီးနင်းလာသော သင်္ဘောသည်လည်း သိကြားနတ်မင်းတို့၏ တန်ခိုးတော်ကြောင့် သင်္ဘော ၂ စင်း ဆုံမိကြ၍ မထေရ် ၂ ပါးသည် အချင်းချင်း တွေ့မြင်ရပြီး အကြောင်းဥသျှံ အလုံးစုံကို မေးမြန်းသိရှိတော်မူကြ၏။ ပိဋကတ်ကို မာဂဓ ပြန်ဆိုရန် သိတော်မူသဖြင့် အရှင်ဗုဒ္ဓဒတ်သည် "ငါ့ရှင် အကျွန်ုပ် စီရင်သော "ဝိနာလင်္ကာရကျမ်းကို အနှစ်မရှိ စကားပေါ့သည်ဟု မှတ်ထင်ပြီးလျှင် သီဟိုဠ်မထေရ်ကြီးတို့က ပိဋကတ်တော်ကို ပြန်ဆိုရေးသားရန် အခွင့်မပြုကြ၍ ပြန်လာခဲ့ရသည်။ ငါ့ရှင်သည် ပိဋကတ် ၃ ပုံအဖွင့် အဋ္ဌကထာစကားအလေးအနက်တို့ကို မထွေးမယှက်အောင် ဖွင့်တော်မူပါဟု ပြောဆို၍ သိကြားမင်း ဆက်ကပ်လှူဒါန်းသော ဖန်ခါးကြဖုသီးနှင့် သံအရိုးတပ်သော ကညစ်ကို လည်းကောင်း၊ သွေးရန် ကျောက်ကို လည်းကောင်း အရှင်ဗုဒ္ဓဃောသအား ပေးလိုက်လေ၏။ ဤသို့ မထေရ် ၂ ပါး စကားပြောပြီးသောအခါ သင်္ဘော ၂ စင်းသည် အလိုလိုရှဲ၍ ကိုယ့်လမ်းကိုယ် သွားကြလေကုန်သတည်း။

အရှင်မဟာဃောသသည် သီဟိုဠ်ကျွန်းသို့ရောက်၍ သံဃပါလသံဃဦးစီး မထေရ်မြတ်ကြီးကို ဖူးမြင်ပြီးလျှင် ပိဋကတ်တော်ကို မာဂဓဘာသာပြန်ဆိုရန် လာရောက်ကြောင်း လျှောက်ထားသောအခါ သံဃထေရ်ကြီးက–

သီလေ ပတိဋ္ဌာယ နရော သပညော၊
စတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။ ။

ဟူသော ဂါထာကို အပ်နှံပြီးလျှင် ဤဂါထာကို ပိဋကတ် ၃ သွယ် ဉာဏ်စွမ်းခြယ်၍ အနက်အဓိပ္ပာယ် ဖွင့်ပြပါဟု ပေးလိုက်လေ၏။ အရှင်ဗုဒ္ဓဃောသသည် ထိုနေ့ညနေချမ်းကစပြီး ၎င်းဂါထာကို အဦးတည်၍ ဝိသုဒ္ဓိမဂ်မည်သော ကျမ်းကြီးကို ပြုပြီးလျှင် ကျိန်းစက်သည်။ ထိုအရှင်၏ အစွမ်းကို သိလို၍ သိကြားမင်းက ဖွက်ထားသည်။ အသစ်တစ်စောင် ထပ်မံရေးရပြန်သည်။ ထို့အတူ သိကြားက တစ်ဖန် ဖွက်ပြန်သည်။ ထပ်မံရေးရပြန်သည်။ ညတွင်းချင်း ၃ စောင်စေ့မှ ယခင် ၂ စောင်ကို သိကြားက ပြန်ထားသည်။ ကျမ်း ၃ စောင်လုံးတွင် အချင်းချင်း တစ်ပုဒ်တစ်ပါဒမျှ အရေးအသား အနေအထား မကွဲပြား တစ်သားတည်း ပုံနှိပ်သလို ရှိလေ၏။

---

• (မှတ်ချက်) ဝိနာလင်္ကာရ စာကိုယ် ၎င်းဋီကာ နှစ်ရပ်လုံးကို အရှင်ဗုဒ္ဓရက္ခိတပြုစီရင်သည်။ အရှင်ဗုဒ္ဓဒတ်ကား မဟာဗုဒ္ဓဝင်ကိုပြုစီရင်သည်။

ဗုဒ္ဓဃောသုပ္ပတ္တိကထာကျမ်းဆရာသည် ပမာဒလေခပင်လော ?
သို့မဟုတ် ထိုကျမ်းကွယ်ပျောက်သွားသလော ... စဉ်းစားဖွယ်ရှိ၏။

http://www.dhammadownload.com



ထို ၃ ချောင်လုံးကို သံဃပါလ မထေရ်ကြီးအား သွားရောက် ဆက်သရာ အလွန်ပင် နှစ်သက်တော်မူလျှ၍ ပိဋကတ်တော်ကို မာဂဓပြန်ရန် အပ်နှံတော်မူလေသည်။ ဝိသုဒ္ဓိမဂ် ကျမ်းရင်း၌ သံဃပါလထေရ် တောင်းပန်၍ ပြုသည်ဟု လာသည်။ ဗုဒ္ဓဃောသုပ္ပတ္တိကထာ ကျမ်း၌ကား သံဃရာဇာထေရ် တောင်းပန်၍ ပြုသည်ဟု ဆိုလေသည်။ ထိုကျမ်း ၂ ပါး စကားကို တစ်သားတည်း ဖြစ်ရန်မှာ သံဃဦးစီး သံဃရာဇာဖြစ်သော သံခပါလ ဘွဲ့ရှိ မထေရ်မြတ်ကြီးဟု ယူကြလေ။ ဤကား ဗုဒ္ဓဃောသုပ္ပတ္တိကထာကျမ်း အလိုအတိုင်း ပြအပ်သော အရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ပင်တည်း။

## စူဠဝင်ကျမ်းအလို အရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိအကျဉ်း

စူဠဝင်ကျမ်း၌ကား ဤသို့လာရှိသည်။ အရှင်ဗုဒ္ဓဃောသ အလောင်းလျာသည် မဟာဗောဓိအနီး ပုဏ္ဏားရွာတစ်ရွာတွင် ဖွားမြင်၍ ဗေဒင် ၃ ပုံ၏ ကမ်းတစ်ဖက်သို့ လှမ်းတက်ပေါက်ရောက် တတ်မြောက်၏။ ထိုထိုသို့သော အယူဝါဒ အမျိုးမျိုးတို့၌လည်း ဒိုးအသွင် ဂျင်လိမ့်သလို နှစ်သိမ့်ကျေပွန်စွာ ကျွမ်းကျင်လိမ္မာ၏။ အရှင်ဗုဒ္ဓဃောသ အလောင်းအလျာသည် ဝါဒအမျိုးမျိုးတို့၌ စုံစမ်း မေးဖြေလိုသည်ဖြစ်၍ အဖော်အပေါင်းတို့နှင့်တကွ ဇမ္ဗူဒိပ်ကျွန်း တစ်ခွင်၌ လှည့်လည်သည်ရှိသော် ကျောင်းတစ်ကျောင်းသို့ ဆိုက်ရောက်ပြီးလျှင် အာဂန္တုဧည့်သည် အဖြစ်နှင့် တည်းခိုနေထိုင်လေ၏။ ထိုကျောင်းတွင်လည်း အရှင်ရေဝတ အမည်တော်ရသော ရဟန္တာကိုယ်တော်ကြီး တစ်ပါး သီတင်းသုံး နေထိုင်တော်မူ၏။ အရှင်ဗုဒ္ဓဃောသ အလောင်းလျာပုဏ္ဏားသည် ထိုအရှင်ရေဝတ မထေရ်မြတ်ကြီးနှင့် အာလာပ သလ္လာပစကား ပြောကြားပြီးလျှင် ကိုယ်တော်ကြီးအား ဗေဒင် ၃ ပုံတို့၌ ခဲရာခဲဆစ်တို့ကို မွှေနှောက်ချောက်ချားကာ ပြဿနာ မေးလေ၏။ မဟာထေရ်မြတ်သည် မေးမြန်းတိုင်း မေးမြန်းတိုင်းကို နှစ်သိမ့်ကျေနပ်အောင် အဖြေပေးတော်မူ၏။ မထေရ်မြတ်က တစ်ဖန် ဃောသလုလင်အား ပရမတ်နှင့်စပ်သော ပြဿနာကို မေးတော်မူရာ အရှင်ဃောသလောင်းလျာသည် ကောင်းစွာ မဖြေနိုင်တော့သဖြင့် အရှင်ဘုရား, အရှင်၏ အတတ်သည် ဘယ်အတတ်မန္တာန်ပါနည်းဟု မေးလျှောက်လေ၏။ မဟာထေရ်မြတ်သည် ဗုဒ္ဓမန္တာန် အတတ်ဟုပင် ဖြေကြားတော်မူလေ၏။ အရှင်ဗုဒ္ဓဃောသ လောင်းလျာသည် ဗုဒ္ဓမန္တာန်ကို သင်ကြားလိုသဖြင့် ရဟန္တာအရှင်ရေဝတ ကိုယ်တော်ကြီးထံ၌ ရဟန်းပြုပြီးလျှင် ပိဋကတ် ၃ ပုံ အလုံးစုံကို သင်ကြားရာ မကြာမြင့်မီ တဖက်ကမ်းသို့ တက်လှမ်းနိုင်အောင် တတ်မြောက်လေ၏။ ပိဋကတ် တတ်မြောက်သော ကျော်စောသတင်း အသံသည် ဘုရားရှင် ကျော်စောသံကဲ့သို့ တူသောကြောင့် ဥပဇ္ဈာယ် အရှင်ရေဝတမဟာထေရ်ကြီးက ဗုဒ္ဓဃောသ ဟု အမည်ပေးတော်မူ၏။ ရှင်ဗုဒ္ဓဃောသသည် ဥပဇ္ဈာယ် အရှင်ရေဝတထံမှာ နေထိုင်လျက်ပင် ဉာဏောဒယ မည်သောကျမ်း၊ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းတို့ကို ပြုတော်မူ၏။ ထိုနောက်တစ်ဖန် ပရိတ္တ အဋ္ဌကထာ ပြုဖို့ရာ အားထုတ်တော်မူလေ၏။ ထိုအခါ ဥပဇ္ဈာယ်ဆရာကြီးက ဤသို့ အမိန့်ပေးတော်မူ၏။ ငါ့ရှင်, ဇမ္ဗူဒိပါ၌ ပါဠိတော်မျှသာ ရှိ၏။ အဋ္ဌကထာ မရှိချေ။ အာစရိယဝါဒလည်း ကွဲကွဲ ပြားပြား ဖြစ်နေပြီ။ ထို့ကြောင့် အရှင်မဟာမဟိန္ဒထေရ် ယူဆောင်ခဲ့သော သီဟိုဠ်၌ရှိသော အဋ္ဌကထာ သင်္ဂါယနာ ၃ တန်တင် ပါဠိတော် အရှင်သာရိပုတ္တရာ စသည်တို့ ဟောကြားသော စကားအစဉ်တို့သည် သီဟိုဠ်ကျွန်း၌ ရှိလေသည်။ ငါ့ရှင်သည် သီဟိုဠ်သို့သွား၍ ပါဠိ မာဂဓဘာသာ ရေးသားပြန်ဆိုချေ။ ဤသို့ပြုသည်ရှိသော် ခပ်သိမ်းသူတို့ လွယ်ကူ အကျိုး လွန်ဖွားတိုးလိမ့်မည်ဟု တိုက်တွန်းစေခိုင်းတော်မူသဖြင့် အရှင်ဗုဒ္ဓဃောသ ကိုယ်တော်သည် သီဟိုဠ်ကျွန်းသို့သွား၍ အနုရာဓမြို့ မဟာဝိဟာရ ကျောင်းတိုက်သို့ ဝင်ရောက်ပြီးလျှင် သံဃပါလ မဟာထေရ်မြတ်ကြီးထံ၌ သီဟိုဠ် အဋ္ဌကထာနှင့် ထေရဝါဒ အလုံးစုံကို ကြားနာပြီးမှ အဋ္ဌကထာများ ရေးသားပြုစုအံ့သောငှာ ပန်ကြား လျှောက်တင်လေ၏။ သီဟိုဠ် ဆရာတော်တို့သည် ယခင်ပြဆိုခဲ့ပြီးနည်းအတိုင်း သီလေပတိဋ္ဌာယနရော စသော ဂါထာကိုပေး၍ အဋ္ဌကထာရေးရန် အပ်နှံကြကုန်၏။ အရှင်ဗုဒ္ဓဃောသသည် ယခင်နည်းအတိုင်း အဋ္ဌကထာရေးပြီး ၁–သိကြားမင်း ၂–ကြိမ်ဝှက်ထား၍ နောက်ဆုံး ၃ ကျမ်းစလုံးကို သံဃပါလထေရ်ကြီးအား တင်ပြ သံဃာ့အလယ်တွင် ဖတ်ပြ

http://www.dhammadownload.com



သော် အားရနှစ်သက်စွာ ရှိတော်မူ၍ အဋ္ဌကထာနှင့် တကွ ပိဋကတ်တော်တို့ကို အရှင်ဗုဒ္ဓဃောသအား အပ်နှံလိုက်လေသတည်း။

အရှင်ဗုဒ္ဓဃောသ အကြောင်းအရာကို အထူးထူးသော ကျမ်းတို့၌ အထူးထူး အထွေထွေ ကွဲပြားသော်လည်း အရှင်မြတ်၏ ပိဋကတ်တော်ကို သီဟိုဠ်သို့ကြွ၍ မာဂဓ ပြန်ဆိုရေးသားခြင်း၊ အဋ္ဌကထာကျမ်းပြုခြင်းများသာ လိုရင်းကြီး အချက်ဟု မှတ်ယူကြရာ၏။ ပိဋကတ်တော်ကို ရေးသားပြီးသောအခါ ဇမ္ဗူဒိပ်သို့ ပြန်ကြွတော်မူလေသတည်း။

## သီဟိုဠ်ကျွန်း အရိယာမရှိသောနေရာ မရှိပုံ

ဤသို့လျှင် သီဟိုဠ်ဘာသာဖြင့် တည်ထားသော ပရိယတ် ကျမ်းစာများကို မာဂဓဘာသာ ပြန်ဆိုပြီးသည့် နောက်အခါတွင် သီဟိုဠ်ကျွန်း၌ ဆရာအစဉ်အဆက် တပည့်အစဉ်အဆက် ဆင်းသက်လာသည်၏ အစွမ်းအားဖြင့် ဘုရားသာသနာတော်သည် ရောင်ခြည် တစ်ထောင် ထွန်းပြောင်ထိန်ဝင်း မွန်းတည့်နေမင်းကဲ့သို့ အလွန်ထွန်းလင်းတောက်ပ၏။ ကုဋေပေါင်း များစွာသောသော သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ဖြင့် သီဟိုဠ်ကျွန်းသည် အလွန်အမင်း ထွန်းလင်း တင့်တယ်၏။ တင့်တယ်ပုံမှာ ပင်လုံးကျွတ်ပွင့်သော တာဝတိံသာ ပင်လယ်ကသစ်ပင်ကြီးကဲ့သို့ လည်းကောင်း၊ အထပ်တစ်ရာ သတပတ် ရွှေကြာ ပဒုမ္မာ ကြာမျိုး ၅ ပါး ဖုံးလွှမ်းသော ရေကန်ကြီးကဲ့သို့ လည်းကောင်း နိုင်ဖြိုးပွင့်လမ်းစွာ ဖြစ်လေ၏။ ထင်ထင်ရှားရှား သွားလာပေါက်ရောက်ရာ ဖြစ်သော ထိုထိုသို့သော လမ်းကြီးလမ်းငယ် ဈေးတွင်းဈေးဝ ဈေးတံခါး အိမ်တံခါး ရေဆိပ်ကမ်းနား တောတောင် လိုဏ်ခေါင်း အိမ်ကျောင်းဇရပ် အထပ်ထပ် စသည်တို့၌ တစ်ခုသော အရပ်မျှလည်း မဂ်ဖိုလ်မရဘူး အရိယာမဖြစ်ဘူးသော နေရာ မည်သည် မရှိ။ အတန်ငယ်ငံ့လင့်၍ ဆွမ်းရပ်သောနေရာ၌လည်း မဂ်ဖိုလ်ကိုရသော အရိယာပုဂ္ဂိုလ်တို့ များစွာ ဖြစ်ကုန်သတည်း။ မဂ်ရသော အရိယာပုဂ္ဂိုလ်တွေ များလွန်းသောကြောင့် တစ်ခါတစ်ရံ ပုထုဇဉ်ကို ပြလို မြင်စေလိုလျှင် ဤသူကား ပုထုဇဉ်ပုဂ္ဂိုလ်၊ ဤသူကား ပုထုဇဉ်ပုဂ္ဂိုလ်ဟု ပြရ မြင်ရစေ၏။ တစ်ရံသောအခါက သီဟိုဠ်ကျွန်းတွင် ပုထုဇဉ်ရဟန်းအရှင်ဟူ၍ တစ်ပါးမျှ မရှိချေ။ အရိယာချည်း ဖြစ်လေ၏။ ထို့ကြောင့် ဝိဘင်း အဋ္ဌကထာ၌ ဧကဝါရံပုထုဇ္ဇနဘိက္ခုနာမ နတ္ထိဟု မိန့်ဆိုလေသည်။ ဈာန်အဘိညာဉ်ရ တန်ခိုးရှင် ဖြစ်ကြကုန်သော ရဟန်းမွန် ရဟန်းကောင်းတို့ လူးလာ ခေါက်ပြန် ကောင်းကင်တွင် အသွားအပြန် များသောကြောင့် အစဉ်တစိုက် နေရောင်ရှိန်မရ၍ စပါးထောင်း မိန်းမတို့သည် စပါးလှန်း၍ မခြောက်သွေ့ခဲ့ရကား စပါးထောင်းရန် အခွင့်မရကြကုန်။ ဤမျှပင် သာသနာတော် ထွန်းလင်း တောက်ပတော် မူလေသည်။

## သီဟိုဠ်ကျွန်းမြတ် ဘွဲ့ထူးမှတ်ပုံ

သုမနသာမဏေသည် လက်ယာညပ်ရိုး ဓာတ်တော်ကို တာဝတိံသာနတ်ပြည်မှ သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်၍ ရောက်သောအခါ တန်ခိုးပြာဋိဟာပြ၍ ထွက်လာသော ရေပေါက် ယူဇနာ ၃ ရာရှိ သီဟိုဠ်တစ်ကျွန်းလုံး နှံ့လေ၍ မြတ်စွာဘုရား သီတင်းသုံး စေတီပြင်ကဲ့သို့ ဖြစ်လေရကား သဘော်လှေ ခရီးသည်တို့သည် သမုဒ္ဒရာရေပြင်က အုံးသီးလုံးခန့် မြင်လျှင်ပင် တစ်ကျွန်းလုံးကို ပူဇော်ကြမြဲ ဖြစ်ကုန်၏။ အရှင် မဟာမဟိန္ဒထေရ်၏ အထံ၌ အရှင်အရိဋ္ဌနှင့်တကွ စာသင်တပည့် ၅၀၀ တို့ ဝိနည်း ပိဋကတ်ကို သင်ကြားရာဌာနကြီး ဖြစ်ကုန်၏။ ဤသို့သော အကြောင်းတို့ကြောင့် သီဟိုဠ်ကျွန်းသည် ဘုရားသာသနာ၏ တည်ရာ ဖြစ်သောကြောင့် (ဝရဒီပ) ကျွန်းထူးကျွန်းမြတ်ဟု မော်ကွန်းအမည် ဘွဲ့ထူးတည်လေသတည်း။

သီဟိုဠ်ကျွန်းတွင် ပိဋကတ် ၃ ပုံ ပါဠိတော် ပေထက် အက္ခရာ တင်ပြီးသည်၏ နောက်၌ စောရနာဂမင်း မင်းပြုသောအခါ တစ်ကျွန်းလုံး မငြိမ်မသက် ငတ်မွတ်ပါးရှားသော ဒုဗ္ဘိက္ခဘေး နှိပ်စက်ရေးကြောင့် ပိဋကတ်ဆောင် အရှင်မြတ်တို့သည် ဇမ္ဗူဒိပ်သို့သာ သွားကြသည်။ သီဟိုဠ်တွင် နေရစ်ခဲ့သော ရဟန္တာတို့သည်လည်း ငတ်မွတ်ဘေး နှိပ်စက်သဖြင့် ဝမ်းရေကို အဝတ်နှင့် ဖွဲ့စည်းချည်နှောင်၍ ငှင်းဝမ်းထက်ဝယ် သဲစုကိုတင်ထား၍ ပိဋကတ်တော်များကို ထမ်းဆောင်ကြကုန်၏။ ကုဋကဏ္ဍတိဿမင်း မင်းပြု၍ ဒုဗ္ဘိက္ခဘေး ငြိမ်းအေး သာယာသောအခါ ဇမ္ဗူဒိပ်သွားသော ရဟန်းတို့ ပြန်လာ၍ သီဟိုဠ်ကျွန်းတွင် နေရစ်ကုန်

http://www.dhammadownload.com



သော ရဟန်းတို့နှင့် မဟာဝိဟာရကျောင်းတိုက်၌ ပိဋကတ်တော်တို့ကို မယိုမယွင်း မပျက်စီးရအောင် ပြန်လှန် တိုက်ဆိုင်သောအခါ တစ်ပုဒ်တစ်ပါဒ တစ်သဝေမျှ မတိမ်းမယိမ်း ညီညွတ်အောင်ပြု၍ ထားကြကုန်၏။ ထားပြီးသောအခါ ပေထက်တင်ပြီး သီဟိုဠ်ကျွန်းတွင် ကောင်းစွာ ရွတ်ဖက်ကျက်မှတ် လေ့လာဆောင်ရွက်ကာဖြင့် သာသနာကို ကောင်းစွာ ပြုလေကုန်သတည်း။

## သီဟိုဠ်ကျွန်းတွင် ကျမ်းပြုတော်မူကြပုံ

ထိုကျွန်းမြတ် သီဟိုဠ်တွင် အဋ္ဌကထာများကို အရှင်မဟာဗုဒ္ဓဃောသ မာဂဓဘာသာပြန်၍ ရေးသားပြုစုစီရင်သည်။ ထိုနောက် များသောအားဖြင့် ထိုကျွန်း၌ပင် အဋ္ဌကထာ, ဋီကာ, အနု, မဓု, လက်သန်း, ဂဏ္ဌိ, ဂဏ္ဌန္တရ ကျမ်းဂန်များကို ရေးသား ပြုစုတော်မူကြကုန်သဖြင့် သာသနာတော် ကောင်းကင် နေမင်းကဲ့သို့ ထွန်းလင်းထင်ရှားပြန်လေသတည်း။ ထိုကျွန်းတွင် ဗုဒ္ဓဝင် အဋ္ဌကထာကို အရှင်ဗုဒ္ဓဒတ် ပြုသည်။ ဣတိဝုတ်, ဥဒါန်း, စရိယာပိဋကတ်, ထေရာ, ထေရီ, ဝိမာနဝတ္ထု, ပေတဝတ္ထု, နေတ္တိ အဋ္ဌကထာများတို့ကို ဆရာတော်အရှင် ဓမ္မပါလ ရေးသားစီရင်သည်။ ထိုဆရာတော်အရှင် ဓမ္မပါလ မထေရ်မြတ်သည်ကား သီဟိုဠ်ကျွန်းအနီး ဒမိဠတိုင်း (ဗဒရတိတ္ထ) ဆိပ်ကမ်းဆိပ်ကျောင်းတွင် နေသောကြောင့် သီဟိုဠ်စာရင်းဝင် ဖြစ်လေသတည်း။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို မဟာနာမထေရ် ပြုစီရင်သည်။ မဟာနိဒ္ဒေသ အဋ္ဌကထာ အရှင်ဥပသေန ပြုစီရင်သည်။ အဘိဓမ္မာဋီကာကို အရှင်အာနန္ဒာထေရ် ပြုစုသည်။ ထိုဋီကာသည် အလုံးစုံသော ဋီကာကျမ်း များစွာတို့၏ လက်ဦးအစ ပထမ အရင်းအမြစ်ဖြစ်သောကြောင့် မူလဋီကာဟု ထင်ရှားစွာ တွင်သတည်း။ ဝိသုဒ္ဓိမဂ် မဟာဋီကာ, ဒီဃနိကာယ် အဋ္ဌကထာ၏ ဋီကာ, မဇ္ဈိမနိကာယ် အဋ္ဌကထာ၏ ဋီကာ, သံယုတ္တနိကာယ် အဋ္ဌကထာ၏ ဋီကာများကို ဆရာတော် အရှင်ဓမ္မပါလ ပြုစုစီရင်သည်။ ဝိနည်း ၅ ကျမ်းအဖွင့် သာရတ္ထဒီပနီ ဋီကာ, အင်္ဂုတ္တရနိကာယ် ဋီကာ ဤဋီကာများကို ပရက္ကမဗာဟုမင်း တောင်းပန်၍ အရှင်သာရိပုတ္တရာထေရ် ပြုစီရင်သည်။ ဝိမတိဝိနောဒနီမည်သော ဝိနည်းဋီကာကို ဒမိလတိုင်းနေ အရှင်ကဿပ ပြုစီရင်သည်။ အနုဋီကာကို ဆရာတော် အရှင်ဓမ္မပါလ ပြုစီရင်သည်။ ထိုကျမ်းသည် မူလဋီကာတွင် မထင်လွယ်သော ပုဒ်တို့ကို ထင်လွယ်အောင် အနုစိတ်၍ ဖွင့်သောကြောင့် အနုဋီကာဟု ခေါ်တွင်သည်။ ဝိသုဒ္ဓိမဂ်စူဠဋီကာနှင့် မဓုဒီပနီ ကျမ်းကို အမည်မထင်ရှားသော (အမည် မဖော်ပြခဲ့သော) ဆရာတို့ ပြုကုန်သည်။ ၁[*] အဖေဂ္ဂုသာရဒီပနီဋီကာကို အရှင်တိပိဋကဓရ ပြုစီရင်သည်။ ၎င်းကို စူဠဋီကာဟု ခေါ်သည်။ ၂[*] မဓုသာရတ္ထဒီပနီကို အရှင်မဟာနာမ, အရှင်မဟာနန္ဒ နှစ်မည်ရသော မဟာထေရ် ပြုစီရင်သည်။ ၎င်းကို မဓုဒီပနီဟု ခေါ်သည်။ ထိုကျမ်းသည် မူလဋီကာရင်းဖြင့် အနက်အဓိပ္ပာယ်မကုန် ကြွင်းကျန်သည်ကိုလည်းကောင်း၊ မသိမသာ မထင်မရှားသည်ကို လည်းကောင်း ကုန်စင်သိသာအောင် မူလဋီကာရင်းနှင့်ပေါင်း၍ ပြသော ကျမ်းဖြစ်၍ သိသာလွယ်ကူ ချိုမြိန် ကောင်းမြတ်လှသောကြောင့် မဓုဒီပနီဟု ခေါ်တွင်သတည်း။

## လက်သန်းအဋ္ဌကထာများ

မောဟဝိစ္ဆေဒနီ လက်သန်းအဋ္ဌကထာကို သီဟိုဠ် အရှင်ကဿပ ပြုသည်။ အဘိဓမ္မာဝတာရ, ရူပါရူပဝိဘာဂ, ဝိနယဝိ ဝိနိစ္ဆယကျမ်းတို့ကို ရှင်ဗုဒ္ဓဒတ်၊ ဝိနယသင်္ဂဟ အဋ္ဌကထာကျမ်းကို အရှင်သာရိပုတ္တရာထေရ်၊ ခုဒ္ဒသိက္ခာ အဋ္ဌကထာကို အရှင်ဓမ္မသိရိထေရ်၊ ပရမတ္ထဝိနိစ္ဆယ, နာမရူပ ပရိစ္ဆေဒ, အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာများကို အရှင်အနုရုဒ္ဓါထေရ်၊ သစ္စသင်္ခေပ အဋ္ဌကထာကို အရှင်ဓမ္မပါလထေရ်၊ ခေမ အဋ္ဌကထာကို ခေမထေရ်တို့ အသီးသီး ပြုကြသည်။ ထိုကျမ်းတို့သည် လက်မ လက်သန်းကဲ့သို့ အကျဉ်းသင်္ခေပ အမြွက်မျှ ဖွင့်ဆိုသဖြင့် ချမ်းသာလွယ်ကူ သင်ယူ မှတ်သားနိုင်သော ကြောင့် (လဃုဇာကျမ်း) လက်သန်းကျမ်း ဟူ၍ ခေါ်ကြကုန်၏။

ထိုလက်သန်း အဖွင့်ကျမ်းတို့တွင် အဘိဓမ္မာသင်္ဂြိုဟ်၏ အဖွင့်ဋီကာ အဟောင်းကို နဝိမလဗုဒ္ဓိထေရ်၊ သစ္စ

---

[*] ၁ – ၎င်းသည် ဟံသာဝတီမင်းသမီး သီဝလိဒေဝီ၏ ဆရာ အရှင်တိပိဋကဓရထေရ်ပြုသောကျမ်း ဖြစ်သည်။

[*] ၂ – ၎င်းသည် မြန်မာပြည် ဟံသာဝတီမြို့ မဟာနာမ ဆရာတော် ရေးသောကျမ်း ဖြစ်သည်။

http://www.dhammadownload.com



သခေ်ပ, နာမရူပပရိစ္ဆေဒ, ခေမ, အဘိဓမ္မာဝတာရ လက်သန်းကျမ်းတို့၏ ဋီကာဟောင်းကို ဝါစိဿရမဟာသာမိထေရ်၊ ပရမတ္ထဝိနိစ္ဆယဋီကာဟောင်းကို မဟာဗောဓိထေရ်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ် ဋီကာသစ်, အဘိဓမ္မာဝတာရ ဋီကာသစ်တို့ကို အရှင်သုမင်္ဂလသာမိထေရ်၊ သစ္စသခေ်ပ ဋီကာသစ်ကို အရှည်ဝါသိမထေရ်၊ နာမရူပ ပရိစ္ဆေဒ ဋီကာသစ်ကို မဟာသာမိထေရ်၊ ပရမတ္ထဝိနိစ္ဆယ ဋီကာသစ်ကို အညတရထေရ်၊ ဝိနယဝိနိစ္ဆယ ဋီကာသစ်ကို ရေဝတထေရ်၊ ခုဒ္ဒသိက္ခာ ဋီကာဟောင်းကို မဟာယသထေရ်၊ ၎င်းဋီကာသစ်ကို သံဃရက္ခိတထေရ် အရှင်တို့စီရင်တော်မူကြကုန်၏။

### ဂဏ္ဌိကျမ်းများ

ဝဇိရဗုဒ္ဓိမည်သော ဝိနည်း ဂဏ္ဌိပုဒ်ကို ဝဇိရဗုဒ္ဓိထေရ်၊ စူဠဂဏ္ဌိ, မၛ္ဈိမဂဏ္ဌိ, မဟာဂဏ္ဌိ ၃ ကျမ်းကို သီဟိုဠ်ဆရာတော်တို့ ပြုကြသည်။ ထိုကျမ်းများသည် ဋီကာကျမ်းများကဲ့သို့ ပုဒ်စဉ်ပါဠ်လျှောက် မဖွင့်ဘဲ မထင်ကွယ်ဝှက် ခဲခက်သော အဆစ်အဖုကိုသာဖွင့်၍ ဉာဏ်အထူး၏တည်ရာ ဖြစ်သောကြောင့် ဂဏ္ဌိ ဟူ၍ ခေါ်တွင်သည်။

### ဂန္ထန္တရကျမ်းများ

အဘိဓာနပ္ပဒီပိကာကျမ်းကို ရှင်မောဂ္ဂလန်ထေရ်၊ အတ္ထဗျာချာန်ကျမ်းကို စူဠဗုဒ္ဓဒတ်ထေရ်၊ ဝုတ္တောဒယဆန်းကျမ်း၊ သမ္ဗန္ဓစိန္တာကျမ်း၊ သုဗောဓာလင်္ကာရ အလင်္ကာကျမ်းကို အရှင်သင်္ဃရက္ခိတထေရ်၊ မောဂ္ဂလာနဗျာကရဏ်းကျမ်းကို အရှင်မောဂ္ဂလာန်ထေရ် ပြုစီရင်သည်။

*မဟာဝင်, စူဠဝင်, ဒီပဝင်, ထူပဝင်, ဗောဓိဝင်, နဠာဋဓာတုဝင်ကျမ်းတို့ကို သီဟိုဠ်မထေရ်မြတ်တို့ ပြုသည်။ ဒါဌာဓာတာဝင်ကျမ်းကို ဓမ္မကိတ္တိထေရ် ပြုသည်။

* မဟာဝင်, စူဠဝင်ကျမ်းတို့ကို အရှင်မဟာနာမ။ ဒီပဝင်, ထူပဝင်, နလာဋဓာတုဝင်ကျမ်းတို့ကို အမည်မပါသော မဟာဝိဟာရဝါသီမထေရ် ၁-ပါး။

ဗောဓိဝင်ကျမ်းကို ရှင်မဟာဥပတိဿ၊ ဤသို့ အသီးသီးပြုကြသည်။ ၎င်းကျမ်းတို့သည် ရှေးက ရဟန္တာများ ရေးသားထားခဲ့ကြသည်ကို နောက်ပုဂ္ဂိုလ်တို့က သီဟိုဠ်ဘာသာမှ မာဂဓပြန်ဆိုရုံမျှရှိကြ၍ ယုံကြည်အားကိုးထိုက်သောကျမ်းတို့ ဖြစ်ကြသည်။

ဤသို့သော ကျမ်းထူး ကျမ်းပြားများသည် ပါဠိတော် အဋ္ဌကထာ စသည်တို့မှ အလွတ် အထူးအခြားဖြစ်၍ ဂန္ထန္တရ ခေါ်တွင်သည်။

ဤသို့လျှင် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု, မဓု, လက်သန်း, ဂဏ္ဌိ, ဂန္ထန္တရ ဟူ၍ ကျမ်းမျိုး ၈ ပါး ထိုထိုဒေသ အားလျော်စွာ အနက်ပြန်ဆိုသော ယောဇနာကျမ်းနှင့်ပေါင်းသော် ကျမ်းမျိုး ၉ ပါး။ အလုံးစုံသော ကျမ်းတို့ကို သီဟိုဠ်ကျွန်း၌သာ လက်မွန်မဆွ ပထမရှေးဦး ရေးကူး စီရင်တော်မူကြကုန်၏။ အရှင်ဗုဒ္ဓဃောသ စသော မဟာမထေရ်မြတ် ကျမ်းတတ်အမော်ဆရာတော်ဘုရားကြီးတို့သည် မိမိတို့ အစွမ်းသတ္တိရှိသည့်အလျောက် ပရိယတ္တိ သာသနာတော်ကို ပင့်ထောက်၍ များစွာသော အမြစ်၊ များစွာသော အခက်၊ များစွာသော အခွတို့ဖြင့် အဆင့်ဆင့်ထောက်ပင့်ပြန့်ပြောအံ့ဩမပြီး ပြည်ညောင်ပင်ကြီးကဲ့သို့ တည်တံ့၍ ကြာမြင့်စွာ သာသနာတော် တည်လေသတည်း။

ဤသည်ကား ပေထက်အက္ခရာ တင်ပြီးသည့်နောက်၌ သာသနာတည်ပုံ ပြဆိုချက်ပေတည်း။

### နိဂုံးအုပ် သင်္ဂဟကဗျာ

၁။ ပြဆိုခဲ့ကြောင်း ထေရ်ပေါင်းများစွာ၊
သတ္တိစွမ်းအား ရှိငြားတိုင်းသာ။
ကျမ်းငယ်ကျမ်းကြီး ပြုပြီး၍သာ၊
သေမင်းနောက် ဆိုက်ရောက်လေကုန်ရှာ။

၂။ လောကဝယ် ပုံဘယ်မှတ်စရာ၊
ရွှေလမင်း ထွန်းလင်းထွက်လာကာ။
အများအကျိုး သယ်ပိုးဆောင်၍သာ၊
ဝင်၍သွား အလားတူလုစွာ။

၃။ ဤအတူ ထေရ်မူပေါင်းများစွာ၊
ဉာဏ်ရောင်ဝင်း ထွန်းလင်းထွက်လာကာ။
အများအကျိုး သည်ပိုးဆောင်၍သာ၊
သေမင်းနောက် ဆိုက်ရောက်လေကုန်ရှာ။

ဤကား သာသနာဝင်ကျမ်းကြီး၌ ဒုတိယပိုင်း သီဟိုဠ်ကျွန်း သာသနာဝင် အခန်းကြီး ပြီး၏။

ဖဖဖဖ

http://www.dhammadownload.com

# တတိယပိုင်း

## သုဝဏ္ဏဘူမိ–သထုံသာသနာဝင် အခန်း

ဤသာသနာဝင်ကျမ်းတွင် ယခင်အစ ပထမက ပြခဲ့သော မာတိကာအရ သုဝဏ္ဏဘူမိခေါ် သထုံ သာသနာတော် ရေးစကားတို့ကို ရေးသားပေအံ့။ သာသနာပြုရာ ၉–ဌာနတို့တွင် ပါဝင်သော သုဝဏ္ဏဘူမိ ဆိုသည်ကား မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း တလိုင်း ၃ ရပ်တို့တွင် ပါဝင်ထင်ရှားသော အမည်တစ်ခု ဖြစ်လေသည်။ မှန်လှပေ၏။ ဤမြန်မာပြည်ကြီးသည်ကား ရာမညတိုင်း၊ ယောနကတိုင်း၊ သုနာပရန္တတမ္ဗဒီပတိုင်း ဟူကုန်သော တိုင်း ၃ ရပ်တို့ဖြင့် ဆုံးဖြတ်ပိုင်းခြား၍ တံတိုင်းသားသကဲ့သို့ ထားရှိခဲ့လေသည်။ ထိုတွင် ရာမညတိုင်း ဆိုသည်ကား သုဝဏ္ဏဘူမိတိုင်း, ဥက္ကလာပတိုင်း, ကုသိမတိုင်း ၃ ရပ်တို့ဖြင့် ဆုံးဖြတ် ပိုင်းခြားထားလေသည်။ သထုံ မုတ္တမ စသော မြို့ရွာများကို သုဝဏ္ဏဘူမိတိုင်း၊ ရန်ကုန် ဒလ စသော မြို့ရွာများကို ဥက္ကလာပတိုင်း၊ ပုသိမ်မြောင်းမြ စသော မြို့ရွာများကို ကုသိမတိုင်း ဟူ၍ သမိုင်းထား၍ ပိုင်းခြား မှတ်သားကြလေသည်။ ကလျာဏီ ကျောက်စာတွင် မွန်စလူမျိုးတို့နေရာ မုတ္တမ ၃၂ မြို့ကို မုတ္တိမတိုင်း၊ မွန်တိလူမျိုးတို့နေရာ ဟံသာဝတီ ၃၂ မြို့ကို ဟံသာဝတီတိုင်း၊ မွန်ညလူမျိုးတို့နေရာ ပုသိမ် ၃၂ မြို့ကို ကုသိမတိုင်း ဟု အမည်အနည်းငယ်ကွဲကာ ဆိုလေသည်။ အရိယဝံသ စာတန်းတွင်ကား တလိုင်းဘာသာအတိုင်း မွန်တိ, မွန်စ, မွန်ည, တိုင်း ၃ ရပ်ဟု သတ်မှတ် ဆိုလေသည်။ သဘောမှာ အတူတူပင် ဖြစ်လေသတည်း။

### မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း မဟာသာသနာဝင်

ရာမညတိုင်း တလိုင်း ၃ ဌာနတို့တွင် ဥက္ကလာပတိုင်းသား မွန်တိလူမျိုး တပုဿ–ဘလ္လိက ကုန်သည်ညီနောင်တို့မှစ၍ ဘုရားဖြစ်တော်မူပြီးစအခါ ၄၉ ရက် အလွန်တွင် ဘုရာသာသနာတော်သည် မြန်မာပြည်သို့ အစပထမ ဆင်းသက်လာခဲ့ပေသည်။ ထိုကုန်သည်ညီနောင်တို့သည် ဘုရားရှင်သည် သတ္တဌာနတွင် ၇–ရက် ၇–လီ စံတော်မူပြီး၍ လင်းလွန်းပင်ရင်းတွင် သီတင်းသုံးနေစဉ်အခါ ခရီးကြုံကြိုက် ဖူးတွေ့ရကုန်သဖြင့် ပျားမုန့်ကျဲသဲတို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် ဗုဒ္ဓံသရဏံဂစ္ဆာမိ, ဓမ္မံသရဏံ ဂစ္ဆာမိ, ဘုရားနှင့် တရား ၂ ပါးသာ ရှိသေးသဖြင့် ဒွေဝါစိက သရဏဂုံ ခံယူဆောက်တည်ကြပြီးလျှင် ကိုးကွယ်ရာ လျှောက်တောင်းပန် အကြောင်းခံကြောင့် ဆံတော်ရှစ်ဆူ ပေးသနားတော်မူလိုက်လေသတည်း။ ထိုနေ့သည်ကား ဘုရားဖြစ်ပြီးနောက် ၄၉ ရက် အလွန် ဝါဆိုလဆန်း ၅ ရက်နေ့ ဖြစ်လေသည်။ ဤနေ့မှစ၍ မြန်မာတိုင်းဖွား ရာမညတိုင်းသားတို့အပေါ်၌ သာသနာတော် အရင်းမူလ ပထမစာရင်းထွက်၍ ဆင်းသက်ခဲ့လေသတည်း။

### မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း ဒုတိယ သာသနာဝင်

မြတ်စွာဘုရားသခင် ပွင့်တော်မမူမီကာလ ရှေးယခင်ကပင် အပရန္တကတိုင်း သုဘိန္နမြို့ တိဿမင်းတရားလက်ထက် ထက်မြက်သောဉာဏ်ရှိသော အမတ်ကြီးတစ်ယောက်၌ တိဿ, ဇယ ဟူသော သား ၂ ယောက်တို့ ရှိကြလေကုန်ပြီ။ ထိုတိဿကုမ္မာ ဇယကုမ္မာ နောင်တော်ညီတော် ၂ ယောက်တို့သည် အဖြစ်များမြောင် ဤလူ့ဘောင်၌ တုတ်နှောင်ထားသည်နှင့်မသွေ ထိတ်လန့်သံဝေဂ ရကြပြီးလျှင် သမုဒ္ဒရာအနီး ဂဇ္ဇဂီရိခေါ် ကျောက်တောင်ဝယ် နောက်နောင်အရေးတို့ကို မျှော်တွေးကာ

http://www.dhammadownload.com



လေ့ ကမ္မဋ္ဌာန်းတို့နှင့် ရသေ့ ရဟန်းပြုကာ နေကြကုန်၏။ ထိုရသေ့တို့နေရာ သေလာပဗ္ဗတတွင် နဂါးမနှင့် ဝိဇ္ဇာမိုရ် ဆက်ဆံကြ၍ ဥ ၂ လုံး ဖွားပြီးလျှင် နဂါးမ စွန့်ထား ခဲ့သည်ကို နောင်တော် တိဿရသေ့က ရ၍ ညီတော် ဇယရသေ့နှင့် တစ်ယောက်လျှင် တစ်လုံးကျစီ သိုမှီး သိမ်းဆည်းထားကြလေသည်။ ကာလကြာမြင့်သော် ထို ဥ ၂ လုံးမှ လူသား ၂ ယောက် ဖွားပေါက်ကြလေပြီ။ ၁၀ နှစ်အရွယ် ရှိသောအခါ ညီတော်ရသေ့၏ သိမ်းဆည်း ထားသောဥမှ ပေါက်ဖွားသော သူငယ်သည် သေလွန်၍ မဇ္ဈိမတိုင်း မိထိလာပြည်တွင် ဂဝံပတိ မည်သော သူငယ် ဖြစ်၍ ၇ နှစ်အရွယ်တွင် ဘုရားရှင်ထံ အပ်နှင်းပြီး အမြတ်ပဥ္စင်း ဖြစ်စေကာ မကြာမြင့်မီ ရဟန္တာ ဖြစ်တော် မူလေပြီ။ နောင်တော်ရသေ့ သိမ်းထားသော ဥမှ ဖွား သော သူငယ် ၁၂ နှစ်အရွယ်ရောက်သဖြင့် သိကြားမင်း သည် သက်ဆင်း လာရောက်၍ ရာမညတိုင်း၌ သုဓမ္မ ပူရ (သုဓမ်) သထုံမြို့တော်ကြီးကို ဖန်ဆင်း တည် ထောင်လျက် သီဟရာဇာ ဟူသော တံဆိပ်နာမံ ဘိသိက် ခံကာ ထီးနန်းအုပ်ချုပ် မင်းလုပ်စေလေသည်။ မော်ဓော ကျောက်စာတွင်မူ **သီရိမာသောကမင်း** ဟု ဆိုထားလေ သည်။ ရဟန္တာအရှင် ဂဝံပတိမထေရ်မြတ်သည် အမိကို တွေ့မြင်ချင်၍ ဘုရားရှင်ထံမှ မိထိလာပြည်သို့ ဈာန် အားဖြင့် ပျံသွားရန် အားထုတ်တော်မူစဉ် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မိခင် ကွယ်လွန်ကြောင်းကို သိမြင်၍ ယခုအခါ ငါ၏မိခင်သည် အဘယ်အရပ်တွင် ဖြစ်လေ သနည်းဟု ဆင်ခြင်တော်မူသော် မုဆိုးတံငါတို့၏ နေရာဌာနဖြစ်သော ရာမညတိုင်း တလိုင်းအရပ်တွင် ဖြစ်နေသည်ကို မြင်တော်မူ၍ ယခုအခါ ငါကိုယ်တိုင် ကြွ၍ မဆုံးမပါမူ ငါ၏မိခင်သည် အပါယ် ၄ ပါးတွင် နစ်သွားပေတော့မည်ဟု ကြံတော်မူပြီးလျှင် ဘုရားရှင်ထံ အခွင့်ပန်၍ ရာမညတိုင်းသို့ ကောင်းကင်ခရီး ဈာန်ယာဉ် စီး၍ ကြွလာတော်မူသည်။ ရာမညတိုင်း သထုံမြို့သို့ ရောက်သောအခါ မိမိ၏နောင်တော်ဖြစ်သော သီဟ ရာဇာ မင်းတရားနှင့် တိုင်းသားပြည်သူတို့အား တရား ဓမ္မ ဟောပြော ပြသပြီးလျှင် မူလအရင်း တရားဖြစ်သော ၅ ပါးသီလ တည်စေတော်မူသတည်း။

ထိုအခါ သီဟရာဇာမင်းတရားနှင့် ဂဝံပတိ အရှင် ဘုရားတို့ လျှောက်ကြား ဖြေဆိုပုံတို့မှာ အောက်ပါအတိုင်း ပင်တည်း။ အရှင်ဘုရား, အရှင်မြတ်သည် လောက ဓာတ်တွင် ကမ္ဘတ်ဖုံးသကဲ့သို့ အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ပါ သလား။ မြတ်သောမင်းကြီး, ငါကိုယ်တော်သည် အမြတ် ဆုံး ပုဂ္ဂိုလ် မဟုတ်ပေ၊ အမြတ်ဆုံး ပုဂ္ဂိုလ်ကြီးကား လောက ၃ ပါးတွင် အဆုံးအပိုင်း အခြားမရှိ၊ သတ္တဝါ အနန္တတို့၏ မကိုင်ဋ္ဌသရဖူ ဆရာကြီးတစ်ဆူ ဖြစ်တော်မူသော ငါတို့၏ ဆရာသခင် ဂေါတမဘုရားရှင် ဖြစ်ပေသည်။ ယခုအခါ မဇ္ဈိမတိုက် ရာဇဂြိုဟ်မြို့တွင် သီတင်းသုံးလျက် ရှိပေ သည်ဟု မိန့်တော်မူလိုက်လေ၏။ သထုံဘုရင် သီဟ ရာဇာသည် သဒ္ဒါရွှမ်းအိ ဝွမ်းဆီထိသလို နှစ်သက်ခြင်း ပီတိတရား ဖြစ်သဖြင့် ဘုရားရှင်အား ပင့်လျှောက်ပေး ရန် တောင်းပန်သည်ကို ဂဝံပတိ မထေရ်မြတ်က ဝန်ခံ ပြီးလျှင် ဘုရားရှင်ထံသို့သွား၍ သထုံမြို့သို့ကြွရန် ပင့် လျှောက်လေသည်။ မြတ်စွာဘုရားရှင်သည် သထုံဘုရင် ၏ ပင့်လျှောက်ချက်အရ သံဃာတော် ၂၀၀၀၀ ခြံရံ လျက် ရာမညတိုင်း သထုံမြို့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။ ထိုအခါ ဘုရားရှင်သည် သဗ္ဗာ လေးအင် သိမြင်ပြီးနောက် ရှစ်ဝါမြောက် ရှိသေးသည်။ သထုံသို့ ရောက်တော်မူသောအခါ ရတနာမဏ္ဍပ်တွင် နေတော်မူလျက် ဘုရင်နှင့်တကွ တိုင်းသူပြည်သားတို့ အား တရားအမြိုက် အရသာကို ဝစွာတိုက်ကျွေးတော် မူပြီးလျှင် သရဏဂုံ ၃ ပါး၊ ၅ ပါး သီလတို့ကို တည်စေ တော်မူ၏။ ထိုအခါ ရောက်လာကုန်သော ရသေ့ ၆ ဦး တို့အား အမြဲမပြတ် ပူဇော်အပ်သောငှာ ဆံတော်ဓာတ် ၆ ဆူကို ပေးသနားတော်မူခဲ့သည်။ ထိုနောက်အခါ ဘုရားသခင် ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ ပြည့်ဖြိုး ကြွယ်၍ ပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ၌လည်း ဘုရားသခင်၏ အမိန့်ဌာန်တော်မူရင်း ရှိသည်အတိုင်း ၃၃ ချောင်းသော သွားတော် ဓာတ်ကို အရှင်ဂဝံပတိ ထုတ် ယူ၍ သထုံမြို့သို့ ယူဆောင်ခဲ့ပြီးလျှင် သီဟရာဇာဘုရင် အား ပေးအပ်၍ စေတီမြတ် ၃၃ ဆူတို့ကို တည်ထား တော်မူစေလေသည်။ ဤသို့ ဘုရားသခင် သဗ္ဗာ လေးအင် သိမြင်ပြီးနောက် ရှစ်ဝါမြောက် ကာလကပင် ရာမညတိုင်း တလိုင်းတို့ဌာနီ သထုံပြည်၌ အရှင်ဂဝံပတိ မထေရ်မြတ် ပြုစု၍ သာသနာတော် တည်လွှန်းခဲ့လေ

http://www.dhammadownload.com



သည်။ ဤသည်လျှင် မြန်မာပြည် ရာမညတိုင်း၌ သာသနာတော် ၂ ကြိမ်မြောက် ဆင်းသက်၍ ဒုတိယစာရင်း ထွက်လာခဲ့လေသတည်း။

## မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း တတိယ သာသနာဝင်

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်သည်မှ အနှစ် ၂၃၇ နှစ် ရောက်ပြန်သော် အရှင်သောဏ အရှင်ဥတ္တရ မထေရ်မြတ်တို့သည် ရဟန်းခံပေးနိုင်သော ကံမြောက် လောက်အောင် သံဃာ ၅ ပါးနှင့် ကြွလာတော်မူကြပြီးလျှင် သာသနာတော်ကို တစ်ဖန် တည်စေတော်မူကြပြန်ကုန်၏။ ထိုအရှင်မြတ်ကြီးတို့ကား အရှင်မောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီး၏ အမိန့်တော်အရနှင့် ကြွလာရသော တပည့်ရင်း သာသနာပြု မဟာထေရ်မြတ်တို့ပေတည်း။ တပုဿ, ဘလ္လိကနှင့် အသီတိ မဟာသာဝက အဝင် ဂဝံပတိထေရ် အရှင်တို့က ယခင်အစ ပထမ ဒုတိယကပင် သာသနာ အမြစ်အရင်း သက်ဆင်းအောင် ပြုပြီးဖြစ်ပါလျက် သာသနာပြု တစ်ဖန် အဘယ်ကြောင့် စေလွှတ်ပြန်သနည်း။ တပုဿ, ဘလ္လိကနှင့် အရှင်ဂဝံပတိတို့ သာသနာ သက်ဆင်းအောင် ပြုစဉ်အခါက **သာသနာပင်မကြီး** ထူထောင်၍ မဖြစ်ဖြစ်အောင် ပြုလုပ်ကြသည် မဟုတ်ပေ။ သာသနာကို ယုံကြည်သက်ဝင်သူတို့ မိမိတို့သဒ္ဓါ ကြည်ညိုသမျှ သာသနာတော်ကို မှီနိုကြ ကြည်ညိုကြခြင်းပင် ဖြစ်သည်။ လေးလေးစားစား အရေးထား၍ ရှေးဖျားက ပြုကြခြင်း မဟုတ်ဟု ဆိုလိုသတည်း။ အရှင်သောဏဥတ္တရ မထေရ်မြတ်တို့သည်ကား ဆရာအရှင်မောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီး၏ ကြီးမားလှသော လုံ့လဝီရိယဖြင့် သဒ္ဓါကြည်ညိုသူတို့ မရှိသူ ရှိအောင်၊ ရှိပြီးသူတို့ မပျောက်မပျက်ဘဲ တိုးပွားအောင် မဖြစ်ဖြစ်အောင် ဟောပြော ဆုံးမပြီး သာသနာပင်မ မဏ္ဍိုင်ကြီးကို ခိုင်ခိုင်ကြီး စိုက်ထူထားခဲ့ရမည် ဟူသော အမိန့်တော်နှင့် ကြွရောက်လာကြလေသည်။ ဤအကြောင်းကို အဋ္ဌကထာ၌ " ... ဇတ်ရဋ္ဌံ ဂန္တွာ ဧတ္ထ သာသနံပတိဋ္ဌာပေဟိ ... " ဟူ၍ သဒ္ဒါနည်းအားဖြင့် ကာရိတ်ပစ္စည်း ပဋ္ဌမီဝိဘတ်အာဏတ္တိ အနက်ဖြင့် လေးနက်စွာ ပြုလျက် ရှိလေသတည်း။

ထိုခေတ်အခါက သုဝဏ္ဏဘူမိတိုင်း သထုံပြည်တော်ကြီး၌ သိရိမာသောက မင်းကြီးသည် ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူလေသည်။ •သထုံပြည်ကား ကေလာသတောင်ထိပ် စေတီ အနောက်တောင်တွင် မြို့၏အရှေ့တစ်ဝက်က တောင်ကုန်ပိုင်း၊ အနောက်တစ်ဝက်က မြေညီပိုင်း၌ တည်ရှိသည်။ ထိုခေတ်က သထုံမြို့ကို တင်လဲချက်သော လူများ၏ အိမ်ကဲ့သို့သော အိမ်တွေအများ ရှိလေသောကြောင့် "ဂေါဠမတ္တိကနဂရ" ဂေါဠမတ္တိကမြို့ဟု ခေါ်ဝေါ်ကြသည်။ တိုက်ကုလားမြို့ဟုလည်း ခေါ်ကြ၏။ သထုံမြို့သည် သမုဒ္ဒရာနှင့် နီးသောကြောင့် ရေစောင့်ဘီလူးမသည် ဘုရင့်နန်းတော်၌ သားဖွားတော်မူတိုင်း ရိုင်းစိုင်းစွာ တရားပျက်ကာ စားလျက် ရှိသည်။

သာသနာပြု ဓမ္မကထိက အရှင်သောဏ, ဥတ္တရတို့ ရောက်တော်မူသောနေ့၌ပင် ဘုရင့်နန်းတော်တွင် သားတော်တစ်ပါး ဖွားမြင်လျက် ရှိလေသည်။ ရေစောင့် ဘီလူးမသည်လည်း နန်းတော်တွင် ဖွားသော သားကို စားရန် နောက်ပါ ဘီလူးမ ၅၀၀ တို့နှင့် တပ်ချီ၍လာသည်ကို မြို့သူမြို့သားများ မြင်ကြ၍ ကြောက်လန့်တုန်လှုပ်ကာ အသံကုန်ဟစ်အော် ကြွေးကြော်ကြကုန်သည်။ အရှင်သောဏ, ဥတ္တရ မထေရ် ၂ ပါးတို့သည် ထိုအကြောင်းကို သိမြင်၍ ကြောက်မက်ဖွယ်ရှိသော ခြင်္သေ့နှင့်တူသော ခေါင်းတစ်လုံး ကိုယ် ၂ ခု ရှိသော မနုသီဟ သဏ္ဌာန်နှင့် ၂ ပြန်သာအောင် ဖန်ဆင်း၍ အတင်းလိုက်ကာ ခြိမ်းခြောက်ပြီးလျှင် ဘီလူးမတို့ကို ပြေးစေကြလေကုန်သည်။ နောက်ထပ်တစ်ဖန် ဘီလူးဘေးရန် မလာစေခြင်းငှာ ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ အရံအတား ပြုလုပ်ထားတော်မူကြသည်။ ထိုဘီလူးဘေးရန် နှိမ်နင်းသော အစည်းအဝေးပွဲကြီးသို့ ရောက်လာကုန်သော တိုင်းသူပြည်သားတို့

---

• ဓမ္မပဒမဟာဋီကာ ဆရာကြီးက တိုက်ကုလားမြို့ကိုပင် သထုံမြို့ဟု ယူသည်။ ဤသာသနာဝင် ကျမ်းဆရာ၏ ကေလာသတောင် ဆိုသောစကား ပါလာပြန်သဖြင့် ယခု သထုံမြို့တွင် ကေလာသတောင် မရှိရကား စဉ်းစားဖွယ် ဖြစ်နေပြန်သည်။ ရှေ့ပိုင်းက ဤသထုံမြို့ကိုပင် ရှေးသထုံမြို့ဟု အနိုင်အမာ ဆိုခဲ့ပုံကို ထောက်ဆသောအားဖြင့် သထုံမြို့ရှိ မြသပိတ်တောင်ကိုပင် ရှေးက ကေလာသတောင်ဟု မှတ်ယူကာ ရေးသားပုံရလေသည်။ သို့မှသာ ရှေ့နောက် စကားသင့်လျော်ပေမည်။ သေကျတောင် ဦးတိလောက ဆရာတော်ကမူ ကမ္ဘောဇတိုင်း သထုံပြည်ဟု ယူလေသည်။ ။

http://www.dhammadownload.com



အား ဗြဟ္မဇာလသုတ္တန်ကို ထုတ်ပြန် ဟောတော်မူလိုက်ရာ ၆၀၀၀၀ သော လူတို့သည် သောတာပန် စသည် အလီလီသော အရိယာ ဖြစ်ကြ၍ တရားအရသာကို ခံစားရရှာကုန်၏။ ရဟန်းပြုသူပေါင်းကား ၃၅၀၀။ ရဟန်းပြုသော မင်းသားချည်းပင် ၁၅၀၀။ အမျိုးသမီးပေါင်း ၅၀၀ အကျွတ်တရား ရကြကုန်၏။ ကြွင်းသောသူတို့ကား သရဏဂုံ ၃ ဆိုင်ကို သက်ဆုံးတိုင် တည်စေတော်မူ၏။ ပထမ တစ်ကြိမ်တည်းမျှပင် သာသနာ အပင်ကြီးကို ဤသို့ ရဟန်းအဖြစ် အရိယာဖြစ်သည့်တိုင်အောင် ခိုင်ခိုင်ကြီး တည်စေတော် မူခဲ့ကြလေကုန်သတည်း။ ဤအကြောင်းကို အဋ္ဌကထာ၌ သင်္ဂဟဂါထာဖြင့် မိန့်မှာလျက် ရှိလေသည်။

> သုဝဏ္ဏဘူမိံ ဂန္တွာန၊
> သောဏုတ္တရာ မဟိဒ္ဓိကာ။
> ပိသာစေ နိဒ္ဓမိတွာန၊
> ဗြဟ္မဇာလ မဒေသိသုံ။ ။
> သုဝဏ္ဏဘုံ ကြွကုန်၍သာ၊
> တန်ခိုးပြ သောဏဥတ္တရာ။
> ဘီလူးအများ ပယ်ရှားနှင်ကာ၊
> ဗြဟ္မာဇလ် ဟောရွတ်မိန့်ကြရှာ။ ။

အရှင်မြတ်တို့ တန်ခိုးတော်နှင့် နှိမ်နင်း၍ ဘီလူးဘေးကင်းသော ထိုအချိန်မှစ၍ နန်းတော်၌ ဖွားမြင်သမျှသော မင်းသားတို့အား အရှင် ၂ ပါး၏ နာမည်အတိုင်း သောဏုတ္တရ ဟူ၍သာ လောကုတ္တရ အထယ်ထည်၍ ငယ်နာမည်ကို မှည့်ကြလေကုန်၏။ မြို့တွင်းမြို့ပြင် သူငယ်အပေါင်းတို့အား ဘီလူးဘေးရန်မှ ဝေးလံလွတ်မြောက်စေခြင်းငှာ ထန်းရွက် သလူရွက်များတွင် မထေရ် ၂ ပါး ဖန်ဆင်းသော မနုသီဟရုပ်ကိုရေး၍ ခေါင်းထက်က ဆွဲလျက်ထားကြလေကုန်သည်။ ထိုမနုသီဟအရုပ်ကို ကျောက်ဖြင့်ထုလုပ်၍ သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်တွင် ယခုထက်တိုင် တည်ထားကြလေကုန်ပြီ။ ဤသို့လျှင် ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ပြီးမြောက် အနှစ် ၂၃၅ ရောက်သောအခါ အရှင်သောဏအရှင်ဥတ္တရမထေရ်မြတ်တို့ ကြွလာတော်မူကြ၍ ရာမညတိုင်း မွန်တလိုင်းတို့ ၃ ရပ်၌ ဘုရားမြတ် သာသနာကို ၃ ကြိမ်မြောက် တည်စေတော် မူကြလေကုန်သတည်း။

## မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း စတုတ္ထ သာသနာဝင်

သာသနာ သက္ကရာဇ် ၁၆၀၀ သို့ ရောက်သောအခါ ယခင်ဆိုခဲ့ပြီးသော အကြောင်း ၃ ပါးတို့ဖြင့် သာသနာအပင်ကြီး စည်ပင်ပြန့်ပွားခဲ့သော ရာမညတိုင်းကြီးသည် တိုင်းပြည်ကို လုယက်ဖျက်ဆီးသော သူပုန်ဘေး၊ မြွေဆိပ်ရောဂါနှင့်တူသော အရည်နာဘေး၊ ငတ်မွတ်ခေါင်းပါးအစာရှားသောဘေး၊ သာသနာကို ညှိုးနွမ်းအောင် ပြုကြသော ရန်သူဘေးတို့ဖြင့် ရောထွေးနှိပ်စက်လေသဖြင့် သာသနာတော်ကြီးသည် ရေမရှိသော ကြာပန်းကဲ့သို့ ညှိုးနွမ်းလျက်ရှိရကား ဘုရားသားကျော် ရဟန်းတော်တို့သည် သာသနာတော်၏ ကြီးပွားကြောင်းဖြစ်သော ပရိယတ် ပဋိပတ် တရားများကို မပွားနိုင်ဘဲ အားနည်း၍ နေရရှာတော့သည်။ သူရိယကုမ္မာ ငယ်နာမည် မနောဟရီ မည်သော သထုံပြည် မနုဟာမင်းကြီး လက်ထက်ကား ဘုရားသာသနာသည် များစွာအားနည်းလျက် ရှိပြန်ချေသည်။ သို့ကြောင့်ပင် သာသနာ သက္ကရာဇ် ၁၆၀၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၁၉ ခုနှစ်၌ ပုဂံပြည် အနော်ရထာမင်းစောက စစ်တိုက်၍ ပိဋကတ်တော်နှင့် တကွသော ရဟန်းသံဃာကို ပုဂံပြည်သို့ ပင့်ဆောင်သွားလေသည်။ အနော်ရထာမင်းစော၏ သာသနာရေးအတွက် စစ်ဆင်လျက် တိုက်ခိုက်ခြင်းကိုကား အလွန်လျှင် အတုယူဖွယ် ကောင်းလေသတည်း။ ထိုနောက် သာသနာ ၁၇၀၉၊ ကောဇာ ၅၂၆ ရောက်သောအခါ သီဟိုဠ်ကျွန်း၌ သီရိသင်္ဃဗောဓိပရက္ကမဗာဟု မဟာရာဇာမင်းသည် သာသနာကို ရှင်းလင်းသုတ်သင် ပြုစုတော်မူလျက် ရှိလေသည်။ ထိုနောက် ၆ နှစ်မြောက် သက္ကရာဇ် ၅၃၂ နှစ် ရှိသောအခါ ပုဂံပြည် နရပတိစည်သူ မင်းတရားကြီး၏ဆရာ ဥတ္တရာဇီဝမထေရ်သည် ထိုခေတ်အခါက တန်ခိုးအာဏာ ကြီးမားစွာသော တိုင်းကျော်ပြည်ကျော် ဆရာတော်ကြီးတစ်ပါး ဖြစ်လေသည်။ ထိုမထေရ်မြတ်ကား ရာမညတိုင်းသား အရိယဝံသမထေရ်၏ တပည့်ရင်း၊ အရိယဝံသမထေရ်ကား ကပ္ပုံမြို့ မဟာကာလမထေရ်၏ တပည့်ရင်း၊ မဟာကာလမထေရ်ကား သထုံမြို့နေ ရဟန္တာ ပျာဏဒဿီခေါ် အရှင်အရဟံ၏ တပည့်ရင်းများ ဖြစ်လေသတည်း။ ထိုပျာဏဒဿီ

http://www.dhammadownload.com

မထေရ် မြတ်သည်ကား လောကီချာန် အဘိညာဉ်ကို ရသဖြင့် နေ့စဉ်မပြတ် နံနက်စောစောထပြီးလျှင် မဂဓ တိုင်း ဥရုဝေဠနိဂုံး မဟာဗောဓိပင်သို့ ကြွပြီးလျှင် မဟာ ဗောဓိ ရင်ပြင်ကို တံမြက်လှည်းခြင်း ညောင်ရေသွန်း လောင်းခြင်းတည်း ဟူသော ဗောဓိယင်္ဂဏ ဝတ်ကို ပြုပြီးမှ သထုံမြို့သို့ ပြန်၍ ဆွမ်းခံဝင်တော်မူသော ဝတ်ကို မချွတ် မလွဲ ပြုလုပ်တော်မူသော မထေရ်မြတ် ဖြစ်တော်မူလေ သည်။ ဤအခြင်းအရာများကို သထုံမြို့သားတို့ မဂဓ တိုင်း ဥရုဝေဠ နိဂုံး၌ ကုန်ရောင်းကုန်ဝယ် ပြုလုပ်နေစဉ် တွေ့မြင်ခဲ့ရသဖြင့် ပြန်လာကြသောအခါ သထုံနေသူ အများတို့အား ပြောကြား၍ တစ်ဆင့်စကား ပြန့်ပွား၍ သိကြရပေသည်။

## ဥတ္တရာဇီဝ မထေရ် သီဟိုဠ်ကျွန်း ကြွပုံ

ထိုအခါကာလက ဥတ္တရာဇီဝ မထေရ်မြတ်သည် အသက် ၂၀ ပြည့်သော ဆပ္ပဒသာမဏေနှင့်တကွ နောက်ပါ ရဟန်းသံဃာပါ ခြံရံလျက် သီဟိုဠ်ကျွန်းသို့ ဘုရားဖူး ကြွလေသည်။ ဆပ္ပဒသာမဏေ ဆိုသည်ကား ပုသိမ် ကျေးလက် ဆပ္ပဒရွာသား ဖြစ်လေသည်။ ပုသိမ်မြို့ သူကြီး၏ သားဖြစ်သော ဥတ္တရာဇီဝ မထေရ်မြတ်၏ တပည့်ရင်းပေတည်း။ ဥတ္တရာဇီဝထေရ်သည် သီဟိုဠ်သို့ ရောက်သောအခါ သီဟိုဠ်၌ ရဟန်းများနှင့် တရားစကား နီးနှောပြောဆိုကြ၍ ခင်မင်ရင်းနှီးစွာ ဖြစ်တော့သည်။ ထိုအခါ သီဟိုဠ် မထေရ်များက ငါတို့လည်း သီဟိုဠ် သာသနာပြု အရှင်မဟိန္ဒ၏ အဆက်အနွယ်၊ အရှင်တို့ လည်း သထုံ သာသနာပြု အရှင်သောဏဥတ္တရတို့၏ အဆက်အနွယ် ဆက်သွယ်လျက် တစ်ဂိုဏ်းတစ်နွယ် တည်း တင့်တယ်သော ဝါဒတူမှုကြသဖြင့် အတူတကွ သံဃကံ ပြုကြကုန်အံ့ဟု ပြောဆိုပြီးလျှင် ဆပ္ပဒ သာမဏေကို အတူတကွ ရဟန်းပဉ္စင်းခံပေးကြကုန်၏။ ထိုကိစ္စပြီးမှ ဥတ္တရာဇီဝ မထေရ်သည် စေတီပုထိုး အမျိုးမျိုးတို့ကို လှည့်လည်ရှိခိုး ပူဇော်ပြီးလျှင် နောက်ပါ သံဃာနှင့်တကွ အရိမဒ္ဒနခေါ် ပုဂံပြည်တော်သို့ ပြန်ကြွ တော်မူခဲ့လေသတည်း။

## ဆပ္ပဒထေရ်၏ အကြောင်း

ဆပ္ပဒ ရဟန်းတော်သည်ကား "ဩော် ... ငါသည် ဆရာတော် ဥတ္တရာဇီဝမထေရ်နှင့် အတူတကွ ပြန်သွား ပါမူ ပုဂံပြည်၌ ဆွေမျိုးတို့၏ကိစ္စ ကြောင့်ကြ ပလိဗောဓ တို့က နှောင့်ယှက်၍ ပါဠိကျမ်းဂန် သင်အံတဲ့ကိစ္စ အန္တရာယ် ဖြစ်လိမ့်မည်။ သီဟိုဠ်တွင် နေရစ်၍ သင်ကြားတတ် မြောက်မှ ပြန်သွားရသော် ပြည်တော်ပြန်တွင် အထက် တန်းက မျက်နှာပန်းလှပေမည်ဟု ကြံစည်ပြီးလျှင် ဆရာတော် ဥပဇ္ဈာယ်ထံ အခွင့်ပန်၍ သီဟိုဠ်တွင် နေရစ် ခဲ့လေသည်။ သီဟိုဠ်တွင် ၁၀ နှစ်တိုင် ထေရသမ္မုတိ ရအောင် ပရိယတ်ကို သင်ကြားပြီးမှ ပုဂံပြည် ပြန်ကာ နီးတွင် "ဩော် ငါသည် တစ်ပါးတည်း ပြန်သွားခဲ့သော် ငါ့ဆရာ ဘဝနတ်ထံ ကွယ်လွန်၍ ပုဂံ သံဃာများနှင့် ကံအတူတူ မပြုလိုလျှင် သံဃာ ၅ ပါး မရှိက အသီး အခြား ကံကြီး ကံငယ် မပြုသာ ရှိတော့မည်။ ထို့ကြောင့် ပိဋကတ်ဆောင် မထေရ် ၄ ပါးနှင့်အတူသွားမှ သင့် တော်မည်" ဟု ကြံစည်တော်မူပြီးလျှင် တာမလိတ္တိ ရွာသား အရှင်သီဝလိထေရ်၊ ကမ္ဘောဇမင်းသား တာမလိန္ဒ ထေရ်၊ ကိဉ္စိပူရမြို့သား အာနန္ဒာထေရ်၊ သီဟိုဠ်ကျွန်း သား ရာဟုလာထေရ် ဤမထေရ် ၄ ပါးတို့နှင့်တကွ သင်္ဘောစီး၍ ပြန်ကြွလာတော်မူခဲ့သည်။ ထိုမထေရ် ၄ ပါးတို့သည်ကား ပိဋကတ် ၃ ပုံ နှုတ်ငုံဆောင်၍ နှံ့စပ် ကျွမ်းကျင် လိမ္မာသော ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။ အရှင် ရာဟုလာ မထေရ်ကား ပါဠိပိဋကတ်၌ အထူးသဖြင့် ထက်မြက် တတ်ကျွမ်းတော်မူပြန်သည်။ အရှင်မြတ်တို့ သည် ပုသိမ် သင်္ဘောဆိပ်သို့ ရောက်သောအခါ ဝါဆိုရန် အချိန်နီးကပ်သဖြင့် ပုဂံပြည် ဆရာထံ မရောက်နိုင်၍ ပုသိမ်မြို့တွင် ဝါဆိုမိတင်း သီတင်းသုံးကြရကုန်၏။ ထို ဆပ္ပဒအရှင်မြတ်တို့ ဝါကပ်နေထိုင်သော ကျောင်း တော်ရာ အရာမ် တံတိုင်းသည် ပုသိမ်မြို့ တောင်စူးစူး တွင် ယခုထက်တိုင် ထင်ရှားရှိတုံသေး၏။ ဝါကျွတ်သော အခါ မထေရ်မြတ် ၅ ပါးတို့သည် ပုဂံသို့ ကြွတော်မူကုန် ၏။ ထိုအရှင်တို့မရောက်ခင် ၃ ရက်ကပင် ဥတ္တရာဇီဝ မထေရ်မြတ်သည် ဘဝနတ်ထံ စံလွန်တော်မူလေသည်။ ဥတ္တရာဇီဝ မထေရ်မြတ်သည်ကား သီဟိုဠ်မှ ပြန်ကြွ လာစဉ်ကစပြီး ပုဂံ ရဟန်းတော်များနှင့် ကံကြီးကံငယ်

http://www.dhammadownload.com



## မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း ပဌမသာသနာဝင်

ထိုခေတ်အခါက သီရိရတနာပူရ မည်သော မုတ္တမမြို့၌ မိဖုရားကြီး၏ ဆရာတော်များ ဖြစ်ကြသော အရှင်ဗုဒ္ဓဝံသ၊ အရှင်နာဂ မထေရ်မြတ် ၂ ပါးတို့သည် သီဟိုဠ်ကျွန်းသို့သွား၍ မဟာဝိဟာရဝါသီဂိုဏ်း သံဃာတို့ထံ၌ အသစ်တစ်ဖန် သိက္ခာတင်ပြီးမှ မုတ္တမမြို့သို့ ပြန်ကြွလာပြီးလျှင် မုတ္တမမြို့ရှိ ရဟန်းသံဃာတို့နှင့် မရောမယှက် အသီးအခြား တစ်ဂိုဏ်းထား၍ သံဃာများ၏ ကံကြီးကံငယ် အသွယ်သွယ်ကိုပြုကြ၍ သာသနာတော်ကို သုတ်သင်ပြုစုကြကုန်၏။ ထိုအရှင်ဗုဒ္ဓဝံသ၊ အရှင်နာဂ မထေရ် ၂ ပါးကို အမှီပြု၍ ရာမညတိုင်းသို့ သီဟိုဠ်မှ သာသနာ့ အခက်အရင်းတို့သည် ၅ ကြိမ်မြောက် သက်ဆင်း၍ လာရောက်လေသတည်း။

## မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း ဆဋ္ဌမသာသနာဝင်

ထိုနောက်တစ်ဖန် ကာလကြာပြန်သော် မုတ္တမမြို့ ဆင်ဖြူရှင်မင်းတရားကြီး မယ်တော်၏ ဆရာဖြစ်သော မေဓင်္ကရမထေရ်သည် သီဟိုဠ်သို့သွား၍ ဓူတင်ပဋိပတ် အကျင့်မြတ်နှင့်ပြည့်စုံသော အရညဝါသီတောမှီ ယောဂီ အရှင်မြတ်တို့အထံတွင် သိက္ခာအသစ်တင်၍ ကျမ်းဂန် အမျိုးမျိုး သင်ကြားပြီးမှ မုတ္တမမြို့သို့ ပြန်ကြွလာပြီးလျှင် ရွှေငွေမွမ်းမံ ခြယ်လှယ်အပ်သော သလွဲဖြူ မိုးအပ်သော ဆင်ဖြူရှင်မယ်တော်ကျောင်းတွင်နေ၍ သာသနာတော် ပွင့်လင်း၍ အဆင့်အတန်းမြင့်အောင် ပြုတော်မူ၏။ လောကဒီပကသာရ မည်သော ကျမ်းကြီးကိုလည်း တခမ်းတနား စီရင်တော်မူခဲ့သည်။ ထို့ပြင် မုတ္တမမြို့၌ပင် သုဝဏ္ဏသောဘဏ မထေရ်မြတ်သည် သီဟိုဠ်သို့ သွား၍ မဟာဝိဟာရဝါသီဂိုဏ်းဝင် အရှင်မြတ်တို့ထံတွင် ရဟန်းသိက္ခာ အသစ်တင်ပြီးမှ မုတ္တမမြို့သို့ ပြန်ကြွလာတော်မူသည်။ ထို သုဝဏ္ဏသောဘဏ မထေရ်မြတ်သည် အရညဝါသီ တောမှီ ယောဂီပုဂ္ဂိုလ် ဖြစ်တော်မူ၏။ ၁၃ ရပ်သော ဓူတင်၊ ဖြူစင်သောအကျင့်၊ အလိုနည်းသော အပ္ပိစ္ဆဂုဏ်၊ ရသမျှနှင့် ရောင့်ရဲလွယ်သော သန္တုဋ္ဌိဂုဏ်၊ မကောင်းမှုကိုရှက်သော လဇ္ဇီဂုဏ်၊ ဝိနည်းအတူမပြုဘဲ သီးခြားပြုကာ သာသနာကို သုတ်သင်ပြုစုလျက် နေတော်မူသည်။ ဆပ္ပဒမထေရ်တို့လည်း ဆရာကို သင်္ဂြိုဟ်ရာသို့သွား၍ ရှိခိုးကန်တော့ပြီးလျှင် မထေရ် ၄ ပါးတို့နှင့် တိုင်ပင်တော်မူကြကုန်၏။ ငါတို့ဆရာ ဥတ္တရာဇီဝ မထေရ်သည် သီဟိုဠ်ရဟန်းတို့နှင့် ကံကြီးကံငယ်ပြုသလို ငါတို့လည်း မြန်မာရဟန်းတို့နှင့် ပြုသင့်ပေ၏။ သို့ရာတွင် အထက်က ငါတို့ဆရာ အစိုးရသည်။ ယခုမူကား ငါတို့ဆရာ မရှိသဖြင့် မြန်မာရဟန်းတို့ ကြီးစိုး လွှမ်းမိုးနေကြပြီ။ အတူတကွ သံဃကံ မပြုလိုတော့ပြီဟု တိုင်ပင်ကြပြီးလျှင် ပုဂံရဟန်းတို့နှင့် သီးခြား၍ ကံကြီးကံငယ်ပြုကာ နေထိုင်ကြလေကုန်၏။

ထိုအခါ ဒလမြို့ပဒီပဓေယျ ရွာသား သာရိပုတ္တ မည်သော ကိုရင်ကြီးတစ်ဦးသည် ပုဂံပြည် အရှင်ဆပ္ပဒတို့ဂိုဏ်း အရှင်အာနန္ဒာမထေရ်ထံ ပဉ္စင်းခံ၍ ပရိယတ် ကျမ်းဂန်ကို သင်ကြားရာ မကြာမြင့်မီ တဖက်ကမ်းရောက် တတ်မြောက်၍ ထင်ရှားကျော်ကြားလာတော့သည်။ ထို သာရိပုတ္တ၏ ကျော်ကြားသတင်းကို နရပတိစည်သူ မင်းကြီးက ကြား၍ အင်္ဂါကြီးငယ်နှင့် ပြည့်စုံက ဘုရင့် ဆရာအဖြစ်နှင့်ထား၍ ကိုးကွယ်ချီးမြှောက်ရန် စုံစမ်းခိုင်းရာ ခြေမဖျား ပြတ်နေကြောင်းကို မင်းချင်းယောကျ်ားတို့ထံမှ သိရသဖြင့် အင်္ဂါကြီးငယ် မပြည့်စုံဟု အမှတ်ထားပြီးလျှင် ဘုရင့်ဆရာရင်းအဖြစ် မကိုးကွယ်ဘဲ ပူဇော်သက္ကာရမျှသာပြုပြီးလျှင် ပိဋကတ်ကျမ်းဂန် အမြင်သန်လှသဖြင့် ဓမ္မဝိလာသ ဟူသော ဘွဲ့တံဆိပ် ကပ်လှူပြီးလျှင် ရာမညတိုင်းတို့မှာ သာသနာထွန်းလင်းအောင် ပြုတော်မူပါဟု လျှောက်ထားပြီး ရာမညတိုင်းသို့ စေလွှတ်တော်မူလိုက်လေ၏။ ဓမ္မဝိလာသ ဆရာတော်သည် ရာမညတိုင်း ဒလမြို့သို့ကြွ၍ များစွာကုန်သော ရဟန်းသံဃာတို့အား စာပေကျမ်းဂန်သင်ကြား၍ ထင်ရှားလှသော ဘုရားသာသနာကို များစွာပြုတော်မူလေသည်။ ရာမညတိုင်းသား မွန်လူမျိုး သံဃာများက ထို ဓမ္မဝိလာသ ထေရ်၏ တပည့်အဆက်အနွယ်တို့ကို သီဟိုဠ်ဂိုဏ်း သံဃာဟု ခေါ်ဝေါ်ကြကုန်သည်။ ဤသို့လျှင် သီဟိုဠ်ဆရာ ရှင်အာနန္ဒာ၏တပည့် အရှင်ဓမ္မဝိလာသကို အရင်းခံ၍ ရာမညတိုင်းသို့ သီဟိုဠ်ဘက်မှ ၄ ကြိမ်မြောက် သာသနအရင်းအခက်တို့သည် ဆင်းသက်၍ လာခဲ့လေသတည်း။

http://www.dhammadownload.com



အရ အပ်–မအပ် ဤနှစ်ရပ်ကို အထပ်ထပ် စူးစမ်းဆင်ခြင် သိက္ခာကိုဖြူစင်၍ ၃ အင်သော ပိဋကတ်၌ နှံ့စပ်ကျွမ်းကျင် လိမ္မာသော ဂုဏ်အဖြာဖြာတို့နှင့် ပြည့်စုံစွာ ရှိတော်မူ၏။ ထိုမထေရ်မြတ်သည် သီဟိုဠ်ကျွန်း ကလမ္ဗု မည်သော ဗာတာသရအိုင်တွင် စီရင်သော ဥဒကုက္ခေပသိမ်၌ ပဉ္စဂ်ဏ် ထက် သာလွန်သော ဂိုဏ်းသံဃာထံ၌ ဝနရတနဘွဲ့ရ သံဃရာဇာ ဆရာတော်ကြီးက ဥပဇ္ဈာယ်၊ ဝိဇယမင်း၏ ဆရာ ရာဟုလဘဒ္ဒမထေရ်ကို ကမ္မဝါဆရာပြု၍ ရဟန်း တစ်ဖန် အသစ်ခံခဲ့လေသည်။ ထိုအရှင်မြတ်သည် မုတ္တမ မြို့သို့ တစ်ဖန်ပြန်လာပြီးလျှင် သာသနာတော် တန်ခိုး ထွက်ပြီး တိုးတက်အောင် ပြုတော်မူပြန်သတည်း။ ဤ မေဓင်္ကရ, သုဝဏ္ဏသောဘဏ္ဍ ဆရာတော် ၂ ပါးကို အမှီ ပြု၍ ရာမညတိုင်း မြန်မာပြည် အောက်ပိုင်းတွင် သီဟိုဠ် သာသနာ အရင်းအခက်တို့သည် ၆ ကြိမ်မြောက် ဆင်း သက်လာခဲ့ပြန်လေသတည်း။

## မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း သတ္တမသာသနာဝင်

ထိုနောက်တစ်ဖန် သာသနာနှစ် ၂၀၀၂ နှစ် ကောဇာ သက္ကရာဇ် ၈၂၀ ပြည့်နှစ် ရောက်သောအခါ ဟံသာဝတီ ပြည်ကြီးဝယ် သီရိပဝရ မဟာဓမ္မရာဇာ ဘွဲ့တံဆိပ်နာမံ ဘိသိက်ခံသော ဓမ္မစေတီမင်းကြီးသည် ကုသိမတိုင်း၊ ဥက္ကလာပတိုင်းခေါ် ဟံသာဝတီတိုင်း၊ မုတ္တမတိုင်း ဟူသော မွန်တလိုင်း ၃ ရပ်ရှိ တိုင်းသူပြည်သား အများတို့ကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာ မေတ္တာတရား ကြီးစွာ ထား၍ တရားနှင့်အညီ မင်းပြုတော်မူလေသည်။ ထိုဓမ္မ စေတီ မင်းကြီးသည် ပိဋကတ် ၃ ပုံ၊ ဗေဒင် ၄ ပုံ၊ အာဂုံ ပါဠိ၊ ဝိဘတ်, ဗျာကရိုဏ်း၊ ဆန်းကိုဏ်း အလင်္ကာ၊ ကဗျာ ဂဏန်း၊ ဆေးကျမ်းဟူးရား အစားစားတို့၌ များစွာ ကျွမ်း ကျင်လိမ္မာသည်။ ပန်းရံအတတ်၊ လက်သမားအတတ် စသည်တို့၌လည်း တတ်ကျွမ်းသည်။ မိမိဘာသာမှ တစ်ပါးသော အခြားသော ဘာသာစကားတို့၌လည်း တတ်ကျွမ်းသည်။ သဒ္ဓါ သီလ ပညာ အစဖြာသော သူတော် ကောင်းတရားနှင့်လည်း ပြည့်စုံသည်။ ကုမုဒ္ဒရာကြာဖြူ သင်းခွေပန်း, သရဒအခါ လရောင်နှင့်တူသော မင်္ဂလာ ဆင်ဖြူတော်၏ အရှင်ဖြစ်သည့်ပြင် သာသနာတော်ကို လွန်စွာကြည်ညိုသော သာသန ဒါယကာကြီးလည်း ဖြစ်တော်မူ၏

တစ်နေ့သ၌ ဘုရင်မင်းတရားသည် ဤသို့ ကြံစည် စဉ်းစားတော်မူလေ၏။ "...ဘုရားရှင် သာသနာသည် ရှင်သာမဏေအဖြစ် ပဉ္စင်းခေါ် ရဟန်းတော်အဖြစ်နှင့် ဆက်စပ်သည်။ ရဟန်းအဖြစ်သည် ပဉ္စလောင်း, ပရိသတ်, သိမ်, ဥတ်, ကမ္မဝါစာ ဤအင်္ဂါ ၅ ပါး ပြည့်စုံမှ ပြီးမြောက် သည်။ ထို ၅ မျိုးတွင် သိမ်နှင့် ပရိသတ်သည် ပြည့်စုံ ခဲသည်။ အဘယ်လိုပြုမှ ပြည့်စုံမည်နည်းဟု ကြံစည်ပြီး လျှင် ဝိနည်းပါဠိ, အဋ္ဌကထာ ဋီကာများ၊ သီမဝိနိစ္ဆယ စာကို ဋီကာ၊ ဝိနယဝိနိစ္ဆယစာကိုယ်နှင့်ဋီကာ၊ ဝိနယ သင်္ဂဟ စာကိုယ်ဋီကာ၊ သိမာလင်္ကာရ၊ သိမသင်္ဂဟ ကျမ်းများကို ပါဠိအားဖြင့် လည်းကောင်း၊ အနက်သဘာဝ အားဖြင့် လည်းကောင်း စဉ်းစားဆင်ခြင်၍ ပါဠိနှင့် အဋ္ဌ ကထာ အဋ္ဌကထာနှင့် ဋီကာကျမ်းအချင်းချင်း အထက် နှင့်အောက် ရှေ့နောက်ဆင်ခြင်၍ ဘုရားရှင် အလိုတော် ကား ဘယ်သို့နည်း။ ကျမ်းပြုဆရာတို့အလိုကား ဘယ်သို့ နည်း ဟူ၍ သိမ်အရာတွင် အနည်းနည်း ချိန်ဆပြီးလျှင် ဘုရားအလိုတော်ကား ဤသို့ပင်၊ ကျမ်းပြုအရှင်တို့ အလိုကား ဤလိုဟု မပိုမယွင်း ဉာဏ်တွင်ရှင်းအောင် မြင်၍ ငါတို့ ရာမညတိုင်း၌ ဗဒ္ဓသိမ်ဖြစ် သမုဒ္ဒရာဇာတ သရ ဂါမခေတ် ဟူသော အဗဒ္ဓသိမ်တို့သည် များစွာပင် ရှိသော်လည်း ဝိနည်းတရားနှင့်ညီအောင် သိမ်အရာ မြောက် စင်ကြယ်သန့်ရှင်းစေဖို့ ခဲယဉ်းမည်။ သိမ် မမြောက်ပါက သိမ်နှင့် သိမ်ဝင် သံဃ ပရိတ်သတ် ပြည့်စုံခဲတော့မည်ဟု စဉ်းစားဆင်ခြင်ပြီးလျှင် ပရိယတ္တိ ကျွမ်းကျင်ကုန်ရသော ရာမညတိုင်း ဆရာတော် သံဃာ တော်များကို ပင့်၍ ဆွေးနွေး တိုင်ပင်ပြန်သောအခါ ဆရာတော်များကလည်း ဘုရင်မင်းမြတ်၏ ဉာဏ် အထင်အမြင်အတိုင်းပင် ကျမ်းဂန်အရ သိမ်နှင့် ပရိသတ် ပြည့်စုံရန် ခဲယဉ်းပုံကို ဆုံးဖြတ်တော်မူကြကုန်၏။

ထိုနောက်တစ်ဖန် ဓမ္မစေတီမင်းကြီးသည် မသက် မသာ မျက်နှာငယ်စွာနှင့် ဤသို့ ကြံစည်တော်မူပြန်၏။ သြော် ... ဝမ်းနည်းဖွယ် ရှိလေစွတကား။ ဘုရားသာသနာ သည် နှစ်ပေါင်း ၅၀၀၀ တိုင်အောင် တည်ထွန်းမည်ဟု ကျမ်းဂန်တွင် ထင်ရှားစွာရှိပါလျက် ယခု ဘုရားသာသနာ

http://www.dhammadownload.com



၂၀၆၄ နှစ်မျှ ရှိသေးလျက် သာသနာ အညစ်အကြေး ရန်ဘေးဆူးငြောင့် အမှောင့် ပယောဂသည် ဥပသမ္ပဒကံ ပဋ္ဌင်းခံရာ၌ စိတ်မသက်သာဖွယ် ယုံမှားဖွယ် ဖြစ်ခဲ့ပြီ။ အဘယ်သို့လျှင် အနှစ် ၅၀၀၀ ကုန်ဆုံးသည်တိုင်အောင် သာသနမဏ္ဍိုင်ကြီးသည် ခိုင်ခိုင်ကြီး တည်ပါလိမ့်မည်နည်း ... ဟု ကြီးစွာ ထိတ်လန့်တုန်လှုပ်သော ဓမ္မသံဝေဂ ဖြစ်ပြီးလျှင် ဤသို့တစ်ဖန် ကြံစည်တော်မူပြန်၏။ "သြော် ... သို့စဉ်ကလောက် သာသနာ အညစ်အကြေး ရန်ဘေးကို သိမြင်ပြီး ဥပသမ္ပဒကံ ရဟန်းခံ၌ ယုံမှားဖွယ်ရာကို တွေ့ရပါလျက် သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင်မပြုဘဲ မျက်မှာလွှဲ၍ ကြောင့်ကြမဲ့လျစ်လျူရှု၍ နေချေသော် ငါကဲ့သို့ သာသနဒါယကာမျိုးသည် ဘုရားကို ကြည်ညိုမြတ်နိုးရာရောက်တော့မည် မဟုတ်ချေ။ သို့ကြောင့် သာသန အလင်းရောင်ကို အညစ်အကြေး ဖြူစင်အောင် အဘယ်အရပ်မှ သာသနာကိုဆောင်၍ သန့်ရှင်းစင်ကြယ်အောင် ပြုစုရပါအံ့နည်း ..." ကြံစည်တော်မူပြီးလျှင် ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်နောက် ၂၃၆ နှစ် ရောက်သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီးက အရှင်မဟာမဟိန္ဒကို စေလွှတ်၍ သီဟိုဠ်ကျွန်း၌ သာသနာတည်ထွန်းစေတော်မူသည်။ ထိုအခါက ဒေဝါနံပိယတိဿမင်းကြီးသည် မဟာဝိဟာရကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းသည်မှ သာသနာ ၂၁၈ နှစ်ကျော်အောင် သန့်ရှင်းစင်ကြယ်၍ ကောင်းကင်ဝယ် လမင်းကဲ့သို့ ထွန်းလင်းသော မဟာဝိဟာရဝါသီ ဂိုဏ်းကြီး ၁ ဂိုဏ်းသာ တည်ရှိလေသည်။ နောက်၌ အဘယဂီရိဝါသီဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်းဟု ကွဲပြားလာပြန်သည်။ သာသနာနှစ် ၁၇၀၈ နှစ် ရောက်သောအခါ သီရိသံဃဗောဓိပရက္ကမဗာဟု မဟာရာဇာမင်းသည် ဥဒုမ္ဗရဂီရိဝါသီ မဟာကဿပ အမှူးရှိသော မဟာဝိဟာရဝါသီဂိုဏ်းကြီးကို ချီးမြှောက်၍ အဘယဂီရိဝါသီ၊ ဇေတဝနဝါသီ ၂ ဂိုဏ်းကို သုတ်သင်ပယ်ရှား၍ မဟာဝိဟာရဝါသီ ၁ ဂိုဏ်းကိုသာ ထားပြီးလျှင် သာသနာကို သန့်ရှင်းစင်ကြယ်အောင် သုတ်သင်ပြုစုတော်မူပြန်သည်။ ထိုနောက် ဝိဇယဗာဟုမ်း၊ ပရက္ကမဗာဟုမင်း မင်း ၂ ဆက်တိုင်အောင် သာသနအလင်းရောင် ထွန်းပြောင်လျက်ရှိလေသည်။ ထို့ကြောင့် ယခုအခါ သီဟိုဠ်ကျွန်း သာသနာသည် အလွန်သန့်ရှင်းစင်ကြယ်စွာ ရှိလေသည်။ သို့ကြောင့် ဗျတ္တပဋိဗာလနှင့် ပြည့်စုံသော ရဟန်းတို့ကို တောင်းပန်တိုက်တွန်း၍ သီဟိုဠ်ကျွန်းသို့ ပို့ပြီးလျှင် သိက္ခာအသစ် ထပ်စေအံ့။ ထိုရဟန်းတို့မှ ဆင်းသက်ဖြစ်ပွားသဖြင့် ငါတို့ ရာမညတိုင်း သာသနာသည် သန့်ရှင်းစင်ကြယ်စွာ အရှည်ခန့်၍ တည်တန့်လိမ့်မည်"ဟု ကြံစည်တော်မူ၍ အရှင်မောဂ္ဂလာန် အရှင်သောမ စသော မထေရ် ၂၂ ပါးတို့ကို သီဟိုဠ်သို့သွားရန် တောင်းပန်တော်မူ၏။ မထေရ်မြတ်တို့သည် သာသနာအမှုမှန်ဘဲဟု မငြင်းဆန်ဘဲ ဝန်ခံတော်မူကြကုန်၏။

**သီဟိုဠ်ကျွန်း စေလွှတ်၍ သာသနာ့မျိုးစေ့ တည်ပုံ**

ဓမ္မစေတီမင်းကြီးသည် သဒ္ဒါတရားကြီးမားစွာဖြင့် စွယ်တော်ဓာတ်ကို ပူဇော်ရန် သီဟိုဠ်ရဟန်းသံဃာများကို လှူရန် ဘုဝနေကဗာဟု သီဟိုဠ်မင်းအား ဆက်သရန် အထူးထူးသော ပရိက္ခရာနှင့် လက်ဆောင်ပဏ္ဏာများကို စီရင်ပြုပြီးလျှင် စိတ္တဒုတ, ရာမဒုတ အမတ် ၂ ယောက်ကို သင်္ဘောသူကြီးခန့်ပြီး သင်္ဘော ၂ စင်းနှင့် သက္ကရာဇ် ၈၃၇ ခု တပိုတွဲလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် စိတြဒူတ သင်္ဘော ၁ စင်းကို လွှင့်စေတော်မူ၏။ တပေါင်းလပြည့်ကျော် ၈ ရက်နေ့ပင် သီဟိုဠ်ကျွန်း (ကလမ္ဗုဆိပ်) ခေါ် ကော်လမ္ဗိုလ် ဆိပ်ကမ်းသို့ ရောက်သည်။ ၈၃၇ တပို့တွဲလပြည့်ကျော် ၁၂ ရက် တနင်္လာနေ့တွင် ရာမဒုတသင်္ဘောကို လွှင့်စေသည်။ လေမဖြောင့်သောကြောင့် တန်ခူးလဆန်း ၉ ရက်နေ့မှ သီဟိုဠ်ကျွန်း ဝလ္လိဂါမသို့ ရောက်လေသည်။ သင်္ဘော ၁ စီး၌ သံဃာတော် ၁၁ ပါးစီ စီးတော်မူကြသည်။ အမတ် ၂ ယောက်တို့သည် သင်္ဘော ၂ စင်းတွင်ပါသော လှူဖွယ်ဝတ္ထု လက်ဆောင်ပဏ္ဏာ လျှောက်လွှာ ဆက်သစရာများကို စွယ်တော်သံဃာတော်များနှင့် ဘုဝနေကမင်းအား လှူဒါန်း ဆက်သကြသည်။ လျှောက်လွှာခေါ် ရွှေပေစာတွင် ဤရဟန်းများကို ကလျာဏီ မြစ်ရေသိမ်မှာ ပဋ္ဌင်းအသစ်ခံပါစေဟု ပါရှိသည့်အတိုင်း ကလျာဏီ မြစ်ရေသိမ်တွင် ပဋ္ဌင်းထပ်မံ ဥပသမ္ပကံ ပြုကြသည်။ သိက္ခာအသစ် တင်သောအခါ ရဟန်းတို့ကို လူထွက်စေပြီးမှ သာမဏေအဖြစ် တည်စေ၍ ပဋ္ဌင်းအသစ်ခံရသော သီဟိုဠ် ထုံးစံအတိုင်း ပဋ္ဌင်းအသစ် ခံကြသည်။

http://www.dhammadownload.com



### သီဟိုဠ်ဘုရင်၏ ထူးခြားသော အလှူ

သိက္ခာအသစ် တင်ပြီးလျှင် သီဟိုဠ်ဘုရင်သည် အထူးထူးသော ရဟန်းပရိက္ခရာတို့ကို လှူဒါန်းပြီးမှ ဤအာမိသဒါန မည်သည်ကား တစ်သက်လျာမျှသာ။ သို့ရာတွင် အကြောင်းရှိက ပျက်စီးရပါလိမ့်ဦးမည်။ မပျက်စီးနိုင်တဲ့ နာမပညတ် တံဆိပ်မြတ်ကို ကပ်လှူပါရစေဟု လျှောက်ထားပြီးလျှင် ရာမသဘော်တွင် အကြီးအမှူးပဓာန အရှင်သောမထေရ်အား သီရိသံဃဗောဓိသာမိဟူသော ဘွဲ့တံဆိပ်ကို ကပ်လှူတော်မူသည်။ ကြွင်းသောသံဃာ ၁၀ ပါးတို့အား အစဉ်အတိုင်း ကိတ္တိသိရိမေဃသာမိ, ပရက္ကမဗာဟုသာမိ, ဗုဒ္ဓဃောသသာမိ, သီဟဠဒီပဝိသုဒ္ဓသာမိ, ဂုဏရတနဓရသာမိ, ဇိနာလင်္ကာရသာမိ, ရတနမာလိသာမိ, သဒ္ဓမ္မတေဇသာမိ, ဓမ္မာရာမသာမိ, တုဝနေကဗာဟုသာမိ ဟူသော ဘွဲ့တံဆိပ် အသီးသီးတို့ကို ကပ်လှူတော်မူသည်။ စိတြဒုတသဘော်တွင် စီးကြသော သံဃာ ၁၁ ပါးတို့အား အကြီးအမှူးပဓာန အရှင်မောဂ္ဂလာနထေရ်အား ဓမ္မကိတ္တိလောကဂရုသာမိ, ကြွင်းသော ထေရ်အရှင်တို့အား အစီအစဉ်အတိုင်း သိရိဝနရတနသာမိ, မင်္ဂလတ္ထေရသာမိ, ကလျာဏတိဿသာမိ, စန္ဒဂီရိသာမိ, သိရိဒန္တဓာတုသာမိ, ဝနဝါသီတိဿသာမိ, ရတနာလင်္ကာရသာမိ, မဟာဒေဝသာမိ, ဥဒုမ္ဗရဂီရိသာမိ, စူဠာဘယတိဿသာမိ ဟူ၍ ဘွဲ့နာမံ အသီးသီးတို့ကို ကပ်လှူတော်မူသည်။ ရှေ့ဆောင် ဆရာတော် ၂၂ ပါးတို့အားသာ ဘွဲ့နာမည် ကပ်လှူတော်မူသည်။ နောက်ပါတပည့် ၂၂ ပါးတို့အား မကပ်လှူ။ ရဟန်းသိက္ခာ အသစ်တင်ရာမှာ ၄၄ ပါးလုံးပင် သိက္ခာသစ် တင်ကြသည်။

ထိုနောက် မကြာမြင့်မီပင် မြန်မာရဟန်းတော်အရှင်တို့သည် သီဟိုဠ်ကျွန်းရှိ စေတီပုထိုး အမျိုးမျိုးတို့ကို ဖူးမြော်ပြီးလျှင် ပြန်လာတော်မူကြသည်။ ရာမဒုတသဘော်က အလျင်ပထမ ပြန်ခဲ့သည်။ စိတြဒုတသဘော်မှာ သီဟိုဠ်ဘုရင်က မြန်မာဘုရင် ရာမာဓိပတိခေါ် ဓမ္မစေတီမင်းကြီးအား ဆက်သရန်ဖြစ်သော စွယ်တော်တု လက်ဆောင်ပဏ္ဏာများနှင့် သံအမတ်ပါ ထည့်ထွက်လာခဲ့ရာ၊ လေကြောင်းမတည့်ဘဲ ထွက်ခဲ့ရ၍ သမုဒ္ဒရာ အလယ်တွင် လေမုန်တိုင်းမိသဖြင့် နစ်မြုပ်လေတော့သည်။ တစ်ဖန် သီဟိုဠ်သံအမတ် သဘော်သို့ ပြောင်းစီးကြပြန်ရာ ၃ ရက်ခရီး အလွန်တွင် လေမုန်တိုင်းမိပြန်သဖြင့် သမုဒ္ဒရာ ရေတိမ်တွင် ကျောက်ဆောင်နှင့် တိုက်မိ၍ မထွက်နိုင်ရကား ဖောင်ဖွဲ့ကာကူး၍ ကုန်းကြောင်းခရီးဖြင့် ပြန်ခဲ့ကြရသည်။ သီဟိုဠ်သံအမတ်လည်း လက်ဆောင်ပဏ္ဏာတွေ ပျက်စီးသဖြင့် သီဟိုဠ်သို့ ပြန်သွားလေသည်။ သီဟိုဠ်ပြန် သံဃာတော်တို့သည် ကုန်းကြောင်း ခြေကျင်ခရီးဖြင့် ပြန်ကြွတော်မူခဲ့ကြရာ လမ်းခရီးတွင် အဠကထာဆရာ ရှင်ဓမ္မပါလ သီတင်းသုံးသော ဓမ္မာသောကမင်းကြီး ကောင်းမှုတော် ဖြစ်သော ပဒရတိတ္ထ (ဆီးတောဆိပ်) ကျောင်းတော်ရာကို လည်းကောင်း၊ ကလိင်္ဂရာဇ်ပြည်က ဟေမမာလာနှင့် ဒန္တကုမ္မာမင်းသမီး မင်းသားတို့ စွယ်တော်ကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်လာရာတွင် စွယ်တော်ထားရာ စိနပ္ပဋ္ဌာန်မင်းတည်သော ဂူကြီး၌ ဘုရားဆင်းတုတော်ကို လည်းကောင်း ဖူးမြော်ကြရ၏။ ထိုသို့ပင် ဆင်းရဲပင်ပန်းစွာ လာကြရာ ဟံသာဝတီသို့ ရောက်တော်မူကြကုန်၏။ လမ်းခရီးတွင် သီဟိုဠ်သွားရဟန်း ၄၄ ပါးအနက် ဆရာ ၆ ပါး၊ တပည့် ၄ ပါးတို့ ဘဝတစ်ပါး ရွှေ့လျားစုတေ နတ်ထံရွှေ့တော်မူကြကုန်သည်။ သြော် ပျက်စီးရန်အစစ် အမှန်ဖြစ်ပေါ်လာရသော သင်္ခါရတရားကြီးသည် သာသနာပြုပုဂ္ဂိုလ်တွေဟု ညှာတာခြင်းမရှိရာ၊ ရက်စက်စွာ ဖျက်ဆီး၍ ရင်တီးလက်ခတ် ဖြစ်ရချေ၏တကား။

### သင်္ဂဟဂါထာ

ဣမေသံ ပန အာရဠ္ဍံ၊ နကိစ္စံ ယာဝ နိဋ္ဌိတံ။
န တာဝ အာဒိယိဿန္တိ၊ မစ္စု နတ္ထိ အပေက္ခနာ။
နိက္ကာရုဏိကောဟိ ဧသ၊ ဗလက္ကာရေန အာဒိယ။
ရောဒမာနံဝ ဉာတီနံ၊ အနိစ္ဆန္တံ ဝ ဂစ္ဆတိ။

### သင်္ဂဟကဗျာ

ဤရှင်များ အားထုတ်နေကြစဉ်၊
ကိစ္စကြီး အပြီးမရောက်ခင်။

http://www.dhammadownload.com



သနားကင်း သေမင်းယုတ်မာစွာ၊
နိုင်အထက် နှိပ်စက်ခေါ်ယူလာ။
ဆွေမျိုးများ ငိုအားပိုစဉ်သာ၊
မလိုလား လိုက်သွားရလေရှာ။ ။

## ဟံသာဝတီ ကလျာဏီ သိမ်ကြီးအကြောင်း

ရာမာဓိပတိ အမည်တော်ရှိသော ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်ကျွန်းက သိက္ခာအသစ် တင်ခဲ့သော မဟာဝိဟာရဝါသီဂိုဏ်းကြီး အနွယ်တော် သံဃာတော်တို့ကို ဟံသာဝတီ (ပဲခူး) ပြည်ကြီး၏ အနောက်မျက်နှာ နရသူရ အမတ် အပိုင်စားပေးထားသောရွာ၏ နယ်နိမိတ် ဂါမခေတ်တွင် ပါဠိအဋ္ဌကထာ ဋီကာအန မစုလက်သန်းကျမ်းရင့် ကျမ်းနု အစုစုတို့ကို ကြည့်ရှုဆင်ခြင် စီရင်နှီးဆော်၍ သိမ်နုတ်ခြင်း သိမ်သမုတ်ခြင်းတို့ကို ပြုစေတော်မူ၏။ သီဟိုဠ်ကျွန်းက ဘုရားရှင် ရေသပ္ပါယ်တော်မူသော ကလျာဏီ မြစ်တွင်းရှိ ရေသိမ်တွင် မဟာဝိဟာရဝါသီဂိုဏ်းဝင် သံဃာတော် အရှင်တို့ထံက ပဉ္စင်းအသစ်ခံခဲ့သော ရဟန်းတို့ သမုတ်သောသိမ် ဖြစ်သောကြောင့် ကလျာဏီသိမ် ဟူသောအမည်ကို ပေးတော်မူကြသည်။ ယခုတိုင် ထင်ရှားရှိချေသည်။ ဤသို့လျှင် ရာမာဓိပတိ ကဝိထင်ရှား ဓမ္မစေတီ မင်းတရားသည် သာသနာတော် မြတ် အနှစ် ၅၀၀၀ ခိုင်ခံ့အောင်တည်ကြောင်း မကြံစတောင်း ကြံစည်၍ သီဟိုဠ်က သိက္ခာအသစ်တင်ခဲ့သော သီဟိုဠ်ပြန် သံဃာတော်အရှင်တို့ကို အခြေအမြစ်ရေသောက်မြစ်ပြု၍သာလျှင် သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင် ပြုတော်မူသည်။ ဤဓမ္မစေတီမင်းကြီး၏ သာသနာပြုပုံသည် ချီးကျူးမကုန်နိုင်အောင်ပင် ရှိတော့သတည်း။ သက္ကရာဇ် ၈၃၈ ခုနှစ်ကစ၍ ၈၄၁ ခုနှစ်တိုင်အောင် ၃ နှစ် ၄ နှစ်အတွင်းတွင် မဟာဝိဟာရဝါသီဂိုဏ်းကြီး၌ ဂိုဏ်းပါမောက္ခ ဆရာတော်ပေါင်း ၈၀၀၊ ဂိုဏ်းဝင်တပည့် ရဟန်းပေါင်း ၁၄၂၆၅၊ ၂ ရပ်ပေါင်း ၁၅၀၆၅ တိုင်အောင် မဟာဝိဟာရဝါသီဂိုဏ်းဝင် သံဃာတော် အရှင်တို့သည် စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်၍ ဘုရားရှင် သာသနာတော်သည် ရာမညတိုင်း၌ ၇ ကြိမ်မြောက် အစောင်တလက်လက် အမောင်ဖေါက်ပြီး

## သီဟိုဠ်သာသနာနှင့် မြန်မာသာသနာဆက်ပုံ

အကြင်သို့သောအခါက အရိမဒ္ဒန မည်တွင် ပုဂံပြည်ရှင် အနော်ရထာမင်းစောသည် သထုံပြည်ကြီးကို တိုက်ခိုက်ဖျက်ဆီးပစ်လိုက်သည်။ ထိုအခါ ရာမညတိုင်း မွန်တလိုင်း၌ာနတွင် ထီးသုံး နန်းသုံး မင်းလက်စတုံးလျက် ရှိလေသည်။

ရာမညတိုင်း မွန်တလိုင်းတို့ဌာနေ သီရိရတနာပူရ မည်သော မုတ္တမမြို့သည်ကား ဘုန်းကြီးသော မင်းအများတို့၏ နေထိုင်ရာ ဖြစ်သောကြောင့် စည်ကားစွာရှိသေးသည်။ ထို မုတ္တမမြို့တွင် သံဃာတော် အရှင်တို့သည် သထုံသာသနာပြု သောဏဥတ္တရ အနွယ်တော်ဂိုဏ်း၊ သီဟိုဠ်ပြန် သီဝလိမထေရ် အနွယ်တော်ဂိုဏ်း၊ တာမလိန္ဒမထေရ် အနွယ်တော်ဂိုဏ်း၊ အာနန္ဒာမထေရ် အနွယ်တော်ဂိုဏ်း၊ သီဟိုဠ်ပြန်မိဖုရား ဆရာတော် အရှင်ဗုဒ္ဓဝံသ အနွယ်တော်ဂိုဏ်း၊ သီဟိုဠ်ပြန် မဟာနာဂဝံသထေရ် အနွယ်တော်ဂိုဏ်း ဟူ၍ ၆ ဂိုဏ်း ၆ လက် ကွဲပြီးလျှင် အသီးသီး ကံကြီးကံငယ်ပြုကာ ကိုယ့်ဂိုဏ်းနှင့်ကိုယ် နေထိုင်ကြလေကုန်သည်။ ဓမ္မစေတီမင်းကြီး သုတ်သင်ပြုစု တည်ထောင်ခဲ့သော ကလျာဏီသိမ်ဝင် သံဃာတော်အရှင်တို့မှာလည်း အတူတကွ ကံကြီးကံငယ် ပြု၍ တစ်ဂိုဏ်းတစ်ဖွဲ့ တည်ရှိလေသည်။ ဟံသာဝတီ မုတ္တမ သုဝဏ္ဏဘူမိ ဟူသော ရာမညတိုင်း မွန်တလိုင်း ၃ ရပ်လည်း သုနာပရန္တဟု မြန်မာတိုင်းနှင့် တစ်စပ်တည်းတည်လျက် ရှိပေသည်။ ရှေးခေတ်က မြန်မာဘုရင်တို့၏ စိုးပိုင်ရာ နယ်နိမိတ်ကြီးလည်း ဖြစ်ချေသည်။ ထို့ကြောင့် မြန်မာရဟန်းတော်တို့သည် ရာမညတိုင်း ဟံသာဝတီ (ပဲခူး) ပြည် ကလျာဏီသိမ်သို့သွား၍ သိက္ခာသစ် တင်ကြပြန်ကုန်၏။ ဤနည်းဖြင့် ဓမ္မစေတီမင်း ပြုစုခဲ့သော သာသနာသည် မြန်မာပြည်အလုံး သိမ်းကျုံးလွှမ်းပတ်နှံ့စပ် တည်ရှိလေသတည်း။

## မြန်မာပြည် ရဟန္တာများရှိပုံ

ရာမညတိုင်း၌ အရှင်သောဏဥတ္တရတို့ သာသနာပြုသည့်ကစ၍ သထုံပြည် မနူဟာမင်း လက်ထက်တိုင်

http://www.dhammadownload.com



ဝံသ, အရှင်မဟာကာလ, အရှင်ပြာနဒဿီ ဆရာတော် အရှင်တို့၏ လက်ထက်တွင်လည်း လောကီ အဘိညာဉ် ဈာန်တို့ကို ရရှိကြောင်းကို ကလျာဏီ ကျောက်စာနှင့် နိဒါန်းတွင် ထင်ရှားစွာ ရှိလေသည်။ သို့ကြောင့် ယခု တိုင်အောင် ရာမညတိုင်း မွန်တိုင်း ၃ ရပ်၌ ဓမ္မစေတီမင်း ပြုခဲ့သော သာသနာ အဆက်အနွယ်ကြီးသာ ဖြစ်လေ သတည်း။ ဤစကားရပ်၌ အကြောင်းအကျိုး ဆက်စပ် သဖြင့် လည်းကောင်း၊ အစအဆုံး ဘက်စပ်သဖြင့် လည်း ကောင်း သာသနာဝင် အဆက်အသွယ်တို့ကို ပညာဖြင့် နှိုင်းချိန် ဆင်ခြင်၍ ယခင် ပထမက ပြခဲ့သော *နည်း ၃ ရပ်ဖြင့် ပုတီးလုံး သီတပ်သကဲ့သို့ အဆက်မပြတ် အောင် မြင့်မြတ်သော လဇ္ဇီပေသလ သိက္ခာကာမ သံဃာတော်တို့၏ အစွမ်းအားဖြင့် မှတ်ယူကြပါလေ။

## မွန်တိုင်း ကျမ်းပြု ဆရာတော်ကြီးများ

ဤဆရာ အစဉ်အဆက်တို့တွင် သီဟိုဠ်ပြန် မုတ္တမ ဆရာတော် အရှင်မေဓင်္ကရသည် လောကဒီပကသာရ ကျမ်းကို လည်းကောင်း၊ ဟံသာဝတီ ဆရာတော် အရှင် အာနန္ဒာထေရ်သည် မဓုသာရတ္ထဒီပနီကျမ်းကြီးကို လည်း ကောင်း၊ ဟံသာဝတီ သံတွဲမင်းဆရာတော် အရှင်ဓမ္မဗုဒ္ဓ ထေရ်သည် ကဝိသာရဆန်းဋီကာကျမ်းကို လည်းကောင်း၊ ဟံသာဝတီ စီသန်ကျောင်းဆရာတော် သဒ္ဓမ္မာလင်္ကာရ ထေရ်သည် ပဋ္ဌာနသာရ ဒီပနီကျမ်းကို လည်းကောင်း၊ အမည် မဖော်လိုသော မထေရ်မြတ်တစ်ပါးသည် အဖေဂ္ဂု သာရ ဒီပနီကျမ်းကို လည်းကောင်း အသီးသီး ဉာဏ်ကြီး တော်မူသည့်အတိုင်း ပြုစုစီရင်တော်မူခဲ့ကြသည်။ ဤသို့ လျှင် ကဝိပြောင်မောက် တံခွန်ဆောက်သော အထက် တန်းရောက် အံ့လောက်ထင်ရှား ကျမ်းပြုဆရာတော် အများတို့၏ နေထိုင်ရာ ဖြစ်သဖြင့် ရာမညတိုင်း မွန် တိုင်း ၃-ရပ်တွင် ဘုရားရှင် သာသနာတော်သည် ကြာမြင့်စွာ စည်ပင်ပြန့်ပွား ထွန်းကားလျက် ရှိလေ သတည်း။ ဤတွင် သာသနာဝင်ကျမ်းကြီး၏ တတိယ ပိုင်း သုဝဏ္ဏဘူမိ သာသနာဝင် အခန်းကြီးပေတည်း။

* နည်း ၃-ပါးကို ၉-တိုင်း ၉-ဌာန သာသနာဝင်အခန်း စာမျက်နှာ (  ) တွင် ပြန်ကြည့်ပါ။

http://www.dhammadownload.com

# စတုတ္ထပိုင်း

## ယောနကတိုင်း သာသနာဝင် အခန်းကြီး

### ယောနကတိုင်း ပထမသာသနာဝင်

ဤပြဆိုလတ္တံ့သည်ကား *ယောကနကတိုင်း သာသနာဝင် ဖြစ်ပုံအစဉ်ပေတည်း။ ဆုံးမထိုက်ရှာ သတ္တဝါဝေနေယျတို့၏ လောကုတ်လောကီ ၂ လီသောအကျိုးကို ပွားတိုးအောင် ရွက်ဆောင်တော်မူသော ဘုန်းခေါင်ထိပ်တင် သဗ္ဗညုဘုရားရှင်သည် ယောနကတိုင်းခွင်၌ ၃-အင် သာသနာ ကြာမြင့်စွာ တည်တံ့မည်ကို မြင်တော်မူ၍ တပည့်သံဃာ ဝဲယာခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူရာ လပုံးမြို့သို့ ရောက်တော်မူလေသည်။ ထိုအခါ အမဲလိုက် မုဆိုးတစ်ယောက်သည် ကြဖုသီး လှူသည်ကို ဘုန်းပေးသုံးဆောင်တော်မူ၍ အစေ့ကို ပစ်လိုက်ရာ မြေဝယ်မကျဘဲ ကောင်းကင်ထက်ဝယ် တည်နေသောကြောင့် ပြုံးတော်မူသည်။ အရှင်အာနန္ဒာက အကြောင်းကို မေးလျှောက်ရာ နောင်သောအခါ ဤနေရာ၌ ငါ၏ဓာတ်တော် စေတီတည်လိမ့်မည်။ သာသနာတော် ထွန်းလင်းတောက်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။ (ဟရိဖလ) မည်သော ကြဖုသီးကို (ဘုဥ္ဇိတဋ္ဌာန) ဘုန်းပေးရာဌာန ဖြစ်သောကြောင့် ပါဠိဘာသာအားဖြင့် တိုင်းနာမည်ကို ဟရိဘုဥ္ဇတိုင်းဟု အမည်မှည့်ကြသည်။

ရသေ့ ၂ ဦးတို့ ပင်လယ်ခရုဘေးကို တည်ထား၍ မြေကိုသားလျှင်သားချင်း မြေမှ ပေါ်ထွက်လာသော နေရာဖြစ်၍ ရှမ်းယွန်းဘာသာဖြင့် လပုံးမြို့ဟု ခေါ်ဝေါ်ကြလေသည်။

ထိုအခါ ထိုမဲပိန်ချောင်းနားတွင် နေသော လဝလူမျိုးတစ်ယောက်သည် ၇ နှစ်အရွယ် သားသူငယ်ကို ဘုရားရှင်ထံဝယ် အပ်နှံ၍ သာမဏေပြုစေတော်မူပြီးလျှင် ကမ္မဋ္ဌာန်းဘာဝနာ အရပ်ရပ်တို့ကို မပြတ်မလပ် ပွားများစေသဖြင့် မကြာမြင့်မီ ရဟန္တာ ဖြစ်တော်မူသည်။ ၇ နှစ်အရွယ် သာမဏေငယ်၏ ရဟန္တာဖြစ်ခြင်း အကြောင်းရင်းကို စွဲ၍ ရှမ်းယွန်းတို့ဘာသာဖြင့် "စစ်မယ်" ဟု ခေါ်လေသည်။ ယခုအခါ ကာလရှည်လျားသဖြင့် "ဇင်းမယ်" ဟူ၍ ဖြစ်နေသည်။ ထို ၇ နှစ်အရွယ် ရဟန္တာ သာမဏေငယ်ကစပြီး ဗုဒ္ဓသာသနာသည် ယောနကတိုင်း-ဟရိဘုဥ္ဇတိုင်း၌ လက်ဦးအစ ပထမ စာရင်းတွက်၍ ဆင်းသက်လာခဲ့လေသတည်း။

### ယောနကတိုင်း ဒုတိယ သာသနာဝင်

သာသနာနှစ် ၂၃၅ နှစ် ရောက်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီး၏ အမိန့်အရ အရှင်မဟာရက္ခိတထေရ်သည် နောက်ပါသံဃာ ၅ ပါးနှင့် ယောနကတိုင်းသို့ ကြွရောက်ပြီးလျှင် ကမ္ဘောဇ, ခေမာဝရ, ဟရိဘုဥ္ဇ, မဟာနဂရ, အာယုဒ္ဓယ စသော တိုင်းခရိုင်အသီးသီးသို့ လှည့်လည်ပြီးလျှင် အနည်းနည်း အသွယ်သွယ် ဆန်းကြယ်သော တရားဓမ္မတို့ဖြင့် များလှသော သတ္တဝါတို့အား ဝဋ်ငရဲမှ ချွတ်ဆွဲ၍ ကျွတ်ပွဲကြီးသဘင် ဆင်ယင်ပြီးလျှင် ၃-အင်သော သာသနာကို ကောင်းစွာမသွေ တည်စေတော်မူ၏။

[မှတ်ချက်] ကမ္ဘောဇ စသော တိုင်းခရိုင်တို့ကို သိမ်းကျုံး၍ ပြဆိုရာတွင် အဋ္ဌကထာဆရာအရှင်တို့က ယောနကလောက ဟူ၍ အရပ်အများကို နံ့၍ဖြစ်သော

* သေကျွတောင် ဦးတိလောက ဆရာတော်သည် ယောနကရဋ္ဌကို ရောနရဋ္ဌဟု ပြင်ပြီးလျှင် ရောမတိုင်း အီတလီ, ဂျာမနီ, ပြင်သစ်ပြည်ဟု ဆိုသည်။

http://www.dhammadownload.com



ဩကာသလောကကို ဟောသော သာမညသဒ္ဒါဖြင့် ဆိုထားသည်။ တိုင်းကြီး၏ တစ်စိတ်တစ်ဒေသ ခရိုင်နယ်ပယ် ဇနပုဒ်ကို ဟောသော ရုဠှီသဒ္ဒါနှင့် အထူးမဆိုလေ။ သို့ကြောင့် သီပေါ ညောင်ရွှေ မိုးနဲ စသော ပြည်တို့၏ တည်ရာ ကမ္ဘောဇတိုင်း၊ ဗန်းမော် ခွေးလုံး စန္ဒာ စသော မြို့တို့၏တည်ရာ စိန့်တိုင်း၊ ကျိုင်းတုံ ကျိုင်းချိုင်း စသော မြို့တို့၏ တည်ရာ ခေမာဝရတိုင်း၊ ဇင်းမယ် ကျိုင်းသင် စသော မြို့တို့၏ တည်ရာ ဟရိဘုဉ္စတိုင်း၊ ကျိုင်းရုံ မိုင်းဆည် စသော မြို့တို့၏ တည်ရာ မဟာနဂရတိုင်း၊ ဤသို့ ပညာရှိ အဆက်ဆက် ဆင်းသက် မှတ်ထားချက်အတိုင်း သံလွင်မြစ် အနောက်ဘက် စောလိုရှမ်း ၉-ပြည်ထောင်၊ အရှေ့ဘက် ယွန်းယိုးဒယား ၉-ပြည်ထောင်များသည် ယောနကတိုင်းကြီး၏အတွင်း အပါအဝင် တိုင်းခရိုင်နယ်ပယ် တစ်စိတ်တစ်ဒေသမျှ ဖြစ်သည်ကို သိစေလို၍ အဋ္ဌကထာဆရာက ယောနကလောကဟု သာမညသဒ္ဒါနှင့် ဆိုလေသတည်း။ ဤကား သာသနာလင်္ကာရ ဆရာကြီး ဝါဒပေတည်း။

မဟာရက္ခိတ မထေရ်မြတ်သည် နောက်ပါသံဃာ ၅ ပါးနှင့် မဇ္ဈိမတိုင်း ပါတလိပုတ် ပြည်တော်မှ ကောင်းကင်ခရီး ရှာန်ယာဉ်စီး၍ ယောနကတိုင်းကြီးသို့ ကြွရောက်ပြီးလျှင် ကာဠကာရာမသုတ္တန်ကို ထုတ်ပြန်ဟောကြား၍ ယောနကတိုင်းသားတို့အား ကြည်ညိုတော်မူစေသည်။ တစ်သိန်းခုနစ်သောင်း (၁၇၀၀၀၀) သော တိုင်းသူပြည်သားတို့အား မဂ်ဖိုလ်၏ အရသာကို ခံစားစေတော်မူသည်။ မဂ်ဖိုလ်ပန်းတို့ဖြင့် ဆင်မြန်းပေးတော်မူသည်။ အားလုံး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့ ဖြစ်ကြသည်ဟု ဆိုလိုသည်။ အမျိုးသားအပေါင်း (၁၀၀၀၀) တို့သည် ရဟန်းပြုကြသည်။ ထိုရဟန်းတို့က ဆက်လက်ပွားများသော ဆရာအစဉ်၊ တပည့်အဆက်တို့မှာ ရေတွက်၍ မရနိုင်အောင် များလှလေသတည်း။ ဤသို့လျှင် မဟာရက္ခိတ မထေရ်မြတ်သည် ယောနကတိုင်း၌ ၂ ကြိမ်မြောက် သာသနာအရှည်ကို တည်ထောင်တော်မူစေသတည်း။

**အဋ္ဌကထာအရ သင်္ဂဟဂါထာ**

ယောနကရဋ္ဌံ တဒါ ဂန္တွာ။
သော မဟာရက္ခိတော ဣသိ၊
ကာဠကာရာမသုတ္တေန။
တေ ပသာဒေသိ ယောနကေ။

**သင်္ဂဟကဗျာ**

ယောနကတိုင်း ကြွလိုင်း၍ပင်။
မဟာရက္ခိ ဣသိအရှင်။
ကာလကာသုတ် ဟောထုတ်ကာပင်။
ထိုတိုင်းသား တရားရစေရှင်။

ဤစကားဖြင့် ယောနကတိုင်း၌ မဟာရက္ခိတ ထေရ်မြတ်ကို အမှီထား၍ ဘုရားသာသနာ ဒုတိယ အကြိမ် တည်ရှိသော ဒုတိယသာသနာဝင်ပေတည်း။

**ယောနကတိုင်း တတိယ သာသနာဝင်**

ယောနကတိုင်း လကွန်းမြို့တွင် သာသနာနှစ် ၅၀၀ ရှိသောအခါ ဝိသကြုံနတ်သားသည် မြဆင်းတုတစ်ဆူကို ထုလုပ်ပြီးလျှင် အရှင်နာဂသိန် မထေရ်မြတ်အား ဆက်ကပ်လေသည်။ အရှင်နာဂသိန် မထေရ်မြတ်သည် ထိုမြဆင်းတုတော်၌ ဓာတ်တော်စစ် ၇ ဆူ ကိန်းဝပ်လာပါစေဟု အဓိဋ္ဌာန်ပြုတော်မူလိုက်ရာ၊ အဓိဋ္ဌာန်အတိုင်း ဘုရားဓာတ်တော်စစ် ၇ ဆူ ကိန်းဝပ်လာပြီး တန်ခိုးပြာဋိဟာကို ထင်ရှားစွာ ပြတော်မူသည်ဟု ရာဇဝင်တွင် ဆိုလေသည်။ ထိုစကားသည် "မမပရိနိဗ္ဗာနတော ပဥ္စဝဿသတေ အတိက္ကန္တေ‌တေဥပ္ပဇ္ဇိဿန္တိ"။ ။ဟူသော မိလိန္ဒပဥှာ ပါဠိတော်စကားနှင့် အချိန်ကာလညီမျှစွာ ရှိလေသည်။ ယောနကတိုင်း၌ မိလိန္ဒမင်းကြီး လက်ထက် သာသနာနှစ် ၅၀၀ ခေတ်အခါက အရှင်နာဂသိန် မထေရ်မြတ်ကို အမှီထား၍ ဘုရားသာသနာသည် ရဟန္တာကုဋေတစ်သိန်းမက များလှသော သာသနာ ကျက်သရေတို့ဖြင့် တက်နေအလား အလွန်လျှင် စည်ပင်ပြန့်ပွားစွာ တည်ရှိခဲ့လေသည်။ ။ ဤကား ယောနကတိုင်း၌ အရှင်နာဂသိန် မထေရ်မြတ်က အစဉ်းဆက်၍ ၃ ကြိမ်မြောက် ဆင်းသက်လာသော တတိယ သာသနာဝင် ဖြစ်လေသတည်း။

http://www.dhammadownload.com



## ယောနကတိုင်း စတုတ္ထ သာသနာဝင်

ကလိယုဂ်နှစ်သက္ကရာဇ် ၅၆* ခု ရောက်သောအခါ၊ လပုံးမြို့မှ ရွှေ့ပြောင်း၍ ကျိုင်းရဲမြို့သစ်ကို တည်ထောင်သော ဗညားစောမင်းရဲ လက်ထက်တွင် မဇ္ဈိမဒေသမှ အရှင်ကဿပနှင့် သံဃာ ၅ ပါး ကြွလာတော်မူကြသည်။ ဗညားစောမင်းရဲက ကျောင်းဆောက်၍ ကိုးကွယ်တော်မူသည်။ မထေရ်မြတ် ၁ ပါးသည်လည်း သီဟိုဠ်ကျွန်းက ဓာတ်တော်ကို ယူဆောင် ကြွရောက်လာတော်မူသည်။ ဓာတ်တော်မှ တန်ခိုးပြာဋိဟာပြသည်ကို ကြည်ညိုကြပြီးလျှင် လပုံးမြို့စေတီတွင် ဌာပနာ၍ မင်းနှင့်ပြည်သူ ကိုးကွယ်ကြသဖြင့် သာသနာတော် အလွန် ထွန်းလင်းလာပြန်သည်။ အရှင်ကဿပ စသော မထေရ်မြတ်တို့ကို အကြောင်းပြု၍ ယောနကတိုင်းတွင် စတုတ္ထအကြိမ်မြောက် ဆရာတပည့် အစဉ်အလာဖြင့် သာသနာ၏ဝံသာ ဖြစ်ပြန်လေသတည်း။

## ယောနကတိုင်း ပဉ္စမ သာသနာဝင်

ကလိယုဂ်နှစ် သက္ကရာဇ် ၇၆၂* ခု ရောက်သောအခါ တရုတ်ပြည်ထိပ်ထား ဥတည်ဘွား မင်းတရားက မတရား လာရောက်လွှမ်းမိုး၍ ယောနကတိုင်းကြီး မငြိမ်မသက် ရှိနေလေသည်။ ထိုအခါ မဟာဓမ္မဂမ္ဘီရထေရ်နှင့် မဟာမေဓင်္ကရထေရ်မြတ် နောက်ပါသံဃာ မြောက်မြားစွာနှင့် ယောနကတိုင်းမှ သီဟိုဠ်ကျွန်းသို့ ကြွတော်မူကြကုန်သည်။ ထိုအခါ သီဟိုဠ်ကျွန်းတွင်လည်း ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်နေတုံးဖြစ်၍ ယိုးဒယားပြည် သောက္ကတဲမြို့သို့ ပြန်လာခဲ့ရပြီးလျှင် လကွန်းမြို့သို့ ကြွရောက်၍ သာသနာတော်ကို ပြုစုတော်မူကြသည်။ လဇ္ဇီပေသလသိက္ခာကာမ ဖြစ်ကုန်သော သာသနာပြုမထေရ်မြတ်တို့ထံ၌ သိက္ခာအသစ် တင်ကြပြန်သည်။ ထိုမထေရ်မြတ်တို့သည် ရှမ်းပြည် ယွန်းခေါ် ယိုးဒယားပြည်အရပ်ရပ် နှံ့စပ်အောင် အခါခါရှု၍ သာသနာပြုတော်မူကြကုန်သတည်း။

ဤသီဟိုဠ်ပြန် မထေရ် ၂ ပါး အရင်းထား၍ ဘုရားသာသနာသည် ယောနကတိုင်း၌ ၅ ကြိမ်မြောက် ဆရာအစဉ် ဆင်းသက်ကာ သာသနာဝင် စာရင်းထွက်ပြန်လေသတည်း။

## ယောနကတိုင်း ဆဋ္ဌမ သာသနာဝင်

ကလိယုဂ် သက္ကရာဇ် ၈၂၅ ခုနှစ် ရောက်သောအခါ သီရိသဒ္ဓမ္မလောကပတိ စက္ကဝတ္တိရာဇာဘွဲ့ခံ ဗညားကြမ်းမင်းသည် လပုံးစေတီတော်ကိုမှီ၍ တစ်ဖန် ကြီးကျယ်စွာ တည်ပြီးလျှင် စေတီတော်ဝန်းကျင် အရပ်လေးမျက်နှာ၌ ကျောင်းတော် ၄ ကျောင်း ဆောက်ပြီးလျှင် အရှင်မဟာမေဓင်္ကရ မထေရ်နှင့် အရှင်သာရိပုတ္တရာ မထေရ် ၂ ပါးကို တင်လှူတော်မူသည်။ ထိုဆရာတော် မထေရ် ၂ ပါးတို့သည် ဘုရားသာသနာကို များစွာ စင်ကြယ်အောင် ပြုစုတော်မူလေသတည်း။ ထိုမထေရ် ၂ ပါးကို အကြောင်းပြု၍ ယောနကတိုင်း၌ ၆ ကြိမ်မြောက် သာသနာဝင်ဟု စာတင်ခဲ့ကြလေသတည်း။

## ယောနကတိုင်း သတ္တမ သာသနာဝင်

ကလိယုဂ် သက္ကရာဇ် ၉၄၃ ခုနှစ် ရောက်သောအခါ ဟံသာဝတီ ပြည်ကြီးအရှင် ဆင်ဖြူများရှင် မင်းတရားကြီးသည် ယောနကတိုင်းကို ပိုင်စိုးရသဖြင့် သားတော်ကြီး နော်ရထာစောကို ၅၇ ခုသော ခရိုင်နယ်ပယ်အစိတ်အပိုင်းတို့ဖြင့် ပိုင်းခြားအပ်သော ဇင်းမယ်ပြည်ကြီးကို အပိုင်စား ပေးတော်မူပြီးလျှင် မှူးမတ်ကြီးငယ်နှင့်တကွ ဘုရင်ခံအဖြစ် ခန့်အပ်တော်မူလေသည်။ ဆရာတော် အရှင် သဒ္ဓမ္မစက္ကသာမိကို သာသနာပြုရန်အတွက် ပင့်လျှောက် သီတင်းသုံးစေသည်။ ဆရာတော်အရှင်မြတ်သည် သာသနာကို စင်ကြယ်အောင် ပြုစုတော်မူသည်။ ဆင်ဖြူများရှင် မင်းတရားကြီးသည်ကား ယောနကတိုင်း စစ်ပွဲနိုင်စဉ်ကာလက ဇင်းမယ်ပြည်ကြီးကို သာသနာတည်ရာဌာန ပထမမြို့ ဖြစ်သောကြောင့် ထိုတိုင်းသူပြည်သားတို့ကို လက်ရ သုံ့ပန်းအဖြစ် မယူဘဲ ချမ်းသာပေးတော်မူကြောင်းကို ရာဇဝင် ဆိုလေသည်။ ဆရာအစဉ်အဆက်တို့တွင် ထိုစဉ်အခါက လကွန်းမြို့ အရညဝါသီတောမှီ မထေရ်တစ်ပါးသည် ဘယ်အရပ်မှာ ဘယ်သူသေပြီ စသည်ဖြင့် လူအများအား ပြောဆိုတိုင်း မှန်နေသဖြင့် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဟု ကျော်စော

၁- * သာသနာလင်္ကာရကျမ်း၌ ၆၅၁ ဟု ဆိုသည်။
၂- * သာသနာလင်္ကာရကျမ်း၌ ၇၉၂ ဟု ဆိုသည်။

http://www.dhammadownload.com



ထင်ရှားစွာ ရှိခဲ့လေပြီ။ ထိုမြို့တွင် မဟာမင်္ဂလမထေရ်သည်လည်း ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး ဖင်းမယ်သို့ ချီလာသောအခါ၊ ငါ့ကို မင်းတရားကြီးက ပင့်လာလိမ့်မည်၊ မင်းဆွေဆိုသောသူကို အပင့်ခိုင်းလိမ့်မည်ဟု မပင့်မီက ကြိုတင်ပြောဆိုသောအတိုင်း မှန်ကန်နေသောကြောင့် အဘိညာဉ်ရ ပုဂ္ဂလအမှန်ဟု ကျော်စောပြန်လေသတည်း။ ယောနကတိုင်း သာသနာပြုဆရာအစဉ်အဆက်တို့တွင် ဉာဏ ဝိလာသ မထေရ်က သချ်ာပကာသ စာကိုယ်ကျမ်းကို လည်းကောင်း၊ သီဟိုဠ်ပြန်သီရိမင်္ဂလဆရာတော်က သချ်ာပကာသဋီကာကို လည်းကောင်း၊ ဖင်းမယ်သံညွှတ်တောကျောင်း အရှင်ဥတ္တမရာဓမထေရ်က ဝိသုဒ္ဓိမဂ္ဂဒီပနီကျမ်းကို လည်းကောင်း၊ သီရိမင်္ဂလမထေရ်က မင်္ဂလဒီပနီကျမ်းကို လည်းကောင်း၊ မထေရ်မြတ်တစ်ပါးက ဥပ္ပါတသန္တိကျမ်း (ဟူးရားကျမ်း)ကို လည်းကောင်း အသီးသီး အသက အသက ဉာဏ်ရှိသမျှ ပြုစုတော်မူကြသည်။ တစ်ဆင့်စကား ကြားရဖူးသည်ကား၊ ဥပ္ပါတသန္တိကျမ်းပါ ဂါထာများကိုရွတ်၍ တရုတ်စစ်များ ပျက်စီးဖူးသည်ဟု ဆိုလေသည်။ ဤသို့လျှင် ယောနကတိုင်း၌ ဈာန်အဘိညာဉ်ရ သာသနကျက်သရေဆောင် ကျမ်းပြုဆရာတို့၏ အစွမ်းအားဖြင့် ဘုရားသာသနာသည် ၇ ကြိမ်မြောက် သန့်ရှင်း၍ နေမင်းအလား ထွန်းလင်းတည်ရှိခဲ့လေသတည်း။ ဤတွင်၍ သာသနာဝင်ကျမ်းကြီး၌ စတုတ္ထအခန်းခေါ် ယောနကတိုင်း သာသနာဝင် စကားအစဉ် ဖြစ်လေသတည်း။

ဖဆဖဆ

http://www.dhammadownload.com

# ပဉ္စမပိုင်း

## ဝနဝါသီတိုင်း သာသနာဝင် အခန်းကြီး

### ဝနဝါသီတိုင်း ပထမ သာသနာဝင်

ဝနဝါသီတိုင်း သီရိခေတ္တရာမြို့ သာသနာဝင်စကားအစဉ်မှာ သာသနာသက္ကရာဇ် ၁၀၁ နှစ် ရောက်သောအခါ ရသေ့, သိကြား, နဂါး, ဂဠုန်, ကုမ္ဘာဏ်, စန္ဒီ, ပရမီသွာ, ဤသူမြတ် ခုနစ်ယောက်တို့သည် သီရိခေတ္တရာ ဘွဲ့မည်သာသော ရသေ့ပြည်ကြီးကို ဖန်ဆင်းတည်ထောင်ပြီးလျှင် မျက်စိ ၃ ခု အတုမဲ့ခေါင် ဒွတ္တပေါင်မင်းကြီးသည် ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူသည်။ ထိုသီရိခေတ္တရာပြည်တွင် ဘုရားသားစစ် ရဟန္တာ ဖြစ်ကုန်သော သံဃာတော် ၃၀၀၀ တို့သည် ဘုန်းရောင်လွှမ်းကာ နေထိုင်တော်မူကြသည်။ ဒွတ္တပေါင်မင်းကြီး ပစ္စည်း ၄ ပါးဖြင့် လှူဒါန်းချီးမြှောက်၍ သာသနဒါယကာ ခံတော်မူသည်။ ဘုရားရှင်၏ သရီရဓာတ်တော် ၆ ဆူတို့ကို ဌာပနာ၍ ညည်းညည်း, စည်းစည်း, ပေါပေါ, လျောလျော, မြသီတင်း, သောကြမာဟု ဘွဲ့တော်ပေး၍ စေတီ ၆ ဆူ တည်တော်မူပြန်သည်။ လက်ရုံးတော်ဓာတ်ကို ဌာပနာ၍ မြင်ဇာဟုစေတီဟု တစ်ဆူတည်တော်မူပြန်သည်။ ကမ်းယမ်ပြည်မှ ပင့်ဆောင်ခဲ့သော သင်းကျစ်တော်ဓာတ်ကို ဌာပနာ၍ စေတီတစ်ဆူ တည်တော်မူရာ အပြီးသို့ မရောက်ချေ။ နောက်ကာလ အနော်ရထာမင်းစောက ယူဆောင်၍ ပုဂံရွှေစည်းခုံ ဘုရားမှာ ဌာပနာတော်မူလေသည်။ ဤသို့လျှင် ဝနဝါသီတိုင်း၌ ၉-တိုင်း ၉-ဌာန သာသနာပြုရာတွင် အပါအဝင်၊ အရှင်ရက္ခိတ မကြွလာမီကပင် သာသနာတော် စည်ပင် ပြန့်ပွားလျက် ရှိလေသည်။ နောင်ကာလကြာမြင့်ပြန်သော် သာသနာ

### ဝနဝါသီတိုင်း ဒုတိယ သာသနာဝင်

ထိုနောက်တစ်ဖန် အရှင်မောဂ္ဂလိ ပုတ္တတိဿမဟာထေရ်မြတ် စေလွှတ်တော်မူအပ်သည်ဖြစ်၍ အရှင်ရက္ခိတ အရှင်မြတ်သည် ဝနဝါသီတိုင်းသို့ ကြွလာ၍ ကောင်းကင်က ရပ်တည်ကာဖြင့် ဝနဝါသီတိုင်းသားတို့အား အနမတဂ္ဂသုတ္တန်ကို ထုတ်ပြန် ဟောကြားတော်မူလေသည်။ တရားအဆုံး၌ ၆၀၀၀၀ မျှ အရိယာဖြစ်ကာ ကျွတ်တမ်းဝင်ကြကုန်သည်။ အမျိုးသားပေါင်း ၃၀၀၀ ကျော်တို့ ရဟန်းပြုကြကုန်၏။ သာသနာ၏ အခြေအမြစ်ကို သိကြကုန်သဖြင့် ကျောင်းပေါင်း ၅၀၀ ဆောက်လှူကြလေပြီ။ ဤသို့လျှင် ဝနဝါသီတိုင်း၌ ရှေးခေတ်ကပင် သာသန အရင်းအခက်တို့သည် ဒုတိယအကြိမ်မြောက် ဆင်းသက်ခဲ့လေသည်။ သို့ရာတွင် ဝနဝါသီတိုင်း တစ်ခုလုံးကိုမူကား လွှမ်းဖုံး၍ မတည်သေးချေ။ အဋ္ဌကထာ၌ အရှင်ရက္ခိတ သာသနာပြုပုံကို ဤသို့ သင်္ဂဟဂါထာမူလျက် ရှိလေသတည်း။

ဂန္တွာန ရက္ခိတတ္ထေရော၊
ဝနဝါသိံ မဟိဒ္ဓိကော။
အန္တလိက္ခေ ဌိတော တတ္ထ၊
ဒေသေသိ အနမတဂ္ဂိယံ။

### သင်္ဂဟကဗျာ

အရှင်ရက္ခိ ဣဒ္ဓိများရှင်။
ဝနဝါတိုင်း ကြွလှိုင်း၍ပင်။

http://www.dhammadownload.com



## ဝနဝါသီတိုင်း တတိယ သာသနာဝင်

သာသနာ သက္ကရာဇ် ၄၃၃ နှစ် ရောက်သောအခါ ကြက်ဦးခေါင်းစား ငတစ်ပါးမင်း မင်းပြုတော်မူသည်။ ထိုမင်းလက်ထက်တွင် ထက်မြက်သော တန်ခိုးရှင် ရဟန္တာ သခင်တို့ ၅၀၀ မျှ ရှိတော်မူကြသည်။ ဘုရင်မင်းမြတ်သည် ရဟန္တာ ၅၀၀ တို့အား ပစ္စည်း ၄ ပါးဖြင့် ထောက်ပင့်၍ သာသနဒါယကာ ခံတော်မူ၏။ ထိုအခါက သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရိယာတို့ကား ရေတွက်လို့မရအောင်ပင် များလှကုန်သတည်း။

ဤကား ဝနဝါသီတိုင်း သီရိခေတ္တရာ (သရေခေတ္တရာ) ရသေ့ပြည်၌ တတိယအကြိမ် ဆရာအစဉ်အဆက် ဆင်းသက် သာသနာဝင် စာရင်းထွက်လာပုံ ဖြစ်လေသတည်း။

ဤသို့လျှင် ဝနဝါသီတိုင်း၌ အတိုင်းမသိ များလှသော ဘုရားသားစစ် ရဟန္တာတို့ဖြင့် သာသနာတော်မြတ်ကြီးသည် ပြည့်ဝသော လမင်းကဲ့သို့ လွန်မင်းစွာ ထွန်းလင်း တောက်ပခဲ့လေသည်။ သာသနာတော် ကျမ်းဂန်ပြု မဟာထေရ်အကျော် ဆရာတော်တို့ကား မရှိခဲ့ကုန်။ သို့ရာတွင် ဘုရင်မင်းမြတ် တောင်းပန်၍ ရဟန္တာမထေရ်မြတ်တို့က ဓမ္မသတ်ကျမ်းကို စီရင်တော်မူခဲ့သည်ဟူ၍ကား ရှေးဆရာကြီးတို့ မိန့်ဆိုတော်မူကြကုန်သတည်း။ ဤသို့ ပညာရှင် တန်ခိုးရှင် ရဟန္တာ အရိယာ မထေရ်မြတ်တို့သည် သာသနာတော်ကို ချီးမြှောက်တော်မူကြကုန်ပြီးလျှင် နေမင်းကြီး ဝင်သွားသကဲ့သို့ သေမင်းကြီး ထံမှောက် လားရောက်ကြလေကုန်ပြီ။ ထို့ကြောင့် ပညာရှိများ အမျိုးသားတို့သည် သေမင်း မလာမီကပင် မမေ့မလျော့ မပေါ့မဆ အပ္ပမာဒတရား လက်ကိုင်ထား၍ ကုသိုလ်တရားတို့ကို အထပ်ထပ်အခါခါ ပြုလုပ်ကြကုန် ရာသတည်း။

### သင်္ဂဟ ဂါထာနှင့် သင်္ဂဟ ကဗျာ

(က) တေစ ထေရာ မဟာပညာ၊
ပဂ္ဂဟေတွာန သာသနံ။
သူရိယော ပိယ အတ္ထင်္ဂေါ၊
ဥပဂါ မစ္စုသန္တိကံ။

(ခ) တသ္မာဟိ ပဏ္ဍိတော ပေါသော၊
ယာဝ မစ္စု နစာ ဂတော။
တာဝပုညံ ကရေ နိစ္စံ၊
မာ ပမဇ္ဇေယျ သဗ္ဗဒါ။ ။

(က) ပညာကြီး များဖျည်းထိုအရှင်၊
သာသနာ ကောင်းစွာချီးမြှောက်လျှင်။
နေမင်း၏ ဝင်ဘိပုံအသွင်၊
သေမင်းနောက် ဆိုက်ရောက်လေကုန်အင်။

(ခ) ထိုကြောင့်ပင် ဉာဏ်ရှင်သူများမှာ၊
သေမင်းနောက် မရောက်မီကသာ။
ခါမပြတ် မေ့လပ်မရှိကာ၊
ကုသိုလ်ပွဲ အမြဲပြုသင့်ရာ။ ။

ဤတွင် သာသနာဝင်ကျမ်းကြီး၌ ၅ ပိုင်းမြောက် ဝနဝါသီတိုင်း သာသနာဝင် အခန်းကြီးပေတည်း။

ဖအာလဖအာ

http://www.dhammadownload.com

# ဆဋ္ဌမပိုင်း

## ကသ္မီရ ဂန္ဓာရတိုင်း သာသနာဝင် အခန်းကြီး

တတိယသင်္ဂါယနာသဘင်ပွဲကြီး ယင်ပြီးသော အဆုံး၌ အရှင်မောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီးသည် မဇ္ဈန္တိက မထေရ်မြတ်ကိုခေါ်၍ "အရှင်မြတ်သည် ကသ္မီရ ဂန္ဓာရတိုင်းရပ်သို့ ရှိင်းလတ်ကုန်သော သတ္တဝါတို့အား ယဉ်ကျေးအောင် ဟောပြောပြသ၍ ဗုဒ္ဓသာသနာကို ကောင်းစွာမသွေ တည်ပါစေလော..." ဟု မိန့်မှာတော်မူကာ စေလွှတ်တော်မူလေသည်။ *ကသ္မီရဂန္ဓာရတိုင်း ဆိုသည်ကား စိန့်တိုင်းအနီးတွင် တည်ရှိလေသည်။ ထိုအခါက ၎င်းတို့တွင် အာရဝါဠမည်သော နဂါးမင်းကြီးသည် ပြည်သူပြည်သားတို့၏ ကိုးကွယ်ခြင်းကို ခံယူပြီးလျှင် အလွန် တန်ခိုးကြီးမားနေလေသည်။ ထို့ကြောင့် မဟုတ်ပါလော ယခုအခါ ကသ္မီရဂန္ဓာရတိုင်းသား လူအများတို့သည် လည်းကောင်း၊ စိန့်တိုင်းသား လူအများတို့သည် လည်းကောင်း အစဉ်အလာအတိုင်း နဂါးရုပ်ကို အမြတ်တနိုးပြု၍ ကိုးကွယ် ပူဇော်ထားကြလေကုန်သည်။ ထိုသူတို့၏ အင်္ကျီ စသော အဝတ်အထည်တို့၌ပင် များသောအားဖြင့် နဂါးရုပ်ကို ပြုလုပ်ဆွဲထားကြ ရေးထားကြလေကုန်သည်။

### နဂါးနှင့်ရဟန်း တန်ခိုးပြိုင်ကြပုံ

ထိုမဇ္ဈန္တိက မထေရ်မြတ်သည်လည်း နောက်ပါ သံဃာ ၄ ပါးနှင့်တကွ ပါဋလိပုတ်ပြည်မှ ကောင်းကင်သို့ ပြန်တက်၍ ဟိမဝန္တာ အာရဝါဠအိုင်ကြီး၏ အထက်တွင် သက်ဆင်းတော်မူလေသည်။ ထိုအခါ ကသ္မီရဂန္ဓာရတိုင်းတွင် ကောက်စပါး မှည့်ချိန်ဖြစ်၍ အာရဝါဠ နဂါးမင်းသည် အာရဝါဠအိုင်ကနေပြီးလျှင် မိုးသီးမိုးပေါက် ကြီးစွာပါသော မိုးကို ရွာချလျက် ကောက်ပင်တို့ကို သမုဒ္ဒရာသို့ မျောစေလေသည်။ မဇ္ဈန္တိက မထေရ်မြတ်သည် အာရဝါဠအိုင်ပေါ်သို့ သက်ဆင်းကာ ကန်ဘောင်ရိုးပေါ်၌ စင်္ကြံကြွနေခြင်း၊ ရပ်နေခြင်း၊ ထိုင်နေခြင်း၊ အိပ်နေခြင်းအမှုတို့ကို ပြုတော်မူကာနေလေသည်။ ထိုအခြင်းအရာကို မြင်ရသော နဂါးလုလင်ပျိုတို့သည် နဂါးမင်းထံ သွားကြ၍ ... အရှင်မင်းကြီး အပြတ်အပြတ် ချုပ်စပ်သော အဝတ်ကို ဝတ်သော ဦးခေါင်းကပြောင်ဆုံး ဖန်ကတုံးနှင့် ပုဂ္ဂိုလ်တစ်ယောက်သည် ကျွန်ုပ်တို့၏ မိုးရေများကို ဖျက်ဆီးနေပါသည် ... ဟု လျှောက်ထားကြလေကုန်သည်။ ထိုအခါက မထေရ်မြတ်သည် နဂါးတို့အား နောက်ပါသံဃာတို့ကို မမြင်စေဘဲ ကိုယ်တော်တစ်ပါးတည်းသာလျှင် မြင်စေတော်မူသည်။ ထိုအခါ၌ နဂါးမင်းသည် ကောဓ အမျက် ပြင်းစွာထွက်လျက် အပြင်သို့ ထွက်လာပြီးလျှင် မထေရ်မြတ်ကို မြင်သောအခါ စိတ်ကိုမထိန်းနိုင်ရကား ကောင်းကင်တစ်ပြင်လုံးကို ကြောက်ဖွယ်လန့်ဖွယ် အံ့စဖွယ် ဖန်ဆင်းလေသည်။ ထိုထို ဤဤ အလီလီသော အရပ်မှ လေပြင်းမုန်တိုင်းကို တိုက်ခတ်စေသည်။ သစ်ပင်များ အတုံးအရုံး ပြတ်ကြစေကုန်သည်။ တောင်ထိပ် တောင်ထွတ်တို့ ပြတ်ကျလာစေကုန်သည်။ တထိန်းထိန်း မြည်ဟိန်းအောင် မိုးကိုချိန်းစေသည်။ လျှပ်စစ်လျှပ်ရောင်တို့ကို တပြောင်ပြောင် လက်စေသည်။ မိုးကြိုးတို့ မည်ဟစ်၍ ထိုထိုဤဤသို့ ပစ်ခတ်စေသည်။ ကောင်းကင်ကြီး ပြိုကွဲသကဲ့သို့ တစ်ခဲနက်သော မိုးကြီးကို ရွာစေသည်။ ကြောက်လန့်ဖွယ်အသွင် ဖန်ဆင်းသော နဂါးလုလင်တို့ စုရုံးကာ ပေါ်စေကုန်သည်။ နဂါးမင်းကိုယ်တိုင်လည်း မီးခိုးလုံးကြီး

* ကသဲပြည်၊ တရုတ်ပြည်ဟု သေကျွတောင် ဆရာတော် ဦးတိလောက ယူတော်မူသည်။

http://www.dhammadownload.com



လွှတ်ခြင်း၊ အာခံတွင်းက ဝင်းဝင်းလက်လက် စက်ကို လွှတ်ခြင်း၊ ပြင်းထန်စွာသော လေမုန်တိုင်းကြီးကို လွှတ်ခြင်း၊ ဤဦးပြည်းရဟန်းသည် ဘယ်သူလဲ ? ဆွဲကြ ရမ်းကြ ဖမ်းကြ နှင်ထုတ်ကြ စသည် ကြမ်းကြုတ် ရိုင်းပျသော အပြုအမူ အပြောအဆိုတို့ကို ပြုလုပ်ပြီးလျှင် နဂါးလုလင်တို့အား အမိန့်ပေးကာနေလေသည်။ မထေရ်မြတ်သည် ထိုကြောက်လန့်ဖွယ် အလုံးစုံတို့ကို တန်ခိုးတော်ဖြင့် ရှင်း၍ နဂါးမင်းအား ဤသို့ မိန့်တော်မူလေသည်။

၁။ အိုနဂါးမင်း– သင့်လို နဂါး မဆိုထားနှင့် လူရောနတ်ပါ ပြဟ္မာအားလုံး စုရုံးကာ ခြောက်လှန့်သော်လည်း ငါကိုယ်တော်မြတ်အား ကြောက်လန့်အောင် ပြုခြင်းငှာ မစွမ်းနိုင်။

၂။ အိုနဂါးမင်း– အကယ်၍ သင် အစွမ်းသတ္တိ တန်ခိုးရှိပါမူ ငါကိုယ်တော်၏ ဦးခေါင်းပေါ်သို့ တောင်စဉ်တောင်ထပ်တွေနှင့်တကွ သမုဒ္ဒရာကြီးပါ ပစ်ချပါလား။

၃။ အိုနဂါးမင်း– သင်သည် ငါကိုယ်တော်မြတ်ကို ကြောက်လန့်အောင် ပြုခြင်းငှာ မစွမ်းနိုင်ပေ။ အကယ်၍ သင်က ပြုပါမူ ငါ့အား မထိခိုက်ဘဲ သင့်အားသာ ပြန်လှန်ထိခိုက်ပေလိမ့်မည်။

ဤသို့သော အမိန့်သံကို ကြားရသော နဂါးမင်းသည် အားထုတ်သမျှ အကျိုးမရှိဘဲ တန်ခိုးလက်ရှိတို့ပင် တစိုးတစိမှ မရှိလေရကား ခဲလေသမျှ သဲရေကျပုံအသွင် ဖြစ်ရသောကြောင့် ဆင်းရဲငြိုငြင်စွာ မှိုင်တွေချ၍ နေလေသည်။ မထေရ်မြတ်သည် နဂါးမင်း ဇက်ယိုင်သွားသဖြင့် တရားစကားသွင်း အချက်ပိုင်ပြီဟု အောက်မေ့ပြီးလျှင် ထိုခဏချင်းပင် အမျိုးမျိုး အသွယ်သွယ် ဆန်းကြယ်သော ဒေသနာဓမ္မတို့ဖြင့် သေချာစွာ ဟောပြောပြပြီးလျှင် ထိုတရား၌ ဉာဏ်သက်ဝင်အောင် ဆောက်တည်စေပြီးလျှင် စိတ်ထဲတွင် ထက်ထက်မြက်မြက် သဒ္ဓါတက်ကာ လက်ပန်းပေါက်ခတ်နိုင်လောက်အောင်ပင် ဝမ်းမြောက်ရွှင်လန်း ပီတိလွှမ်းစေလျက် သာသနာ၏ ပထမ အဆင့်အတန်း ဖြစ်သော သရဏဂုံ ပဉ္စသီတို့၌ ရှစ်သောင်းလေးထောင်သော နဂါးပရိသတ်တို့နှင့် တည်စေတော်မူသတည်း။ နဂါးမှ တစ်ပါး အခြားသော ဟိမဝန္တာတွင် နေထိုင်ကြကုန်သော ဘီလူး၊ ဂန္ဓဗ္ဗ၊ ဂုမ္ဘန် တို့သည်လည်း မထေရ်မြတ်၏ ဓမ္မကထာတို့ကို ကြားနာရ၍ သရဏဂုံ ပဉ္စသီတို့၌ တည်ကြလေကုန်၏။ အထူးမှတ်ရန် အချက်မှာ ထိုတရားပွဲတွင် ပါဝင်သော ပဉ္စကဘီလူးသည် မယားနှင့်တကွ သား ၅၀၀ တို့ပါ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်ဖြစ်ကြလေကုန်သည်။ ထို့နောက် အရှင်မဇ္ဈန္တိကမထေရ်မြတ်သည် အလုံးစုံသော နဂါး၊ ဘီလူး၊ ရက္ခိုသ် အထူးထူးတို့ကို ခေါ်တော်မူ၍ "... ရှေးယခင် အထက်ထက်က သင်တို့သည် ထက်မြက် ထန်ပြင်း ဒေါသမာန်သွင်း သကဲ့သို့ ယခုအခါကစ၍ မပြုကြ မဖြစ်ကြစေနှင့်။ ကောက်ပင်ဖျက်ဆီးခြင်းကိုလည်း မပြုကြရ။ သတ္တဝါ အပေါင်းတို့သည် ချမ်းသာခြင်းကို အလိုရှိကြသည်။ သတ္တဝါအပေါင်းတို့၌ သင်တို့သည် "ချမ်းသာပါစေ" ဟု မေတ္တာပွားကြကုန်။ သူအများတို့သည် ချမ်းသာစွာ နေကြပါစေကုန်..." ဟူ၍ ယဉ်ကျေးအောင် ဟောပြ၍ ဩဝါဒပေးတော်မူလေသည်။ ထိုအလုံးစုံသော နဂါး၊ ဘီလူး၊ ရက္ခိုသ်တို့သည် သာဓုဘန္တေ ...၊ ကောင်းလှပါပြီ ဘုရားဟု မထေရ်မြတ်ထံ ဝန်ခံ၍ ဆုံးမဩဝါဒပေးသည့်အတိုင်း နေထိုင်ကြလေကုန်သည်။ ထိုနေ့သည်ပင်လျှင် နဂါးဘုရင်အား ပူဇော်ပွဲသဘင် ကျင်းပသောနေ့ကြီး ဖြစ်နေလေသည်။ ထိုအခါ နဂါးမင်းသည် မိမိ၏ ရတနာပလ္လင်ကြီးကို ယူဆောင်၍ မထေရ်မြတ်ကို ခင်းပေးလေသည်။ မထေရ်မြတ်သည် ထိုနဂါးဘုရင်၏ပလ္လင်၌ သီတင်းသုံး နေထိုင်လေသည်။ နဂါးမင်းသည်လည်း မထေရ်မြတ်ကို ယပ်ခပ်ကာ အနီးတွင် ထိုင်နေလေသည်။ ထိုသို့ နေထိုင်ပုံကို နဂါးဘုရင်ကို ပူဇော်ကန်တော့လာကြကုန်သော ကသ္မီရဂန္ဓာရ တိုင်းသားပြည်သူတို့ မြင်ရသောအခါ သြော်မထေရ်မြတ်သည် ငါတို့ နဂါးမင်းထက်ပင် တန်ခိုးအာနုဘော် ကြီးလှချေတကား ... ဟု အောက်မေ့ကြပြီးလျှင် မထေရ်မြတ်ကိုသာလျှင် ရှိခိုး၍ နေထိုင်ကြကုန်သည်။ မထေရ်မြတ်သည် ထိုပူဇော်ပွဲသဘင် လာကြကုန်သော ပရိသတ်အပေါင်းတို့အား အာသီဝိသောပမသုတ္တန်ကို ထုတ်ပြန် ဟောကြားတော်မူလေသည်။ တရားအဆုံးတွင် အားလုံးသော ၈၄၀၀၀ များမြောင် ပရိသတ်တို့သည် သောတာပန် စသည် ဖြစ်ကာဖြင့် နိဗ္ဗာန်၏ အရသာကို ခံစားရလေကုန်၏။ အမျိုးသား ၁၀၀၀၀ တို့သည် ဖန်ဝါသကန်း ဝတ်ဆင်မြန်း၍ ရဟန်းပြုကြ

http://www.dhammadownload.com



ကုန်သည်။ ထိုအခါမှစ၍ ယနေ့ကျအောင်ပင် ကသ္မီရဂန္ဓာရတိုင်း၌ သက်န်းရောင် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းသော ရဟန်းသံဃာတို့သည် လေစုန်လေဆန် ကဲ့သို့ အဖန်ဖန် တင့်တယ်လျက် ရှိလေသတည်း။ ထို မထေရ်မြတ် သာသနာပြုပုံကို ဝိနည်း အဋ္ဌကထာ၌ ဤသို့ မှာထားတော်မူလေသည်။

ဂန္ဓာ ကသ္မီရဂန္ဓာရံ၊ ဣသိ မဇ္ဈန္တိကောတဒါ၊
ဒုဋ္ဌံ နာဂံ ပသာဒေတွာ၊ မောစေသိ ဗန္ဓနာ ဗဟူ။
မဇ္ဈန္တိက ထေရ်ရှင် ၊
ကသဲ တရုတ်တိုင်း ကြွလှိုင်းကာပင်။
နဂါးယုတ်ကို အားထုတ်ပဲ့ပြင်၊
လူအများ တရားရစေရှင်။ ။

ယခုအခါမူကား ကသ္မီရဂန္ဓာရတိုင်း၌ မြတ်စွာဘုရား သာသနာသည် ဝင်လေပြီးသော နေမင်းကဲ့သို့ အရောင် အလင်း ထွန်းပခြင်း မရှိတော့ချေ။ ထိုသို့သော အကြောင်း ကြောင့် သာသနာတည်ပုံ အသွယ်သွယ် အကျယ်ကို ချဲ့ကာပြဆိုရန် ကိစ္စမရှိတော့သဖြင့် ဤတွင် တစ်ခန်း ရပ်လိုက်ပေသတည်း။ ။ ဤတွင် = သာသနာဝင် ကျမ်း၏ ၆ ပိုင်းမြောက် ကသ္မီရဂန္ဓာရတိုင်း သာသနာဝင် အခန်းကြီး အပြီးတည်း။

http://www.dhammadownload.com

# သတ္တမပိုင်း

## မဟိသကတိုင်း သာသနာဝင် အခန်းကြီး

တတိယ သင်္ဂါယနာတင်ပွဲကြီးယင်ပြီးသောအခါ အရှင်မောဂ္ဂလိပုတ္တ သာသနဦးစီး မထေရ်မြတ်သည် မဟာရေဝမထေရ်ကို ခေါ်တော်မူ၍ *မဟိံသကတိုင်းသို့ သာသနာပြု စေလွှတ်တော်မူသည်။ အရှင်မြတ်သည် မဟိံသကတိုင်းသို့ ကြွသွား၍ ဘုရားသာသနာကို ကောင်းစွာမသေ့ တည်ပါစေလော ... ဟု မိန့်မှာတော်မူလိုက်လေသည်။ ထိုအရှင် မဟာရေဝ မထေရ်မြတ်သည် ပစ္စန္တရာဇ်တိုင်း၌ ၅ ပါးရှိလျှင် ဥပသမ္ပဒကံ ရဟန်းခံနိုင်လောက်ပြီဟု မှတ်ထားကာ မိမိပါ ၅ ပါး (နောက်ပါ ၄ ပါး) နှင့်တကွ မဟိံသကတိုင်းသို့ ကြွတော်မူလေသည်။ မဟိံသကတိုင်း ရောက်သောအခါ မထေရ်မြတ်သည် တိုင်းသူပြည်သားတို့အား ဒေဝဒူတသုတ္တန်ကို ထုတ်ပြန် ဟောကြားတော်မူလေသည်။ တရားအဆုံး၌ အားလုံးသော ပရိသတ် ၄၀၀၀၀ တို့သည် ထွေးအောင်းလာသော အဝိဇ္ဇာ တိမ်သလာတို့ ကင်းရှင်း၍ ဓမ္မမျက်စိပွင့်လင်းကာ လာကြကုန်သတည်း။ ၄၀၀၀၀ သော အမျိုးသားတို့သည်လည်း ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်မှ လွတ်အောင်ရုန်းထွက်၍ ကုန်းအထက်ဖြစ်သော သာသနာတွင် ဖန်ဝါသကာန်း ဝတ်ဆင်မြန်း၍ ရဟန်းပြုကြကုန်သတည်း။ ထိုအကြောင်းကို အဋ္ဌကထာကြီး၌ ဤသို့ မိန့်မှာတော်မူလေသည်။

ဂန္တွာန ရဋ္ဌံ မဟိံသံ၊
မဟာရေဝေါ မဟိဒ္ဓိကော။
စောဒေတွာ ဒေဝဒူတေဟိ၊
မောစေသိ ဗန္ဓာဗဟူ။
မဟာရေဝ တေဇအရှင်၊
မဟိံသကတိုင်း ကြွလှိုင်း၍ပင်။
ဒေဝဒူသုတ်-ဟောထုတ်မိန့်တင်၊
လူအများ တရားရစေရှင်။ ။

ယခုအခါ၌မူကား ထိုမဟိံသကတိုင်း၌ ဗုဒ္ဓသာသနာသည် တိမ်တိုက် ဖုံးအုပ်ထားသော နေမင်းသည် အရောင်အလင်း မထွက်နိုင်သကဲ့သို့ ရှိလေသတည်း။

ဤတွင် ဗုဒ္ဓသာသနာဝင်ကျမ်း၏ သတ္တမပိုင်းဖြစ်သော မဟိံသကတိုင်း သာသနာဝင် အခန်းကြီး ပြီးပြီ။

ဖြဴဖြဴ

---

* အဿကတိုင်းရှိ ဟယတ်ပေါ်တန်ပြည်ဟု သေကျောင်း ဦးတိလောကဆရာ အယူရှိ၏။ အနောက်တိုင်းဆရာတို့က မိုက်စိုးပြည်တစ်ဝိုက်ကို ဆိုထားသည်။

http://www.dhammadownload.com

# အဋ္ဌမပိုင်း

## မဟာရဋ္ဌတိုင်း သာသနာဝင် အခန်းကြီး

တတိယ သင်္ဂါယနာတင်ပွဲကြီး ဆင်ယင်ပြီးသော အဆုံး၌ သံဃဦးစီး အရှင်မောဂလိပုတ္တတိဿ မထေရ်ကြီးသည် မဟာဓမ္မရက္ခိတမထေရ်ကို *မဟာရဋ္ဌခေါ် ရှမ်းပြည်တိုင်းသို့ စေလွှတ်တော်မူလေသည်။ အရှင်မြတ်သည် ထိုတိုင်းရပ်သို့ ကြွသွား၍ ဘုရားသာသနာကို ကောင်းစွာ တည်ထားပါဟု မိန့်မှာတော်မူလိုက်လေသည်။ မဟာဓမ္မ ရက္ခိတ မထေရ်မြတ်သည် နောက်ပါသံဃာ ၄ ပါးနှင့်တကွ မဟာရဋ္ဌ ရှမ်းတို့တိုင်းပြည်သို့ ကြွသွားတော်မူ၍ တိုင်းသားပြည်သူ များဗိုလ်လူတို့အား မဟာနာရဒ ဇာတ်တော်ကြီးဖြင့် ယဉ်ကျေးအောင် ဆုံးမ၍ နှလုံးဟာဒယ အေးလာသောအခါ သီတာရေချမ်းနှင့် တူသော တရားအမြိုက်ရည်ကို တိုက်ကျွေးသဖြင့် ၈၄၀၀၀ သော ပရိသတ်တို့ မဂ်ဖိုလ်တည်ကာ အသီးအသီး အရိယာဖြစ်ကြကုန်သည်။ ၁၃၀၀၀ များမြောင်သော ပါရမီရှင်တို့သည်လည်း သာသနာတွင် ရဟန်းပြုကြကုန်သတည်း။ ဤသို့ မဟာရက္ခိတ မထေရ် သာသနာပြုပုံ အခမ်းအနားကို အဋ္ဌကထာကြီး၌ ဤသို့ မိန့်မှာတော်မူလေသည်။

မဟာရဋ္ဌံ ဣသိ ဂန္တွာ၊
သော မဟာဓမ္မရက္ခိတော။
ဇာတကံ ကထယိတွာန၊
ပသာဒေသိ မဟာဇနံ။ ။

မဟာရက္ခိ ဣသိအရှင်၊
မဟာရှမ်းတိုင်း ကြွလှိုင်း၍ပင်။
နာရဒဇာတ် ဟောလတ်ခါပင်၊
လူအများ ရွှင်အားတက်စေပင်။ ။

ထိုမဟာရဋ္ဌတိုင်းကြီး၌ လူအများတို့သည် များသောအားဖြင့် မှားယွင်းလှသော မိစ္ဆာအမှု မီးပူဇော်ခြင်းကို ပြုကြလေကုန်သတဲ့။ ထို့ကြောင့်ပင် မထေရ်မြတ်သည် နာရဒဇာတ်တော်ကို ဟောကြား၍ အမှားကို ချွတ်ရလေသည်။ ထိုအခါမှစ၍ လူအများတို့သည် ဇာတ်တော်ဒေသနာကိုသာလျှင် များသောအားဖြင့် နာရန် အလိုရှိကြကုန်၏။ အထူးအားဖြင့် ဝေဿန္တရာဇာတ်တော်ကို မူကား ထိုတိုင်းသား တိုင်းသူတို့သည် များစွာသော ပူဇော်လှူဒါန်းဖွယ်တို့ဖြင့် ပူဇော်၍ နာကြလေကုန်သည်။ ထိုမဟာရဋ္ဌတိုင်းသည်ကား ရှမ်းပြည်အနီးတွင် တည်ရှိလေသည်။ ထို့ကြောင့် ရှမ်းလူမျိုး ရဟန်းရှင်လူတို့ပင်လျှင် များသောအားဖြင့် ဇာတ်နိပါတ်တော်ကို နာယူလိုကြကုန်သည်။

မဟာဓမ္မရက္ခိတ မထေရ်မြတ်သည် မဟာရဋ္ဌတိုင်းသားပြည်သူတို့နှင့်တကွ အလုံးစုံသော ရှမ်းပြည်သူပြည်သားတို့အားလည်း တရားအမြိုက်ရည်ကို တိုက်ကျွေးတော်မူလေသည်။ ယောနကဓမ္မရက္ခိတထေရ်သည် အပရန္တတိုင်းသို့ ကြွသွား၍ အလုံးစုံသော မြန်မာပြည်သူပြည်သားတို့အား တရားအမြိုက်ရေကို တိုက်ကျွေးသကဲ့သို့ပေတည်း။ စတုတ္ထပိုင်း ယောနကတိုင်း သာသနာဝင် အခန်းက ဆိုခဲ့သမျှသော စကားအစဉ်သည်လည်း ဤနေရာတွင်

* သေကျှတောင် ဦးတိလောက ဆရာတော်က တိုင်းကြီးဖြစ်သော ဝံသတိုင်းဟု ဆိုသည်။ ရှေးဆရာတော်ကြီးတို့က ရှမ်းပြည်ဟု ဆိုသည်။ အနောက်တိုင်းပညာရှိတို့ကမူကား ဘုံဘေမြို့မှ မိုင် ၁၅၀ ကွာ ဘုံဘေ အောက်ပိုင်း အိန္ဒိယ အလယ်ပိုင်း၏ အနောက်ဘက်ဟု ယူကြသည်။

http://www.dhammadownload.com



အကျုံးဝင်သည်ဟု မှတ်ကြရာသည်။ အကြောင်းမှာမူ ထို ၂ တိုင်းတို့သည် အတူတူ တည်နေသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် အရှင်နာဂသိန် ရဟန္တာ မထေရ်မြတ်သည်လည်း ယောနကတိုင်းတွင် သီတင်းသုံး နေထိုင်တော်မူ၍ ရှမ်းပြည်ပါ သာသနာပြုတော်မူလေ သည်။ ယောနကတိုင်းပြည်မှာ နေထိုင်ကြကုန်သော အရှင်မဟာဓမ္မဂမ္ဘီရဆရာတော်နှင့် အရှင်မဟာမေဓင်္ကရ ဆရာတော်တို့သည်လည်း နောက်ပါရဟန်း များစွာတို့နှင့် သီဟိုဠ်ကျွန်းသို့ ကြွပြီးလျှင် သီဟိုဠ်ကျွန်းမှတစ်ဖန် ပြန်လာ ကြသောအခါ ရှမ်းပြည် သောက္ကတဲမြို့တွင် နေထိုင်၍ သာသနာ ပြုတော်မူလေသည်။ နောက်မှ လကုန်းမြို့တွင် သီတင်းသုံးတော်မူပြန်၍ သာသနာကို ချီးမြှောက်တော် မူပြန်လေသည်။ ဤသို့လျှင် ယောနကတိုင်း သာသနာ ပွင့်လင်းသောအခါ ရှမ်းပြည်ပါ သာသနာပွင့်လင်းသည်ဟု မှတ်ကြရာသတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည်နောက် နှစ်ပေါင်း ၂၂၉၀ ပြည့်နှစ်တွင် သီဟိုဠ်ဘုရင် ဖြစ်သော "ကိတ္တိသိရိရာဇသီဟ မင်းကြီး၏ အဘိသိက်ခံပြီးနောက် ၃ နှစ်မြောက်၌ ထိုမင်းတရား၏ ကြားမှာသော သဝဏ်လွှာ အရ ရာမာဓိပတိ ဓမ္မိက မဟာဓမ္မရာဇာဓိရာဇာ မင်းတရား က စေလွှတ်ပို့သသော ဥပါလိမထေရ် စသည်တို့ ပြန်လာ ကြသောအခါ ထိုမထေရ်တို့ တည်ထောင်အပ်သော ဂိုဏ်းသံဃာသည် ဥပါလိဝံသဂိုဏ်းဟု ထင်ရှားလေသည်။ ထိုဥပါလိဝံသ ဂိုဏ်းတွင်လည်း ပုဗ္ဗာရာမဝါသီဂိုဏ်း၊ အဘယဂီရိဝါသီဂိုဏ်းဟု ၂ ဂိုဏ်း ထင်ရှားစွာ ရှိလေသည်။ ဤသို့လျှင် မဟာရဋ္ဌခေါ် ရှမ်းပြည်နှင့် ယောနကတိုင်း ရှမ်းပြည်တို့၌ သာသနာတော်သည် မြဲမြဲအရှည်ခန့်၍ တည်တံ့စွာ ဖြစ်ခဲ့လေသတည်း။

**ဤတွင် သာသနာဝင်ကျမ်းကြီး၏ အဋ္ဌမပိုင်းဖြစ်သော မဟာရဋ္ဌတိုင်း သာသနာဝင် အခန်းကြီး ပြီး၏။**

ဖဿဖဿ

http://www.dhammadownload.com

# နဝမပိုင်း

## စိန့်တိုင်း သာသနာဝင် အခန်းကြီး

တတိယ သင်္ဂါယနာတင်ပွဲကြီး ဆင်ယင်ပြီးသော အဆုံး၌ အရှင်မဟာမောဂ္ဂလိပုတ္တ နယကဦးစီး သံဃ မထေရ်ကြီးသည် အရှင်မဇ္ဈိမ မထေရ်ကို ခေါ်တော်မူ၍... သင်သည် *စိန့်တိုင်း (ဟိမဝန္တာအရပ်) သို့ ငါ၏အမိန့် အတိုင်းသွား၍ ဘုရားသာသနာကို ကောင်းစွာမသွေ တည်ပါစေလောဟု တိုက်တွန်းကာ စေလွှတ်တော် မူလေ သည်။ မဇ္ဈိမ မထေရ်မြတ်သည် ကဿပဂေါတ္တထေရ်, အဠကရေဝတထေရ်, ဒုန္ဒုဘိယထေရ်, မဟာရေဝတထေရ် တို့နှင့်တကွ ဟိမဝန္တာအရပ် စိန်တိုင်းငါးရပ်သို့ ကြွသွား တော်မူကြကုန်၍ ဓမ္မစကြာသုတ္တန် ဒေသနာတော်ကို ဟောပြော ကြည်ညိုစေကုန်လျက် ထို စိန့်တိုင်းသူ တိုင်းသား ကုဋေ ၈၀ တို့ကို မဂ်ဖိုလ်ရတနာ အဝတ်တို့ကို ဆင်ဝတ်တော်မူစေသည်။ မထေရ်မြတ် ၅ ပါးတို့သည် တစ်ပါးလျှင် တစ်ရပ်စီ ဟောပြော၍ အကြည်ညိုကို ခံတော်မူကြကုန်သည်။ တစ်ပါးတစ်ပါးထံ၌ ၁၀၀၀ မျှ လောက်သော ပါရမီရှင်တို့သည် ကျွတ်တန်းဝင်ကာ ရဟန်း ပြုကြကုန်သည်။ ဤသို့ပလျှင် စိန့်တိုင်း၌ ထိုအရှင်မြတ်တို့ သာသနာပြုပုံကို အဋ္ဌကထာ ဆရာကြီးက ဤသို့ ရေးသား ထားတော်မူလေသည်။

ဂန္တွာန မဇ္ဈိမတ္ထေရော၊ ဟိမဝန္တံပဒေသယိ၊
ယက္ခသေနံ ပကာသန္တော၊ ဓမ္မစက္ကပဝတ္တနံ။

မဇ္ဈိမ–တေဇအရှင်ထေရ်၊
စိန့်တိုင်းရပ်–ကြွလတ်ကြည်ညိုသည်။
ဘီလူးများ–ထင်ရှားပြလေသည်၊
ဓမ္မစက်–ဟောမြွက်မိန့်တော်ချီ။

ထိုစိန့်တိုင်း၌ လူအများတို့သည် များသောအားဖြင့် စန္ဒီပရမိသွာ မဟာပိန္နဲ စသော နတ်ဘီလူးတို့အား ပူဇော် ကိုးကွယ်ခြင်းပြုကာ နေကြကုန်သတဲ့။ ထို့ကြောင့်ပင် ထိုအရှင် ၅ ပါးတို့က ထိုဘီလူး စစ်သည်အများတို့ကို ထင်ရှားအောင် ကိုယ်ထင်ပြကာ တရားနာစေ၍ တရား တော်ကို ဟောတော်မူကြလေကုန်သည်။ ကသ္မီရဂန္ဓာရ တိုင်းသည်ပင် တစ်ခါတစ်ရံ စိန့်တိုင်း အပါအဝင် ဖြစ်နေ ဖူးလေသည်။ တစ်ခါတစ်ရံလည်း တိုင်းသီးတိုင်းခြားပင် ဖြစ်လေသည်။ စိန့်တိုင်း၌ ဘုရားသာသနာသည် အားနည်း စွာနှင့် တည်ခဲ့လေသည်။ ကြာမြင့်ခိုင်ခံ့စွာ မတည်ခဲ့။ ထို့ကြောင့် ယခုအခါ ထိုစိန့်တိုင်း၌ သာသနာတော်သည် အရိပ်အရောင်မျှသာ ရှိတော့သည်။ လေတိုက် လွင့်အပ် သော တိမ်တိုက်သည် ဖရိုဖရဲ လွင့်ကြဲသည်နှင့်တူစွာ ရှိလေသတည်း။

**ဤတွင် ဗုဒ္ဓသာသနာဝင်ကျမ်း၏ နဝမပိုင်း**
**ဖြစ်သော စိန့်တိုင်း သာသနာဝင် အခန်းကြီး**
**ပြီး၏။**

ဖဆဖဆ

* သေကျတောင် ဦးတိလောက ဆရာတော်က စိန့်တိုင်းကို ကမ္ဘောဇ တိုင်းမြောက်ပိုင်း ဗန်းမော်ကောင်းတုံအရပ်ဟု ဆိုသည်။ ဟိမဝန္တာအရပ် ကိုမူ ရှရှားတိုင်းဟု ယူထားသည်။

http://www.dhammadownload.com

# ဒသမပိုင်း

## အပရန္တတိုင်း သာသနာဝင် အခန်းကြီး

### မြန်မာပြည်အထက်ပိုင်း အပရန္တတိုင်း ပထမ သာသနာဝင်

ဤဆိုလတ္တံ့သော စကားအလာ အစဉ်တို့ကား အာဒိစ္စဝံသ မြန်မာ့မှန်ကင်း မင်းအဆက်ဆက်တို့၏ အာဏာ စက်ပျံ့နှံ့ရာ များစွာသော မြို့ခရိုင် ဇနပုဒ်တို့ဖြင့် ပါဠိအလို အားဖြင့် မရမ္မမဏ္ဍလ, သုနာပရန္တ, တမ္ဗဒီပဟု ခေါ်ဝေါ် သမုတ် ထင်ရှားသော အပရန္တတိုင်း (မြန်မာပြည် အထက် ပိုင်း) ၏ သာသနာဝင် စကားအစဉ်ပေတည်း။ ကျွန်ုပ် တို့ မြန်မာနိုင်ငံ၌ သုပ္ပါဒကဆိပ် ဝါဏိဇ္ဇဂါမ ကုန်သည် ရွာသားဖြစ်သော စူဠပုဏ္ဏ မဟာပုဏ္ဏခေါ်သော ညီနောင် ၂ ပါးကို စွဲ၍ မြတ်စွာဘုရား ရှိတော်မူစဉ် ဝါတော် ၂၀ ကျော်ကပင် သာသနာတော် ပထမ အရင်းအခက် ဆင်း သက် တည်တော်မူခဲ့ပြီ။ သို့ရာတွင် ခိုင်မြဲ ပျံ့နှံ့စွာကား မတည်ခဲ့လေ။ သို့ကြောင့်ပင် အရှင်မဟာ မောဂ္ဂလိပုတ္တ တိဿ ကိုယ်တော်ကြီးက သာသနာတော် ခိုင်မြဲစွာ တည်တံ့ ရေးအတွက် ယောနက ဓမ္မရက္ခိတ ထေရ်ကို ထပ်မံ စေလွှတ်ရပြန်သည်။ မြတ်စွာဘုရားသခင်သည် လက် ၄ သစ်ခန့်မျှပင် အဖိုးတစ်သိန်း ထိုက်တန်သော စန္ဒကူးနီ ကျောင်းတော်ကြီးကို ၇ ရက် အလှူခံကာ နေထိုင်တော် မူလျက် ဆည်းကပ်ရောက်လာ များစွာသော လူနတ် ဗြဟ္မာတို့အား တရား အရသာကို ဝစွာ တိုက်ကျွေးတော် မူခဲ့လေသည်။ ၇ ရက် အတွင်းတွင် ၁ ရက် ၁ ရက် အတွင်း၌ ၈၄၀၀၀ များမြောင်သော လူနတ်ဗြဟ္မာတို့ အား အကျွတ်တစ်တန် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာအရိယာ ဖြစ်စေတော်မူ၏။ ၇ ရက်ပေါင်းသော ၅၈၈၀၀၀ ငါးသိန်း ရှစ်သောင်း ရှစ်ထောင် အရိယာ ဖြစ်ကာ တရားရကြကုန်၏။ ဘုရားသခင်သည် ပြာသာဒ် ညင်သာ ယာဉ် ၅၀၀ တို့ဖြင့် အာကာဝေဟင် ထက် ကောင်းကင်က ကြွလာတော်မူသော ခရီး အကြားတွင် သစ္စဗန္ဓတောင်တွင်နေသော သစ္စဗန္ဓရသေ့အား ချွေချွတ် တော်မူကာ အဘိညာဉ် ၆ ဖြာ၊ တန်ခိုးအဖြာဖြာနှင့် ပြည့်စုံသော ရဟန္တာ ဖြစ်စေတော်မူ၏။ ဝါဏိဇ္ဇဂါမ ကုန်သည်ရွာတွင် ဣသိဒိန္နသူဌေးသား စသော ထင်ရှား သော သူဌေးသူကြွယ် စသည်များအား တရား အမြိုက် ရည်ကို တိုက်ကျွေးတော်မူခဲ့လေသည်။ ဤသို့လျှင် သစ္စဗန္ဓ, ဣသိဒိန္န, မဟာပုဏ်, စူဠပုဏ် စသော သူမွန် သူမြတ်တို့ကို အစွဲပြု၍ ကျွန်ုပ်တို့ မြန်မာပြည် အထက် ပိုင်း အပရန္တတိုင်း၌ ပထမရှေးဦး သာသနာ အညွန့်အဖူး တို့သည် ကူးလူးဆက်ဆံ ထွက်ပေါ်လာပြန်သတည်း။

### မြန်မာပြည်အထက်ပိုင်း အပရန္တတိုင်း ဒုတိယ သာသနာဝင်

ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ပြီးမြောက် အနှစ် (၂၃၅) နှစ် ရောက်သောအခါ တတိယ သင်္ဂါယနာတင် ပွဲကြီး ဆင်ယင်ပြီးသည့် အဆုံး၌ အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်သည် မိမိ၏ သဒ္ဒိဝိဟာရိက အတူနေ တပည့် ကြီး အရှင်ယောနက ဓမ္မရက္ခိတ မထေရ်ကို နောက်ပါ သံဃာ (၄) ပါးနှင့်တကွ မြန်မာပြည်အထက်ပိုင်း အပရန္တ တိုင်းသို့ စေလွှတ်တော်မူလေသည်။ အရှင်ယောနက ဓမ္မ ရက္ခိတထေရ် အရှင်သည် ဆရာမြတ်၏ အမိန့်အတိုင်း အပရန္တတိုင်းသို့ ကြွရောက်၍ အဂ္ဂိက္ခန္ဓောပမ သုတ္တန်ကို ထုတ်ပြန် ဟောကြားလျက် တိုင်းသားပြည်သူတို့အား ကြည်ညိုတော်မူစေသည်။ (၇၀၀၀၀) ခုနစ်သောင်းမျှ လောက်သော ပြည်သူပြည်သားတို့အား တရားအရသာကို

http://www.dhammadownload.com



ဝစွာ တိုက်ကျွေးတော်မူလေသည်။ တရားသက်ဝင်သော အမျိုးသားတို့ များစွာ ရဟန်း ပြုကြကုန်သည်။ အမျိုးသမီးများမှ (၆၀၀၀) ခြောက်ထောင်ကျော်မျှ ရဟန်းမိန်းမ ပြုကြသည်။ မိန်းမများ ရဟန်းပြုသည် ဆိုရာ၌ ချက်ချင်း ပြုသော အရေအတွက် မဟုတ်ပေ။ နောက်နောင်ကာလ ကြာမြင့်မှ ရဟန်းမိန်းမပြုသူ အရေအတွက် ဖြစ်ပေသည်။ အကြောင်းမူကား မိန်းမများမှာ ရဟန်းမိန်းမ ရှိမှသာ ရဟန်းပြုရသောကြောင့် လည်းကောင်း၊ သာသနာပြု ဆရာတော်တို့နှင့်အတူ ရဟန်းမိန်းမ ပါမလာသော ကြောင့် လည်းကောင်း၊ နောက်ကာလကြာမြင့်မှ ရဟန်းမိန်းမ လာရောက်၍ ထိုသူတို့၏အထံ ရဟန်းပြုကြသော စာရင်းပေါင်းချုပ်ကို ရေတွက်၍ (၆၀၀၀) ကျော်ဟု ဆိုထားသည်ဟု မှတ်ကြပါလေ။ သီဟိုဠ်ကျွန်းတွင် အနုလာဒေဝီ မိဖုရား ရဟန်းမိန်းမ ပြုလုပ်လိုသောအခါက အရှင်မဟိန္ဒက သင်္ဃမိတ္တာထေရီ ရဟန်းမိန်းမကို ခေါ်၍ ရောက်လာမှ ရဟန်းမ ပြုကဲ့သို့ မှတ်ကြပါလေ။ ဤသို့လျှင် အရှင်ယောနက ဓမ္မရက္ခိတ မထေရ်မြတ်ကို အစွဲပြု၍ မြန်မာပြည် အထက်ပိုင်း အပရန္တတိုင်း၌ များစွာသော သတ္တဝါတို့အား လောကီ လောကုတ္တရာ ၂ ဖြာသော အကျိုးကျေးဇူးတရား များစွာ တိုးပွားကြလေကုန်သတည်း။

**အဋ္ဌကထာလာ-သင်္ဂဟဂါထာ**

အပရန္တံ ဝိဂါဟိတွာ၊
ယောနကော ဓမ္မရက္ခိတော။
အဂ္ဂိခန္ဓူပမေ နေတ္ထ၊
ပသာဒေသိ ဇနေဗဟူ။ ။

**သင်္ဂဟ-ကဗျာ**

အပရန်တိုင်းတွင်း သက်ဆင်း၍ပင်၊
ယွန်းတိုင်းသား တရားစောင့်အရှင်။
အဂ္ဂိခန္ဓူပ် ဟောထုတ်ကာပင်၊
ပြည်သူများ တရားရစေရှင်။ ။

အဂ္ဂိခန္ဓူပမ ပုတ္တန်ကို ထုတ်ပြန် ဟောကြားရခြင်း၏ အကြောင်းထူးကို ဤသို့မှတ်ဖွယ်ရှိ၏။ အဂ္ဂိခန္ဓူပမ သုတ္တန်သည်ကား ရဟန်းတို့၏ အပြုအမူ အကျင့်အကြံ အဆိုးအကောင်းတို့ကို အကျိုးအပြစ်ပြ၍ ဟောတော်မူသော သုတ် ဖြစ်သည်။ ရဟန်းတို့အားသာလျှင် ထိုသုတ်ကို ဟောသင့်သည်။ သို့ဖြစ်ပါလျက် လူတို့အား ထိုသုတ်ကို ဟောတော်မူသည့် အဓိပ္ပာယ်မှာ အရှင်ပုဏ္ဏ, အရှင်သစ္စဗန္ဓတို့ ပထမ သာသနာဝင်ကစ် ဘုရားသခင်ဝါတော် ၂၀ ကျော်ကပင် အပရန္တတိုင်း၌ သာသနာသက်ဆင်းခဲ့ပြီး လက်စရှိခဲ့ပြီး ဖြစ်သဖြင့် အချို့နေရာများ၌ ရဟန်းများ ကြိုးကြားရှိသဖြင့် ထိုရဟန်းတို့ကို ထိပါးဟောကြားလိုသောကြောင့် လည်းကောင်း၊ ယခုလာဆဲ ဖြစ်သော သံဃာတော်၏ သန့်ရှင်းစင်ကြယ်သောအဖြစ်ကို သိစေလို၍ လည်းကောင်း အဂ္ဂိခန္ဓူပမသုတ္တန်ကို ထုတ်ပြန်ဟောကြားသည်ဟု မှတ်ကြပါလေ။ သို့မှသာလျှင် ပုဂံပြည်၌ အရည်းကြီးခေါ် ရဟန်းယောင် ရဟန်းတုတို့ ရှိသည်ဟု ဆိုလတ္တံ့သော စကားနှင့် တစ်သားတည်း ညီညွတ်မည် ဖြစ်လေသတည်း။ ဤကား မြန်မာပြည် အထက်ပိုင်း အပရန္တတိုင်း၌ ဒုတိယအကြိမ်မြောက် သာသနအရင်းအခက် ဆင်းသက်လာပုံ ဖြစ်လေသတည်း။

**မြန်မာပြည်အထက်ပိုင်း အပရန္တတိုင်း**
**တတိယ သာသနာဝင်**

သုံးလောကသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အရှင်ပုဏ္ဏမထေရ်၏ ပင့်လျှောက် တောင်းပန်အကြောင်းခံကြောင့် အပရန္တတိုင်း မြန်မာပြည်အထက်ပိုင်း စန္ဒကူး ကျောင်းတော်တွင် မွေ့လျော်၍ ငြင်ပြုး နေတော်မူတုံးအခါ၊ တစ်နေ့သ၌ အရှင်အာနန္ဒာ နောက်ပါတပည့်နှင့်တကွ တမ္ဗဒီပတိုင်းသို့ ဒေသစာရီ လှည့်လည်တော်မူသည်။ ခရီး ဒေသစာရီ လှည့်လည်တော်မူစဉ်အခါ အရိမဒ္ဒနခေါ် ပုဂံမြို့တော် တည်မည့်နေရာအနီး ရောက်သဖြင့် တောင်ထိပ်ပေါ်တွင် တန့်ရပ်တော်မူလျက် ... "ချစ်သား အာနန္ဒာ-နောင် အနာဂတ်အခါ ဤနေရာ၌ သမ္မုတိမင်းသည် အရိမဒ္ဒနမည် မင်းနေပြည်ကို ဖန်ဆင်းလတ္တံ့။ ထိုမြို့တွင် ငါဘုရားသာသနာ များစွာစည်ပင်ပြန့်ပွား ထွန်းကားစွာ တည်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ ဤအကြောင်းကို ရှေးဟောင်း ဗေဒင်ကျမ်းဂန်တို့၌ ပြဆိုခဲ့လေသည်။

http://www.dhammadownload.com



အရှင်ယောနက ဓမ္မရက္ခိတထေရ်သည် အပရန္တ တိုင်းသို့ ကြွစဉ်အခါက တမ္ဗဒီပတိုင်းသို့ လှည့်လည်တော်မူ၍ ပြည်သူပြည်သားတို့အား တရားအမြိုက်ရည်ကို ဝအောင် တိုက်ကျွေးတော်မူခဲ့သတည်း။ ဤအနက်သဘောကို ထိုစဉ်အခါ သာသနာဝင် မှတ်တမ်းကို အဋ္ဌကထာ၌ မင်းမျိုးမှပင် မင်းသား (၁၀၀၀) ရဟန်းပြုသည် ဆိုသော စကားအရနှင့် သိရပေသည်။ ထိုခေတ်က အပရန္တတိုင်းတွင် မင်းမရှိပေ။ တမ္ဗဒီပတိုင်းရှင် မင်းတရားကသာလျှင် လာရောက် အုပ်စိုးလျက်ရှိပေသည်။ အုပ်စိုးသူ မင်းမရှိက အပရန္တတိုင်း၌ အဘယ်မှာ မင်းမျိုး ရှိနိုင်ပါမည်နည်း။ ထို့ကြောင့် တမ္ဗဒီပတိုင်းမှသာ မင်းသား ၁၀၀၀ တို့ ရဟန်းပြုကြောင်းကို သိကြပါလေ။ ဤနေရာ၌ တမ္ဗဒီပတိုင်း သာသနာဝင်စကားကို ဆိုရန်အခွင့်သင့်သဖြင့် ဆိုရပေဦးမည်။

## တမ္ဗဒီပတိုင်း သာသနာဝင် စကားအစဉ်

ကျွန်ုပ်တို့ မြန်မာပြည် တမ္ဗဒီပတိုင်း၌ အရိမဒ္ဒနပြည်တွင် သမ္မုတိမည်သော မင်းတရားသည် ထီးနန်းအုပ်ချုပ် မင်းလုပ်လျက် ရှိလေသည်။ သမ္မုတိမင်း လက်ထက်မှ အနော်ရထာမင်းလက်ထက်အထိ သမထီးအရပ်၌ နေကြကုန်သော အရည်းကြီးခေါ် ရဟန်းကြီး ၃၀ တို့သည် တပည့်ပေါင်း ၆ သောင်းကို ဩဝါဒပေးလျက် နေကြကုန်သည်။ ထိုရဟန်းကြီးတို့၏ ဩဝါဒကား ဤသို့တည်း။ "သူ့အသက်ကို သတ်သောသူသည် ဤပရိတ်တော်ကို ရွတ်ဆိုက မကောင်းမှုမှ လွတ်သည်။ အမိအဘကို သတ်သောသူသည် ဤပရိတ်ကို ရွတ်က မကောင်းမှုမှ လွတ်သည်။ မင်းမှူးမတ် သူဌေးသူကြွယ် ပြည်သူပြည်သားတို့မှာ မိမိတို့ သားသမီးများကို ထိမ်းမြားမင်္ဂလာ ပြုသောအခါ ဆရာ အရည်းကြီးတို့အား ရှေးဦးစွာ ပန်းဦးဆက်ရသည် ဟူ၍ ညဉ့်ဦးကပင် ထိုအရည်းကြီးတို့ထံသို့ ပို့ထားရသည်။ နံနက်မိုးသောက် ပြန်လွှတ်၍ ရောက်လာမှ ထိမ်းမြားလက်ထပ်ပေးစားရသည်။

အရည်းကြီးတို့က ပန်းဦးမဆွတ်ဘဲ ထိမ်းမြားခဲ့သော် အစဉ်အလာကို ဖျက်သည်ဆိုပြီး ကြီးစွာသော အပြစ် အကုသိုလ်ကို ခံစားရသည်" ... ဟု မိမိတို့ ဒကာဒကာမတို့အား ဩဝါဒ ပေးကြကုန်၏။ ထိုဝါဒစကားကို ကြားရသော အနော်ရထာမင်းကြီးသည် ဆည်းပူးခဲ့ပြီးသော ပါရမီရှိသည်အတိုင်း ထိုဝါဒကို မနှစ်သက်နိုင်ချေ။ ထိုရဟန်းယောင်တို့၏ မဟုတ်မမှန် လုပ်ကြံသော မိစ္ဆာဝါဒဟု ဆုံးဖြတ်လိုက်လေသည်။ ထိုစဉ်အခါ ပုဂံပြည်သို့ ရဟန္တာ အရှင်အရဟံ ကြွလာ၍ သာသနာပြုတော်မူလေသည်။ အရှင်အရဟံ ရဟန္တာ၏ အတ္ထုပ္ပတ္တိမှာ ရာဇဝင်၌ပါသော အတ္ထုပ္ပတ္တိ၊ ပရိတ္တနိဒါန်း၌ပါသော အတ္ထုပ္ပတ္တိ၊ သာသနာဝင်စာများ၌လာသော အတ္ထုပ္ပတ္တိ ဟူ၍ ၃ မျိုး ရှိခဲ့လေသည်။

## ရာဇဝင်ကျမ်းလာ အရှင်အရဟံ၏ အတ္ထုပ္ပတ္တိ

ထိုခေတ်အခါ သုနာပရန် တမ္ဗဒီပတိုင်းတို့၌ ဘုရားသာသနာသည် စွဲစွဲမြဲမြဲ မတွင်ကျယ်၊ ပျံ့နှံ့သကဲ့သို့ မထွန်းလင်းသေးချေ။ ထို့ကြောင့် ရဟန္တာ အရှင်မြတ်တို့သည် မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူခဲ့သည့်အတိုင်း သာသနာ ထွန်းလင်းရန်အတွက် ကြံစည်ချက် ထုတ်ပြီးလျှင် တာဝတိံသာ နတ်ရွာသနင်း သိကြားမင်းထံသို့ သွား၍ သာသနာပြုနိုင်မည့် အာဇာနည်တစ်ယောက် ပေးပါဟု တောင်းပန်ကြကုန်၏။ သိကြားမင်းသည် ရဟန္တာများ အမိန့်အတိုင်း နတ်သားတစ်ယောက်ကို တောင်းပန်၍ ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေ တည်နေစေလေ၏။ ၁၀ လ လွန်မြောက် ဖွားမြင်ခြင်းသို့ ရောက်ပြီးလျှင် သီလဗုဒ္ဓိမည်သော ရဟန္တာမြတ် စောင့်ကြပ်ကြည့်ရှု၍ အသက် ၂၀ ပြည့်သောအခါ ရဟန်းပြုသည်။ မကြာမြင့်မီပင် ပိဋကတ် ၃ အင် ကျမ်းကျင်လိမ္မာလျက် ရဟန္တာ ဖြစ်လေသည်။ အရှင်အရဟံ ဟူသောအမည်ဖြင့် နိုင်ငံကျော်ကြားထင်ရှားတော်မူ၏။ အရှင်အရဟံ ထေရ်မြတ်သည် မြန်မာတိုင်းနိုင်ငံ၌ ဘုရားသာသနာ စင်ကြယ်သန့်ရှင်းလျက် ပျံ့နှံ့စွာ ထွန်းစိမ့်သောငှာ ပုဂံပြည်သို့ ကြွလာတော်မူ၍ မြို့နှင့် မနီးမဝေးသော တောအုပ်တစ်ခု၌ နေတော်မူသည်။ သိကြားမင်းသည် မုဆိုးတစ်ယောက်အား လှည့်စားဖြားယောင်း၍ အရှင် အရဟံကို မြင်စေသည်။ မုဆိုးသည် "ဩော် ... ဤသူကား လူ မဟုတ်၊ နတ်ဘီလူး ဖြစ်တန်ရာသည်။ အကယ်၍ လူဖြစ်လျှင်လည်း လူရိုင်း ဖြစ်တန်ရာသည်" ဟု ကြံစည် စဉ်းစားပြီးလျှင် ရှင်ဘုရင်

http://www.dhammadownload.com



အား ဆက်သမည်ဟု မြို့သို့ ခေါ်ဆောင်သွားလေသည်။ အရှင်အရဟံလည်း ပရိက္ခရာ ရှစ်ဖြာလွယ်လျက် လိုက်ပါတော်မူလေ၏။ မုဆိုးသည် ဘုရင်မင်းမြတ်အား တောအုပ်တစ်ခုမှ လူရိုင်းကိုတွေ့၍ ဆောင်ယူခဲ့ပါသည်ဟု လျှောက်လေလျှင် အနော်ရထာ ဘုရင်ကား "ဤပုဂ္ဂိုလ်ကား မြတ်သော ဣန္ဒြေနှင့် ပြည့်စုံပေသည်။ လူရိုင်းမဟုတ်။ သူတော်သူမြတ် ဖြစ်ပေမည်။ ဤပုဂ္ဂိုလ်၏အတွင်းသန္တာန်၌ အနှစ်သာရရှိသော တရား ရှိပေမည်" ဟု နေအရဏ်ကိုခံရသော ပဒုမာကြာသည် ကားကားစွင့်စွင့်ပွင့်ရန် ဖြစ်သကဲ့သို့ နူးညံ့ပျော့ပျောင်းသောစိတ်ရှိ၍ စုံစမ်းလိုရကား၊ အရှင်မြတ်သည် သင့်လျော်သောနေရာမှာ ကြည့်၍နေပါဟု, ဆိုလိုက်၏။ အရှင်အရဟံသည် ရွှေနန်းဦးကင် ရာဇပလ္လင်ပေါ်သို့တက်၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်။ အနော်ရထာမင်းစောသည်၊ ဤသူကား မြတ်သောနေရာမှာ ထိုင်သည်။ မချွတ်ဧကန် သူတော်သူမြတ် ဖြစ်ပေမည်ဟု ဆင်ခြင်စဉ်းစား၍၊ အရှင်–အရှင်သည် အဘယ်သူ၏ ဆွေမျိုး၊ ဘယ်သူ၏တပည့်၊ ဘယ်အရပ်မှ ကြွလာပါသနည်းဟု မေးလျှောက်တော်မူရာ၊ အရှင်အရဟံထေရ်မြတ်က ငါ၏ အမျိုးအနွယ်ကား လောက၌ ပြိုင်ဘက်မရှိ ဂုဏ်တော် ၉ ပါး၊ ဘုန်းတော် ၆ ပါး၊ အစိန္တေယျ ၄ ပါးနှင့် ပြည့်စုံသောဘုရားအမျိုးအနွယ်တည်း။ ငါ၏ဆရာကား သမ္မာသမ္ဗုဒ္ဓဘုရားရှင်ပေတည်း။ ငါသည် ရဟန်းသံဃာတော်တို့၏နေရာဌာနမှ ကြွလာခဲ့ပေသည် ... ဟု မိန့်ကြားတော်မူလေ၏။

အနော်ရထာမင်းစောသည်လည်း ဝမ်းမြောက်ရွှင်လန်း အားရနှစ်သက်စွာ ရှိလှသဖြင့် အရှင်၏ဆရာဟောကြားအပ်သော တရားကို အနည်းငယ်မျှ ဟောပြောပါဟု တောင်းပန်သည်တွင် ဓမ္မာသောက မင်းကြီးအားနိဂြောဓ သာမဏေ ဟောတော်မူသော အပ္ပမာဒ တရားတော်ကို အရှင်အရဟံက ဟောတော်မူသည်။ တရားဆုံးသောအခါ မင်းကြီးက ဤသို့ လျှောက်ထားပြန်လေသည်။ အရှင်မြတ်– ယခုအခါ၌ ဘုရားမြတ်စွာ ဘယ်အရပ်မှာ နေပါသနည်း၊ ဘုရားဟော်ဖော် တရားတော်ကား အဘယ်မျှ ရှိပါသနည်း၊ ဘုရား၏ တပည့်သားသံဃာတော်များကား ဘယ်မျှ ရှိပါသနည်း၊ အရှင်ကဲ့သို့သော ပုဂ္ဂိုလ်တို့ အခြားမှာ ရှိပါသလား–မရှိတော့ဘူးလားဟု မေးလျှောက်ရာ၊ အရှင်အရဟံထေရ်မြတ်က မင်းကြီး၊ ယခုအခါ ငါတို့ဆရာ ဘုရားမြတ်စွာသည် ခန္ဓာကိုယ် ရုပ်သိမ်း၍ ဓာတ်သိမ်းခြင်းအမှန် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီ။ ဓာတ်တော် မွေတော်သာ ကြွင်းကျန်တော့သည်။ ဘုရားဟောဖော် တရားတော်သည် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ အရေအတွက် ရှိသည်။ သထုံပြည်ဝယ် ပိဋကတ်တော် အစုံ ၃၀ ရှိပေသည်။ ငါမှတစ်ပါး ပရမတ္ထသံဃာ၊ သမ္မုတိသံဃာ ဟူ၍ သံဃာ ၂ မျိုး ရှိကြောင်းကို မိန့်တော်မူသည်။ ထိုစကားကိုကြား၍ ဘုရင်မင်းမြတ်သည် အတိုင်းထက်အလွန် သဒ္ဓါထက်သန်ကာ ဤသို့ တစ်ဖန် လျှောက်ပြန်သည်။ အရှင်ဘုရား ဒကာတော်သည် ဤဘဝ၌ အရှင်မှတစ်ပါး ကိုးကွယ်အားထားရာ မရှိတော့ပါ။ ယနေ့မှစ၍ အသက်ထက်ဆုံး တပည့်ရင်းချာ ဥပါသကာဟု မှတ်တော်မူပါ။ ယနေ့မှစ၍ အရှင်၏ အဆုံးအမ ဩဝါဒကို ဦးထိပ်ဝယ် ပန်ဆင်သောတပည့်ရင်းပါဟု လျှောက်ပြီးလျှင် အရညကင်မူတင်ရသော တော၌ တင့်တယ်ကောင်းမွန်သော ကျောင်းကြီးကိုဆောက်၍ လှူတော်မူသည်။ အရည်းကြီး ရဟန်းယောင်တို့၏ မှားသော အယူဝါဒကိုလည်း ပယ်ရှားသုတ်သင်ပစ်လိုက်လေသည်။ "ရွှေခွက်ကို ရသောသူသည် မြေခွက်ကို ပစ်သကဲ့သို့" တိုင်းပြည်တစ်ခုလုံး၌ အရည်းကြီးတို့၏ အယူဝါဒကို ပြည်သူပြည်သားတို့အား မင်းအာဏာနှင့် ပယ်ရှားစေတော်မူ၏။ အရည်းကြီးတို့သည် လာဘ်သပ္ပကာ ဆုတ်ယုတ်သဖြင့် အရှင်အရဟံအား ရန်ငြိုးဖွဲ့ကြကုန်သည်။ ထိုရဟန်းယောင် အရည်းကြီးတို့သည် အရှင်မရှိသော တောခွေးတို့ကဲ့သို့ မှီခိုအားထားရာမရှိဘဲ ကိုယ်စိတ် ၂ တွဲ ဆင်းရဲဒုက္ခကို ခံစားရကုန်သည်။ ဘုရင်မင်းမြတ်သည် ရန်ငြိုးဖွဲ့ကြောင်းကို သိရသဖြင့် ထိုရဟန်းယောင် အရည်းကြီးတို့အား မလွှမ်းမိုးနိုင်အောင် အစောင့်အရှောက် ထားတော်မူသည်။ အရည်းကြီး ရဟန်းယောင် ဆရာကြီး ၃၀ တို့နှင့် တပည့် ၆ သောင်းတို့ကို လူဝတ်လဲစေပြီးလျှင် အဲမောင်းကိုင် လှံကိုင်၊ ဆင်ခြေးကျုံး၊ မြင်းခြေးကျုံး နေရာ၌ ချထားတော်မူသည်။ အရှင်အရဟံ မထေရ်မြတ်သည် သာသနာ၌ကြည်ညို သက်ဝင်သူတို့ကို ရဟန်း ပဉ္စင်းပြု၍ သာသနာ

http://www.dhammadownload.com



တော်ကို စင်ကြယ်စေတော်မူ၏။ အနော်ရထာမင်းစောသည် ဩော် ... ဤပြည်ကို ယခင်က မင်းလုပ်ကြကုန်သော အဆက်ဆက်သော ဘေးလောင်းတော် ဘိုးလောင်းတော်တို့သည် အရည်းကြီးတို့၏ အယူမှားကို ယူမှားကြလေကုန်သည်။ ထိုကဲ့သို့ မှားယွင်းခဲ့ပြီးသည်ကို တစ်ဖန်ပြန်၍ ယူနိုင်ပါမူပြန်၍ အကျိုးရှိအောင် ပြုချင်ဘိတော့သည် ... ဟု နှောင်တကြီးစွာ သံဝေဂရရှိတော်မူလေသတည်း။ ။ ဤကား ရာဇဝင်ပါ အရှင်အရဟံ၏ အတ္ထုပ္ပတ္တိပေတည်း။ ။

### ပရိတ္တနိဒါန်းလာ အရှင်အရဟံ၏ အတ္ထုပ္ပတ္တိ

သီဟိုဠ်ကျွန်းတွင် ဝိပ္ပဝါသမြို့၌နေသော ရဟန်းတစ်ပါး ရှိလေသည်။ ထိုရဟန်းသည် ဥပဒ္ဒါရာဝတီပြည်သို့သွား၍ ပိဋကတ် ကျမ်းဂန် သင်ကြားသည်။ ထိုနောက်တစ်ဖန် သထုံပြည်သို့သွား၍ ပိဋကတ်ကျမ်းဂန် သင်ကြားပြန်သည်။ ထိုခေတ်အခါက သရေခေတ္တရာပြည်၌ သခွတ်ပင်ထဲက ကျမ်းစာရသည် ဟူသောစကားကို ကြား၍ သထုံပြည်မှ သရေခေတ္တရာပြည်သို့ ကြွသွားလေသည်။ လမ်းခရီးတွင် မုဆိုးတစ်ဦးက မထေရ်မြတ်ကို ဘီလူး မှတ်ထင်၍ ဖမ်းယူပြီးလျှင် အနော်ရထာမင်းစောအား ဆက်သလေသည်။ ထိုအခါ အနော်ရထာမင်းစောက အရှင်အရဟံကို အဘယ်လို လူမျိုးနည်းဟု မေးရာ "ငါကား ဂေါတမဘုရား၏ တပည့်သားတည်း" ဟု ဖြေကြားတော်မူလေသည်။ တစ်ဖန် ဘုရင်က "ရတနာသုံးပါး ဂုဏ်ကျေးဇူးကား ဘယ်လိုဘယ်ပုံ ရှိပါသနည်း" ဟု မေးရာ အရှင်အရဟံက "ဒကာတော်မင်းကြီး, မြတ်စွာဘုရားကား မဟော်သဓာ ပညာရှိကဲ့သို့၊ တရားတော်ကား ဥမင် လိုဏ်နန်းကဲ့သို့၊ သံဃာတော်ကား ဝိဒေဟရာဇ်မင်းကြီး စသော စစ်သည် ဗိုလ်ခြေတို့ကဲ့သို့ တူလှပေသည်" ဟု ဖြေကြားတော်မူလေသည်။ ထိုနောက် တစ်ဖန် ဘုရင်မင်းမြတ်က "အရှင်မြတ်, ဤပြည်၌ရှိကုန်သော အရည်းကြီး ရဟန်းတို့သည် ဘုရားဂေါတမ၏ တပည့်သာဝက ဟုတ်ပါသလား"

"ဒကာတော် မင်းကြီး ဤအရည်းကြီး ရဟန်းတို့ကား ဂေါတမဘုရား၏ တပည့်သား မဟုတ်ကုန်၊ ငါတို့နှင့် သဘောမတူ အမှုကွဲပြားသော တက္ကဒွန်းရဟန်းများ ဖြစ်ပေသည်"ဟု မိန့်ကြားတော် မူလိုက်လေသတည်း။

ထိုအခါမှစ၍ ဘုရင်မင်းမြတ်သည် ရဟန်းတုရဟန်းယောင် အရည်းကြီး တက္ကဒွန်းကောင်တို့ကို သုတ်သင် ပယ်ရှားတော်မူသည်။ မြက်ပင်လောက်မျှ အရေးစိုက်တော် မမူ။ သခွတ်ပင်ထဲမှရသော ထိုတိတ္ထိတို့ ကျမ်းစာကိုလည်း ထိုရရာ နေရာမှာပင် မီးတိုက်ပစ်လေသည်။ ထိုအရပ်ကား ယနေ့အထိ **"မီးတိုက်ကုန်း"** ဟု ထင်ရှား၍ နေလေတော့သည်။ အရှင်အရဟံမထေရ်မြတ်သည် ဝိမာန ဝတ္ထုဒေသနာတော်ကို ဘုရင်မင်းမြတ်အား ဟောကြားတော်မူလေသည်။ ဘုရင်မင်းမြတ်သည် အလွန် ကြည်ညိုသဖြင့် သီရိခေတ္တရာပြည်က အပြန်တွင် ပုဂံပြည်သို့ ပင့်ယူ ကိုးကွယ်လေသည်။ သခွတ်ပင်ထဲက ကျမ်းစာရခြင်း အကြောင်းမူကား။ ။ အရည်းကြီး ရဟန်းတို့တွင် ဥပါယ်တံမျဉ်၌ လိမ္မာသော အရည်းကြီး ဂိုဏ်းဝင် ရဟန်းယောင် တစ်ယောက်သည် မိမိတို့ဝါဒအတိုင်း ကျမ်းစာတစ်ခု ရေးပြီးလျှင် သီရိခေတ္တရာပြည်ရှိ သခွတ်ပင်ကြီးကိုထွင်း၍ သွင်းပြီးမှ မြေလိမ်းကျံ၍ ပြကတေ့ မူလအတိုင်းဖြစ်အောင် ထားလေသည်။ ထိုနောက် ငါတို့သည် အိပ်မက်ထဲ၌ သခွက်ပင်ထဲတွင် အနှစ်သာရနှင့် ပြည့်စုံသော ကျမ်းစာတစ်စောင် ရှိကြောင်းကို မြင်မက်သည် ဟူသော ကောလာဟလ သတင်းစကားကို ဖြစ်ပွားစေကုန်သည်။ ထိုစကားကို အနော်ရထာမင်းစော ကြားသိ၍ သီရိခေတ္တရာပြည်သို့ တပ်ချီတက်သွားပြီးလျှင် သခွတ်ပင်ကြီးကို ဖောက်ခွဲရာ ကျမ်းစာရခဲ့သည်။ ကျမ်းတွင်မူကား အရည်းကြီး ရဟန်းတို့ အယူဝါဒ မှန်ကန်ကြောင်း၊ ဂေါတမဘုရား ၏ တပည့်သားဖြစ်ကြောင်း၊ ထိုအကျင့်သည် နတ်ရွာ ရောက်ကြောင်း လမ်းကောင်းဖြစ်သည် စသည်ဖြင့် ပါရှိလေသည်။ အနော်ရထာမင်းသည် မကြည်ညိုဘဲ မလွဲသာလှ၍ ယုံမှားသင်္ကာနှင့်ပင် တည်မြဲလျှမြဲ အလှူဝတ်ကို တည်ပြန် လှူပြန်လေသည်။ ထိုနောက် အရှင်အရဟံ မထေရ်မြတ်၏ တရားစကားတို့ကို နာကြားပြီးမှ ထိုကျမ်းကို မီးတိုက်လေတော့သည်။

ဤသို့ အရည်း ရဟန်းတို့၏ စကားကိုကြား၍ သီရိခေတ္တရာမြို့သို့သွားပြီး ပုဂံမြို့သို့ ပြန်အလာတွင် အရှင်အရဟံမထေရ်ပါ ပင့်ယူခဲ့ပြီးလျှင် ပုဂံပြည် ရောက်သောအခါ ဇေတဝန်ကျောင်းတော် ဆောက်၍ တင်လှူ

http://www.dhammadownload.com



တော်မူလေသည်။ အရှင်အရဟံမထေရ်ဟု နာမည်တွင် စေတော်မူသည်။ မထေရ်မြတ်သည် သာသနာကို သုတ် သင်၍ နေတော်မူသည်။ ဘုရင်မင်းမြတ်သည် နေ့စဉ် ရေထမ်း၍ မိဖုရားက ဆွမ်းအုပ်ရွက်ကာ ထက်မြက် သော စေတနာနှင့် လုပ်ကျွေးတော်မူသည်။ အုံ့ဩဖွယ် ကောင်းလေစွ၊ ယုံမှားသံသယဖြစ်ရာ ဟူသမျှကိုလည်း မေးမြန်းတော်မူသည်။ ဖြေကြားတိုင်း သဒ္ဓါတရားတို့ သည် ဒီရေအလား တိုးတက်လေသတည်း။ ။ ဤကား ပရိတ္တနိဒါန်းလာ အရှင်အရဟံ အတ္ထုပ္ပတ္တိပေတည်း။

## သာသနာဝင် အဆက်ဆက်လာ အရှင်အရဟံ အတ္ထုပ္ပတ္တိ

သုဝဏ္ဏဘုံ မြို့သထုံတွင် ရျာန်ယာဉ် သမာပတ်ရ သော အနောမဒဿီထေရ် အရှင်သည် အရှင်သောဏ ဥတ္တရတို့ ပြုစုခဲ့သော သာသနာဝင် အဆက်အနွယ်ကို မပျက်မကွယ်အောင် စောင့်ရှောက်လျက် သံဃာ ၅၀၀ နှင့် အတူတကွ သာသနာပြုကာ နေတော်မူသည်။ အနော မဒဿီထေရ်အရှင်၏ တပည့်ရင်းကား အရှင်အဓိသီလ၊ ထိုအရှင်၏ တပည့်ကား အရှင်ပြာနဒဿီ၊ ထိုအရှင်၏ တပည့်ရင်းကား အရှင်ကာလ၊ ၎င်း၏ တပည့်ရင်းကား အရှင်အရဟံ၊ ၎င်း၏တပည့်ရင်းကား အရှင်အရိယာဝံသ တို့ ဖြစ်လေသည်။ ဤသာသနာဝင် ဆရာအစဉ် စာတမ်း ၌ အရှင်ဥတ္တရာဇီဝထေရ် မပါရှိချေ။ ဥတ္တရာဇီဝ ထေရ် မြတ်သည်ကား ရာမညတိုင်းဖွား အရှင် အရိယာဝံသ မထေရ်၏တပည့် ဖြစ်သည်။ အရှင်အရိယာဝံသ မထေရ် သည် ကပ္ပုင်္ဂမြို့နေ မဟာကာလထေရ်၏တပည့်၊ ထို အရှင်သည် သထုံမြို့ ပြာနဒဿီမဟာထေရ်၏တပည့် ပင်တည်းဟု ဆိုသော ကလျာဏီကျောက်စာနှင့် မညီ ချေ။ သို့ပင်မညီသော်လည်း သဘောအဓိပ္ပာယ်ကား မပျက်ပေ။ ဆရာအမျိုးမျိုးတို့၏ ဝါဒအထူးထူး အထွေ ထွေ ရှိပါသော်လည်း အရှင်အရဟံ မထေရ်မြတ်၏ ပုဂံ ပြည်သို့ သာသနာလာ၍ပြုသည် ဆိုသော သဘော အဓိပ္ပာယ်သာ ပဓာန ဖြစ်ပေသည်။

အရှင်အရဟံ ထေရ်မြတ်သည်ကား ဓမ္မဒဿီ ဟူ သော ငယ်နာမည်ရင်းဖြင့် ထင်လင်းကျော်စောသည့် သထုံမြို့နေ သီလဗုဒ္ဓိ မထေရ်မြတ်၏ တပည့်ပင်တည်း။ ထိုအရှင်မြတ်သည် သာမဏေမပြုမီကပင် ဗေဒင် ၄ ပုံကို သင်ကြား၍ တတ်မြောက်ပြီး ဖြစ်သည်။ သာမဏေပြုပြီး သောအခါ အဋ္ဌကထာနှင့်တကွသော ပိဋကတ် ၃ ပုံကို သင်ကြား၍ တစ်ဖက်ကမ်းရောက် တတ်မြောက်ထင်ရှား သဖြင့် သောတ္တတဲ မြို့သူမြို့သားတို့က ပင့်ဆောင် ကိုးကွယ်ကြသည်။ ထိုမြို့တွင် ၁၀ နှစ် နေခဲ့ပြီးမှ သထုံ မြို့သို့ပြန်၍ တောရကျောင်း ဆောက်တည်နေလေသည်။

သာသနာသက္ကရာဇ် ၁၅၆၁ ခု၊ ကောဇာ ၇၉၃ ခုနှစ် ရောက်လတ်သော်၊ ပုဂံပြည်တွင် အနော်ရထာမင်း စော ထီးနန်းသိမ်းပိုက်သည်။ ထိုအခါ ပုဂံပြည်၌ အရည်း ကြီး ရဟန်းယောင်တို့သည် ငါတို့ ဂေါတမဘုရား တပည့်သားဟု နာမည်ခံလျက် ၃၀ စီ စု၍ နေကြကုန် သည်။ ၃၀ အစု အသင်းအပေါင်း ၁၀၀၀ မျှ ရှိကုန်သတဲ့။ အနော်ရထာမင်းစောသည် ထိုအရည်းကြီးတို့၏ အိမ်ရာ ထောင်နိုင်တဲ့ အပြဟ္မစရိယ အကျင့်ကို ကြားရကတည်းက နားဝ၌ နစ်မြိုက်ကြည်ညိုခြင်းသဒ္ဓါ မဖြစ်ပေ။ သို့ရာ တွင် ရှေးအစဉ်အဆက်က ဆင်းသက်လာဖြင့် မစွန့်ပယ် သေး။ အရှင်အရဟံ မထေရ်မြတ်ကို ကြည်ညိုပြီးသော အခါမှစ၍ ထိုရဟန်းတု ရဟန်းယောင် အရည်းကြီးတို့ အား နေ့စဉ်ပြုမြဲ ဝတ်နိဗဒ်များကို ပယ်ရှားသုတ်သင်၍ ဘုရားသာသနာကို များစွာ ကြည်ညိုတော်မူလေ သတည်း။ ဤသည်တို့ကား မြန်မာပြည် တမ္ဗဒီပတိုင်း ပုဂံမြို့တွင် အရှင်အရဟံထေရ်ကို အကြောင်းပြု၍ ၃ ကြိမ်မြောက် သာသနာဝင် ဖြစ်လေသတည်း။

## မြန်မာပြည် အထက်ပိုင်း တမ္ဗဒီပတိုင်း စတုတ္ထ သာသနာဝင်

ထိုအခါက အရှင်အရဟံထေရ်မြတ်သည် အနော် ရထာမင်းစောအား ဤသို့ မိန့်ကြားတော်မူသည်။ ဒကာ တော် မင်းကြီး၊ သာသနာ ၃ ရပ်တွင် ပရိယတ္တိသာသနာ ရှိမှ ပဋိပတ္တိ သာသနာ ဖြစ်နိုင်သည်။ ပဋိပတ္တိသာသနာ တည်မှလည်း ပဋိဝေဓသာသနာ တည်နိုင်သည်။ ဥပမာ အားဖြင့် နွားပေါင်း ရာထောင် ရှိသော်လည်း အနွယ်ကို စောင့်နိုင်တဲ့ နွားမ မရှိပါမူ ထိုအနွယ်အစဉ်သည် မဆက် စပ်နိုင်။ ထို့အတူပင် ခုတင် ပဋိပတ် ရှိကုန်သော ရဟန်း ပေါင်း အရာအထောင်ပင် ရှိပါသော်လည်း ပရိယတ္တိ

http://www.dhammadownload.com



ကွယ်ပျောက်ပါက ပဋိဝေဓ သာသနာ မရှိနိုင်ချေ။ ဥပမာအားဖြင့် မြေတွင်မြှုပ်ထား ရွှေအိုးများကို သိစေခြင်း အကျိုးငှာ အထိမ်းအမှတ်ထားသော ကျောက်တိုင်၌ ရေးထားအပ်သော အက္ခရာတို့ မပျောက်သေးပါက ရွှေအိုးများ ပျောက်ကွယ်ကုန်ပြီဟု မဆိုနိုင်သကဲ့သို့၊ ထို့တူ မခြား ပရိယတ္တိတရား ထင်ရှား တည်ရှိပါက သာသနာ မကွယ်နိုင်ချေ။ တစ်ဖန်တုံ ကြီးစွာသော ကန်ကြီး၏ အဆီးအတား ကန်ပေါင်ရိုးကြီးများ ခိုင်ခံ့စွာ တည်ရှိပါက ရေမတည်ဘူးဟု မဆိုနိုင်ချေ။ ရေရှိပါက ရေကန်တွင်းရှိ ပဒုမ္မာကြာတို့သည် မပွင့်ဘူးဟု မဆိုနိုင်ချေ။ ဤနည်းအတူပင် ရေကန်ကြီး၏ အဆီးအတား ကန်ပေါင်ရိုးကြီးနှင့်တူသော ပိဋကတ် ၃ ပုံတည်းဟူသော ဘုရားစကား ပရိယတ္တိ တရားကြီးများ တည်ရှိပါမူ ရေနှင့်တူသော ပဋိပတ် ကျင့်ကုန်သော သူတော်ကောင်း အမျိုးသားတို့ မရှိဟု မဆိုအပ်ချေ။ ရေနှင့်တူသော အကျင့်ပဋိပတ် သမားများ ရှိပါက ပဒုမ္မာကြာပွင့်နှင့်တူသော ပဋိဝေဓ သာသနာသည် မရှိဘူးဟု မဆိုနိုင်။ ဧကန်မုချ ရှိပေရာသည်။ ထို့ကြောင့် အရင်းမူလ ပမာဏာမှာ ပရိယတ္တိ တရားသာ ဖြစ်ချေသည်။ ယုတ်စွအဆုံး အောက်ထစ်ဆုံးနည်းအားဖြင့် ဘိက္ခု ဘိက္ခုနီ ပါတိမောက် ၂ ကျမ်းမျှ သင်ကြားလေ့လာ ပရိယတ္တိ သာသာနာ တည်ရှိပါမူ သာသနာ မကွယ်နိုင်ပေ။ ပရိယတ္တိ သာသနာ ကွယ်ပသည်ရှိသော်၊ ကျင့်၍ တရားကို သိနိုင်သော ဓမ္မာဘိသမယ မရှိနိုင်တော့ချေ။ ပရိယတ္တိ သာသနာ မကွယ်မှသာလျှင် ကျင့်ကြံသိရသော ဓမ္မာဘိသမယ ရှိနိုင်သည်။ ယခုအခါ ငါတို့မှာ ပရိယတ္တိ သာသနာ ပြည့်စုံစွာမရှိ။ ဓာတ်တော် မွေတော်လည်း ကိုးကွယ်ရာ မရှိချေ။ ထို့ကြောင့် ပရိယတ္တိ သာသနာနှင့် သာရီရဓာတ်တော်ရှိရာသို့ လက်ဆောင်ပဏ္ဏာနှင့် သံတမန် စေလွှတ်၍ ပင့်ဆောင်သင့်ပေသည်။ သို့မှသာ ငါတို့ မြန်မာပြည်၌ ဘုရားသာသနာ ကြာမြင့်စွာ တည်ပေလိမ့်မည်ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ အနော်ရထာမင်းစောက ပရိယတ်နှင့် သာရီရဓာတ် မွေတော်မြတ်ကို အဘယ်အရပ်မှာ တောင်းရပါမည်နည်းဟု မေးလျှောက်ရာ၊ အရှင်အရဟံထေရ်က သထုံပြည်တွင် ပိဋကတ် ၃ ပုံ အစုံ :ပြီး ရှိလေပြီ။ သရီရဓာတ်ေ ် မွေ ် တို့လည်း များစွာရှိပေသည်ဟု မိန့်ကြားတော်မူသည်။

အနော်ရထာမင်းစောသည် ကောင်းလှပါပြီ၊ အမိန့်အတိုင်းပါဘုရားဟု ဝန်ခံပြီးလျှင် များစွာသော လက်ဆောင်ပဏ္ဏာတို့ကို စီရင်၍ ရွှေပေလွှာနှင့် စာရေးပြီးလျှင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အမတ်လိမ္မာအား ပိဋကတ်နှင့် ဓာတ်တော် မွေတော် တောင်းရန် သထုံပြည်သို့ စေလွှတ်လိုက်လေသည်။ သထုံပြည့်ရှင် ဘုရင်မနောဟရိ မင်းကြီးသည် အကြောင်းခြင်းရာကို အကုန်သိရသောအခါ ဝန်တိုသောစိတ် ရှိသည်ဖြစ်၍ ... "သင်တို့ကဲ့သို့သော မိစ္ဆာဒိဋ္ဌိ တိုင်းပြည်၌ ပိဋကတ်တော်နှင့် သာရီရ ဓာတ်တော်များပေးရန် မသင့်တော်။ ငါတို့ကဲ့သို့သော သမ္မာဒိဋ္ဌိ တိုင်းပြည်၌သာ လောကထွတ်ဖျား မြတ်ဘုရား၏ သာသနာ ကောင်းစွာတည်လိမ့်မည်။ ဥပမာအားဖြင့် ခြင်္သေ့ဆီသည် နာရဇ်ရွှေခွက်မှာမှ တည်နိုင်သည်။ မြေခွက်၌ မတည်နိုင်သကဲ့သို့ ရှိပေသည် ... ဟု တလိုင်းရာဇာသည် ရိုင်းစိုင်းစွာ မိန့်ဆိုလိုက်လေသည်။ သံအမတ်သည် အရေးမသာ ရှိခဲ့၍ ပြန်လာပြီးလျှင် အရှင်နော်ရထာမင်းစောအား အကြောင်းဥဿုံကို သံတော်ဦးတင်လိုက်ရာ၊ မင်းကြီးသည် ချစ်ချစ်ပူနေသော အိုးကင်း၌ ကျသော နှမ်းစေ့များ ဖြစ်ဖြစ်မည်သကဲ့သို့ ဒေါသအမျက် ချောင်းချောင်းထွက်တော်မူသဖြင့် ရေကြောင်းက လှေ ၈ သိန်း၊ စစ်သား ၈ ကုဋေ၊ ကုန်းကြောင်းစစ်ဘက်က စစ်သူကြီး ၄ ယောက်နှင့် ဆင်ရှစ်သိန်း၊ မြင်းရှစ်သိန်း၊ စစ်သား ကုဋေ ရှစ်ဆယ်ရှိသော စစ်တပ်ကို ခင်းကျင်း၍ ကိုယ်တော်တိုင် နောက်မှ တပ်အုပ်ပြ၍ သာသနာရေးအတွက် စစ်တိုက်ရန် သထုံပြည်သို့ ချီတက်တော်မူသည်။ ထိုစကားကို ကြားရသော မနုဟာမင်းကြီးသည် ထိတ်လန့်ကြောက်ရွံ့၍ များစွာသော စစ်သည် သူရဲတို့ကို စီမံခန့်ခွဲ၍ သထုံမြို့က အလုံးအရင်းနှင့် ခုခံနေလေသည်။ အနော်ရထာမင်းစောသည် ကြိမ်ဖန်များစွာ သထုံမြို့ကို ဖြိုဖျက် တိုက်ခိုက်ပါသော်လည်း အာထဗ္ဗဏ ဗေဒင်ကျမ်း၌လာသော အစီအရင် လောကီနည်းများဖြင့် ပြုလုပ်ထားသောကြောင့် တိုက်ခိုက်၍မရနိုင်ဘဲ ရှိလေသည်။

ထိုအခါ အနော်ရထာမင်းကြီးသည် ဟူးရားညို ဟူးရားဖြူခေါ် ဗေဒင်ပညာရှိ ပုဏ္ဏားတို့

http://www.dhammadownload.com



အဘယ်ကြောင့် ဤမြို့ကို တိုက်၍မရနိုင်သနည်းဟု မေးရာ၊ အာထဗ္ဗဏ ဗေဒင် အစီအရင်ဖြင့် ပယောဂ စီရင်ထားကြောင်းကို လျှောက်ထားကြကုန်၏။ မင်းကြီးသည် ထိုပယောဂ အစီအရင် မြေတွင် မြှုပ်ထားသော ဇော်ဂျီအသေကောင်ကို ထုတ်ဖော်၍ သမုဒ္ဒရာသို့ ပစ်ချစေတော်မူ၏။ ပယောဂ အစီအရင်ထားပုံကား ဟိန္ဒူကုလား ၁ ယောက်ကို ဇော်ဂျီအသေကောင်ကို ဖုတ်ကင်၍ စားစေပြီးလျှင် ထိုဟိန္ဒူကုလားကိုသတ်၍ လက်၊ ခြေ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို မြို့ပတ်လည် မြှုပ်ထားသည်။ ထို့ကြောင့် ပုဂံစစ်တပ်ကြီးသည် သထုံမြို့နားကို မကပ်နိုင်သတဲ့။ ထိုထို ပယောဂ အစီအရင်ကို ဖျက်ဆီးပြီးသောအခါ မြို့တွင်းသို့ လွယ်ကူစွာဝင်၍ အနော်ရထာမင်းစောက သထုံ မနူဟာမင်းကို လက်ရဖမ်းယူတော်မူသည်။ သထုံမင်းအဆက်ဆက် ရွှေနန်းတော်ဦး၌ ရတနာပန်းတောင်းတွင်တင်၍ ကိုးကွယ်သောဓာတ်တော် မွေတော်များ၊ ပိဋကတ်တော် အစုံ ၃၀ တို့ကို မနူဟာမင်းကြီး၏ မင်္ဂလာဆင် ၃၂ စီးတို့ဖြင့် တင်၍ ပုဂံပြည်သို့ ပင့်ဆောင်ယူခဲ့သည်။ ပုဂံပြည်သို့ ရောက်သောအခါ ရတနာအတိပြီးသော ပတ္တမြားကြုတ်တွင် ဌာပနာ၍ ခေါင်းရင်းတော်တွင် မပြတ် ကိုးကွယ်တော်မူသည်။ ပိဋကတ်တော် အစုံ ၃၀ ကိုလည်း ရတနာအတိပြီးသော ပြာသာဒ်တော်တွင် ထား၍ အရိယာသံဃာတော်တို့က သင်ကြားပို့ချရသည်။ သထုံပြည်ကယူခဲ့သော ပိဋကတ်တော်ကို သင်ကြားသော အရိယာသံဃာတော်သည် ၁၀၀၀ မျှ ရှိသတဲ့။ သထုံမြို့ကြီးကို အောင်မြင်၍ ပိဋကတ်တော်နှင့်တကွသော ရဟန်းသံဃာကို ပုဂံပြည်သို့ ပင့်၍ သာသနာပြုစုသော နှစ်မှာ သာသနာသက္ကရာဇ် ၁၆၀၁ ခု၊ ကောဇာသက္ကရာဇ် ၄၁၆ ခုနှစ်ဟု ကလျာဏီ ကျောက်စာတွင် ဆိုထားလေသည်။

## ပုဂံပြည်ခေါ်ပုံ

အနော်ရထာမင်းစောသည် ဘုန်းကံအလျောက် အလိုရှိအပ်သော ရတနာ ၃ ပါးနှင့် ပြည့်စုံသောကြောင့် ပုဏ္ဏာဂါမဟု အမည်တွင်သည်။ နောက်ကာလကြာမြင့်မှ ဏ္ဏာ၊ အက္ခရာ ကွယ်ပျောက်၍ မ၊ အက္ခရာက နိဂ္ဂဟိတ် ... းဖြင့် ခေါ်ကြ

သည်ဟု အနာဂတဝင် ရာဇဝင်တို့၌ ဆိုထားလေသည်။ အနော်ရထာမင်းစောသည် သီဟိုဠ်သို့ စစ်သူကြီး ၄ ယောက်ကို စေလွှတ်၍ ပိဋကတ်တော်များကို အတောင်းနိုင်းပြန်သည်။ သီဟိုဠ်က ရခဲ့သော ပိဋကတ်တော်နှင့် သထုံက ရခဲ့သော ပိဋကတ်တို့ကို အရှင်အရဟံက တိုက်ဆိုင် တည်းဖြတ်သည်။ ဂင်္ဂါရေနှင့် ယမုံနာရေ နှစ်ထွေနှစ်စား မကွဲပြားသကဲ့သို့ တစ်သားတည်း ညီညွတ်မှန်ကန်လှပေသည်ဟု ဆိုလေသည်။ ထိုသို့ တိုက်ဆိုင်တည်းဖြတ်ပြီးသော ပိဋကတ်တို့ကို တစ်ဖန် ထပ်မံရေးကူး၍ ပိဋကတ်တိုက်တွင် သွင်းထားသည်။ အနယ်နယ် အရပ်ရပ် နှံ့စပ်အောင် ပျံ့နှံ့တည်စေလေသည်။ သထုံပြည်က ဖမ်းယူခဲ့သော မနူဟာမင်းကြီးကိုလည်း မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့် နေစေသည်။ မနူဟာမင်းကြီးသည် စကားပြောသောအခါ အာခံတွင်းမှ ပြောင်ပြောင်ဝင်းဝင်း အရောင်လင်းသော စက်အရောင် ထွက်သတဲ့။ တစ်ခါတစ်ရံ အနော်ရထာမင်းစောထံ အခစားဝင်သောအခါ ရှိသေသော အမူအရာဖြင့် ရှိခိုးဦးချခြင်းပြုလေသည်။ ထိုအခါ အနော်ရထာမင်းကြီးသည် ကြက်သီးမွေးညင်းထကာ ထိတ်ထိတ်လန့်လန့်ရှိသဖြင့် မနူဟာမင်းအား တန်ခိုးအာနုဘော် ပျက်ပြယ်စေခြင်းငှာ၊ မနောလင်ပန်းနှင့် ပွဲတော်ပြင်ပြီးလျှင် ဘုရားကို တင်စေပြီးမှ မနူဟာမင်းကို ကျွေးစေသည်။ ထိုအခါမှစ၍ မနူဟာမင်း၏ ဝင်းဝင်းပြောင်ပြောင် စက်အရောင်ကွယ်လေတော့သည်။ မနူဟာမင်းကြီးသည် အကြောင်းခြင်းရာကို သိရသဖြင့် ထိတ်လန့် သံဝေဂရပြီးလျှင် ... "ဤဘဝမှစ၍ သံသရာဝယ် ကျင်လည်ရပါမူ သူတစ်ပါးနိုင်သည့်ကိုယ် မဖြစ်ရပါလို" ဟု ဆုတောင်း ဆုပန် ပြုတော်မူသည်။ သထုံမြို့မှ ပါလာသော မိမိပိုင် မနောမယ ပတ္တမြားကို သူဌေးတစ်ဦးထံ ရောင်းချပြီးလျှင် ရရှိသော လှည်း ၅ စီးတိုက်စန့်ရှိ အဖိုးငွေဖြင့် တင်ပလ္လင်ခွေ ဆင်းတုတော်ကြီး ၁ ဆူ၊ နိဗ္ဗာန်လားတော်မူဟန် လျောင်းတော်မူ ၁ ဆူ တည်ထားကိုးကွယ်တော်မူသည်။ ယခုတိုင်အောင်ပင် မနူဟာဘုရားဟု ထင်ရှားစွာ တည်ရှိသည်။ ဤသို့လျှင် အနော်ရထာမင်းစောသည် သထုံမြို့မှ လည်းကောင်း၊ သီဟိုဠ်ကျွန်းမှ လည်းကောင်း သာသနာကို ယူဆောင်၍ သန့်သန့်ရှင်းရှင်း ထွန်းလင်း...

http://www.dhammadownload.com



ကွယ်ပျောက်ပါက ပဋိဝေဓ သာသနာ မရှိနိုင်ချေ။ ဥပမာအားဖြင့် မြေတွင်မြှုပ်ထား ရွှေအိုးများကို သိစေခြင်းအကျိုးငှာ အထိမ်းအမှတ်ထားသော ကျောက်တိုင်၌ ရေးထားအပ်သော အက္ခရာတို့ မပျောက်သေးပါက ရွှေအိုးများ ပျောက်ကွယ်ကုန်ပြီဟု မဆိုနိုင်သကဲ့သို့၊ ထို့တူမခြား ပရိယတ္တိတရား ထင်ရှား တည်ရှိပါက သာသနာ မကွယ်နိုင်ချေ။ တစ်ဖန်တုံ ကြီးစွာသော ကန်ကြီး၏ အဆီးအတား ကန်ပေါင်ရိုးကြီးများ ခိုင်ခံ့စွာ တည်ရှိပါက ရေမတည်ဘူးဟု မဆိုနိုင်ချေ။ ရေရှိပါက ရေကန်တွင်းရှိ ပဒုမ္မာကြာတို့သည် မပွင့်ဘူးဟု မဆိုနိုင်ချေ။ ဤနည်းအတူပင် ရေကန်ကြီး၏ အဆီးအတား ကန်ပေါင်ရိုးကြီးနှင့်တူသော ပိဋကတ် ၃ ပုံတည်းဟူသော ဘုရားစကား ပရိယတ္တိ တရားကြီးများ တည်ရှိပါမူ ရေနှင့်တူသော ပဋိပတ် ကျင့်ကုန်သော သူတော်ကောင်း အမျိုးသားတို့ မရှိဟု မဆိုအပ်ချေ။ ရေနှင့်တူသော အကျင့်ပဋိပတ် သမားများ ရှိပါက ပဒုမ္မာကြာပွင့်နှင့်တူသော ပဋိဝေဓ သာသနာသည် မရှိဘူးဟု မဆိုနိုင်။ ဧကန်မုချ ရှိပေရာသည်။ ထို့ကြောင့် အရင်းမူလ ပမာဏာမှာ ပရိယတ္တိ တရားသာ ဖြစ်ချေသည်။ ယုတ်စွအဆုံး အောက်ထစ်ဆုံး နည်းအားဖြင့် ဘိက္ခု ဘိက္ခုနီ ပါတိမောက် ၂ ကျမ်းမျှ သင်ကြားလေ့လာ ပရိယတ္တိ သာသာနာ တည်ရှိပါမူ သာသနာ မကွယ်နိုင်ပေ။ ပရိယတ္တိ သာသနာ ကွယ်ပသည်ရှိသော်၊ ကျင့်၍ တရားကို သိနိုင်သော ဓမ္မာဘိသမယ မရှိနိုင်တော့ချေ။ ပရိယတ္တိ သာသနာ မကွယ်မှသာလျှင် ကျင့်ကြံသိရသော ဓမ္မာဘိသမယ ရှိနိုင်သည်။ ယခုအခါ ငါတို့မှာ ပရိယတ္တိ သာသနာ ပြည့်စုံစွာမရှိ။ ဓာတ်တော် မွေတော်လည်း ကိုးကွယ်ရာ မရှိချေ။ ထို့ကြောင့် ပရိယတ္တိ သာသနာနှင့် သာရီရဓာတ်တော်ရှိရာသို့ လက်ဆောင်ပဏ္ဏာနှင့် သံတမန် စေလွှတ်၍ ပင့်ဆောင်သင့်ပေသည်။ သို့မှသာ ငါတို့ မြန်မာပြည်၌ ဘုရားသာသနာ ကြာမြင့်စွာ တည်ပေလိမ့်မည်ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ အနော်ရထာမင်းစောက ပရိယတ်နှင့် သာရီရဓာတ် မွေတော်မြတ်ကို အဘယ်အရပ်မှာ တောင်းရပါမည်နည်းဟု မေးလျှောက်ရာ၊ အရှင်အရဟံထေရ်က သထုံပြည်တွင် ပိဋကတ် ၃ ပုံ အစုံ ၃၀ ရေးထားပြီး ရှိလေပြီ။ သရီရဓာတ်တော် မွေတော်တို့လည်း များစွာရှိပေသည်ဟု မိန့်ကြားတော်မူသည်။ အနော်ရထာမင်းစောသည် ကောင်းလှပါပြီ၊ အမိန့်အတိုင်းပါဘုရားဟု ဝန်ခံပြီးလျှင် များစွာသော လက်ဆောင်ပဏ္ဏာတို့ကို စီရင်၍ ရွှေပေလွှာနှင့် စာရေးပြီးလျှင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အမတ်လိမ္မာအား ပိဋကတ်နှင့် ဓာတ်တော် မွေတော် တောင်းရန် သထုံပြည်သို့ စေလွှတ်လိုက်လေသည်။ သထုံပြည့်ရှင် ဘုရင်မနောဟရိ မင်းကြီးသည် အကြောင်းခြင်းရာကို အကုန်သိရသောအခါ ဝန်တိုသောစိတ် ရှိသည်ဖြစ်၍ ... "သင်တို့ကဲ့သို့သော မိစ္ဆာဒိဋ္ဌိ တိုင်းပြည်၌ ပိဋကတ်တော်နှင့် သာရီရ ဓာတ်တော်များပေးရန် မသင့်တော်။ ငါတို့ကဲ့သို့သော သမ္မာဒိဋ္ဌိ တိုင်းပြည်၌သာ လောကထွတ်ဖျား မြတ်ဘုရား၏ သာသနာ ကောင်းစွာတည်လိမ့်မည်။ ဥပမာအားဖြင့် ခြင်္သေ့ဆီသည် နာရဏီရွှေခွက်မှာမှ တည်နိုင်သည်။ မြေခွက်၌ မတည်နိုင်သကဲ့သို့ ရှိပေသည် ... ဟု တလိုင်းရာဇာသည် ရိုင်းစိုင်းစွာ မိန့်ဆိုလိုက်လေသည်။ သံအမတ်သည် အရေးမသာ ရှိခဲ့၍ ပြန်လာပြီးလျှင် အရှင်နော်ရထာမင်းစောအား အကြောင်းဥဿုံကို သံတော်ဦးတင်လိုက်ရာ၊ မင်းကြီးသည် ချစ်ချစ်ပူနေသော အိုးကင်း၌ ကျသော နှမ်းစေ့များ ဖြစ်ဖြစ်မည်သကဲ့သို့ ဒေါသအမျက် ချောင်းချောင်းထွက်တော်မူသဖြင့် ရေကြောင်းက လှေ ၈ သိန်း၊ စစ်သား ၈ ကုဋေ၊ ကုန်းကြောင်းစစ်ဘက်က စစ်သူကြီး ၄ ယောက်နှင့် ဆင်ရှစ်သိန်း၊ မြင်းရှစ်သိန်း၊ စစ်သား ကုဋေ ရှစ်ဆယ်ရှိသော စစ်တပ်ကို ခင်းကျင်း၍ ကိုယ်တော်တိုင် နောက်မှ တပ်အုပ်ပြု၍ သာသနာရေးအတွက် စစ်တိုက်ရန် သထုံပြည်သို့ ချီတက်တော်မူသည်။ ထိုစကားကို ကြားရသော မနုဟာမင်းကြီးသည် ထိတ်လန့်ကြောက်ရွံ့၍ များစွာသော စစ်သည် သူရဲတို့ကို စီမံခန့်ခွဲ၍ သထုံမြို့က အလုံးအရင်းနှင့် ခုခံနေလေသည်။ အနော်ရထာမင်းစောသည် ကြိမ်ဖန်များစွာ သထုံမြို့ကို ဖြိုဖျက် တိုက်ခိုက်ပါသော်လည်း အာထဗ္ဗဏ ဗေဒင်ကျမ်း၌လာသော အစီအရင် လောကီနည်းများဖြင့် ပြုလုပ်ထားသောကြောင့် တိုက်ခိုက်၍မရနိုင်ဘဲ ရှိလေသည်။

ထိုအခါ အနော်ရထာမင်းကြီးသည် ဟူးရားညို့ ဟူးရားဖြူခေါ် ဗေဒင်ပညာရှိ ပုဏ္ဏားတို့အား ခေါ်၍

http://www.dhammadownload.com



အဘယ်ကြောင့် ဤမြို့ကို တိုက်၍မရနိုင်သနည်းဟု မေးရာ၊ အာထဗ္ဗဏ ဗေဒင် အစီအရင်ဖြင့် ပယောဂ စီရင်ထားကြောင်းကို လျှောက်ထားကြကုန်၏။ မင်းကြီးသည် ထိုပယောဂ အစီအရင် မြေတွင် မြှုပ်ထားသော ဇော်ဂျီအသေကောင်ကို ထုတ်ဖော်၍ သမုဒ္ဒရာသို့ ပစ်ချစေတော်မူ၏။ ပယောဂ အစီအရင်ထားပုံကား ဟိန္ဒူကုလား ၁ ယောက်ကို ဇော်ဂျီအသေကောင်ကို ဖုတ်ကင်၍ စားစေပြီးလျှင် ထိုဟိန္ဒူကုလားကိုသတ်၍ လက်၊ ခြေ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို မြို့ပတ်လည် မြှုပ်ထားသည်။ ထို့ကြောင့် ပုဂံစစ်တပ်ကြီးသည် သထုံမြို့နားကို မကပ်နိုင်သတဲ့။ ထိုထို ပယောဂ အစီအရင်ကို ဖျက်ဆီးပြီးသောအခါ မြို့တွင်းသို့ လွယ်ကူစွာဝင်၍ အနော်ရထာမင်းစောက သထုံ မနူဟာမင်းကို လက်ရ ဖမ်းယူတော်မူသည်။ သထုံမင်းအဆက်ဆက် ရွှေနန်းတော်ဦး၌ ရတနာပန်းတောင်းတွင်တင်၍ ကိုးကွယ်သော ဓာတ်တော် မွေတော်များ၊ ပိဋကတ်တော် အစုံ ၃၀ တို့ကို မနူဟာမင်းကြီး၏ မင်္ဂလာဆင် ၃၂ စီးတို့ဖြင့် တင်၍ ပုဂံပြည်သို့ ပင့်ဆောင်ယူခဲ့သည်။ ပုဂံပြည်သို့ ရောက်သောအခါ ရတနာအတိပြီးသော ပတ္တမြားကြုတ်တွင် ဌာပနာ၍ ခေါင်းရင်းတော်တွင် မပြတ် ကိုးကွယ်တော်မူသည်။ ပိဋကတ်တော် အစုံ ၃၀ ကိုလည်း ရတနာအတိပြီးသော ပြာသာဒ်တော်တွင် ထား၍ အရိယာသံဃာတော်တို့က သင်ကြားပို့ချရသည်။ သထုံပြည်ကယူခဲ့သော ပိဋကတ်တော်ကို သင်ကြားသော အရိယာသံဃာတော်သည် ၁၀၀၀ မျှ ရှိသတဲ့။ သထုံမြို့ကြီးကို အောင်မြင်၍ ပိဋကတ်တော်နှင့်တကွသော ရဟန်းသံဃာကို ပုဂံပြည်သို့ ပင့်၍ သာသနာပြုစုသော နှစ်မှာ သာသနာသက္ကရာဇ် ၁၆၀၁ ခု၊ ကောဇာသက္ကရာဇ် ၄၁၆ ခုနှစ်ဟု ကလျာဏီ ကျောက်စာတွင် ဆိုထားလေသည်။

## ပုဂံပြည်ခေါ်ပုံ

အနော်ရထာမင်းစောသည် ဘုန်းကံအလျောက် အလိုရှိအပ်သော ရတနာ ၃ ပါးနှင့် ပြည့်စုံသောကြောင့် ပုဏ္ဏာဂါမဟု အမည်တွင်သည်။ နောက်ကာလကြာမြင့်မှ ဏ္ဏာ၊ အက္ခရာ ကွယ်ပျောက်၍ မ၊ အက္ခရာက နိဂ္ဂဟိတ်ဖြစ်ပြီးလျှင် ပုဂံ ဟု မြန်မာဘာသာအားဖြင့် ခေါ်ကြသည်ဟု အနာဂတဝင် ရာဇဝင်တို့၌ ဆိုထားလေသည်။

အနော်ရထာမင်းစောသည် သီဟိုဠ်သို့ စစ်သူကြီး ၄ ယောက်ကို စေလွှတ်၍ ပိဋကတ်တော်များကို အတောင်းနိုင်းပြန်သည်။ သီဟိုဠ်က ရခဲ့သော ပိဋကတ်တော်နှင့် သထုံက ရခဲ့သော ပိဋကတ်တို့ကို အရှင်အရဟံက တိုက်ဆိုင် တည်းဖြတ်သည်။ ဂင်္ဂါရေနှင့် ယမုံနာရေ နှစ်ထွေ နှစ်စား မကွဲပြားသကဲ့သို့ တစ်သားတည်း ညီညွတ်မှန်ကန်လှပေသည်ဟု ဆိုလေသည်။ ထိုသို့ တိုက်ဆိုင် တည်းဖြတ်ပြီးသော ပိဋကတ်တို့ကို တစ်ဖန် ထပ်မံ ရေးကူး၍ ပိဋကတ်တိုက်တွင် သွင်းထားသည်။ အနယ်နယ် အရပ်ရပ် နှံ့စပ်အောင် ပျံ့နှံ့တည်စေလေသည်။ သထုံပြည်က ဖမ်းယူခဲ့သော မနူဟာမင်းကြီးကိုလည်း မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့် နေစေသည်။ မနူဟာမင်းကြီးသည် စကားပြောသောအခါ အာခံတွင်းမှ ပြောင်ပြောင်ဝင်းဝင်း အရောင်လင်းသော စက်အရောင် ထွက်သတဲ့။ တစ်ခါတစ်ရံ အနော်ရထာမင်းစောထံ အခစား ဝင်သောအခါ ရှိသေသော အမူအရာဖြင့် ရှိခိုးဦးချခြင်း ပြုလေသည်။ ထိုအခါ အနော်ရထာမင်းကြီးသည် ကြက်သီးမွေးညင်းထကာ ထိတ်ထိတ်လန့်လန့်ရှိသဖြင့် မနူဟာမင်းအား တန်ခိုးအာနုဘော် ပျက်ပြယ်စေခြင်းငှာ၊ မနောလင်ပန်းနှင့် ပွဲတော်ပြင်ပြီးလျှင် ဘုရားကို တင်စေပြီးမှ မနူဟာမင်းကို ကျွေးစေသည်။ ထိုအခါမှစ၍ မနူဟာမင်း၏ ဝင်းဝင်းပြောင်ပြောင် စက်အရောင်ကွယ်လေတော့သည်။ မနူဟာမင်းကြီးသည် အကြောင်းခြင်းရာကို သိရသဖြင့် ထိတ်လန့် သံဝေဂရပြီးလျှင် ... "ဤဘဝမှစ၍ သံသရာဝယ် ကျင်လည်ရပါမူ သူတစ်ပါးနိုင်သည့်ကိုယ် မဖြစ်ရပါလို" ဟု ဆုတောင်း ဆုပန် ပြုတော်မူသည်။ သထုံမြို့မှ ပါလာသော မိမိပိုင် မနောမယ ပတ္တမြားကို သူဌေးတစ်ဦးထံ ရောင်းချပြီးလျှင် ရရှိသော လည်း ၅ စီးတိုက်ခန့်ရှိ အဖိုးငွေဖြင့် တင်ပလ္လင်ခွေ ဆင်းတုတော်ကြီး ၁ ဆူ၊ နိဗ္ဗာန်လားတော်မူဟန် လျောင်းတော်မူ ၁ ဆူ တည်ထားကိုးကွယ်တော်မူသည်။ ယခုတိုင်အောင်ပင် မနူဟာဘုရားဟု ထင်ရှားစွာ တည်ရှိသည်။ ဤသို့လျှင် အနော်ရထာမင်းစောသည် သထုံမြို့မှ လည်းကောင်း၊ သီဟိုဠ်ကျွန်းမှ လည်းကောင်း သာသနာကို ယူဆောင်၍ သန့်သန့်ရှင်းရှင်း ထွန်းလင်အောင် ပြုစုတော်မူသည်။

http://www.dhammadownload.com



ဤသည်ကား ကျွန်ုပ်တို့ မြန်မာပြည် တမ္ဗဒီပတိုင်း ပုဂံမြို့၌ အနော်ရထာမင်းကြီးကို အကြောင်းပြု၍ ၄ ကြိမ်မြောက် သာသနာ့အရင်းအခက်တို့ ဆင်းသက်လာပုံ ဖြစ်ပေသတည်း။

## မြန်မာပြည်အထက်ပိုင်း တမ္ဗဒီပတိုင်း ပဌမ သာသနာဝင်

အရှင်ဥတ္တရာဇီဝ မထေရ်မြတ်သည်လည်း သောဏုတ္တရ မထေရ်တို့၏ အနွယ်မှ သာသနာကို ယူဆောင်၍ သထုံမြို့မှ ပုဂံမြို့သို့ ကြွလာ၍ ၅ ကြိမ်မြောက်သော သာသနာတော်ကို တည်စေခဲ့လေပြီ။ (တည်ပုံ အခြင်းအရာကို ဆိုခဲ့ပြီး ဖြစ်သည်။)

ဤသည်ကား မြန်မာပြည်အထက်ပိုင်း တမ္ဗဒီပတိုင်း၊ ပုဂံမြို့၌ အရှင်ဥတ္တရာဇီဝ မထေရ်ကို အကြောင်းပြု၍ ၅ ကြိမ်မြောက် စာတင်ရသော သာသနာဝင် ဖြစ်ပေသတည်း။

## မြန်မာပြည် ပုဂံမြို့ ထေရပ္ပရမ္ပရ သာသနာဝင်

ဥတ္တရာဇီဝ မထေရ်မြတ်သည် သီဟိုဠ်ကျွန်းသို့ ကြွလာသောအခါက နောက်ပါ တပည့်ရင်း ဆပ္ပဒသာမဏေကို သီဟိုဠ်တွင် ရဟန်းခံခဲ့သည်။ ရဟန်းခံပြီးသော ရှင်ဆပ္ပဒသည် သီဟိုဠ်တွင် ၁၀ နှစ်တိတိ နေခဲ့ပြီးသော်၊ ပုဂံပြည်သို့ ပြန်ကြွလာသောအခါ အရှင်သီဝလိ, အရှင်တာမလိန္ဒ, အရှင်အာနန္ဒာ, အရှင်ရာဟုလာတို့ပါ ခေါ်ခဲ့သည်။ ထိုအရှင်တို့သည် ပိဋကတ် ၃ အင်ကျွမ်းကျင်လိမ္မာတော်မူကြကုန်သည် စသည်ဖြင့် အကျယ်ကို အောက်က ဆိုခဲ့ပြီ။ ပုဂံပြည် ရောက်သောအခါ ပုဂံရဟန်း သံဃာတို့နှင့်အတူ ကံကြီးကံငယ်မပြုဘဲ သီးခြားကံပြုကာ နေထိုင်ကြကုန်သည်။ နရပတိ ဘုရင်သည် ထိုအရှင်မြတ်တို့အား အလွန်လျှင် ကြည်ညိုတော်မူသည်။ ဥပသမ္ပဒကံ ပြုသောအခါ ဧရာဝတီမြစ်တွင် ဖောင်ဖွဲ့၍ သီးခြား ပြုစေတော်မူသည်။ ကာလကြာမြင့်စွာ အရှင်ဆပ္ပဒဂိုဏ်းကြီးသည် ကြီးပွားထင်ပေါ်နေလေသည်။

## ရာဟုလာနှင့် မာတုဂါမ

နရပတိမင်းကြီးသည် ထိုဆပ္ပဒဂိုဏ်းဝင် အရှင်တို့ကို သံဃာတော်မြတ်တို့နှင့်တကွ ပင့်ဖိတ်၍ အလှူပွဲကြီး ပေးတော်မူသည်။ ထိုအလှူပွဲတွင် အဆင်းအင်္ဂါလက္ခဏာ လှပတင့်တယ် ရှုချင်ဖွယ်ရှိသော ကချေသည်မတစ်ယောက်ကို အရှင် ရာဟုလာသည် တပ်မက်စွဲလမ်းသောစိတ် ရှိရကား မျောက်နဲ့စေး၌ ကပ်ငြိသော မျောက်ကဲ့သို့ လည်းကောင်း၊ ရွံ့ညွံ့တွင် လူးလဲသော ဆင်ပြောင်ကဲ့သို့ လည်းကောင်း ကာမဂုဏ်အာရုံတည်းဟူသော ညွန်ဗွက်မှ မလွန်ထွက်နိုင်သဖြင့် လူထွက်ရန် အားထုတ်လေသည်။ အခြားသော မထေရ်တို့က ဩဝါဒပေးပါသော်လည်း သေခါနီးအခါ ကုစား၍ မရကောင်းသော ရောဂါကဲ့သို့ ဩဝါဒကို မနာယူနိုင်ချေ။ ထိုအခါ အခြားမထေရ်တို့က သင့်ကို အကြောင်းပြု၍ ငါတို့ အရှက်မကွဲရန် ဤပုဂံပြည်တွင် လူဝတ်မလဲပါနှင့်၊ မလ္လာယုကျွန်းသို့ သင်္ဘောစီးသွားပြီးလျှင် သဘောရှိရာ လူဝတ်လဲပါလေဟု စေနိုင်းတော်မူကြသည်။ ရှင်ရာဟုလာ မလ္လာယုကျွန်းသို့ ပုသိမ်မှ သင်္ဘောစီး၍ သွားလေသည်။ မလ္လာယုကျွန်း ရောက်သောအခါ မလ္လာယုမင်းကြီးသည် ဝိနည်းတရားကို သိလိုသဖြင့် အရှင်ရာဟုလာထံ ခုဒ္ဒသိက္ခာ အဋ္ဌကထာကို ဋီကာနှင့်တကွ သင်ကြား၍ အဆုံးအဖြတ်ပါ သိစေသည်။ ဘုရင်သည် ဆရာ့ဂုဏ်ကို ရည်မှန်း၍ ပတ္တမြားသပိတ် လှူဒါန်းလေသည်။ အရှင်ရာဟုလာသည် ထိုပတ္တမြားကို ရောင်းချ ထုခွဲကာ လူဝတ်လဲလေသည်။ ဩော်–သနားဖွယ် ကောင်းလေစွတကား။ မိန်းမများနှင့် ရဟန်းတို့သည် အလွန်ဝေးကွာစွာ နေသင့်သည်။ အကြောင်းမူ မိန်းမများသည် ရဟန်းများ၏ ရန်သူ ဖြစ်လေသည်။ ရာဟုလာကဲ့သို့သော သူလိုငါလို ပညာနည်းပါး အချာစားတို့ကို မဆိုထားဘိ၊ ရှေးရှေးယခင် ပညာရှင်ကြီး အလောင်းတော်ကြီး ဟရိတစရှင်ရှာန်ပုံ့တို့ပင် အမှန်အားဖြင့် ပျက်စီးဖူးလေပြီ။ သို့ကြောင့် ပညာရှိ ရဟန်းများသည် ဘယ်လိုနည်းနှင့်မဆို မိန်းမများနှင့် အကျွမ်းမဝင်သင့်ပေ။ အကြောင်းမူ ရာဂတရားဖြစ်ပွားပါက တားမြစ်ရန် ခဲယဉ်းလှလေသည်။

http://www.dhammadownload.com



**သင်္ဂဟကဗျာ**

၁။ ရဟန်းနှင့်မသင့် မိန်းမမှာ၊
အဝေးကနေရ ဓမ္မတာ။
ရဟန်း၏ ဣတ္ထိဆိုသူမှာ၊
ရန်သူများ ထင်ရှားဖြစ်ကြရာ။ ။

၂။ ပညာနည်းပါး တို့များရှိစေ၊
ပညာကြီးကြ ရှေးဖျားကပေ။
ဟရိတစ စသည်ထွေထွေ၊
ပျက်စီးခြင်း ထင်လင်းရောက်ခဲ့ပေ။ ။

၃။ ထို့ကြောင့် ပဏ္ဍိ ဉာဏ်ရှိရှင်မှာ၊
မိန်းမနှင့် ခဏတဖြုတ်ပင်။
ကျွမ်းဝင်ခြင်း အလျှင်းမပြုရာ၊
ရာဂမီး တားဆီးနိုင်ခဲပင်။ ။

ကျန်ရှိသော မထေရ်တို့တွင် ဆပ္ပဒမထေရ်မြတ်သည် ပထမရှေးဦးစွာ ဘဝနတ်ထံ ပျံလွန်တော်မူသည်။ သီဝလိ, တာမလိန္ဒ, အာနန္ဒာ အရှင် ၃ ပါးတို့သည် ပိဋကတ်ကျမ်းဂန် ပို့ချသင်ကြား၍ သာသနာကို စင်ကြယ်အောင်ပြုကာ နေတော်မူကြသည်။ အခါတစ်ပါး ဘုရင်မင်းမြတ်သည် ထိုအရှင် ၃ ပါးတို့အား ဆင်ပေါက် ၁ စီးစီ လှူတော်မူသော်၊ အရှင်သီဝလိ အရှင်တာမလိန္ဒထေရ်တို့သည် အလှူခံ၍ ဆင်ကို တောမှာ ဘေးမဲ့လွှတ်တော်မူကြသည်။ အာနန္ဒာမထေရ်သည် ဆွေမျိုးတို့ပေးရန်အတွက် ပုသိမ်မြို့သို့သွား၍ သင်္ဘောဖြင့် ကိဋ္ဌိပူရမြို့သို့ တင်ပို့လိုက်လေသည်။

ထိုအကြောင်းကို သီဝလိ, တာမလိန္ဒ အရှင် ၂ ပါးတို့သိ၍ ကြွလာပြီးလျှင် ... ငါ့ရှင်-ငါတို့ကား ဆင်ကို ချမ်းသာအောင် တောမှာ ဘေးမဲ့လွှတ်ကြသည်။ သင်ကား ဆွေမျိုးသို့ပေး၍ ဆင်းရဲအောင် ပြုသည်။ တရားနှင့်မလျော် မသင့်တော် ...

အရှင်အာနန္ဒာ။ ။ အရှင်ဘုရားတို့, ဆွေမျိုးများ ချီးမြှောက်ခြင်းသည် မအပ်ဘူးလား။ ဉာတကာနဉ္စသင်္ဂဟော-ဟု ဘုရားဟောတယ် မဟုတ်လား။ ။ မထေရ် ၂-ပါး။ ။ ငါ့ရှင် သင်သည် ငါတို့ပြောတဲ့စကားကို နားမထောင်ပါက တခြားတစ်ဆောင် နေထိုင်လေတော့၊ ငါတို့ကား သင်နှင့် ကံကြီးကံငယ် မပြုတော့ပြီဟု ဆိုပြီးလျှင် တခြားစီ နေထိုင်ကြကုန်သည်။ ထိုအခါမှစ၍ အရှင်ဆပ္ပဒဂိုဏ်းသည် ၂ ဂိုဏ်းကွဲ၍ သွားလေသည်။

ထိုနောက်တစ်ဖန် ကာလကြာပြန်သော် တာမလိန္ဒမထေရ်သည် ဗဟုသုတ သတ္တိဗျတ္တိရှိသော တပည့်များကို ချီးမြှောက်လိုသဖြင့် မှူးမတ် သူဌေးသူကြွယ်တို့အား ဤတပည့်သည် ဗဟုသုတရှင်ကလေးပဲ, ဤတပည့်သည် ပညာရှင်ကလေးပဲ, ပစ္စည်း ၄ ပါးနှင့်ပြည့်စုံမှ ပရိယတ် ပဋိပတ် ကြိုးစားနိုင်မှာပဲ စသည်ဖြင့် ပစ္စည်းနှင့်စပ်သော ဝစီဝိညတ် နှုတ်ကမြွက်လေသည်။ ထိုအကြောင်းကို အရှင်သီဝလိ ကြား၍ ကြွလာပြီးလျှင်၊ ငါ့ရှင်-သင်သည် ဘုရားမကြိုက်သော ပစ္စည်းနှင့်စပ်တဲ့ ဝစီဝိညတ်ကို အဘယ်ကြောင့် ပြောကြားသနည်းဟု မေးသည်။

အရှင်တာမလိန္ဒ။ ။ မြတ်စွာဘုရားသည် မိမိအတွက် ရည်ရွယ်၍ ပြောဆိုသော ဝစီဝိညတ်ကိုသာ ပယ်သည်။ ကျွန်ုပ်မူကား သူတစ်ပါးအတွက် ရည်ရွယ်၍ သာသနာ ပြန့်ပွားစေခြင်းငှာ ဝစီဝိညတ်ကို ဖြစ်စေသည်။ ကိုယ့်အတွက် မဟုတ်ပါ။ သို့ကြောင့် အပ်ပါသည်ဟု ပြန်ပြောသည်။

အရှင်သီဝလိ မထေရ်သည်၊ ငါ ပြောစကားကို နားမထောင်၊ သင် အလိုရှိသလို နေပေတော့၊ ငါမူကား သင်နှင့် မပေါင်းတော့ပြီဟု ဆိုပြီးလျှင် အသီးအခြား တစ်ဂိုဏ်းခွဲ၍ နေပြန်သည်။ ထိုအခါမှစ၍ အရှင်ဆပ္ပဒဂိုဏ်းသည် ၃ ဂိုဏ်း ကွဲသွားပြန်သည်။ ဤသို့လျှင် အရိမဒ္ဒနမည် ပုဂံပြည်တွင် အရှင်အရဟံဂိုဏ်း, အရှင်သီဝလိဂိုဏ်း, အရှင်တာမလိန္ဒဂိုဏ်း, အရှင်အာနန္ဒာဂိုဏ်းဟု ဂိုဏ်းကြီး ၄ ဂိုဏ်း ကွဲပြားနေတော့သည်။ အရှင်အရဟံဂိုဏ်း သံဃာကို သထုံမြို့မှ ရှေးဦးစွာ လာသောကြောင့် လက်ဦးဂိုဏ်း၊ ကြွင်းဂိုဏ်းတို့မှာ နောက်မှ သီဟိုဠ်မှ လာသောကြောင့် နောက်ဂိုဏ်းဟု ခေါ်ဝေါ်ကြသည်။ ။ အရှင်သီဝလိ, အရှင်အာနန္ဒာ, အရှင်တာမလိန္ဒမထေရ်တို့သည် အသက်ထက်ဆုံး ပုဂံပြည်မှာသာ သာသနာ ပြုတော်မူကြသည်။ သက္ကရာဇ် ၅၉၆ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြသည်။ ... သြော် ပျက်ရန်အတွက် ဖြစ်ပျက်လာသော သင်္ခါရတရားသည် အားထားရာ မရှိပါတကား။

http://www.dhammadownload.com



**သင်္ဂဟကဗျာ**

စပါးကျီး ပုံမှီးမှတ်စရာ၊
ချက်ညှိုသိုင်း ဝန်းဝိုင်းထားသောခါ။
ယုန်ကလေး ခုန်ပြေးထွက်သွားရှာ၊
ထိုပါးစပ် တတ်အပ်ပြန်ရောက်ခါ။
ထို့တူပင် များဖျင်သတ္တဝါ၊
သေမင်းစက် ငြိလျက်မွေးခဲ့ရာ။
သက်ရှိတိုင်း ခုန်စိုင်းပြေးခဲ့ရှာ၊
သေမင်းထံ အမှန်ပြန်ရောက်လာ။ ။

ဤသို့လျှင် အရိမဒ္ဒနမည် ပုဂံပြည်၌ ဘုရားရှင်သာသနာသည် အာသဝေါကင်းစွာ ရဟန္တာတို့ဖြင့်လည်းကောင်း၊ ကျမ်းပြုအကျော် စာရေးဆရာတော်တို့ဖြင့်လည်းကောင်း၊ သီလ, သမာ, ပညာ ထင်ပေါ်၊ ပုထုဇဉ်သံဃာတော်တို့ဖြင့် လည်းကောင်း ကောင်းကင်ဝယ် လရထားကဲ့သို့ ထင်ရှားစွာ တင့်တယ်လေသတည်း။

ပုဂံပြည်တွင် အနော်ရထာမင်းစောသည် သထုံမြို့မှ သာသနာတော်ကို ပင့်ဆောင်လာစဉ်က ရဟန္တာချည်းပင် *၁၆၀၀၀, တစ်သောင်းခြောက်ထောင် ပါလေသည်။ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့ကား ရေတွက်လို့ မရနိုင်အောင် များလှလေသည်။

**ထီးလှိုင်ရှင် မင်းတရားနှင့် ရဟန္တာများ**

ထီးလှိုင်ရှင် မင်းတရား လက်ထက်အခါကလည်း ဟိမဝန္တာ ဂန္ဓမာနတောင်မှ ရဟန္တာ ၈ ပါးတို့ ဆွမ်းအလို့ငှာ ဘုရင့်နန်းတော်သို့ ကြွရောက်တော်မူလာကြကုန်သည်။ ဘုရင်မင်းမြတ်သည် သပိတ်ကို လှမ်းယူ၍ ဆွမ်းဘောဇဉ်ဖြင့် ဆက်ကပ်ကျွေးမွေးပြီးလျှင် အရှင်မြတ်တို့သည် အဘယ်အရပ်က ကြွရောက်တော်မူလာကြပါကုန်သနည်းဟု မေးလျှောက်တော်မူလေသည်။ ရဟန်းတော်မြတ်တို့သည် မြတ်သောမင်းကြီး, ကိုယ်တော်အရှင်တို့သည် ဟိမဝန္တာ ဂန္ဓမာဒနတောင်မှ ကြွလာခဲ့ကြပေသည်ဟု မိန့်ကြားတော်မူကြလေကုန်ပြီ။ ဘုရင်မင်းမြတ်သည် အလွန်ပင် ကြည်ညိုတော်မူသဖြင့် ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူပါဟု လျှောက်တောင်းပန်ပြီးလျှင် ကျောင်းတော်ဆောက်လုပ် ကိုးကွယ်တော်မူလေသည်။ ဝါတွင်းသုံးလပတ်လုံးလည်း နန်းတော်သို့ပင့်၍ ဆွမ်းကျွေးတော်မူလေသည်။ တစ်ရံရောအခါ ဘုရင်မင်းမြတ်သည် ရဟန္တာ အရှင်မြတ်တို့အား ဂန္ဓမာဒနတောင်က နန္ဒမူလိုဏ်နှင့်တူသော လိုဏ်တစ်ခုကို ဖန်ဆင်းပြတော်မူပါဟု လျှောက်ထားလေသည်။ ရဟန္တာ အရှင်မြတ်တို့သည် တန်ခိုးအာနုဘော်ဖြင့် နန္ဒမူလိုဏ်နှင့် တူစွာ ဖန်ဆင်းပြတော်မူကြကုန်သည်။ ဘုရင်မင်းမြတ်သည် ထိုလိုဏ်နှင့်တူသော လိုဏ်တစ်ခုကို ပြုစေတော်မူလေသည်။ ဟိမဝန္တာ နန္ဒမူလိုဏ်နှင့် တူစွာ ပြုလုပ်ထားသောကြောင့် နန္ဒာလိုဏ်ဟု ယခုတိုင် ထင်ရှားစွာ ရှိလေသည်။ ဤသို့လျှင် ထီးလှိုင်ရှင် မင်းတရား လက်ထက်အခါ၌ ဟိမဝန္တာ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်မှ ရဟန္တာ အရှင်မြတ်တို့ ကြွလာ၍ သာသနာတော်ကို တည်စေတော်မူကြလေကုန်သတည်း။

**ရဟန္တာများကို သိနိုင်ခဲပုံ**

ရဟန္တာ မည်သည်ကား ... ဟုတ်တိုင်းမှန်စွာ ဤသူ ရဟန္တာပင်ဟု သိနိုင်ဖို့ရာ ခဲယဉ်းလှလေသည်။ အဘယ်ကြောင့်ဆိုသော် လူသာမဏေတို့အား ဈာန်မဂ်ဖိုလ်တို့ကို ရနေသည်ဟု ပြောရန် တားမြစ်ထားသော သိက္ခာပုဒ် ရှိသောကြောင့် လည်းကောင်း၊ ရဟန္တာပင် ဖြစ်သော်လည်း မိမိ၏ အလေ့အလာ ဝါသနာကို မပယ်နိုင်သောကြောင့် လည်းကောင်း ဖြစ်လေသည်။

ရဟန္တာပင် ဖြစ်နေသော်လည်း ငါ ရဟန္တာဖြစ်ပြီဟု လူသာမဏေတို့အား ပြောဖို့ရန် အခွင့်မရှိချေ။ *ရဟန္တာပင် ဖြစ်နေသော်လည်း အချို့သော ရဟန္တာတို့သည် ဝါသနာကိုစွန့်ရန် မစွမ်းနိုင်ကြချေ။ အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကြီးသည် ဘဝတိုင်း မြတ်သောအမျိုးတွင် ဖြစ်ခဲ့ရသဖြင့် ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုသည့်အတိုင်း ရဟန္တာ ဖြစ်နေပါလျက် အခြားသူများအား ဝသလ,

---

၈ သာသနာလင်္ကာရကျမ်း၌ ၁၀၀၀ ဟု ဆိုသည်။

* ရဟန်းများမှ ဈာန်မဂ်ဖိုလ်တရား ထင်ရှားမရှိပါဘဲလျက် ရှိသည်ဟု ပြောဆိုပါမူ ပါရာဇိကခေါ် သာသနာတော်မှ ဆုံးရှုံးသောအာပတ် သင့်လေသည်။ အကယ်၍ ဈာန်မဂ်ဖိုလ်တရား မိမိမှာ ရနေလျှင် ရနေကြောင်း ပြောလျှင်လည်း ပါစိတ်အာပတ် သင့်လေသည်။ သို့ကြောင့် ပြောရန်အခွင့်မရှိချေ။

http://www.dhammadownload.com



ဝဿလ, ဿုယုတ်မာ သုယုတ်မာဟု ခေါ်သော အလေ့အထကို ထောက်ဆ၍ ဝါသနာကို စွန့်နိုင်ခဲကြောင်းကို သိသင့်လေသည်။ ဤသို့သော အကြောင်းများကြောင့် လောက၌ ရဟန္တာအဖြစ်ကို အမှန်သိဖို့ရန် ခဲယဉ်းလေသည်။ အရှင်မဟာကဿပ ကိုယ်တော်ကြီး၏ အလုပ်အကျွေး ရဟန်းတစ်ပါးသည် မိမိ၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာကဿပနှင့် ကြာမြင့်စွာ နေသော်လည်း မိမိ၏ဆရာ ရဟန္တာဖြစ်ကြောင်း မသိရှာချေ။ မသိပုံမှာ ဤသို့ပင်တည်း။ အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် တစ်နေ့သ၌ ထိုအလုပ်အကျွေးတပည့်နှင့်အတူ တောရကျောင်းမှ ရွာသို့ ဆွမ်းခံသွားနေစဉ် လမ်းခရီးတွင်ပင် နောက်ကနေ၍ ဤသို့ လျှောက်ထားပြောကြားလသည်။ အရှင်ဘုရား, လောက၌ ရဟန္တာ ရဟန္တာဟု ကျော်စောလှပါသည်။ တပည့်တော်ဖြင့် ကြားဖူးရုံသာ ရှိပါသည်။ ရဟန္တာကို တစ်ခါဖူးမျှ မမြင်ဖူးပါဘုရား ... ထိုအခါ အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် နောက်ပါတပည့်ကို လှည့်ကြည့်ပြီးလျှင် ... ငါ့ရှင်, ယခုအခါ သပိတ်ပရိက္ခရာကိုယူကာ ရဟန္တာနောက်က လိုက်နေလျက်ပင် ထိုသူသည် ရဟန္တာမှန်း မသိရှာချေ ... ဟု ဆင်ဝှေ့ရန်ရှောင် သဘောထားဖြင့် မိန့်ကြားတော်မူလေသည်။ ထိုအခါ နောက်ပါတပည့် ရဟန်းသည် သြော် ... ဟုတ်ပါရဲ့လားဘုရားဟု ပြန်လျှောက်လေသည်။ အရှင်မဟာကဿပ ကိုယ်တော်ကြီးကိုကား ရဟန္တာမှန်း မသိရှာချေ။ ရဟန်းတရားသည် ဤမျှ နူးညံ့သိမ်မွေ့လေသည်။

**ရဟန္တာငွေယ်ရှင် ပုံသကူမထေရ်အကြောင်း**

ပုဂံပြည်တွင် သီလသမာဓိ ပညာနှင့် လွန်စွာပြည်စုံကုန်သော ငွေယ်ရှင် ပုံသကူကြီး အရှင်သီလဗုဒ္ဓိ, ပေါင်လောင် အရှင်ကဿပ, အရှင်သုမေဓာ စသော မထေရ်မြတ်တို့သည်လည်း ရဟန္တာ ဖြစ်တော်မူကြကုန်၏။ ထိုစကားကို ထင်ရှားစေဦးအံ့။ အခါတစ်ပါးတွင် နရပတိစည်သူမင်းကြီးသည် တူးရွှင်းခြေတောင်သို့တက်၍ ပြန်လာသောအခါ ခရီးအကြား ချောင်းတစ်ခုတွင် ပတ္တမြားရောင် တောက်ပနေသည်ကိုမြင်၍ ဤအရပ်၌ သိကြားမင်းက ငါ့ကို ကောင်းမှုပြုစေချင်သည် ဟူသော အတွေးအထင်နှင့် စေတီတည်မည်ဟု ထိုချောင်းကို ပြည်သူအပေါင်းတို့အား မြေဖို့စေလေသည်။ ထိုအခါ ငွေယ်ရှင် ပုံသကူအရှင် သီလဗုဒ္ဓိ မထေရ်မြတ်သည် ဤသို့ မိန့်တော်မူသည်။ ဒကာတော်မင်းကြီး, ကောင်းမှုဖြစ်လိမ့်မည်ဟူ၍ ယခု မြေဖို့သောအမှုသည် ကောင်းမှု ကုသိုလ် မဖြစ်၊ မကောင်းမှု အကုသိုလ်သာ ဖြစ်နေချေသည်ဟု မိန့်ဆိုပြီးလျှင်၊ ပြည်သူပြည်သား လူအပေါင်းတို့ မပင်ပန်းစေသတည်းဟု နှလုံးထား၍ ရှင်ဘုရင်အား ဒဏ်ပေးသော အမှုဖြင့် ခြိမ်းခြောက်ခြင်းငှာ မင်းကြီးလှူသောဆွမ်းကို မဘုဉ်းပေးပဲ နေတော်မူလေသည်။ ထိုအခါ နရပတိစည်သူမင်းကြီးသည်၊ အရှင်ဘုရား, ဒကာတော်၏ဆွမ်းကို မဘုဉ်းပေးသည်ရှိသော် ဒကာတော်၏ တိုင်းပြည်တွင် မနေမှ ဖြစ်ပေမည်။ ပြည်သူတို့ လှူသော ဆွမ်းလည်း ဒကာတော်၏ဆွမ်း မဟုတ်တုံလော?။ ပြည်သူတို့ဆွမ်းကို စားခြင်းသည် ဒကာတော်၏ဆွမ်းကိုစားခြင်း မဟုတ်တုံလော ? ဟု လျှောက်ထားလေသည်။ ထိုအခါ သီလဗုဒ္ဓိ မထေရ်မြတ်သည် မင်းကြီးက ဤသို့ တင်းမာစွာ သတိသံဝေဂမရဘဲ ဆိုပြီဖြစ်ရကား-ငါသည် သီဟိုဠ်ကျွန်းသို့ သွားတော့မည်ဟု ကြံစည်ပြီးလျှင် စွယ်ကြိုးတောဝယ် ခေတ္တ သီတင်းသုံးနေတော်မူလေသည်။ ထိုမထေရ်မြတ်၏စိတ်တော် မချမ်းမြေ့သည်ကို သိရသောအခါ သရပါ တံခါးစောင့်ဘီလူးသည် မင်းကြီးလာသောအခိုက်တွင် မရှောင်မလွှဲဘဲ တံခါးအထက်က ကားရားကြီးရပ်လျက် ကြောက်မက်ဖွယ်သော အဆင်း ဖန်ဆင်းလျက်နေလေ၏။ သမားဟူးရားတို့ကို ဆေးဝါးမန္တရား အထွေထွေ ပြုစေသော်လည်း ထိုဘီလူးသည် မရှောင်ရှားပေ။ ထိုအကြောင်းကို နိမိတ်ဖတ်သော ဟူးရားဖြူ ဟူးရားညိုတို့အား အဘယ်အကြောင်းကြောင့် ဤဘီလူးသည် ဤသို့နေသနည်းဟု မေးသောအခါ၊ အရှင်မင်းကြီးသည် ငွေယ်ရှင် ပုံသကူမထေရ် အရှင်သီလဗုဒ္ဓိကို မလေးမစား ပြစ်မှားသော စကားကိုဆို၍ ဤသို့ ဘီလူး မရှောင်အလွှဲ နေလေသည်ဟု လျှောက်ထားလေလျှင်၊ ထိုမထေရ်မြတ်ထံသို့ အမတ်ကြီးများ စေလွှတ်၍ အကြိမ်ကြိမ် ပင့်ရလေသည်။ မထေရ်လည်း ကြွလာတော်မမူ။ သီဟိုဠ်ကျွန်းသို့သာ ကြွတော့မည်ဟု မိန့်ဆိုကာ ကြွသွားတော်မူလေသည်။ ထိုအကြောင်း

http://www.dhammadownload.com



ကို မင်းကြီးကြားလျှင် စတုရင်္ဂပစ္စည်း မည်သော အမတ် လိမ္မာကို စေလွှတ်၍ မထေရ်ကို ပါအောင် ပင့်ခဲ့ရမည်ဟု စေတော်မူလိုက်ရသည်။

စတုရင်္ဂပစ္စည်း အမတ်လိမ္မာသည် ဘုရားရုပ်တုတော် ရွှေဆင်းတု ၁ ဆူကို ရွှေလှေတွင်တင်၍ သမုဒ္ဒရာ ဆိပ်ကမ်းသို့ သွားရသည်။ သင်္ဘောဆိပ်တွင် မထေရ်ကို တွေ့မြင်သောအခါ အမတ်လိမ္မာသည် သီလဗုဒ္ဓိမထေရ် မြတ်အား ဘုရားရှင် ဤအရပ်သို့ ရောက်နေတော်မူသည်၊ မထေရ်မြတ် ဘုရားဖူး ကြွတော်မူပါဟု လျှောက်နိုင်း ရလေသည်။ မထေရ်မြတ်သည်လည်း "ဘုရားဖူးကြွတော်မူ ..." ဆိုသော စကားကို ဘုရားကို ရိုသေသဖြင့် ငြင်းဆန်ပယ်ရှားခြင်းမပြုဘဲ ပြန်ကြွလာတော်မူသည်။ ရှေးရှေးယခင် မထေရ်အရှင်တို့ ဤသို့လျှင် ဘုရားရှင်ကို ရိုသေတော်မူကြကုန်၏။ အံ့ဖွယ်သရဲ ရှိလေစွတကား။

**သင်္ဂဟကဗျာ**

ရှေးရှေးက ထေရအများပင်၊
ဘုရား၌ နှစ်ခြိုက်ရိုသေအင်။
ပညာရှိ ထိုသည့်နည်းတိုင်းပင်၊
ကြည်ညိုစိတ် ယိုဖိတ်ပါစေချင်။

မထေရ်မြတ်သည် ကြွလာ၍ လှေပေါ်သို့ တက်ပြီးလျှင် ဘုရားရှင်အား ရှိခိုးပူဇော် ဖူးမြော်ခြင်းကို ပြုတော်မူလေသည်။ ဤသို့ မထေရ်မြတ် ဘုရားရှိခိုး ဝတ်ပြုနေစဉ်ပင် မထေရ်နှင့်တကွ လှေတော်ကို အပြင်းလှော်ခတ် ဆန်တက်သွားရလေသည်။ စတုရင်္ဂပစ္စည်း အမတ်လည်း မထေရ်မြတ်အား ဘုရားရှင်၏ သာသနာတော်ကို အထူး ချီးမြှောက်တော်မူပါဟု အသနားခံကာ တောင်းပန် လျှောက်ထားလေသည်။ မင်းကြီးလည်း မှူးမတ် ပရိသတ် တို့ ခြံရံလျက် ကြိုဆိုနေရသည်။ လှေတော်ပေါ်မှ မထေရ်မြတ်၏ လက်တော်ကို ကိုယ်တော်တိုင် မ၍ နန်းတော်သို့ ပင့်ဆောင်တော်မူလေသည်။ သရပါတံခါးသို့ရောက်လျှင် ဘီလူးသည် တံခါးမှဆင်း၍ မထေရ်မြတ်အား ရှိခိုးဦးချလေသည်။ ဤအခါမှ ဘီလူးဘေးရန် ငြိမ်းအေးသွားလေသည်။ ဘုရင်သည် နန်းတော်တွင်းသို့ ရောက်သောအခါ မထေရ်မြတ်အား အထူးထူး အသွယ်သွယ် မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် ကပ်လှူ လုပ်ကျွေးလေသည်။ ဆွမ်းကျွေးပြီးသောအခါ မထေရ်မြတ်အား ဘုရင်မင်းကြီးက "အရှင်ဘုရား၊ ယနေ့မှအစ ပြု၍ အရှင်မြတ်သည် ဒကာတော်၏ ဆရာရင်း ဖြစ်ပါပြီ၊ ဘုရားသခင်၏ အဆုံးအမကို ဦးထိပ်ဝယ် ပန်ဆင်၍ အရှင်မြတ် ဆုံးမသမျှ နာခံပါမည် ..." ဟု လျှောက်ထားပြီးလျှင် ဇေယျသူရ၊ ရာဇသိခ၊ ရာဇသူ၊ ကဂ်သူ၊ ပျံချီ ဟူသော သားတော် ၅ ပါးတို့ကို မထေရ်မြတ်အား လှူတော်မူသည်။ ထိုမင်းသား ၅ ပါးတို့သည် မထေရ်မြတ် နှင့်အတူ လိုက်ပါရလေသည်။ မထေရ်မြတ်သည် မင်းသားတို့ကို ကျောင်းသို့ခေါ်၍ သွားတော်မူသည်။ လမ်းတစ်ဝက်တွင် မြေတွင် ဝန်းဝန်းစက်စက် အကွက် ၅ ကွက် ရေးခြစ်ပြီးလျှင် မင်းသားတို့အားပြ၍ ထိုနေရာက ပြန်စေလေသည်။ မင်းသားတို့သည် ပြန်လာ၍ ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားကြလျှင်၊ မထေရ်သည် ငါ့သားတော်တို့အား ကောင်းမှုကုသိုလ် ပြုစေလိုပေသည်ဟု သိတော်မူသဖြင့် မင်းသားတို့၏ ကိုယ်ကို ရွှေနှင့်ချိန်ပြီးသော်၊ ထိုရွှေကို လက်ခပြု၍ ဘုရားသခင် လက်ထက်က ပသေနဒီကောသလမင်းကြီး ပြုသော သရက္ခန် ဆင်းတုတော်နှင့်တူစွာ ဆင်းတုတော် ရွှေကိုယ်လေး ငါးဆူကို ထုလုပ်တော်မူစေသည်။ ဘွဲ့တော်များကို စာကြိုဘုရားလှ၊ မြေဘုံသာဘုရားလှ၊ ကန်စွန်းတောင်ဘုရားလှ၊ သိကြားတောင်ဘုရားလှ၊ ချောက်ဘုရားလှဟု သမုတ်တော်မူသည်။ သိကြားမင်းကိုယ်တိုင် လက်သမားယောင် ဖန်ဆင်း၍ ထုလေသည်။ ထိုရွှေကိုယ်လေး ဆင်းတုတော် ၅ ဆူ ဌာပနာရန် စေတီ ၅ ဆူကိုလည်း သိကြားမင်းကိုယ်တိုင် လက်သမားယောင် ဖန်ဆင်းကာ တည်လေသည်။ ထိုနေရာ၌ ဘုရင်က သားတော်များကို မထေရ်မြတ်အား ကြည်ညို၍ လှူတော်မူသည်။ မထေရ်မြတ်သည်လည်း ရတနာသုံးပါး အား အဖိုးပေး၍ ရွေးယူခြင်းကို ပြုစေတော်မူလိုသဖြင့် ဤသို့ အမှတ်သညာ မြေကို ရေးခြစ်ပြရသည်ဟု မှတ်ကြပါလေ။ ဤမထေရ်မြတ်သည် အရှင်အရဟံ၏ ဂိုဏ်းဝင် ရဟန္တာ အရှင်ပေတည်း။

**ဇွဲယ်ရှင် ပုံသကူအမည်တော်တွင်ပုံ**

ထိုသီလဗုဒ္ဓိ မထေရ်ကို ဇွဲယ်ရှင်ဟု ခေါ်တွင်ခြင်း

http://www.dhammadownload.com



အကြောင်းရင်းကား မထေရ်မြတ်သည် ကထိန်သင်္ကန်း သာမန်သင်္ကန်းတို့ကို အလှူမခံ။ သုသာန်တွင် သူသေလွှမ်းသော အဝတ်ကိုယူ၍ ပံ့သကူ သုံးဆောင်မြဲ ဖြစ်လေသည်။ ထိုအကြောင်းကိုသိသော ငစွယ်ငယ် ဆိုသော နွားကျောင်းသားက နွားကျောင်းအဖော်များအား၊ အချင်းတို့၊ ငါလည်း ကုသိုလ်ရ၊ သင်တို့လည်း ကုသိုလ်ရအောင် ငါက သေချင်ယောင်ဆောင်နေမည်။ ငါ့ကိုယ်ပေါ်တွင် အဝတ်ဖုံးလွှမ်းကာ မထေရ်မြတ်အား လူသေတစ်ကောင်မှာ ပံ့သကူကောက်ရန် လျှောက်ထားကြချေ ... ဟု ဆိုသည်။ သူငယ်ဖော်တို့လည်း ထိုသူဆိုတိုင်း မထေရ်မြတ်ကို လျှောက်ကြလေသည်။ မထေရ်မြတ်လည်း ကြွလာ၍ ငစွယ်ငယ်ကိုယ်က အဝတ်ကို ပံ့သကူကောက်တော်မူသည်။ မထေရ်မြတ် ပြန်သွားလေသော် ငစွယ်ငယ်လည်း လူသေကဲ့သို့ဖြစ်ကာ အသက်မရှုဖြစ်နေလေသည်။ ထိုအကြောင်းစုံကို နွားကျောင်းသားတို့က ငစွယ်ငယ်၏ မိဘဆွေမျိုးတို့ထံ သွားရောက်ပြောပြကြလေသည်။ ငစွယ်ငယ်၏ မိဘဆွေမျိုးတို့သည် မထေရ်မြတ်ထံ သွားရောက်ပြီး ဖြစ်ပုံ အကြောင်းစုံကို ပြန်လျှောက်ထား တောင်းပန်ကြရလေသည်။ မထေရ်မြတ် ကြွလာ၍ ပရိတ်မေတ္တာပြုလိုက်မှ ငစွယ်ငယ်သည် အသက်ရှင်ကာ ထ၍ ရှိခိုးလေသည်။ ငစွယ်ငယ်၏မိဘတို့သည် ငစွယ်ငယ်ကို မထေရ်မြတ်အား လှူဒါန်းလေသည်။ ထိုအခါ မထေရ်မြတ်က ငစွယ်ငယ်ကို ပိုင်သောကြောင့် ငစွယ်ရှင်၊ ပံ့သကူ ဆောင်သောကြောင့် ပံ့သကူ၊ ပေါင်းစပ်ပြီးလျှင် ငစွယ်ရှင် ပံ့သကူ မထေရ်ဟု ပုဂံပြည်အလုံးတွင် လွှမ်းဖုံးကျော်ကြားလေသတည်း။

### ပေါင်လောင် အရှင်ကဿပ ရဟန္တာအကြောင်း

ပုဂံပြည် နရပတိစည်သူမင်းကြီး လက်ထက်ကပင်လျှင် အရှင်ကဿပ မထေရ်သည် ပေါင်လောင်အရပ်သို့ ဒေသစာရီ လှည့်လည်ကြွမြန်းသည်ရှိသော် ပေါင်လောင်လူကြီးတို့က မထေရ်မြတ်အား ကြည်ညိုသဖြင့် ပေါင်လောင် လူငယ် ၂ ယောက်ကို အလုပ်အကျွေးအဖြစ် လှူတော်မူသည်။ ပေါင်လောင်လူမျိုးတို့ ကြည်ညိုလှသောကြောင့် ထိုမထေရ်မြတ်ကိုလည်း ပေါင်လောင် ရှင်ကဿပဟု အမည်တွင်လေသည်။ ထိုပေါင်လောင် အရှင်ကဿပသည် သီဟိုဠ်သို့ သွားသော် သင်္ဘောကြီးမင်းသည် ကျွန်းအသွင် ဖန်ဆင်း၍ ကျောပေါ်တင်ပြီးလျှင် သမုဒ္ဒရာဆိပ်ကမ်းသို့ ပို့ရလေသည်။ သမုဒ္ဒရာဆိပ်ကမ်းမှတစ်ဖန် လှေဖြင့် ကုန်သည်တို့နှင့်အတူ ကူးသွားလေသည်။ သမုဒ္ဒရာ အလယ်သို့ ရောက်သောအခါ လှေသည် ရပ်တန့်နေလေသည်။ ထိုအခါ ကုန်သည်တို့သည် ငါတို့လှေတွင် လူယုတ်မာ ပါချေပြီ၊ စာရေးတံမဲချမည်ဟု တိုင်ပင်ပြီးလျှင် ၃ ကြိမ် မဲချရာ မထေရ်မြတ်အားသာလျှင် ၃ ကြိမ်လုံး ကျလေသည်။ ထိုအတွက်ကြောင့် ကုန်သည်တို့သည် မထေရ်မြတ်အား ရေပြင်တွင် ပစ်ချခဲ့၍ လှေထွက်သွားကြလေသည်။

ထိုအခါ သင်္ဘောကြီးမင်းသည် မိကျောင်းအသွင် ဖန်ဆင်း၍ ကျောကုန်းတွင်တင်ကာ သီဟိုဠ်ရောက်အောင် ပို့ဆောင်လေသည်။ မထေရ်မြတ်သည် ဘီလူးကျွန်းသို့ ဒေသစာရီ လှည့်လည်တော်မူရာတွင် ဘီလူးမျက်စိမမြင်တို့အား မေတ္တာရေဆွတ်ဖြန်း၍ မျက်စိအလင်းကို ရစေတော်မူလေသည်။ ဘီလူးတို့သည် မထေရ်မြတ်၏ ကျေးဇူးဂုဏ်ကို ကြည်ညိုလှ၍ ငရမန်၊ ငတင်ကျည်းခေါ် ဘီလူးညီအစ်ကို ၂ ယောက်ကို လှူလိုက်ကြလေသည်။ မထေရ်မြတ်သည် ဘီလူးကျွန်းမှ သီဟိုဠ်ကျွန်းသို့ ကြွကာ ဘုရားပုထိုး အမျိုးမျိုးကို ရှိခိုးဖူးမြော်ပြီးလျှင် မဟာစေတီပုံတော်၊ လောဟပါသာဒ ကြေးပြာသာဒ်ပုံတော်၊ ဓာတ်တော် မွေတော် မဟာဗောဓိ မျိုးစေ့တို့ကို ပင့်ဆောင်ခဲ့ပြီးလျှင် ပုဂံပြည်သို့ ပြန်လည်ကြွလာတော်မူခဲ့လေသည်။ မထေရ်မြတ်၏ ပင်လယ်ပြင်တွင် စာရေးတံမဲ ၃ ခါကျခြင်း အကြောင်းကား၊ မထေရ်မြတ်သည် ဤဘဝမှ ၇ ဘဝမြောက်တွင် ရွာတစ်ရွာတွင် သူငယ်ဖြစ်၍ ကစားခြင်းအကျိုးငှာ ခွေးတစ်ကောင်ကို ရေထဲ၌ မွန်းနစ်ပင်ပန်းအောင် ကျီစယ်ကစားမိလေသည်။ ဤသို့ပင်ပန်းလှမှ ရေထဲမှဆယ်၍ ကုန်းပေါ်သို့ တင်လိုက်လေသည်။ ဤကဲ့သို့ ပြုခဲ့သော အကျိုးဆက်ကြောင့် သမုဒ္ဒရာအလယ်တွင် စာရေးတံမဲကျကာ ပစ်ချခြင်းခံရလေသည်။ ။ ဩော် ... အကုသိုလ်အမှုသည် ကြီးငယ်မဆိုသာ၊ ကြောက်ဖွယ်ကောင်းလှပါတကား။

http://www.dhammadownload.com



## ရဟန္တာအရှင်သုမေဓာအကြောင်း

အရှင်သုမေဓာ အမည်ရှိသော မထေရ်တစ်ပါးသည်လည်း ဟံလင်းကြီးမြို့ မုက်ထီးသရိုင်ရွာ အရှေ့တောင် ဒိန်ကျောင်းတွင် သီတင်းသုံးနေတော်မူလေသည်။ ထို့ကြောင့် ဒိန်ကျောင်းဆရာတော် အရှင်သုမေဓာဟု တွင်လေသည်။ ထိုမထေရ်မြတ်သည် လူသေမှ အဝတ်ကို ပံ့သကူ ရူတင်ဆောင်ကာ ဝတ်ရုံတော်မူသည်။ အကျင့်သိက္ခာကို ရိုသေလေးမြတ်သော ဈာန်အဘိညာဉ်ရ ရဟန္တာကြီး ဖြစ်လေသည်။ နေ့တိုင်းနေ့တိုင်း ထိုကျောင်းမှ *၉ ယူဇနာ ဝေးကွာသော ခြေတော်ရာ "မန်းစက်တော်" စေတီသို့ သွားရောက်ကာ ရှိခိုးပူဇော်၍ စေတိယင်္ဂဏဝတ်ကို ပြုလေ့ရှိပေသည်။ ၎င်းမှ ပြန်လာပြီးမှ မုက်ထီးသရိုင်ရွာတွင် ဆွမ်းခံလေ့ ရှိပေသည်။ ဤသို့ နေ့စဉ်ဝတ်နိဗဒ်ကို ပြုတော်မူလေသတည်း။

ဤမထေရ်တို့ကား ရဟန္တာ မထေရ်တို့ပေတည်း။ ထိုမှတစ်ပါး များစွာသော ရဟန္တာ မထေရ်တို့ အကြောင်းအရာတို့ကို အကျယ်ချဲ့ထွင်ကာ ဆိုသင့်ပါသော်လည်း ဤသာသနာဝင်ကျမ်းသည် အလွန် ကျယ်ဝန်းနေမည်ဖြစ်ရကား ဤမျှဖြင့် အကျယ်မချဲ့တော့ဘဲ နိဂုံးချုပ်လိုက်ပေသည်။ ဤသည်တို့ကို ထောက်ဆ၍ မြန်မာပြည်တွင် ရဟန္တာအရှင်တို့ ရှိဖူးကြောင်းကို ကောင်းစွာယုံကြည်မှတ်သားကြကုန်ရာသတည်း။

## သာသနာ ၅–ထောင် ပိုင်းခြားနည်းများ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးမြောက်သည်မှ ယနေ့ရောက်အောင် ဆရာအစဉ်အဆက် ဆင်းသက်လာသည်၏ အစွမ်းဖြင့် ဆက်စပ်၍ ယူဆောင်လာသော သာသနာဝင်စကားအစဉ် ဖြစ်ပေသည်။ ပြဆိုခဲ့ပြီးသော ဝတ္ထုတို့ ရေးသားရခြင်း အကြောင်းမှာ ယခုအခါ ဈာန်အဘိညာဉ်ရ အရိယာပုဂ္ဂိုလ်တို့ ဖြစ်ထွန်းရာခေတ် မဟုတ်ဟူသော အယူမှားကို ပယ်ဖျောက်စေခြင်းငှာ လည်းကောင်း၊ အရိမဒ္ဒနမည် ပုဂံပြည်သည် များစွာကုန်သော အဘိညာဉ် ဈာန်ရ အရိယာ ပုဂ္ဂိုလ်ကြီးတို့၏ နေထိုင်ဖြစ်ထွန်းရာ ဒေသကြီးဟု သိစေခြင်းအကျိုးငှာ လည်းကောင်း ပြဆိုရခြင်း ဖြစ်လေသည်။ ထိုစကားသည် ခိုင်လုံသောစကားဟု မှတ်အပ်၏။ ထို့ကြောင့်ပင် ဘိက္ခုနိခန္ဓက ဝိနည်းအဋ္ဌကထာကြီး၌ –

*၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် – ၁၀၀၀
၂။ သုက္ခဝိပဿကရဟန္တာခေတ် – ၁၀၀၀
၃။ အနာဂါမ်အရိယာခေတ် – ၁၀၀၀
၄။ သကဒါဂါမ်အရိယာခေတ် – ၁၀၀၀
၅။ သောတာပန်အရိယာခေတ် – ၁၀၀၀

ဤသို့သောနည်းဖြင့် အနှစ် ၅၀၀၀ ပတ်လုံး ဘုရားရှင်၏ ပဋိဝေဓ ဓမ္မခေါ် သာသနာတော် တည်ပေလိမ့်မည်ဟု မိန့်ဆိုတော်မူလေသည်။

ဒီဃနိကာယ် အဋ္ဌကထာကြီး သံယုတ်အဋ္ဌကထာကြီးတို့၌လည်း

၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် – ၁၀၀၀
၂။ အဘိညာဉ် ၆–ပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် – ၁၀၀၀
၃။ ဝိဇ္ဇာ ၃ ပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် – ၁၀၀၀
၄။ သုက္ခဝိပဿကရဟန္တာခေတ် – ၁၀၀၀
၅။ ပါတိမောက္ခခေါ် ဝိနည်းစောင့်ခေတ် – ၁၀၀၀

ဤသို့ အနှစ် ၅၀၀၀ သာသနာတော် တည်လိမ့်မည်ဟု မိန့်ဆိုတော်မူလေသည်။ အင်္ဂုတ္တရိုနိကာယ် အဋ္ဌကထာကြီး၌ လည်းကောင်း၊ ဝိဘင်း အဋ္ဌကထာကြီး၌ လည်းကောင်း၊

၁။ ပဋိသမ္ဘိဒါ ၄–ပါးရ ရဟန္တာခေတ် – ၁၀၀၀
၂။ အဘိညာဉ် ၆–ပါးရ ရဟန္တာခေတ် – ၁၀၀၀
၃။ ဝိဇ္ဇာ ၃–ပါးရ ရဟန္တာခေတ် – ၁၀၀၀
၄။ သုက္ခဝိပဿကရဟန္တာခေတ် – ၁၀၀၀
၅။ အနာဂါမ် သကဒါဂါမ်, သောတာပန်ခေတ်– ၁၀၀၀

ဤသို့ အနှစ် ၅၀၀၀ ပတ်လုံး သာသနာတော် တည်လိမ့်မည်ဟု မိန့်မှာတော်မူလေသည်။ ဤသို့ အဋ္ဌ

* တစ်ယူဇနာလျှင် ၁၃ မိုင်ရှိ၍၊ ၉ ယူဇနာမှာ မိုင် ၁၁၇ မိုင် ရှိသည်။

* ပ, သုက်, နာ, သ၊ သော–ခေတ်ပြ၊ ခန္ဓကကျမ်းမိန့်ဆို။ ။
ပ, ဆ, တေ, သုက်၊ ပါတိမုက်၊ ကျမ်းထုတ်ဒီဃဆို။ ။
ပ, ဆ, တေ, သုက်၊ သေက္ခထုတ်၊ သံယုတ်အင်္ဂုတ္တိုရ်။ ။
(သာရသင်္ဂဟာကျမ်း)

http://www.dhammadownload.com



ကထာ အသီးသီးတို့၌ အရိယာခေတ် ရှိနိုင်ကြောင်းကို အနည်းနည်း လာရှိသောကြောင့် ယခုအခါ အရိယာပုဂ္ဂိုလ်မရှိဟူ၍ မဆိုနိုင်ချေ။ ယခုအခါ အရိယာခေတ် ရှိနေသောကြောင့်ပင်တည်း။

အကယ်၍ ယခုအခါ မနားမနေ ကြိုးစားအားထုတ်သော အာရဒ္ဓဝီရိယသက ပုဂ္ဂိုလ် ဖြစ်ပါမူကား ရဟန္တာ ဧကန်ဖြစ်နိုင်၏ဟု ဆုံးဖြတ်အပ်၏။ အဋ္ဌကထာများ၌မူကား ဘာဏကဆောင် ပုဂ္ဂိုလ်တို့ ကွဲပြား၍ ဝါဒကွဲပြားစွာလာလေသည်။ ဝါဒပင် ကွဲပြားသော်လည်း သာသနာတော် မကွဲပြားနိုင်။ သာသနာတော် မကွဲပြားခြင်းသည်သာလျှင် ပမာဏတစ်ခု အလေးပြုအပ်လေသည်။ ဤသို့လျှင် မြန်မာပြည် ပုဂံမြို့၌ ဘုရားသာသနာသည် များစွာသော ရဟန္တာအသွယ်သွယ်တို့ဖြင့် အလွန် တင့်တယ်ခဲ့လေသတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည့်နောက် သာသနာနှစ် ၉၃၀ ကျော်တွင် မြန်မာပြည် သေဥ်လည်ကြောင်မင်းနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သော သီဟိုဠ်ကျွန်းမဟာနာမမင်း လက်ထက် အရှင်ဗုဒ္ဓဃောသ၊ အရှင်ဗုဒ္ဓဒတ်တို့မှစ၍ များစွာသော မထေရ်မြတ်တို့သည် ထိုထို ကျမ်းတို့ကို ပြုစုတော်မူခဲ့ကြကုန်သည်။ ထိုမှ ရှေးက ကျမ်းဂန်မပြုစုကြ။ သတိပညာ ထက်သန်ကြ၍ ပါဠိအဋ္ဌကထာနှင့်ပင် အနက်အဓိပ္ပာယ်ကို သိကြသောကြောင့် ဖွင့်ဖွယ်မရှိ၍ မပြုစုကြ။ ထိုနောက် သတိပညာ နည်းပါးလာသဖြင့် ချမ်းသာစွာ သင်ကြားလေ့ကျက် သိမှတ်ကြရန် ဋီကာကျမ်းများကို ပြုစုတော်မူကြလေကုန်သည်။

## ပုဂံပြည်တွင် ကျမ်းပြုတော်မူကြပုံ

အရိမဒ္ဒနမည်ပုဂံပြည်၌ သာသနာနှစ် ၁၆၉၇ ခုနှစ်ရောက်သောအခါ ပိဋကတ် ၃ ပုံ၏ ရေသောက်မြစ်သဖွယ် အရင်းမူလဖြစ်သော သဒ္ဒါနည်းတို့၌ စာသင်သားတို့အား လိမ္မာတတ်မြောက်စေခြင်း အကျိုးငှာ အာနန္ဒာ ငါးကြီးသည် မဟာသမုဒ္ဒရာ၌ ချောက်ချားနိုင်သကဲ့သို့ အဋ္ဌကထာနှင့်တကွသော ပိဋကတ် ၃ ပုံကို မွှေနှောက်ချောက်ချား၍ အရှင်အဂ္ဂဝံသ မထေရ်သည် သဒ္ဒနီတိကျမ်းကို ပြုတော်မူသည်။ ပုဂံပြည်၌ အရှင်ဥတ္တရာဇီဝ, အရှင်ဆပ္ပဒတို့ သီဟိုဠ်ကျွန်း မသွားမီကပင် ကျမ်းတတ်ကြီး အကျော် ၃ ပါး ရှိ၏။ ဆရာအရှင်မဟာအဂ္ဂပဏ္ဍိတ, ၎င်းတပည့် ဒုတိယ အဂ္ဂပဏ္ဍိတ, ၎င်း၏တူ တတိယ အဂ္ဂပဏ္ဍိတ ဤသို့ ၃ ပါး ရှိသည်။ တတိယ အဂ္ဂပဏ္ဍိတကိုကား အဂ္ဂဝံသ ဟူ၍လည်း ခေါ်ဝေါ်ကြသည်။ ထိုအခါ ပုဂံပြည်တွင် သဒ္ဒါတတ် အလွန်ပေါများသည်ဟု သီဟိုဠ်ကျွန်းတိုင်အောင် ပျံ့နှံ့ကျော်စောနေလေသည်။ ထို့ကြောင့် သီဟိုဠ်သား သဒ္ဒါတတ် ရဟန်းများတို့သည် ပြိုင်ဆိုင်စုံစမ်းလို၍ ပုဂံသို့ ကူးလာကြသည်။ ပုဂံသို့ ရောက်သောအခါ သဒ္ဒနီတိကျမ်းကို ထုတ်၍ ပြကြသည်။ သီဟိုဠ်ရဟန်းတို့သည် သဒ္ဒနီတိကျမ်းကို ရင်းဖျားမကျန် အဖန်ဖန်ကြည့်ရှုပြီးလျှင် သဒ္ဒါအရာ၌ ဤကျမ်းကဲ့သို့သော ကျမ်းသည် သီဟိုဠ်ကျွန်း၌ပင် မရှိပေ။ ဤကျမ်း၌ပါသော အဆုံးအဖြတ်တို့ကိုလည်း ငါတို့ အကုန်မသိနိုင်ချေ … ဟု တောင်းပန် ဝန်ချ၍ အထူးထူးအထွေထွေ ချီးမွမ်းထောမနာ ကြလေကုန်သည်ဟု ယနေ့တိုင်အောင် ဥဒါန်းတွင်လျက် ရှိလေသည်။

ပုဂံပြည်၌သီဟိုဠ်ပြန် ဆပ္ပဒ ဆရာတော် အရှင်သဒ္ဓမ္မဇောတိပါလ မထေရ်သည် သဒ္ဒါတတ်လှ၍ သုတ္တနိဒ္ဒေသကျမ်းကို ပြုတော်မူသည်။ အဘိဓမ္မာ ကျွမ်းကျင်လိမ္မာတော်မူသဖြင့် သင်္ခေပဝဏ္ဏနာ ဋီကာကျမ်း၊ နာမစာရဒီပကကျမ်းကို ပြုတော်မူသည်။ ဝိနည်းတွင် ကျွမ်းကျင်လိမ္မာတော်မူသဖြင့် ဝိနယဂူဠတ္ထဒီပနီကျမ်း, သီမာလင်္ကာရကျမ်းတို့ကို ပြုတော်မူသည်။ ထိုကျမ်းများ၏ နိဂုံးတွင် သဒ္ဓမ္မဇောတိပါလ ဟူ၍ မူလနာမည်နှင့် ဆိုထားသည်။ ပုသိမ်မြို့ ဆပ္ပဒရွာလျှင် ဖွားရာဇာတိဖြစ်သော ဌာန၏ အမည်ကို တင်စားသောအားဖြင့် ဆပ္ပဒဆရာတော်ဟု ကျော်ကြားတော်မူသည်။ ပုခန်းကြီးမြို့တွင်လည်း ဆပ္ပဒအမည်ရှိသော မထေရ်တစ်ပါး ရှိသည်။ ထိုမထေရ်သည် အလဇ္ဇီဒုဿီလ ဖြစ်သည်။ အချို့သောသူတို့သည် နာမည်တူ အရိပ်အယောင်ကိုရမ်း၍ သီဟိုဠ်ပြန် လဇ္ဇီပေသလ သိက္ခာမသီလဝန္တဖြစ်သော အရှင်ဆပ္ပဒ ဆရာတော်ကို အလဇ္ဇီဟု စွပ်စွဲကြကုန်သည်။ ထိုသူတို့ကား ဘုရားရှင်လက်ထက်က ဤလို အရိပ်အယောင်ဖမ်း၍ မလ္လာမင်းသားအရှင်ဒဗ္ဗကို မဟုတ်မတရား စွပ်စွဲသည်နှင့် တူကြလေကုန်သည်။ ပုဂံပြည်ရှင် အလောင်းစည်သူ ဘုရင်မင်းကြီးလက်ထက်တွင် မဟာဝိမလဗုဒ္ဓိ၊ စူဠဝိမလဗုဒ္ဓိမည်သော

http://www.dhammadownload.com



ကျမ်းတတ်အကျော် ဆရာတော် ၂ ပါး ရှိတော်မူသည်။ ထို ၂ ပါးတွင် အကြီးဖြစ်သော မဟာဝိမလဗုဒ္ဓိ*ထေရ်သည် ကစ္စည်းကျမ်း၏ အဖွင့်နျာသကျမ်းကို ပြုစုတော်မူသည်။ အချို့သူတို့ကား သီဟိုဠ်အရှင် ဝိမလဗုဒ္ဓိမထေရ် ပြုသည်ဟု ဆိုလေသည်။ စူဠဝိမလဗုဒ္ဓိမထေရ်သည် ဝုတ္တောဒယဆန်းကျမ်း၏ ဋီကာဟောင်းပြုသည်။ ဆန်းဋီကာလဘ် ဆန္ဒောသာရတ္ထဝိကာသနီကျမ်းကို အရှင်သဒ္ဓမ္မညာဏထေရ် ပြုသည်။ ဆန်းဋီကာငယ် ဝစနတ္ထဇောတိကဋီကာကို ရှင်ဝေပုလ္လ ပြုသည်။

## မင်းသမီးလိုချင်၍ ကျမ်းပြုပုံ

နျာသကျမ်း၏ ဋီကာဟောင်းကို သံပျင်အမတ် ပြုသည်။ ထိုအမတ် အကြောင်းကား ဤသို့ပင်။ ပုဂံပြည် နန်းတော်တွင်းတွင် ဘုရင်၏ မင်းသမီးတစ်ဦးက လူရော ရှင်ပါ စာပေပို့ချရာတွင် ရဟန်း ၁ ပါးသည် ထိုမင်းသမီးထံ၌ စာပေနည်းယူ သင်ကြားစဉ် တွေ့မြင်ရသဖြင့် မရပ်မတည်နိုင်အောင် စွဲလမ်းနှစ်သက်နေလေသည်။ ထိုအကြောင်းကို ဘုရင်မင်းမြတ် သိတော်မူသဖြင့် ဤသို့ မိန့်တော်မူသည်။ "ထိုရဟန်းသည် ငါ၏ သမီးတော်ကို အလိုရှိလျှင် အဆုံးအဖြတ်နှင့် ပြည့်စုံ၍ နက်နဲခက်ခဲသော ကျမ်းတစ်စောင်ကို ရေးရမည်။ ထိုသို့ရေးနိုင်မှသာ ငါ၏ သမီးတော်ကို ရနိုင်ပေမည်" ဟု ဆိုလေသည်။ ထိုအခါ ၎င်းသည် နျာသကျမ်း၏ အဖွင့်ဖြစ်သော ဋီကာဟောင်းကြီးကို ပညာရှိတို့ အလေးပြုလောက်အောင် ရေးသားပြုစုပြီးလျှင် ဘုရင့်ထံ ဆက်သွင်းလေသည်။ ဘုရင်သည် ထိုကျမ်းစာကို နှစ်မြို့က်တော်မူသဖြင့် သမီးတော်ကို ပေးရလေသည်။ ထိုရဟန်းကို လူထွက်စေ၍ သမီးတော်ကို ပေးပြီးလျှင် မြေတိုင်း သံပျင်အမတ်ကြီး ရာထူးကို ပေးတော်မူသည်။ ၎င်းပြုသော ကျမ်းသည်လည်း သံပျင်ဋီကာဟု ကျော်စောလေသည်။ ပုဂံပြည် သာသနာ ကောင်းစားစဉ်က ရဟန်း လူထွက်များမှာ ဤသို့ ဂုဏ်ထူးရနိုင်ခြင်းမှာ ယခုခေတ်နှင့် ပြောင်းပြန်ဖြစ်နေလေသည်။ ထိုသံပျင်ဋီကာ၏ အဖွင့်ဋီကာကျမ်းကို လည်းကောင်း၊ သဒ္ဒါဘက်ဆိုင်ရာ ကာရိကာစာကိုယ်နှင့် ဋီကာကျမ်းကို လည်းကောင်း အရှင်ဓမ္မသေနာပတိ ပြုသည်။ ထိုအရှင်မြတ်သည်ကား ထီးလှိုင်ရှင် ကျန်စစ်သားမင်း ဆောက်လုပ်သော နန္ဒဂူအနီးရှိ နန္ဒကျောင်းတိုက်တွင်နေ၍ ပြုစုသည်။ ထိုအခါက ဟိမဝန္တာ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်မှ ရဟန္တာများ ကြွလာ၍ ထိုနန္ဒာကျောင်းတွင် ဝါဆိုတော်မူကြသည်။ ရဟန္တာတို့၏ မျက်မှောက်တွင် ရေးသားပြုစုရသောကြောင့် ထိုကာရိကာစာကိုယ်ဋီကာနှင့် သံပျင်ဋီကာအဖွင့်ကျမ်းတို့ကို ပညာရှိတို့က ခိုင်လုံသော ကျမ်းများဟု ယုံကြည်လေးမြတ်နှစ်သက်ကြသည်ဟု ရှေးဆရာတို့ ဆိုကြကုန်သည်။ ဝစ္စဝါစက ကျမ်းကို ဓမ္မဒဿီသာမဏေ ပြုသည်။ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို ပုဂံ တူးရှင်းခြေတောင်ရှာ အရှင်သဒ္ဓမ္မသိရိ ရေးစီရင်သည်။ ထိုမထေရ်သည် ဖြိုးဟာဓ်ဗေဒင်ကျမ်းကိုလည်း မြန်မာဘာသာဖြင့် ရေးတော်မူသည်။ ကေကွရကောသ ကျမ်းကို သဒ္ဓမ္မကိတ္တိထေရ် ပြုသည်။ ထိုမထေရ်သည်ကား သက္ကရာဇ် ၈၈၇ ခုရောက်သောအခါ ရှမ်းဗလုံဘေးကြောင့် တမ္ဗဒီပတိုင်းမကြီး ပျက်စီးတိမ်းယိမ်းခဲ့၍ ပိဋကတ်ကျမ်းများ မီးလောင်ခြင်း၊ အရပ်တစ်ပါးသို့ လွင့်ပါကုန်ခြင်း၊ ရဟန်းသံဃာတို့လည်း တိုင်းပြည်ရေးကြောင့် မဆောင်ရွက်နိုင် ဖြစ်ကုန်ရကား သာသနာတော် အလွန် ညှိုးနွမ်းသွားလေသည်။ ထိုဖြစ်ပုံကို မြင်ရပြီးလျှင် ပရိယတ်ကျမ်းစာ မရှိမူ ပဋိပတ်အကျင့် သာသနာကွယ်တော့မည်။ ပဋိပတ်သာသနာကွယ်က နိဗ္ဗာန်တည်းဟူသော ပဋိဝေဓ ကွယ်ပတော့မည်ဟု လွန်စွာပင် စိုးရိမ်ကြောင့်ကြပြီးလျှင် အက္ခရာတစ်လုံး၏ အနက်အဓိပ္ပာယ် မည်သို့ရှိနိုင်ပုံကို သေချာစွာ ရေးသားထားလေသည်ဟု ၎င်းအဖွင့်ဋီကာကျမ်းတွင် ဆိုလေသည်။ မုခမတ္တသာရကျမ်းကို အရှင်သာဂရမထေရ် ပြုသည်။ ထိုကျမ်းကိုကား နျာသကျမ်းကြီးကို အကျဉ်းချုံးကာ ဂါထာဖွဲ့ဆို ရေးသားပြုစုသည်။

## ကျစွာမင်းအကြောင်း

သက္ကရာဇ် ၅၁၈ ခုတွင် သားတော်အငယ် သေလွန်သည်ကို အကြောင်းပြု၍ သံဝေဂရသဖြင့် ပစ္စေကဗုဒ္ဓါဆုကိုပန်သော ဇေယျသိခ်မင်း၏သားတော် ကျစွာမင်း

---

* ဝဒိရဗုဒ္ဓိ ဟူ၍လည်း ကျမ်းပေါင်းများစွာ၌ ဆိုလေသည်။ ဝိမလဗုဒ္ဓိဟူ၍လည်း ဆိုကြ၏။ ဤသို့ အယူအဆကွဲပြားပုံမှာ ထိုကိုယ်တော်၏ ဘွဲ့တော်က ၂ မည်ရ၍လောဟု တွေးတောစရာရှိ၏။

http://www.dhammadownload.com



သည် ထီးနန်းစိုးအုပ်သည်။ ဓမ္မရာဇာ တံဆိပ်နာမံခံသည်။ ပိဋကတ် ၃ ပုံ အလုံးစုံတို့၌ သဘောသကံ ဟုတ်မှန်ရမိ ကျနစွာ ရှိသောကြောင့် ကျစွာမင်းဟု တွင်လေသည်။ ထိုကျစွာမင်းကြီးသည် ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့၌ အလွန်တတ်မြောက် လိမ္မာသောကြောင့် ဆွေးနွေးဝံ့သူ လူသူတစ်ဦးမျှ မရှိချေ။ ပိဋကတ် ၃ ပုံကို ၉ ခေါက် ပြန်သင်သည်။ ရဟန်းသံဃာတို့အား တစ်နေ့ စာဝါ ၇ ကြိမ် ပို့တော်မူသည်။ တူးရှင်းခြေတောင်အနီးတွင် ကန်ကြီးတူး၍ ထိုနေရာတွင် နန်းတော် ဆောက်လုပ်နေထိုင်လျက် စာပေ ပို့ချတော်မူသည်။ အလုံးစုံသော တိုင်းမှုပြည်ရေးတို့ကို သားတော် အိမ်ရှေ့မင်းသားကို လွှဲအပ်ထားတော်မူသည်။ ဘာတစ်ခုမျှ နားစိုက်တော်မမူချေ။ တရားစာပေနှင့်သာ ပျော်မွေ့ကာ နေတော်မူလေသည်။ စာပေသင်ကြားသော နန်းတွင်းသူ မောင်းမတို့အား မှတ်သားလွယ်ရန် သဒ္ဒါကို အကျဉ်းချုံး၍ သဒ္ဒဗိန္ဒုကျမ်း, ပရမတ် တတ်လွယ်ရန် ပရမတ္ထဗိန္ဒုကျမ်းကိုလည်းကောင်း ပြုစုတော်မူသည်။ အနော်ရထာမင်းစောသည် နောက်တစ်ကြိမ် ငါ မင်းဖြစ်သောအခါ ဤပေစာများ ပေါက်စေသောဟု မိဋ္ဌာန်၍ စိုက်ခဲ့သော ပေစာများသည် ကျစွာမင်းဖြစ်မှ ပေါက်သည်။ ထို့ကြောင့် အနော်ရထာမင်းကြီး ဝင်စားသည်ဟု တိုင်းပြည်က ယုံကြည်ကြလေကုန်သည်။ သမုဒ္ဒရာဇ်မင်း, အနော်ရထာမင်း, ကျစွာမင်း ဤ ၃-ဖြစ် အတူတူ။ ဖြူမင်းထီး, သေဉ်လည်ကြောင်, ကျန်စစ်သား ဤ ၃-ဖြစ် အတူတူဟု အမှတ်ရှိကြသည်။ ထိုကျစွာမင်းသည် စေတီတစ်ဆူ တည်တော်မူသည်။ ပိဋကတ် စာပေကိုသာ လေ့လာအားကြီး၍ အပြုအလုပ် နှီးဆော်ခြင်း နည်းပါး၍ မပြီးစီးလေဟု ရာဇဝင်တွင် ဆိုသည်။ ထိုစေတီကို တည်ရန် အုတ်လုပ်ခြင်း, ပန္နက်ချခြင်း, အုတ်မြစ်ချခြင်း အလုံးစုံ လုပ်စရာရှိသမျှကို ပြဿဒါးနေ့တွင်သာ လုပ်စေသည်။ ထို့ကြောင့် ထိုစေတီကို ယခုတိုင် ပြဿဒါးစေတီဟု ခေါ်ဝေါ်ကြလေသည်။ ပညာသီလသမ္ပန္နော နတ္ထိမေ နဝိဇ္ဇတိ စသည်ဖြင့် ကျစွာမင်းကိုယ်တိုင် ရေးသားသော မှာတမ်းများကို ထောက်ထား၍ ရာဇဝင် အစဉ်အလာတွင် ကျစွာမင်းကြီးနှင့်တူသော ပညာသီလ ပြည့်စုံသောမင်း မရှိဟု ဆိုကြလေသည်။ အလွန်ပင် ကြည်ညိုဖွယ်ကောင်းသော မင်းကြီးပေတည်း။

ကျစွာမင်းကြီးသည် ဗုဒ္ဓဘာသာ စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီး ဖြစ်ရကား မြန်မာတို့ အလွန်အကြုံး စွဲလမ်းသောအလေ့ဖြစ်သော လောကီ ပြဿဒါးရှောင်မှုကို ပပျောက်စေရန် ပြဿဒါးနေ့ကို ရွေးချယ်၍ စေတီတည်သလောဟု ယုံမှတ်ရန်ရှိသည်။

**တောထွက်ရဟန်းကြီး စာတတ်လာပုံအကြောင်း**

ကျစွာမင်းကြီး၏ သမီးတော်သည် ဝိဘတျတ္ထမည်သော သဒ္ဒါငယ်ကျမ်းကို ပြုသည်။ ရှေးခေတ်အခါ ပုဂံပြည်ဝယ် စာပေကျမ်းဂန်ကို သင်အံလေ့ကျက် ဆောင်ရွက်ခြင်း ပို့ချဟောပြောခြင်း စသည်ဖြင့် ဘုရားရှင်သာသနာသည် များစွာ တင့်တယ်လေသည်။ ထိုစကား မှန်လှ၏။ ပုဂံပြည်၌ပင်လျှင် နရသီဟပတေ့ မင်းတရား လက်ထက်အသက် ၆၀ ကျော်မှ ရဟန်းပြုသော ရဟန်းကြီးတစ်ပါးသည် မိမိ၏ တစ်နေ့လျှင် တစ်ချောင်းကျ ဝါး၍ စွန့်ပစ်ထားသော တံပူပုံကိုမြင်၍ ဩော် ငါသည် တစ်နေ့လျှင် ဤတံပူ တစ်ပြားစာမျှ စာပေသင်အံ့ပါမူ များစွာ တတ်ကျွမ်းနိုင်သော အခွင့်ရှိပါတကားဟု တရားသံဝေဂမြင်၍ စာသင်ရန်အတွက် ကန့်ကူဆန်ခေါ် ရှေးခေတ်ကကျောက်တံအလှူခံရန်အလို့ငှာ ဘုရင့်နန်းတော်သို့ ကြွလေသည်။ ဘုရင်မင်းမြတ်သည် အကြောင်းခြင်းရာ မေးမြန်း သိရှိရသဖြင့် ရဟန်းခင်ကြီး, အရှင်သည် လွန်စွာကြိုးစားအားထုတ်သော်လည်း အသက်အရွယ်ကြီးသဖြင့် ကျမ်းဂန် တတ်ကျွမ်းနိုင်ရန် မထင်မြင်ပါ။ အကယ်၍ ဆန်ဖွတ်ကျည်ပွေ့မှာ အတက်ပေါက်လာပါမူ အရှင်ရဟန်းကြီး စာတတ်နိုင်လိမ့်မည် ထင်ပါသည် ... ဟု ပြောင်လှောင်ပြက်ရယ်ပြောဆိုကာ လှူဒါန်းလိုက်လေသည်။ တောထွက်ရဟန်းကြီးလည်း ကျောင်းသို့ ပြန်ကြွပြီးလျှင် နေ့စဉ်နေ့စဉ် တစ်နေ့လျှင် တံပူတစ်ပြားမျှရှိသော စာပေတို့ကို လေ့လာကြိုးစားလေသည်။ သဒ္ဒါသင်္ဂြိုဟ် စသော ထိုထိုကျမ်းတို့ကို ဆရာ့ထံ၌ ကြိုးစားအားထုတ်လေသည်။ မကြာမြင့်မီပင် ကျမ်းဂန် ပရိယတ် တတ်ကျွမ်းခြင်းသို့ ရောက်၍ ကျည်ပွေ့ကို သစ်ခက်သစ်ညွန့်တွေ စည်းပြီးလျှင် နန်းတော်သို့ ကြွဝင်တော်မူလေသည်။ ဘုရင်မင်းမြတ်သည် အကြောင်းခြင်းရာကို မေးမြန်းသောအခါ၊ ဒကာတော်မင်းကြီး ဤကျည်ပွေ့သည် အတက်တွေပေါက်နေ၍ ပြောကြားရန် ဝင်လာရပေသည်ဟု မိန့်ဆို

http://www.dhammadownload.com



လေသော်၊ ဘုရင်သည် သြော်–ဤခင်ကြီးသည် ကျမ်းဂန် တတ်သိလိမ္မာလာ၍ ငါ၏ပြောစကားကို ချေပလေသည် ဟု သိရှိလေသည်။ ထိုနောက် ဟုတ်သည် မဟုတ်သည်ကို စုံစမ်းရန်အလို့ငှာ ကျမ်းတတ်အကျော် ဆရာတော်ကြီးများ ထံပို့၍ စုံစမ်းစစ်ဆေး မေးမြန်းစေလေသည်။ မဟာထေရ် ကြီးတို့သည် ခက်ခဲနက်နဲသော ခဲရာခဲဆစ်တို့ကို မေးမြန်း ရာ မေးမြန်းတိုင်း ဖြေဆိုနိုင်လေသည်။ ထိုနောက် တော ထွက်ရဟန်းကြီးက အရှင်ဆရာတော်ကြီးတို့ကိုလည်း မေးမြန်းပါရစေဟု ခွင့်ပန်၍ သင်္ဂြိုဟ် စေတသိက်ပိုင်း လာ အညသမာန်း စေတသိက်၌ အည၏ အပါဒါန်ကို ခံ၍ ပြပါဟု မေးမြန်းရာ မဟာထေရ်ကြီးတို့သည်လည်း ရှေး၌နှလုံးသွင်းထားခြင်း မရှိရကား လျင်စွာမဖြေနိုင်ဘဲ နှုတ်ပိတ်ကာ နေရလေကုန်သည်။ ဘုရင်မင်းတရားသည် ထိုသတင်းစကားကိုကြားရ၍ များစွာ ကြည်ညိုပြီးလျှင် သာသနာ အားပေးရန် နောင်လာနောက်သားတို့ အတု ယူရန်အတွက် ဒီသာပါမောက္ခ ဟူသော ဘွဲ့တံဆိပ် ကပ်လှူ ပြီးလျှင် ဘုရင့်ဆရာအရာထား၍ ကိုးကွယ်တော်မူလေ သည်။

ထိုရဟန်းကြီးကား ကျမ်းပြုပုဂ္ဂိုလ် မဟုတ်သော်လည်း အသက် ၆၀ ကျော်မှ ဤသို့ဤပုံ အားထုတ်၍ ဖြစ်နိုင်ကြောင်း နည်းကောင်းလမ်းပြ ဖြစ်စေခြင်းငှာ ရေးသားပြဆိုလိုက်ရပေသည်။

### နည်းယူရန်–ဥပဒေသ ကဗျာ

(က) ကျွန်ုပ်ရွယ်–သက်ရွယ်ကြီးလှသည်၊
ပရိယတ် မတတ်နိုင်တော့ပြီ။
လွန်စွာပင် အားအင်ထုတ်ပါသည်။
တတ်ကျွမ်းရန် အမှန်မစွမ်းပြီ။ ။

(ခ) ဤသို့ပင် မှတ်ထင်မပြုရာ၊
ကြောင့်ကြမဲ့ တကဲ့မနေရာ။
ပိဋကတ် တတ်ကျွမ်းလိုခဲ့ရာ၊
ထိုသူမှာ ကောင်းစွာ အားထုတ်ရာ။

(ဂ) တောထွက်ကြီး ခင်ကြီးရဟန်းမှာ၊
ပညာနည်း အသက်ကြီးလှရာ။
ပိဋကတ် တတ်ကျွမ်းလာပုံမှာ၊
နောင်လာများ စံထားကြလေရာ။ ။

### မိန်းမများ ပဋ္ဌာန်းကိုသင်၍ သာသနာပြုကြပုံ

ရှေးခေတ်အခါ ပုဂံပြည်၌ မိန်းမများပင် ကျမ်းဂန် စာပေများကို သင်ကြားကြလေကုန်သည်။ များသောအား ဖြင့် သင်ကြားပို့ချခြင်း စသည်တို့ဖြင့် ပရိယတ္တိသာသနာ ကို စွမ်းအားရှိသမျှ ပြုကြလေသည်။ ထိုအခါက မိန်းမ တို့သည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသောအခါ ယခင် ခေတ်ကဲ့သို့ လောကီရေးရာကို မေးမြန်းခြင်း မရှိ။ ရှင်တို့ ယခု ဘယ်စာကို သင်ပါသလဲ ဘယ်စာကို ရပါသလဲဟု မေးမြန်းလေ့ ရှိကြကုန်ပြီ။ တစ်ဆင့်စကား ကြားဖူးပုံ စကားတစ်ရပ်မှာ၊ မိန်းမတစ်ယောက်က မိန်းမတစ် ယောက်ကို ယခုနှစ် ရှင်မ ဘာစာကို သင်ပါသလဲ၊ ယခု ဘယ်လောက်စာကို ရပါသလဲဟု မေးမြန်းသောအခါ တစ်ယောက်သော မိန်းမက ယခုနှစ် ကလေးငယ်တွေ များလွန်းလို့ အလုပ်ကိစ္စတွေ ရှုပ်ပွေလွန်းလို့ များစွာ မကျက်နိုင်ပါ။ မဟာသမဉ္စ ပဋ္ဌာန်းကျမ်းကြီး၏ ကုသလ တိက် တစ်ပိုင်းလောက်ကိုသာ နှုတ်တက်ဆောင်နိုင်ပါ သည်ဟု ပြန်ပြောလေသည်။ ကလေးငယ်တွေ မရှိပါက ပဋ္ဌာန်းတစ်ကျမ်းလုံး ကျက်မှတ်ဆောင်ရွက်ကာ သာသနာ ပြုမည့် အချက်တို့ ဖြစ်ပေသည်။ ဤသို့လျှင် ယခင် ခေတ်က သာသနာပြုကြလေသည်။

### ရဟန်းတစ်ပါးနှင့်–အပျိုမ မေးဖြေကြပုံ

ပုဂံပြည်၌ မိန်းမများပင် သဒ္ဒါရေး တတ်ကျွမ်းလိမ္မာ လှပုံကို ဤဝတ္ထုဖြင့် သိသာနိုင်လေသည်။ ရဟန်းတစ်ပါး သည် ဆွမ်းခံအိမ်သို့ ဆွမ်းခံနေစဉ် ဆွမ်းလောင်းသူ ၁၂ နှစ်အရွယ် အပျိုဖြန်းမကလေးက အရှင်၏ဘွဲ့တော် အမိန့် ရှိတော်မူပါဟု မေးသောအခါ ငါ၏ဘွဲ့နာမည်ကား ... **ဦးခေမာ** ဟု ရဟန်းက ပြောလေသည်။ ထိုအခါ ၁၂ နှစ်အရွယ် အပျိုငယ်က ဘယ့်နှယ့်လဲဘုရား အရှင်ဘုရား ဟာ ပုလ္လိင်ယောကျ်ား ဖြစ်ပါလျက် ဣတ္ထိလိင်နာမည် မှည့်ထားရပါကလားဟု လျှောက်လေသည်။ ထိုအခါ အိမ်တွင်း၌ ထမင်းဟင်း ချက်ပြုတ်နေသော မိခင်က ကြား၍၊ ဟဲ့ သမီး သင်သည် သဒ္ဒါနည်းအလာ ရာဇာဒိ ဂိုဏ်း၏ လက္ခဏာကို မသိဘူးလားဟု ဟစ်အော်ပြော လိုက်ရာ၊ အို မိခင် ကျွန်မသည် ရာဇာဒိဂိုဏ်း၏ လက္ခဏာ ကို သိပါသည်။ ဤခေမ သဒ္ဒါမှာ ရာဇာဒိဂိုဏ်းလက္ခဏာ

http://www.dhammadownload.com



သို့ မဝင်ပါဟု ပြန်ပြောလေသည်။ ထိုအခါ မိခင်က ဟဲ့ သမီး ဤခေမသဒ္ဒါသည် ကေဒေသနည်းအားဖြင့် အနည်းငယ်မျှ ရာဇာဒိဂိုဏ်း၏ လက္ခဏာသို့ပင် ရောက်သည်ဟု ပြောရလေသည်။ ဤနေရာ၌ သမီးအလိုမှာ ဤခေမသဒ္ဒါသည် **ဒေဝရာဇာ** ဟူသော သမာသ်နေရာ မဟုတ်လျှင် ဘယ်နေရာ၌မျှ ရာဇာ ဟူ၍ မရှိချေ။ တစ်ခါတစ်ရံ၌သာ **ခေမော-ခေမံ** ဟု လိင်ထူး၍ ရုပ်အထူး ရှိလေသည်။ ထို့ကြောင့် ခေမသဒ္ဒါ ရာဇာဒိဂိုဏ်းသို့ မသက်ဝင်ဟု ယူဆလေသည်။ မိခင်၏အလိုကား၊ ခေမသဒ္ဒါသည် အနက်ကိုငဲ့သောလိင် ရှိရကား လိင် ၃-ပါးနှင့် ဆက်ဆံသည်။ အမည်နာမကို လိုသောနေရာ၌ ကေဝုစ်ကိန်း စကား၏အစွမ်းဖြင့် **ခေမာ** ဟု ရှိတတ်သည်။ ထိုအခါမျိုးဝယ် တစ်စိတ်တစ်ဒေသ ကေဒေသနည်းအားဖြင့် ခေမသဒ္ဒါသည် ရာဇာဒိဂိုဏ်းသို့ သက်ဝင်သည်ဟု ယူဆလေသည်။ ဤသို့လျှင် မိန်းမများပင် သဒ္ဒါရေးကို ကျွမ်းကျင်လိမ္မာလှပုံမှာ ပိဋကတ်စာပေကို သင်ကြားလေ့လာ၍ သာသနာပြုသောကြောင့် ဖြစ်လေသည်။ ယခုခေတ်မိန်းမတို့ နည်းယူဖွယ်ကောင်းလှသည်။

### ပုဂံခေတ်သည် စာတတ်ခေတ်ဖြစ်ပုံ

ပုဂံပြည် သူကြွယ်တစ်ဦးတွင် သားတစ်ယောက်၊ သမီး ၂ ယောက် ထွန်းကားလေသတဲ့။ တစ်ရံရောအခါ ထို ၄ ဦးသားတို့သည် ပူအိုက်လှသဖြင့် ရေချိုးပြီးလျှင် အိမ်အပေါ်ထပ် ကြမ်းပြင်တွင် စုရုံးကာ နေထိုင်ကြလေသည်။ ထိုအခိုက် အိမ်အောက်တွင်နေသော ကျွန်မတစ်ယောက်သည် သူကြွယ်၏ လျှို့ဝှက်အပ်တဲ့ ဝတ္ထုကို မော့ကြည့်ကာ နေလေသည်။ ထိုအကြောင်းကို သူကြွယ်သည် "သာ ခံ ဩလောကေသိ" ဟု ဝါကျစီကုံးကာ သားသမီးတို့အား အနက်ပြန်ဆိုကြပါဟု ပြောလိုက်လေသည်။ ထိုဝါကျကို သားဖြစ်သူက သာခံ-ရုက္ခသာခံ၊ သစ်ခက်ကို။ ဩလောကေသိ၊ ကြည့်၏ဟု အနက်မြန်မာပြန်ဆိုလေသည်။ ထိုနောက်တစ်ဖန် သမီးတစ်ယောက်က သာ-သုနခေါ၊ ခွေးသည်။ ခံ-အာကာသံ၊ ကောင်းကင်ကို။ ဩလောကေသိ၊ ကြည့်၏ဟု အနက်ပြန်ဆိုလေသည်။ ထိုနောက်တစ်ဖန် သမီးတစ်ယောက်က သာဣတ္ထီ၊ ထိုမိန်းမသည်၊ ခံ-အင်္ဂဇာတံ၊ လျှို့ဝှက်တဲ့ဝတ္ထုကို။ ဩလောကေသိ၊ ကြည့်၏ဟု အနက်မြန်မာပြန်ဆိုလေသည်။ ဤသို့ သားသမီး ၃ ယောက်တို့သည် မိမိဉာဏ်စွမ်းအလျောက် ရုတ်တရက် ရှောင်တခင် အနက်မြန်မာပြန်ဆိုနိုင်ကြခြင်းသည် ထိုခေတ်သည် အဘယ်မျှ စာတတ်ခေတ် ဖြစ်ကြောင်းကို သိသာနိုင်လေသည်။

### ကိုရင်ကလေးနှင့် ဝါးခင်းစောင့် မိန်းမငယ်

ရတနာပူရ အင်းဝတွင် နေထိုင်သော ကိုရင်တစ်ပါးသည် ပုဂံပြည်တွင် သဒ္ဒါတတ် ပေါများသည်ဟု ကြားသဖြင့် စုံစမ်းခြင်းငှာ ပုဂံပြည်သို့ သွားလေသည်။ ပုဂံပြည်အနီးသို့ ရောက်သောအခါ ဝါးခင်းတစ်ခုတွင် စောင့်နေသော မိန်းမကလေးတစ်ဦးကို တွေ့မြင်၍ လမ်းခရီးကို မေးမြန်းရန် အနီးသို့ သွားလေသည်။ မိန်းမကလေးသည် ကိုရင်ကလေးအား အဘယ်အရပ်က ကြွလာပါသလဲဘုရားဟု မေးလျှောက်သောအခါ၊ ကိုရင်က ပါဠိဘာသာဖြင့် ရတနာပုရတော အဟံ အာဂစ္ဆတိဟု အလွဲအမှားကို ပြောလိုက်လေသည်။ တစ်ဖန် မိန်းကလေးက ယခု ဘယ်ကို ကြွပါမည်လဲဟု ထပ်မံ မေးလျှောက်သောအခါ သဒ္ဒါရေးကို နားမလည်သော ကိုရင်သည် အရိမဒ္ဒနနဂရံဂစ္ဆတိဟု အလွဲကို ပြောလိုက်ပြန်လေသည်။ ထိုအခါ ပုဂံပြည်မွေး မိန်းကလေးက ကိုရင်ဘုရား-ကိုရင်၏ စကားသည် သဒ္ဒါနည်းကို မစူးစမ်းဘဲ ပရမ်းပတာဝါကျစကား ဖြစ်နေတော့သည်။ ကိုရင်သည် အမှယောဂနှင့် ဆိုင်ရာကို နာမယောဂနှင့် သုံးနှုန်းထားလေသည်။ ပညာရှိတို့၏ စကားမည်သည် ပြည့်စုံသော အနက်အဓိပ္ပာယ်၊ တင့်တယ်သော သဒ္ဒါနည်းတို့ဖြင့် လပြည့်ဝန်းပမာ ဖြစ်စေသင့်ပါသည်ဟု လျှောက်လေသည်။ ထိုစကားကို ကြားရသော ကိုရင်သည် ဩော် ... ယာခင်းစောင့်ပြီး ဆင်းရဲလှစွာ အသက်မွေးရသော မိန်းကလေးများပင် သဒ္ဒါရေး၌ ဤမျှ ကျွမ်းကျင်သေး၏။ ပစ္စည်းဥစ္စာပြည့်စုံ ခနဂုဏ်ရောက်ပြီး မိန်းမကြီးများ ဖြစ်ပါမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့မည်နည်းဟု ကြံစည်တွေးဆ အရှက်ရပြီးလျှင် ထိုနေရာပင် ရတနာပုရ အင်းဝမြို့သို့ ပြန်လည် ကြွသွားတော်မူလေသည်။ ပုဂံပြည်၌ ဤဝတ္ထုကို ထောက်ဆ၍ အဘယ်မျှ သဒ္ဒါတတ် ပေါများနိုင်ကြောင်းကို သိသာနိုင်လေသည်။

http://www.dhammadownload.com



ဤစကားရပ်များသည် မြန်မာပြည် တမ္ပဒီပတိုင်း ပုဂံမြို့၌ ဆရာစဉ်ဆက်အားဖြင့် သာသနာတော် ထွန်းလင်းတောက်ပပုံကို ပြဆိုရာ စကားရပ်များ ဖြစ်လေသတည်း။

**တမ္ပဒီပတိုင်း သာသနာဝင် ပြီး၏။**

ဖဖဖဖ

## ကေတုမတီ သာသနာဝင်

မြန်မာပြည် ယျောဝမှုနတိုင်း ကေတုမတီ တောင်ငူမြို့ သာသနာဝင် အစဉ်အလာကို ပြဆိုဦးအံ့။ သက္ကရာဇ် ၈၇၂ ခုနှစ် အလွန်တွင် မဟာသီရိဇေယျသူမင်းသည် ဇေယျာဝမှုနတိုင်း ကေတုမတီခေါ် တောင်ငူမြို့တော်ကို တည်ထောင်၍ ထီးနန်း စိုးစံတော်မူသည်။ မဟာသီရိဇေယျသူ မင်းတရားသည် လိမ္မာ ယဉ်ကျေးလှစွာသော လကျာ်ာတယ် ဒေဝနာဂ ဆင်တော်ကို အမှီပြု၍ တိုင်းခရိုင်နယ်ပယ်ကို ချဲ့ထွင်တော်မူသည်။ ထိုတောင်ငူမင်းတရားလက်ထက် သက္ကရာဇ် ၈၉၂ ခုနှစ်တွင် မဟာပရက္ကမ မည်သော သီဟိုဠ် ဆရာတော်တစ်ပါးသည် သီဟိုဠ်ကျွန်းမှ သင်္ဘောဖြင့် ကြွလာ၍ တောင်ငူမြို့သို့ ရောက်တော်မူသည်။ ဘုရင်မင်းတရားသည် ဒွါရာဝတီမြို့၏ တောင်မျက်နှာ၌ ကြီးကျယ်လှစွာသော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီးလျှင် နိစ္စဗဒ်ဆွမ်းကွမ်းလှူဒါန်းတော်မူသည်။ ထိုကျောင်းတိုက်ကြီးအတွင်း၌ သိမ်သမုတ်ပြီးလျှင် ထိုသိမ်တွင်း၌ ဘုရင့်ကိုယ်နှင့်ညီမျှသော ကြေးကို ဘုရားရုပ်ထုသွင်းပြီးလျှင် ကိုယ်တော်လေးဘုရား တည်ထားတော်မူသည်။ သီဟိုဠ်ရောက်ဘုရားဟု ထင်ရှားလေသည်။

## သေရည်သေရက် ဝိဝါဒ

တောင်ငူမင်းလက်ထက်တွင် သုရာမေရယသိက္ခာပုဒ်နှင့် စပ်လျဉ်းသော စကား အငြင်းအခုံ ဝိဝါဒတစ်ခု ဖြစ်ပွားလာလေသည်။ဖြစ်ပွားလာပုံမှာ၊

သုရာမေရယ သိက္ခာပုဒ်၏ အဖွင့်ဖြစ်သော ကင်္ခါဝိတရဏီဋီကာ, တေရသကဏ်ဋီကာ, ဝိနယဝိနိစ္ဆယဋီကာ, မူလသိက္ခာဋီကာ, ဤဋီကာ ၄ စောင်၌ လာသော "ဗီဇတောပဋ္ဌာယာတိ သမ္ဘာရေပဋိယာဒေတွာ စာတိယံ ပက္ခိတ္တကာလတော ပဋ္ဌာယစ တာလနာဠိကေရာဒီနံ ပုပ္ဖတော ဂဠိတာဘိနဝတော ပဋ္ဌာယစ နပါတဗ္ဗံ ..." ဟူသော စကားကို အနက်ပေးမသင့်၍ အဓိပ္ပာယ် လွဲချော်ပြီးလျှင် ထန်း-အုန်း စသည် အရည်ကို ယိုကာစကပင် မသောက်အပ် ဟူသော ဝါဒတစ်မျိုး၊ ယိုကာစဖြစ်လျှင် သောက်အပ်သည် ဟူသော ဝါဒတစ်မျိုး ဤသို့ ၂ မျိုး ၂ စား အငြင်းပွားလျက်နေလေသည်။

## မသောက်ကောင်းသည့်ဝါဒ

မသောက်ကောင်းဟု ယူဆသော ဆရာတို့က အနက်ပေးပုံမှာ *ဗီဇတော ပဋ္ဌာယာတိတွေ၊ ဗီဇတော ပဋ္ဌာယ ဟူသော ပါဠ်၌ သမ္ဘာရေ၊ အဆောက်အဦတို့ကို။ ပဋိယာဒေတွာ၊ စီရင်၍။ စာတိယံ၊ အိုးခွက်၌။ ပက္ခိတ္တကာလတော၊ ထည့်သောအခါမှ။ ပဋ္ဌာယ၊ အစပြု၍ နပါတဗ္ဗံ မသောက်အပ် မသောက်ကောင်း။ တာလနာဠိကေရာဒီနံ၊ ထန်း-အုန်း စသည်တို့၏။ ပုပ္ဖရသောစ၊ အပွင့်ရေကိုလည်း။ ဂဠိ ဘာဘိနဝကာလတော၊ ယိုကာစကာလကပင်။ နပါတဗ္ဗံ၊ မသောက်အပ် မသောက်ကောင်း။ ။ဤအနက်ကို ပေးပြီးလျှင် ထန်း-အုန်းရည်တို့ကို ယိုကာစကပင် မသောက်အပ်ဟု ယူဆကြလေကုန်သည်။

## သောက်ကောင်းသည့်ဝါဒ

သောက်ကောင်းသည်ဟု ယူဆသောဆရာတို့က အနက်ပေးပုံမှာ။ ။ဗီဇတော ပဋ္ဌာယာတိတွေ၊ ဗီဇတောပဋ္ဌာယ ဟူသော ပါဠ်၌ သမ္ဘာရေ၊ အဆောက်အဦတို့ကို။ ပဋိယာဒေတွာ၊ စီရင်၍။ စာတိယံ၊ အိုးခွက်၌။ ပက္ခိတ္တ ကာလတော၊ ထည့်သောအခါမှ။ ပဋ္ဌာယ၊ အစပြု၍။ နပါတဗ္ဗံ၊ မသောက်အပ်။ တာလနာဠိကေရာဒီနံ၊ ထန်းအုန်း စသည်တို့၏ သမ္ဘာရေဟိ အဆောက်အဦတို့ဖြင့်။ ပတိယာဒိတော၊ စီရင်အပ်သော။ ပုပ္ဖရသောစ၊ အပွင့်ရေကိုလည်း။ ပုပ္ဖတော၊ အပွင့်မှ။ ဂဠိတာ ဘိဝန ကာလတော၊ ယိုကာစ ကာလကပင်။ နပါတဗ္ဗံ၊ မသောက်အပ် မသောက်ကောင်း။ ။ဤသို့ ပုဒ်ကိုလိုက်စေ၍

* အဓိပ္ပာယ်သဘောအနက်တို့ကို ဆရနည်းကျသိရှိကြရန် ရည်ရွယ်၍ ပါဒ်အနက်ထုတ်နတ်ကာ ရှေးခေတ်နည်းအတိုင်း ပြဆိုလိုက်သည်။

http://www.dhammadownload.com



အနက်ပေးပြီးလျှင် ယိုကာစဖြစ်မှု သောက်အပ်၏ဟု ယူကြလေကုန်သည်။

### သောက်အပ် မသောက်အပ် ဝိနိစ္ဆယ

ဤသို့ ထန်းရည် အုန်းရည်တို့ကို ယိုထွက်ကာစ ကပင် သောက်ကောင်း မသောက်ကောင်း ဟူသော ဝိဝါဒ အငြင်းပွားသူတို့၏ အလယ်ဗဟိုတွင် ကျော်ထီးအလား ခန့်ညားသောသီဟိုဠ်ရောက် မဟာပရက္ကမ ဆရာတော် မထေရ်မြတ်သည် သောက်ကောင်းသည်ဟု ဆုံးဖြတ်တော်မူသည်။ ၎င်းနှင့် စပ်ဆိုင်သော ဝိနိစ္ဆယကျမ်း တစ်စောင်လည်း ပြုစုတော်မူခဲ့သည်။ ဤသို့လျှင် ကေတုမတီ တောင်ငူပြည်ကြီးကို စည်ထီးခရိုင်နှင့်တကွ ဖန်ဆင်း တည်ထောင်တော်မူသော မဟာသီရိဇေယျသူ မင်း တရားကို အမှီးထား၍ ဘုရားသာသနာသည် များစွာ ထွန်းလင်းခဲ့ပြီးလျှင် သီဟိုဠ်ဆရာတော်ကြီးကို အရင်း ပထမပြုကာ သာသနာဝင်တွင် စာတင်ရလေသတည်း။

**ဤကား မြန်မာပြည် ကေတုမတီတောင်ငူ သာသနာဝင်ပေတည်း။**

ဖဆဖဆ

### ပုဂံမြင်စိုင်း သာသနာဝင်

သက္ကရာဇ် ၆၆၄ ခုနှစ်တွင် မြင်စိုင်းမြို့၌ ပုဂံမင်း မင်းကျော်စွာကို နန်းမှချပြီးလျှင် မင်းညီနောင် ၃ ပါးတို့ ထီးနန်းအုပ်ချုပ် မင်းလုပ်ကြသည်။ ထိုအခါ နန်းကျ ဘုရင် ကျော်စွာ၏သားတော် စောနစ်မင်းသားက မင်းရိုး မင်းဆက်ကိုသာ နန်းတင်မည်ဟု ကြံစည်လျက် တရုတ် ဘုရင် ဦးတည်ဘွားထံ စစ်ကူတောင်းသောကြောင့် တရုတ် စစ်သည်တပ်သားတို့ မြင်စိုင်းမြို့သို့ ဝိုင်းအုံရောက်လာ ကြလေသည်။

### ရဟန်းများနှင့် နိုင်ငံရေး

ထိုအခါ မင်းညီနောင် ၃ ပါးတို့သည် ပိဋကတ် ကျမ်း တတ်ကျွမ်းလိမ္မာသော မထေရ်တစ်ပါးကို ပင့် ခေါ်၍ တိုင်ပင်သောအခါ ထိုမထေရ်က တိုင်းရေးပြည်မှု နိုင်ငံရေးသည် ရဟန်းများ ဆင်ခြင်စဉ်းစားခြင်း၄ာပင် မအပ်စပ်ချေ။ ငါကိုယ်တော်လည်း ရဟန်း ဖြစ်ချေသည်။ သင်တို့သိလိုသော် ဂျွန်း ကချေသည်တို့နှင့် တိုင်ပင်ကြ လေဟု မိန့်တော်မူလိုက်လေသည်။ မင်းညီနောင်တို့သည် ကချေသည်တို့ကိုခေါ်၍ တိုင်ပင်ရာတွင်၊ ကချေသည် တို့က "ဝရဇရာ တိတ်တွေးစာနာ၊ အမှုသည် မရှိသော် စကားမဆိုရာ" ဆိုသော ရှေးစကားသီချင်းနှင့် အကြောင်း မပါ၊ ကျိုးမှာမရှိ၊ အပုပ်နံ့မရှိ၊ ယင်များအုံဘိ ဆိုသော သီချင်းကိုဆိုကာ ရေ့ခြ ကစားကြလေကုန်သည်။ မင်း ညီနောင်တို့သည်လည်း ထိုကချေသည်တို့၏ ပြုမူပုံကို ဆင်ခြင်၍ နန်းကျဘုရင်ကို ထောင်မှထုတ်ကာ သတ်ပြီး လျှင် ဦးခေါင်းကိုယူ၍ မင်းရိုး မရှိတော့ပြီဟု တရုတ် စစ်သည်တို့အား ပြလေသည်။ ထိုတရုတ်စစ်သည်တို့ သည်လည်း ယခုအခါ မင်းရိုးမင်းနွယ် ပျောက်ကွယ်လေ ပြီ၊ ငါတို့က နန်းတင်ရန် အလိုရှိသူ မရှိလျှင် စစ်တိုက် နေသော်လည်း အချည်းနှီးပင်ဟု ဆင်ခြင်ကြပြီးလျှင် စစ်ကို ရုတ်သိမ်း၍ ပြန်ကြလေကုန်သည်။

### အရေးအကြီးဆုံးအချက်

ဤနေရာ၌ မထေရ်သည် ဂျွန်းကချေသည်တို့နှင့် တိုင်ပင်ကြလေဟု ဤမျှလောက်ကိုသာ ပြောလိုက်သော ကြောင့် ရဟန်းအဖြစ်မှလွတ်သော ပါရာဇိကသိက္ခာပုဒ် နှင့် မငြိစွန်း ဖြစ်လေသည်။

> ပရိယာယောစ အာဏတ္တိ၊
> တတိယေ ဒုတိယေပန၊
> အာဏတ္တိယေဝ သေသေသု၊
> ဒွယမေတံ နလဗ္ဘတိ။

ဟူသော ဝိနည်းခုဒ္ဒသိက္ခာ အဋ္ဌကထာအရ လူကို သေစေသော တတိယ သိက္ခာပုဒ်၌ တိုက်ရိုက်စေသော စကား၊ ပရိယာယ် သွယ်ဝိုက်သောစကား ၂ ချက်လုံး မပြောအပ်။ သူတစ်ပါးဥစ္စာကို ၅ ပဲအထက် ခိုးယူမှု ဒုတိယ သိက္ခာပုဒ်၌ တိုက်ရိုက်စေသော စကားသာ မအပ်ချေ။ မေထုန်ကျင့်သော ပထမ သိက္ခာပုဒ်နှင့် ဈာန် မဂ်ဖိုလ် မရဘဲ ရသည်ဟုပြောသော စတုတ္ထသိက္ခာပုဒ်၌ တိုက်ရိုက်စေခြင်း၊ ပရိယာယ် သွယ်ဝိုက်ပြောခြင်း စကား ၂ ချက်လုံး အာပတ်မသင့်ဟု ဝိနည်းအဆုံးအဖြတ်ရှိသော ကြောင့် မထေရ်သည် လွတ်လွတ်ရှောင်လေသည်။ တိုင်း ရေးပြည်မှုသည် ဝိနည်းတရား လေးစား၍ အလွန်အရေး

http://www.dhammadownload.com



ထားထိုက်လေသည်။ ထိုမြင်စိုင်းမြို့၌ ပုဂံ ရှင်အရဟံ ဂိုဏ်း၊ အရှင်ဆပ္ပဒဂိုဏ်း၊ အရှင်အာနန္ဒာဂိုဏ်းဝင် သံဃာတို့ အလွန်ပေါများလေကုန်သည်။ သို့ရာတွင် မြင်စိုင်း၌ ထိုအရှင်တို့ ရေးသားသော ကျမ်းဟူ၍ စာတင်စရာ တစ်ခုမျှ မရှိချေ။

## ပင်းမြို့ သာသနာဝင်

သက္ကရာဇ် ၆၇၃ ခုနှစ် ရောက်သောအခါ၊ သီဟသူမင်းသည် ပင်းမြို့ကို တည်တော်မူသည်။ ပင်းမြို့တည်ပြီးနောက် ၂ နှစ်ကြာ ရှိပြီးသောခါ စမုံမြစ်ကြောတွင် မျောလာသော ဆင်ဖြူအသေတစ်စီးကိုရ၍ ဆင်ဖြစ်တစ်စီးရှင် သီဟသူ မင်းတရားဟု အမည်တွင်လေသည်။ ထိုမင်းလက်ထက် ပင်းမြို့တွင် သီလရှိသော သိက္ခာအကျင့်ကို ရိုသေလေးစားသော ရဟန်းများ မရှိချေ။ ပုဂံပြည် အနော်ရထာမင်းလက်ထက်က မင်းဘေးကြောင့် ပုန်းလျှိုးကာ ထွက်ပြေးလာကြသော ရဟန်းတု ရဟန်းယောင် အရည်းကြီးဂိုဏ်းတို့သာ ရှိကြကုန်၏။ နောက်အခါမှ ရဟန္တာထွေးခေါ် အရှင်အရဟံငယ်နှင့် အရှင်ဒိဗ္ဗစက်တို့ ရောက်လာသောအခါမှစ၍ သီလသမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းကောင်းတို့ အလွန်များပြားလာကုန်သည်။ ဘုရင်မင်းတရားသည် အရှင်ဒိဗ္ဗစက်မထေရ်ကို နန်းတော်၌ အမြဲ ဆွမ်းကပ် ကျွေးမွေးတော်မူသည်။ အနော်ရထာမင်းကြီး လက်ထက်တော်က ကွမ်းအစ်တော်တွင် ဌာပနာကိုးကွယ်ထားသော ဓာတ်တော် ၇ ဆူတို့ကိုရ၍ ၅ ဆူကို စည်းခုံ စေတီတော်၌ ဌာပနာသည်။ ကျန် ၂ ဆူကို ပုညအမတ်အား ပေးအပ်လေသည်။ ၎င်းအမတ်သည် စစ်ကိုင်းမြို့ ပုညရှင်စေတီတွင် ဌာပနာလေသည်။ ထိုအခါ ရဟန်းတု ရဟန်းယောင် အရည်းကြီးဂိုဏ်းဝင်တို့သည် လူများကဲ့သို့ပင် မင်းမှုမတ်အရာရှိတို့ထံ၌ ခစားကြလေကုန်သည်ဟု တစ်ဆင့်စကားကြားရဖူးလေသည်။

## ပင်းယမြို့ကျောင်း ဒါယကာ ဥဇနာမင်း

သက္ကရာဇ် ၆၈၄ ခုနှစ် ရောက်သောအခါ သီဟသူမင်းကြီး၏ သားတော် အိမ်ရှေ့မင်း ဥဇနာသည် မင်းအဖြစ်သို့ ရောက်တော်မူ၍ အဝပင်းကျား အရပ်တွင် စကားသားတို့ဖြင့် ၇ ကျောင်းကို ဆောက်လုပ်တော်မူသည်။ သက္ကရာဇ် ၇၂၀ ခုနှစ်ရောက်မှ ပြီးလေသည်။ ထိုကျောင်း ၇ ကျောင်းတို့တွင် စမ္မကမည်သော ကျောင်းမတော်ကြီးကို အမတ်တစ်ဦး၏ သားဖြစ်သော သုဓမ္မသာမိ မထေရ်အား လှူတော်မူသည်။ ထိုအရှင်မြတ်သည်ကား ပုဂံပြည် ရဟန္တာ အရှင်အရဟံ၏ ဂိုဏ်းဝင်ဖြူစင်သော သံဃာတော်ပေတည်း။ ဝေဠုဝန်မည်သော ဒုတိယ အရံကျောင်းတော်ကို အဘိဓမ္မာဆောင် အရှင်ဉာဏဓဇ မထေရ်အား လှူတော်မူသည်။ ထိုအရှင်မြတ်သည်လည်း အရှင်အရဟံဂိုဏ်းဝင်ပင် ဖြစ်တော်မူသည်။ ဇေတဝန်ခေါ် တတိယ အရံ ကျောင်းတော်ကို အဋ္ဌကထာနှင့်တကွ ပိဋကတ် ၅ ကျမ်း ဝါစုဂ္ဂတ နှုတ်ရဆောင်သော ပုဂံ အရှင်အာနန္ဒာဂိုဏ်းဝင် အရှင် ဂုဏာရာမအား လည်းကောင်း၊ ကုလားကျောင်းခေါ် စတုတ္ထအရံ ကျောင်းတော်ကို အာနန္ဒာဂိုဏ်းဝင် အရှင်အာဒိစ္စရံသီ မထေရ်မြတ်အား လည်းကောင်း၊ ရွှေကျောင်းခေါ် ပဉ္စမ အရံကျောင်းတော်ကို အာနန္ဒာဂိုဏ်းဝင် အရှင် သုဓမ္မာလင်္ကာရ မထေရ်မြတ်အား လည်းကောင်း၊ အိမ်နိမ့်ကျောင်းခေါ် ဆဋ္ဌမ အရံကျောင်းတော်ကို ပထမ ကျောင်းမတော်နေဆရာ သုဓမ္မသာမိ မထေရ်၏ တပည့်ရင်း သက်တော် ၂၈ နှစ်ရှိ ရဟန်းသိက္ခာ ၈ ဝါ ရသေးသော အထက်အကျော် အရှင်ဝရပတ္တ ကိုယ်တော်အား လည်းကောင်း၊ တောင်စွန်းကျောင်း မည်သော အရံကျောင်းတော်ကို ဆရာတော် သုဓမ္မာသာမိ၏ တပည့်ရင်း သိရိပုညဝါသီ အရှင်အား လည်းကောင်း၊ ဤသို့ အသီးသီး တင်လှူတော်မူသည်။ ထိုကျောင်းမတော်ကြီး၏ အရှေ့မြောက် အရပ်တွင် ဘုရင် ကိုယ်တော်တိုင် လက်တော်နှင့်ကိုင်၍ ဗောဓိပင်ကို စိုက်ပျိုးတော်မူသည်။ စကားကျောင်း ၇ ကျောင်းအတွက် ဝတ္ထုကံ လယ်မြေနှင့်တကွ အစောင့်အရှောက် လုပ်သားတို့ပါ လှူတော်မူလေသည်။ "သြော် ... သာသနာပြု ဘုရင်တို့၏ သဒ္ဓါတရားသည် အလွန်ပင် ချီးကျူးဖွယ်ရှိလေစွတကား။ ထိုစကားကျောင်း ဆရာတော် သံဃာတော်တို့မှာ ပုဂံ သထုံနွယ် ရှေးသံဃာ၊ ပုဂံနွယ် နောက်သံဃာတို့ အပါအဝင်ဖြစ်၍ စင်ကြယ်သော သာသနာပြုမထေရ်မြတ်တို့ ဖြစ်တော်မူလေသည်။ ထိုကြောင့်ပင် ပင်းမြို့ သာသနာ စင်ကြယ်ပြန်လေသည်။

http://www.dhammadownload.com



ထိုမထေရ်တို့၏ တပည့် အဆက်ဆက်တို့ကား ထောင်သောင်းမက ရှိကြလေသည်။

## ရွာဂိုဏ်း တောဂိုဏ်း ကွဲလာပုံ

ဤသို့လျှင် သီလစင်ကြယ်သော မထေရ်တို့၏ အနွယ်၌ နေကြကုန်သော အချို့သော ရဟန်းတို့သည် ဘုရားရှင် လက်ထက်အခါက ကိဋာဂီရိတိုင်းသား အဿဇိ ပုနဗ္ဗသုက ရဟန်းများကဲ့သို့ တရားနှင့်မညီ အလဇ္ဇီဒုဿီလတို့ ဖြစ်ကြပြန်သေလည်။ ဥပမာ– ချိုမြိန်သော အရသာရှိသော သရက်ပင်မှ အချဉ် အင်သီးသကဲ့သို့ မသင့်မတော် မလျော်များစွာ မလုပ်တန်ရာကို လုပ်ကြလေကုန်၏။ လုပ်ကြပုံမှာကား ဤသို့တည်း။ ဘုရင်ဥဇနာသည် စကားကျောင်း ၇ ကျောင်းအတွက် ဝတ္တုကံ လယ်မြေကို လှူဒါန်းတော်မူလေသည်။ ထိုဝတ္တုကံလယ်မြေကို ကျောင်းမတော်နေ ဆရာတော် သုမေ္ဓသာမိ မထေရ်က ကိုယ်တော်တိုင် ကြောင့်ကြ မစိုက်လိုသဖြင့် ရဟန်းများတို့တွင် သင့်လျော်သူတို့အား ဝတ္တုကံသိမ်း၊ သာသနာစိုး၊ ဝတ်စားသံဃာ ဟူ၍ ၃ မျိုး ခွဲခြား၍ ခန့်အပ်တော်မူထားလေသည်။ ဝတ္တုကံသိမ်း အခန့်ခံရသော ရဟန်းတို့မှာ လယ်များမှ ထွက်သော အခွန်ဘဏ္ဍာများကို ကောက်ခံသိမ်းဆည်းရလေသည်။ သာသနာစိုး အခန့်ခံရသော ရဟန်းတို့မှာ တရားနှင့်ညီမျှအောင် ဆုံးမဩဝါဒပေးရလေသည်။ ဝတ်စား အခန့်ခံရသော ရဟန်းတို့မှာ ရသမျှကို ညီမျှအောင် ဝေစုဝေပုံချရလေသည်။

ထိုသို့ ရှင်းအောင် ပြုလုပ်ထားပါသော်လည်း ကာလကြာမြင့် အဆင့်ဆင့် ဖြစ်သောအခါ ၎င်းဝတ္တုကံ လယ်မြေကို အစွဲပြု၍ သံဃာတော်တို့ ငြင်းခုံ ခိုက်ရန်ဖြစ်ကြလေကုန်သည်။ ငြင်းခုံ ခိုက်ရန်ဖြစ်ဖန်များ၍ ပရိယတ်ပဋိပတ် တစ်ရာ ဆုတ်ယုတ် လျော့ပါးသွားသည်ကို မြင်ရသော အရှင် သာသနဓဇ ညီနောင် ၂ ပါးနှင့် အရှင် ပရက္ကမ ညီနောင် မထေရ် ၂ ပါးတို့သည် စက်ဆုပ်ရွံရှာတော်မူသောကြောင့် ထိုစကားကျောင်းမှ ထွက်ခွာ၍ တူးရှင်းခြေတောင်တွင် အရှင် သာသနဓဇ မထေရ်တို့ နေလေသည်။ စစ်ကိုင်းတောင်ရိုးတွင် အရှင် ပရက္ကမ မထေရ်ညီနောင် နေလေသည်။ ၎င်းကို အစွဲပြု၍ ယနေ့တိုင် ပရက္ကမချောင်ဟု တွင်နေလေသည်။ ထိုမထေရ်မြတ်တို့ကို တောနေ ဇေတာရ တရားကျင့်သော မထေရ်တို့ဟု ခေါ်ကြလေကုန်သည်။ စကားကျောင်းတွင် ကျန်ရစ်သော လက်မြေလက်ကိုင်ရှိသော ရဟန်းတို့ကို ဗဟုစာရ ရွာမကိုယ်တော်တို့ဟု ခေါ်ကြလေကုန်သည်။ ထိုအခါကစ၍ သံဃာတို့မှာ ဂါမဝါသီ–ရွာနေဂိုဏ်း, အရညဝါသီ–တောနေဂိုဏ်းဟု ၂ ဂိုဏ်း ကွဲလာကြလေသည်။ ဝတ္တုကံ လယ်မြေကို ကောက်ခံ ထိန်းသိမ်းသော ရဟန်းတို့အား သံဃဇာတိ, သံဃာ ဟူသော ဇာတ်လောက်မျှသာ ရှိသောကြောင့် သံဃဇာ–သင်္ဃဇာ ဟု ခေါ်ကြလေသည်။ ဤနေရာ၌ မှတ်ဖွယ်အထူးကား ....

'သမ္ဗုဒ္ဓစစ်၊ ရင်နှစ်ပညာ၊ ဆည်းပူးရှာ၍၊ ရှေးခါသော်လည်း၊ သူတော်နည်းဖြင့်၊ အရည်းပီလှ–စွန့်ဖူးစွ" ဟူသော ရှေးဟောင်း ပေါ်ရာဏလင်္ကာအတိုင်း သိက္ခာမတင် သိမ်မဝင်ဘဲ ရသေ့ရဟန်းအသွင်နေသူကို **"အရည်းကြီး"** ခေါ်သည်။ သိက္ခာတင် သိမ်ဝင်လျက် ဝိနည်းတရားအတိုင်း မကျင့်သော ရဟန်းကို **"ဒုဿီလ အလဇ္ဇီ–တရားနှင့်မညီ"** သူဟု ခေါ်လေသည်။

## ပင်းယမြို့ကျော်စွာမင်း

သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ကျောင်းဒါယကာ ဥဇနာမင်းကြီး ထင်ရှားရှိစဉ်ပင် ညီတော် ကျော်စွာမင်းသားသည် မင်းအဖြစ်ကို ရတော်မူသည်။ မင်းဖြစ်ရပုံ အကြောင်းကား ဤသို့တည်း။ ကျော်စွာမင်းသားသည် ပင်လယ်ရွာတွင် နေထိုင်လျက် ငှက်ပစ်၊ သားလိုက် ဒုစရိုက်အမှုမှုဆိုးပြုကာ မွေ့လျော်ပျော်ပါး၍သာ နေလေသည်။ တစ်နေ့သောအခါ ကျော်စွာမင်းသားသည် တောကစားရာမှ ပြန်လာသော ညဉ့်အခါတွင် သိကြားမင်းလာ၍ သုစရိုက်တရား လိုက်စားပါ၊ ဥပုသ်သီတင်း စောင့်နေပါ၊ မကြာခင် ဆင်ဖြူတော် ရပေလိမ့်မည်ဟု အိပ်မက်ပေးလာသည်။ ကျော်စွာမင်းသားသည် အိပ်မက် မက်သည့်နေ့ကစ၍ ချိုးခြံစွာကျင့်လျက် ဥပုသ်သီတင်း ဆောက်တည်ကာနေလေသည်။ ထိုနောက်တစ်ဖန် "လက်ငါးချောင်းတွင် မစင်အညစ်အကြေး လိမ်းကျံပုံ" ကို အိပ်မက်မြင်ပြန်၍ ဆင်ဖြူရမည် ဇေကန်ဟုတွေးတောပြီး လိုက်လံရှာဖွေရာ၊ ဆင်ဖြူ ၅ စီး ရတော်မူသည်။ ထိုအကြောင်းကို ဥဇနာမင်းကြီးထံသို့ အမတ်တစ်ယောက်ကို သွား

http://www.dhammadownload.com



ရောက် လျှောက်ထားစေသောအခါ ဥဇနာမင်းကြီးသည် ဗိုလ်ပုံအလယ်တွင် ငါ့ညီတော် ဆင်ဖြူ ၅ စီး ရတော်မူပါတကားဟု ဝမ်းသာအားရ ချီးကျူးတော်မူသည်။ ထိုအကြောင်းကို မင်းသားထံ ပြန်လျှောက်သောအခါ၊ ငါ့နောင်တော် မင်းတရားသည် ငါ့ကို မခေါ်စဖူး ညီတော်ဟု ခေါ်တော်မူခြင်းသည် ဟုတ်မှဟုတ်ပါလေစဟု မယုံသင်္ကာရှိ၍ အမတ်တစ်ယောက်ကို ထပ်မံ လျှောက်စေပြန်ရာ၊ ယခင်နည်းကဲ့သို့ ချီးကျူးတော်မူကြောင်းကို သိရသဖြင့် မင်းသားကျော်စွာမှာ အတိုင်းထက်အလွန် ဝမ်းသာအားရ ဖြစ်တော်မူလေသည်။ ညီတော်ဟု မခေါ်ခြင်းအကြောင်းမှာ ယခင် ရှေ့ကပြခဲ့သော ဆင်ဖြူတစ်စီးရှင် မင်းကြီးသည် နန်းကျ ကျော်စွာဘုရင်၏ မိဖုရားစောဦးကို သန္ဓေ ၃ လနှင့် ကောက်ယူကာ မိဖုရားမြှောက်သောအခါ မကြာမီပင် သန္ဓေစေ့၍ ဥဇနာ မင်းသားကို ဖွားမြင်လေသည်။ ၎င်းနောက်မှ ကျော်စွာမင်းသားကလေးကို ဖွားမြင်လေသည်။

ထို့ကြောင့် ဥဇနာမင်းသည် ဆင်ဖြူတစ်စီးရှင်၏ သားရင်း မဟုတ်ချေ။ ယခု ကျော်စွာ မင်းသားကလေးသာ သားရင်း ဖြစ်လေသည်။ ထိုအကြောင်းကိုသိ၍ ငါ့ညီဟု မခေါ်ဘဲ နေလေသည်။ ဆင်ဖြူ ၅ စီးကို ရသောအခါမှ ကြောက်ရွံ့၍ ခေါ်လေသည်။ ဥဇနာမင်းကြီးသည် ညီတော် ကျော်စွာ ဆင်ဖြူ ၅ စီး ရသည်ကို ခန့်ညားကြောက်ရွံ့၍ နန်းကိုအပ်ပြီးလျှင် အနောက်တံခါးမှ ဆင်းတော်မူ၍၊ ညီတော် ကျော်စွာသည် အရှေ့တံခါးမှ ဝင်ကာ နန်းတက်တော်မူသည်။ ဆင်ဖြူ ၅ စီးကို ရသောကြောင့် ငါးစီးရှင် မင်းတရားဟု တွင်တော်မူသည်။ တံဆိပ် နာမံတော်မှာ ခမည်းတော် တစ်စီးရှင် သီဟသူမင်းနှင့် တူစွာ သီဟသူရ ဟုပင် ခေါ်တွင်တော်မူစေသည်။

## ကျော်စွာလက်ထက် သံဃာများ

ထိုကျော်စွာမင်း၏ လက်ထက်တွင် ဥဇနာမင်း၏ စကားကျောင်းနေ ပုဂံဂိုဏ်း သံဃာတို့မှာ တရားနှင့်မညီ အလဇ္ဇီ ဖြစ်၍နေလေသည်။ သထုံနွယ် ရှင်အရဟံဂိုဏ်း သံဃာတို့မှာသာ တရားနှင့်ညီသော လဇ္ဇီသူမွန် သီလဝန် အရှင်ကောင်းတို့ ဖြစ်လေသည်။

## စိတ်ထားထက်မြက်ပုံ ထုံးတစ်ခု

တစ်ရံရောအခါ ငါးစီးရှင်ကျော်စွာ မင်းတရားပွဲတော်တည်ခါနီးဝယ် ရဟန်းတပါးသည် ပရိက္ခရာ ရှစ်သွယ်ကို ကိုယ်၌လွယ်၍ ကြည်ညိုဖွယ် ဆွမ်းလာ၍ ရပ်လေသည်။ အကြောင်းကိုသိရသော မင်းတရားသည် မိမိ စားခါနီးဆဲဆဲဖြစ်သော ပွဲတော်အားလုံးကို အလွန်ကြည်ညိုသောစိတ်ဖြင့် လှူဒါန်းလိုက်လေသည်။ ထိုနောက် မင်းကြီးသည် 'သြော်-ဤရဟန်းသည် မွန်းတည့်လုမှ ဆွမ်းရပ်လာသည်၊ သာမည ရဟန်း မဟုတ်၊ ရဟန္တာဖြစ်ပေလိမ့်မည်။ ငါဘုရင်အား ကုသိုလ်တိုးပွားစေရန် ရည်သန်သဖြင့် ကြွလာဟန် တူပေသည်" ဟု ပရဆေတနာပွား၍ အလွန် ဝမ်းသာအားရဖြင့် အဟောသာခု၊ အဟောသာခုဟု ကုသိုလ်တရားကို ပွားများကာ နေလေသည်။ ထိုနောက် ရဟန္တာ ဟုတ် မဟုတ် အမှန်သိရန် အမတ်တစ်ဦးကို စုံစမ်းရန် စေလွှတ် ကြည့်စေသောအခါ ထိုရဟန်းတုသည် မြို့ပြင်ဇရပ်တစ်ခုသို့ဝင်၍ ၎င်း၏မယားက သပိတ်ကို လှမ်းကာယူပြီး ဆီးကြိုပုံ အလုံးစုံကို စုံစမ်းရေးအမတ်သည် တတ်အပ် တွေ့မြင်ရလေသည်။ ထိုအမတ်သည်ကား ရှေ့နောက်တိုင်းထွာ ဆင်ခြင်ဉာဏ်ရှိသောအမတ် ဖြစ်သောကြောင့်၊ (က) ဘုရင်မင်းမြတ်မှာလည်း သဒ္ဓါတရား တိုးပွားစေ၊ (ခ) ငါလည်း ပြောဆိုရ မျက်နှာသာစေ၊ (ဂ) ရဟန်းတုလည်း အပြစ်ကင်းလွတ်ပါစေဟု နှလုံးထားပြီးလျှင် ဘုရင့်ထံ ပြန်ရောက်သောအခါ အမိန့်တော်အတိုင်း သွားရောက်စုံစမ်းရာ၊ ကျွန်တော်မျိုး ကြည့်နေစဉ်ပင် ပျောက်ကွယ်၍သွားပါသည်ဟု ပရိယာယ်ဖြင့် လျှောက်လေသည်။ ငါးစီးရှင်မင်းတရားသည် ငါတွေးတိုင်း ဧကန် ရဟန္တာ မှန်ပေသည်။ ရဟန္တာ လှူရခြင်းသည် ငါလိုလူ ရှိသေးရဲ့လားဟု လက်ရုံးဆန့်တန်းကာ ဝမ်းမြောက်ဝမ်းသာ ၃ ကြိမ် ဟစ်အော် ကြွေးကြော်တော်မူလေသည်။ စုံစမ်းရေးအမတ်ကိုလည်း ဆုလာဘ် ပေးတော်မူသည်။ ထိုနေ့တွင်ပင်လျှင် ပင်းမြို့စားအမတ်သည် ဆင်ဖြူနှင့်တူသော မြင်းပျံကို ဘုရင့်ထံ ပို့ဆက်လာပြီ ဟူသောသတင်းကို ကြားရသောခါ ယခု ငါ လှူလိုက်သော ကုသိုလ်အကျိုး ဖြစ်သည်ဟု ဘုရင်မင်းမြတ် မိန့်တော်မူလေသည်။ ထိုမြင်းရောက်သောအခါ မြင်းစီးသူရဲအား လူများရှေ့တွင် မောင်း

http://www.dhammadownload.com



နင်ပြစေရာ ဗျိုင်းငှက်ပျံသည့်အသွင် ထင်ရလေသည်။ ထိုမြင်းသည် နံနက် ပင်းမြို့ကနင်လျှင် ညချမ်းတွင် တောင်တွင်းကြီးကို ရောက်လေသည်။ မြင်း၏အမည်ကို "တိမ်တိုက်ကွန့်မြူး" ဟု သမုတ်တော်မူသည်။ ဤနေရာ ကျော်စွာမင်းသည် ရဟန်းတု ရဟန်းယောင်ကိုပင် လှူရ သော်လည်း စေတနာက ရဟန္တာ မှတ်ထင်လေသည်။ သို့ကြောင့် အကျိုးထူးကို ချက်ချင်းပေးလေသည်။ ဘုရားရှင်၏ ဒေသနာတော်၌လည်း "သမေစိတ္တေသမံ ဖလံ ..." စိတ်တူမျှက အကျိုးတူမျှဟု ဆိုလေသည်။ သို့ကြောင့် ယခုအခါ အလှူရှင်တို့သည် မျက်မြင်ပစ္စက္ခ မည်သူမည်ဝါ ဆရာတော် ဟူသောအမှတ်ကို အရေးမထားဘဲ ဘုရား၏တပည့်သား အရှင်သာရိပုတ္တရာ စသည်တို့၏ အနွယ် သံဃာများဟု သံဃဂုဏ်ကို စိတ်ထက်သန်စွာထားကာ လှူဒါန်းနိုင်ပါမူ ထိုသို့ တူစွာအကျိုးရမည်မှာ ဧကန် ဖြစ်ကြောင်းကို ဤကျော်စွာမင်းထုံးကို နှလုံးမူကာ ယုံကြည်စွာနှင့် လှူဒါန်းသင့်လေသတည်း။

## လက်ဖွေ့သတ် ရဟန်းကြီး သဃ်ဇာ

ဤသို့လျှင် ရဟန်းတု ရဟန်းယောင်တို့သည် သားမယားကိုပင် ဆွမ်းခံ၍ ကျွေးမွေးကြကုန်သေး၏။ ရဟန်းတို့နှင့် မသင့်တော် မလျော်ကပတ်သော တစ်ပါးသော အကျင့်ဆိုးတို့မှာကား အဘယ်မှာ ပြောဖွယ် ရှိတော့မည်နည်း။ ထိုရဟန်းတု ရဟန်းယောင်တို့သည် လက်ဖွေ့သတ်၍ အသက်မွေးဝမ်းကျောင်းအလုပ်ကို ပြုလုပ်နေကြကုန်၏။ ဘုရားရှင်၏ လက်ထက်တော်အခါ ကလည်း ကိဋာဂိရိတိုင်းသား ရဟန်းများတို့သည် လက်ဖွေ့သတ်ခတ်ကြောင်းကို ဝိနည်း ပါဠိတော်၌လာ သကဲ့သို့ ရဟန်းတု ရဟန်းယောင်တို့သည်လည်း လက်ဖွေ့ သတ်ခြင်းအမှုပြုကာ နေကြလေကုန်သည်။ အောင်စည်းခုံ သဃ်ဇာခေါ် ရဟန်းယောင်ကြီးသည်ကား လက်ဖွေ့ သတ်သော ဆုဖြင့် နှစ်စဉ်ပင် မြင်း ၁၅ စီး ၂၀ ပင် ရသည်ဟု ကြားဖူးလေသည်။ မင်းကြီးမင်းခေါင်လက် ထက်တွင် အုန်းဘောင်စော်ဘွားက ရှမ်းပြည်မှ ခေါ်ခဲ့ သော လက်ဖွေ့ကောင်း ရှမ်းကြီးသည် လက်ဖွေ့သတ် ကောင်းလှသည်ဟု အင်းဝမြို့တွင် ကျော်စော၍ နေလေ သည်။ ထိုရှမ်းကြီးသည် အင်းဝမြို့ စစ်ကိုင်းမြို့တို့၌ ပြိုင်ဝံ့သူ မတွေ့ရကား၊ ပင်းယမြို့ စကားကျောင်းတံခါးဝ တွင် မဏ္ဍပ်ကြီး ဆောက်ပြီးလျှင် လက်ဖွေ့သတ်ရန် အလိုရှိသည်ဟု မင်းကြီးမင်းခေါင်ကို လျှောက်ထားလေ သည်။ မင်းကြီးသည် ရဟန်းကြီး သဃ်ဇာအား စုံစမ်း စေရာတွင် သဃ်ဇာက ငါကား ယခင်မင်းများ လက် ထက်တွင် လူပျိုလူရွယ်ဖြစ်၍ ကျော်စောရုံမျှသာ သတ်ခဲ့ ရသည်။ ယခုအခါမှာ အသက် ၆၉ နှစ်အရွယ် ကြီးပြီ ဖြစ်၍ သေအောင် သတ်မည်ဟု ဆိုလိုက်လေသည်။ မင်းကြီးက သေအောင် မသတ်ပါနှင့်၊ သင့်တော်ရုံသာ သတ်ပါဟု ဆင့်မှာလိုက်ပြီးလျှင် စကားကျောင်း မုခ် တံခါးအရှေ့ကုန်းတွင် မင်းနှင့် စော်ဘွား ပရိသတ်များ ရှေ့တွင် ရဟန်းကြီး သဃ်ဇာနှင့် ရှမ်းကြီးတို့ကို လက်ဖွေ့ သတ်ပွဲ ကျင်းပကြသည်။ လက်ဖွေ့သတ် သီချင်းများကို သီဆိုပြီး၍ တူရိယာ ဆိုင်းချက်ဖြင့် သိုင်းကွက်နင်းလျက် တစ်ဦးအနား တစ်ဦး ကပ်လျက် နေပြီးလျှင် အချက် ကောင်းကို စောင့်စားလျက် ရဟန်းသဃ်ဇာသည် ရှမ်း ကြီးအား ခြေဖြင့်ကန်ချင်ယောင်ဆောင်လျက် လက်ယာ လက်နှင့် ရှမ်းကြီးကို သတ်လိုက်ရာ၊ ရှမ်းကြီး၏မျက်နှာ မှာ နောက်ဘက်တွင် ရောက်နေလေသည်။ ထိုအခိုက် တွင် သြဘာပေးကြလျက်ရှိသော မင်းနှင့် ပရိသတ်တို့ သည် ဤကဲ့သို့ မျက်နှာ နောက်တွင် ရောက်နေခြင်းထက် သေရသည်က မြတ်သေး၏ဟု ဆိုနေကြသောကြောင့် ရဟန်းကြီးက တစ်ဖန် လက်ဝဲလက်နှင့် သတ်လိုက်ပြန် ရာ ရှမ်းကြီး၏မျက်နှာ ရှေ့ဘက်သို့ ပြန်၍ ရောက်လေ သည်။ ထိုသို့ အံ့ဖွယ်သရဲ ရှိလှပုံကို မြင်ရ၍ မင်းနှင့် စော်ဘွားတို့က ရဟန်းကြီးအား မြင်း ၂ စီး၊ ဖျင်လိပ် ၃၀၊ ငွေတစ်ပိဿာ ဆုချပေးကြလေသည်။ ဤသို့သော လက်ဖွေ့သတ်သော ရဟန်းတို့အကြောင်းကို သာသနာ ဝင်တွင် စာတင်လောက်သောကြောင့် ရေးရသည် မဟုတ် ပေ။ ရှေးက ကျမ်းဂန်များမှာ လာသည့်အတိုင်း၊ ဩော် ... ရှေးခေတ်ကလည်း ဤသို့ဤပုံ ရဟန်းတုတို့ ရှိပါ ကုန်တကားဟု သူတော်ကောင်းတို့ သံဝေဂရကြစေခြင်း ငှာ ထည့်သွင်းဖော်ပြရပေသည်။

## ဆူးတွင်းပစ် ဆရာတော်အကြောင်း

သက္ကရာဇ် ၇၁၃ ခုနှစ်တွင် ဝိဇယပုရခေါ် ပင်းယ မြို့တော်တွင် ကျော်စွာမင်းကြီး မင်းပြုနေလေသည်။

http://www.dhammadownload.com



ဖခင် မင်းတရားကြီးအမည်နှင့် တူစွာပင် သီဟသူ ဟူသော တံဆိပ်နာမံ ခံလေသည်။ ခမည်းတော် လက်ထက်က ရခဲ့သော ဆင်ဖြူတော် ၅ စီးတို့တွင် ၄ စီးသာ ကြွင်းကျန်သောကြောင့် "၄-စီးရှင်" ဟု အမည်တွင်လေသည်။ ထိုမင်းလက်ထက်တွင် စတုရင်္ဂဗလ အမတ်ကြီးသည် ပိဋကတ်ကျမ်းဂန်၌ အလွန်လိမ္မာ တတ်မြောက်သောကြောင့် အဘိဓာနပ္ပဒီပိကာဋီကာ ကျမ်းကြီးကို ရေးသားပြုစုထားလေသည်။ ၎င်းဋီကာကျမ်း၏ နိဂုံး၌ အလုံးစုံသော သက္ကဋ ဗျာကရဏ်း ကျမ်းအားလုံးနှင့် တကွ ပိဋကတ် ၃ ပုံတည်းဟူသော တောကြီး၌ မငြိတွယ်သော ဉာဏ်ဖြင့် ကျက်စားနိုင်သည်ဟု မိမိ၏သတ္တိကို ချီးကျူးထားလေသည်။ အခါတစ်ပါးတွင် ၄-စီးရှင် မင်းတရားသည် အလွန်ကြီးစွာသော ကျောင်းကြီးကို ဆောက်ထားလေသည်။ မည်သည့်ပုဂ္ဂိုလ်ကိုမှ ပင့်ဆောင်မတင်ဘဲ ကျော်စွာမင်း၏ ကောင်းမှုတော်၊ သီလ သမာဓိ ပညာ ရှိသူ တက်နေပေစေဟု သတင်းစကားလွှင့်လျက် ထားလေသည်။

ထိုအခိုက် သာစည်ရွာနေ မထေရ်မြတ် ၁ ပါး တက်၍ နေလေသည်။ မထေရ်မြတ်၏ အတ္ထုပ္ပတ္တိကား ဤသို့ပင်တည်း။

သာစည်ရွာ ကုန်သည်တစ်ဦးသည် မိမိ၏သားကို ပညာသင်ကြားရန် အပ်နှံထားရာ၊ ကျောင်းထွက်ပြေးဖန်များသဖြင့် နောက်တစ်ဖန် မပြေးရန် ခြိမ်းခြောက်လိုသော သဘောဖြင့် ဆူးချုံပေါ်သို့ ပစ်လိုက်လေသည်။ သူငယ်သည် ဆူးချုံပေါ်မှ ထလာပြီးလျှင် အိမ်သို့မပြန်တော့ဘဲ ကျောင်းမှာပင် နေလေ၏။ မိဘရပ်ထံ ပြန်မလာဘဲ တစ်စတစ်စ စာပေသင်ကြား၍ အဝေးရပ်သို့ ဆက်ကာဆက်ကာသွားပြီး သာမဏေဘဝမှ ပဉ္စင်းရဟန်းဖြစ်လျက် ပုဂံပြည်သို့ ရောက်နေလေသည်။ ဉာဏ်ပညာရှိလှ၍ စာပေ အရာအမြိုးသောကြောင့် ရောက်ရာအရပ်တိုင်းမှာ ဆရာတို့ ချီးမြှင့် မစသဖြင့် နာမည်သတင်း ကျော်စောခြင်း ဖြစ်နေလေသည်။ ဘမိ ၂ ပါးတို့မှာလည်း ပြန်မလာသည်ကာလ ကြာမြင့်လှသဖြင့် သေရှင်မသိ မျှော်လင့်စောင့်စားကာ နေကြလေသည်။ ပုဂံပြည် ရဟန်းတစ်ပါး၏ ကျော်စောသတင်းကို ကြားရသောအခါ၊ ငါတို့သားများ ဖြစ်လေမလားဟု တွေးထင်ရမ်းဆ၍ ဖခင်က လိုက်လေလျှင် ပုဂံမြို့တွင်တွေ့၍ သား ဦးပဉ္စင်းအား ဆွမ်းကွမ်းတို့ဖြင့် ပြုစု၍ နေလေသည်။ ထိုရဟန်းသည်လည်း မည်သို့မျှ အဆိုးအကောင်းကို စကားမပြောဘဲ ကျေးသမျှကိုစား၍ စာပေကို ကြိုးစားကာနေလေသည်။ အခါတစ်ပါးတွင် ဆွမ်းစားသောအခါ ယနေ့-ဆားငန်သည် ဆားပေါ့သည် စသည်ဖြင့် အကြိမ်ကြိမ်ဆိုလေသည်။ ထိုအခါ ဖခင်က ချစ်သား, ယခင်နေ့များက ဤသို့ စကားကို တစ်ခါမှ မဆိုစဘူး။ ယခုဘာအကြောင်းကြောင့် ဤသို့ ဆိုပါသနည်းဟု မေးမြန်းသောအခါ၊ သား ရဟန်းတော်က ရှေးအခါကမူကား စာပေကို ကြောင့်ကြစိုက်ကာ ကြိုးစားနေ၍ စားမှု၏ အရသာကို စဉ်းစားခွင့်မရချေ။ ယခုအခါ စာပေကြိုးစားမှုကိစ္စ ပြီးဆုံးသဖြင့် ကိုယ်လက်ခန့်ကျန်း ဖြည့်တင်းလိုသဖြင့် ဤသို့ ဆိုရလေသည်ဟု ပြောပြလေသည်။ ထိုစကားကို ကြားရသော ဖခင်သည် ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် မိခင် မယ်တော် ဖူးမြော်စေရန် အခွင့်တောင်း၍ မိခင်ရှိရာသို့ လာသည်ရှိသော် ပင်းမြို့သို့ ဘုရားပုထိုး ရှိခိုးပူဇော်ရန် ဝင်ရောက်လာကြရာ၊ ၄-စီးရှင်ဆောက်လှူထားသော ကျောင်းအနီးသို့ရောက်၍ "စာတတ်သူ နေရဲက နေစေ" ဟူသော သတင်းသံကို ကြားရကား ချက်ချင်းပင် ထိုကျောင်းပေါ်သို့ တက်၍ နေလေသည်။ အစောင့်လူတို့သည် ထိုရဟန်း တက်လာနေပုံအကြောင်းကို မင်းကြီးထံ သွားရောက် လျှောက်ထားကြလေသည်။ မင်းကြီးသည် စတုရင်္ဂဗလ အမတ်ကြီးကို စုံစမ်းစေ၏။ အမတ်ကြီးသည် ထိုရဟန်းထံသွား၍ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့၏ ခက်ရာခက်ဆစ်ကို မေးမြန်း စုံစမ်းလေသည်။ မေးမြန်းတိုင်းပင် မိမိရရ ရှိသဖြင့် မင်းကြီးအား ပြန်လျှောက်ထားသဖြင့် ထိုကျောင်းတော်ကြီးကို ၎င်းရဟန်းအား တင်လှူလေသည်။ ငယ်စဉ်က ဖခင် ဆူးချုံတွင်ပစ်သည်ကို အကြောင်းပြု၍ ဆူးတွင်းပစ် ဆရာတော်ဟု တွင်လေသည်။ ရဟန်းဘွဲ့မှာ အရှင်နာဂိတ မည်လေသည်။ မင်းဆရာ ဖြစ်လေလျှင် သဒ္ဒသာရတ္ထဇာလိနီ သဒ္ဒါငယ်ကျမ်းကို ပြုလေသည်။ ထိုဆူးတွင်းပစ် ဆရာတော်၏ လက်ထက်အခါက ကမ္မဋ္ဌာန်း ဘာဝနာကို ကြိုးစားသော သက်ကြီးရွယ်ရင် ဝိပဿနာဓုရ ရဟန်းများ ၁၀၀၀ လောက် ရှိလေသည်။

http://www.dhammadownload.com



စာပေသင်ကြားသော ဂန္ထဓူရ ရဟန်းများမှာ ရေတွက်မရလောက်အောင်ပင် ပေါများလှလေသည်။ ထိုဆရာတော်၏ ဖခင်ကြီးကိုလည်း သူဌေးရာထူးပေး၍ သာစည်ရွာကို သူဌေးရွာဟု သမုတ်၍ အဂိုင်စားစေသည်။ ကစ္စာယနဝဏ္ဏနာဋီကာကျမ်းကို ပင်းမြို့ အဘယဂိရိတောင်ကျောင်းနေ မဟာဝိဇိတာဝီမထေရ် ပြုသည်။ ဝါစကောပဒေသကျမ်းကိုလည်း ပြုတော်မူသည်။ သဒ္ဒဝုတ္တိကျမ်းကို ပင်းယ ရှင်သဒ္ဓမ္မဂုရု ပြုစုတော်မူသည်။ ဤသို့လျှင် ပင်းမြို့၌ များစွာသော ကျမ်းပြုဆရာတို့ဖြင့် သာသနာတော် ထွန်းလင်းပြန့်ပွားလေသည်။

သက္ကရာဇ် ၆၈၅ ခုနှစ်တွင် စစ်ကိုင်းမြို့၌ အသင်္ခယာ စောယွန်းသည် နန်းတက်တော်မူသည်။ ထိုမင်းလက်ထက်ကား ကျမ်းပြုပုဂ္ဂိုလ် တစ်ပါးမျှ မထွန်းကားခဲ့ချေ။ သက္ကရာဇ် ၇၂၆ ခုနှစ် ကဆုန်လတွင် စစ်ကိုင်းမြို့ကြီး ပျက်စီးလေသည်။ ထိုနှစ် နယုန်လတွင် ပင်းမြို့ကြီး ပျက်စီးပြန်လေသည်။ ထိုနှစ် တပေါင်းလတွင်ပင် သတိုးမင်းတရားသည် ရတနာပုရ အင်းဝမြို့တော်တည်၍ ထီးနန်းစိုက်ထူလေသည်။

**ဤတွင် ပင်းမြို့ စစ်ကိုင်းမြို့ သာသနာဝင် ပြီးပြီ။**

ဖအာဖအာ

## ရတနာပုရ ရွှေအင်းဝ သာသနာဝင်

တမ္ဗဒီပတိုင်း ရတနာပုရမြို့ သာသနာဝင် အစဉ်အလာမှာ သက္ကရာဇ် ၇၈၈ ရောက်သောအခါ နရပတိမင်းကြီး၏ သမီးတော်နှင့် အလောင်းစည်သူမင်းကြီး၏ သားတော် အာနန္ဒသူရိယ မင်းသားတို့ကိုစွဲ၍ သိဒ္ဓကမည်သော သားတော်တစ်ပါး ဖွားမြင်လေသည်။ အရွယ်ရောက်လျှင် မင်းအဖြစ်ကို ရလေသည်။ ထိုမင်းလက်ထက်မှစ၍ မြေနဲ့စောမင်း လက်ထက်အထိ ပုဂံမင်းဆက်တို့ဖြစ်ကြကုန်သည်။ ထိုနောက်တွင် သီရိသုဓမ္မာရာဇာဓိပတိ မည်သော သတိုးမင်းကြီးသည် ရတနာပုရမြို့တွင် ထီးနန်း စိုးစံတော်မူသည်။ ထိုသတိုးမင်းကြီး လက်ထက် သက္ကရာဇ် ၇၉၁ ခုနှစ် ရောက်သောအခါ သီဟိုဠ်ကျွန်းမှ သီရိသဒ္ဓမ္မာလင်္ကာရ ဆရာတော်နှင့် မဟာသာမိ ဆရာတော် ၂ ပါးတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်မွေတော်မြတ် ၅ ဆူကို ပင့်၍လာကြရာ ပုသိမ်သဘော်ဆိပ်သို့ရောက်ကြလေသည်။ ရာမညတိုင်း ဗညားရန်မင်းကတားမြစ်ပါသော်လည်း အခွင့်မပေးကြမူ၍ ထိုမင်းကိုပင် သရေခေတ္တရာမြို့အထိ လိုက်ပို့စေသည်။ ထိုအကြောင်းကိုကြားရသော သတိုးမင်းကြီးသည် လှေအစင်းပေါင်း ၄၀ ဖြင့် အကြိုအဆို လွှတ်တော်မူသည်။ ရွာသစ်ကြီး ရောက်သောအခါ ကိုယ်တော်တိုင် မောင်းမမိဿံ ခြွေရံတို့နှင့်တကွ ထွက်ကာ ကြိုဆိုတော်မူသည်။ ရတနာပူရမြို့သို့ရောက်သောအခါ မြေငလျင် ပဲ့တင်ဟည်းကာ တုန်လှုပ်လေသည်။ ထိုအခါ သတိုးမင်းကြီးသည် မြတ်စွာဘုရားသာသနာကို ချီးမြှောက်ရန် ကြံစည်၍ ပင့်လာသောဓာတ်မွေတော်တို့ ရောက်သောအခါ ငလျင်လှုပ်လေသည်။ ဤသို့လှုပ်ခြင်းသည် ငါ၏တိုင်းနိုင်ငံ၌ သာသနာတော် အရှည်သဖြင့်တည်မည့် ပုဗ္ဗနိမိတ်ပင် ဖြစ်သည်ဟု ကိုယ်တော်တိုင် နိမိတ်ဖတ်တော်မူသည်။

သက်တော်ထင်ရှား မြတ်ဘုရား၏ တန်ခိုးတော်ကို မဆိုထားဘိ သာရီရဓာတ်တော် ၅ ဆူတို့ တန်ခိုးအာနုဘော်ပင် ဤသို့ ငလျင်လှုပ်ခြင်း စသည် တန်ခိုးကြီးလှပါတကားဟု တိုင်းသားပြည်သူတို့သည် သဒ္ဓါတရား အထပ်ထပ်ပွားများကြလေကုန်သည်။

**ဥဒါန်း–ကဗျာ**

ကိုယ်တော်ထား–ဓာတ်သားဓာတ်မွေတော်၊
အလွန်ကြီး–အံ့ချီးအာနုဘော်။
သက်တော်ရှိ–မုနိမြတ်ကိုယ်တော်၊
ပြောမဆုံး–လွှမ်းဖုံးအာနုဘော်။ ။
ဤသို့ပင်–အောက်မေ့ကြည်ညိုလျှင်၊
သဒ္ဓါဓာတ်–လက်ဆက်တိုးမည်ပင်။
ဘုရားဂုဏ်–စုပုံအများပင်၊
ရှင်လူများ–ပြငြားရှိသေလျှင်။ ။

သက္ကရာဇ် ၇၉၂ ရောက်သောအခါ ဇေယျာပုရခေါ် စစ်ကိုင်းမြို့၏ အနောက်မျက်နှာ၌ ထိုဓာတ်တော် ၅ ဆူတို့ကို ဌာပနာ၍ စေတီတစ်ဆူ တည်တော်မူသည်။ ထိုစေတီကို ရတနာစေတီဟု သမုတ်တော်မူသည်။ ဆင်ရုပ်တွေများသည်၏ အဖြစ်ကြောင့် ဆင်များရှင် ဘုရားဟု ကျော်ကြား ထင်ရှားလေသည်။ ကျက်သရေတိုက် ၃ ခု၊ တံခါး ၇ ခုတို့ဖြင့် တန်ဆာဆင်အပ်သော ဥမင်

http://www.dhammadownload.com



ကျောင်းတော်ကို ဆောက်လုပ်၍ သီဟိုဠ်ဆရာတော် ၂ ပါးအား လှူတော်မူသည်။ ထို ၂ ပါးအနက် အကြီး မထေရ်သည် မိမိကျောင်း၏အနီး တောင်ထိပ်တွင် တပည့်သံဃာတို့ကို မသွင်းဘဲ၊ လင်္ဂိပေသလ သိက္ခာ ကာမ, ဗဟုသုတ ရှိကုန်သော မထေရ်တို့နှင့် အတူတကွ သိမ်သမုတ်တော်မူသည်။ ဤသို့လျှင် သိမ်သမုတ်ခြင်း, ပရိယတ္တိကို ပို့ချခြင်း စသည်တို့ဖြင့် မြန်မာတိုင်း၌ သာသနာတော်သည် စည်ပင်ပြန့်ပွား ထွန်းကားလာလေ သတည်း။

ဤကား မြန်မာပြည် ရတနာပူရ ရွှေအင်းဝ၌ သီဟိုဠ် မထေရ် ၂ ပါးကို အစွဲပြု၍ သာသနာတော် ထွန်းလင်းလာပုံပေတည်း။

## သတိုးမင်းကြီး သာသနာပြုပုံ

သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလတွင် သတိုး မင်းကြီးသည် ရတနာပုရ အဝမြို့ကို တည်တော်မူသည်။ သတိုးမင်း လက်ထက်တွင် ဇေယျာပုရမြို့မှ မုန့်သည် မိန်းမတစ်ယောက်သည် အလဇ္ဇီ ရဟန်းတစ်ပါးအထံ၌ ဥစ္စာ ရွှေငွေတို့ကို အပ်နှံထားလေသည်။ နောက်ကာလ အတန်ကြာတွင် ထိုမုန့်သည်မိန်းမက ပြန်တောင်းရာ အလဇ္ဇီရဟန်းသည် နှင့်ဥစ္စာ ငါ့မအပ်ပါတကားဟု ဖွတ် ငြင်းပေနေလေသည်။ ထိုသို့ နှစ်ဦးနှစ်ဝ ငြင်းခုံပြီး အမှု ဖြစ်ရာမှ သတိုးမင်းကြီးထံ ရောက်သွားလေသည်။ သတိုး မင်းကြီးသည် ကိုယ်တိုင်ပင် ရဟန်းအား အရှင်ဘုရား, ထိုသူငယ်မ၏ ဥစ္စာကို ယူထားပါသလား ... ဟု စစ် ကြောသောအခါ၊ ထိုရဟန်းသည် ဒကာမင်းကြီး, ငါတို့ ရဟန်းမှာ မဟုတ်သည်ကို မပြောကောင်းပေ။ မယူပါ ဟု ပြောလေသည်။ သတိုးမင်းကြီးသည် အဖန်ဖန် လှည့်လည်မေးမြန်းရာ ထိုရဟန်း၏ ကောက်ကျစ်စဉ်းလဲ ပုံကို တစ်စတစ်စ သိလာသောကြောင့် ရဟန်းဖြစ်လျက် ဘုရား၏ သိက္ခာပုဒ်ကို ကျော်နင်း ကျူးလွန်လျက် လိမ် လည်ပြောဆိုလေသည်ဟု အမျက်ထွက်ပြီးလျှင် ကိုယ် တိုင်ပင် အပြစ်အားလျော်စွာ *ဦးခေါင်းကိုဖြတ်၍ နန်း တော်ပေါ်မှ ပစ်ချလိုက်လေသည်။ ထိုအကြောင်းသည်

မြန်မာတစ်ပြည်လုံး ပျံ့နှံ့သွားလေသည်။ ထိုကြောင့် အခြားသော အလဇ္ဇီ ရဟန်းဆိုးတို့သည်လည်း မကောင်းမှု ကို မပြုဝံ့ကြကုန်။ မင်းကိုကြောက်၍ သိက္ခာပုဒ်တော် ကို ကျူးကျော်မနေဝံ့ဘဲ ကောင်းစွာ နေထိုင်ကြလေကုန် သည်။

## မင်းကြီးစွာစော်ကဲ သာသနာပြုပုံ

သက္ကရာဇ် ၇၃၀ ရောက်သောအခါ မင်းကြီးစွာ စော်ကဲ မင်းဖြစ်လေသည်။ ထိုမင်းသည်ကား တိုင်းသား ပြည်သူတို့ အေးမြချမ်းသာစေရန် နိမိတ်ကိုယူလျက် ထမ်းရွက်ယပ်ကို ကိုင်ကာ နန်းတက်တော်မူလေသည်။ မင်းကြီးစွာစော်ကဲသည် သက္ကရာဇ် ၇၄၅ ခုနှစ်တွင် စည်းခုံစေတီကို တည်တော်မူသည်။ ရင်းရဲကျောင်းဆောင် အနီးတွင်ရှိသော မုဋ္ဌောဘုရားကို ရေစား၍ ပြိုသောအခါ ကြုတ်နှင့်တကွသော ဓာတ်တော် ၅ ဆူကို ရေပထ နဂါမင်းရ၍ သိမ်းယူထားလေသည်။ စည်းခုံစေတီ တည် လုပ်နေစဉ်အခါ ဓာတ်တော်များကို ကြုတ်နှင့်တကွ ဒါဋ္ဌာနာဂ မထေရ်အား လာရောက် အပ်နှံလေသည်။ မထေရ်မြတ်သည် ဘုရင်ကို တစ်ဆင့်ပေးတော်မူလိုက် သည်။ ဘုရင်မင်းမြတ်သည် ၂ ဆူကို မုဋ္ဌောစေတီတွင် ဌာပနာ၍ ၃ ဆူကို စည်းခုံစေတီတွင် ဌာပနာတော် မူသည်။ မင်းကြီးသည် ငယ်စဉ်က အတတ်ပညာသင် ကြားပေးသော ဆရာကို သာသနာပိုင် ခန့်အပ်တော် မူသည်။

## အကြံကောင်းသော မထေရ်တစ်ပါး

ခေမာစာရ အမည်ရှိသော မထေရ်တစ်ပါးသည် ညသန်းခေါင်ယံအခါ စေတီရင်ပြင်ကို တံမြက်စည်း လှည်းပြီးလျှင် စည်ကြီးတစ်လုံးကို အကြိမ်များစွာ တဒိန်း ဒိန်း မြည်ဟိန်းအောင် တီးခတ်နေလေသည်။ မင်းကြီး သည် နန်းတော်ပေါ်မှ ကြားတော်မူ၍ ရှေးက အမှတ် သညာအတိုင်း ဘုန်းကြီးပျံတော်မူသလောဟု အမေး လွှတ်လိုက်ရာ ဘုန်းကြီးပျံတော်မူသည်မဟုတ်၊ သိကြား မင်းသေ၍ စည်တီးသည်ဟု ရဟန်းများက ပြန်ဆိုလိုက် ကြလေသည်။ ထိုအကြောင်းကို သိရလျှင် မင်းကြီးသည် ရဟန်းများကိုပင့်၍ အဘယ်ကြောင့် သိကြားမင်း သေ

* အရှင်ဓနိယနှင့် မိဗ္ဗိသာရမင်းကြီး၊ သောဏုတ္တိုရ် မုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စသော ဝတ္ထုတို့နှင့် ဆန့်ကျင်လေရကား မချီးမွမ်းထိုက်။

http://www.dhammadownload.com



သည်ကို အရှင်တို့ သိပါသနည်းဟု မေးသောအခါ ရဟန်းများက မင်းကြီး, သိကြားမင်းသည် ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူစဉ်အခါက ဘုရား သာသနာတော်ကို စောင့်ပါမည်ဟု ပဋိညာဉ် ဝန်ခံချက် ပေးထားပါလျက် ယခုအခါ သာသနာဝင် ငါအရှင်တို့ကို ကြောင့်ကြမဲ့ မေ့လျော့ကာ နေဘိသည်။ အကယ်၍ သိကြားမင်း အသက်မသေဘဲရှိပါမူ ဘုရားထံ အာမခံထားပါလျက် ယခုလို ကြောင့်ကြမဲ့ မနေသင့်ပေ။ ယခုအခါမူ သိကြားမင်း၏ စောင့်ရှောက်ပုံ အခြင်းအရာသည် ဘာတစ်ခုမျှ မတွေ့ရ။ သို့ကြောင့် သိကြားမင်း သေပြီဟု ငါတို့ သိကုန်၏ဟု မိန့်ဆိုတော်မူလေသည်။ ထိုစကားကို ကြားရသော မင်းကြီးစွာစော်ကဲသည် ငါ့ကို သတိပေးယောင် တကားဟု ကြည်ညိုခြင်း သဒ္ဓါပွား၍ ခေမာစာရမထေရ်အား ကျောင်းဆောက်၍ လှူတော်မူသည်။ ထိုခေမာစာရ မထေရ်အား ကျောင်းဆောက်၍ လှူတော်မူသည်။ ထို ခေမာစာရ မထေရ်မြတ်သည်ကား သုဓမ္မပုရ သထုံဂိုဏ်း, သီဟဠဝံသိက သီဟိုဠ်ဂိုဏ်းကြီး ဂိုဏ်းကြီး ၂ ဂိုဏ်း တို့၏ အနွယ်တော်ကို စောင့်သော လဇ္ဇီပေသလ သိက္ခာကာမ ဆရာတော်တစ်ပါး ဖြစ်တော်မူသတည်း။

### ဘုရင်မင်းခေါင်နှင့် သံဃာတော်တို့အကြောင်း

ဘုရင်မင်းကြီးစွာ လက်ထက်တွင် ၉ နှစ်သား အရွယ် မင်းသား မင်းဆွေနှင့် ၇ နှစ်ရွယ် မင်းသား မင်းသိဒ္ဓတ်၊ ဘုရင့်သားတော် နှစ်ဦးကို ပင်လယ်အရပ်တွင် နေသော သံဃရာဇာ ဆရာတော်ထံ အပ်နှံ၍ ပညာ သင်ကြားစေလေသည်။ ပညာသင်နေစဉ် ၁၂ နှစ်အရွယ် တွင် မင်းဆွေသည် ကိုယ်က အူထွက်၍ အင်းဝမြို့အလုံးကို ရစ်ပတ်မိသည်ဟု သန်းခေါင်ကျော်တွင် အိပ်မက် မြင်သောကြောင့် ဆရာတော်ကို ချက်ချင်းနှိုး၍ ပြောလေသည်။ ဆရာတော်သည် ကြားလျှင်ကြားချင်း မင်းသားကို ခြေနှင့် ကျောက်ကန်ရာ တုံးလုံးလဲသွားလေသည်။ ဆရာတော်ဘုရား, အဘယ်ကြောင့် ဤသို့ ကန်ရပါ သလဲဟု မင်းသားက မေးလျှောက်ရာ- ငါဆရာသည် ရဟန်း ၅ ဝါရက တောင်ဘီလူး ပရက္ကမတွင် စာသင်ကြားနေစဉ် လေတိုက်သဖြင့် ငါ့ဦးထုပ် (ခေါက်ချာ) ပြုတ်ကျလေသည်ကို ခြေဖြင့်နင်းမိသောကြောင့် ကေန် မင်းဆရာ ဖြစ်မည်၊ မင်းဆရာဖြစ်လျှင် တံတားဦးကို အမိုးနှင့် ကြီးကျယ်စွာ တံတားကြီး လုပ်မည်ဟု အဓိဋ္ဌာန် ရှိသည်။ သင်၏ အိပ်မက်သည် မကြာခင် မင်းဖြစ်မည်။ ငါ့ကို မေ့မည်စိုး၍ ငါ ဤသို့ ခြေနှင့်ကန်သည်။ မင်းဖြစ်လျှင် ငါ့အဓိဋ္ဌာန်အတိုင်း တံတားလုပ်ပါဟု မိန့်ရာ- စိုးရိမ်တော်မမူပါနှင့်၊ အလိုအတိုင်း ပြီးပါစေမည်ဟု မင်းသားက လျှောက်ထား ဝန်ခံလေသည်။ နောက် မကြာမီ မင်းဖြစ်၍ ပုဂံ ရွှေစည်းခုံသို့ ဘုရားဖူးရောက် သောညတွင် မင်းခေါင် ခံလေဟု အိပ်မက်မြင်သော ကြောင့် မင်းခေါင်ဟု တံဆိပ်နာမံ ခံတော်မူသည်။ ဆရာ တော်ထံ ဝန်ခံချက်အတိုင်း အင်းဝမြို့တောင်ဘက်တွင် တံတားဦးကို အမိုးနှင့် အကြီးအကျယ် ပြုလုပ်တော် မူသည်။ ထိုဆရာ၏ အမိန့်အတိုင်း လိုက်နာ ပြုလုပ် လေသည်။ မင်းဆရာပင် ဖြစ်သော်လည်း ထိုဆရာမှာ လဇ္ဇီပေသလ မဟုတ်ရကား သာသနာဝင် စာရင်းသို့ မသွင်းဘဲ ထားခဲ့လေသည်။

### စာကြို့ကိုယ်တော်ကြောင့် မင်း ၂-ပါး ချမ်းသာရရပုံ

ထိုမင်းခေါင်းလက်ထက် သက္ကရာဇ် ၇၆၆ ခုတွင် တလိုင်းမင်း ရာဇာဓိရာဇ်သည် လှေအစင်း ၃-ထောင် တွင် ဗိုလ်ခြေ တစ်သိန်းခြောက်သောင်းကို အမတ်ဒိန် မနိရွတ်, သမိန်ဖြတ်စ, သမိန်အဝနိုင်, သမိန်အဲနရဲ စစ်သူကြီး ၄ ယောက် အုပ်စည်းလျက် ပဲခူးမှ ရေကြောင်း ခရီးဖြင့် ရတနာပုရ အင်းဝမြို့သို့ စစ်ချီ၍ လာလေသည်။ ထိုအခါ ဘုရင်မင်းခေါင်သည် မှူးကြီးမတ်ရာ သေနာပတိ တို့ကို လည်းကောင်း၊ ရဟန်းသံဃာတို့ကို လည်းကောင်း ပင့်ခေါ် စည်းဝေးပြီးလျှင် ယခုအခါ တလိုင်းဘုရင် သည် စစ်ဆင်ကာ လာနေပြီ။ စစ်မတိုက်ဘဲ အကြောင်း ဥပါယ်တံမျဉ်ဖြင့် ပြန်သွားရန် တတ်နိုင်စရာ ရှိပါမလား ဟု မေးတော်မူရာ အားလုံး ပရိသတ်တို့ ခပ်မဆိတ် နေကြလေသည်။ ထိုအခိုက် ပင်းယကျောင်းတွင်နေသော အသက် ၃၁၊ ဝါတော် ၁၁ ဝါမျှ ရှိသေးသော စာကြို့ ကိုယ်တော်မြတ်မူကား တလိုင်းဘုရင်ကို မဆိုထားနှင့် ဇမ္ဗူဒိပ်မြေအပြင် ရှိသမျှသော မင်းအပေါင်းတို့ လာစေ ကာမူ စစ်မတိုက်ရဘဲ စကားပြော၍ အောင်စေပါမည်...

http://www.dhammadownload.com



ဟု ပြောရာ ဘုရင်မင်းခေါင်သည် အလွန်သဘောကျတော်မူ၍ အရှင်မြတ်, အစွမ်းရှိတိုင်း ပြုလုပ်ပါဟု လျှောက်ထားလေသည်။ စာကြို ကိုယ်တော်သည် ရာဇာဓိရာဇ်ဘုရင်ကို တွေ့မြင်လိုကြောင်း မေတ္တာစာ ဆက်သွင်း၍ အခွင့်ရလျှင် ရာဇာဓိရာဇ်မင်းအား ချေငံသာယာ ဆန်းကြယ်စွာသော တရားဒေသနာဖြင့် ပြောဟော၍ ပဲခူးရောက်အောင် ပြန်စေတော်မူသည်။ ဤသို့ တန်ခိုးသတ္တိရှိသော စာကြိုကိုယ်တော်မြတ်သည် ပုဂံပြည် ဂိုဏ်းကြီး ၄ ဂိုဏ်းတို့တွင် အရှင်အရဟံဂိုဏ်း အဆက်အနွယ် သီလသိက္ခာနှင့် ပြည့်စုံသော မထေရ်မြတ်ပေတည်း။ ပုဂံပြည် စာကြိုအရပ်သား ဖြစ်သောကြောင့် စာကြိုကိုယ်တော်မြတ်ဟု ထင်ရှားလေသည်။

## မိုးညှင်းမင်းတရား သက္ကရာဇ်ဖြို့ခြင်း

သက္ကရာဇ် ၇၈၈ ခုနှစ်တွင် ရတနာပုရ ရွှေအင်းဝ၌ပင် ပုဂံနွယ်ရိုး နေနတ်မျိုး ဖြစ်သော မိုးညှင်းမင်းတရားသည် ထီးနန်းစိုးပိုင်တော်မူသည်။ ထိုမိုးညှင်းမင်းလက်ထက်တွင် သီဟိုဠ်ကျွန်းမှ ဆရာတော် ၂ ပါးသည် ရတနာပုရ ရွှေအင်းဝသို့ လာရောက်၍ သာသနာတော်ကို ချီးမြှောက်ကာ နေတော်မူကြကုန်သည်။ သက္ကရာဇ် ၈၁၀ ပြည့် ရောက်သောအခါ သက္ကရာဇ်ဖြို့ကိန်း ရောက်ပြီ၊ မဖြို့သော် မသင့်ပါဟု ပြဆိုခဲ့ပြီးသော စာကြိုသူမြတ်နှင့် မင်းကျောင်း ဆရာတော်တို့က တင်လျှာ သွင်းလေသည်။ ထိုအခါ ဘုရင်မင်းတရားသည် သက္ကရာဇ် ဖြို့သင့်ပါလျက် မဖြို့လျှင် မည်သို့ အကျိုးအပြစ် ရောက်ပါသနည်းဟု မေးသောကြောင့် သက္ကရာဇ် ဖြို့သင့်၍ မဖြို့လျှင် ပြည်ရွာ မငြိမ်မသက်ဘဲ တိုင်းသူပြည်သားတို့ ဒုက္ခရောက်မည်ဟု ဗေဒင်ကျမ်းတို့၌ ပညာရှိတို့ ဆိုကုန်သည်။ သက္ကရာဇ် ဖြို့လျှင်လည်း ထိုနှစ်တွင်ပင် ဘုရင်မင်းတရား နတ်ရွာလားရမြဲ ဖြစ်သည်ဟု မိန့်ဆိုကြလေကုန်သည်။ ထိုအခါ မိုးညှင်းမင်းတရားကြီးသည် သတ္တဝါတို့ ချမ်းသာမည်ကို သိပါလျက် ငါသို့သောမင်းသည် သေဘေးကိုကြောက်၍ သက္ကရာဇ် မဖြို့ချေသော် ကပ္ပါကြေသော်လည်း ဥဒါန်းမကြေနိုင်၊ ပြောစရာ ဖြစ်တော့မည်ဟု နှလုံးသွင်း၍ သက္ကရာဇ် ၈၀၀ ပြည့်တွင် ၇၉၈ ခု ဗသျှူးဆိဒ္ဓြမုနိကိန်းဖြင့် ဖြို့၍ အကြွင်း ၂ ခုသာ တည်ထားလေသည်။ ဖြို့ပုံ အစီအရင်မှာ ကြီးစွာသော မဏ္ဍပ်ကြီးကို တောင်ဘီလူးအရပ်တွင် ဆောက်လျက် မင်းသားမင်းသမီး မင်းဆွေမင်းမျိုး စော်ဘွားစော်ခံ မှူးကြီးမတ်ရာ ဗိုလ်ထက်ဝန်း ရဟန်းပုဏ္ဏား ပရိတ်သတ်တို့ အလယ်ထီးဖြူကနက် အောက်၌ သက္ကရာဇ်ဟောင်းကို ဖြို့၍ သက္ကရာဇ် အသစ်ကို တည်ထားတော်မူသည်။ ကျွဲ နွား စပါးဆန်ရေ စသည် များစွာသော အလှူကြီးကိုလည်း ပေးတော်မူလေသည်။

စကြို ဆရာတော်နှင့် မင်းကျောင်း ဆရာတော်တို့မှာ ပုဂံပြည်ရှင် အရဟံဂိုဏ်းဝင် သိက္ခာရှင်တို့ပေတည်း။ ဤအကြောင်းများကိုမူကား သာသနာနှင့်စပ်ခြင်း တိုင်းပြည်နှင့်စပ်ခြင်းတို့ ဖြစ်သောကြောင့် တရားနှင့် လျော်သောကြောင့် ရေးသား ထည့်သွင်းပြလိုက်သည်။

## ထူပါရုံဒါယကာ နရပတိမင်း

သက္ကရာဇ် ၈၁၄ ခုနှစ် * တွင် ထူပါရုံ ဒါယကာ နရပတိမင်းသည် ရတနာပုရ ရွှေအင်းဝ၌ မင်းဖြစ်တော်မူသည်။ ထူပါရုံစေတီ၏ ဒါယကာ ဖြစ်သောကြောင့် ထူပါရုံ ဒါယကာ နရပတိမင်းဟု တွင်လေသည်။ ထိုမင်း ဆရာတော်ကား မဟာသာမိမထေရ် ဖြစ်လေသည်။ ထိုမထေရ်သည် သီဟိုဠ်ကျွန်းသို့သွား၍ သီဟိုဠ်မင်း၏ဆရာ သာရိပုတြာမထေရ်၏ အထံ၌ ပညာသင်ကြား၍ ပြန်လာခဲ့သော သီဟိုဠ် သာသနာဆက် မထေရ်ပင်တည်း။

## စာတတ်အကျော် မဟာအရိယဝံသ ဆရာတော်

ထိုထူပါရုံ ဒါယကာ နရပတိမင်းကြီး လက်ထက်တွင် အင်းဝမြို့တွင် မဟာအရိယဝံသမည်သော မထေရ်တစ်ပါး ရှိတော်မူသည်။ ထိုအရှင်သည် ပုဂံအရှင်ဆပ္ပဒဂိုဏ်း အနွယ်ပင်တည်း။ ပင်းယမြို့ စကားကျောင်းကပင် ပါဠိအဋ္ဌကထာ ဋီကာကျမ်းများ သင်ကြား၍ မိန်းမကိုယ်ဝန်ဆောင် တစ်ရွက်ခန့်ရှိ ကျမ်းစာတို့ကို နှုတ်တက်အာဂုံရရှိပါလျက် ကျမ်းဂန်တတ်သည်ဆိုသော သဘောကို မသိသေး၍ စစ်ကိုင်းမြို့သို့ ထပ်မံသင်ကြား နည်းယူရန် လာခဲ့လေသည်။ အခါတစ်ပါးတွင် စစ်ကိုင်းမြို့ ပုညရှင်စေတီမြောက်ဘက်တွင် ကျမ်းဂန် အလွန်တတ်သော ရှင်

* သာသနာလင်္ကာရ၌ ၈၄၄ ဆိုသည်။

http://www.dhammadownload.com



ဆရာတော်ဟု ရှိလေသည်။ ထိုဆရာတော်သည် တစ်ပါး သောသူတို့နှင့် မဟုတ်မလျား စကားပြောမိက ငရဲပွား မည်ကို ကြောက်သောကြောင့် ရေကိုငုံ၍ နေလေ့ရှိသော ကြောင့် ရေငုံဆရာတော်ဟု တွင်လေသည်။ အရှင်မဟာ အရိယဝံသသည် ရေငုံဆရာတော်ထံ စာဝါတောင်းမည်ဟု ဆည်းကပ်ရာ ၂ ရက်တိုင်တိုင် စကားမပြောရဘဲ ဝတ် ဖြည့်၍သာ ပြန်ခဲ့ရသည်။ တတိယနေ့တွင်မူကား သားရေ နယ်ကိုခေါက်သည်မှ အသံကြားရ၍ ရေကို ထွေးပြီးလျှင် အကြောင်းကို မေးမြန်း၍ စာဝါတောင်းရန် လာကြောင်းကို အလုံးစုံ လျှောက်လေသည်။ ထိုအခါ ရေငုံဆရာတော်က "ငါ့ရှင်-ငါ့မှာ တစ်နေ့စာ ၃ ဝါ ရှိသည်။ မွန်းတည့်လျှင် ပုညရှင်စေတီကို တံမြက်ဝတ် ကိစ္စရှိ၍ အခွင့်မအားပါ။ သို့သော်လည်း ကျမ်းစာတွေ အများကြီးရပါလျက် ဆရာနည်းမရ၍ ငါ့ထံ ရောက်သည် ဖြစ်သောကြောင့် တံမြက်လှည်းခြင်းဝတ်ကိုဖျက်၍ ကျမ်းစာသင်ရန် အခွင့် ပေးမည်ဆိုပြီးလျှင် အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာမည်သော ဋီကာလက်သန်းကို သင်စေသည်။ အထူးထူး အထွေထွေ နည်းဥပဒေတို့ဖြင့် သင်ပြတော်မူသည်။ ဤသို့ သင်ပြ၍ ၃ ရက်မြောက်သောနေ့တွင် ဆရာထံသို့ မလာတော့ပေ။ ရေငုံ ဆရာတော်သည် မကျန်းမမာ၍လောဟု မေးကြော စေရာ၊ အရိယဝံသထေရ်သည်လည်း ဆရာထံ လာရာ လမ်းတွင် တွေ့ဆုံကြ၍ အဖော် ရဟန်းတို့နှင့်အတူ ဆရာထံ ရောက်လေသည်။ ရေငုံ မထေရ်မြတ်သည် မလာခြင်း၏ အကြောင်းကို မေးရာ- အရှင်ဘုရား တပည့်တော်သည် ဆရာ၏ နယူပဒေသကို ရရှိသဖြင့် ပိဋကတ် ၃ ပုံ အလုံးစုံကို သိမြင်ပါပြီ၊ စာတတ်ဆိုသည်ကို သိပါပြီဟု လျှောက်လေသည်။ ထိုအခါ ဆရာတော်သည် ၂ ရက် နှင့်ပင် ဋီကာကျမ်းကို သိမြင်သည်ကို အံ့သြချီးကျူး လိုသဖြင့် ကျော်ရော့ဟဲ့ ဋီကာဟု ဆိုလိုက်လေသည်။ ထိုအခါမှစ၍ ဓမ္မတ္ထဝိဘာ ဝိနီဋီကာကို **ဋီကာကျော်** ဟု ယနေ့တိုင် အမည်တွင်လေတော့သည်။ ရေငုံ ဆရာ တော်က "ငါ့ရှင် ဤဋီကာကျမ်းကို အမှီပြု၍ စာတတ် အဖြစ်သို့ ရောက်ရပေပြီ။ ထိုဋီကာကျမ်း၏ အဖွင့်ကျမ်း တစ်စောင်ရေး၍ ကျေးဇူးဆပ်ပါဟု မိန့်ဆိုလေသည်။ အရှင်အရိယဝံသသည် ဆရာ၏စကားကို ဦးထိပ်ဝယ် ပန်ဆင်၍ ဋီကာကျော်ကျမ်း၏ အဖွင့် မဏိမဉ္ဇူသာ

မည်သော အနုဋီကာကို စီရင်ရေးသားတော်မူလေ သည်။ ပြီးသမျှကို လပြည့်လကွယ် ရှစ်ရက်သီတင်း နေ့တိုင်း ပုညရှင်စေတီရင်ပြင်တွင် သံဃာအများ စည်း ဝေးဖတ်နာစေသည်။ အပြစ်တွေ့မှု ပြောဆိုကြပါဟု လည်း ဖိတ်မန်တော်မူလေသည်။ ထိုအခိုက် ပုဂံပြည်မှ ဘုရားဖူး ရဟန်းတစ်ပါးသည် ပရိသတ်အစွန်မှ နား ထောင်၍ နေလေရာ ... အေး-အေး ဟု နှစ်ကြိမ် ဆို လိုက်လေသည်။ ထိုဧည့်သည် ရဟန်းဆိုသောနေရာ၊ ၎င်း၏ တည်းခိုရာ နေရပ်ကို မေးယူ မှတ်သားစေသည်။ ကျောင်းသို့ ပြန်ရောက်လျှင် အရိယဝံသဆရာတော် သည် မှတ်ထားသောအရာကို ဆင်ခြင် ပြန်ကြည့်သော အခါ ဝါကျတစ်ခုကို ၂ ခါထပ်၍ ဆိုထားသောကြောင့် ပုနရုတ္တိဒေါသသင့်ပုံ အချက်၊ ဣမံဂန္ထံဟု ပုလ္လိင်နှင့် ဆိုရ မည့်နေရာတွင် ဣဒံ ဂန္ထံဟု နပုလ္လိင်နှင့်ဆို၍ လင်္ဂဝိရောဓိ ဒေါသသင့်သော အချက်တို့ကို တွေ့မြင်လေသည်။ ထို အခါ အေး-အေး ဆိုသော ပုဂ္ဂိုလ်ကို ပင့်ခေါ်ပြီးလျှင် ... "ငါ့ရှင်၊ ဤကျမ်းကို သာမညမပြု၊ ကြီးစွာ လုံ့လ ဝီရိယနှင့် ပြုပါသည်။ ညအခါ လူသံငှက်သံ တိတ်၍ ဆိတ်ငြိမ်မှ ပုရပိုက်ကို ဖွင့်ရေးသည်။ ဤသို့ ခဲယဉ်းစွာ ရေးသားထားသောကျမ်းကို အဘယ်ကြောင့် ငါ့ရှင် အေး-အေး ဟု ဆိုပါသနည်း၊ ဘာအပြစ်ကို ကြား၍ ဤသို့ပြုပါသနည်း" ဟု အရိယဝံသ ဆရာတော်က မေးလေသည်။ ထိုရဟန်းသည်- အရှင် ဘုရား၊ ကြီးစွာ လုံ့လဝီရိယနှင့် ပြုထားသော ကျမ်းမှာ များစွာ အပြစ် ဆိုဖွယ် မရှိပါ။ ယခင်ပြခဲ့သော ပုနရုတ္တိ ဒေါသသင့် သော အချက်နှင့် လိင်္ဂဝိရောဓိ ဒေါသသင့်သော အချက် ဤ ၂ ချက်မျှကို တွေ့မြင်၍ အေး-အေး ဟု ဆိုလိုက် မိပါသည်ဟု လျှောက်လေရာ အရှင်အရိယဝံသ ဆရာ တော်သည် ဝမ်းမြောက်လှသည်ဖြစ်၍ မိမိ ဝတ်ရုံသော ၂ ထပ် သင်္ကန်းကြီးကို ဤသင်္ကန်းကြီးဖြင့် သင်၏ ဉာဏ်ကို ပူဇော်ပါ၏ဆိုပြီး ပေးလှူလိုက်လေသည်။ ထို အကြောင်းကို ဘုရင်မင်းခေါင်ကြားရ၍ တံဆိပ်တော် လှူလေသည်။ အရှင်အရိယဝံသ ဆရာတော်သည် မူလ ဋီကာအဖွင့် မဏိဒီပဋီကာ ကျမ်းကြီးကို လည်းကောင်း၊ ဂန္ထာဘရဏ ကျမ်းကို လည်းကောင်း၊ ဇာတကဝိသော ဓန ကျမ်းကို လည်းကောင်း ပါဠိဘာသာဖြင့် ရေးသား

http://www.dhammadownload.com



တော်မူလေသည်။ အနုဋီကာနိဿယကို မြန်မာဘာသာဖြင့် ရေးသားတော်မူခဲ့လေသည်။

## ရဟန်းတန်ခိုး ဘုရင် မတိုးနိုင်ပုံ

တစ်ရံရောအခါ ဘုရင်မင်းခေါင်သည် ကျောင်းသို့ သွား၍ ဆရာတော်ထံ တရားနာလေသည်။ မထေရ်မြတ်သည် တရားအဆုံးတွင် စစ်ကိုင်းယာဉ်ခွန် (လှည်းခွန်) ကို ချမ်းသာပါစေဟု အလှူခံတော်မူလေသည်။ ဘုရင်မင်းခေါင်သည် မလှူဘဲ ဖောင်တော်ဖြင့် ပြန်သွားလေသည်။ လမ်းခရီးတွင် ရွှေကြက်ယက်နား ရောက်သောအခါ ဖောင်တော် တက်မကို မိကျောင်းခဲ၍ မရွေ့နိုင်အောင် ဖြစ်လေသည်။ ယာဉ်ခွန်ကို အလှူခံသည့်အတိုင်း လှူပြီ၏ဟု ဟစ်အော် ကြွေးကြော် လှူစေသည်မှ ဖောင်တော် တက်မကို မိကျောင်းလွှတ်၍ ချမ်းသာစွာ သွားရလေသည်။ ။

အခါတစ်ပါးတွင် ဘုရင်သည် ကျောင်းတော်သို့ ဆင်ဖြင့် ထွက်တော်မူသည်။ စီးတော် ဆင်မ ယာဉ်သာကို ကျောင်းတော်အနီးတွင် ချည်ထားလေသည်။ ဆင်မ ယာဉ်သာသည် ဇောမိခက်ကိုချိုး၍ စားပြီးလျှင် ဆင်မသည် တုံးလုံးလဲကာနေလေသည်။ ထိုအခါ အရိယဝံသ ဆရာတော်က သစ္စာဆိုကာ မေတ္တာရေစဉ် ဖြန်းတော့မှ ပကတိ ချမ်းသာခွင့် ရလေသည်။ ဘုရင်မင်းခေါင်သည် ဤသို့ အံ့ဖွယ်သူရဲကို မြင်၍ ဆင်မတစ်စီး အဖိုးတန်အောင် ကျောင်းတော်က မြစ်ဆိပ်သို့ သွားသောလမ်းကို ကျောက်ဖျာခင်းစီ၍ လှူတော်မူလေသည်။

ဩော် ... ရှေးက သာသနာပြု ဒါယကာနှင့် သာသနာပြု ဆရာတို့၏ ပြုမူပုံသည် ကြည်ညိုလို့ မဆုံးဖွယ် ရှိလေစွတကား။ လေးကျွန်းမြေအရပ်တွင်နေသော အရှင် သဒ္ဓမ္မကိတ္တိမထေရ်သည်လည်း အရှင်အရိယဝံသထံတွင် စာသင်တတ်မြောက်မှ ဆရာ၏ ညွှန်ပြချက်အရ ဇေတဝန်ကျောင်းသို့ ပြောင်းရွှေ့ကာ စာပေပို့ချနေလေသည်။ ရေငုံ ဆရာတော် အရှင်မဟာအရိယဝံသ အရှင် သဒ္ဓမ္မကိတ္တိတို့ကား ပုဂံရှေ့ သာသနာပြု ရှင်အရဟံ အဆက်အနွယ်၊ နောက်သာသနာပြု အရှင်ဆပ္ပဒ အဆက်အနွယ် သာသနာဝင် ဆရာအစဉ်တို့ ဖြစ်သည်။

## ဒုတိယမင်းခေါင်နှင့် အရှင်မဟာသီလဝံသ၊ အရှင်ရဋ္ဌသာရ ပုဂ္ဂိုလ်ကျော် ၂ ပါး

သက္ကရာဇ် ၈၄၂ ခုနှစ်တွင် ရတနာပုရ ရွှေအင်းဝ၌ပင် သီရိသုဓမ္မရာဇာဓိပတိ မည်သော ဒုတိယမင်းခေါင် ထီးနန်းစိုးပိုင်တော်မူသည်။ ထိုမင်းလက်ထက် သက္ကရာဇ် ၈၄၅ ခုနှစ်တွင် အရှင်မဟာသီလဝံသ မထေရ်သည် ပါရမီခန်းပျို့၊ ဗုဒ္ဓလင်္ကာရပျို့၊ တောင်တွင်းလင်္ကာ ဤပျို့ ၃ စောင်ကို ယူဆောင်၍ ရတနာပုရမြို့သို့ လာလေသည်။ ဘုရင်မင်းခေါင်သည် ထူပါရုံဘုရား အရှေ့မြောက်ယွန်းသော ရတနာဗိမာန်ကျောင်းကို တင်လှူ၍ ကျမ်းဂန်ပို့ချနေစေတော်မူသည်။ ထိုအရှင် မဟာသီလဝံသ ဆရာတော်သည် ရတနာဗိမာန်ကျောင်း၏ ရှစ်ဆက်မြောက်* ဆရာတော် ဖြစ်တော်မူသည်။ ထိုမထေရ်သည် သက္ကရာဇ် ၈၁၅ ခု ဖွားသည်။ အသက် ၃၀ တွင် အင်းဝသို့ ရောက်သည်ဟု ရှေးစာဟောင်းတို့၌ ဆိုသည်။ ထိုမထေရ်မြတ်သည် နေတ္တိပါဠိတော် နိဿယနှင့် ပါရာယန ဝတ္ထု ဤ ၂ ကျမ်းကို ပြုတော်မူသည်။ အင်းဝမြို့၌ပင် အရှင်ရဋ္ဌသာရ မည်သော ဆရာတော်တစ်ပါး ရှိတော်မူသည်။ အရှင်မဟာသီလဝံသနှင့် ဉာဏ်ရေတူပင်တည်း။ သက္ကရာဇ် ၈၃၀ ခု ဖွားသည်။ အရှင်မဟာသီလဝံသအောက် ၁၅ နှစ်ငယ်သည်။ ဘူရိဒတ်ပျို့၊ ဟတ္ထိပါလပျို့၊ သံဝရပျို့တို့နှင့် အခြားသော ပျို့ကဗျာ လင်္ကာကျမ်းတို့ကို ရေးတော်မူသည်။ ထိုအရှင် ၂ ပါးတို့ကို ကဗျာလင်္ကာ ဆရာကြီးတို့ ဖြစ်ကြ၍ သာသနာဝင် ဆရာအစဉ်၌ ရှေးက ဆရာကြီးတို့ မှတ်တမ်း မတင်ဘဲ ဝ–ကွက်ကာ ချန်ထားခဲ့လေကုန်သည်။

## **ပျို့ကဗျာလင်္ကာကို ဘုရားတားမြစ်ပုံ အကြောင်း

ပျို့ကဗျာလင်္ကာကို ဘုရားတားမြစ်တော်မူကြောင်းကား လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဒသဘာတိက မင်းညီနောင်တစ်ကျိပ်တို့အား ဂင်္ဂါ၌ မျောလာ၍

---

* ကျောင်းရိပ်ခိုသည်၊ ပုဂ္ဂိုလ်များနောက်၊ ရှစ်ဆက်မြောက်။ (ကျောက်စာ)

* အသက် ၄၀ ဟု သာသနာလင်္ကာရ ဆိုသည်။

** ဤအခန်းသည် ကျမ်းရင်း၌မပါ၊ သာသနာလင်္ကာရမှ ထုတ်ယူထည့်လိုက်သည်။

http://www.dhammadownload.com



ရသော ပုစွန်လက်မကိုလုပ်သော အာဏိကမည်သော မုရိုးစည်သည် ရှိသတတ်။ ထိုမုရိုးစည်၏ အသံကား ၁၂ ယူဇနာတိုင်အောင် ကြား၏။ ကာလကြာမြင့်၍ ထိုမုရိုးစည် ပေါက်သွားသောအခါ ရွှေမှို ငွေမှို ကြေးမှို သံမှိုတို့ဖြင့် နှက်၍ ဖာထေးကြကုန်၏။ ဖာထေးဖန်များလတ်သော ၁၂ ယူဇနာ ကြားနိုင်သော မုရိုးစည်၏ နဂို စည်ခေါင်းသည် ကွယ်ပျောက်လေ၏။ ထေးဖာသော မှိုတို့သာ ကြွင်းလေရကား ၁၂ ယူဇနာကိုထားဘိ၊ အနီးအပါးမျှ မကြားနိုင်သဖြင့် ထိုမုရိုးစည် ကွယ်ပျောက်သကဲ့သို့ နောင်သောအခါ ဆန်းကြယ်သော အက္ခရာရှိသော ကဗျာသည်တို့ ဖွဲ့စီအပ်သော ဂီတ စကားကိုသာ သင်ကြားကုန်၍ အလွန်နက်နဲ ခက်ခဲ သိမ်မွေ့လှစွာသော လောကုတ္တရာ အကျိုးကို ပြီးစေနိုင်သော ဘုရားဟော ပရိယတ္တိ ကျမ်းဂန်တို့ ကွယ်လေကုန်လတ္တံ့။ ထို့ကြောင့် ဆန်းကြယ်သော အက္ခရာရှိသော ကဗျာသည်တို့ ဖွဲ့စီအပ်သော ဂီတ စကားတို့ကို မသင်ကြားကုန်ဘဲ ဘုရားဟော ပရိယတ္တိ ကျမ်းဂန်တို့ကိုသာ သင်ကြားကုန်အံ့ ဟူ၍ သင်တို့ နှလုံးသွင်းရမည်ဟု သဋ္ဌာယတနာသံယုတ် အာဏိကသုတ်၌ မြတ်စွာဘုရား ဟောတော်မူလေသည်။ ထိုသုတ်ပါဌ် အနက်အလုံးစုံကို အမရပုရမြို့တည်နန်းတည် ဆင်ဖြူများရှင် မင်းတရားကြီး လက်ထက်တော်က နိုင်ငံတော်တွင်းရှိ ရဟန်းသံဃာတို့အား အမိန့်အာဏာစက်ဖြင့် ဝါစုဂ္ဂတ နှုတ်တက်ရအောင် ရွက်ဆောင်ကြရသည်။ ၎င်းမင်းတရားကြီးသည် အိမ်ရှေ့မင်း ဥပရာဇာကို ကျွန်းငယ် ၄၄ ကျွန်းနှင့် ရခိုင် ၄ ရပ်ကို သိမ်းစေတော်မူသောအခါ စာပေ ပိဋကတ်တို့ကို မပျက်မစီးစေဘဲ လုံခြုံစွာ ဆောင်ယူစေခဲ့ဟု အမိန့်တော်မှတ်၍ ရှိသမျှ စာပေတို့ကို အကုန်အစင် ယူစေခဲ့သည်။ သြော် ... ဤသို့ ပိဋကတ်စာပေကို အားပေးသော သာသနာ့ဒါယကာ၏ သဒ္ဓါတရားသည် ချီးကျူးဖွယ်ကောင်းလေစွတကား-

## ရှင်သဒ္ဓမ္မကိတ္တိနှင့် မဟာသူတော်ကြီး အကြောင်း

သက္ကရာဇ် ၈၃၆ ခုနှစ်တွင် ရတနာပူရမြို့၌ပင်လျှင် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ မင်း ဖြစ်တော်မူသည်။ သိရိတြိဘဝနာဒိတျနရပတိ ပဝရမဟာ ဓမ္မရာဇာဓိရာဇာ ဘွဲ့တံဆိပ်နာမံ ခံတော်မူသည်။ ထိုမင်း လက်ထက်တွင် ရှင်တိသာသနဓဇထေရ်သည် အရှင်သဒ္ဓမ္မကိတ္တိထံ၌ စာပေကျမ်းဂန် သင်၍နေသည်။ ထိုအခါ ပုဂံပြည်မှ မဟာထေရ်မြတ်တစ်ပါးသည် အင်းဝမြို့တွင် စာချမည် ရည်စူး၍ ရောက်လာလေသည်။ အရှင်သဒ္ဓမ္မကိတ္တိ စာပေပို့ချနေစဉ် ကျောင်းအောက်က နားထောင်ပြီးလျှင် ... သြော် ... ငါသည် ဤအရှင့်ထံ၌ပင် စာသင်သား ရဟန်း ငယ်ပြုလျက် စာသင်နေဦးမည်ဟု ကြံစည်မိလေသည်။ ထိုနောက် သဒ္ဓမ္မကိတ္တိထံဝင်၍ စာပေပို့ချရန် အခွင့်တောင်းလေသည်။ အသက်သိက္ခာကို မေးမြန်းရာ အရှင်သဒ္ဓမ္မကိတ္တိထက်ပင် ကြီးနေလေသည်။ သို့သော်လည်း မထေရ်ကြီးသည် ငါအသက်ကြီးပေမဲ့ အရှင်ထက် ငယ်သောနေရာကနေ၍ ပညာသင်ယူပါရစေဟု ပြောပြီးလျှင် စာပေကို ကျမ်းရိုးဂန်ရိုး အထွက်အတက် စုဒ်စောဒနာ အခြေအတင် အကုန်ပြောဆို၍ သင်ယူလေသည်။ အရှင်သဒ္ဓမ္မကိတ္တိသည် ထိုမထေရ်ကြီးကို အလွန် ကြည်ညိုလေးမြတ်၍ မဟာ သူတော်ကောင်းကြီးဟု ခေါ်ဝေါ်လေသည်။ ထိုအခါ တပျက်သာမြို့ကလာသော ၁၈ နှစ်အရွယ် သာမဏေ ရှင်တိသာသနဓဇလည်း စာပေအရအမိ ရှိလှ၍ အရှင်သဒ္ဓမ္မကိတ္တိ လေးမြတ်ချီးမြှင့်၍ အတူတကွပင် ရှိနေလေသည်။ ။

## ရှမ်းသိုဟန်ဘွား သာသနာဖျက်ပုံ

၎င်းနောက် သက္ကရာဇ် ၈၈၅ ခုနှစ်မှစ၍ သက္ကရာဇ် ၈၈၈ ခုတိုင်အောင် အင်းဝပြည်ကြီးသည် မသာမယာ ဖြစ်၍နေလေသည်။ ထိုအခါ (ဂငယ်သုံးခု-ဥသျှစ်ထု) ကိန်းသို့ ကျရောက်နေသဖြင့် မိုးညှင်းဇလုံသား ရှမ်းသိုဟန်ဘွားသည် အင်းဝပြည်ကို လက်ရသိမ်းယူလေသည်။ ထိုနောက် ရှမ်းဘုရင်သည် အင်း ... ရဟန်းတို့သည် သားမယား မရှိဘဲ တပည့်တွေကို မွေး၍ အခြေအရံ ဆည်းပူးကြကုန်သည်။ အခြေအရံတွေထဲက လူစွမ်းကောင်းတွေ ရွေးချယ်၍ သူပုန်ထ၍ မင်းလုပ်မည်ဆိုလျှင် လုပ်နိုင်စရာ ရှိပေသည်။ သို့အတွက် ရဟန်းတို့ကို ဖမ်း၍ သတ်မှ သင့်တော်မည်ဟု ကြံစည်လေသည်။ ဤသို့ ကြံစည်ပြီးလျှင် တောင်ဘီလူး လယ်ပြင် တံတားဦးအရပ်၌ မဏ္ဍပ် အဆောင်ဆောင် ဆောက်စေပြီးလျှင် ဆွမ်းကျွေး

http://www.dhammadownload.com



မည် ပုံဟာန်နှင့် နွား ကျွဲ ကြက် ဝက် တို့ကို သတ်စေ၍ စစ်ကိုင်းပင်းယ အင်းဝတွင် ရှိကုန်သော ဆရာတော် သံဃာတော်တို့ကို တပည့်နောက်ပါနှင့်တကွ ပင့်၍ မဏ္ဍပ်တွင်းမှာ နေစေပြီးလျှင် ဆင်မြင်းဗိုလ်ပါ စစ်တပ် ဝန်းရံ၍ သတ်စေသည်။ ထိုအခါ ၃၀၀၀ မျှသော ရဟန်းတို့ သေကြရလေကုန်သည်။* ရဟန်းတို့ကို သတ်ပြီးလျှင် ကျမ်းဂန်စာပေတို့ကို မီးတိုက်ပစ်စေသည်။ စေတီတော်တို့ကိုလည်း ဖရိုဖရဲဖြစ်အောင် ဖြိုခွဲပစ်စေသည်။ သြော် ... လူမိုက်တို့ မကောင်းမှုကံသည် ကြောက်ဖွယ်လန့်ဖွယ် ကောင်းလေစွတကား။

ဘုရားရှင် သာသနာသည် မင်းကိုမှီ၍ တည်လေသည်။ မိစ္ဆာဒိဋ္ဌိမင်းတို့သည် သာသနာကို ဖျက်ဆီးကြကုန်၏။ သမ္မာဒိဋ္ဌိ မင်းတို့သည်သာလျှင် သာသနာကို ချီးမြှောက်ကြလေကုန်သည်။ ထိုသို့ ချီးမြှောက်မှသာလျှင် ကောင်းကင်ဝယ် နေမင်းသည် ထွန်းလင်းသကဲ့သို့ သာသနာတော် ထွန်းလင်းနိုင်လေသတည်း။ သက္ကရာဇ် ၉၀၁ ခုနှစ်တွင် ကောင်းကင်၌ ကြယ်တံခွန်များ ထန်းတစ်ဖျားခန့် ပြကြသည်။ ရွှေစည်းခုံစေတီရှိ ဘုရားဆင်းတု တစ်ဆူလည်း မျက်ရည်တော်ယိုသည်ဟု ရာဇဝင်တွင် ဆိုလေ သည်။ အရှင်သဒ္ဓမ္မကိတ္တိ မထေရ်သည် မဟာသူတော်ကောင်းကြီးနှင့် အတူတကွ တောင်ငူမြို့သို့ ထွက်ပြေးတော်မူရသည်။ အရှင်မဟာရဋ္ဌသာရလည်း ပြည်သို့ ပြန်ကြွကြောင်းကို ရှေးဟောင်း စာတမ်းတို့၌ ဆိုလေသည်။ ထိုစကားသည် ပြည်ဘုရင် သတိုးမင်းစောက ၈၅၅ ခုနှစ်တွင် ပြည်သို့ ပင့်ဆောင်သည်ဆိုသော ရာဇဝင်စကားနှင့် မညီညွတ်ချေ။ သဒ္ဓမ္မကိတ္တိ မထေရ်မြတ်သည် တောင်ငူမြို့တွင်ပင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ နောက်မကြာမီ မဟာသူတော်ကောင်းကြီးလည်း တောင်ငူ၌ပင်လျှင် ဘဝနတ်ထံ စံလွန်တော်မူလေသည်။

## ရှင်တိသာသနဓဇ

ရှင်တိသာသနဓဇ မထေရ်သည် သက္ကရာဇ် ၉၁၂ ခုနှစ် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး မင်းဖြစ်သောအခါ တောင်ငူမြို့မှ ဟံသာဝတီသို့ ရောက်လာလေသည်။ ၎င်းနောက် အသက် ၄၃ နှစ်ရှိမှ သက္ကရာဇ် ၉၁၃ ခုနှစ် မိုးဗြဲနရပတိမင်း လက်ထက် စစ်ကိုင်းမြို့သို့ ရောက်ပြန်၍ ဇေတဝန်ကျောင်းအနီး စကားဥမင်လိုဏ်တွင် သီတင်းသုံးနေသည်။ မဟာအရိယဝံသဂိုဏ်းဝင် ဇေတဝန် ဆရာတော်ထံ ဆည်းကပ်နေလေသည်။ ထိုအခါ ဇေတဝန် ဆရာတော် မကျန်းမမာ ဖြစ်နေ၍ ငါ သေခဲ့လျှင် ငါ့နေရာကို ဟံသာဝတီ ရှင်တိသာသနဓဇကို အပ်နှံမည်ဟု ကြံစည်လေသည်။ ထိုသို့ ကြံစည်နေဆဲတွင် ရှင်တိသာသနဓဇအား ပုရိမညဉ့်ဦးယံတွင် လူသေကောင်ကို မြင်မက်သည်။ သန်းခေါင်ယံတွင် လူသေကောင်ကို ဥမင်တွင်းသို့ သွင်းရပုံ မက်သည်။ မိုးသောက်ယံတွင် လူသားကို ဓားနှင့်လှီး၍ စားရပုံ မက်လေသည်။ ထိုအိပ်မက်ကို အနီးတွင် အိပ်နေသော သာမဏေအား နှိုး၍ ပြောကာ နေလေသည်။ ဤသို့ ပြောဆိုပြီးလျှင် ပရိတ်မေတ္တာကို ပွားများ၍နေခိုက်တွင် ဇေတဝန် ဆရာတော်က အခေါ်လွှတ်၍ လိုက်ပါသွားပြီးလျှင် ဇေတဝန်ကျောင်းတော်ကို အပ်နှံခြင်းခံရလေသည်။ ရှင်တိသာသနဓဇလည်း ဇေတဝန်ကျောင်းကို အုပ်ချုပ်၍ စာပေကျမ်းဂန် ပို့ချနေလေသည်။ မိုးဗြဲနရပတိမင်းကလည်း ကိုးကွယ်ချီးမြှင့်တော်မူလေသည်။ ၎င်းနောက် သက္ကရာဇ် ၉၁၅ ခုနှစ်တွင် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားသည် အင်းဝကို အောင်မြင်တော်မူ၍ ကျောင်းတစ်ဆောင် ဆောက်လုပ်၍ လှူတော်မူသည်။ တိသာသနဓဇ ဟူသော တံဆိပ်ကိုလည်း လှူတော်မူသည်။ ထိုတိသာသနဓဇ ဆရာတော်သည် ပုဂံ အရှင်အရဟံဂိုဏ်းဝင် သံဃာဖြစ်တော်မူလေသည်။ ထိုဆရာ၏ တပည့်တို့သည်ကား အရာမက များလှစွာကုန်၏။ လဗ္ဗီသူမွန်တို့သာ ဖြစ်ကြကုန်သည်။ တပည့်အပေါင်းတို့တွင် ဝရဇာဟု ဆရာတော်တစ်ပါး, မြေဒူးမြို့ ဆရာတော်တစ်ပါး, တိုင်းကြီးရွာသား ညီနောင် ၃ ပါး ဤ ၅ ပါးတို့သည် ထူးချွန်၍ ကျမ်းတတ်အကျော် ဖြစ်တော်မူကြသည်။ ရှင်တိသာသနဓဇ ဆရာတော်သည် အသက်အရွယ် ကြီးသောအခါ အာနာပါန ကမ္မဋ္ဌာန်းကို ယူ၍ တောသို့ဝင်ပြီးလျှင် ဆိပ်ငြိမ်ရာတွင် နေတော်မူသည်။ ထိုအခါက ဇေတဝန် ဂိုဏ်းသားတို့သည် ပုဂံအရှင်အရဟံ ဂိုဏ်းဝင်တို့ ဖြစ်ကြ

---

* ကျမ်းတတ်ဆရာတော် ၃၀ ကျော်၊ ရဟန်း ၃၆၀ ကျော် သေသည်။ အားလုံးသေသမျှမှာ ၁၃၀၀ ကျော် သေသည်။ ။ သာသနာလင်္ကာရ။

http://www.dhammadownload.com



လေကုန်သည်။ နောင်သောအခါ ၎င်းတို့၏ တပည့် အဆက်ဆက်တို့တွင် အချို့သော ရဟန်းတို့သည် ဦးထုပ်ဒေါက်ရှာဆောင်းခြင်း၊ အဆင်းအမျိုးမျိုးရှိသော ထန်းရွက်ယပ်တောင် ကိုင်ဆောင်ခြင်းကို ပြု၍ အကျင့် ဖောက်ပြန်နေကြလေကုန်သည်။

## ရှင်တိသာသန အဆက်များ

သက္ကရာဇ် ၁၀၀၁ ခုနှစ်တွင် သာလွန်မင်းတရားကြီးသည် ရှင်တိသာသနဓဇ၏တပည့် ရှင်ဝရဇာဟုမထေရ်၊ ၎င်း၏တပည့် ရှင်မဟာရတနာကရအား ကျောင်းဆောက်၍ လှူတော်မူသည်။ ထိုမဟာရတနာကရ မထေရ်သည် သာလွန်မင်းကြီး၏ သီရိသုဓမ္မမဟာရာဇာဓိပတိဟူသော တံဆိပ်နာမံတော်ကို ဆန်းအလင်္ကာ သဒ္ဒါနေတ္တိ နည်းဖြင့် တန်ဆာဆင်၍ အထူးထူး အပြားပြား နည်းဖြင့် ဖွင့်၍ပြသော ရာဇိန္ဒ–ရာဇနာမာဘိဓေယျဒီပနီကျမ်းကို ပြုစုစီရင်သည်။ ထိုကျမ်းတွင် ပြင်ဆင်ရန်ရှိသည်များကို သာလွန်မင်းတရားကြီးက လျှောက်ထား၍ တောင်ဖီလာ ဆရာတော် ပြင်ဆင်တော်မူရသည်။ ရှင်တိသာသနဓဇ မထေရ်၏ တပည့်တို့တွင် တိုင်းကြီးသား ညီနောင် ၃ ပါးအနက် အကြီး မထေရ်သည် ဥမင်သုံးဆယ်တွင် စာပေပို့ချ၍နေလေသည်။ သတိုးမင်းစောကလည်း ထိုမထေရ်တို့ကို အလွန်ကြည်ညိုတော်မူသည်။ ညောင်ရမ်းမင်း လက်ထက်တွင်လည်း ဘထွေးတော် သတိုးမင်းစောသည် ကျောင်းတစ်ဆောင်ဆောက်၍ တင်လှူတော်မူသည်။ သာလွန်မင်းတရားကြီး လက်ထက်၌လည်း မင်းဝံတောင်တွင် ကျောင်းဆောက်၍ တင်လှူတော်မူသည်။ ညီတော်အလတ် မထေရ်သည်လည်း ရှင်တိသာသနဓဇ၏ နောင်တော်၏ ကျောင်းတော်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ပင် စာပေပို့ချ၍နေလေသည်။ ညီတော်အထွေးလည်း လောကမုန်ကင်းကျောင်းတွင်နေ၍ ကျမ်းဂန်စာပေပို့ချသည်။ ဤနေရာ၌ တိသာသနဓဇမထေရ်သည် လဒ္ဓိ–အလဒ္ဓိ ဟူ၍ ၂ ပါး ရှိလေသည်။ ယခုပြဆိုပြီးသော မထေရ်မှာ သူတော်ကောင်း ဖြစ်တော်မူသည်။ အလဒ္ဓိ ရှင်တိသာသနဓဇ အကြောင်းကိုမူကား အကျိုးမထူးသဖြင့် မရေးတော့ပြီ။ ညောင်ရမ်းမင်းလက်ထက်တွင်လည်း ရွှေဥမင်ကျောင်း ဝိနည်းမိုရ်ဆရာ, မဟာမြတ်မုနိအနီး လက်ယာဘိနန်းသူကျောင်းဆရာ, လေးထပ်ကြီးကျောင်း တူးရွှင်းခြေဆရာ, တောင်ဘီလူးဆရာ, ဤဆရာတော်တို့သည် တိသာသနဓဇ မထေရ်၏ သဒ္ဒိဝိဟာရက အတူနေ တပည့်ကြီးတို့ ဖြစ်ကြကုန်သည်။ လဒ္ဓိဂိုဏ်းဝင် သူတော်ကောင်း အရှင်တို့ပေတည်း။

## ညောင်ရမ်းမင်းလက်ထက် သာသနာဝင်

သက္ကရာဇ် ၉၆၁ ခုနှစ် တပေါင်းလဆန်း ၂ ရက် သောကြာနေ့တွင် ရတနာပုရ အင်းဝမြို့ကြီးကို ၂ ကြိမ်မြောက် ဖန်ဆင်း၍ ညောင်ရမ်းမင်းတရား မင်းပြုတော်မူသည်။ သီဟသူရဓမ္မရာဇာ တံဆိပ်နာမံ ခံတော်မူသည်။ တောင်ဘီလူး ဆရာတော်ကို ရည်မှန်း၍ လေးထပ်ကျောင်းကြီး ဆောက်လုပ်တော်မူသည်။ မဟာမြတ်မုနိ စေတီ ၄ ဆူကိုလည်း တည်တော်မူသည်။ ပန္နက်ချ၍ စသောအခါ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရွှေကြိုးဖြင့် မျဉ်းချ၍ ပတ္တမြားလုံးရေ ၁၀၀ ရှိသော ရွှေတူးရွင်းကို ကိုင်တော်မူ၍ ကိုယ်တိုင် စတော်မူသည်။ ညောင်ရမ်းမင်းသည် ကျောင်းလည်းမပြီး၊ စေတီလည်း ထီးမတင်မီ သိန္နီမြို့သို့ သူပုန်ရန်ကို နှိမ်နင်းရန် ချီတော်မူရသည်။ ရန်ကိုအောင်မြင်၍ လမ်းခရီးတွင်ပင် အနိစ္စသဘောကို မလွန်နိုင်ရကား နတ်ရွာစံတော်မူလေသည်။ ဩော် ... ပျက်ရန် ဖြစ်လာသော သင်္ခါရတရားသည် အံ့ဩဖွယ်ကောင်းလေစွာတကား။

ဥပမာအားဖြင့် ခရီးသွား ကုန်သည်တို့၏ မှတ်စရာ အိမ်မြှောင် (တောင်မြှောက်) သည် ထိုထိုအရပ်ကို ဘယ်လိုပင် လည်ပတ်သော်လည်း မြောက်ဘက်သို့သာ ခေါင်းလှည့်သကဲ့သို့၊ ထိုနည်းတူစွာ လောက၌ သတ္တဝါအပေါင်းတို့ ပဋိသန္ဓေနှင့် စုတိတို့၏ အကြား၌ ဘယ်လိုအဖြစ်မျိုးပင် ဖြစ်ရစေကာမူ နောက်ဆုံး၌ ခန္ဓာကိုယ်ကိုပစ်ချ၍ ထားခဲ့ရလေကုန်သတည်း။

## သားတော်ကြီး ဥပရာဇာလက်ထက် သာသနာဝင်

သက္ကရာဇ် ၉၆၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်တွင် ညောင်ရမ်းမင်း၏ သားတော်ကြီး မဟာဥပရာဇာ မင်းဖြစ်တော်မူသည်။ မဟာဓမ္မရာဇာနာမံ ခံတော်မူသည်။ ခမည်းတော်၏ ကောင်းမှုတော်ဘုရားများ မပြီး

http://www.dhammadownload.com



သည်ကို ထပ်မံပြုတော်မူသည်။ သက္ကရာဇ် ၉၆၈ ခု၊ နယုန်လတွင် ရွှေထီးတင်တော်မူသည်။ တံတိုင်း ၂ ထပ် ကျောင်းရံ ၄၀ နှင့်တကွသော လေးထပ်ကျောင်းကြီးကို လည်း ပြီးအောင် ဆောက်လုပ်တော်မူပြီးလျှင် ရည်မှန်း ထားသော တောင်ဘီလူးဆရာတော် ပျံလွန်တော်မူသော ကြောင့် တူးရှင်းခြေတောင်တောရနေသော လေးထပ် ဆရာတော် တင်လှူအံ့ဟု ပင့်တော်မူသည်။ ဆရာတော် သည် ၂ ကြိမ် ပင့်သော်လည်း ကြွလာတော်မမူ။ ၃ ကြိမ် ပင့်သောအခါ တပည့်များက ကြွတော်မူသင့်ပါသည်။ ဘုရင်က ပင့်သည်ကို ငြင်းပယ်ရန်မသင့်ပါဟု အတန် တန် လျှောက်ရလေသည်။ ထိုအခါ ဆရာတော်က တိုင်း ပြည်ကို နှိပ်စက်ယူထားသော ရဋ္ဌပိဏ္ဍန ဆွမ်းကို ငါ မစားလို၍ ပယ်နေသည်။ သံဃာတို့က အလိုရှိကြမူ လိုက်တော့မည်ဟု ဝန်ခံပြီးလျှင် နန်းတော်သို့ ကြွတော် မူလေသည်။ နန်းတော်ရောက်လျှင် ဘုရင်နှင့် အာလာပ သလ္လာပ စကားပြောပြီးလျှင် ကျောင်းတော်အပ်သည်ကို တောရပုဂ္ဂိုလ်တို့နှင့် မသင့်တော်ဟု အထပ်ထပ် ပယ် တော်မူလေသည်။ ထိုအခါ ဘုရင်က အရှင် လက်မခံ လျှင် သင့်တော်သူကို ညွှန်ကြားပါဟု လျှောက်ထား သဖြင့် တူးရှင်းခြေကျောင်းနေ ရှင်မဟာရာမသည် ကျမ်း ဂန်စာပေ တတ်မြောက်သည်၊ သိက္ခာကို မြတ်နိုးသည်၊ ညွှန်တော်မူ၍ ပြန်ကြွတော်မူလေသည်။ ဘုရင်မင်းမြတ် သည် ထိုရှင်မဟာရာမအား လေးထပ်ကျောင်းတော်ကို တင်လှူတော်မူသည်။ မဟာသံဃနာထ ဟူသော တံဆိပ် တော်ကိုလည်း ကပ်လှူတော်မူသည်။ ထိုဆရာတော် သည် ပရိယတ္တိပို့ချ၍ သာသနာပြုတော်မူသည်။ ကျောင်းရံ ၄၀ တွင် အရှေ့မြောက်ထောင့်ကျောင်းနေ ဝရာဘိသံဃ နာထ ပုဂ္ဂိုလ်သည် မဏိကုဏ္ဍလ ဝတ္ထုကို စီရင်သည်။ အနောက်တောင်ထောင့်ကျောင်းနေ မထေရ်သည် သတ္တ ရာဇဓမ္မဝတ္ထုကို စီရင်သည်။

## အကျော်ဆရာတော် နှစ်ပါး

ထိုရေအခါ ဟံသာဝတီ ငါးဆူဒါယကာ တောင်ငူ ရောက် မင်းတရားက နှင်ထုတ်လိုက်သော ဘားမဲ့အကျော် အာစာရအကျော် ဆရာတော်နှစ်ပါး လောကဓမ္မတို့၌ လိမ္မာတော်မူသောကြောင့် ကျောင်း ၂ ဆောင် ဆောက် လုပ်၍ ကိုးကွယ်တော်မူသည်။ ထိုဘုန်းကြီးနှစ်ပါးတို့ သည် ဗေဒင်ကျမ်း အင်းအိုင်လက်ဖွဲ့ မန္တာန်အတတ်ကို သာ လေ့လာတတ်ကျွမ်းကြကုန်၏။ ပိဋကတ်ကျမ်းဂန် ကိုမူ ကောင်းစွာ မတတ်ကြကုန်။ ရာမညတိုင်း တလိုင်း မျိုးနွယ်မှ ပေါက်ပွားလာကုန်သော မွန်ဘုန်းကြီးတို့ ဖြစ် လေသည်။ ထိုဘုန်းကြီးတို့ကို ပိဋကတ်ဝင် မဟုတ်သော ကြောင့် ရှေးဆရာကြီးတို့က ဆရာအစဉ် သာသနာဝင်၌ မထည့်ခဲ့ကြလေကုန်။

ထိုသားတော်ကြီး မဟာဥပရာဇာ မင်းတရားသည် သက္ကရာဇ် ၉၇၃ နှစ်တွင် မဟာမုနိစေတီ၏ အရှေ့ မျက်နှာ၌ ကျောင်းတော်ကြီး ၄ ကျောင်း ဆောက်လုပ်၍ ဆရာတော် ၄ ပါးကို တင်လှူပြီးလျှင် ပစ္စည်း ၄ ပါးဖြင့် ထောက်ပင့်တော်မူသည်။ ထိုဆရာတော်မြတ်တို့သည် လည်း ထိုကျောင်းတော်တို့တွင် သီတင်းသုံး၍ သာသနာ ကို ချီးမြှောက်တော်မူကြကုန်သည်။

## တောင်ဖီလာ ဆရာတော်အကြောင်း

ထိုအခါ ရှေ့အထက်အခါ ဒုတိယမင်းခေါင် လက် ထက်က ထင်ရှားခဲ့သော ပရိယတ္တိ ကျွမ်းကျင်လိမ္မာ၍ ဆပ္ပဒဂိုဏ်းဝင် ဖြစ်ခဲ့သော ဆီးတောဆရာတော်သည် အသက်ရှည်သမျှ ဘုရားသာသနာတော်ကို ချီးမြှောက် ခဲ့ပြီးလျှင် ဒုတိယဘဝ၌ စလင်းမြို့ အသည်ကြီး မိန်းမ၏ ဝမ်းတွင် ပဋိသန္ဓေ နေ၍ သက္ကရာဇ် ၉၄၀ ပြည့်၊ ဗုဒ္ဓဟူး နေ့တွင် ဖွားမြင်၍ ၁၃ နှစ် အရွယ်တွင် သာမဏေပြုကာ ပရိယတ်ကို အားထုတ်နေလေသည်။ သရေခေတ္တရာ ပြည်ရှင် ဘုရင်က ပင့်၍ ပြည်မြို့သို့ ရောက်သောအခါ သာမဏေကျော်ဟု ထင်ရှားပြီးလျှင် ၉၅၄ ခုနှစ်တွင် ဝေဿန္တရာ ဇာတ်တော်ကို ကဗျာကလာ်ဖြင့် စီကုံးတော် မူသည်။ အသက် ၂၀ ပြည့်သောအခါ ပြည်မြို့၌ပင်လျှင် ရန်နိုင်မှူးမင်းက ရဟန်းခံသည်။ အင်းဝမြို့အနောက် ဘက်လွန်မင်းတရားကြီး ပြည်မြို့ကို တိုက်ဖျက်၍ အောင် မြင်သောအခါ ၎င်းမထေရ်ကို အင်းဝသို့ပင့်၍ ကိုးကွယ် တော်မူသည်။ မင်းကြီး၏ ညီတော် စလင်းမြို့စား မင်းရဲ ကျော်စွာက နောင်တော်ဘုရင်ထံ ခွင့်ပန်၍ ဇရာဝတီ မြစ်ကမ်းတွင် ၄ ထပ်ကျောင်းကြီး ဆောက်လုပ်၍ မထေရ် မြတ်ကို လှူတော်မူသည်။ ဘုရင်မင်းမြတ်ကလည်း တိပိ ဋကာလင်္ကာရ ဟူသော ဘွဲ့တံဆိပ်ကို လှူတော်မူသည်။

http://www.dhammadownload.com



သက္ကရာဇ် ၁၀၀၀ ပြည့်၊ တပေါင်းလပြည့်နေ့တွင် သက်တော် ၆၀ ပြည့်၍ တောင်ဖီလာတောသို့ ဝင်တော်မူသည်။ ၁၀၀၂ ခုနှစ်တွင် ဘုရင်မင်းတရားက ကျောင်းဆောက်လှူတော်မူသည်။ ထိုတိပိဋကာလင်္ကာရခေါ် တောင်ဖီလာ ဆရာတော်ဘုရားကြီးသည်ကား ပြည်မြို့ နဝင်းရှောင် သီဟိုဠ်ပြန် အတုလဝံသ ဆရာတော်၏ အနွယ်တော် ဖြစ်လေသည်။ ပြည်မြို့ နဝင်းရှောင် ရွှေကျောင်းတွင် နေကတည်းကပင် ပြည်ပဌင်းကျော်ဟု ထင်ပေါ်ပျံ့နှံ့လျက် ရှိလေသည်။ စစ်ကိုင်းမြို့ ဇေရာဝတီ မြစ်ကမ်းတွင် ဆောက်သော ၄ ထပ်ကျောင်းတွင် နေစဉ်ကပင်လျှင် အဋ္ဌသာလိနီ အဋ္ဌကထာ ကျမ်းဦးဂါထာ ၂၀ ၏ အဖွင့် ပိဋကတ်ဂါထာ ဝဏ္ဏနာကျမ်းကို စီရင်သည်။ မင်းရဲကျော်စွာ မည်သော ညီတော်မင်း၏ တောင်းပန်ခြင်းကို အစွဲပြု၍ ယသဝဍ္ဎန ဝတ္ထုကျမ်းကို စီရင်သည်။ တောင်ဖီလာတောကျောင်း၌ နေတော်မူမှ ဝိနယာလင်္ကာရ ဋီကာကျမ်းကို စီရင်တော်မူသည်။* သာလွန်မင်းတရား မေးသမျှကို ဖြေဆိုတော်မူသော အမေးတော်ပုံကျမ်းသည်လည်း ယခုတိုင် ထင်ရှားလျက် နေလေသည်။

အနောက်ဘက်လွန်မင်းတရား ပြည်မြို့မှပင့်၍ အင်းဝသို့ရောက်လျှင် မဟာမြတ်မုနိအာရမ် သုဓမ္မာဇရပ်၌ နေတော်မူစေသည်။ ထိုအခါက လေးထပ်ကျောင်း မဟာသံဃနာထ ဆရာတော်ကို သံဃဦးကိုင် သာသနာပိုင် ခန့်တော်မူသည်။ ထိုသာသနာပိုင် ဆရာတော်ကြီးသည်ကား ပရိယတ္တိကျမ်းဂန်၌ အလွန်ကျွမ်းကျင် လိမ္မာတော်မူသည်။ ထိုစဉ်အခါက ရတနာပုရ အင်းဝနေပြည်တော်တွင် တောင်ဖီလာ ပုဂ္ဂိုလ်ကျော်နှင့် အရွယ်တူ ဉာဏ်ရည်တူ ဖြစ်သော အရှင် အရိယာလင်္ကာရခေါ် အင်းဝပဌင်းကျော်ဟု တစ်ပါးရှိတော်မူသည်။ တိပိဋကာလင်္ကာရ တောင်ဖီလာ ပုဂ္ဂိုလ်ကျော်သည် ကျမ်းဂန်ဗဟုသုတ၌ လွန်ကဲ တတ်မြောက်သည်။ အင်းဝပဌင်းကျော်က ဓာတ်ပစ္စည်း ဝေဖန်ရာ၌ လွန်ကဲတတ်မြောက်သည်။* သိက္ခာဝါလည်း ၇ ဝါစီသာ ရကြသည်။ သာလွန်မင်းတရားကြီး၏ လက်ထက်သို့ ကျရောက်သောအခါ ထိုအကျော် ၂ ပါး လုံးပင် မင်းဆရာဖြစ်၍ သာသနာပြုတော်မူကြကုန်သည်။

* သာသနာလင်္ကာရကျမ်းအဆို။

ထို ၂ ပါးတို့တွင် အင်းဝပဌင်းကျော် ဆရာတော်သည် ဘုရင့်ကျောင်းတော် မပြီးမီပင် ဘဝနတ်ထံ စံတော်မူ၍ ၎င်း၏ သဒ္ဓိဝိဟာရိကတပည့် စာတတ်ပုဂ္ဂိုလ်တစ်ဦးကို အရိယာလင်္ကာရဟူ၍ပင် ဘွဲ့တံဆိပ် ကပ်လှူ၍ ရာဇမဏိစူဠာ ကောင်းမှုတော်ကြီးအနီး ဒက္ခိဏာဝန်ကျောင်းတော်ကို ဆောက်လုပ်လှူတော်မူသည်။

## သာလွန်မင်းတရားကြီး

သာလွန်မင်းတရားကြီးသည် သာသနာတော်၌ ကျေးဇူးအလွန်များတော်မူသည်။ ထိုသာလွန်မင်းတရားကြီးသည် သက္ကရာဇ် ၉၉၆ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်သည်။ မင်း ဖြစ်သော်လည်း သီရိမဟာသောက မင်းကြီးကဲ့သို့ ၄ နှစ်ပတ်လုံး အဘိသိက်ကို မခံဘဲနေပြီးမှ ဒုတိယ အဘိသိက် ခံတော်မူ၍ သီရိသုဓမ္မရာဇာ မဟာဓိပတိ တံဆိပ်နာမံ ခံတော်မူသည်။ တစ်ရံရောအခါ သာလွန်မင်းတရားကြီးသည် ဟံသာဝတီပြည်ကြီး၌ ခေတ္တ စံနေတော်မူစဉ် မွန်မျိုးမတ် ရဟန်းရှင်လူတို့က မြန်မာ ရဟန်းများသည် ပရိယတ္တိသာလျှင် ကျွမ်းကျင် လိမ္မာကုန်သည်။ ဗေဒင်မတတ်ကြဟု ဆိုသောစကားကို ကြားတော်မူ၍ ဘုရင်မင်းတရားသည် အင်းဝလေးထပ်ဆရာတော်ထံသို့ အသက် ၃၀ ကျော် ၄၀ ရွယ် ပိဋကတ်ကျမ်း ဗေဒင်ကျမ်းတတ် ရဟန်းများ စေလွှတ်ပါဟု လျှောက်ထားလေသည်။ လေးထပ် ဆရာတော်သည် တိပိဋကာလင်္ကာရ၊ တိလောကာ လင်္ကာရ၊ တိသာသနာလင်္ကာရ ဤပုဂ္ဂိုလ်ကျော် ၃ ပါးကို နောက်ပါ ရဟန်း ၃၀ နှင့် စေလွှတ်တော်မူသည်။ ဟံသာဝတီသို့ရောက်လျှင် ရွှေမောဓော စေတီရင်ပြင် အရှေ့တွင် တဲကျောင်း ၃ ဆောင် ဆောက်လုပ်၍ ကျမ်းဂန်ပို့ချရသည်။ ဥပုသ်နေ့များ၌ သုဓမ္မာဇရပ်တွင် မွန်ရဟန်းတို့က စာတတ် ဗေဒင်တတ် မွန်ရဟန်းတို့နှင့် ပုဂ္ဂိုလ်ကျော် ၃ ပါးကို စကားပြောဟော စေသည်။ ထိုအခါ မွန်ရဟန်းတို့က ငါတို့သည် ရှေးအခါက မြန်မာရဟန်းများသည် ပိဋကတ်သာ ကျွမ်းကျင် လိမ္မာသည်။ ဗေဒင် မကျွမ်းကျင်ဟု ထင်မိကြကုန်သည်။ ယခုအခါမှ မြန်မာ ရဟန်းတို့သည် ဗေဒင် ပိဋကတ် ၂ ရပ်လုံး တကယ်လုံပြီးလျှင် စွယ်စုံတတ်မြောက်ကြပါပေသည်ဟု ချီးမွမ်းကြကုန်သည်။ နောက်များမကြာမီ သာလွန်

http://www.dhammadownload.com



မင်းတရားသည် အင်းဝသို့ ပြန်လည် ဆန်တက်တော်မူသည်။ ထိုပုဂ္ဂိုလ်ကျော် ၃ ပါးတို့သည်လည်း ရာမညတိုင်း တိလောကဂုရုခေါ် မွန်ဆရာတော်ထံသို့ ရှိခိုးဖူးမြော် သွားရောက်ကြကုန်သည်။ ထိုတိလောကဂုရုဆရာတော်က အာလာပသလ္လာပ စကားပြောဆိုပြီးလျှင် အင်းဝသို့ရောက်လျှင် တိပိဋကာလင်္ကာရ တောင်ဖီလာ ပုဂ္ဂိုလ်ကျော်က ကျောင်းပထမရလိမ့်မည်ဟု မိန့်ဆိုတော်မူသည်။ ဘာကြောင့်ပါနည်းဟု မေးလေလျှင် သင်သည် ဆွမ်းခံ သွားလာရာတွင် လမ်းတွင် ဝါးခြမ်း ကြိမ်ခြမ်းပင် ရသော်လည်း ကောက်ယူလာ၍ ကျောင်းကို မပြတ် ပြင်ဆင်ချည်နှောင် ကွပ်ညှပ်သည်။ ကျောင်းကို ပြင်လေ့ရှိသော ရဟန်းသည် ကျောင်းရလွယ်၏ဟု ရှေးဆရာကြီးတို့ စကားရှိသည်ဟု မိန့်တော်မူသည်။

ငင်းနောက် ထိုပုဂ္ဂိုလ်ကျော်တို့လည်း အင်းဝသို့ ပြန်ကြွတော်မူကုန်သည်။ မွန်ဆရာတော်၏ စကားအတိုင်း တောင်ဖီလာ ပုဂ္ဂိုလ်ကျော်က ကျောင်းပထမရတော်မူသည်။

## ရဟန်းများ နိုင်ငံရေးဝင်ရောက်ပုံ

သက္ကရာဇ် ၁၀၀၉ ခုနှစ်တွင် သာလွန်မင်းတရားကြီး၏ ညီတော် မင်းရဲကျော်စွာ ကွယ်လွန်လေသည်။ ထိုအခါ သားတော် အမြင့်မြို့စား ရှင်တရုတ်သည် လူသွမ်း လူပျက်တို့နှင့် တိုင်ပင်ပြီးလျှင် ထိုသူတို့၏ စကားကို နားထောင်၍ နံနက်လင်းအားကြီး ၄ ချက်တီးကျော် အချိန်တွင် ခမည်းတော်ကို သတ်၍ ထီးရပ်နန်းမွေကို လုရန် နန်းတော်သို့ ဝင်လာလေသည်။ ဘုရင်မင်းတရားသည် အနီးသို့ရောက်မှပင် သိရှိတော်မူရကား အတွင်းဝန် နန္ဒဓေယျ အမတ်နှင့်အတူ မထင်ရှားသောအသွင်ဖြင့် ထွက်ပြေးရာ ငွေစင်ချောင်းနားသို့ ရောက်လေသည်။ ငွေစင်ချောင်းတွင် ရေပြည့်လျှံနေ၍ မကူးနိုင်လက်မှိုင်ချနေစဉ်ပင် သာမဏေ တစ်ပါးသည် မိဘများအိမ်မှ ဆွမ်းဝဟ်ကိုယူရန်အတွက် လှေငယ်နှင့် လာလေသည်။ ငင်းကိုမြင်လျှင် သာလွန်မင်းတရားကြီးက ငါတို့ကို ဟိုဘက်ကမ်းသို့ ပို့ပါဟု ပြောလျှင် သာမဏေက အကယ်၍ သင်တို့ကို ဟိုဘက်ကမ်းပို့လျှင် ဆွမ်းချိန် နောက်ကျနေလိမ့်မည်ဟု ညည်းညူလေသည်။ ထိုအခါ မင်းကြီးက လျင်မြန်စွာ ဟိုဘက်ကမ်းပို့ပါ၊ အဖိုးတန် လက်စွပ်ကို ပေးပါမည်ဟု ချော့မော့ကာ အခွင့်တောင်းမှ သာမဏေသည် သနားသောကြောင့် ဟိုဘက်ကမ်းသို့ ပို့လေသည်။ ဟိုဘက်ကမ်းရောက်လျှင် လေးထပ်ကျောင်းသို့ တက်ပြီးလျှင် ဆရာတော်အား အကြောင်းခြင်းရာကို အလုံးစုံ လျှောက်ထားပြီးလျှင် အကယ်၍ ရန်သူတို့ လိုက်လာပါမူ ဒကာတော် ချမ်းသာခွင့်ရအောင် တားမြစ်တော်မူပါဟု လျှောက်လေသည်။ ထိုအခါ လေးထပ်ဆရာတော်က မင်းကြီး, ငါတို့မှာ ရဟန်းဖြစ်ချေသည်၊ တားမြစ်ရန် မတတ်နိုင်ချေ။ သို့သော် ဥပါယ်တစ်ခု ရှိချေသည်။ စံကျောင်းဆရာတော်မှကား လူမှုရေးရာတွင် ကျွမ်းကျင်လှသည်။ ငင်းကိုခေါ်ကာ တိုင်ပင်မှ သင့်လျော်မည်ဟု ဆိုပြီးလျှင် စံကျောင်းဆရာတော်ကို ပင့်စေသည်။ စံကျောင်းဆရာတော် ရောက်လျှင် မင်းတရားကြီးက ဥပါယ်တံမျဉ်ဖြင့် ရန်သူတို့ကို တားမြစ်ပေးရန် လျှောက်ထားပြန်လေသည်။ စံကျောင်းဆရာတော်သည် ဘာမှ ကြောက်လန့်ဖွယ် မရှိ၊ ကျောင်းလယ် ကျက်သရေ တိုက်ခန်းတွင် ဝင်နေပါဟု နှစ်သိမ့်စေပြီးလျှင် ဆွမ်းခံမထွက်ကုန်သော ရဟန်းသာမဏေတို့ကို စုရုံးစေပြီးလျှင် အသီးသီး တောင်ဝှေးကိုယ်စီ ကိုင်စေ၍ ယောကျ်ား တစ်ယောက်တလေမျှပင် ကျောင်းတွင်းသို့ မဝင်စေရအောင် စစ်တပ်ကြီး ပတ်လည်ဝိုင်းသကဲ့သို့ ဝိုင်းဝန်းစောင့်ရှောက်စေသည်။ အနီးအနားကျောင်းများတွင် နေကုန်သော ရဟန်းသာမဏေ အားလုံးတို့ကိုလည်း ခေါ်ယူစေသည်။ ထိုအခါ စုဝေးရောက်လာကုန်သော ရဟန်းသာမဏေတို့မှာ (၁၀၀၀) တစ်ထောင်ကျော် ရှိလေသည်။

ရဟန်းထေရ်ကြီးတို့က လမ်းခွလမ်းဆုံ ဆိုင်ရာဆိုင်ရာ လမ်းတံခါးဝ တံခါးမုခ်ဦ အသီးအသီး တောင်ဝှေးကိုယ်စီနှင့် အစောင့်အရှောက် ထားတော်မူသည်။ ဝက်မင်းသည် ကျား၏ ဘေးရန်လုံခြုံအောင် အသီးအသီးသော ဝက်တို့အား စီမံခန့်ခွဲသကဲ့သို့ ရှိလေသည်။ သားတော် ရှင်တရုတ်၏ စစ်သည် သူရဲတို့သည် မင်းကြီးကိုဖမ်းရန် မတတ်နိုင်ကြကုန်။ အကြောင်းမှာ ရဟန်း သာမဏေများအား ရိုသေသဖြင့် အနိုင်အထက် နိပ်စက်သတ်ဖြတ်၍ ဝင်ဖို့ရန် ခဲယဉ်းသောကြောင့် လည်းကောင်း၊ ရဟန်းသာမဏေတို့မှာ အလွန် များပြားသောကြောင့် လည်း

http://www.dhammadownload.com



ကောင်း ဖြစ်လေသည်။ မင်းကြီးသည် ထိုနှစ် တော်သလင်း လပြည့်ကျော် ၅ ရက်မှ သီတင်းကျွတ် လပြည့်ကျော် ၅ ရက်အထိ တစ်လတိတိ ပုန်းအောင်းကာ နေရသည်။ ထိုအခါ နန်းတွင်းတွင် ကျန်ရစ်ကုန်သော မှူးမတ်တို့သည် သားတော် ရှင်တရုတ်ကို နန်းမှချပြီးလျှင် မင်းကြီးကို လာရောက်၍ ထီးနန်း ပြန်၍အပ်ကြကုန်သည်။ ထိုအခါမှ နန်းတော်သို့ ပြန်ရောက်ဝင်တော်မူသည်။ မင်းကြီး အထွတ်အမြတ် ပြန်ရလျှင် ပုန်းနေစဉ်အခါက ရေနဲမြို့သား ပဥ္စင်းပျိုတစ်ပါးက မင်းကြီး, မကြောက်နဲ့၊ သီတင်းကျွတ်လပြည့်တွင် အောင်မြင်တော်မူမည်ဟု ပြောဟောသဖြင့် မှန်သောကြောင့် ၎င်းရဟန်းအား ရွှေစည်းခုံစေတီအရှေ့ မြောက်အရပ်တွင် ကျောင်းဆောက်လှူသည်။ ဓမ္မနန္ဒရာဇာဂုရု ဟူသော တံဆိပ်ကိုပါ လှူသည်။ ထိုအရှင်၏ ဖွားရာဌာနကို အစွဲပြု၍ ရေနဲနတ်စက်ရောင် ဆရာတော်ဟု ကျော်ကြားတော်မူသည်။

### နိုင်ငံရေးနှင့် သာသနာရေးအကျိုး

သာလွန်မင်းတရားကြီးသည် နန်းတော်သို့ရောက်လျှင် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့တွင် သံဃာတော် ဆရာတော်တို့အား ပင့်ဖိတ်၍ ဆွမ်းကျွေးတော်မူသည်။ ထိုအခါ မင်းကြီးက လေးထပ်ကျောင်း ဆရာတော်သည် သံသရာအကျိုးဆောင် ဆရာတော် ဖြစ်သည်။ စံကျောင်း ဆရာတော်သည် ပစ္စုပ္ပန်အကျိုးဆောင် ဆရာတော် ဖြစ်သည်ဟု လျှောက်ထားသည်ဟု ရာဇဝင်တွင် ဆိုလေသည်။ ရှေးက ကျမ်းဟောင်းများတွင်မူ လေးထပ် ဆရာတော်သည် ရဟန်းပီလှပေသည်။ စံကျောင်းဆရာတော်သည် စစ်သူကြီးလုပ်ဖို့ ကောင်းလှသည် ဆိုသည်ဟု လာရှိလေသည်။ မင်းကြီးသည် သံသရာကျိုးကို မျှော်ကိုး၍ လှူသောအခါ၌ စံကျောင်းဆရာတော်အား မလှူချေ။ ရံခါရံခါ လောကကျိုးကို မျှော်ကိုး၍ စံကျောင်းဆရာတော်ကို သီးခြား လှူဒါန်းလေသည်။ ဤနေရာ၌ ဝိနည်းကျမ်းဂန်အရ အပြစ်ရှိမရှိ စိစစ်သည်ရှိသော် စံကျောင်းဆရာတော်သည် မင်းကြီးအား ဘေးရန်ကင်းစေခြင်းငှာ အစောင့်အရှောက် ပြုတော်မူသည်။ သူတစ်ပါးကို ညှင်းဆဲခြင်းငှာ မပြုချေ။ ထိုကြောင့် သူတစ်ပါးကို သေအောင်ပြုသော အာဏာတွင်

ပယောဂ မပါရကား အာပတ် အပြစ်မှ ကင်းလွတ်လေသည်။ ဒုဋ္ဌဂါမဏိမင်း၏ ဘေးမှ လွတ်စိမ့်သောငှာ ရဟန္တာအရှင်တို့က သဒ္ဓါတိဿမင်းအား စောင့်ရှောက်ကယ်ဆယ်သော မဟာဝင် ထုံးစံကဲ့သို့ မှတ်ကြရာသတည်း။ လေးထပ်ဆရာတော်သည် တူးရွှင်းခြေရွှာသား ပုဂံမြို့ အရှင်အရဟံမထေရ်၏ ဂိုဏ်းဝင် ဖြစ်သည်။ အမှုမဲ့ အမှတ်မဲ့ အခြားဂိုဏ်းသံဃာသို့သွားလျှင် ထိုရဟန်းတို့၏ အကျင့်သီလကို ဟုတ်တိုင်းမှန်စွာ မသိဘဲနှင့် ပစ္စည်း ၄-ပါးကို မသုံးဆောင်ချေ။ အယုတ်သဖြင့် ရေကိုပင် မသောက်ခဲ့ဖူးချေ။ သွားလေရာရာ၌ သားရေနယ်နှင့် ရေဘူးကိုလွယ်၍ သွားစမြဲ ဖြစ်လေသည်။ ဤသို့ ကြည်ညိုဖွယ်ကောင်းလှလေသည်။

### သာလွန်မင်းတရားကြီး ဘုရားတည်ပုံ

သာလွန်မင်းတရားကြီးသည် သရေခေတ္တရာ ရသေ့ပြည်တွင် ဒုတ္တပေါင်မင်းကြီး တည်ခဲ့သော စေတီပုံသဏ္ဌာန်ကိုယူ၍ ရာဇမဏိစူဠာ ကောင်းမှုတော် ဘုရားကြီးကို တည်လေသည်။ ထိုစေတီသည် အဝန်းအမြင့် သံတောင် ၁၀၃ တောင်စီ ရှိလေသည်။ စေတီတော်၏ ၄ မျက်နှာ၌ ကျောင်းတိုက်ကြီး ၄ တိုက် ဆောက်လုပ် လှူတော်မူသည်။ အရှေ့မျက်နှာ ပြဗ္ဗာဝန် ကျောင်းတော်၊ တောင်မျက်နှာက ဒက္ခိဏာဝန် ကျောင်းတော်၊ အနောက်မျက်နှာက ပစ္ဆိမာဝတ် ကျောင်းတော်၊ မြောက်မျက်နှာက ဥတ္တရာဝန် ကျောင်းတော်ဟု ကျောင်းတော် ၄ တိုက် ဆောက်လှူတော်မူသည်။ ဥတ္တရာဝန် ကျောင်းတော်ကြီးမှုကား မိုးကြိုး လောင်မီးကျ၍ ပျက်စီးလေသည်။ ကြွင်းကျောင်း ၃ ကျောင်းတို့ကို ပရိယတ်ကျမ်းတတ် မထေရ်ကြီးတို့အား တင်လှူတော်မူသည်။ ဂုဏ်နှင့်လျော်သော တံဆိပ်တော်ကိုလည်း လှူတော်မူသည်။ ဥတ္တရာဝန် ကျောင်းကိုမူ အသစ်ဆောက်လုပ်၍ ငါးထပ် ဒါယကာ လက်ထက်မှ တင်လှူသည်။ ထိုစေတီ ကောင်းမှုတော်ဘုရားကြီး ထီးတော်တင်ပွဲ မပြီးမီပင် သာလွန်မင်းတရားနတ်ရွာလားတော်မူသည်။ ကျောင်းကြီး ၄ ကျောင်း ဆရာတော် ၄ ပါးတို့တွင် ဒက္ခိဏာဝန် ဆရာတော်က ကစ္စည်း သဒ္ဒါကျမ်းကို သုတ်တိုင်းစေ့ သမ္ဗန် ၆ ပါး လှည့်၍ အနက်ယောဇနာသော သဒ္ဒါကြီးနိသျယကို

http://www.dhammadownload.com



စီရင်သည်။ ယခုတိုင်အောင် သဒ္ဒါကြီးနိဿယ ဒက္ခိဏာဝန်မှုဟု ကျော်ကြားလျက် ရှိလေသည်။ ပဋိမာဝန် ဆရာတော်က န္យာသညသ်ကျမ်းကို သမ္ဗန် ၆ ပါး ဖွင့်၍ ဝိဂြိုဟ်ဝစနတ္ထတို့ဖြင့် တန်ဆာဆင်၍ ညသ်ကျမ်းရိုးကို စီရင်တော်မူသည်။ ဤသို့လျှင် သာသနဒါယကာနှင့် သာသနဆရာတို့သည် ဘုရားသာသနာတော်ကို အစွမ်းရှိသမျှ ချီးမြှောက်ကြ၍ မီးတောက်ကြီး ငြိမ်းဘိအသွင်ကဲ့သို့ ဘဝဇာတ်ငြိမ်း၍ ရုပ်သိမ်းသွားကြလေကုန်သတည်း။

## သားတော်မင်းရဲရန္တမိတ်မင်းလက်ထက် တရုတ်စစ် ရောက်လာပုံ

သက္ကရာဇ် ၁၀၁၀ ခုနှစ်တွင် သားတော် မင်းရဲရန္တမိတ်သည် သီရိနန္ဒဓမ္မရာဇာပဝရာဓိပတိ တံဆိပ်နာမံခံယူ၍ မင်းပြုသည်။ ခမည်းတော် စံနေသော ရာဇမဏိစူဠာသဘင် နန်းတော်ကြီးကို ဖြိုဖျက်၍ ကျောင်းတော်ဆောက်လုပ်တော်မူပြီးလျှင် တိလောကလင်္ကာရ ပုဂ္ဂိုလ်ကျော်အား တင်လှူတော်မူသည်။ ထိုဆရာတော်ကား တောင်ဖီလာ ပုဂ္ဂိုလ်ကျော်နှင့် ညာဏ်ရည်တူဖြစ်သော အရှင်အရိယာလင်္ကာရ ပုဂ္ဂိုလ်ကျော်၏ တပည့်ပင် ဖြစ်သည်။ စစ်ကိုင်းမြို့ လေးထပ် ဘုံသာတုလွတ် ကျောင်းတော်ကိုလည်း ဒါဌာနာဂရဇဂုရု ဆရာတော်အား တင်လှူတော်မူသည်။ ထိုဆရာတော်သည် န្យာသခေါ် ညသ်ကမ်း၏အဖွင့် နိရုတ္တိသာရမဥ္ဇူသာ ဋီကာကျမ်းကြီးကို စီရင်တော်မူသည်။ သက္ကရာဇ် ၁၀၁၂ ခုနှစ် တပေါင်းလတွင် သောတာပန်နတ်များ* တို့သည် တစ်ပါးအရပ်သို့ ပြောင်းသွားတော့မည်ဟု မြို့သူမြို့သားတို့ အိပ်မက် မြင်မက်ကြ၍ အထိတ်တလန့် ဖြစ်ပြီးလျှင် လူအများတို့ ဗလိနတ်စာ ပူဇော်ပသကြကုန်သည်။ စင်စစ်အားဖြင့် နတ်တို့ ပြောင်းသွားရိုး မဟုတ်။ မြို့ရွာမငြိမ်သက်မည့် နိမိတ်ပင် ဖြစ်လေသည်။ ထိုအခါ တရုတ်စစ်သည်တို့ လာရောက်၍ မြို့ကို နှိပ်စက်ကြလေသည်။ သာသနာရေး သာသနာမှုသည်လည်း ကောင်းကင်၌ လမင်းအရောင် မလင်းနိုင်သကဲ့သို့ ဖြစ်ပြန်လေသည်။

---

* စစ်ကိုင်း သောတာပန်နတ် ၉၉ ပါး။ ။ သာသနာလင်္ကာရ။

## နန်းကျောင်း ဆရာတော် ၂ ပါး အကြောင်း

သက္ကရာဇ် ၁၀၂၃ ခုနှစ်တွင် ညီတော် ပြည်မင်းသည် မဟာပဝရဓမ္မရာဇာ လောကာဓိပတိ တံဆိပ်နာမံခံ၍ မင်းပြုတော်မူသည်။ ထိုအခါ လောကအမှတ်အားဖြင့် ဗေဒင်ဆရာတို့က ဇာတာတော်မသန့် ကုသိုလ်ကံကုန်ပါလိမ့်မည်ဟု လျှောက်တင်လျှင် လောကတံထွာအတိုင်း ကုသိုလ်အသစ် ဖြစ်စေခြင်းငှာ အခိုက်အတန့် ယာယီ တဲနန်းဆောက်၍ စံတော်မူသည်။ ဘုံသာဝတီဟု သမုတ်တော်မူသည်။ နောက်ကာလမကြာမီပင် မြောက်နန်းဆောင်ကို ယာယီတဲနန်းနေရာတွင် မြောက်နန်းကျောင်းဟု ဆောက်လုပ်ပြီးလျှင် ဆရာတော်တစ်ပါးအား တင်လှူတော်မူသည်။ တောင်နန်းဆောင်ကိုလည်း မြို့အရှေ့မျက်နှာတွင် တောင်နန်းကျောင်း ဆောက်လုပ်ပြီးလျှင် အဂ္ဂဓမ္မာလင်္ကာရ ဆရာတော်အား တင်လှူသည်။ ထိုဆရာတော်သည် သဒ္ဒါနိဿယ၊ သဂြိုဟ်နိဿယ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်ပဋ္ဌာန်းအရကောက်ကျမ်းတို့ကိုလည်း မြန်မာဘာသာဖြင့် ရေးတော်မူသည်။ နန်းကျောင်းမှု သဒ္ဒါနိဿယမှာ ယခုတိုင် ကျော်စောလျက် ရှိလေသည်။

အိမ်ရှေ့မင်းသည် တံတားဦး လယ်ပြင်တွင် ဆောက်လုပ်သော လယ်ပြင်ရွှေကျောင်းတော်ကို မြောက်နန်းကျောင်းဆရာတော်၏တပည့် ရှင်ဇိနာရာမအား တင်လှူသည်။ ထိုတံတားဦးအရပ်၌ပင် အထူးထူးသော ရတနာစီခြယ်သော မှန်စီကျောင်းဆောက်လုပ်၍ မြောက်နန်းကျောင်း ဆရာတော်၏တပည့် ရှင်ဂုဏာဂန္ဓအား တင်လှူသည်။ မှန်စီဆရာတော်ဟု ကျော်စောလေသည်။ ထိုဆရာတော်သည် ချင်းတွင်းရွာတွင် ဖွားမြင်ခဲ့သည်။ အရွယ်ရောက်လျှင် ရတနာပုရ အင်းဝနေပြည်တော်သို့ လာရောက်၍ စာပေကျမ်းဂန် သင်ကြားပြီးမှ ဗဒုံမြို့ ကျေးလက် ဆီးပင်ရွာတွင်နေ၍ ၎င်းနောက် ချင်းတွင်းရွာတွင်နေလေလျှင် ပစ္စည်းလေးပါး ဆင်းရဲငြိုငြင်စွာဖြင့် နေရသည်။ ထိုအခိုက်တွင် ချင်းတွင်းရွာ၌ ငမောက်ဆိုသူမှာ အဖိုးမဖြတ်နိုင်သော ပတ္တမြားတစ်လုံး ရသည်ကို ဘုရင်ကကြား၍ သွားရောက် သိမ်းယူပြီးလျှင် အလွန်မြတ်နိုးစွာ ရှိလေသည်။ ချင်းတွင်းငမောက်ကျောက်ဟု ကျော်စောနေလေသည်။ ထိုအခိုက်တွင် မြောက်နန်း

http://www.dhammadownload.com



ကျောင်း ဆရာတော်က ချင်းတွင်းရွာမှာ ပတ္တမြားမောက်သာ ရှိသည်မဟုတ်၊ ပိဋကတ်အိုး တစ်လုံးတည်းဟူသော ပတ္တမြားတစ်လုံးလည်း အဖိုးမဖြတ်နိုင်အောင် ရှိသည်ဟု ဘုရင့်နားပေါက် ပြောလေလျှင်၊ အရှင်ဂုဏဂန္ဓကိုပင့်၍ ကိုးကွယ်တော်မူသည်။ မောင်းထောင်ရွာ ရှင်ဂုဏသာရနှင့် ပလိုင်းရွာ ရှင်သုဇာတမထေရ် ၂ ပါးတို့သည်လည်း အရှင်ဂုဏဂန္ဓ မထေရ်မြတ်၏ တပည့်တို့ ဖြစ်ကြကုန်သည်။ တစ်ရံရောအခါ ရဟန်းသံဃာအလယ်တွင် တောင်ဖီလာဆရာတော်က မြောက်နန်းကျောင်း ဆရာတော် အရှင် အဂ္ဂဓမ္မာလင်္ကာရအား ကျီစယ်တော်မူလိုသဖြင့်– ငါ့ရှင်, ငါတို့မရှိလျှင် ငါ့ရှင်သည် ကျမ်းတတ်ကြီးတစ်ဆူ ဖြစ်တော့မည် မိန့်ဆိုသည်ကို အရှင်အဂ္ဂဓမ္မာလင်္ကာရက "အရှင်ဘုရားတို့ မရှိလျှင် ကျွန်ုပ်တို့ပြင် ဘယ်မှာ ကျမ်းတတ် ရှိနိုင်ပါမည်နည်း" ဟု ပြန်လျှောက်လေသည်။ ရှေးဟောင်း စာတမ်းတို့၌ကား ယခုအခါ အရိယာလင်္ကာရ ပုဂ္ဂိုလ်ကျော်သည် ကျမ်းတတ် မဟုတ်ပါလောဟု ပြန်လျှောက်သည်ဟု ဆိုလေသည်။

## မှတ်လောက်သော မိန့်ခွန်းတစ်ရပ်

ထိုအရှင် အဂ္ဂဓမ္မာလင်္ကာရသည် ဘုရင်က တောင်းပန်သဖြင့် ရာဇဝင်ချုပ် ကျမ်းကိုလည်း ရေးသားသည်။ ယခုထက်တိုင် မြောက်နန်းကျောင်း ရာဇဝင်ဟု ကျော်စောထင်ရှားနေသည်။ ထိုဆရာတော်ကား ပြည်မင်း၏ အမတ်ကြီး နေမျိုးနော်ရထာသား အမတ်မျိုး ဖြစ်တော်မူသည်။ တစ်ရံရောအခါ ရဟန်းလူထွက် သတိုးမင်းကြီးက အဆောင်အယောင်နှင့် ကျောင်းသို့ လာပြီးလျှင် နန်းကျောင်းဆရာတော်နှင့် စကားစမြည် အာလာပ သလ္လာပ ပြောဟောနေကြပြီးလျှင် သတိုးမင်းကြီးက မှူးမတ် အဆောင်အရွက်ကို ပြ၍၊ အရှင်ဘုရား, လူဖြစ်လျှင် ဤသို့သောစည်းစိမ်ကို ရလိမ့်မည်ဟု လျှောက်သောအခါ အရှင်အဂ္ဂဓမ္မာလင်္ကာရ ဆရာတော်က ဤမျှလောက်သော စည်းစိမ်သည် ငါတို့ ကုဋိအိမ်သာကို တစ်ခါတက်လျှင် အသုဘ ဘာဝနာ ပွားသော ကုသိုလ်၏ ၁၆ စိတ်စိတ် တစ်စိတ်မျှ မတန်လေဟု ဆိုလိုက်လေသည်။ ဤစကားသည် သာသနာဝင်စကား မဟုတ်သော်လည်း ရှေးဆရာတို့၏ အမူအကျင့် အနေအထိုင်တို့ကို အသက်ထက်ဆုံး ရဟန်းငယ်တို့ အတုယူရန် ဆိုခြင်း ဖြစ်လေသည်။ ဩော်–ရှေးက ဆရာတော်တို့သည် ဤမျှ ကြည်ညိုဖွယ် ကောင်းလှချေတကား။

## နရာဝရမင်းလက်ထက် လူထွက်မည့် ပဉ္စင်းမျို

သက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် သားတော် နရာဝရမင်းသည် ထီးနန်း ရတော်မူသည်။ မဟာသီဟသူရ ဓမ္မရာဇာဟူသော တံဆိပ်နာမံ ခံတော်မူသည်။ ထိုမင်းလက်ထက် ရွှေစည်းခုံစေတီအနီးတွင် ဇေတဝန်ကျောင်း၌ စာသင်သား ရဟန်းပျိုတစ်ပါးသည် ကျမ်းဂန်စာပေ တတ်မြောက်သော်လည်း အရွယ်ပျိုသဖြင့် ပျိုစိတ်သို့လိုက်၍ ဝစ္စကုဋိ၌ရှိသော အညစ်အကြေးတို့သည် ပြင်ပလေနေပုတို့ကြောင့် ခြောက်သွေ့နေသော်လည်း တုတ်နှင့် မွှေလိုက်သောအခါ အနံ့ဆိုး ထွက်လာဘိသကဲ့သို့ ရှုပါရုံ စသည်တို့ဖြင့် လူးလဲကပ်ငြိ၍ ကိလေသာနံ့ ထွက်လာသောကြောင့် လူထွက်မည်ဟု ကြံစည်ပြီးလျှင် အဝတ်ပုဆိုးတို့ကိုယူ၍ အပေါင်းအဖော် ရဟန်းတို့နှင့်တကွ မြစ်ဆိပ်သို့ သွားလေသည်။

လမ်းခရီးတွင် ရဟန်းအဖြစ်နှင့် ဘုရားရှိခိုးဦးမည်ဟု အောက်မေ့၍ အဝတ်ပုဆိုးတို့ကို အပေါင်းအဖော်တို့လက်တွင် ထားခဲ့ပြီးလျှင် လိုဏ်တွင်းသို့ဝင်၍ ရှိခိုးပူဇော်နေလေသည်။ ထိုအခိုက်တွင် မိန်းမပျိုတစ်ဦးသည် လိုဏ်ပြင်က ရေချမ်းသွန်းလောင်း၍ "ဤကောင်းမှုကြောင့် ဆင်းရဲနှင့် ငရဲ ကင်းရပါလို၏။ ဖြစ်လေရာ ဘဝတိုင်းတွင် ရဟန်းလူထွက်မယား မဖြစ်ရပါလို" ဟု ဆုတောင်းနေလေသည်။ ထိုဆုတောင်းသံကို ပဉ္စင်းပျို ကြားသဖြင့် ဩော်–ယခုအခါ ငါသည် လူထွက်ရန် လာခဲ့သည်။ ဤမိန်းမပျိုကလည်း ရဟန်းလူထွက်မယား မဖြစ်ရပါလိုဟု ဆုတောင်းသည်။ အကြောင်းခြင်းရာကို မေးမြန်းဦးမည်ဟု ကြံစည်ပြီးလျှင် မိန်းမပျိုအား အဘယ်ကြောင့် လူထွက်မယား မဖြစ်ရပါလိုဟု ဆုတောင်းသနည်းဟု မေးမြန်းလေသည်။ ထိုအခါ မိန်းမပျိုက လူထွက်မယား မဖြစ်ရပါလိုဟု ဆုတောင်းသည်ကား–အခြားမဟုတ်ပါ။ လူမိုက်မယား မဖြစ်ရပါလိုဟု ဆုတောင်းခြင်းပင် ဖြစ်သည်ဟု ဆိုလေသော်– လူထွက်လျှင် မိုက်လေတော့သလားဟု မေးပြန်၍–အရှင်ဘုရား, လူထွက်သောရဟန်း

http://www.dhammadownload.com



သည် အဘယ့်ကြောင့် မမိုက်ဘဲ ရှိအံ့နည်း။ ရဟန်းမည်သည်ကား သူတစ်ပါးလှူသော အဝတ်အစား အရိပ်သစ်မ်းကို သုံးဆောင်၍ ချမ်းသာစွာနေရပြီးလျှင် ကျမ်းဂန်ကို သင်ကြားလိုက သင်ကြားနိုင်သည်။ မသင်လိုလျှင် သင်္ကန်းကို ခြေကနက်ကာ အိပ်ချင်သလို အိပ်၍နေနိုင်သည်။ ဤသို့ ထင်တိုင်း စားနိုင် အိပ်နိုင်ခွင့် ရှိပါလျက် သူတစ်ပါး ကျွန်ခံမည် မယားကျွန်ခံမည်ဟု မဆိုသော်လည်း ဆိုသကဲ့သို့ လူထွက်၍လာသည်။ လူထွက်သောရဟန်းထက် မိုက်သောသူ မရှိပြီ။ သူတစ်ပါးထက်ပိုမိုက်သည်ဟု ထင်ပါသည်။ အကယ်၍ လူမိုက်၏မယားဖြစ်ပါမူ တပည့်တော်မမှာလည်း အမိုက်မ ဖြစ်ပါတော့မည်ဟု ပြောသည်ကို ကြားလျှင် ထိုပဥ္စင်းပျိုသည် သတိသံဝေဂရကာ မျောက်အဖော်မှကွဲကာ တစ်ယောက်တည်းမှိုင်နေသော မျောက်ကဲ့သို့ ဘုရားပြင်ထွက်၍ မှိုင်တွေချ၍နေသည်။ ထိုအခါ အပေါင်းအဖော်တို့က ခေါ်သဖြင့် ၎င်းတို့ကို ပြန်ခေါ်ပြီးလျှင် အကြောင်းမျိုးကို ပြောပြ၍ ယခုအခါ ငါ့ကို တစ်စုံတစ်ယောက်က လူဝတ်လဲပါဟု ဦးခေါင်းကို ရိုက်ခွဲကာ နိုင်းသော်လည်း အသက်ကို အသေခံတော့မည်။ စိတ်ဖြင့်ပင် မကြံစည်တော့ပြီဟု မိန်းမပျို၏ တရားသံကို နာခံ၍ ရေဝတီမြစ်ကိုကူး၍ စစ်ကိုင်းသို့ သွားလေသည်။ ထိုမိန်းမပျိုကား လူသားစင်စစ် မဟုတ်ပေ။ နတ်များက ဖန်ဆင်း၍ပြသော မိန်းမပျို ဖြစ်ပေသည်။ သာသနာတော်စောင့်တစ်ယောက် ချွတ်ယွင်းမည်ကြောင့် နတ်က ကူညီသည်ဟု ပညာရှိတို့ ပြောကြလေသည်။ စစ်ကိုင်းဘက်ရောက်လျှင် ကျမ်းဂန်တတ်ဆရာတို့ထံ နည်းနာခံပြီးမှ ပုညစေတီတောင်ဘက်တွင် ကျောင်းငယ်နှင့်နေသည်။ ရဟန်းသံဃာတို့ကို စာပေပို့ချသည်။ စာသင်စာနာများ၍ ကျောင်းနေရာ မလောက်၍ တဲဆောက်ကာ မိုးကာနေရသည်။ အချို့ထီးမိုးကာ စာလိုက်ရကုန်သည်။ တစ်ရံရောအခါ အင်းဝမင်းသည် ပုညစေတီကို အဖူးအမြော် ထွက်တော်မူရာတွင် တဲဆောက်ကာ စာသင်နေပုံကိုမြင်၍ ဥမင်နှင့်တကွကျောင်းဆောက်၍ ပဥ္စင်းပျိုကို တင်လှူတော်မူသည်။ တိလောကဂုရု ဟူသော တံဆိပ်ကို လှူတော်မူသည်။ ခေါ်လွယ်စေခြင်းငှာ တိလောဂုရုဟု တွင်နေလေသည်။ ယခုတိုင် တိလောဂုရုချောင်ဟု စစ်ကိုင်းတွင် ထင်ရှားစွာရှိလေသည်။

တိလောကဂုရု ဆရာတော်၏ တပည့်ဖြစ်သော ၇ ဝါရ ရှင်တေဇောဒိပသည် ပရိတ်ကြီး ဋီကာကျမ်းကို စီရင်သည်။ နောက်အခါ တိလောကာလင်္ကာရ ဟူသောတံဆိပ်နာမံ ခံသည်။ အလင်္ကာရခေါ် ပုဂ္ဂိုလ်ကျော် ၃ ပါးတွင် တစ်ပါး အပါအဝင် ဖြစ်သည်။ ဤသို့လျှင် ရှင်တေဇောဒိပသည် နရာဝရမင်း၏ လက်ထက်တွင် ပရိတ်ကြီး ဋီကာကျမ်းကို ပြုသည်။ အချို့ဆရာတို့ကမူကား အနောက်ဘက်လွန်မင်းတရားကြီး လက်ထက်တွင်ဟု ဆိုလေသည်။

### တောင်ဖီလာနှင့် ရွှေဥမင် ဆရာတော်

တစ်ရံရောအခါ တောင်ဖီလာ ဆရာတော်သည် မန်းစက်တော်ရာ ဘုရားကို ရှိခိုးဖူးမြော်၍ အပြန်တွင် ပခန်းကြီးမြို့ ရွှေဥမင်ဆရာတော် ရှင်ဇမ္ဗုဓဇထံဝင်၍ စကားပြောဟော နီးနှောတော်မူကြသည်။ ဆရာတော် ၂ ပါးတို့သည် တစ်ဦးနှင့်တစ်ဦး ဖူးတွေ့ရသောအခါ အလွန် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည်။ လူမိုက်အချင်းချင်းတွေ့လျှင် ဝမ်းမြောက်သကဲ့သို့ ပညာရှိ အချင်းချင်းတွေ့လျှင် ဝမ်းသာကြလေသည်။ သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ ဆိုသကဲ့သို့ပေတည်း။ ဆရာတော် နှစ်ပါးတို့မှာ သိက္ခာဝါ အတူတူပင် ဖြစ်တော်မူကြသည်။ တောင်ဖီလာ ဆရာတော်သည် စကားပြောဆိုပြီးသောအခါ ပြန်ကြွတော်မူသည်။ ရွှေဥမင်ဆရာတော်က ပြန်၍ လိုက်ပို့တော်မူသည်။ ထိုအခါ တောင်ဖီလာဆရာတော်က ကျွန်ုပ်မှာ မင်းဆရာဖြစ်ပါသည်။ အရှင်ရှေ့ကကြွပါဟု ဆိုလေသည်။ ထိုအခါ ရွှေဥမင် ဆရာတော်ကလည်း အရှင်သည် မင်း၏ဆရာ မင်းကိုးကွယ်ခံရသူ ဖြစ်ပါသည်။ လောကဒွိ မင်းကို အချုပ်ပဓာနထားပါသည်။ အရှင်သာ ရှေ့က ကြွပါဟု ဆိုပြန်လေသည်။ ထိုဆရာတော် ၂ ပါးတို့သည် လောကဝတ်ကို ငဲ့မျှော်ပြီးလျှင် အချင်းချင်း ရိုသေမြတ်နိုးသဖြင့် ဤသို့သော စကားမျိုးကို ပြောဆိုလေသည်။ တောင်ဖီလာဆရာတော်သည် အင်းဝသို့ ရောက်လျှင် စစ်ကိုင်းဘက်ကူး၍ မင်းဝံတောင်သို့ အရညကင် သဘောမျှ၍ တောရဝင်တော်မူသတည်း။ ထိုသို့ တောဝင်ကြောင်းကို သာလွန်မင်းတရားကြီး ကြားရ၍ ညီတော် မင်းရဲကျော်စွာနှင့်

http://www.dhammadownload.com



တိုင်ပင်ပြီးလျှင် အလျင်လက်ဦး ဖူးမြော်ရသူက ကျောင်းဆောက် ကိုးကွယ်ရမည်ဟု အသီးအသီး သူ့ထက်ငါ ဦးအောင်ရှာကြရာ ညီတော်မင်းရဲကျော်စွာက လက်ဦးတွေ့သောကြောင့် လေးကျွန်းဆီမီးဘုရား မြောက်ဘက်တောင်ဖီလာချောင်တွင် ဇေတဝန်ကျောင်းတော် ဆောက်လုပ်၍ ကိုးကွယ်တော်မူသည်။

## သူတော်ကောင်းတို့ ဂုဏ်ကို ဝမ်းမြောက်ခြင်း အကျိုး

သူတော်ကောင်းတို့၏ ကျေးဇူးဂုဏ်ကို တစ်ကြိမ်ကြားရ၍ ကြည်ညိုပြီးလျှင် ရွှင်လန်းနှစ်သက် ပီတိသောမနဿ ဖြစ်ရငြားအံ့။ ထိုကုသိုလ်သည် နတ်မင်းအဖြစ် ၇ ကြိမ်၊ လူမင်းအဖြစ် ၇ ကြိမ် အကျိုးခံစားရကြောင်းကို အရဏဝတီသုတ်၌ ဟောတော်မူသောကြောင့် ဤသို့သော အကျိုးကို စာတတ်သူ သုဓာန္တ ပုဂ္ဂိုလ်တို့ ခံစားရစေခြင်း အကျိုးငှာ သူတော်ကောင်း ၂ ပါးတို့၏ ဂုဏ်ကို ဖော်ထုတ်၍ သာသနာဝင်တွင် စာတင်ရလေသည်။ ။ တောင်ဖီလာ ဆရာတော်သည် ဇမ္ဗူ့ဓဇ ရွှေဥမင် ဆရာတော်၏ ကျေးဇူးဂုဏ်ကို သာလွန်မင်းတရားကြီးအား ပြောပြရာ မင်းကြီးသည် အလွန် ကြည်ညိုတော်မူ၍ ဇမ္ဗုဓဇ မူလနာမည်တွင် ဒီပသဒ္ဒါ တွဲယှဉ်၍ ဇမ္ဗုဒီပဓဇ ဟူသော တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ ဇမ္ဗုဒီပဓဇ ဆရာတော်သည် ဓမ္မာနန္ဒမထေရ် သိဒ္ဓိဝိဟာရိက တပည့်၊ ဓမ္မာနန္ဒ ဆရာတော်သည် ဓောတိပုညမထေရ်၏ သိဒ္ဓိဝိဟာရိက တပည့်ကြီးတို့ ဖြစ်ပေသည်။ ထိုမထေရ်မြတ်တို့သည် ရဟန္တာအရှင်အရဟံ၏ ဂိုဏ်းဝင်တို့ပေတည်း။

## ပုခန်းနယ်တစ်ဝိုက်က ကျမ်းပြုတော်မူကြပုံ

ရွှေဥမင် ဆရာတော်သည် ဝိနည်း ၅ ကျမ်း အဋ္ဌကထာ နိဿယကို မြန်မာဘာသာဖြင့် ရေးသားတော်မူသည်။ ယခုတိုင် ကျော်ကြားလျက် တစ်ပြည်လုံး အသုံးပြုနေရသည်။ ပုခန်းကြီးမြို့ အရှေ့မျက်နှာ *နေရင်းရွာ မဏိရတနာတိုက် ဆရာတော် အရှင်အရိယာလင်္ကာရသည် အနက်မြန်မာ သန်လျှသနှင့် (၁–၆) သီလက္ခန်ပါထေယျ မဟာဝါ ပါဠိတော်နှင့် အဋ္ဌကထာ နိဿယ (၆) ကျမ်း (၇) အဋ္ဌသာလိနီအဋ္ဌကထာ နိဿယ (၈) သမ္မောဟဝိနောဒနီ အဋ္ဌကထာ နိဿယ (၉) ကင်္ခါ အဋ္ဌကထာ နိဿယ (၁၀) ဋီကာကျော် နိဿယ (၁၁) သခေ်ပဝဏ္ဏနာဋီကာ နိဿယ (၁၂) ကစ္စာယန ဝဏ္ဏနာဋီကာ နိဿယ (၁၃) မူလသိက္ခာအဋ္ဌကထာ နိဿယ (၁၄) ခုဒ္ဒသိက္ခာ နိဿယ (၁၅) သုတ္တနိဒ္ဒေသနိ နိဿယ (၁၆) ဓိနာလင်္ကာရစာကိုယ် နိဿယ (၁၇) ဓိနာလင်္ကာရဋီကာ နိဿယ (၁၈) သဒ္ဒသာရတ္ထဇာလိနီစာကိုယ်နိဿယ (၁၉) သင်္ဂဟဓာတုဆေးကျမ်း စသည်တို့ကို ရေးသားတော်မူခဲ့လေသည်။*

ကျွန်ုပ်တို့ ဆရာစဉ်ဆက် ကြားရဖူးသော စကားအစဉ်မှာ–နေရင်းဆရာတော် အရှင်အရိယာ လင်္ကာရသည် သုတ္တန်ဝိနည်း အဘိဓမ္မာ အားလုံးသော နိဿယတို့ကို ရေးသားတော်မူခဲ့သည်။ ဝိနည်း အဋ္ဌကထာ ၅ ကျမ်း နိဿယကိုလည်း ရေးသားပြီးသောအခါမှ ရွှေဥမင် ဆရာတော်၏ ဝိနည်း အဋ္ဌကထာ နိဿရည်းများ အလွန်ကောင်းကြောင်းကို ကြားရသဖြင့် သွားရောက်တိုက်ဆိုင်ကြည့်ပြီးလျှင် ထိုရွှေဥမင် နိဿရည်းမှာ စာသင်သားတို့အတွက် သင့်တော်သော မူကောင်းတစ်ခုဟု ယုံကြည်တော်မူရကား ကိုယ်တော်တိုင် ရေးသားသော ဝိနည်း အဋ္ဌကထာ ၅ ကျမ်း နိဿရည်းကို မီးရှို့ကာ ဘုရားထု ကိုးကွယ်လေသည်။ အလွန်ပင် ကြည်ညိုဖွယ် ကောင်းလှချေ၏။ ယခုအခါ ကာလရွေ့လျား၍ နေရင်းဆရာတော် အဆက်ဆက်ပင် ၁၀ ဆက် ကျော်နေပြီ ဖြစ်ရကား ကျမ်းစာမူကောင်းတို့သည် ထိုထိုဤဤ ရွှေ့ပြောင်း၍ သွားကြကုန်သတည်း။ ။ နေရင်းရွာ၏ အရှေ့မျက်နှာ ပုဇ္ဇါရုံကျောင်းတိုက် ပုဇ္ဇါရုံ ဆရာတော်သည် မဏိဒီပ ဋီကာမှ ကြွင်းကျန်နေရစ်သော ဒွါရကထာ ဋီကာကိုဖွင့်၍ ဂုဠတ္ထဒီပနီဟု ရေးစီရင်သည်။ ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်ကိုလည်း စီရင်သည်။ ဓာတုကထာယောဇနာပါဌ်ကိုလည်း စီရင်သည်။

ထို ၃ ကျမ်းတို့မှာ ပါဠိဘာသာဖြင့် ရေးစီရင်သည်။ နေတ္တိပါဠိတော် နိဿရည်း သုတ်သီလက္ခန်ပါဠိတော် ဂဏ္ဌိတို့ကိုလည်း စီရင်သည်။ ထိုပုဇ္ဇါရုံ ဆရာတော်ကြီးသည် ပဋ္ဌင်းဖြစ်အောင် ဂါမဝါသီ ရွာကျောင်းဂိုဏ်းတွင်

* နေရင်း ဆရာတော်ကြီးအစန်း၌ ပိဋကတ်သမိုင်းကျမ်းအလိုနှင့် ဖြည့်စွက်ထည့်လိုက်သည်။

http://www.dhammadownload.com



နေမိပြီးလျှင် ဆရာအစဉ်အဆက်အတိုင်း ဝိနည်းနှင့် မလျော်သော ဦးထုပ် ဒေါက်ချာဆောင်းသော အကျင့်ကို ကျင့်ခဲ့သည်။ နောက်မှ တရားကျမ်းဂန်ကို ဆင်ခြင်၍ ထိုအယူကို စွန့်ပြီးလျှင် အရညဝါသီ တောရမှီသည်။ ထိုဆရာတော်ကြီးသည်ကား အလွန်နက်နဲသော ဉာဏ်ပညာကြီးကျယ်လှသည်။ ခပ်သိမ်းသော ဝိဂြိုဟ်ဝစနတ္ထအရာ၌ ပကတိ ဝိကတိနည်း ၂ ချက်စီ အရကောက်လျက် အပြော အဆို ကွယ်ပျောက်နေရာ ပုဗ္ဗါရုံ ဆရာတော် လက်ထက်မှ ပေါ်ပေါက်လာလေသည်။ ဤဆရာတော် ၃ ပါးမှာ ရှေးဘုရားတစ်ဆူကဲ့သို့ ကျော်ကြားတော်မူခဲ့ကြ၍ ယခုခေတ်ရှိကုန်သော စာတတ်ကဝိမှန်သမျှတို့၏ အဓိပတိ ကျေးဇူးရှင်ကြီးတွေ ဖြစ်တော်မူကြကုန်၏။ ထိုဆရာတော်ကြီးတို့ ရေးသားခဲ့သော ကျမ်းစာနှင့်ကင်း၍ စာတတ်ဖို့ရာမှာ ဒုလ္လဘကြီးတစ်ရပ်ကဲ့သို့ ဖြစ်လေသတည်း။

## ညီတော် ရမည်းသင်းမင်းကြီး လက်ထက် သာသနာပြုပုံ

သက္ကရာဇ် ၁၀၃၅ ခုတွင် ညီတော် ရမည်းသင်းမင်းကြီး မင်းရဲကျော်ထင် မင်းဖြစ်တော်မူသည်။ သီရိပဝရမဟာဓမ္မရာဇာ ဟူသော ဘွဲ့တံဆိပ်ကို ခံယူတော်မူသည်။ ဝမ်းဘဲအင်းမှာ စံနန်းတော် ဆောက်လုပ်နေသောကြောင့် ဝမ်းဘဲအင်းစံ မင်းတရားဟု တွင်လေသည်။ ထိုဝမ်းဘဲအင်းတွင် အောင်မြေဘုံကျော် ကျောင်းတော် ဆောက်လုပ်၍ သီရိသဒ္ဓမ္မပါလ မထေရ်အား လှူတော်မူသည်။ များစွာကုန်သော ရွာဂိုဏ်း ဂါမဝါသီ, တောဂိုဏ်း အရညဝါသီ ဆရာတော် သံဃာတော်တို့ကိုလည်း ကိုးကွယ် ချီးမြှင့်တော်မူသည်။ အင်းဝ ညောင်ရမ်းမင်း ၁၀ ဆက်တွင် နောက်မင်း ၅ ဆက်တို့ အုတ်အရောရော ကျောက်အရောရောကဲ့သို့ လဇ္ဇီ အလဇ္ဇီ မရွေးချယ်ဘဲ ကိုးကွယ်လာကြကုန်၍ ဘုရားသာသနာသည် ကောင်းကင် လမင်းကဲ့သို့ စင်ကြယ်ခြင်း မဖြစ်ခဲ့ချေ။ သို့ရာတွင် လဇ္ဇီ သူတော်ကောင်းတို့ကလည်း မိမိတို့၏ ဆရာစဉ်ဆက်ကို မဖျက်ကြသောကြောင့် လဇ္ဇီဂိုဏ်းဝင် သူတော်စဉ်တို့လည်း မပြတ်မလပ်၊ အလဇ္ဇီ သူယုတ်တို့ကလည်း မိမိတို့၏ ဆရာစဉ်ဆက်ဝါဒကို မစွန့်ဖျက်နိုင်သောကြောင့် အလဇ္ဇီဂိုဏ်းလည်း မပြတ်ပေ။ ထိုမင်းလက်ထက်တွင် ပိဋကတ်ကို မကျွမ်းကျင်သော်လည်း ဗေဒင်အရာ ပါရဂူ ဖြစ်တော်မူသော ယခင်ပြခဲ့ပြီးသော ရေနဲနတ်စက်ရောင် ဆရာတော်ကို တိုင်ပင်ကိုးကွယ်တော်မူသည်။

## ပဋ္ဌာန်းတရားနှင့် ရွှေပေစာပေါ်ပုံ

ထိုရမည်းသင်းမင်းတရားလက်ထက် သက္ကရာဇ် ၁၀၃၈ ခု ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှစ၍ ရေနဲနတ်စက်ရောင် ဆရာတော် စီမံချက်အတိုင်း ဘေးရန်အန္တရာယ် ကင်းစေခြင်းငှာ ဂူတော်သစ် ပဋ္ဌာန်းဇရပ်တွင် ရှေးဦးစွာ မြန်မာရဟန်းတို့က ပဋ္ဌာန်းတရား ဟောရသည်။ နောက် နယုန်လဆန်း ၁ ရက်နေ့မှစ၍ မွန်ရဟန်းတို့က ပဋ္ဌာန်းရွတ်ဖတ် သရဇ္ဈာယ်ရသည်။ သဘင်ကြီးစွာခံသည်။ ပြည်သူပြည်သားတို့ကို ပူဇော်သက္ကာရ ပြုစေသည်။ ထိုမင်းလက်ထက်တွင်မှ ပေကို သားရိုးသဘွေးကိုင်ပြီးမှ ဆေးဒါန်းနှင့် အင်္ဂရာမှေး၍ ရွှေချလုပ်သော ရွှေရေးပေစာ ပေါ်လာသည်။ ယခုတိုင်အောင် ဖြစ်လာသည်။ ရှေးအထက်က ပေကို ကညစ်နှင့်ရေးခြင်း၊ မင်နှင့်ရေးခြင်း ၂ မျိုးသာ ရှိလေသည်။ ယခုအခါ ရွှေရေး မင်ရေး ပေစာတို့ကို လူရှင်တိုင်း မမြင်ဘူးကြ။ ကညစ်ရေးပေစာပင် ကြည့်သူမရှိသလောက် ဖြစ်နေလေပြီ။

## အတင်ဂိုဏ်း အရုံဂိုဏ်း ကွဲလာပုံ

သက္ကရာဇ် ၁၀၆၀ ပြည့် တော်သလင်းလပြည့်ကျော် ၆ ရက် အင်္ဂါနေ့တွင် သားတော် အိမ်ရှေ့မင်းသည် ထီးနန်းဥကင်ဖွင့်၍ မင်းဖြစ်တော်မူသည်။ သီရိမဟာသီဟသူရ သုဓမ္မရာဇာ ဟူသော တံဆိပ်နာမံ ခံတော်မူသည်။ ခမည်းတော်ဘုရား နန်းတော်ရာတွင် စေတီတည်၍ ရတနာမာရ်အောင်ဟု ကမ္ပည်းတပ်တော်မူသည်။ ထိုမင်းလက်ထက် ချင်းတွင်းမြစ် အနောက်ဘက် တုံရွာကျောင်း ရှင်ဂုဏာလင်္ကာရ ဆရာတော်သည် သာမဏေတို့ကို ရွာထဲသို့ ဝင်သောအခါ သင်္ကန်းမရုံစေဘဲ ကျောင်းမှာနေသကဲ့သို့ လက်ကနတ်တော့တင်လျက် ဦးထုပ်ဒေါက်ချာ မဆောင်းစေဘဲ ထန်းရွက်ယပ်ကိုသာ စွဲကိုင်ဝင်စေလျက် တုံရွာဂိုဏ်းဟု သီးခြား တည်ထောင်လေသည်။ ထိုအရှင်သည် ပါဠိအဋ္ဌကထာ, ဋီကာကျမ်းဂန်တို့၌ လမ်းမှန်အောင် သဘောအဓိပ္ပာယ် မယူဆတတ်ချေ။ စုဒ်စော

http://www.dhammadownload.com



ဒနာ အာဘော် ကျမ်းထွက် ကျမ်းတက်ကျမ်းရိုး မတတ်။ အဘိဓမ္မာညဝါ အကောက်အရကိုသာ လေ့လာဆောင်ရွက်ပြီးလျှင် တပည့်တပန်းတို့အား ပို့ချနေလေသည်။ ထိုအခါ တောင်ငူ အရှင်ဗုဒ္ဓကိုရ၊ အရှင်စိတ္တ၊ ဒီပယင်း မြို့ကျေးရွာ ရှင်သုနန္ဒ၊ တရုတ်မြို့ ငါ့ရန့်အို အရှင်ကလျာဏ ဆရာတော် ဤ ၄ ပါးတို့က သာမဏေတို့ကို ရွာဝင် ရွာသွားသောအခါ လက်တစ်ဖက် လက်ကန်တော့ မတင်စေဘဲ ဦးထုပ်တရာဘတ်ကို မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ ကိုင်စေလျက် သင်္ကန်းရုံ၍သွားစေသော ဝါဒကို လိုက်နာနေစေလေသည်။ အရုံတောဂိုဏ်းဟု တစ်ဂိုဏ်းထောင်ပြန်လေသည်။ ထိုအရုံဂိုဏ်း ဆရာတော်မြတ်တို့သည်ကား ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ လမ်းမှန်စွာ သိတော်မူကြကုန်၏။ ပိဋကတ် ၃ အင်္ဂ၌လည်း ကျွမ်းကျင်လိမ္မာတော် မူကြကုန်သည်။ ဤသို့လျှင် သီရိမဟာ သီဟသူရ သုဓမ္မရာဇာ-မာရ်အောင်ရတနာ ဒါယကာ လက်ထက်တွင် ဆရာအစဉ်အလာက ရှိစမြဲဖြစ်သော ထုံးစံလုပ်နေကျ အရုံဂိုဏ်းမှ အတင်ဂိုဏ်းဟု ပေါ်လာပြန်၍ တစ်ဂိုဏ်းသီးခြား ဖြစ်လေသည်။ ထိုအခါ အရုံဂိုဏ်း အတင်ဂိုဏ်းဟု ကွဲပြားစပြုလေသည်။ သံမှ သံချေးတက်သကဲ့သို့ အကောင်းမှ အဆိုးအမျိုးမျိုး ဆန့်ကျင်၍ ဂလန့်ဂျင် ဖြစ်လေသည်။ ဘုရင်မင်းတရားသည် အမှုမဲ့ အမှတ်မဲ့ သတိမမူ ဂူမမြင် သဘောနေရကား အရုံဂိုဏ်းနှင့် အတင်ဂိုဏ်းတို့သည် ထင်သလို စိုင်းပြင်းနေကြလေသည်။

ထို အရုံ အတင် ၂ ဂိုဏ်းတို့တွင် အရုံဂိုဏ်း ဆရာတို့မှာ ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ လမ်းမှန်စွာ တိုက်ရိုက်ဆိုထားသော စကားတော်ကို နလုံးမူ၍ ကြောင့်ကြမဲ့နေတော်မူကြသည်။ အတင်ဂိုဏ်း ဆရာတို့မူကား ၎င်းတို့ဝါဒမှာ ပါဠိအဋ္ဌကထာဋီကာ မလာမှန်း သိပါသော်လည်း တို့ဝါဒမှ မှန်သည်ဟု အခြားဝါဒမမှန်ဟု မိမိတို့ တပည့်တပန်းတို့အား ဩဝါဒပေးကြသည့်အတိုင်း လိုက်နာကာနေကြကုန်သည်။ အချို့ အတင်ဂိုဏ်းဆရာတို့မှာ ပါဠိအဋ္ဌကထာ မလာမှန်းသိသောကြောင့် စိတ်ထားမကောင်းကုန်ရကား ဘုရားရှေ့မျက်နှာတော်ကို မထောက်ထားဘဲ မိမိဝါဒသည် ဘာတစ်ခုမျှ အသုံးမကျကြောင်း သိပါလျက်နှင့် သီဟိုဠ်ပြန် အရှင်သဒ္ဓမ္မစာရီ၏ အဆက်အနွယ် ဝါဒဟု လိမ်လည်လှည့်ဖြားကြကုန်သည်။ မဟုတ်မမှန်သော ဝါဒဖြင့် ထင်ရှားမရှိသော သူတော်ကောင်းပုဂ္ဂိုလ်ကို ဓားစာခံ စွပ်စွဲထားလေသည်။ ထိုတွင်မကသေး။ ဖျာသီးရွာတွင် လောကဓမ္မကျိုးကို မကြည့် သီလမရှိသော လူထွက်ကြီးတစ်ဦးကို ၎င်းတို့ အတင်ဂိုဏ်းဝါဒနှင့် လျော်အောင် ကျမ်းတစ်စောင် ရေးစေပြီးလျှင် ၎င်းတို့အမှီအတွယ် ပြုလုပ်ထားလေသည်။ ထိုကျမ်းသည် စူဠဂဏ္ဌိ ဖြစ်လေသည်။ ထိုအခါ ညောင်စည်ရွှေကျောင်း ဆရာတော်က ဂါမဝါသီရဟန်းတို့ကို စုရုံးပေါင်းဖွဲ့၍ နာယက ပြုလုပ်ပြီးလျှင် ဦးထုပ်ဒေါက်ရာမဆောင်း အညွန့်အသား မဂ်လာမရှိသော ရဟန်းတို့ကို မနေစေနှင့်ဟု တောနေရဟန်းတို့ ကျောင်းကန်ကို ဖျက်ဆီး၍ နှင်ထုတ်ပစ်လေသည်။ ဆင်တဲရွာ အရှေ့တောင် သူဌေးကန် အနောက်တောင်တွင်နေသော တောနေရဟန်း ၅၀ ကျော်ကိုလည်း နှင်ထုတ်မည်ဟု ဂါမဝါသီတို့ တိုင်ပင်ကာ သွားကြလေသည်။ ထိုအကြောင်းကို မာရ်အောင်ရတနာ ဒါယကာ မင်းတရားကြီး ကြားသိတော်မူ၍ ရွာဂိုဏ်း တောဂိုဏ်း တခြားစီ ဖြစ်ပါသည်။ ရွာဂိုဏ်းက တောဂိုဏ်းကို ညှဉ်းဆဲရန် မသင့်ပါ။ ကိုယ့်ဝါဒနှင့်ကိုယ် ကြိုက်သလို နေထိုင်ကြပါဟု ဘုရင့်အမိန့်တော်နှင့် တားမြစ်ရလေသည်။ ထိုအခါမှ တောနေရဟန်းတို့ အေးချမ်းစွာ နေခွင့်ကိုရကြလေသည်။

## ဆင်ဖြူရှင်လက်ထက်
## အတင်ဂိုဏ်း အရုံဂိုဏ်း ကွဲလွဲပုံ

သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် သားတော် အိမ်ရှေ့မင်း မင်းဖြစ်တော်မူသည်။ မဟာသီဟသူရဓမ္မရာဇာ တံဆိပ်နာမံ ခံတော်မူသည်။ ထိုမင်းကို လောကမာရ်အောင်စေတီ ဒါယကာ တနင်္ဂနွေ မင်းတရားဟူ၍ လည်းကောင်း၊ ဆင်ဖြူရှင်မင်းတရားဟူ၍ လည်းကောင်း ခေါ်တွင်ကြလေသည်။ ထိုမင်းလက်ထက်၌ ရွှေရင်မျှော်ရွာကြီးနေ အရှင်ဥက္ကံသမာလာ ဆရာတော်ကို တွင်းသင်းမှူး အမတ်ကြီးက ပင့်လာ၍ အင်းဝရောက်လျှင် ရွှေကြက်ယက်တွင် ကျောင်းဆောက်၍ တင်လှူသည်။ ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့၌ အလွန်တတ်မြောက် လိမ္မာလှ၍

http://www.dhammadownload.com



မြန်မာဘာသာ မြန်မာဝေါဟာရ ခေါ်ဝေါ်ရေးသားမှုကို အကုန်အစဉ်ယူ၍ ဝဏ္ဏဗောဓန မည်သောကျမ်းကို စီရင်သည်။ ထိုဆရာတော်၏ မွေးရာ ဇာတိရွာမှာ ဘုရင်က စေတီအား ဝတ်ကြီးဝတ်ငယ်ပြုရန် လှူထားသော ရွာကြီးသားဖြစ်၍ ဘုရင်က မကိုးကွယ်ဘဲ အမတ်ကြီးကို ကိုးကွယ်စေသည်။

ထိုမင်းလက်ထက်မှာလည်း သာမဏေတို့ ရွာဝင်သောအခါ သင်္ကန်းရုံ ဝင်သင့်သည်၊ လက်ကန်တော့တင် ဝင်သင့်သည်ဟု အတင်ဂိုဏ်း အရုံဂိုဏ်းတို့ အချင်းများ၍ အငြင်းပွားလေသည်။ ထိုအခါ အရှင်ဉက္ကံသမာလာနာယက ဆရာတော်နှင့် အရုံဂိုဏ်းဝင်တို့သည် ကျမ်းဂန်အမျိုးမျိုးတို့ကို အကိုးပြု၍ ရုံသင့်ကြောင်းကို ဆိုကြသည်။ တောင်ဘီလူးဆရာနှင့် အတင်ဂိုဏ်းသား ရဟန်းတို့က ကျမ်းကိုးကို မပြနိုင်ဘဲ ဆရာ အစဉ်အလာကိုသာ ပြ၍ အရုံဂိုဏ်းဝါဒကို ပယ်ကြလေသည်။ ဘုရင်မင်းတရားကလည်း မှန်စီဆရာတော် မိုးထိဆရာတော် လက်ကောင်းဆရာတော် ဗုဒ္ဓကုံရ ဆရာတော် ၄ ပါးတို့ကို ဝိနည်းဓိုရ်ခန့်၍ မိမိတို့ဝါဒကို ပြစေရသည်။ ထိုဝိနည်းဓိုရ် ၄ ပါးတို့မှာလည်း ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် မကျနှ၊ ဝိနည်း မကျွမ်းကျင်ကြ။ မင်းနှင့် အကျွမ်းဝင်သော ရာဇဝလ္လဘ ဖြစ်၍သာ ဆရာတော် ဖြစ်ကြသည်၊ အခြားဂုဏ်ဘာမျှမရှိချေ။ ချုံပုတ်ပေါင်း ကောင်းရာ၌ အောင်းနေသော သမင်ကို ကျားတို့က ဖမ်းဖို့ရာ ခက်သကဲ့သို့၊ ထို့အတူ အတင်ဂိုဏ်းဝင်တို့ကို မင်းကိုအမှီရ၍ ကျမ်းဂန်မလာသဖြင့် နိုင်ရန်ဖြစ်သော်လည်း ဝိနည်းဓိုရ်တို့က စာမတတ်၍ အနိုင်မဖြစ်နိုင်တော့ချေ။ တဖက်စစ်သည်၏ အားကောင်းသည်ကိုသိ၍ နောက်ဆုတ်ကာ ရန်ကို ချေစေသော ပညာရှိ စစ်သူကြီးကဲ့သို့ လောကဓမ္မ ကျနလိမ္မာသော အရှင်ဉက္ကံသမာလာနှင့် အရုံဂိုဏ်းဝင်တို့မှာလည်း ပြီးပြတ်အောင် ပြောဆိုခွင့်မရ၍ လက်မှိုင်ချကာ နေရလေကုန်သတည်း။

### အရုံဂိုဏ်း ကျော်အောင်စံထားနှင့် အတင်ဂိုဏ်း ရှင်ပါသံသတို့အကြောင်း

သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် သားတော် အိမ်ရှေ့မင်း မင်းဖြစ်တော်မူသည်။ မဟာရာဇာဓိပတိ တံဆိပ်နာမံ ခံတော်မူသည်။ နောက် ၁၁၁၃ ခုနှစ်တွင် တလိုင်းမင်းက ဟံသာဝတီသို့ လက်ရ ဖမ်းယူခေါ်သွားခြင်း ခံရသောကြောင့် ဟံသာဝတီရောက်မင်းဟု တွင်လေသည်။ ထိုမင်းလက်ထက်တွင် ပုခန်းကြီးမြို့ ပိုက်သင်ရွာကျောင်းရှင်ဉာဏဝရကိုပင့်၍ ကိုးကွယ်တော်မူသည်။ ထိုဆရာတော်သည် ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ ကျနလိမ္မာသည်။ သုဓမ္မာသဘင်တွင် စာပြန်ပွဲဝင်ရာတွင် ပထမကျော် အောင်ခဲ့သော ဆရာတော်ဖြစ်၍ ပထမပြန် စာသင်သားတို့အတွက် သဂြိုဟ်ဂဏ္ဌိကို ပထမ စီရင်သည်။ ထို့နောက် အဋ္ဌသာလိနီဂဏ္ဌိ၊ သုရာဝိနိစ္ဆယ ကျမ်းများကိုလည်း စီရင်သည်။ ၎င်းနောက် ဟံသာဝတီရောက်မင်းက တောင်းပန်၍ အဘိဓာတ် နိဿယကျမ်းကို စီရင်သည်။ ယခုတိုင် ထင်ရှားစွာ သုံးနေရ၏။ မဟာရာဇာဓိပတိ ဟူသော ဘုရင်မင်း၏ တံဆိပ်နာမံတော်ကို သဒ္ဒါ၊ နေတ္တိ၊ ဝိဒဂ်၊ ဒဏ္ဍီ၊ ဇျဋ္ဌိနည်းတို့ဖြင့် တန်ဆာဆင်၍ စိစစ်သော ရာဇာဓိရာဇနာမတ္ထ ပကာသနီ ကျမ်းကိုလည်း ပြုသည်။ ဘုရင်သည် ဆင်တဲတွင်စံသော ယာယီစံနန်းကို သိမ်းပြီးလျှင် ကျောင်းတစ်ရာ ပြည့်အောင်ဆောက်၍ ကျော်အောင်စံထား ကမ္ပည်းတပ်ကာ တင်လှူတော်မူသည်။ ကျောင်းနာမည်ဖြင့် ကျော်အောင်စံထား ဆရာတော်ဟု ကျော်စောလေသည်။ ထိုအခါ ဘိုးတော်ဘုရားလက်ထက်က မပြီးမပြေ ကျန်ရစ်သော အရုံ အတင်ဝိဝါဒကို ပြေငြိမ်းရန်အတွက် ထပ်၍ ပြောဆိုစေပြန်သည်။ အရုံဂိုဏ်းဘက်က ကျော်အောင်စံထား ဆရာတော်၊ အတင်ဂိုဏ်းဘက်က ရှင်ပါသံသ ဆရာတော်တို့ ပဓာနပြုလုပ်၍ စကားအချေအတင် ပြောရသည်။ ဆုံးဖြတ်ရန်အတွက် မင်းကျွမ်းဝင်သော အောင်မြေရွှေဘုံဆရာတော်မှာ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် မကျနှ၊ ဝိနည်းမှန်းပင် မသိပေ။ မင်းကျွမ်းဝင်၍ မင်းက ခန့်ထားခြင်း ဖြစ်လေသည်။ အရှေ့အနောက် သိရုံမျှနှင့် ထွန်တုံးပေါ်တွင် ကြီးလာသော တောသားကို မင်းတိုင်ပင် တရားသူကြီးအရာ ခန့်ဘိသကဲ့သို့၊ မင်းကလည်း ရဟန်းဝိနည်းနားမလည်၍ ခန့်ခြင်းခံရသော အောင်မြေရွှေဘုံဆရာတော်မှာ အရုံ အတင် ၂ ပက္ခဝါဒကို ဆုံးဖြတ်ရန် ဘာတစ်ခုမျှ မတတ်နိုင်။ ကျွဲပါးစောင်းတီး ဖြစ်လေသည်။ ထိုအခါ မင်းကလည်း နိုင်ငံတော်အတွင်း ရုံလိုရုံ တင်လို

http://www.dhammadownload.com



တင် သဘောကျသလို နေကြပါဟု အမိန့်တော်ပြန်ရ၍ ထိုဝါဒကို မငြိမ်းခဲ့ချေ။ ထိုနောက် ၁၁၁၃ ခုနှစ်တွင် ရတနာပုရ အဝပြည်ကြီး ပျက်စီးလေသည်။

### အလောင်းမင်းတရားကြီးလက်ထက် အတင်ဂိုဏ်း လွှမ်းမိုးပုံ

ထိုနောက် ဒုတိယနှစ် ရတနာသိခ ရွှေမြို့တော်ကို ဖန်ဆင်းတော်မူသော မင်းတရားကြီးသည် ရာမညတိုင်း တလိုင်းမင်း စစ်သည်အပေါင်းတို့ကို လယ်ကွင်းကစာကို ခြောက်ပစ်သကဲ့သို့ ဘုန်းလက်ရုံးဖြင့် နိုင်တော်မူ၍ ရာမညတိုင်း တလိုင်း အောက်ပြည်ကိုပါ အစိုးရလေသည်။ ထိုအခိုက် နေတွေ့သော ကြာသည် အနောတတ်ရေစင်ဖြန်းလျှင် လန်းရွှင်သကဲ့သို့ ရာမညတိုင်း တလိုင်းစစ်သည်တို့ နှိပ်စက်သဖြင့် ဆင်းရဲဒုက္ခ ရောက်ကုန်သော တိုင်းနိုင်ငံနေ ရဟန်းရှင်လူ အားလုံးတို့ကို ကိုယ်စိတ်ချမ်းသာ ဝမ်းသာစေလေသည်။ မြန်မာတစ်ပြည်လုံးက ငါတို့၏ ဘုရင်မင်းသည် ပါရမီပြည့်သော အလောင်းတော်မြတ် ဗောဓိသတ်ဟု မြေပြင်မဆန့် ကောင်းကင်နံ့အောင် ကြားလွှင့်နေရကား၊ အလောင်းမင်းတရားကြီးဟု ကျော်ကြားနေလေသည်။ တစ်လလျှင် ၄ သီတင်း သံဃာတော်တို့အား မပြတ် ဆွမ်းလုပ်ကျွေးတော်မူသည်။ မိဖုရား မောင်းမမိဿံ မှူးမတ် ခြွေရံနှင့်တကွ ဥပုသ်စောင့်တော်မူသည်။ ဂုဏ်တော် ၃ ပါး ပါဠိအနက်ကိုလည်း နန်းတော်တစ်ခုလုံး လေ့ကျင့် ဆောင်ရွက်စေလေသည်။ ဥဿျစ်ကျေးရွာ အတင်ဂိုဏ်း ရှင်ယသကို ဆရာပြု၍ ကိုးကွယ်တော်မူသည်။ မဟာအတုလယသ ဓမ္မရာဇဂုရုဟု တံဆိပ်နာမံ ကပ်လှူတော်မူသည်။ ထိုအခါက အရုံဂိုဏ်း ပလိုင်းရှင် သုဇာတ ဆရာတော်တို့က သာမဏေတို့ ရွာဝင်လျှင် သင်္ကန်းရုံဝင်ခြင်းသည် ဓမ္မဝါဒီ ဖြစ်ကြောင်း ကျမ်းပြု၍ ~သွင်းသည်။ အတင်ဂိုဏ်း အတုလ ဆရာတော်တို့ကလည်း ရှေးက အင်းဝ တနင်္ဂနွေမင်း ကြာသပတေးမင်းတို့ လက်ထက်ကပင် အဓိကရဏ်း ငြိမ်းခဲ့ပြီ။ ပြီးပြီးသောအမှုကို တစ်ဖန်ပြန်၍ မဖွင့်သင့်ကြောင်းဖြင့် မင်းထံ စာသွင်းကြပြန်သည်။ ထိုအခါ အလောင်းမင်းကြီးသည် ၂-ပက္ခဝါဒကို အချေအတင် ပြောစေလိုပါသော်လည်း တိုင်းရေးပြည်ရေး များစွာရှိသေးသည်။ သာသနာရေး ရှိစေဦး။ တိုင်းရေးပြည်ရေး အေးဆေးမှ သာသနာရေး စီမံမည်ဟု အမိန့်တော်ပြန်ထားလေသည်။ နောက်မကြာမီ နိုင်ငံတွင်းရှိ ရဟန်းသာမဏေအားလုံးပင် ဘုရင့်ဆရာ အတင်ဂိုဏ်းအလိုအတိုင်း နေရမည်ဟု အမိန့်တစ်စောင် ထုတ်လေသည်။ ထိုအခါ အရုံဂိုဏ်းဝင်တို့သည် မင်းအာဏာစက်ကို မလွန်ဆန်နိုင်ရကား အတင်ဂိုဏ်း၏ စက်တွင်းသို့ သက်ဆင်းကာ နေရလေကုန်သည်။

### တရားကို နတ်စောင့်ပုံပြသော မောင်းထောင်ဆရာတော် ၂ ပါး

ထိုအခါ မောင်းထောင်ရွာ ဆရာတော် ၂ ပါးတို့သည် မိမိတို့၏ တပည့်တို့အား ရွာဝင်လျှင် သင်္ကန်းရုံဝင်ရမည်ဟု ဩဝါဒပေးကာ နေကြလေကုန်သည်။ ထိုအကြောင်းကို အလောင်းမင်းကြီး၏ ဆရာတော် အရှင်မဟာအတုလယသ (သာသနာပိုင်) က သိ၍ ခေါ်စေသည်။ မောင်းထောင် ဆရာတော် ၂ ပါးသည် မြို့ရောက်သောအခါ ဥပါသကာ တစ်ယောက်က ကြည်ညို၍ ဆွမ်းကွမ်း လုပ်ကျွေးလေသည်။ သာသနာပိုင် ဆရာတော်သည် ထိုမောင်းထောင်ဆရာတော် ၂ ပါးကို သဲဒဏ်ပေး၍ သဲကိုယူစေပြီးလျှင် ဆွမ်းကျွေးသော ဒါယကာ၏ အိမ်ရှေ့တွင် ကြဲစေသည်။ ဝိနည်းနှင့် မတော်မလျော်ကျင့်၍ ဒဏ်ထားချက်ဟု ကြွေးကြော်စေလေသည်။ ထိုမထေရ် ၂ ပါး သဲဒဏ်ကို ထမ်းဆောင်နေစဉ် ... "ဩော် ငါတို့မှာ တရားတော်နှင့် လျော်ညီစွာ ကျင့်ကြံနေပါလျက် ဤသို့ မသင့်မတော်သောအမှုကို ပြုရပေ၏။ လောကကြီးသည် အုံ့ရှိုးဖွယ်ရှိပေစွ" ဟု ညည်းညူတော်မူကြလေသည်။ ထိုနောက် မထေရ်တစ်ပါးက လောကကို စောင့်ကုန်သော သမာဒေဝနတ်တို့သည် ဤသို့သော အဓမ္မအမှုကို ကြောင့်ကြမဲ့နေခြင်းငှာ မထိုက်ပေ။ ယခုအခါ သမာဒေဝတို့သည် မေ့နေကြလေကုန်သလားဟု တိုင်တန်းလေသည်။ ထိုအခိုက် ခဏချင်း မိုးရွာ၍ သာသနာပိုင်ကျောင်းနှင့် နန်းတော်ကို မိုးကြိုးခလေသည်။ သို့သော်လည်း ထိုသာသနာပိုင်သည် အလွန် မာနကြီးရကား သတိသံဝေဂ မရရှာချေ။

ထိုနောက်တစ်ဖန် အလောင်းမင်းတရားကြီးသည်

http://www.dhammadownload.com



နိုင်ငံတော်တွင် ရှင်ရဟန်းအားလုံးတို့သည် ငါ၏ဆရာ (သာသနာပိုင်) ၏ဝါဒကို လိုက်နာကြသလော၊ မလိုက်နာဘဲ နေကြသလောဟု အမတ်တို့အား မေးမြန်းတော်မူရာ ပုခန်းကြီးမြို့၊ နီပရွာ ရှင်မုနိန္ဒဃောသ ဆရာတော်သည် မလိုက်နာဘဲ ၎င်း၏ တပည့်တပန်းတို့အား အရုံဂိုဏ်း ဝါဒကို ဩဝါဒ ပေးနေကြောင်းကို လျှောက်တင်လေသည်။ ဘုရင်မင်းတရားသည် ရှင်မုနိန္ဒဃောသ ဆရာတော်ကို ခေါ်တော်မူ၍ သုဓမ္မာ လွှတ်တော်သို့သွင်းပြီးလျှင် ဆရာတော် သံဃာတော် စုံညီရှေ့တွင် ထိုမထေရ်၏ ဝိနည်းပညတ် မသိမလိမ္မာသော အချက်ကို သိမြင်လိမ္မာအောင် ဆုံးမပေးကြစေဟု အမိန့်တော်ပြန်သဖြင့် ထိုအတိုင်း စီမံရလေသည်။ သုဓမ္မာလွှတ်တော်တွင် သံဃာစုံညီ စုဝေး၍ ၎င်းဆရာတော်ကို ဆုံးမဩဝါဒ ပေးကြလေကုန်သည်။ ထိုအစည်းအဝေးတွင် မထေရ်တစ်ပါးက မင်းဆရာ သာသနာပိုင်၏ မျက်နှာကိုကြည့်၍ ဘုရားမျက်နှာတော်ကို မထောက်ထားဘဲ ရှင်မုနိန္ဒဃောသအား "ငါ့ရှင် တစ်ပြည်လုံး သံဃာတို့က သာသနာပိုင်၏ ဩဇာအာဏာအတိုင်း အတင်ဂိုဏ်း ဖြစ်နေကြကုန်ပြီ။ ငါ့ရှင် တစ်ယောက်သာလျှင် ကိုယ့်ပရိသတ်နှင့်ကိုယ် အရုံဂိုဏ်းလုပ်၍နေခြင်းသည် မာနခံ၍ နေသလော။ ဤမသင့်သောဝါဒကို စွန့်ပါ" ဟု ဆိုလေသည်။ ထိုအခါ ရှင်မုနိန္ဒဃောသ ဆရာတော်က ထိုမထေရ်၏မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် အရှင်သည် ယခင်က သီလကိုချစ် အပြစ်ကိုမြင် သူတော်စင်ဟု ကြားဖူးပါသည်။ သီလကို ချစ် အပြစ်ကိုမြင် သူတော်စင်ပုဂ္ဂိုလ်သည် ဤစကားကို ပြောရန်မသင့်ပါ, အကယ်၍ အရှင်က ငါ့ကို ဘုန်းမဲ့ ကံမဲ့သူတစ်ယောက်ဟု မရှိမသေ ဆိုလိုပါသော်လည်း ကျွန်ုပ်ဆရာ၏မျက်နှာကိုထောက်၍ ဤစကားမျိုးပြောရန် မသင့်ပါ, ဟု လျှောက်လေသည်။ သင်၏ဆရာ မည်သူနည်းဟု မေးသောအခါ သုဓမ္မာ လွှတ်တော်ပေါ်တွင် ရှိသော ဘုရားဆင်းတုတော်ကို ရှိခိုး၍ ဤပုဂ္ဂိုလ်ကား ကျွန်ုပ်၏ဆရာဟု ဖြေကြားလေသည်။ ထိုသို့ဖြေကြားရာ၌ ငါ့ဆရာဟု နှုတ်ကဆိုသည်နှင့်တစ်ပြိုင်နက် သံဃာ့အလယ်က ထပြီးလျှင် လက်ကန်တော့တင် ဆောင်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင် အရှင်ဘုရား တပည့်တော်သည် အသက်ကိုသာ စွန့်ပါအံ့။ ဘုရားရှင်၏ သိက္ခာပုဒ်ကျင့်ဝတ်ကိုမူ ဘယ်အခါမှ မစွန့်ပါဟု လျှောက်ထားလေသည်။

ဘုရင်မင်းတရားသည် ထိုအကြောင်းကို ကြားသဖြင့် ဤဆရာတော်သည် မာနကြီးလှပါတကား။ ငါ၏ နိုင်ငံတော်တွင် နေဖို့ရန်မသင့်ဟု ဆိုပြီးလျှင် နယ်ခြားသို့ ပို့ရန် အမိန့်ထုတ်လေသည်။ နယ်ခြား ရောက်သောအခါ နယ်ခြားရှိ လူကြီးတို့က မင်းချင်းယောကျ်ားတို့အား တံစိုး လက်ဆောင်ထိုး၍ ဤအရပ်တွင်ထား၍ ပြန်ကြစေလေသည်။ ရှင်မုနိန္ဒဃောသ ဆရာတော်လည်း ထိုနယ်ခြား အရပ်တွင် အရုံဂိုဏ်းဝါဒကို ပြန့်ပွားစေ၍ သာသနာပြု ပြန်လေသည်။ သင်္ဂြိုဟ်နိဿယကိုလည်း ရေးသားတော်မူသည်။ ထိုအကြောင်းကို ဘုရင်နားပေါက်ပြန်၍ ရှင်မုနိန္ဒဃောသကို ခေါ်ပြန်လေသည်။ ဆရာတော်သည် သူ့ကိုသတ်ရန်ခေါ်သည် ထင်မှတ်၍ သိက္ခာချကာ လူဝတ်လဲ၍ လိုက်ပါလာလေသည်။ မင်းကြီးသည် သင်သည် ရဟန်းဖြစ်လျက် အရုံဂိုဏ်း ဝါဒဖြန့်နေသည်ဟု ငါကြားသည်။ ယခု ဘာကြောင့် လူဝတ်လဲလာသနည်းဟု မေးရာ၊ အကယ်၍ မင်းကြီးက ငါ့ကိုသတ်လိုပါမူ သင့်အား ကံကြီးမထိုက်ရန် ငါ့ လူဝတ်လဲခဲ့သည်။ သတ်လိုမူ သတ်ဟု ရဲဝံ့စွာ ဆိုလေသည်။ မင်းကြီးသည် ထောင်သွင်း အကျဉ်းချထားပြီးလျှင် ရှမ်းပြည်သို့ စစ်သား အဖြစ်နှင့် ပို့လေသည်။ စစ်တိုက်ရာကအပြန် လမ်းတွင် သေဆုံးရှာလေသည်။ ။ သြော် ... ဆရာကောင်းကို မမှီရသော မင်းတို့သည် ဗဟုသုတကင်းမဲ့၍ အရမ်းမဲ့ သာသနာ့တံခွန် အောင်လံတို့ကို ချိုးပစ်ပုံမှာ ဝမ်းနည်းဖွယ် ကောင်းလေစွတကား။

## တောင်တွင်းဆရာတော် ပုဂ္ဂိုလ်ကျော်

သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် သားတော်ကြီး အိမ်ရှေ့မင်း မင်းဖြစ်တော်မူသည်။ သီရိပဝရ မဟာဓမ္မရာဇာ တံဆိပ်နာမံ ခံတော်မူသည်။ ရွှေဘိုမြို့မှ ရွှေ့၍ စစ်ကိုင်းမြို့ကို တည်ထောင်ဖန်ဆင်းသော ဘုရင်မင်း ဖြစ်သောကြောင့် စစ်ကိုင်းမင်းဟုလည်း ခေါ်တွင်ကြသည်။ မင်းသားအဖြစ်နှင့် ဒီပယင်းမြို့ကို စားရ၍ ဒီပယင်းမင်း ဟူ၍လည်း ခေါ်ကြသည်။ တောင်တွင်းကြီးမြို့ ပုဂ္ဂိုလ်ကျော်ဆရာတော် အရှင်ဉာဏမထေရ်ကို ဆရာပြုလုပ် ကိုးကွယ်

http://www.dhammadownload.com



တော်မူသည်။ ထိုဆရာတော်သည် ပညာဉာဏ် ထက်သန်ကြီးကျယ်လှသည်။ တစ်နေ့လျှင် စာများကို ပေစာချပ် •အင်္ဂါ တစ်ကိုက်ခန့်ရသည်။ ၁၀ ဘာဏဝါရ၊ ၉ ဘာဏဝါရရှိ စာပေတို့ကို ရအောင် ဆောင်ရွက်နိုင်၍ တောင်တွင်းကျော်ဟု ကျော်စော ထင်ရှားနေလေသည်။ ရဟန်းပျိုဘဝကပင် ပုဒ်စစ်ကျမ်း၊ ညသ်အရကောက်ကျမ်း၊ ယမိုက်အရွှကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းတို့ကို ရေးသားတော်မူခဲ့သည်။ မင်းတရားက မဟာဘုံသာကျောင်းတော်ကို တင်လှူတော်မူသည်။ ဉာဏလင်္ကာရ မဟာဓမ္မရာဇဂုရု ဟူသော တံဆိပ်နာမံ လှူတော်မူသည်။ ထိုအခါ အရုံဂိုဏ်းဝင် သံဃာတော်တို့က ယခုအခါ ငါတို့ အရုံဂိုဏ်းဝင် တောင်တွင်းပုဂ္ဂိုလ်သည် ဘုရင့်ဆရာ သာသနာပိုင် ဖြစ်ချေပြီ။ ငါတို့ အမိုတကဲ ရပြီဟု တိုင်ပင်ကြပြီးလျှင်၊ သာမဏေများ ရွာတွင်းသွားလျှင် သင်္ကန်းရုံစေသင့်ကြောင်းကို ဘုရင့်ထံသို့ စာသွင်းကြလေသည်။ ထိုအခါ သာသနာပိုင်ဟောင်း အတုလဆရာတော်က ယခင်နည်းကဲ့သို့ အင်းဝမင်းလက်ထက်က ငြိမ်းပြီးသောအမှု ဖြစ်ကြောင်းကို စာသွင်းပြန်၍ ပြောဆိုခွင့်မရ ရှိပြန်ရကား အရုံဂိုဏ်းသားတို့မှာ လက်မှိုင်ချ၍ နေရပြန်ကုန်သတည်း။

## ညီတော် ဆင်ဖြူရှင်မင်းလက်ထက် အတင်ဂိုဏ်းတို့ မလွှမ်းနိုင်ပုံ

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် ညီတော် ဆင်ဖြူရှင်မင်း မင်းဖြစ်တော်မူသည်။ သီရိပဝရသုဓမ္မမဟာရာဇိန္ဒာဓိပတိ တံဆိပ်နာမံ ခံတော်မူသည်။ ၎င်းဆင်ဖြူရှင် မင်းတရား မင်းသားဖြစ်စဉ် မြေဒူးမြို့ကို စားသောကြောင့် မြေဒူးမင်းဟု ခေါ်ကြ၏။ ရတနာပုရ အင်းဝမြို့ကို တတိယအကြိမ် ဖန်ဆင်းသောကြောင့် တတိယ ရွှေဝမြို့တည်မင်းတရားဟု တွင်သည်။ မကွေးမြို့မှ ဆဒ္ဒန်ဆင်ဖြူတစ်စီး ရသောကြောင့် ဆင်ဖြူရှင်မင်းတရားဟုလည်း တွင်သည်။ စရစ်ရွာ ဆရာတော် ရှင်စန္ဒာဝရကို ဆရာပြုလုပ် ကိုးကွယ်တော်မူသည်။ ဘုံကျော်တုလွတ် ကျောင်းတော်ကို တင်လှူတော်မူသည်။ ဇမ္ဗူဒီပ အနန္တဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

ထိုမင်းလက်ထက် တိုင်းသူပြည်သားအချို့တို့ ဖောက်ပြန်၍ မိစ္ဆာဒိဋ္ဌိအယူ ယူကုန်၍ ၎င်းတို့ကို သမ္မာဒိဋ္ဌိ အယူကို မင်းအာဏာဖြင့် ယူစေရကုန်သည်။ ထိုခေတ်တွင်လည်း အတင်ဂိုဏ်းကို အရုံဂိုဏ်းက မလွှမ်းမိုးနိုင်ဘဲ ရှိပြန်လေသတည်း။

## စဉ့်ကူးမင်းလက်ထက် အရုံဂိုဏ်းက အနိုင်ရပုံ

သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် ထိုမင်း၏ သားတော် စဉ့်ကူးမင်း မင်းဖြစ်တော်မူသည်။ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူသည်။ မင်းမဖြစ်မီက စဉ့်ကူးမြို့ကို စားရ၍ စဉ့်ကူးမင်း တွင်သည်။ ရွှေမြို့တော်တောင်မိုးထိကျောင်းရာ၌ ဘုံ ၅ ဆင့် ကျောင်းတော်ကြီးကို ဆောက်၍ အောင်မြေစံလွှတ် ကမ္ပည်းတပ်ပြီးလျှင် မန်လည်ဆရာတော်အား တင်လှူတော်မူသည်။ ဂုဏမုနိန္ဒာဘိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံ လှူတော်မူသည်။ ထိုအခါ အရှင်နန္ဒမာလာ မည်သော ဆရာတော်တစ်ပါးသည် စလင်းမြို့ အရှေ့ကျောင်းတွင် နေ၍ စာပေ ပို့ချနေသည်။ သာမဏေတို့အား ရွာဝင်လျှင် သင်္ကန်းရုံဝင်ရမည်။ ရွာသွားရွာဝင် လက်ကန်တော့တင်သည်ကား ပါဠိအဋ္ဌကထာဋီကာ၌ မတည်။ ဝိနည်းတရားနှင့်မညီဟု အတင်ဂိုဏ်းသားတို့ ဝါဒကို ပယ်ချ၍ မပြတ်ဩဝါဒပေးကာ နေလေသည်။ ပါဠိအဋ္ဌကထာ ဋီကာလာတိုင်း ထုံးပြ၍ အရုံဂိုဏ်းဝါဒကို တစ်ကျမ်းတစ်ဖွဲ့ စီကုံးရေးသားလေသည်။ ထိုအခါ အတင်ဂိုဏ်း ဆရာတို့က ထိုကျမ်းကို ဘုရင်ထံ ပို့ကြလေကုန်သည်။ ဘုရင်မင်းမြတ်သည်လည်း ထိုအခါ၌ အိပ်မက် မြင်မက်ပုံမှာ ... သိကြားမင်းသည် ဖြူစင်သော အဝတ်တန်ဆာ ရတနာကို ဝတ်ဆင်၍ ဖြူသောပန်းတို့ကို ပန်၍ ဘုရင့်ထံ လာပြီးလျှင် မြတ်သောမင်းကြီး အပရန္တတိုင်း နမ္မဒါမြစ်ကမ်း၌ ခြေတော်ရာစေတီသည် သစ်ပင် ချုံပုတ်တို့ဖြင့် ဖုံးအုပ်ကာနေလေသည်။ ရှေးရှေးမင်းတို့သည် မသိကြ၍ မရှင်းလင်းခဲ့ကြချေ။ သင် မင်းကြီးသည် ယခုအခါ ဟုတ်တိုင်းမှန်စွာ သိသဖြင့် ရှင်လင်းထိုက်ပေသည်။ ထိုအရာ၌ ရဟန်း

---

• ပေ တစ်အင်္ဂါလျှင် ၁၂ ချပ် ရှိသည်။ တစ်ကိုက်လျှင် ပေအင်္ဂါ ၂၀ ခန့်ရှိ၍ ချပ်ရေ ၂၄၀ ခန့် ရှိနိုင်မည် ထင်ရသည်။

တစ်ဘာဏဝါရ ဆိုသည်မှာ ၃၂ လုံးရှိ ဂါထာ ၂၅၀ ဖြစ်၍ ၁၀ ဘာဏဝါရမှာ ဂါထာ ၂၅၀၀ ရှိသည်။

http://www.dhammadownload.com



တစ်ပါးသည် လာလတ်၍ တရားမှန် ပြပါလိမ့်မည်ဟု အိပ်မက် မြင်လေသည်။ ရေမြေသနင်း တရားမင်းသည် ဤအိပ်မက်ကို ဆင်ခြင်၍ တရားမှန် ထွန်းကားတော့မည်ဟု နှလုံးသွင်းပြီးလျှင် စလင်းမြို့ အရှင်နန္ဒမာလာ ဆရာတော်ကို ရတနာပုရ ရွှေအင်းဝသို့ ပင့်တော်မူစေ၍ ရွှေမြို့တော်၏ သေန်အရပ် ရေနန်းတော်ဝယ် တည်းခိုနေထိုင်စေတော်မူသည်။ အရှင်မေဃလိပုတ္တ တိဿ မထေရ်သည် သီရိဓမ္မာသောကမင်းကြီးအား သမ္မာဝါဒကို သင်ပေးသကဲ့သို့ အရှင်နန္ဒမာလာ ဆရာတော်သည် သာမဏေတို့ ရွာသွားရွာဝင်တွင် သင်္ကန်းရုံသင့်သော ဝါဒကို ပါဠိ အဋ္ဌကထာ ဋီကာတို့ဖြင့် ဘုရင်မင်တရားအား သင်ကြားသိစေတော်မူသည်။ ရေမြေသနင်း ပြည့်ရှင်မင်းသည် ဖြည့်ဆည်းပူးအပ်သော ဘုန်းပါရမီရှင် ဖြစ်တော်မူရကား အရုံဂိုဏ်း ဝါဒသာ ပါဠိအဋ္ဌကထာနှင့်ညီသည်။ အတင်ဂိုဏ်း ဝါဒသည် တရားနှင့်မညီဟု သိတော်မူ၍ ၂ ဂိုဏ်းသားတို့ကို ရွှေနန်းတော်တွင် တရားကျန်းဂန်ပြ၍ မိမိတို့ဝါဒကို ဆိုစေကြသည်။ ထိုအတင်ဂိုဏ်းသားတို့က သင်တို့၏ အရုံဂိုဏ်းဝင် ဝါဒသည် ပါဠိအဋ္ဌကထာ၌ ဘယ်လို လာပါသနည်းဟု မေးရာ၊ အရုံဂိုဏ်းသားတို့က ပရိမဏ္ဍလံ ပါရုပိဿာမိ, သုပ္ပဋိ ဆန္နော အန္တရဃရေ ဂမိဿာမိ စသော ဝိနည်း ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့ကို လမ်းမှန်အောင် ပြကြကုန်သည်။ ၎င်းနောက် အရုံဂိုဏ်းဝင်တို့က အတင်ဂိုဏ်းတို့၏ ဝါဒကို ပါဠိတော် အဋ္ဌကထာနှင့် ပြကြပါဟု ဆိုသောအခါ အတင်ဂိုဏ်းဝင်တို့သည် တံခါးမရှိသော အိမ်ကို ဝင်မိသောသူ ညအခါ လမ်းမှားသော ခရီးသွားကဲ့သို့ တစ်စုံတစ်ခုကို ကိုးကား၍ ဆိုဖို့ရန် မတတ်နိုင်ကြကုန်။ ပါးစပ်သည် စားရန် စကားပြောရန်ဖြစ်၍ ထင်ရာမြင်ရာ ဟုတ်လိုဟုတ်ငြား ဆိုပါသော်လည်း ဘုရင်မင်းမြတ် အလိုတော်ကျရန် မတတ်နိုင်ကြကုန်။ ဘုရင်မင်းတရားသည် မထေရ်မြတ်တို့ကိုမှီ၍ ဝိနည်း၌ ကျွမ်းကျင်နေသောကြောင့် အရုံဂိုဏ်းဝါဒသာ ပါဠိအဋ္ဌကထာ လာသည်၊ အတင်ဂိုဏ်းဝါဒ ပါဠိအဋ္ဌကထာ မလာ၊ သို့ပါလျက် အဘယ်ကြောင့် ဤသို့ဤပုံ ပြုလုပ်ကြပါကုန်သနည်းဟု မေးလျှောက်ရာ အတင်ဂိုဏ်းသားတို့သည် ၄ တောင်မျှရှိ တိုက်ခန်းထဲတွင် နိုးထုပ်နိုးထည်နှင့်မိသော သူခိုးကဲ့သို့ လည်းကောင်း၊ လူတို့ဖမ်းမိသော ကျီးကဲ့သို့ လည်းကောင်း ဘာမှပြောဆိုရန် မတတ်နိုင်ရကား ငါတို့၏ ဝါဒသည် ပါဠိအဋ္ဌကထာ၌ မလာပါ၊ သို့ပါလျက် ဆရာစဉ်ဆက် ငုံကွက်၍ လေ့ကျက်တုပခြင်း ဖြစ်ပါသည်ဟု ဝန်ချ၍ အရှုံးပေးပြီးလျှင် အရုံဂိုဏ်းသို့ ဝင်ကြလေကုန်သည်။ မင်းတရားကလည်း ဤအခါမှစ၍ ကျမ်းရန်လာသည့်အတိုင်း ရွာသွားရွာဝင်လျှင် သင်္ကန်းဝတ်ရုံရန် သာမဏေများအား ဩဝါဒပေးကြပါဟု အမိန့်တော်ပြန်တမ်း ထုတ်ရလေသည်။ ထိုအခါမှစ၍ အတင်ဂိုဏ်းသားတို့သည် နေထွက်သောအခါ မထွက်ဝံ့သော ဇီးကွက်တို့ကဲ့သို့ ဦးခေါင်းမော်ခြင်းငှာ မတတ်နိုင်ကြကုန်သတည်း။

လောကသရဖူ ဘုရားရှေ့တွင် စမုခ် ၂ ဆောင်၊ ပြာသာဒ် ၂ ဆောင်နှင့်တကွ လေးထပ်ကျောင်းတော် ဆောက်လုပ်ပြီးလျှင် ဘုံကျော်ဝေယံကမ္ဘည်း တပ်တော်မူလျက် အရှင်နန္ဒမာလာအား တင်လှူတော်မူသည်။ နရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ ထိုဆရာတော်သည် ပုဂံဆပ္ပဒဂိုဏ်းဝင် ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် ကျနလှ၍ ရဟန်းပျိုဘဝကပင် ဝိနယဝိနိစ္ဆယ အဋ္ဌကထာ, သုတ္တသင်္ဂဟ အဋ္ဌကထာ, သုတ်မဟာဝါ အဋ္ဌကထာ နိဿယများကို ရေးတော်မူခဲ့သည်။ သာသနာသုဒ္ဓိဒီပက ကျမ်းကိုလည်း ပြုတော်မူခဲ့သည်။

## စစ်ကိုင်းမင်းတရားလက်ထက်<br>အရုံဂိုဏ်းတို့ ဒုတိယအောင်ပွဲရပုံ

သက္ကရာဇ် ၁၁၄၃ ခု * တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့တွင် ရွှေဘိုရတနာသီခ မြို့တည်နန်းတည် အလောင်းမင်းတရားကြီး၏ သားတော်အလတ်၊ စစ်ကိုင်းမင်းတရား အင်းဝမင်းတရားတို့၏ ညီတော်ရင်း မင်းတရားသည် ရတနာပုရ အင်းဝပြည်ကြီးကို သိမ်းမြန်းစိုးစံတော်မူ၍ မင်းခေါင်မင်းဖျား မင်းတရား ဖြစ်တော်မူသည်။ ထိုမင်းကား မင်းသားဖြစ်စဉ် ပဒုံမြို့ကိုစားရ၍

* ရာဇဝင်ကြီး၌ တပေါင်းလဆုတ် ၁၄ ရက်၊ သာသနာလင်္ကာရ၌ လဆုတ် ၁၅ ရက် ဆိုသည်။ ထို ၂ ချက်လုံးသည် စာရေးများက အရေးမှားဟန် တူလေသည်။

http://www.dhammadownload.com



လိုက်လံရှာဖွေ ပင့်စေပြီး ဘုရင့်ဆရာအဖြစ် ကိုးကွယ်တော်မူလေသတည်း။

**အင်းဝသာသနာဝင် ပြီး၏။**

**ဖဿဖဿ**

### အမရပုရ သာသနာဝင်

လောကထွတ်ထား ဂေါတမ ရှင်တော်ဘုရားသည် သက်တော်ထင်ရှားရှိစဉ်က ခရီးဒေသစာရီ ကြွချီတော်မူစဉ်ကပင် ဘီလူး ၄ ယောက်တို့အား ဆုံးမဩဝါဒ ပေးတော်မူ၍ ၎င်းတို့လှူသော သားပြွမ်းဆွမ်းကို တောင်သမန်သို့ရောက်မှ ဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးပြီးလျှင် ပြုံးတော်မူလေသည်။ ထိုပြုံးခြင်းအကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်၍ ဤအရပ်၌ မင်းနေပြည်ကြီး ဖြစ်လတ္တံ့၊ ဘီလူး ၄ ဦးတို့သည် မင်း ၄ ပါး ဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော်မူလေသည်။ ထိုသို့ ဗျာဒိတ်ကြားခဲ့သည့်အတိုင်းပင် သက္ကရာဇ် ၁၁၄၄ ခုနှစ်* တပေါင်းလဆုတ် ၁၂ ရက် အင်္ဂါနေ့ ဥတ္တရဖဂ္ဂုဏီနက္ခတ်နှင့် ယှဉ်သောအချိန်တွင် အမရပုရ ရာဇဌာနီ မင်းနေပြည်ကြီးကို ဖန်ဆင်းတော်မူသည်။ ၁၁၄၅ ခုနှစ်တွင် သာသနာကျမ်း လောကီကျမ်းတို့နှင့်အညီ ရာဇာဘိသေက ခံတော်မူ၍ ရွှေထီးရွှေနန်း သိမ်းမြန်း စိုးစံတော်မူသည်။ သီရိပဝရ ဝိဇယာနန္တယသတြိဘဝနာဓိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ ဟူသော တံဆိပ်နာမံ ခံတော်မူသည်။ ဘုန်းတော်တန်ခိုး လွန်တိုးပွားသော ဘုရင်ဖြစ်၍ သာသနာရေး သာသနာမှုကို ကြီးကျယ်စွာ ချီးမြှောက်တော်မူသည်။ ချီးမြှောက်တော်မူပုံ သာသနာဝင် စာတမ်းမှာ ဤသို့ပင်တည်း။ ရွှေမြို့တော် ပန္နက်ချစဉ်က ကျောင်းတော်ကြီး ၄ ကျောင်းကို တစ်ပြိုင်တက် ပန္နက်ချ၍ ဆောက်လုပ်ခဲ့လေသည်။ ကျောင်းကြီး ၄ ရပ်တွင် နန်းမတော်ရှင် အဂ္ဂမဟေသီ မိဖုရားကြီး၏ အောင်မြေဘုံကျော် ကျောင်းတော်ကို ဂုဏာဘိလင်္ကာရ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇာဂုရု တံဆိပ်တော်ရ မင်းအိုဆရာတော်အား တင်လှူတော်မူသည်။ ကနီမြို့စားမင်းသမီး၏

ပဒုံမင်းဟူ၍ တွင်သည်။ မြေးတော် ဖန်နန်းရှင် နန်းတက်သောအခါမှ ဘိုးတော်ဘုရား တွင်သည်။ သီရိဓမ္မာသောကမင်းကြီးကဲ့သို့ ဘိသိက်မခံဘဲ ၄ နှစ်တိုင် တိုင်းရေးပြည်ရေး သာသနာရေး ပြုစုပြီးမှ ၂ ကြိမ်တိုင် ဘိသိက်ခံတော်မူသည်။ ထိုမင်းတရားသည် ဤသို့ စဉ်းစားတော်မူသည်။ သြော် ... အတင်ဂိုဏ်း အရုံဂိုဏ်း ဝိဝါဒကြီးသည် အင်းဝမင်းအဆက်ဆက် မပြီးပြေဘဲ ရှိခဲ့ရာ စဉ့်ကူးမင်း လက်ထက် နန်းတော်တွင်း ဘုရင့်ရှေ့မှောက်တွင် ပြိုင်ဆိုင်ပြောဆိုရသဖြင့် ကြောက်ရွံ့ ခန့်ညားသဖြင့် ဝန်ချသည်လည်း ဖြစ်ချင် ဖြစ်တန်ရာသည်။ ယခု ငါ၏ ရွှေလက်ထက်တွင် မကြောက်ရွံ့ မခန့်ညားရအောင် ဆရာတော်များရှိရာ ကျောင်းကန်သို့ သွား၍ စေတမံလွှတ်ပြီးလျှင် မိမိတို့ဝါဒကို တရားကျမ်းဂန် သင့်အောင်ပြကြပါဟု ပြစေမည်။ ဤသို့ပြုလျှင် မကြောက်မရွံ့ ဖြစ်လိမ့်မည်ဟု ကြံစည်တော်မူလေသည်။ ကြံစည်တော်မူတိုင်း ပညာရှိစာဆိုကြီး သုခမိန် တွင်းသင်းဝန် ဦးညိုကို စေလွှတ်၍ မိမိတို့၏ဝါဒကို ရဲဝံ့စွာ မှန်ရာဆိုကြပါဟု လျှောက်စေသည်။ ထိုအခါ အတင်ဂိုဏ်းသားတို့သည် ငါတို့၏ဝါဒသည် ပါဠိအဋ္ဌကထာ မလာပါ။ ဆရာစဉ်ဆက် ငုံကွက်၍ တုပကျင့်မိပါသည်ဟု ဝန်ခံချက် ပေးကြပြန်ကုန်သည်။ ထိုအကြောင်း သိရသော ဘဝရှင်မင်းတရားကြီးသည် ဆရာတော်များ ဝန်ခံသည့်အတိုင်း သုပ္ပဋိစ္ဆန္နပရိမဏ္ဍလ သိက္ခာပုဒ်ကို စောင့်ထိန်း၍ သာမဏေများ ရွာသွားရွာဝင် ဝတ်ရုံကြစေဟု အမိန့်တော် ထုတ်ရလေသည်။

နောက်မကြာမြင့်မီ တွင်းသင်းဝန်တို့ လျှောက်ချက်အရ စာပေကျမ်းဂန် လိမ္မာလှသော မောင်းထောင်ပဥ္စင်းပျို ၇ ဝါရ ရှင်ဉာဏကို မောင်းထောင်ရွာမှပင့်၍ တွင်းသင်းတိုက်ကျောင်း ဆောက်လုပ်လှူတော်မူသည်။ ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ မောင်းထောင်ဆရာတော်သည် ဘုရင်၏ တောင်းပန်ချက်အရ ရာဇာဘိသေကကျမ်းကို ပြုတော်မူသည်။ ထိုဆရာတော်သည် လောကုတ်လောကီ ၂ ထိသော ကျမ်းတို့၌ ဆန်းပြားစွာ လိမ္မာ ကျွမ်းကျင်တော်မူလှသည်။ ထိုအကြောင်းကို သိရသော ဘုရင်မင်းတရားသည် မရ ရအောင် အကြိမ်ကြိမ်

---

* တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့၊ သာသနာလင်္ကာရ။ ။ တပေါင်းလဆန်း ၇ ရက်၊ ရာဇဝင်ကြီး။

http://www.dhammadownload.com



ဘုံသာဝေယန် ကျောင်းတော်ကို ဂုဏမုနိန္ဒာဓိပတိမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ရ မာရ်လည်ဆရာတော်အား လှူတော်မူသည်။ အိမ်ရှေ့မင်း မိဖုရား၏ မင်္ဂလာဝေယန်ကျောင်းတော်ကို တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ရ ဆုံထားဆရာတော်အား လှူတော်မူသည်။ အလယ်နန်းတော်ရှင် မိဖုရား၏ မင်္ဂလာစံလွှတ်ကျောင်းတော်ကို ဉာဏဓမ္မဒီပအနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ရ မင်းရွာဆရာတော်အား တင်လှူတော်မူသည်။

ထိုဆရာတော်ကြီး ၄ ပါးကို သာသနာပိုင် သံဃရာဇာ ခန့်ထား၍ သာသနာတော်ကို သုတ်သင်တော်မူစေသည်။ ထိုမှတစ်ပါး မြောက်နန်းမတော် ရှင်မိဖုရား၏ မင်္ဂလာဘုံကျော် ကျောင်းတော်ကို ကဝိန္ဒာဘိသဒ္ဓမ္မဓရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ရ ညောင်ကန်ဆရာတော်အား တင်လှူတော်မူသည်။ ပြည်မြို့စားမင်းသား၏ တုလွှတ်ဘုံစံ ကျောင်းတော်ကို ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မရာဇဂုရု ရွှေတောင်ဆရာတော်အား လှူသည်။ အတွင်းဝန်တစ်ဦး ဆောက်လုပ်သော ကျောင်းတော်ကို ဉာဏာလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု ဆင်တဲဆရာတော်အား တင်လှူသည်။ လက်ဝဲဝင်းတော်မှူး၏ ကျောင်းတော်ကို ပရမသီရိဝံသဓဇ မဟာဓမ္မရာဇဂုရု မဲထီးဆရာတော်အား တင်လှူသည်။ တရားဘက်ဆိုင်ရာ ဝန်ထောက်တော်တစ်ဦး၏ ကျောင်းတော်ကို ကဝိန္ဒသာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု လောကမုန်ကင်းဆရာတော်အား တင်လှူသည်။ ဤသို့ စသည်ဖြင့် ပါဠိအဋ္ဌကထာဋီကာကျမ်းတတ် ရဟန်းမြတ် အာဇာနည် ပါရမီရှင် သီလဝန် ဂုဏဝန် မဟာထေရ်တို့အား ဘွဲ့တံဆိပ်တော်နှင့်တကွ ဘွဲ့တံဆိပ်တော်နှင့်တကွ လှူသော ကျောင်းတော်တို့မှာ အရာမက များလှစွာ ရှိလေသည်။ သာသနာဝင်ကျမ်း၏ ကျယ်ဝန်းရှည်လျားမည်ကြောင့် ဤနေရာ၌ ဥပေက္ခာပြု လျစ်လျူရှုခဲ့ပါသတည်း။

## သာသနာပြု တစ်ကျိပ်နှစ်ပါး ဖြစ်လာပုံ

ပြဆိုခဲ့ပြီးသော သာသနာပိုင် ဆရာတော်ကြီး ၄ ပါးတို့မှာ ဇရာဖိစီး အရွယ်တော်ကြီးသဖြင့် အားနည်းတော်မူရကား သာသနာရေးကိစ္စတို့ကို စိတ်ချလောက်အောင် စီရင်တော်မမူနိုင်ကြရကား နောက်ထပ် ၈ ပါးသော ဆရာတော်တို့ကို ထပ်မံခန့်တော်မူ၍ သာသနာပိုင် ၄ ပါးနှင့် အတူတကွ တစ်ကျိပ်နှစ်ပါး ဖြစ်၍ သံဃနာယက သာသနာပြုအဖွဲ့ ဖြစ်ပေါ်လာလေသည်။ ထိုဆရာတော် ၈ ပါးတို့မှာ -

(၁) ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မရာဇဂုရု–ရွှေတောင်ဆရာတော်။

(၂) တိပိဋကာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု–ဗားကရာ ဆရာတော်။

(၃) စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇဂုရု–ကတိုးဆရာတော်။

(၄) ပရမသီရိဝံသဓဇ မဟာဓမ္မရာဇဂုရု – မဲထီးဆရာတော်။

(၅) ဇနိန္ဒာဘိပဝရ မဟာဓမ္မရာဇဂုရု–မုံတောဆရာတော်။

(၆) မဟာဉာဏာဘိဓဇ မဟာဓမ္မရာဇဂုရု–စလင်းဆရာတော်။

(၇) ဉာဏာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု–ဆင်တဲဆရာတော်။

(၈) ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု–မောင်းထောင်ဆရာတော်တို့ ဖြစ်ကြလေသည်။

ရဟန္တာပင် ဖြစ်သော်လည်း နိသျည်းဆရာနှင့် မကင်းကောင်းဟု ဝိနည်းတရားတော် ရှိသောကြောင့်* နိသျည်းဆရာ ဥပဇ္ဈာယ်ဆရာ နိဿယမုစ္စကဆရာတို့ အင်္ဂါပြည့်စုံရလေအောင် ဝိနည်းကျမ်းဂန်ကို ပြန်ဆိုလေ့လာစေ၍ တပည့်သံဃာတို့အား နိသျည်းပေးကာ နေစေလေသည်။

## မောင်းထောင်သာသနာပိုင်ကြီးအကြောင်း

ရွှေနန်းတက်တော်မူစကပင် တွင်းသင်းတိုက် လေးထပ်ကျောင်းတွင် ပင့်တင်ထားသော မောင်းထောင်ပဉ္စင်း

* နိဿယမုစ္စက အင်္ဂါမှတ်ရန်။ ။ ငါးဝါပြည့်မြောက်၊ ပါတိမောက်နှုတ်၊ ဥပုသ်ပဝါရဏာ၊ ကမ္မာကမ္မ၊ ကြေလည်က၊ လွတ်ထနိသျည်း။

ဥပဇ္ဈာယ်ဆရာ၌မှတ်ရန်။ ။ ဆယ်ဝါရလျှင်း၊ ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်စွာ၊ ကမ္မာကမ္မသိ။ ။ ဝတ်ခန္ဓက၊ ကျေပွန်လှ၊ ပြောက်ထ–ဥပဇ္ဈို။ ။ နိသျည်းဆရာ၊ ဥပဇ္ဈာ အင်္ဂါထူးမရှိ။ ။ ဝိနယသံခိပ်ကျမ်း ။ ။ (လယ်တီဆရာတော်)

http://www.dhammadownload.com



ယ်ကို အမရပုရ ရွှေမြို့တော် ဆင်ကြိုးရွှေဂူ သုဓမ္မာဇရပ် ပိဋကတ်တိုက်အနီးတွင် ယာယီကျောင်းနှင့် ကိုးကွယ်တော်မူခဲ့လေသည်။ ပိဋကတ်တော်ကိုအပ်၍ စာရေးပေါင်း (၁၀၀)၊ ပေလုပ်မျဉ်းကိုင် (၅၄)၊ စာကြည့်စာပြင်ဆရာတော် (၅၀) နှင့်တကွ ရွှေရေးမှင်ရေး ကညစ်ရေးအက္ခရာ ၃ ပါးဖြင့် ရေးသားတည်းဖြတ်ရာတွင် စောင်မကြည့်ရှုရလေသည်။ သက္ကရာဇ် ၁၁၅၁ ခုတွင်မူ ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရု ထိုမောင်းထောင် ဆရာတော်ကလေးကို သာသနာပိုင် ခန့်အပ်တော်မူသည်။ ထိုအခါမှစ၍ တစ်ပါးတည်းပင် သာသနာရေးကိစ္စတို့ကို သုတ်သင်ပြုစုတော်မူရသည်။ ၁၁၅၁ ခု တပို့တွဲလတွင် မဟာမြတ်မုနိ ဘုရားကြီး၏ တောင်မျက်နှာတွင် တံတိုင်း ၂ ထပ် ခြံရံလျက် ဘုံ ၅ ဆင့်ရှိ မှန်ကင်းရှစ်ဆူ စိန်ဖူးစိန်ပွင့်တို့ဖြင့် အတုမရှိ တင့်တယ်သော အသောကာရာမ ကျောင်းတိုက် ရတနာဘုံကျော် ကျောင်းတိုက် မော်ကွန်း ၂ ထပ်ဖြင့် မောင်းထောင် ပဋ္ဌင်းငယ်အား တင်လှူတော်မူသည်။ ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံလည်း လှူတော်မူသည်။ ထိုနောက်တစ်ဖန် အမရပုရမြို့ စံကျောင်းတိုက်ကို လှူတော်မူသည်။ ထိုနောက်တစ်ဖန် ၎င်းဆရာတော်အားပင် အောင်မြေဘုံကျော် ကျောင်းတိုက် မဟာဝေယန်ကျောင်းတော် ၂ ရပ်ကို ထပ်၍ တင်လှူပြန်သည်။ ဝန့်ရှင်တော်အသည်ဝန် မင်းကြီး ဆောက်လှူသော အောင်ပင်လယ်တောရကျောင်းနှင့် ကျောင်း ၅ ကျောင်းတွင် လှည့်လည်နေထိုင်၍ သာသနာရေး သာသနာမှုကို စီမံတော်မူသည်။ နေ့ဝါညဝါ စာပေတို့ကို ကျမ်းဂန်မကျန်အောင် ပို့ချတော်မူသည်။ ဥဘတောဝိဘင်းပါဠိများကို အမြဲ နှုတ်ငုံဆောင်၏။ ကောသနိက်ဓုတင်ကိုလည်း အမြဲ ဆောက်တည်တော်မူသည်။ ထိုမောင်းထောင် ဆရာတော်သည် ၅ ဝါရတွင် ပေဋကာ လင်္ကာရ မည်သော နေတ္တိဋီကာသစ်ကို ရေးတော်မူသည်။ ၈ ဝါရတွင် သံဃရာဇာ သာသနာပိုင် ဖြစ်တော်မူသည်။ သာသနာပိုင် ဖြစ်တော်မူမှ သာဓုဇနဝိလာသိနီ မည်သော သီလက္ခန်ဋီကာကို ပြုတော်မူသည်။ အဝတ်အရုံကိုပြသော အရိယာလင်္ကာ ကျမ်းကိုလည်း ပြုတော်မူသည်။

ဘုရင်မင်းမြတ် တောင်းပန်ချက်အရ ဓာတ်အဋ္ဌကထာ နိဿယ, စတုသာမဏေရဝတ္ထု, ရာဇောဝါဒဝတ္ထု, တိကပဋ္ဌာနမနာ, ဆဒ္ဒန်ဆင်မင်းဘွဲ့ ရာဇာဓိရာဇဝိလာသနီကျမ်း, ဘုရင့်အမေးကိုဖြေသော* အမေးတော်ဖြေကျမ်း, သက္ကျသီဟာသမိုင်းပါဠိအနက်ကျမ်း စသည်တို့ကို ရေးသားတော်မူခဲ့သည်။ ထိုသာသနာပိုင် မောင်းထောင်ဆရာတော်ကြီးသည် ပိဋကတ်ကျမ်း, ဗေဒင်ကျမ်း, ဆေးကျမ်း, ဓမ္မသတ်ရာဇသတ် ဖြတ်ထုံးကျမ်း, ဗင်္ဂလီ နာဂရီကျမ်း အစန်းစန်းတို့၌ လည်းကောင်း မတတ်မှုမရှိအောင် တတ်မြောက်တော်မူသဖြင့် တိုင်းပြည်ကျိုးကို ရည်ရွယ်၍ သီဟိုဠ်ဘာသာမှ ဘာသာပြန်ခဲ့သော ကျမ်းစာတို့မှာ သဒ္ဒါကျမ်း, ဗျာကရိုဏ်းကျမ်း, ဓာတ်ကျမ်း, အလင်္ကာကျမ်း, ဆန်းကျမ်း, အဘိဓာတ်ကျမ်း, ဗေဒင်ကျမ်း, ဆေးကျမ်း, ဓမ္မသတ်ကျမ်း, နီတိကျမ်း, လောကီဟာသကျမ်း, ၁၁ ကျမ်း စောင်ရေ ၂၅၃။ စက္ကူချုပ်ပေါင်း ၂၃၇၃၁၊ မြန်မာရေး ပေအင်္ဂါပေါင်း ၁၁၁၅ အင်္ဂါနှင့် ၄ ချပ် ရှိလေသည်။ သက္ကဋဘာသာမှ ဘာသာပြန်ခဲ့သော ကျမ်းတို့မှာ သာရဿတိ ဗျာကရုဏ်း နိဿယ, ဗာလမ္ဗောဓနနိဿယ, အဘိဓာန် နိဿယ, ကေက္ခရကောသ, နာနတ္ထဓွနိ, ရာဇမတ္တန်, မြို့ဟာဇ်, သရခွေး, ဇောတိသုဇာတက, လဃုသံဂြဟ, သုပိနာဓယာယ, လက္ခဏာဟောပုံ, သူရိယသိဒ္ဓန္တကျမ်း, ဘာသုတိ, ဘာသုတိ စကားပြေ, ဘာသုတိကိန်းဆန်, ရာဇာဘိသေကကျမ်း, ဒြဗြဂုဏ်, သာရကောမုဒီ, ဩသထရတနာကရ, သရရတ္တကထန, ဓာတုပြသံသ, ကာမာရာဘန, ကျမ်းပေါင်း ၂၃။ ပေအင်္ဂါပေါင်း ၁၉၉ အင်္ဂါ ၈ ချပ် ရှိသည်။ ဤသို့ လောကကျိုး သာသနာကျိုးကို ဆောင်နိုင်သော ဆရာတော်ကို ဘုရင်မင်းမြတ်က သဒ္ဒါတရား တဖွားဖွား တိုးတက်လျက် ကိုးကွယ်ကာထားလေသတည်း။

## သာသနာပိုင်၏ သစ္စာဝိဋ္ဌာန်ပြုချက်

မောင်းထောင် ဆရာတော်ကလေးကို သာသနာပိုင် အပ်သည်မှာ ယခင် သာသနာပြု တစ်ကျိပ်နှစ်ပါးတို့၏ စီရင်ဆုံးဖြတ်မှုမှာ အလိုတော်ကျ ပြီးပြေနိုင်မည် မထင်၍ တစ်ပါးတည်းကို လွှဲအပ်ခြင်း ဖြစ်လေသည်။

---

၁ မောင်းထောင် သာသနာပိုင်အစန်း၌ သာသနာလင်္ကာရကျမ်းမှ ဖြည့်စွက်ထည့်ရသည်။

http://www.dhammadownload.com



သာသနာပိုင်သည် သံဃာများအလယ် ကျောင်းဦးဘုရား ရှေ့မှာ "သာသနာရေး သာသနာမှုနှင့် စပ်သမျှ ဆန္ဒ ဒေါသ ဘယ မောဟ အဂတိ ၄ ပါး မလိုက်စားဘဲ တရားရှိရာ ဆောင်ရွက်မည်။ အသက်ကိုသော်လည်း စွန့်မည်။ တရားကို မစွန့်ပြီ။ သာသနဒါယကာ တရား မင်းမြတ်က အမိန့်တော် အထူးပြန်သော်လည်း မှန်ရာကို ဆုံးဖြတ်မည်။ တရားကိုစွန့်၍ မလိုက်ပြီ။ မကြိုက်လျှင် တုဏှိဘာဝေ ဆိပ်ဆိပ်နေမည်ဟု သစ္စာဓိဋ္ဌာန်ပြုပြီးလျှင် သာသနာရေး သာသနာမှုကို ကောင်းစွာ ဆောင်ရွက် ပြုစုတော်မူရသတည်း။

## သီဟိုဠ်သို့ သာသနာပြု စေလွှတ်ပုံ

သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ အမ္ဗ ဂဟပတိဿ, မဟာဒမ္မ, ကောစ္ဆဂေါဓ, ဗြဟ္မဏဝတ္တ, ဘောဂဟဝတ္တ, ဝါတုရဂမ္မ ဟူသော သာမဏေ ၆ ပါး တို့သည် ဓာတ်တော်စစ် ၁၀ ဆူကို ပင့်ဆောင်၍ နောက် ပါ ဥပါသကာ တစ်ယောက်နှင့်တကွ အမရပုရ ရွှေမြို့ တော်သို့ ရောက်လာသည်။ ထိုသီဟိုဠ် ကိုရင်များကို ဆင်ကြီးရွှေဂူသိမ်တွင် သာသနာပိုင် မောင်းထောင် ဆရာတော် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရုကို ဥပဇ္ဈာယ်ပြု၍ ကဝိန္ဒာဘိသဒ္ဓမ္မဓရဓဇ မဟာဓမ္မရာဇဂုရု ဆရာတော်, ဇနိန္ဒာဘိဓဇမဟာဓမ္မရာဇ ဂုရု ဆရာတော်, မုနိန္ဒဃောသ မဟာဓမ္မရာဇဂုရု ဆရာ တော် စသည်တို့က ကမ္မဝါဆရာ ပြုလုပ်၍ ပဉ္စင်းခံစေ တော်မူသည်။ နာဒမည်သော ဥပါသကာကိုလည်း သာ မဏေပြုစေသည်။ ထိုနောက် သီဟိုဠ်ကျွန်းမှ လာကုန် သော ရဟန်းတို့ကို အကြိမ်များစွာ သိက္ခာသစ် ထပ်မံ တင်စေသည်။ လူ ဥပါသကာတို့ကိုလည်း သာမဏေပြု စေသည်။ သီဟိုဠ်ကျွန်း သီရိဝဍ္ဎနမြို့ ရာဇာဓိရာဇသီဟ မင်းထံသို့လည်း သာသနာပြုနည်း သဝဏ်စာနှင့် သီဟိုဠ် ရဟန်းတို့ကို သာသနာပြု စေလွှတ်တော်မူလေသည်။

## အတင်ဝိုထ်းဝါဒ ရှင်အတုလ ပထမရှုံးရပုံကို ထုံးဥဒါဟရုဏ်နှင့်ပြချက်

သက္ကရာဇ် ၁၁၄၆ ခုနှစ် ရောက်သောအခါ အလောင်း မင်းတရားကြီး လက်ထက် ဆရာဖြစ်ခဲ့ဖူးသော အတုလ ဆရာတော်က သင်္ကန်းကို ကိုင်ရာတွင် ဒုကုဋ်ကို ပခုံး တင်၍ ရင်ကိုစည်းသင့်ကြောင်း စူဠဂဏ္ဌိကျမ်းတွင် လာ သောကြောင့် သာမဏေတို့ ရွာသွားရွာဝင်တွင် လက် ကန်တော့တင်၍ ရင်စည်းကာ ဝင်သင့်ကြောင်းကို အနိုင် အမာဆို၍ ဘုရင့် ရွှေနားတော်ကြားအောင် စာသွင်းပြန် လေသည်။ ဘုရင်မင်းမြတ်သည် ဆရာတော် သံဃာ တော်တို့ သုဓမ္မာတွင် မျက်နှာစုံညီ စည်းဝေး၍ အတုလ ဆရာတော်နှင့် ဆွေးနွေးပြောဟောစေသည်။ အတုလ ဆရာတော်သည် ဒုကုဋ်သင်္ကန်းကို ပခုံးတင်၍ ရင်စည်း သင့်ကြောင်းနှင့် စူဠဂဏ္ဌိကျမ်း၌လာသော ပါဠိကိုရွတ်၍ သာမဏေတို့ ရွာဝင်လျှင် တင်သင့်ကြောင်းကို အနိုင် အမာ ဆိုလေသည်။ ထိုအခါ သုဓမ္မာ လွှတ်တော်ဝင် ဆရာတော်တို့က အတုလ ဆရာတော်ကို ဤသို့ဤပုံ မေးမြန်းကြကုန်၏။

မေး။ ။ ငါ့ရှင်, ဤသို့သော အဓိပ္ပာယ်သည် တစ်ပါးသော ကျမ်းဂန်များ၌ လာပါသလား။

ဖြေ။ ။ မလာပါ။ (ရှိပါစေဦး)

မေး။ ။ ၎င်းစူဠဂဏ္ဌိကျမ်းကို ဘယ်သူ ရေးပါ သလဲ။

ဖြေ။ ။ သီဟိုဠ်ကျွန်း အနုရာဓမြို့ တောင်ဘက် ပေါက္ကန္တိရွာ ရဟန္တာ ရှင်မောဂ္ဂလာန် ရေးပါသည်။

မေး။ ။ ဘယ်လိုလုပ် သိပါသလဲ။

ဖြေ။ ။ ပိဋကတ်မှန်ကျမ်းအရ သိပါသည်။

မေး။ ။ ပိဋကတ်မှန်ကျမ်းကို ဘယ်ကရပါသလဲ။

ဖြေ။ ။ အရှင်ဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းက ဆောင် ခဲ့၍ ရပါသည်။

မေး။ ။ ပိဋကတ် မှန်ကျမ်းကို ဘယ်သူရေးပါ သလဲ။

ဖြေ။ ။ ရှင်ဗုဒ္ဓဃောသ သီဟိုဠ်က ယူခဲ့သော ကျမ်းစာရင်းဖြစ်၍ ဘယ်ကျမ်းကို ဘယ်သူ ရေးသည်ဟု ကိုယ်တိုင် ရေးမှတ်သော မှန်စာ ဖြစ်ပါသည်။

မေး။ ။ ၎င်းစာကို ယခု ပြနိုင်ပါရဲ့လား။

ဖြေ။ ။ ပြနိုင်ပါသည်။ ယခုလက်တွင် ရှိပါ သည်။

ဤသို့ မေးဖြေ၍ ပိဋကတ်မှန်ကျမ်းကို အတုလ ဆရာတော်ထံမှ တောင်းယူ ကြည့်ရှုကြလေသည်။ မောင်း

http://www.dhammadownload.com



ထောင်သာသနာပိုင် အမှူးရှိကုန်သော မဟာထေရ်ကြီးတို့သည် ထိုပိဋကတ်မှန်ကျမ်းကို ကြည့်ရှုကြရာတွင် ဝိနယဂဏ္ဌိကျမ်းကိုသာလျှင် သီဟိုဠ်ကျွန်း ပရက္ကမဗာဟုမင်းလက်ထက် အရှင်မောဂ္ဂလာန် ပြုသည်ဟု တွေ့လေသည်။ စူဠဂဏ္ဌိကျမ်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်ပေါက္ကန္တိရွာ ရဟန္တာရှင်မောဂ္ဂလာန် ပြုသည်ဟူ၍ မတွေ့ရှိကြကုန်။ ထိုအခါ သာသနာပိုင် ဆရာတော်ကြီးနှင့်တကွ အရုံဂိုဏ်း ဆရာတော်ကြီးတို့က အဘယ့်ကြောင့် ပိဋကတ်ကျမ်းဂန် မလာဘဲနှင့် လာသကဲ့သို့ ပါဠိကို ထင်ရာရွတ်၍ မှသားဆိုရာသနည်း။ သင်တို့ အတင်ဂိုဏ်းသားတို့မှာ မုသာဝါဒသိက္ခာပုဒ် မရှိသလောဟု မေးပြော စစ်ဆေးတော်မူရာ အတုလ ဆရာတော်သည် ထိုထက် ပြန်လှန်ပြောရန် မရှိရကား မုဆိုး၏ ကြော့ကွင်းတွင်မိသော သမင်ကဲ့သို့ တုန်တုန်လှုပ်လှုပ်နှင့် ဣန္ဒြေမရ ဖြစ်နေလေသည်။ ခိုးထုပ်ခိုးထည်နှင့် ခိုးသူကို မိသကဲ့သို့ မုသာဝါဒကံဖြင့် မလှန်နိုင်အောင် ဖမ်းမိလေသည်။ ဤနေရာ၌ အတုလထေရ်ရှင် အတင်ဂိုဏ်းဝင်ရှုံးပုံကို ထုံးဥဒါဟရဏ်နှင့် ထင်ရှားအောင် ပြရလျှင်... ငါတို့ မြန်မာနိုင်ငံတော်တွင် တောသားတစ်ယောက်သည် ကိစ္စတစ်ခုနှင့် အမရပုရ ရာဇဓာနီ မင်းနေပြည်သို့ လာလေသည်။ မြို့ကပြန် လမ်းခရီးတွင် စားဖွယ်ရိက္ခာပြတ်၍ သွားလေသည်။ ထိုအခါ ကြံစည်ပုံမှာ၊ ငါ့မှာ ရိက္ခာကုန်ပြီ၊ ငါတို့နိုင်ငံ မောင်းထောင်ရွာ၌ သူဌေးကြီး ဦးရာမြတ်သည်ကား နိုင်ငံကျော်သူဌေး၊ မသိသူမရှိပေ။ ငါသည် သူဌေးကြီး၏ ဉာတိအရင်းဟု လိမ်လည်လှည့်ဖြား ပြောတော့မည်။ သို့မှသာလျှင် ငါ့ကို သူဌေးနှင့် အကျွမ်းဝင်လိုသူတို့က မိတ်ဆွေဖွဲ့ပြီး လုလုပပ ကျွေးမွေးကြပေလိမ့်မည်။ ထိုအခါ ရိက္ခာအတွက် ပူပန်စရာ ရှိတော့မည် မဟုတ်ဟု ကြံစည်ပြီးလျှင် လမ်းခရီးရွာထဲတွင် လူရည်တတ် သူကြွယ်တို့၏ အိမ်တို့၌ ရွေးချယ်ပြီး ဝင်ရောက်ကာ စကားပြောဆိုလေသည်။ ထိုသည့် အိမ်ရှင်တို့က ဘယ်အရပ်မှ လာသလဲ၊ ဘယ်ကိုသွားမည်လဲ၊ ဘယ်သူ့ဆွေမျိုးလဲ၊ သင့်နာမည် ဘာတဲ့လဲဟု မေးကြသောအခါ ရွှေမြို့တော်မှ လာသည်၊ မောင်းထောင်ရွာကို သွားမည်၊ မောင်းထောင်ရွာ သူဌေးကြီး ဦးရာမြတ်၏ သမက်၊ နာမည်က ခနဝမုကပါဟု ပြောပြလေသည်။ ထို ရွာသူရွာသားတို့သည် သူဌေးကြီးနှင့် အကျွမ်းတဝင် ဖြစ်လိုရကား သူဌေးသမက် မောင်ခနဝမုကကို ကောင်းမွန်သော စားဖွယ်သောက်ဖွယ်တို့ဖြင့် တင့်တယ်စွာ ကျွေးမွေးကြလေကုန်သည်။ လက်ဆောင်ပဏ္ဏာတို့ကိုလည်း ပေးလိုက်ကြလေကုန်၏။ ဤသို့ပင် လမ်းခရီးရွာစဉ်လျှောက်၍ လိမ်လည်လှည့်ဖြား၍ ၎င်း၏ ရွာခရီးကိုသွားလေရာ မောင်းထောင်ရွာသို့ ရောက်သွားလေ၏။ ထိုခရီးသွားတောသားသည်မှုကား–မောင်းထောင်ရွာကို မရောက်ဖူး၍ မောင်းထောင်ရွာ ဟူ၍ မသိ။ သူဌေးကြီး ဦးရာမြတ်ကိုလည်း တစ်ခါမျှ မမြင်ဖူးရကား အမှုမဲ့အမှတ်မဲ့ ဘယ်သူ့ကိုမျှ မမေးဘဲနှင့် မောင်ထောင်ရွာတွင် လူချမ်းသာအိမ်ကို ရွေး၍သွားလေရာ သူဌေးကြီး ဦးရာမြတ်အိမ်ကို ရောက်လျှင် သူဌေးကြီးနှင့် စကားပြောကာ နေလေသည်။ သူဌေးကြီးက ခရီးသွား တောသားအား ဘယ်အရပ်က လာပါသလဲ၊ ဘယ်ကိုသွားမည်လဲ၊ ဘယ်သူ၏ ဆွေမျိုးလဲ၊ နာမည် ဘယ်သူပါလဲဟု မေးလိုက်ရာ ယခင်ပြောနေကျအတိုင်းပင် ရွှေမြို့တော်က လာခဲ့ပါသည်။ မောင်းထောင်ရွာ သွားမလို့ပါ၊ မောင်းထောင်ရွာ သူဌေးကြီး၏သမက် နာမည်က ခနဝမုကပါတဲ့ဟု ပြောလိုက်လေသည်။ သူဌေးကြီးသည် ခရီးသည်၏ မျက်နှာကိုစေ့စေ့ကြည့်၍ အမောင် ဤရွာသည် မောင်းထောင်ရွာ၊ ငါသည် သူဌေးကြီး ဦးရာမြတ်ပဲ။ ငါ့မှာ သမီး ၂ ယောက် ရှိပါသော်လည်း သူတို့ အိမ်ထောင်ကျပြီး၍ သူ့အိမ်နှင့်သူ နေကြကုန်ပြီ။ မောင့်ကို တစ်ခါမျှ ငါ မမြင်ဖူးပါကလား၊ ဘယ့်နှယ် ငါ့သမက် ဖြစ်နိုင်ပါ့မလဲ မေးမြန်း ပြောဆိုလိုက်သောအခါ ထိုခရီးသွားလူညာသည် လူတို့ ဝိုင်းလိုက်သော သမင်ကဲ့သို့ တုန်တုန်လှုပ်လှုပ်နှင့် ဘာကိုမျှ ပြန်မပြောနိုင်တော့ဘဲ လက်မှိုင်ချပြီးလျှင် ဘယ်ကလာ၍ ဘယ်ကို သွားရမည် ဘယ်သူ၏ဆွေမျိုး ကျွန်ုပ်က ဘယ်သူဆိုတာ မသိပါ။ တွေဝေမိုက်မဲ ဉာဏ်နည်း၍ ပြောမိပါသည်။ အပြစ်ကို သည်းခံတော်မူပါ နောက်ကို ဤသို့ ဤပုံ မလိမ်မကောက်တော့ပါ, မလိမ်ဝံ့တော့ပါ, ကြောက်လှပါသည်, အပြစ်တော်ပေး အရေးတော် မယူပါနှင့်ဟု ဆိုပြီးလျှင် ထွက်ပြေးရရှာလေသတည်း။

ဤထုံးပုံအတူပင် အတင်ဂိုဏ်း နာယက ရှင်အတုလ ဆရာတော်မှာ စူဠဂဏ္ဌိကျမ်း မရှိဘဲနှင့် ရှိသည်ဟု လိမ်

http://www.dhammadownload.com



လည်သော နိုးထုပ်နိုးထည်နှင့်တကွ အမိခံရ၍ မျက်နှာမသာ ထင်ရာမြင်ရာ အရှက်ပြေ စကားဖာ၍ သံဃာ့အလယ်မှာ မတင့်မတယ် နေရရှာလေတော့သတည်း။ ။ ဤကား အတုလ ဆရာတော်၏ ပထမအကြိမ် ရှုံးပုံကို ထုံးဥဒါဟရုဏ်နှင့် ပြချက်ပေတည်း။

## အတင်ဂိုဏ်း အတုလ ဆရာတော်၏ ဒုတိယ ရှုံးပုံကို ဥဒါဟရုဏ်နှင့်ပြဆိုချက်

ထိုနောက်တစ်ဖန် ညွှန်ထဲတွင် လဲနေသူကို ထပ်နင်ဘိသကဲ့သို့ အရုံဂိုဏ်းဝင် ဆရာတော်တို့က ထပ်မံ စစ်မေးကြပြန်ကုန်သည်။ အရှင်အတုလ, စူဠဂဏ္ဌိကျမ်းသည် ဝဇီရဗုဒ္ဓိဋီကာ, သာရတ္ထ ဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာ ဤဋီကာကြီး ၃ ကျမ်းတို့က သာခကေအနေဖြင့် ကိုးကာရသော ဠစူဂဏ္ဌိ ကျမ်းပါလား၊ သို့မဟုတ် အခြားကျမ်းပါလားဟု ထပ်မံမေးကြပြန်ရာ ဟုတ်ပါသည် ဋီကာကြီး ၃ ကျမ်းက ပဓာနတစ်ခု သာခကေပြုရသော မူလကျမ်းအချုပ် စူဠဂဏ္ဌိပုဒ်ပါဟု ထပ်မံ ဝန်ခံလိုက်ပြန်ချေသည်။ ထိုအခါ အတင်ဂိုဏ်း ဆရာတော်တို့က သို့ဖြစ်လျှင် သင်၏ စူဠဂဏ္ဌိကျမ်း၌ ဝဇီရဗုဒ္ဓိဋီကာ, သာရတ္ထ ဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာတို့၌ ဤသို့ဤပုံ ဆိုထားသည်ဟု အဘယ့်ကြောင့် ကိုးကားချက်တွေ ပါနေရပြန်သနည်း။ စူဠဂဏ္ဌိဟာ နောက်မှဖြစ်ပေါ်၍ ရှေးဋီကာကြီးတွေကို သာခကေတစ်ခုပြုရသည် မဟုတ်ပါလားဟု ဒုတိယမ္ပိ နိုးထုပ်နိုးထည်နှင့်တကွ ဖမ်းပြလိုက်ပြန်ရာ ရှင်အတုလသည် ဋီကာ ၃ ကျမ်းက ကိုးရသော စူဠဂဏ္ဌိကျမ်းဟုသာ ဖွတ်တရွတ်ခံငြင်းကာ နေရှာပြန်လေသည်။ ဤကား ရေးထားပုံကတစ်မျိုး ပြောဆိုပုံကတစ်မျိုး ဖြစ်ပုံပေတည်း။ ဤသို့ ရှင်အတုလ၏ ဒုတိယ အမှားပုံကို ဥဒါဟရုဏ်နှင့်တကွ ထင်ရှားအောင်ပြရလျှင် လူတစ်ယောက်သည် မိတ်ဆွေတစ်ယောက်နှင့် သားမယား ကျွေးမွေးရန်အတွက် လခရိက္ခာယူ၍ စစ်ထဲသို့ လိုက်သွားလေသည်။ စစ်ထဲရောက်၍ စစ်တိုက်သောအခါ တစ်ဖက်စစ်တပ်က နိုင်နင်းသဖြင့် စစ်သားတို့သည် ခြေဦးတည့်ရာ ပြေးရလေကုန်သည်။ ထိုယောကျာ်းသည်လည်း ၎င်း၏အဖော်နှင့် ခြေဦးတည့်ရာသို့ ပြေးရလေသည်။ အနည်းငယ်ခန့် ပြေးမိလျှင် တစ်ဖက်စစ်သည်တို့၏ ဒဏ်ရာ ဒဏ်ချက်ကြောင့် မပြေးနိုင်တော့ချေ။ ထိုင်နေရန်ပင် မတတ်နိုင်အောင် ဖြစ်လေ၏။ ထိုအခါ မိတ်ဆွေလုပ်သူက ဤသို့ ကြံလေသည်။ ... သြော်-ယခုအခါ ဤသူသည် သေကာနီးပြီ။ သူ့ကိုမပစ်ဘဲ ဤနေရာတွင် နေက ရန်သူတို့ လာရောက် နှိပ်စက်တော့မည်ဟု ကြံပြီးလျှင် ထိုသူနာ၏ အဝတ်အစား ငွေကြေးတို့ကိုယူ၍ သူနာကို မသေမရှင် ထားခဲ့ပြီးလျှင် ရွာသို့ ပြန်သွားလေသည်။ ၎င်း၏ရွာအနီးသို့ ရောက်သောအခါ ဤသို့ ကြံပြန်လေသည်။ ... သြော် ငါက ထိုသူကို လမ်းတွင် ထားခဲ့ပါသည်ဆိုလျှင် ငါ့ကိုဝိုင်း၍ ၎င်း၏ဆွေမျိုးတို့က အပြစ်တင်ကြပေတော့မည်။ ထိုသူ သေ၍ ငါတစ်ယောက်တည်း လာခဲ့ရသည်ဟုပြောရန် ကြံစည်ထားလေသည်။ ရွာတွင်းသို့ ဝင်မိ၍ ထိုသူ၏မယားက ၎င်း၏ ခင်ပွန်းသည် ဘယ်မှာလဲ ဘယ်မှာထားခဲ့ပါသလဲဟု မေးမြန်းသောအခါ ရှင်မ, သင်၏ ခင်ပွန်းသည်ကား ရန်သူလက်ချက်ဖြင့် အသက်ထွက်ရချေပြီ။ ဤပစ္စည်းများသည် သူ၏ပစ္စည်းများပဲဟု ပြောဆို၍ အဝတ်အစား ရွှေငွေများကို ပေးပြီးလျှင် မစိုးရိမ် မငိုကြွေးပါနှင့် ဆွမ်းသွတ်၍ အမျှအတန်း ဝေလိုက်ပါဟု ပြောလိုက်လေသည်။

ထိုသူ၏ အိမ်ရှင်မကလည်း သူ၏ပစ္စည်းတို့ကိုယူ၍ ငိုကြွေးပြီးလျှင် ဆွမ်းသွတ်ကာ အမျှအတန်းဝေလိုက်လေသည်။ ထိုနောက် မကြာမြင့်မီပင် သူနာ ယောကျာ်းသည် ကျန်းမာ၍ အိမ်သို့ ပြန်လာလေသည်။ ၎င်း၏မယားကလည်း သေပြီဟု ကြားရပြီးသားဖြစ်၍ မယုံကြည်ရှာချေ။ ထိုအခါ ငါသေသည် မဟုတ်၊ မိတ်ဆွေယုတ်က ငါ့အဝတ်ကိုခွာ၍ ငါ့ကို ထားပစ်ခဲ့ပေသည်။ မယုံလျှင် မေးပါ။ ငါအိမ်တွင်းက ပုန်းကာနေပါမည်ဟု အခေါ်ခိုင်း၍ မေးစေသောအခါ ယခင်နည်းအတိုင်းပင် သင့်လင်ယောကျာ်း သေပါပြီ, မှန်ပါသည်ဟု အထပ်ထပ် ပြောလေသည်။ ထိုအခိုက်အတွင်းတွင် ပုန်းနေသူသည် ဖြုန်းခနဲ ထလာပြီးလျှင် အိုမိတ်ဆွေ ကျွန်ုပ် သေသည် ဆိုပေမဲ့ ယခု မသေဘဲနှင့် ရောက်လာပါသည်ဟု ပြောလိုက်ရာ ယုတ်မာလှသော ထိုသူသည် တစ်စုံတစ်ရာ ပြန်ပြောဖွယ် မရလေသဖြင့် ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်၍၊ မင်းရောက်လာပေမဲ့ သေတာပဲ၊ ငါ

http://www.dhammadownload.com



မလိမ်ပါဟု ဖွတ်ခံကာ ငြင်းဆိုလေသည်။ ဤသို့ ဖွတ်တရွတ် ပြောဆိုပါသော်လည်း မျက်မြင်တွင် အသက်ရှင်သူက သက်သေခံရှိသဖြင့် ထိုပြောသူ၏ စကားကို မယုံကြည်ကြသဖြင့် အရှုံးပေးရခြင်းသို့ ရောက်လေသည်။ ဤနည်းတူစွာ အတုလဆရာတော် အရုံဂိုဏ်းနာယကသည် ပါးစပ်မပိတ်ဘဲ စူဠဂဏ္ဌိသည် ရှေးကကျမ်းဟု ဆိုသော်လည်း စာသားက နောက်ရေးသောကျမ်းဟု ထင်ရှားနေသဖြင့် ၎င်း၏စကားကို မယုံကြဘဲ ဒုတိယမ္ဘိ အရှုံးပေးရပြန်လေသတည်း။

## အတင်ဂိုဏ်းနာယက ရှင်အတုလ၏ တတိယ ရှုံးပုံကို ဥဒါဟရုဏ်နှင့် ပြဆိုချက်

နောက်ထပ်တစ်ဖန် မှတ်ရန် ပုံဥပမာမှာ မုဆိုးသည် ဆင်ပြောင်ကြီးကို တစ်ကြိမ်တည်းသော မြားဖြင့်ပစ်၍ လဲနေပါသော်လည်း နောက်ထပ်တစ်ဖန် မထနိုင်စေခြင်းငှာ ထပ်၍ထပ်၍ ပစ်သကဲ့သို့ တစ်ကြိမ်တည်းနှင့် အရှုံးပေးရပြီးသော ဝါဒကို နောက်ထပ်တစ်ဖန် မထကြွနိုင်စေခြင်းငှာ နှစ်ကြိမ် သုံးကြိမ် အရှုံးခံရန်အတွက် အရုံဂိုဏ်းဝင် ဆရာတော် အရှင်တို့က ဤသို့ ပြောဆိုကြပြန်လေသည်။ အရှင်-အရှင်၏ စူဠဂဏ္ဌိကျမ်း၌ပင်လျှင် ရှေ့ပိုင်းက သာမဏေတို့အား ရွာဝင်လျှင် အဝန်းညီစွာ ဝတ်ရုံရသော ပရိမဏ္ဍလသိက္ခာပုဒ်၊ ရင်ဘတ်ပုဆစ်ဒူးဝန်းတို့ကို ဖုံးလွှမ်းရမည်ဆိုသော သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တို့ကို မချိုးမဖျက်ဘဲ ရွာဝင်ရမည်ဟု ဆိုထားပါလျက် နောက်ပိုင်းတွင် တစ်ဖန် သင်္ကန်းခေါက်ကို ပခုံးတင်ကာ ရင်စည်းကာ ဘွဲ့ထားရမည်ဟု အဘယ့်ကြောင့် ဆိုပြန်ပါသနည်း။ ရှေးစကား နောက်စကား မညီမျှဘဲ တစ်ကျမ်းတည်းတွင် ဘယ့်ကြောင့် ဆိုထားပါသနည်း။ အရှင်တို့၏ အတင်ဂိုဏ်းဝါဒ၏ ကိုးကွယ်ရာဖြစ်သော ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် လမ်းမှန်သောမိုရာ မရှိသောကြောင့် စူဠဂဏ္ဌိကျမ်းသည် ကိုးကွယ်ရာဟု အကိုးတစ်ခု မှီငြမ်းပြုသည် မဟုတ်ပါလော။ ကိုးကွယ်ရာဖြစ်သော စူဠဂဏ္ဌိကျမ်းမှ ယခုအခါ ဘေးဖြစ်၍လာချေပြီဟု ပုန်းနေရာမှ မိသော ခိုးသူကဲ့သို့ မိရာနှင့်တကွ အဓမ္မဝါဒီ အတင်ဂိုဏ်း မထေရ်တို့ကို တတိယမ္ဘိနှိပ်နင်းလိုက်ပြန်လေသတည်း။ အတုလ ဆရာတော်၏ တတိယအကြိမ် ရှုံးပုံကို ထုံးဥဒါဟရုဏ်နှင့် ပြရန်မှာ-

ရှေးအတိတ်အခါ ဗာရာဏသီပြည်၏ မနီးမဝေး မြစ်ကမ်း ရွာတစ်ရွာ၌ ပါဋလိမည်သော ကချေသည်တစ်ဦးသည် နေလေသည်။ တစ်နေ့သ၌ ထိုကချေသည်သည် ပွဲလမ်းသဘင်တစ်ခုအတွက် မယားပါခေါ်၍ ဗာရာဏသီပြည်သို့ သွားရောက်ကပြပြီးလျှင် စောင်းကိုတီး သီချင်းကိုဆို အခငွေကိုယူ၍ သေရည်သေရက်ကို သောက်၍ ရွာပြန်လာရာတွင်၊ မြစ်ဆိပ်သို့ ရောက်သဖြင့် ရေတက်လာသည်ကိုမြင်၍ အစာကိုစား၍ အရက်ကို သောက်ကာ မူးယစ်နေလေရကား၊ ကိုယ့်ပမာဏကို မသိဘဲ စောင်းကြီးကို လည်ပင်းတွင်ဆွဲ၍ မြစ်ထဲသို့ ကူးလေသည်။ မယားကိုလည်း လက်တစ်ဖက်က ဆွဲကာ ကူးလေသည်။ စောင်းပေါက်ထဲ ရေဝင်၍ စောင်းသည် ရေတွင်မြုပ်လေသည်။ မယားလုပ်သူသည် ရေနစ်မည်ကို သိ၍ ရုန်းထွက်ပြီးလျှင် ကူးသွား၍ ကမ်းပေါ်သို့ ရောက်လေသည်။ ကချေသည် ပါဋလိမှာမူကား မြုပ်ချည်ပေါ်ချည် ဖြစ်၍နေလေသည်။ ရေနစ်၍ ဗိုက်ကြီးကယ်ဖောင်း၍ နေလေသည်။ ထိုအခါ မယားက ကြံစည်ပုံမှာ ငါယောကျ်ားသေတော့မည်၊ ငါ သီချင်းတစ်ပုဒ်ကို တောင်းထားကသီချင်းဆို၍ အသက်မွေးနိုင်ပေလိမ့်မည်ဟု အောက်မေ့၍ အို အရှင်၊ သင် ရေနစ်နေပြီ၊ ကျွန်ုပ်ကို သီချင်းတစ်ပုဒ်ဆိုပြပါ၊ ထိုသီချင်းဖြင့် အသက်ကိုမွေးရပါမည်ဟု တောင်းလေသည်။ ထိုအခါ ပါဋလိက ရှင်မ, ယခုအခါ လူအများ၏ ကိုးကွယ်ရာဖြစ်သော ရေသည် ငါ့ကို သတ်၍နေချေပြီ၊ ဘယ်လိုလုပ်ပြီး သင့်ကို ငါ သီချင်းပေးနိုင်ပါအံ့နည်းဟု ရေလယ်က သနားစဖွယ်နှင့် မယားသည်အား ပြန်ပြောလေတည်း။

ဤနည်းတူစွာ အတင်ဂိုဏ်းနာယက ရှင်အတုလဆရာတော်သည် သူ၏ ကိုးကွယ်ရာဖြစ်သော စူဠဂဏ္ဌိကျမ်းမှ ဘေးဖြစ်လာ၍ ဘာတစ်ခုမျှ မပြောတတ်တော့ဘဲ မျက်နှာအောက်၌ ဦးခေါင်းငိုက်စိုက်ဖြစ်ကာ တတိယမ္ဘိ အရှုံးပေးပြန်လေသတည်း။

## အတင်ဂိုဏ်း လက်စသိမ်း၍ ချုပ်ငြိမ်းပုံ

ထိုအခါ ဤသို့ ၃ ကြိမ်တိုင်တိုင် အတင်ဂိုဏ်းသားတို့ အရှုံးပေးရကြောင်းကို ကြားသိတော်မူသော ဘဝရှင်မင်းတရားကြီးသည် စူဠဂဏ္ဌိကျမ်း၏ ရှေ့နောက်မညီ

http://www.dhammadownload.com



သော ပုဗ္ဗာပရ ဝိရောဓိဒေါသအပြစ် ကျရောက်နေသောကြောင့် သဘာဝယုတ္တိမရှိခြင်း၊ ပါဠိအဋ္ဌကထာ စသည်တို့နှင့် မညီညွတ် မသက်ဝင်သောကြောင့် အာဂမသုဒ္ဓိမရှိခြင်းတို့ကြောင့် အနှစ် ၁၀၀ ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသော အိမ်အိုကြီးသည် မနိုင်မမြဲ ယိုင်လဲနေမည်ကဲ့သို့ အနှစ်သာရမရှိပုံကို သိတော်မူ၍ ယခုအခါ သာသနာ စင်ကြယ်တော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိပြီးလျှင် ငါ၏နိုင်ငံတော်အတွင်း သီတင်းသုံးကုန်သော ရဟန်းရှင် အားလုံးတို့သည် အားလုံး အရုံဂိုဏ်းတစ်ဂိုဏ်းသာ ရှိရမည်ဟု အမိန့်တော်ပြန်တမ်း ထုတ်ရလေသည်။ ထိုအခါမှစ၍ ယနေ့တိုင်အောင် အတင်ဂိုဏ်း မရှိတော့ဘဲ အရုံဂိုဏ်း တစ်စုတစ်ရုံးတည်းသာ ဖြစ်ကြလေကုန်သတည်း။ ယခု ပြဆိုချက်သည် အကျဉ်းမျှရှိ၏။ အကျယ်အားဖြင့် ၂ ဂိုဏ်းသားတို့၏ အချေအတင် ပြောကြသော ဝိဝါဒကထာကို ရေးရလျှင် ၅ ဘာဏဝါရ ၆ ဘာဏဝါရ ရှိသော်မှ ပြီးဆုံးလိမ့်မည် မဟုတ်ချေ။ သာသနာဝင်ကျမ်း၏ ကျယ်ဝန်းမည့် ဂန္ထဂရုဘေးကြောင့် အကျဉ်းချုံးကာ ရေးရလေသည်။

ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပိုင် မောင်းထောင် ဆရာတော်မြတ်သည် သီဟိုဠ်သားတို့ကို ရဟန်းခံ၍ သီဟိုဠ်ကျွန်းသို့ စေလွှတ်ပြီးလျှင် အမရပုရဂိုဏ်းကြီးဟု တည်စေတော်မူသည်။ သီဟိုဠ်ကျွန်းမှ အမရပုရ ဂိုဏ်းကြီးသည် သာသနာပိုင် ဆရာတော်ကြီးမှ ဖြစ်တော်မူ၏။ ထိုဂိုဏ်းသားတို့၏ လက်ဦးဆရာ မဟာကျေးဇူးရှင် အစစ်ကြီးမှာ ဉာဏာဘိဝံသဓမ္မ သေနာပတိ သာသနာပိုင် ဆရာတော်ကြီး ဖြစ်တော်မူလေသတည်း။

## အင်းဝနေပြည်တော်ကို ထပ်မံတည်တော်မူခြင်း

သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် ထိုမင်း၏မြေးတော် သီရိတြိဘဝနာဒိတျပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ မင်းတရားသည် အမရပုရ နေပြည်တော်၌ပင် မင်းအဖြစ်သို့ ရောက်တော်မူသည်။ ထိုမင်းသည် မင်းသားစဉ်က စစ်ကိုင်းမြို့စား၍ စစ်ကိုင်းမင်းဟူ၍ လည်းကောင်း၊ ဖန်နန်းဆောင်၌ စံတော်မူသောကြောင့် ဖန်နန်းရှင် ဟူ၍ လည်းကောင်း၊ တူတော် မင်းတုန်းဘုရင် လက်ထက်၌ ဘကြီးတော်မင်းတရား ဟူ၍လည်းကောင်း တွင်လေသည်။

ထိုမင်းတရားသည် လောကီကိန်းခန်းတို့အလို ထောက်၍ အမရပုရနေပြည်တော်မှ ပြောင်းရွှေ့၍ ရတနာပုရ အင်းဝရွှေပြည်ကို စတုတ္ထအကြိမ်မြောက် တည်ထောင်ဖန်ဆင်း၍ စံတော်မူသည်။ ထိုမင်းတရားသည် ဂုဏာမုနိန္ဒာဓိပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်၏တပည့် သဖိုးလက်ဝဲရွာ အရှင်သီလာစာရ ဆရာတော်ကလေး (၁၃) ဝါရကို အရှည်ဝါသီ တောရမထေရ်တို့၏ အကြီး နာယက ပါမောက္ခအရာ ပေးအပ်တော်မူသည်။ မင်းကွန်းတောရတွင် ကျောင်းကြီး ဆောက်လုပ်လှူတော်မူသည်။ သီလာစာရ သဒ္ဓမ္မာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ဘွဲ့တော် ကပ်လှူပြီးလျှင် တောဂိုဏ်း၏ အဓိပတိ ဦးကိုင် သာသနာပိုင် ခန့်တော်မူသည်။

သက္ကရာဇ် ၁၁၈၁ ခု နန်းတက်တော်မူသည့်နှစ်တွင် စလင်းမြို့ဇာတိ အရှင် ပညာသီဟမထေရ်ကိုပင့်၍ အသောကာရာမတိုက် ရတနာဘုံကျော် ကျောင်းတော်ကြီးကို တင်လှူတော်မူသည်။ မုနိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ဘွဲ့တော် ကပ်လှူတော်မူသည်။ သက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် ရတနာပုရရွှေဝမြို့တွင် အောင်မြေဘုံသာကျောင်းတော်ကြီးကို ဆောက်လုပ်၍ စလင်းမြို့ဇာတိ ဆရာတော်ကိုပင် တင်လှူတော်မူသည်။ မုနိန္ဒာဘိဝံသဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံ ကပ်လှူ၍ သံဃရာဇာ သာသနာပိုင် ခန့်အပ်တော်မူသည်။ ထိုဆရာတော်ကို စလင်းသာသနာပိုင်ဟု ခေါ်ဆိုကြသည်။ ဤသို့စသည်ဖြင့် သာသနတံခွန် ထေရ်မှုန်အကျော် ဆရာတော်တို့အား ပစ္စည်း ၄ ပါးဖြင့် ချီးမြှောက် ထောက်ပင့်သည်မှာ များစွာရှိလေကုန်သတည်း။

## သွားတော် ၄၀၊ စွယ်တော် ၄ ချောင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် ဆရာတော် သံဃာတော်တို့အား ပင့်လျှောက်မေးတော်မူလေသည်။ မေးတော်မူပုံမှာ စွယ်တော် ၄ ချောင်း ဆိုသည်မှာ သွားတော် ၄၀ သို့ အဝင်အပါ ဖြစ်သလော၊ အသီးအခြား သွားတော် ၄၀ ၏ အပြင်ဘက်ကလောဟု စော

http://www.dhammadownload.com



ကြော မေးလျှောက်လေသည်။ ထိုအခါ အချို့ဆရာတော်တို့က စွယ်တော် ၄ ချောင်း ဆိုသည်မှာ သွားတော် ၄၀ ထဲတွင် အပါအဝင်ဟု ပြောကြကုန်လျှင် အချို့ဆရာတော်တို့က သွားတော် ၄၀ ထဲတွင်မပါ တခြားစီဖြစ်ကုန်သည်ဟု ဖြေကြလေကုန်သည်။ ဤသို့ ဆရာတော်တို့ ဝါဒကွဲပြားနေကြကုန်ရကား ရဟန်းလူထွက် အသက် ၇၈ နှစ်ရွယ် မောင်းထောင် သာသနာပိုင်ဟောင်း မင်းတိုင်ပင် မဟာဓမ္မသင်္ကြံ အမတ်ကြီးက ကျမ်းကိုးကျမ်းကားနှင့် လျှောက်တင်ရလေသည်။ သုတ်မဟာဝါ အဋ္ဌကထာ, သုတ်ပါထေယျ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ "သွားအပြည့်အစုံရှိကုန်သော အခြားသူတို့အား သွား ၃၂ ချောင်း ရှိကုန်သည်။ ဘုရားလောင်းမှာသာ သွားတော် ၄၀ ရှိကုန်သည်" ဆိုသည်ကိုပြ၍ လျှောက်ထားလေသည်။ စွယ်တော် ၄ ချောင်းသည် သွားတော် ၄၀ အတွင်း ဝင်၏ဟူသော ဝါဒသာလျှင် ကျမ်းဂန် အထောက်အထားရှိကြောင်း ထင်ရှားလေသည်။ ထိုသွားအကြောင်းကို အဋ္ဌကထာတို့၌ ဖွင့်ပြထားပုံမှ သွားအပြည့်အစုံရှိသူမှာ ၃၂ ချောင်း ရှိကုန်သည်။ ထိုသွားရိုးတို့သည် အဆင်းအားဖြင့် ဖြူကုန်၏။ သဏ္ဌာန်အားဖြင့် များစွာရှိကုန်သည်။ ထိုသွားတို့တွင် အောက်သွား ၁၆ ချောင်းတို့၌ အလယ် ၄ ချောင်းသည် မြေစိုင်ခဲ၌ စိုက်ထားသော ဘူးစေ့သဏ္ဌာန်ရှိသည်။ အလယ်သွား ၄ ချောင်းတို့၏ ဘေးနှစ်ဘက်က တစ်ချောင်းစီဖြစ်နေသော အစွယ် ၂ ချောင်းသည် အမြစ်တစ်ခု အစွန်းတစ်ခု ရှိ၏။ ကြက်ရုံးပန်းငုံသဏ္ဌာန် ရှိသည်။ ၎င်းအစွယ်ပြင်ဘက်က တစ်ချောင်းစီ ထောက်သော စွယ်စုံ ၁ ချောင်းစီသည် အမြစ်နှစ်ခု ရှိ၏။ အစွန်းနှစ်ခု ရှိ၏။ လှည်းဦး၌ထောက်သော လှည်းထောက်သဏ္ဌာန် ရှိသည်။ ထိုစွယ်စုံပြင်ဘက်မှ ၂ ချောင်းစီဖြစ်သော အလယ်သွားတို့သည် အမြစ်သုံးခု အစွန်းသုံးခု ရှိသည်။ အလယ် ၄ ချောင်းမှ ပြင်ဘက် တစ်ဘက် ၂ ချောင်းစီရောက်သော အံဆုံး ၄ ချောင်းတို့သည် အမြစ်လေးခု အစွန်းလေးခု ရှိသည်။ အောက်သွားအစဉ်၌ ဤသို့ရှိသကဲ့သို့ အထက်သွားအစဉ်မှာလည်း ဤနည်းတူ ရှိလေသည်။ ဤသို့ အထက်သွားအစဉ်၌ ၁၆ ချောင်း အောက်သွားအစဉ်၌ ၁၆ ချောင်းရှိမှ ပြည့်စုံသောသွား ရှိရကား အစွယ်ပါသွား ၃၂ ချောင်း ရှိကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဆိုသည်ကိုထောက်၍ မြတ်စွာဘုရားမှာလည်း စွယ်တော် ၄ ချောင်းပါမှ သွားတော် ၄၀ ရှိကြောင်းကို ယုံကြည်ကြရာသည်။ ထိုဝါဒကိုသာ ဘုရင်နှင့်တကွ ဆရာတော် သံဃာတော်တို့ သဘောညီစွာ နှလုံးမှတ်လောက်အောင် အဆုံးအဖြတ်ပြု၍ ထားကြလေကုန်သတည်း။

### ဝတ္ထုကံမြေများကို ဘုရင်များ မသုံးနိုင်

တစ်ရံရောအခါ ဘုရင်မင်းမြတ်သည် မဟာဓမ္မသင်္ကြံန် မင်းတိုင်ပင် အမတ်ကြီးကိုခေါ်၍ ရှေးမင်းမြတ်တို့ ကျောင်းနှင့် ဘုရားတွင် လှူဒါန်းခဲ့သော ဝတ္ထုကံမြေယာများသည် နောက်မင်းလက်ထက်ရောက်လျှင် ထိုရှေးအတိုင်း ဝတ္ထုကံမြေအဖြစ် တည်ရဲ့လား၊ မတည်ဘူးလော စကားအမေး ၅ ချက်ကို မေးတော်မူသည်။

(၁) မြေ။ ။ ထိုအခါ မင်းတိုင်ပင် အမတ်ကြီးက သံဃာအား အပိုင်လှူလျှင် သံဃိကမြေ ဖြစ်သည်။ ထိုမြေ၌ စိုက်ပျိုးလျှင် ၁၀ စု တစ်စု မြေရှင်အာ ပေးအပ်ရသည်ဟု ဝိနည်းပါဠိအဋ္ဌကထာတို့၌ ဆိုသောကြောင့် ရှေးမင်းလက်ထက်က လှူခဲ့သော ဝတ္ထုကံမြေများသည် နောက်မင်းလက်ထက်မှာလည်း ယခင်ရှေးအတိုင်း တည်ပါသည်။ ဝိနည်းပါဠိ၌ သံဃာအား လှူသောမြေဟူ၍လည်းကောင်း၊ မြေရှင်ဟူ၍ လည်းကောင်း ရှေးစကားက ဆိုထားသောကြောင့် လာဘသိမ်မှာကဲ့သို့ အပေါ်ယံ အခွန်အတုတ်ကိုသာ မလှူ မြေနှင့်တကွ အပိုင်လှူသည် ဖြစ်သောကြောင့် ဝတ္ထုကံမြေသည် အစဉ်အဆက်မပျက် တည်ပါသည်။ ရှေးကလှူစဉ်က အလှူခံသံဃာတို့ ပြန်တော်မူလျှင် နောက်ဆက် သံဃာတော်တို့ ပိုင်ဆိုင်ကြသည် အစိုးရကြသည်ဟု ကျမ်းကိုးနှင့် လျှောက်တင်လေသည်။ စေတီတော်၌ ပြုပြင်ရန်အတွက် လည်းကောင်း၊ ဓာတ်မီးအတွက် လည်းကောင်း လှူခဲ့သော ဝတ္ထုကံမြေ အရာမ်တို့ကို အခပေး၍ စောင့်ရှောက်စေရမည်။ စေတီ၌ ထီးပွတ်တိုင်တို့ကို လဲလှယ်ပြုပြင်သူ လက်သမားသည် စေတီ၏ ဘဏ္ဍာငွေမှ ပြုစေရမည်ဟု အဋ္ဌကထာ၌ လာသောကြောင့် ရှေးမင်းတို့က လှူခဲ့သော ဘုရားဝတ္ထုကံမြေသည် နောက်မင်းလက်ထက်မှာလည်း လှူခဲ့ရင်း အတိုင်းပင် ဘုရားဝတ္ထုကံမြေ ဖြစ်ခဲ့လေသည်။

http://www.dhammadownload.com



(၂) မေး။ ။ ဝတ္ထုကံမြေများသည် လှူသောမင်း ထင်ရှားရှိစဉ်သာ ဝတ္ထုကံမြေ ဖြစ်၍ နောက်မင်းလက်ထက်တွင် မပျက်ပေဘူးလော။

(၂) ဖြေ။ ။ လှူရှင်မင်း ထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အလှူခံရှင်း သံဃာရှိလျှင် ထိုသံဃာသာ ပိုင်ဆိုင်သည်။ အလှူခံရှင်းသံဃာ မရှိလျှင် စတုဒ္ဒိသာ သံဃာ၊ အနာဂတသံဃာ (မရောက်သေးသောသံဃာ) ပိုင်ဆိုင်သည်ဟု ဝိနည်းဋီကာကြီး၌ ဆိုသောကြောင့်– မင်းထင်ရှားရှိသည် မရှိသည်ဆိုတာ ပမာနမဟုတ်၊ သံဃာ စဉ်ဆက် မပျက်သမျှ ဝတ္ထုကံမြေအဖြစ် တည်မြဲလေသည်။

(၃) မေး။ ။ မင်းတစ်ဦး လှူခဲ့သော ဝတ္ထုကံမြေကို မင်းတစ်ဦးက ထပ်မံလှူမှသာလျှင် ရှေးအတိုင်း ဝတ္ထုကံမြေအဖြစ် တည်နိုင်သည် မဟုတ်လား။

(၃) ဖြေ။ ။ ယခင်ပြဆိုပြီးသော ဝိနည်းပါဠိ အဋ္ဌကထာဋီကာတို့ကို ထောက်၍ ရှေးမင်းလှူပြီးကို နောက်မင်း ထပ်လှူမှသာ မပျက်မစီး မဟုတ်ချေ။ သံဃာ စဉ်ဆက် မပျက်သမျှ ပမာနပါ။ ထပ်လှူလိုလျှင် လှူသောမင်းမှာ ကုသိုလ်ပွား၍ အသက်ရှည်ကြောင်းတရား ဖြစ်သည်။

(၄) မေး။ ။ ထပ်၍မလှူဘဲ ယခင်မင်း လှူခဲ့သော ဝတ္ထုကံမြေကို နောက်မင်းက ဝတ္ထုကံမြေ မဖြစ်စေရဟု အမိန့်နှင့်ဖျက်လျှင် ပျက်မလား မပျက်လား။

(၄) ဖြေ။ ။ ဝိနည်းအဋ္ဌကထာ၌ စတုဒ္ဒိသသံဃိက ဖြစ်သော ကျောင်းများ အာရာမ်များကို တရားဆင်ခြင်း၊ လုယက်ယူခြင်း မပြောက်နိုင်ဟု ဆိုထားသည်ကို ထောက်၍ ကျောင်းပိုင် ဘုရားပိုင် သံဃာပိုင် ဝတ္ထုကံမြေများကို နောက်မင်းတို့ မဖျက်ဆီးနိုင်။ ဖျက်ဆီးသော်လည်း မပျက်စီးနိုင်ချေ။

(၅) မေး။ ။ ထို ကျောင်းဘုရား ဝတ္ထုကံမြေများကို ဘယ်မင်းလက်ထက်ကစ၍ လှူဒါန်းခဲ့ပါသနည်း။

(၅) ဖြေ။ ။ ရှေးရှေးကမ္ဘာ အနန္တဘုရားရှင်တို့ လက်ထက်ကပင် လှူဒါန်းကြမြဲထုံးအစဉ် ဖြစ်ပါသည်။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်တွင် သုဇာတာဘုရားလက်ထက်၊ ငါတို့ ဘုရားအလောင်းတော်သည် စကြာမင်းဖြစ်၍ ရတနာ ၇ ပါးနှင့်တကွ ကျွန်းငယ် ၂ ထောင်၊ ကျွန်းကြီး ၄ ကျွန်းကို ဘုရားရှင်အား လှူသည်။ တိုင်းသူပြည်သား အပေါင်းတို့အား အာရာမ်စောင့်ကိစ္စ ပြုစေသည်ဟု လာသည်ကိုထောက်၍ ရှေးရှေးမင်းတို့ လက်ထက်ကပင် လှူဒါန်းကြောင်း ထင်ရှားပါသည်။ ရာဇဝင်၌လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက် အနှစ် ၁၀၀ ကျော်လောက်တွင် သရေခေတ္တရာမြို့ မုန့်သည်မ တစ်ဦးက ဆရာဟုန်းအား လှူထားသော ဝတ္ထုကံမြေကို ဒွတ္တပေါင်မင်းကြီး သိမ်းယူမိ၍ စည်ကြီး ခေါင်းလောင်း ကောင်းကောင်းမမည်တော့ချေ။ လုံပုံမှာလည်း စေခိုင်းတိုင်း မသွားတော့ချေ။ အကြောင်းကိုသိ၍ ဝတ္ထုကံမြေကို ပြန်ပြီး လှူလိုက်ရလေသည်။ ဝတ္ထုကံမြေနှင့် စပ်သော အချက်ကြီး ၅ ချက်ကို ဗုဒ္ဓဘာသာဝင် ရှင်လူတိုင်း အရေးကြီးစွာ မှတ်သားထားထိုက်လေသည်။

## သာယာဝတီ ရွှေဘို ကုန်းဘောင်မင်းလက်ထက်

သက္ကရာဇ် ၁၁၉၉ နှစ် ရောက်သောအခါ ညီတော် သီရိပဝရာဒိတျလောကာဓိပတိဝိဇယ မဟာဓမ္မရာဇာ ရွှေဘိုမင်းသည် မင်းပြုတော်မူသည်။ ထိုမင်းသည် မင်းသားစဉ်က သာယာဝတီမြို့ကိုစားသောကြောင့် သာယာဝတီမင်းဟူ၍ လည်းကောင်း၊ ရွှေဘိုမြို့ကို ပြုပြင်၍ ခေတ္တ စံနေတော်မူသောကြောင့် ရွှေဘိုမင်းဟူ၍ လည်းကောင်း၊ ကုန်းဘောင်မင်း ဟူ၍ လည်းကောင်း တွင်လေသည်။ ရတနာပုရ ရွှေအင်းဝမှပြောင်း၍ အမရပုရ ရွှေမြို့တော်ကို ဒုတိယအကြိမ်ဖန်ဆင်း၍ ထီးနန်းစိုက်ထူတော်မူသည်။ နန်းတက်တော်မူသောနှစ်၌ပင် ရတနာပုရ အင်းဝမြို့ မာရ်အောင်ရတနာ သုဓမ္မာဇရပ်တွင် အရှင်သူရိယဝံသ သဲအင်းဆရာတော်အား ပရိသတ်အလယ်တွင် အမိန့်တော်ပြန်၍ သာသနာပိုင် ခန့်အပ်တော်မူသည်။ သူရိယဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ ထို သာသနာပိုင် ဆရာတော်ကြီးသည် ၁၁၂၅ ခု နတ်တော်

---

* အမေးအဖြေ ၅ ချက်ကို ဖြည့်စွက်ပြီး ထည့်လိုက်သည်။ မင်းတိုင်ပင် အမတ်ကြီး ဆိုသည်မှာ ရာဇဂုရု ရာဇာဓိရာဇဂုရု တံဆိပ် ၂ ထပ်ရ ဋီကာ ၂ ကျမ်းပြု မောင်းထောင်သာသနာပိုင်ဟောင်း ပိဋကတ်လောကီ နှစ်လီလွှမ်းခြုံ လွှန်မှုလုံ၍ စွယ်စုံပေါ်ထင် မဟော်အသွင်ဖြစ်၍ ယုံကြည်အားထားထိုက်သော ကျမ်းပေါင်း ၅၀ ကျော်ပြု ပုဂ္ဂိုလ်ထူးကြီး ဖြစ်သည်။

http://www.dhammadownload.com



လဆန်း ၇ ရက် သောကြာနေ့တွင် သဲအင်းရွာ၌ ဖွားမြင်၍ ၇၃ နှစ်အရွယ်တွင် သာသနာပိုင် ဖြစ်တော်မူလျက် တည်ကြည်ခန့်ငြားသော ဣန္ဒြေ, သည်းခံခြင်းဂုဏ်, ဟုတ်မှန်ရာလိုက်သောဂုဏ်, သီလသိက္ခာကိုလေးမြတ် ကျမ်းတတ်အကျော် တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု ဆရာတော်၏တပည့် ဖြစ်လေသည်။ သဲအင်း သာသနာပိုင်သည် သက္ကရာဇ် ၁၂၀၁ ခုနှစ်တွင် ပျံလွန်တော်မူသည်။ ဘုရင်မင်းမြတ်သည် အထောင်မကသော ပြာသာဒ်တို့ဖြင့် အထူးထူး မဖြစ်ဖူးသော အံ့ဖွယ်သူရဲတို့ဖြင့် ဈာပနမှု ပြုတော်မူသည်။ သက္ကရာဇ် ၁၂၀၁ ခုနှစ်တွင်ပင် သဲအင်း ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်သော အရှင်ဉေယျ ဒုတိယ သဲအင်းဆရာတော်ကို သာသနာပိုင် ခန့်ထားတော်မူသည်။ ဉေယျဓမ္မာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇဓိရာဇဂုရု ပထမတံဆိပ်တော် ကပ်လှူတော်မူသည်။ နောက်မကြာမြင့်မီ ဉေယျဓမ္မာတိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဒုတိယ တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

ထိုသာသနာပိုင် ဆရာတော်သည် ၁၁၆၁ ခု နတ်ရဲရွာတွင် ဖွားမြင်၍ ၁၁၈၀ ပြည့် ပထမဝါဆိုလဆန်း ၁၄ ရက်တွင် ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။

## သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ပုံ

ထိုမင်းလက်ထက် ၁၁၉၉ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ ပညာတိဿထေရ်သည် သုနန္ဒရဟန်း ဣန္ဒသာရသာမဏေ ဥပါသကာတစ်ယောက် ကျောင်းသားငယ် တစ်ယောက်နှင့် အမရပုရ ရွှေမြို့တော်သို့ ရောက်လာသည်။ သာသနာပိုင် ဆရာတော်ကြီးက ထိုသီဟိုဠ်သားတို့အား ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ ၂ ပါးဖြင့် ချီးမြှောက်တော်မူသည်။ ၁၂၀၂ ခုနှစ်တွင် ရှင်ပညာတိဿထေရ်မှာ ရောဂါဝေဒနာ နှိပ်စက်၍ သေဘက်သို့ ပါရလေတော့သည်။ သိက္ခာအသစ် ထပ်မံတင်ရန်လာခဲ့သော အကြံသည် အပြီးမရောက် ကွယ်ပျောက်သွားရလေသည်။ ထို့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်က –

" ... မကြံစည်ဘဲနှင့်လည်း ဖြစ်တတ်၏၊ ကြံစည်ပါသော်လည်း ပျက်တတ်၏။ မိန်းမ၏လည်းကောင်း ယောကျာ်း၏လည်းကောင်း စည်းစိမ်ဥစ္စာတို့မှာ ကြံတိုင်း မပြီးချေ"

ဟု ဟောတော်မူခဲ့လေသည်။

ဤလောက၌ ကုသိုလ်ကို လိုလားသော ပညာရှိမှန်လျှင် မြန်မြန်ပြုရမည်။ ယနေ့လည်းကောင်း နက်ဖြန်လည်းကောင်း သေမည်ဟူ၍ ဘယ်သူမှ မသိနိုင်ပေ။ ထို့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက ကုသိုလ်ကောင်းမှုကို အမြန်ပြုကြကုန်၊ မကောင်းမှုမှ စိတ်ကို တားမြစ်ကြ၊ ကုသိုလ်ဖြစ်မှု၌ ဖြည်းဖြည်းပြုနေသော သူအား မကောင်းမှု ဝင်လာလိမ့်မည်။ သတ္တဝါတို့၏ စိတ်သည် မကောင်းမှုမှာသာ ပျော်ပိုက်လေသည် ... ဟု ဟောတော်မူလေသည်။ ဘုရင်မင်းမြတ်သည် သီဟိုဠ်ရဟန်း၏ ဈာပနကိစ္စကို ကောင်းမွန်စွာ ပြုစုတော်မူလေသည်။ ထိုနောက် မကြာမီ သုနန္ဒရဟန်းအား သိက္ခာအသစ်ထပ်တင်ပြီးလျှင် သာမဏေကို ရဟန်းခံပေးသည်။ ကျောင်းသားကိုလည်း သာမဏေ ပြုလုပ်ပေးသည်။ ထိုသီဟိုဠ်သားတို့ကို ဘုရင်မင်းတရားသည် ၁၂၀၃ ခုနှစ် တပေါင်းလတွင် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့၍ ကိစ္စလုံးစုံကို စီမံပြီးလျှင် ပုသိမ်မြို့ မှူးမတ်တစ်ဦးအား တာဝန်ခံအပ်နှံ၍ သီဟိုဠ်သို့ ပို့တော်မူသည်။ သာသနာပိုင် ဆရာတော်ကြီးသည် သာသနာတော်၏ ကြာမြင့်စွာ တည်စေခြင်း၊ စာသင်သားတို့ လွယ်ကူစွာ သင်စေခြင်း အကျိုးငှာ အထူးထူးသော ကျမ်းတို့ဖြင့် တိုက်ဆိုင်ပြင်ဆင်၍ သဒ္ဒမ္မဇောတိက မည်သော မဟာနိဒ္ဒေသ အဋ္ဌကထာကို မြန်မာဘာသာဖြင့် နိဿယ ရေးတော်မူသည်။ တပည့်အများတို့အား စာချ စာပို့၍ သာသနာပြုတော်မူသတည်း။

## ပုဂံမင်းကြီးလက်ထက် သာသနာပြုပုံ

သက္ကရာဇ် ၁၂၀၈ ခု နတ်တော်လဆန်း ၈ ရက်နေ့တွင် သားတော် ပုဂံမင်းသည် သီရိပဝရာဒိတျဝိဇယာနန္တယသ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံယူလျက် နန်းတက်တော်မူသည်။ ထိုမင်းသည် မင်းသားစဉ်က ပုဂံမြို့ကို စား၍ ပုဂံမင်း တွင်သည်။ ထိုအခါ သူရိယဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သဲအင်းသာသနာပိုင် ဆရာတော်၏ တပည့် ပညာဇောတာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဗားကရာ ဆရာတော်ကို သံဃရာဇာ သာသနာပိုင် ခန့်တော်မူသည်။ ထိုဆရာတော်သည် သီလရှိန်ဝါ ပရိယတ်

http://www.dhammadownload.com



လိမ္မာ၍ သိက္ခာကိုချစ်ကြည် လဇ္ဇီသူမွန် ထူးချွန်ကျေးဇူး ဂုဏ်အထူးတို့နှင့် ပြည့်စုံတော်မူသည်။ အင်္ဂုတ္တရပါဠိတော်နှင့် အဋ္ဌကထာ နိဿယများကို ပြုတော်မူခဲ့လေသည်။ ထိုမင်းလက်ထက်တွင် ဒုတိယ သဲအင်းဧည့်ျ ဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဆရာတော်ကြီးသည် သဒ္ဒမ္မဝိလာသိနီ မည်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ နိဿယကို ပြုစုတော်မူသည်။ မဏိဇောတသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု မြတောင်ဆရာတော်သည် သံယုတ္တနိကာယ် အဋ္ဌကထာ နိဿယကို ပြုစုတော်မူသည်။ မေဓာဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ပြည်ဆရာတော်သည် ဒီဃနိကာယ် အဋ္ဌကထာနိဿာယကို ပြုစုတော်မူသည်။ ဧည့်ျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သာသနာပိုင်ဆရာတော်၏တပည့် ၅ ဝါရ အရှင် ပညာသာမိထေရ်သည်* သဒ္ဓတ္ထဘေဒစိန္တာဂဏ္ဌိပုဒ်ကို မြန်မာဘာသာဖြင့် ရေးပြုစုတော်မူသည်။ ၁၀ ဝါ ရသောအခါ အဘိဓာန်နိဿယကို ရေးသားပြုစုတော်မူသည်။ အဘိဓာန်ပါဠိကိုလည်း များစွာသောကျမ်းတို့ဖြင့် တိုက်ဆိုင်ပြင်ဆင်မှုကောင်း တင်ခဲ့လေသည်။

## မင်းတုန်းဘုရင် သာသနာဝင်

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ငါတို့၏ ဘဝရှင်မင်းတရားကြီးသည် များစွာသော ဘဝတို့၌ ဆည်းပူးပြီးသော ပါရမီရှင် ဖြစ်တော်မူသည် အားလျော်စွာ သမာဒေဝ နတ်ကောင်းနတ်မြတ်တို့က တိုက်တွန်းသကဲ့သို့ သာသနာပြုရန် မင်းဖြစ်တော်မူသည်။ ဘုရားသာသနာကို ချီးမြှောက်လိုသော ဘုရင်တို့၏ အလိုတော်သည် အပြီးသို့ ရောက်လေသည်။ ခရီးလမ်း၌ အပိုင်းအခြားကိုဖြတ်၍ ရေယဉ် ရေတံခွန်ကြီး ကျလာဘိသကဲ့သို့ သဒ္ဓါတရားတည်းဟူသော ရေယဉ် ရေတံခွန်ကြီးသည် သာသနာပေါ်သို့ ပျံ့နှံ့စွာ တည်လာလေသတည်း။ ငါတို့မင်းတရားကြီးသည် မင်းဖြစ်၍ ၄ နှစ် လွန်မြောက်မှ ကဆုန်လတွင် မင်းမြောက်တန်ဆာ ၅ ပါး ဆင်ယင်လျက် များစွာသော မောင်းမမိဿံ ခြံရံလျက် ရေသဖန်းပလ္လင်ပေါ်၌ မိဖုရားကြီးနှင့်တကွ မုဒ္ဓါဘိသိက်ကို ခံယူတော်မူသည်။ ဤအကြောင်းကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး အတ္ထုပ္ပတ္တိ၌ –

ဘုန်းတော် အလွန်ကြီးတော်မူသော ငါတို့ မင်းတရားကြီးသည် ၁၂၁၄ ခုနှစ်တွင် ကုသိုလ်ဒါနနှင့် မွေ့လျော်၍ သာသနာပြုသောအချိန် ရောက်လေသည်။ မင်းဖြစ်ပြီးမှ ၄ နှစ်အလွန် ကဆုန်လတွင် မိဖုရားခေါင်ကြီးနှင့်တကွ ဘိသိက်ခံတော်မူသည်။ ဓမ္မာသောကမင်းသည် ဘုရားသာသနာကို ထွန်းလင်းစေသကဲ့သို့ သီလမရှိသော အလဇ္ဇီတို့ကို နှိပ်နင်း၍၊ သီလရှိသော လဇ္ဇီသူတော်ကောင်းတို့ကို ချီးမြှောက်တော်မူလေပြီ။

နေမိမင်းကြီးကဲ့သို့ တိုင်းသူပြည်သားတို့အား ဒါန သီလ ဘာဝနာ၌ မွေ့လျော်စေကုန်ပြီ။ ဟု – ရေးသားပြဆိုခဲ့လေကုန်ပြီ။

ထိုအခါ နှိပ်နင်းဆုံးမထိုက်ကုန်သော သီလ မရှိသော အလဇ္ဇီတို့ကို အဝိစိချဘိသကဲ့သို့ နှိပ်နင်တော်မူသည်။ ထို့ကြောင့် အလဇ္ဇီတို့သည် ဘယ်နေရာ၌မျှ အရာမဝင်ဘဲ ပုန်းလျှိုးကာ နေရကုန်သည်။ ဇီးကွက်၊ ခင်ပုတ်ငှက်တို့သည် အရုဏ်တက်လျှင် ပုန်းလျှိုးနေရကုန်သကဲ့သို့ပေတည်း။

ထို့ကြောင့် ဆဒ္ဒန်ဆင်မင်း ဘဝရှင်၏ အထုပ္ပတ္တိ၌ ထိုအခါ ဘုရားသာသနာသည် ကောင်းကင်ဝယ် လရထားကဲ့သို့ ထင်ရှားစွာ တင့်တယ်လေသည်။ အလဇ္ဇီတို့သည် ဇီးကွက်တို့ အရုဏ်တက်လျှင် ပုန်းလျှိုးနေရသကဲ့သို့ ပုန်းလျှိုးကာ နေရကုန်သတည်းဟု ဆိုခဲ့ကုန်ပြီ။

ချီးမြှောက်ထိုက်သော လဇ္ဇီသူမွန် သီလဝန် သူတော်ကောင်းတို့ကိုလည်း ဘဝဂ်ဖျားတွင် တင်ထားဘိသကဲ့သို့ ချီးမြှောက်တော်မူ၏။ ထိုလဇ္ဇီ သူတော်ကောင်းတို့သည် ကြောက်ရွံ့မရှိ ပကတိအခါကဲ့သို့ အရာရာတွင် တွင်ကျယ်ကြလေကုန်သည်။ ကမ္ဘာဦးသူတို့သည် နေလတို့၏ အလင်းရောင်ကို ရသကဲ့သို့ပေတည်း။ ထို့ကြောင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်၏ အထုပ္ပတ္တိ၌ –

ထိုအခါက ဘုရားသာသနာသည် ကောင်းကင်ဝယ် လရထားကဲ့သို့ ထင်ရှားစွာ တင့်တယ်လေပြီ။ ကမ္ဘာဦးသူတို့ အလင်းရောက် ရသကဲ့သို့ လဇ္ဇီတို့ ခေါင်းထောင်ကြလေကုန်ပြီ–ဟု ဆိုခဲ့လေကုန်ပြီ။

* ဤအရှင်မြတ်သည် သာသနာဝင်ကျမ်းကို ပါဠိဘာသာဖြင့် ရေးခဲ့သောအရှင် ဖြစ်သည်။

http://www.dhammadownload.com



## ပိဋကတ်တော်ကို ပြုစုပုံ

အင်္ဂါ ၉ ပါးနှင့် ပြည့်စုံသော ဘုရားစကားတော် ပိဋကတ် ၃ ပုံကို ကြာမြင့်စွာ တည်စေခြင်း အကျိုးငှာ ပရိယတ္တိ၌ ကျွမ်းကျင် ရဲရင့်ကုန်သော ဆရာတော်ကြီးတို့ကို ပြင်ဆင်စေ၍ စာရေးများအား အခကြေးငွေပေးပြီးလျှင် ကဏ္ဍဇ, မုဒ္ဓဇ စသော အက္ခရာ အစီအရင်၊ သိထိလ, ဓနိတ စသော ပါဠိအက္ခရာ အစီအရင်တို့ကို အကြိမ်ကြိမ် ဆင်ခြင်စိစစ်၍ ယုတ်စွအဆုံး အပိုဒ်အဖြတ် အရေးအသားကိုပင် မချွတ်ယွင်းစေဘဲ နန်းတော်တွင်းတွင် ရွှေရေး မင်ရေး ကညစ်ရေးတို့ဖြင့် ရေးသားစေတော်မူသည်။

ဉာဏ်စွမ်း ထက်မြက်ကုန်သော ရဟန်းတော်တို့ကို ရွေးချယ်၍ မိမိတို့ ဉာဏ်စွမ်းရှိသည်အလျောက် ဝိနည်း ပိဋကတ်တော်ကို အသီးအသီး ဆောင်ရွက်စေသည်။ ဝါစုဂ္ဂတနှုတ်ရ ကျက်စေသည်။ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအစ မိဖုရားငယ် မောင်းမအသွယ်သွယ် မှူးကြီးမတ်ရာ သေနာပတိမှစ၍ မြို့သူမြို့သားပါမကျန် အစွမ်းရှိသည်အလျောက် သုတ္တန် အဘိဓမ္မာကျမ်းစာတို့ကို မိမိတို့ တတ်နိုင်သလို တစ်သုတ္တန်စီ နှစ်သုတ္တန်စီ တစ်ပုဒ်တစ်ပါဒ စသည်ဖြင့် ဝါစုဂ္ဂတ နှုတ်ရကျက်စေသည်။ ဘုရင်မင်းတရား ကိုယ်တော်တိုင် အနတ္တလက္ခဏသုတ်, ဓမ္မစကြာ စသော များစွာသော သုတ္တန်တို့ကို နေ့စဉ်ရက်ဆက် သရဇ္ဈာယ်တော်မူသည်။ သာသနာတော် ကြာမြင့်စွာ တည်စေခြင်းငှာ နိုင်ငံတော်အတွင်းရှိ တောရကျောင်းသခ်မ်းတို့မှ ကုလလေးတာ ၅၀၀ ပတ်လည်ဌာန၌ ရေသတ္တဝါ ကုန်းသတ္တဝါတို့အား ဘေးမဲ့လွှတ်တော်မူသည်။ ပရိယတ္တိတဖက်ကမ်းခတ်ကုန်သော ဆရာတော်ကြီး ဆရာတော်ငယ်တို့၏ မယ်တော် ခမည်းတော်တို့ကိုလည်း မင်း၏အခွန်တော်မှ လွတ်ငြိမ်းခွင့်ပေး၍ ချမ်းသာစေတော်မူသည်။ တစ်ရက်တည်း၌ပင် အမျိုးသား ၁၀၀၀ မျှတို့ကို ရဟန်းသာမဏေပြုပေး၍ သာသနာတော်ကို ချီးမြှောက်တော်မူသည်။ ထို့ပြင် များစွာသော ကုသိုလ်တို့ကိုလည်း ပြုတော်မူသည်။ ကုသိုလ်ပြုသောအခါ သံသရာမှ လွတ်သော နိဗ္ဗာန်ကိုသာ ဆုတောင်းတော်မူသည်။ လောကီဘက်ကို ဘယ်အခါမျှ တောင်းတော်မမူ။ မိဖုရား မောင်းမမှူးမတ် စသည်တို့ကိုလည်း သင်တို့ ကုသိုလ်ပြုသောအခါ နိဗ္ဗာန်ကိုသာ ဆုတောင်းပြုရမည်ဟု အမြဲ ဆုံးမတော်မူသည်။ လက္ခဏာရေးသုံးပါးနှင့် စပ်သော အဘိဓမ္မာ တရားတော်ဖြင့် နေ့စဉ် ဆုံးမတော်မူသည်။ မင်းတရားကြီးသည် သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့၌ အမြဲတမ်း စီးဖြန်းတော်မူသည်။ တိုင်းရှင်ပြည့်ရှင် ဘုရင်မင်းတို့မှာ နိုင်ငံတော်ကိစ္စ အလွန်များလှရကား တစ်ခါတစ်ခါ ကမ္မဋ္ဌာန်း စီးဖြန်းရန် အခွင့်မရပေ။ ထိုအခါမျိုး၌ ယုတ်စွအဆုံး ကိုယ်လက်သုတ်သင်ချိန်တွင် အသုဘ ဘာဝနာကို ပွားဖြစ်အောင် ပွားလိုက်လေသည်။ အချည်းနှီး အချိန်ကို မဖြုန်းပေ။ လောက၌ အမင်္ဂလာဟု သမုတ်ကုန်သော လူဦးခေါင်းခွံ စသည်တို့ကို သုသာန်မှ ယူဆောင်ကာ ကိုယ်တော်မြတ်အနီးတွင်ထား၍ အရိုးစုကမ္မဋ္ဌာန်း ဖြစ်သော အဋ္ဌိကကဘာဝနာကို ပွားတော်မူသည်။ ဩော်-ဤသို့ သာသနာရေး အားပေးသော ငါတို့ မင်းတုံးဘုရင်ကြီးကို လွမ်းဖွယ် အောက်မေ့ဖွယ် ကောင်းလေစွတကား။

ထိုအခါ သာသနာ့ဝင် ကျမ်းပြု ဒုတိယ မောင်းထောင်ဆရာတော်၏ ဆရာမြတ် ကျမ်းတတ်အကျော်လျှင်မြန်နက်နဲသောဉာဏ်နှင့် ပြည့်စုံ၍ ဆန်းကြယ်သော တရားစကား ဟောတတ်သော မြန်မာတစ်ပြည်လုံး ရဟန်းတို့၏ စုရုံးဦးညွှတ်သော သက်ဝါကြီးကျယ် တင့်တယ်သော အဆင်းဖြော င့်စင်းသော ဝါဒအရှင် ဖြစ်တော်မူသော သဲအင်း သာသနာပိုင် တပည့် မောင်းထောင် ဆရာတော်ခေါ်သော ဥေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရုဟုတတိယအကြိမ်မြောက် ရအပ်သော တံဆိပ်တော်ရှိသော ကျေးဖူးရှင် ဆရာတော်ကြီးကို ဓမ္မာသောကဘုရင်ကြီးသည် မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးကို သံဃအကြီးအမှူးဦးစီးနာယကအရာထားဘိသကဲ့သို့ မြန်မာ တစ်ပြည်လုံး သံဃာတို့၏ ဦးစီးနာယက ပါမောက္ခအရာ သံဃရာဇာ သာသနာပိုင် ခန့်အပ်တော်မူလေသည်။ ထိုအကြောင်းကို နာဂရာဇုပ္ပတ္တိကထာကျမ်း၌-

ထိုစဉ်အခါ ဥေယျဓမ္မာဘိ စသည် တံဆိပ်နာမံ သခင် ဆရာတော်မြတ်အရှင်ကို သံဃာတော်တို့၏ အကြီးအမှူး ဦးစီးနာက သံဃရာဇာ သာသနာပိုင် အဖြစ်သို့ ကောင်းစွာတင်မြှောက်လေပြီဟု ဆိုခဲ့လေသတည်း။

http://www.dhammadownload.com



## မန္တလေး သာသနာဝင်
### မန္တလေးမြို့ တည်ထောင်ပုံ

သက္ကရာဇ် ၁၂၁၉ ခု ရောက်သောအခါ တရားမင်းဘွဲ့ယင် မင်းတုန်းမင်း ဘုရင်သည် မန္တလေးတောင်၏ အနီး မြေကောင်းမြေမြတ်၏ လက္ခဏာနှင့် ပြည့်စုံ၍ လူမျိုးစုံတို့၏ မျက်စိကို ဆွဲဆောင်နိုင်သော မြို့၏ တန်ဆာ လက္ခဏာတို့ဖြင့် ခြံရံ၊ အထူးထူးသော ရတနာတို့နှင့် ပြည့်စုံ၍ လူမျိုးစုံ ကုန်သည်တို့၏ စုဝေးပေါင်းဆုံရာဖြစ်သော ရတနာပုံမည်သော ရာဇဌာနီ မင်းနေပြည်ကြီးကို ဖန်ဆင်း တည်ထောင်တော်မူသည်။ မန္ဓာတ်မင်းကြီးသည် ရာဇဂြိုဟ်မြို့ကို တည်ဖန်သကဲ့သို့ လည်းကောင်း သုဒဿနမင်းကြီးသည် ကုသဝတီ မင်းနေပြည်ကြီးကို တည်ဖန်သကဲ့သို့ အကြောင်းအထွေထွေ တူလှလေသည်။ ထို့ကြောင့် နာဂရာဇုပ္ပတ္တိကထာကျမ်း၌ "၁၂၁၉ ခုနှစ်တွင် မန္တလေးတောင်နှင့် ရေဝတီမြစ်အနီး ဘူမိနက်သံ မြေကောင်းမှန်တွင် မန္ဓာတ်မင်းကြီးသည် မွေ့လျော်ဖွယ်ကောင်းသော ရာဇဂြိုဟ်ပြည်ကြီးကို ဖန်ဆင်းသကဲ့သို့ ရတနာပုံမည်သီး ရွှေပြည်ကြီးကို ငါတို့ဘုရင်သည် ဖန်ဆင်းတော်မူလေပြီ" ဟု ဆိုခဲ့လေသတည်း။

ဥပမာအားဖြင့် ကမ္ဘာလောကတွင် အလင်းရောင်ကို တောင့်တကုန်သော သတ္တဝါတို့၏ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် ကျေးဇူးကို ဆောင်တတ်သော ရောင်ခြည်တစ်ထောင် ထွန်းပြောင်ထိန်ဝင်း ရှင်နေမင်းသည် ဥဒည်းတောင်ထိပ်မှ တရိပ်ရိပ် ထွက်လာဘိသကဲ့သို့ ငါတို့ မြန်မာတိုင်းဘွား သီလတရားကို ချစ်ခင် သိက္ခာကို ဖြူစင်ကြကုန်သော ရဟန်းသံဃာနှင့် ပြည်သူအပေါင်းတို့၏ နှစ်ထောင်းအားရ ဝမ်းမြောက်ကြလျက် မြန်မာ့ကျက်သရေကိုဆောင် သာသနာ့ကျက်သရေရှင် ကမ္ဘာ့ရွှေ့သွား တရားမင်းသခင် မင်းတုံးဘုရင်မင်းမြတ်သည် ပေါ်ပေါက်၍ လာရလေသည်။ ဤတရားမင်းမြတ်ကိုမှီ၍ မြန်မာပြည်၌ ဘုရား သာသနာသည် များစွာ ထွန်းကားလေသည်။ ကြီးကျယ်ပြန့်ပြောအံ့ဩမကုန် ဂုဏ်ပေါင်းစုံအောင် ကြီးပွားခဲ့လေသည်။ သာသနာတော်မြတ်သည် မင်းကို အမှီရမှ တည်နိုင်လေသည်။ ငါတို့ ဘုရင်မင်းမြတ်သည်ကား သာသနာပြုရုံမျှသာ မဟုတ်ချေ။ ကိုယ်တော်တိုင် တရားကိုမြတ်နိုး၍ တရားကိုကျင့်သော ဓမ္မစာရီ ဖြစ်တော်မူသည်။ ဘုရင်က တရားစောင့်သဖြင့် တရားရှင်ဘုရင်ကို မှီခိုနေရကုန်သော တိုင်းနေပြည်သူ များဗိုလ်လူတို့မှာ ဘုရင်မင်းမြတ် တရားကျင့်ဘိသကဲ့သို့ အတုလိုက်၍ တရားကိုမြတ်နိုးခင်တွယ် စင်ကြယ်တည်ရှိ၍ ဓမ္မစာရီ ဖြစ်ကုန်သည်။ ထိုအကြောင်းကို မဟာဗောဓိ ဇာတ်တော် စသည်တို့၌ "မြစ်ကို ကူးကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား၍ မြစ်သည်လည်း ဖြောင့်ခဲ့လျှင် နောက်ပါ နွားမတို့သည် ဖြောင့်စွာ လိုက်ပါကြကုန်သည်"။ ဤနည်းတူစွာ လူတို့၌ အကြီးအမြတ် ဖြစ်သူသည် တရားကို စောင့်ရှောက်ပါမှ နောက်လူတို့မှာ ဆိုဖွယ်ရာ မရှိတော့ချေ။ ဘုရင် တရားစောင့်လျှင် တစ်တိုင်းပြည်လုံး ရွှင်ပြုံးအားရ ချမ်းသာကြလေသည်-ဟု ဟောတော်မူခဲ့လေသတည်း။

### မိဖုရား အိမ်ရှေ့မင်းနှင့်တကွ တိုင်းသူပြည်သားတို့ တရားစောင့်ကြပုံ

အထူးသဖြင့် အမရပုရ ဒုတိယမြို့တည်နန်းတည် ဘဝရှင် မင်းတရားကြီး၏ ကောက်ကျစ်စဉ်းလဲမရှိ၊ ပကတိ ရိုးသားဖြောင့်မတ် နူးညံ့သိမ်မွေ့သော ဣန္ဒြေသခင် ထိပ်ခေါင်တင် မိဖုရားကြီး၏ သမီးတော် ဖြစ်သော ငါတို့ မင်းတုန်းဘုရင်မင်းမြတ်၏ တောင်ညာစံဆေဝီ မဟေသီ မိဖုရားခေါင်ကြီးသည် မိဖုရားဆိုသော အထွတ်အမြတ်သို့ ရောက်ရပါလျက် ကာမဂုဏ်အာရုံတို့ဖြင့် ယစ်မူးမေ့လျော့မနေဘဲ ကုသိုလ်တရားတို့ကိုသာ မမေ့မလျော့ဘဲ အမြဲ အားထုတ်တော်မူ၍ တစ်လလျှင် ၆ ရက်မျှသာ ဥပုသ်သုံးခြင်းမှ ထွက်တော်မူသည်။ အမြဲမပြတ် ပိဋကတ်ကျမ်းများကို လေ့လာသင်အံ ကျက်မှတ်တော်မူသည်။ ကျမ်းဂန် လိုက်စားလှ၍ ဗေဒပါရဂူ ဗေဒင်ဘက်၌ တစ်ဖက်ကမ်းခတ်တော်မူလေသည်။

ဘုရား သာသနာတော်ကို အလွန်လျှင် ကြည်ညိုကြကုန်သော အခြားသော မောင်းမမိဿံ ခြွေရံသောင်းပြောင်း နန်းတွင်းသူ နန်းတွင်းသား အပေါင်းတို့သည် တရားသခင် ငါတို့ဘုရင်၏ ဩဝါဒအတိုင်း လိုက်နာ၍ တရားကို ကျင့်ကြကုန်၍ သာသနာနေအရေးကို နိုလှုံ

http://www.dhammadownload.com



ကြကုန်သည်။ အိမ်ရှေ့မင်းသည်လည်း ဘုရင်မင်းမြတ်နှင့် ညီနောင်အရင်း ဖြစ်သည့်အတိုင်း ဘုရင့်အလိုတော်အတိုင်း မဆန့်ကျင်ဘဲ တိုင်းနေပြည်သူ ရှင်လူတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်တော်မူသည်။ စကြဝတေးမင်းကြီး၏ သားကြီး ဩရသသည် အားအစွမ်းနှင့်ပြည့်စုံရဲရင့်၍ တကြွလုံ့လ ရှိသကဲ့သို့ပေတည်း။ ထိုမှတစ်ပါး များစွာသော အမတ်ကြီး အမတ်ငယ် ဝန်ငယ် ဝန်ကြီး စသော မင်းမှုထမ်း အရာရှိအပေါင်းတို့သည် မိမိတို့ ရာထူးအလျောက်တည်၍ ဘုရင့်အလိုတော်ဆန္ဒအတိုင်း တရားနှင့်အညီ ထမ်းရွက်ကြကုန်ပြီးလျှင် ကုသိုလ်တရားတို့၌ မွေ့လျော်ကြလေကုန်သည်။ တိုင်းသူပြည်သား အပေါင်းတို့သည်လည်း ဒါနသီလ ဘာဝနာ သာသနာရေး သာသနာမှု၌သာ စိတ်ညွတ်ကြကုန်၏။ သာသနာပိုင်အစ သံဃာကြီး သံဃာငယ် သံဃာလတ် အရပ်ရပ်သော ဘုရားသားတော်တို့သည်လည်း ဂန္ထဓုရ ဝိပဿနာဓုရ သာသနာ့အလုပ်တို့ကို နောက်မဆုတ်ဘဲ အားထုတ်ကြလေကုန်သတည်း။ ဤသို့လျှင် သူတော်ကောင်းတစ်ယောက်၏ ဂုဏ်ကို ချဲ့ထွင်ကာ ရေးသားပါမူ ဆုံးခန်းတိုင်ရောက်ဖို့ရာ ခဲယဉ်းလေသည်။ သုံးလောကထိပ်တင် ဘုန်းတော်ရှင် မြတ်စွာဘုရား၏ ပါရမီတော်ပေါင်း များစွာကို ဆည်းပူးတော်မူလာသောကြောင့် ရလာသော ဂုဏ်တော်များကို ချီးကျူးမကုတ်နိုင်သကဲ့သို့ ငါတို့ သာသနာဒါယကာ မင်းတုံးမင်းတရားကြီး မိဖုရားကြီး အိမ်ရှေ့မင်း စသည်တို့၏ ကျေးဇူးဂုဏ်ကို လုံးစေ့ပတ်စေ့ အကျယ်ချဲ့၍ ဆိုခဲ့ပါလျှင် ဤသာသနာဝင်ကျမ်းသည် ဘာဏဝါရ ၁၀၀ မက များသော်လည်း ဆုံးနိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် အကျယ်မချဲ့ဘဲ အကျဉ်းမျှဖြင့်ပင်လျှင် သူတော်ကောင်းတို့အား ကုသိုလ်တိုးပွား ဝမ်းမြောက်ခြင်းတရား ဖြစ်စေခြင်းငှာ ပြဆိုလိုက်ပေသည်။ ထိုစကား မှန်လှ၏။ ဥပမာအားဖြင့် သစ်ပင်သည် မြေဆီမြေဩဇာကိုမှီ၍ ကြီးပွားခြင်းသို့ ရောက်သကဲ့သို့ ဤသာသနာဝင် ဖတ်ကြကုန်သော သုဏာန္တ ပုဂ္ဂိုလ်တို့သည် ဘယ်သောအခါ ဘယ်တိုင်း ဘယ်ပြည်၌ ဘယ်မင်းကို အမှီထား၍ ဘုရားသာသနာသည် များစွာ ကြီးပွားစည်ပင် တီထွင် အံ့ဩပြန့်ပြောခြင်းသို့ ရောက်ခဲ့သည်ဟု အနုမောဒနာမှု ဝမ်းမြောက်ခြင်း ပြုကြကုန်ရာသတည်း။

## ကျမ်းပြုတော်မူကြပုံ

မင်းတုန်းဘုရင်မင်းတရား လက်ထက်တော်၌ ဒေယျဓမ္မာဘိမုနိဝရကိတ္တိသိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု သံဃရာဇာ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးသည် ဘုရင်၏ တောင်းပန်ချက်အရ သုရာဇမဂ္ဂဒီပနီကျမ်းကို ပြုတော်မူခဲ့သည်။ မဇ္ဈိမနိကာယ် အဋ္ဌကထာ နိဿယကို တပည့်များအား ပို့ချပြီးလျှင် ပို့ချသော အစဉ်အတိုင်း နိဿယကို ပေတွင်ရေးသားခဲ့သည်။ မေဓာဝံသာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ပြည်ဆရာတော် ဘုရားကြီးသည် ဓာတ်ပါဠိတော် နိဿယကို ရေးသားတော်မူခဲ့သည်။ သံဃရာဇာ သာသနာပိုင်၏တပည့် ပညာသာမိသိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု မောင်းထောင် ဆရာတော်သည် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့၏ တောင်းပန်ခြင်းကြောင့် သီလကထာကျမ်း, ဥပါယကထာကျမ်းကို ပြုသည်။ မင်းဆရာ ဒီသာပါမောက္ခ ဥပါသကာကြီး တောင်းပန်၍ အက္ခရဝိသောဓနီကျမ်း၊ အာပတ္တိဝိနိစ္ဆယကျမ်းတို့ကို ပြုတော်မူသည်။ သာသနာပိုင်၏ အမိန့်တော်အရ နာဂရာဇုပ္ပတ္တိကထာကျမ်း, ဝေါဟာရတ္ထဘေဒကျမ်း, ဝိဝါဒဝိနိစ္ဆယကျမ်းတို့ကို ပြုသည်။ သပြေငါးရွာစားအမတ်နှင့် အမှာတော်ရေး အမတ် ၂ ဦးက တောင်းပန်၍ ရာဇသေဝကဒီပနီကျမ်းကို ပြုသည်။ လောင်းရှည်မြို့စားဝန်ကြီးက တောင်းပန်၍ နိရိယကထာဒီပကျမ်းကို ပြုသည်။ မောင်ကျောက်ခဲက တောင်းပန်၍ ဥပေါသထဝိနိစ္ဆယကျမ်းကို ပြုသည်။ စာသင်သားများက တောင်းပန်ကြ၍ သဒ္ဒနီတိဋီကာကျမ်းကို ပါဠိဘာသာဖြင့် ရေးစီရင်ခဲ့လေသည်။ ဤသို့ စသည်ဖြင့် သာသနာပြုကျမ်းပြု အကျော် ဆရာတော်တို့မှာ များလှစွာရှိကုန်၏။

## ပဋိညာဉ် ဝန်ခံ၍ သိက္ခာပုဒ်ဆောက်တည်ရာ၌ အကျိုးအပြစ်ကို ခွဲခြားဝေဖန်ပုံ

သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် တစ်ပါးသောအခါ သာသနဒါယကာ မင်းတရားကြီး၌ ဤသို့ အကြံတော်ဖြစ်တော်မူလေသည်။ ယခုအခါ ဘုရားရှင် သာသနာ၌ အချို့သော ရဟန်း သာမဏေတို့အား လူဒါယကာတို့အား သစ်သီးပေးခြင်း ပန်းပေးခြင်း စသော ကုလဒူသန-

http://www.dhammadownload.com



မအပ်သောအမှုတို့ဖြင့် ဖြစ်စေအပ်ကုန်သော ပစ္စည်း ၄ ပါးတို့သည်များစွာ ဖြစ်နေချေပြီ။ အချို့သော သီလ မတည် အလဇ္ဇီ ပုဂ္ဂိုလ်တို့သည်လည်း ရွှေငွေ စသော နိဿဂ္ဂိယ ဝတ္ထုကို ကိုယ်တိုင်ကိုင်တွယ်ကာ သာယာ လျက် ရှိကြကုန်ပြီ။ အချို့သော သီလမတည် အလဇ္ဇီ ပုဂ္ဂိုလ်တို့သည် နေလွဲသောအခါ၌ ကွမ်းကို စားကြကုန် သည်။ အာခေါင်တွင်း၌ သိုမှီးသိမ်းဆည်းခြင်းကို အမှီ ပြု၍ ဆေးသောက်ခြင်း အမှုကိုလည်း ပြုကြကုန်ပြီ။ မနာမဖျားဘဲ ဖိနပ်စီး ထီးဆောင်းလျက် ရွာတွင်းသို့ သွားလာကြလေကုန်ပြီ။ ဤမှတစ်ပါး များစွာသော ဝိနည်းနှင့် မလျော်သော အကျင့်ဆိုးတို့ကို ကျင့်လျက် နေကြကုန်ပြီ။ သြော် ... အံ့ဖွယ်သြဖွယ် ရှိလေစွတကား။

ယခုအခါ ရဟန်းသာမဏေတို့အား ဘုရားရှေ့တော် တွင် ဘုရားကို သက်သေထားလျက် ဤသို့သော အကျင့် ဆိုးတို့ကို မကျင့်ပါဟု ပဋိညာဉ် ဝန်ခံခြင်းကို ပြုစေ လျက် သိက္ခာပုဒ်တော်ကို စောင့်ထိန်းစေမှ သင့်တော် မည်။ သို့မှသာလျှင် ရဟန်းသာမဏေတို့သည် ငါတို့ သည် ဘုရားရှေ့တော်တွင် ဤသို့ ပဋိညာဉ် ဝန်ခံထား ကုန်ပြီ၊ ပဋိညာဉ်ဝန်ခံလျက် ဖောက်ပြန် ကျူးလွန်ခဲ့လျှင် ငါတို့အား ဤမျက်မှောက်လောက၌ပင် တစ်စုံတစ်ရာ ဘေးဥပဒ် ဖြစ်လာတန်ရာ၏ဟု ပစ္စက္ခဒိဋ္ဌ ဘေးကို ကြောက်၍ သိက္ခာပုဒ်တော်ကို စောင့်ထိန်းကြပေလိမ့် မည်ဟု အကြံတော်ဖြစ်၍ ရဟန်း သာမဏေတို့အား ပဋိ ညာဉ်နှင့် သိက္ခာပုဒ်ကို စောင့်စေခြင်းငှာ သင့်မည်လား မသင့်မည်လား ဤ ၂ ပါးကို ငါတို့ မသိကြကုန်။ ထို အကြောင်းကို သာသနာပိုင် စသော ဆရာတော် သံဃာ တော်တို့ကို စည်းဝေးစေ၍ မေးလျှောက်ရမည်ဟု အကြံ တော် ဖြစ်လေသည်။ ထိုအကြံတော်အတိုင်း ဆရာတော် သံဃာတော်တို့ကို သာသနာပိုင်၏ကျောင်းတော်၌ စုဝေး စေ၍ မေးလျှောက်ရမည်ဟု အမတ်တို့ကို စေခိုင်းတော် မူလေသည်။ မှူးမတ်တို့သည် ဘုရင်မင်းမြတ် အမိန့် အတိုင်း ဆရာတော် သံဃာတော်တို့ကို စည်းဝေးစေပြီး လျှင် အရှင်ဘုရားတို့၊ ယခုအခါ သာသနာ၌ ရဟန်း သာမဏေတို့၏ ဝိနည်းနှင့် မလျော်သော အကျင့်ကို ဘုရင်မင်းမြတ် တွေ့မြင်တော်မူ၍ ဘုရားရှေ့တွင် ဘုရား ကို သက်သေထား၍ ဤသို့သော အကျင့်ဆိုးတို့ကို နောင်အခါ မကျင့်တော့ပါဟု ပဋိညာဉ်ထား၍ သိက္ခာ ပုဒ်ကို ဆောက်တည်စေခြင်းငှာ ဘုရင်မင်းမြတ် အလို တော်ရှိပါသည်။ ထိုကိစ္စ သင့် မသင့်ကို ဆုံးဖြတ်ချက် ပေးတော်မူကြပါဟု အခွင့် လျှောက်ထားကြလေကုန် သည်။

ထိုအခါ သာသနာပိုင် ဆရာတော် အမှူးရှိသော ဆရာတော်တို့က သာသနာတော်၏ စင်ကြယ်ခြင်းငှာ အလိုရှိသဖြင့် ဤသို့ပြုခြင်းသည် သင့်တင့်လျောက်ပတ် ပေသည်ဟု မိန့်တော်မူလေကုန်သည်။ ပဏ္ဍိတာဘိဓဇ ရာဇဂုရု တံဆိပ်ရ ဆရာတော်၊ မုနိန္ဒဃောသမဟာဓမ္မ ရာဇဂုရု ဆရာတော် စသော ၂ ပါး ၃ ပါးတို့သည် ဤသို့ မိန့်ဆိုကြကုန်သည်။ ယခုအခါ၌ ရဟန်းမည် သည်ကား သဒ္ဓါတရား နည်းပါးလှ၍ ဘုရားမျက်နှာ မထောက်ဘဲ စိတ်ပါလက်ရောက် ကျူးလွန်သော သစိတ္တက အာပတ်၊ စိတ်မပါဘဲသင့်ရသော အစိတ္တကအာပတ်တို့ကို ကျူးလွန်၍ ဘုရားခွင့်ပြုခဲ့သည့်အတိုင်း ဒေသနာကံ ဝုဋ္ဌာနကံတို့ဖြင့် ကုစားပြီးလျှင် သီလကို စင်ကြယ်အောင် ပြု၍ လဇ္ဇီသူမွန် သီလဝန် ဖြစ်အောင် ပြုကြကုန်သည်။ တစ်ခါတစ်ရံမျှ အာပတ်မသင့်လျှင် ဤသို့ပြုရန် မလို တော့ချေ။ ထို့ကြောင့် ဘုရာ မြစ်တားခဲ့သော ကံကို စေတနာနှင့် မကျူးလွန်ပါအံ့ ဟူ၍ ဘုရားရှေ့တွင် ပဋိညာဉ်ပြုဖို့ရာ အလွန် ဝန်လေးလှချေသည်။ အကယ်၍ ပထမက ပဋိညာဉ် ပြုပြီးမှ နောက် ချွတ်ယွင်းဖောက် ပြန် ဖြစ်တန်ရာသည်။ ထိုအခါ ဝန်ခံစဉ်က စင်ကြယ် စိတ်နှင့် ဝန်ခံခဲ့ငြားအံ့။ ပျက်သောအခါ ဒုက္ကဋ် အာပတ် သင့်မည်။ ပထမကပင် မစင်ကြယ်စိတ်နှင့် ဝန်ခံ ပဋိညာဉ် ပြုခဲ့မူ ပါစိတ်အာပတ် သင့်မည်ဟု ဘုရားဟော ရှိသော ကြောင့် အာပတ်တိုင်း အာပတ်တိုင်းတွင် ပဋိဿဝဝိသံဝါ ဒနဒုက္ကဋ်အာပတ်နှင့်တကွ သင့်နေပေလိမ့်မည်။* ပဋိ ညာဉ် ပြုသောကြောင့် အာပတ်ပို၍ များလာပေလိမ့် မည်။ ရောဂါပျောက်ရန်အတွက် မသင့်သောဆေးကို စားမိက ပိုပြီး ရောဂါတိုးလာသကဲ့သို့ အာပတ်မသင့်ရန် ဘုရားထံ ပဋိညာဉ်ပြုမှ ပိုပြီး အာပတ် များလာပေရာ၏။ စဉ်းစားပါ။ များသောအားဖြင့် ဘေးကို မကြောက်သော

* ထိုဆရာ၏ စကားအတိုင်းဆိုက ဝိနည်းသိက္ခာပုဒ် ၂၂၇ ပါးမှ ၁ ပါးစီ တိုးပြီးလျှင် ၃၄၄ သိက္ခာပုဒ် ရှိပေလိမ့်မည်။

http://www.dhammadownload.com



ရဟန်းတို့မှာ ဘုရား တစ်ရာကျော် မျက်မှောက်၌ အကြိမ်တစ်ရာမက ပဋိညာဉ် ဝန်ခံ၍ သိက္ခာပုဒ်ကို ဆောက်တည်ခဲ့သော်လည်း လွန်ကျူးဖို့ရာ ဝန်မလေးဘဲ လွယ်ကူစွာ ရှိကြပါကုန်သည်ဟု ပြောဆိုကြလေကုန်သည်။

ထိုအခါ သံဃရာဇာ သာသနာပိုင် မဟာထေရ်မြတ်သည် ၎င်း၏တပည့်ဖြစ်သော ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်ရ ဤသာသနာဝင်ကျမ်းကို ပါဠိဘာသာဖြင့် ပြုစုတော်မူသော မောင်းထောင်ဆရာတော်ကို ထိုဆရာတော်တို့၏ စကားကို ချေပပြောဆိုရန် တာဝန်လွှဲအပ်တော်မူသည်။ မောင်းထောင်ဆရာတော်က ဤသို့ ပြန်လည်ချေပ ပြောဆိုလေသည်။

အရိယာဖြစ်ကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဤပုဂ္ဂိုလ် ၂ ဦးတို့မှာ စေတနာနှင့် အာပတ်ကို လွန်ကျူးရန် မထိုက်ကုန်။ ပုထုဇဉ် ဖြစ်ကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဤပုဂ္ဂိုလ် ၂ ဦးတို့မှာ စေတနာနှင့် အာပတ်ကို လွန်ကျူးရန် ထိုက်နေပြန်သည်ဟု ပရိဝါပါဠိတော်၌ ဟောတော်မူသောကြောင့် အရိယာ ပုဂ္ဂိုလ်တို့ကဲ့သို့ ပုထုဇဉ်တို့အား အမှန်အကန် ပဋိညာဉ်ပြုရန်မအပ်ဟု နှလုံးသွင်း၍ ပုထုဇဉ် ရဟန်းများအား ပဋိညာဉ်ပြုရန် ဝန်လေးသည် ဆိုငြားအံ့။ အလုံးစုံသော အရိယာပုထုဇဉ် ရဟန်းများမှာ ရဟန်းခံစဉ် သိမ်ဝင်တုံးက အစကနဦးကပင် မပြုထိုက်သော အချက်ကြီး ၄ ချက်ကို ပြောဆိုရာတွင် (၂) ရဟန်းသည် ယုတ်စွအဆုံး မြက်ဝါးခြမ်းမှစ၍ တစ်မတ် တစ်မတ်တန် တစ်မတ်ထက် အဖိုးတန် ပစ္စည်းများကို ခိုးလိုသောစိတ်နှင့် ယူခဲ့ငြားအံ့။ ဘုရားသားတော် ရဟန်းကောင်း မဟုတ်ဟု ဆိုခဲ့လေပြီ။ (၃) ရဟန်းသည် ယုတ်စွအဆုံး ပိုးရွခြပုံးကို အစပြု၍ စိတ်စေတနာနှင့် လူ၏အသက်ကို ချငြားအံ့။ ယုတ်စွအဆုံး ကိုယ်ဝန်သော်လည်း ကျစေငြားအံ့။ ဘုရားသားမြတ် ရဟန်းဇာတ် မဟုတ်ချေ။ (၄) ရဟန်းသည် ယုတ်စွအဆုံး ဆိတ်ငြိမ်ရာ၌ မွေ့လျော်ပါ၏ဟု အလိုဆိုး ရှေ့ထား၍ ထင်ရှားမရှိ မဟုတ်မှန်သော ဈာန်မဂ်ဖိုလ်တရားကို ရှိသည်ဟု ပြောငြားအံ့။ ဘုရားသားမြတ် ရဟန်းဇာတ် မဟုတ်ချေ။ ဤသို့ ဆရာဥပဇ္ဈာယ်တို့က ဆုံးမဩဝါဒပေးသောအခါ ရဟန်းသစ် မှန်သမျှ အာမဘန္တေဟု ပဋိညာဉ် ဝန်ခံချက်ကို ပွဲဦးက ထွက်ခဲ့ပြီ။ သာမဏေတို့မှာလည်း ရှင်ပြုစဉ်ကပင်လျှင် ဆရာ ဥပဇ္ဈာယ်၏အထံ၌ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ပဋိညာဉ် ဝန်ခံပြုခဲ့ပါပြီ။ ထို့အတူ ရဟန်းများမှာလည်း အာပတ်သင့်၍ အာပတ်ကို ဒေသနာဖြင့် ကုစားသောအခါ သာဓုသုဋ္ဌုဘန္တေသံဝရိဿမိဟု ဒေသနာကြားတိုင်း ပဋိညာဉ် ဝန်ခံချက်ကို အမြဲမပြတ်ပြုနေပါပြီ။ သာမဏေများမှာ ဆရာ ဥပဇ္ဈာယ်များအထံသိက္ခာပုဒ် ဆောက်တည်တိုင်း၌လည်း ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံသမာဒိယာမိ စသည်ဖြင့် အမြဲ ပဋိညာဉ် ပေးနေရပါပြီ။ ဤသို့သော ပဋိညာဉ်မျိုးကိုမကြောက်ဘဲ ယခုမှ ဘုရားရှေ့ ပဋိညာဉ်ပေးရမှာ ကြောက်သည်ဆိုသော စကားသည် အံ့ဖွယ်ရှိလှပါသည်။ ယခုပြုရမည့် ပဋိညာဉ်နှင့် ယခင်က ပဋိညာဉ်သည် ဘာမျှထူးခြားချက် မရှိချေ။

ဤနေရာ၌ ဆုံးဖြတ်ချက်မှာ ဤသို့ပင်တည်း။ ဝန်ခံချက်ချွတ်ယွင်းလို့ သင့်သောဒုက္ကဋ် အာပတ်မှာ သာဝတ္ထိပြည်၌ ပသေနဒီ ကောသလမင်းကြီးသည် ဤကျောင်း၌ ဝါဆိုပါဟု တောင်းပန်သောအခါ "သာဓု" ကောင်းပြီဟု ဝန်ခံပြီး လာဘ်လာဘများစွာရသော လမ်းခရီး ကျောင်းတစ်ကျောင်း၌ ဝါကပ်၍ ဝန်ခံချက် ချွတ်ယွင်းသော ဥပနန္ဒရဟန်းကို အကြောင်းပြု၍ ပညတ်သော သိက္ခာပုဒ် ဖြစ်ချေသည်။ သမန္တပါသာဒိကဝိနည်းအဋ္ဌကထာ ဝဿုပနာယိက ခန္ဓကအဖွင့်၌ ပဋိဿဝေစအာပတ္တိဒုက္ကဋဿ ဟူသော ပါဠိတော်ကို ဖွင့်ပြပုံမှာ၊ ဤနေရာ၌ ဝါတွင်းသုံးလပတ်လုံး နေတော်မူပါဟု ဆိုသောစကားကို ဝန်ခံလိုက်စဉ်ပင် အာပတ်သင့်လေသည်။ ဤဝါတွင်းသုံးလပတ်လုံး ဆွမ်းအလှူခံပါ၊ ကျွန်ုပ်တို့ ၂ ဦး ဤအရပ်တွင် နေကြပါစို့၊ အတူတကွ ပညာသင်ကြပါစို့၊ ပါတီမောက် ပြကြပါစို့ ဤသို့ စသည်ဖြင့် ထိုထိုစကားကို ဝန်ခံဆဲ၌ပင် ဒုက္ကဋ်အာပတ် သင့်လေသည်။ ထိုသို့ ဒုက္ကဋ်အာပတ်သင့်မှုမှာ ပထမက စင်ကြယ်သောစိတ် ရှိပါသော်လည်း နောက်မှာ ချွတ်ယွင်းလာလို့ သင့်လေသည်။ ပထမ ကနဦးကပင် စင်ကြယ်သောစိတ် မဟုတ်ဘဲနှင့် ဝန်ခံချက်ပေးလျှင် ပေးဆဲစကား၌ ပါစိတ် အာပတ် သင့်လေသည်ဟု ဖွင့်ပြလေသည်။ ဤသို့လျှင် ရဟန်းတို့အား အချင်းချင်း လည်းကောင်း၊ ဒါယကာ

http://www.dhammadownload.com



တို့နှင့်တကွ လည်းကောင်း ဝန်ခံ၍ နောက် ချွတ်ယွင်းသောကြောင့် သူတစ်ပါးတို့၏ အကျိုးစီးပွား ပျက်သောကြောင့်သာလျှင် ဒုက္ကဋ်အာပတ် သင့်စေဟု ဟောတော်မူခဲ့လေသည်။ မိမိအလိုအလျောက် ကျွန်ုပ် စားပါအံ့၊ အိပ်ပါအံ့ စသည်ဖြင့်ဆို၍ ဆိုခဲ့တိုင်း မပြုမူ၍ ချွတ်ယွင်းစေငြားအံ့။ အကယ်၍ ရဟန်းသာမဏေတို့မှာ ပထမကနဦးကပင် အာမဘဏ္ဍေ ဟူသော ပဋိညာဉ်ရှိ၍ နောက်တစ်စုံတစ်ခုကြောင့် အာပတ်သင့်နေတိုင်း ဝန်ခံချက်ချွတ်ယွင်း၍ ဒုက္ကဋ်အာပတ် သင့်ငြားအံ့။ ထိုထိုသိက္ခာပုဒ်အားလုံးတို့၌ အာပတ် ၂ ချက်စီ ဖြစ်လာပေလိမ့်မည်။ ဤသို့လည်း ဘုရားရှင်က ပညတ်တော် မမူခဲ့ချေ။ ထို့ကြောင့် ဝန်ခံချက် ချွတ်ယွင်းသော ပဋိဿဝဒုက္ကဋ်အာပတ်သည် သူတစ်ပါးထံ၌ သူတစ်ပါး အလိုအတိုင်း ဝန်ခံချက် ပျက်ကွက်ရာ၌သာလျှင် ပညတ်တော်မူသည်ဟု မှတ်အပ်ကုန်၏။ ယခုအခါ သာသနာတော်ကို စင်ကြယ်လိုသော ဘုရင်မင်းမြတ်သည် ဤသို့သော ဥပါယ်တံမျဉ်ဖြင့် ရဟန်းသာမဏေတို့အား သီလကို စောင့်စေလျက် လောကသံသရာကျိုးကို ရှေးရှု၍ သီလစောင့်ထိန်းမှု ဖြစ်ကြပေကုန်ရာ၏ဟု ကြံစည်တော်မူ၍ ဘုရားရှေ့တွင် ပဋိညာဉ် ဝန်ခံချက် ပြုသောကြောင့် ဘာအပြစ်မှ မရှိချေ။ ရဟန်းသာမဏေတို့အားလည်း အတိုင်းထက်အလွန် သီလကို စောင့်ထိန်း၍ သီလဝိသုဒ္ဓိ ဖြစ်ကာ နိဗ္ဗာန်ရောက်ကြောင်းကြီး ဖြစ်ပေသည်ဟု သံဃာ့ပရိသတ်အလယ်တွင် ပြန်လည်ချေပသော လျှောက်ထားဆုံးဖြတ်ချက်ကို အားလုံးသော ဆရာတော် သံဃာတော်တို့ သဘောတူညီတော်မူကြလေကုန်သည်။ ဤသို့သော အကြောင်းကိုသိရသော ဘုရင်မင်းတရားသည် နိုင်ငံတော်တွင် ရဟန်းသာမဏေ အားလုံးတို့အား ဘုရားရှေ့တွင် ပဋိညာဉ် ဝန်ခံချက်ပြုစေ၍ ဝိနယသိက္ခာ သီလသာသနာကို ကောင်းစွာ စောင့်ထိန်းတော်မူစေသတည်း။ ဤသို့လျှင် ငါတို့ သာသနာဒါယကာ မင်းတုံးမင်းတရားကြီး လက်ထက်တော်၌ ရှေးက အလဇ္ဇီ ဖြစ်ကုန်သော်လည်း ဘေးကိုရှု ဆင်ခြင်၍ များသောအားဖြင့် သီလဂုဏ်ရှင် လဇ္ဇီ သူတော်စင် ဖြစ်ကြလေကုန်သတည်း။ သြော် ... ဤသို့ သာသနာတော်ကို ပြုစုသော ဘုရင်မင်းတရား၏ ကုသိုလ်တော်သည် ချီးကျူး၍ကုန်ဖွယ် မရှိလေစွတကား။ ။

## သီဟိုဠ်ကျွန်းက သိမ်အတွက် အငြင်းအခုံဖြစ်၍ မြန်မာပြည်သို့ လာရောက်နည်းယူရပုံ

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသည်နောက် ၂၃၉၀ ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ မြစ်ပြင်တွင် ဂါမသိမ်ကမ်းနားမှစ၍ ရေလယ် ဥဒကုက္ခေပသိမ်ထိအောင် ကံကြီးကံငယ် ပြုကုန်သော ရဟန်းတို့အား ချမ်းသာစွာသွားစေခြင်းငှာ လူအများတို့က ဂါမသိမ်နှင့် ဥဒကုက္ခေပသိမ်ကြားကို တံတားထိုး၍ ထားလေသည်။ ကမ်းနားမှ သိမ်အရောက် တံတားထိုးထားပုံကို ဆိုလိုသည်။ ထိုသိမ်မျိုး၌ပင် အမရပုရဂိုဏ်း နာယကဆရာတော် ဉာဏလင်္ကာရသုမန မဟာဓမ္မရာဇာဓိရာဇဂုရုထေရ်သည် ဥဒသမ္မုဒကံ စသော ကံကြီးကံငယ်တို့ကို ၂ နှစ် ၃ နှစ် ပြုကာ နေလေသည်။ ထိုအမရပုရဂိုဏ်းဝင် စီရာနန္ဒထေရ်အရှင်သည်မူကား ထိုသိမ်မျိုး၌ ကံကြီးကံငယ်ပြုရန် ယုံမှားသံသယရှိ၍ မပြုဘဲ နေလေသည်။ ထိုအခါမှစ၍ ဉာဏာလင်္ကာရပထေရ်ဂိုဏ်း၊ စီရာနန္ဒမထေရ်ဂိုဏ်း ဟူ၍ အမရပုရ ဂိုဏ်းကြီး၌ ၂ ဂိုဏ်း ကွဲထွက်၍လာလေသည်။ ထိုအခါ စီရာနန္ဒ ဂိုဏ်းဝင်တို့က ၎င်းတို့၏ ဂိုဏ်းသားဖြစ်သော ဓမ္မက္ခန္ဓ ရဟန်း၊ ဓနရတန ရဟန်းတို့ကို ငါတို့ဇမ္ဗူဒိပ် ရတနာပုံ နေပြည်တော် သာသနာပိုင်ထံတော်သို့ အဆုံးအဖြတ်ခံရန် စေလွှတ်လိုက်လေသည်။ ထိုစေတမန် ရဟန်းတို့သည် ၁၂၁၈ ခု တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ သီဟိုဠ်ကျွန်းမှ ထွက်လာရာ ၁၂၁၉ ခု တပေါင်းလဆန်း ၇ ရက်နေ့မှ ရတနာပုံ နေပြည်တော်သို့ ရောက်လေသည်။ ဘုရင်မင်းတရားသည် သာသနာပိုင်၏ ကျောင်းတိုက်တွင်းတွင် လေးထပ်ကျောင်း ဆောက်လုပ်၍ ထိုသီဟိုဠ် ရဟန်းတို့အား နေစေတော်မူသည်။ ပစ္စည်းလေးပါးတို့ဖြင့်လည်း ထောက်ပင့်တော်မူသည်။

သာသနာပိုင် ဆရာတော်ဘုရားကြီးကလည်း ၂ ဂိုဏ်းသားတို့၏ စကားကို နားထောင်ပြီးလျှင် ကျမ်းမျိုးစုံညှိနှိုင်း ၎င်းတို့၏ဝါဒကို ဆုံးဖြတ်တော်မူသည်။ ထိုသို့သော သိမ်မျိုး၌ အပြစ်ဒေါသမျိုးကိုလည်း ပြ၍ သန္နေသ စာတစာစောင်ကိုလည်း ထိုရဟန်းတို့လက်တွင် ပေးလိုက်သည်။ ဘုရင်မင်းမြတ်ကလည်း ထိုသီဟိုဠ် ရဟန်းတို့အား သာသနာပိုင်ထံတွင် သိက္ခာအသစ် ထပ်မံတင်စေပြီးလျှင် ပိဋကတ်ကျမ်းစာ အမျိုးမျိုး၊ လှူဖွယ်

http://www.dhammadownload.com



ဝဏ္ဏ အမျိုးမျိုးတို့ကို လှူပြီးလျှင် ထိုနှစ် ပထမဝါဆို လဆုတ် ၁၀ ရက်နေ့ပင် လှေဖြင့် ပို့တော်မူလိုက်လေသည်။

ထိုနောက် မကြာမီ သုမနာလင်္ကာရ ဂိုဏ်းဝင်တို့ကလည်း ၎င်းတို့ဂိုဏ်းသား ပညာမောလိ ဆရာတော်၏တပည့် ဝိမလဇောတိရဟန်း၊ ဓမ္မနန္ဒရဟန်းတို့ကို အရိယာလင်္ကာရ သာမဏေ ဥပါသကာ ၄ ယောက်တို့နှင့်တကွ စေလွှတ်လိုက်ရာ ရတနာပုံနေပြည်တော်သို့ ၁၂၂၀ ပြည့် တန်ဆောင်မုန်းလဆုတ် ၅ ရက်နေ့တွင် ရောက်လာလေသည်။ ထိုအခါ၌လည်း သာသနာပိုင်၏ ကျောင်းတိုက်တွင်ပင်လျှင် ကျောင်းတစ်ကျောင်းဆောက်၍ လှူတော်မူသည်။ ဘုရင်မင်းမြတ်က ပစ္စည်းလေးပါးဖြင့် ချီးမြှင့်တော်မူသည်။ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် တစ်ဖန်ပြန်၍ ယခင် ဆုံးဖြတ်သောနည်းအတိုင်း အဆုံးအဖြတ် ပေးတော်မူရပြန်သည်။ ဘုရင်မင်းသည် ထိုရဟန်းတို့အားလည်း သာသနာပိုင်ထံတွင် သိက္ခာအသစ် တင်စေပြီးလျှင် သာမဏေကိုလည်း ရဟန်းခံပေးလျက် ပစ္စည်း ၄ ပါးတို့ဖြင့် ချီးမြှင့်ထောက်ပံ့ကာ ပြန်ပြီး ပို့တော်မူရလေသည်။

ထိုနောက် ကောဇာသက္ကရာဇ် ၁၂၂၂ ခု တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့တွင် သီဟိုဠ်ကျွန်းမှ ရဟန်း ၂ ပါး၊ သာမဏေ ၄ ပါး၊ ဥပါသကာ ၄ ယောက်တို့သည် ရွှေကရား ငွေကရား၊ ရွှေစေတီ ငွေစေတီ၊ ဆင်စွယ် ဆင်းတု ဗောဓိရွက် ဗောဓိသား၊ မဟာဗောဓိမြေ၊ သီဟိုဠ်ဒက္ခိဏာသာခါ ဗောဓိရွက်များ၊ ဒုတိယ သတ္တာဟအနိမိသကုန်းကမြေ ဤအားလုံးတို့ကို တရားလက်ဆောင်အဖြစ် ယူပြီးလျှင် ရတနာပုံ ဇေယျဘူမိမင်းနေပြည်သို့ ရောက်လာကြလေကုန်သည်။ ဘုရင်မင်းမြတ်သည် ထိုသီဟိုဠ်သားတို့အားလည်း သာသနာပိုင်၏ ကျောင်းတိုက်တွင် နေစေ၍ ပစ္စည်းလေးပါးဖြင့် ထောက်ပင့်တော်မူသည်။ ရဟန်းတို့အား သိက္ခာသစ်တင်စေ၍ သာမဏေတို့အား ရဟန်းခံပေးပြီးလျှင် ဥပါသကာများအား ရှင်ပြုပေးတော်မူသည်။ ဤသို့လျှင် မြန်မာနိုင်ငံတော်၌ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးသည်မှစ၍ ယနေ့တိုင်အောင် သာသနာဝင် ဆရာအစဉ်အဆက် ဆင်းသက်လာသည်၏ အစွမ်းအားဖြင့် သာသနာတော် ထွန်းပေါ်တည်ရှိလေသတည်း။

## ပုဂံဂိုဏ်း သံဃာများမှ ဆင်းသက်လာသော သာသနာဝင် ဆရာစဉ်ဆက်

ဤသာသနာဝင်၌ ပြဆိုခဲ့သောအတိုင်း မြန်မာနိုင်ငံတော် ပုဂံပြည်၌ အရှင်အရဟံရဂိုဏ်း၊ ရှင်ဥတ္တရာဇီဝနှင့် ဆပ္ပဒထေရ်တို့ဂိုဏ်း၊ ရှင်သီဝလိထေရ်ဂိုဏ်း၊ ရှင်အာနန္ဒာထေရ်ဂိုဏ်း၊ ရှင်တာမလိန္ဒထေရ်ဂိုဏ်း ၅ ဂိုဏ်း ကွဲခဲ့ကြလေသည်။ ပုဂံပြည် ဂိုဏ်း ၅ ဂိုဏ်းမှစ၍ ပင်းယ စစ်ကိုင်း အင်းဝပြည်တို့၌ ဆရာအစဉ်အဆက်ဖြင့် သာသနာအစဉ် မပျက်လာပုံကို ပြပေအံ့။ သရေခေတ္တရာပြည် စောရန်နောင်မင်းသည် ပင်းယ စကားကျောင်းထွက် တောင်ဘီလူး အရှင် ပရက္ကမအဆက်သာရဒဿီ၏တပည့်ရင်း ရှင်သဒ္ဓမ္မဋ္ဌိတိ မထေရ်ကို ဆရာပြုလုပ် ကိုးကွယ်ခဲ့သည်။ ထိုစောရန်နောင်မင်းသည် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ပြည်မြို့မှ ဆန်တက်၍ ရတနာပုရ အင်းဝပြည်ကြီး၌ မင်းအဖြစ်ကို ယူတော်မူသည်။ သားတော် ဆင်များရှင်မင်းသားကို မင်းကြီးစွာအမည်ဖြင့် ပြည်မြို့ကို အပိုင်စားစေသည်။ တောင်ဘက်ကို ဂူထွက်တရုတ်မော်၊ အနောက်ကို ဖိုးခေါင်၊ အရှေ့ကို ကုန်းခေါင်၊ မြောက်ကို မလွန်မြို့ ဤ ၄ ဌာနအတွင်းတွင် နေကုန်သော လူမှန်သမျှတို့အား ငါ့သားတော်ပိုင်စေ၊ ရှင်ရဟန်း မှန်သမျှတို့အား ငါ့ဆရာ သဒ္ဓမ္မဋ္ဌိတိ စီရင်ပိုင်စေဟု သာသနာပိုင် ခန့်အပ်တော်မူသည်။ ထိုသဒ္ဓမ္မဋ္ဌိတိ သာသနာပိုင်မှာ အရိယဝံသ၊ မဟာသာမိဟူသော တပည့် ၂ ဦး ရှိကုန်သည်။ ထို ၂ ပါးအနက် မဟာသာမိ မထေရ်သည် ယခင် ပြဆိုခဲ့သည့်အတိုင်း သာသနာဝင် အဆက်အနွယ်ကို ဆောင်ယူမည်ဟု သီဟိုဠ်ကျွန်းသို့သွားပြီးလျှင် သီဟိုဠ်ကျွန်းမှ ရဟန်း ၅ ပါးနှင့်တကွ ရှင်သဒ္ဓမ္မစာရီထေရ်ကို ပင့်ယူခဲ့ပြီး ပြည်မြို့တွင် သီဟိုဠ်ဆက် သာသနာ ပွားများအောင် နေထိုင်သည်။ ထိုရှင်မဟာသာမိ၏ တပည့် ရှင်အတုလဝံသလည်း အရပ် ၄ မျက်နှာ စာပေသင်ပြီးလျှင် ပြည်မြို့၌ပင်လျှင် ကွမ်းစားချောက် အနီး၌ သာသနာပြုစု၍ နေတော်မူသည်။ ရှင်အတုလဝံသတပည့် ရှင်ရတနရံသီလည်း စာပေတတ်မြောက် ဘက်ကမ်းရောက်လျှင် ပြည်မြို့တွင်ပင် သာသနာပြုစု နေထိုင်သည်။ ရှင်ရတနရံသီ၏ တပည့် ပြည်ဘုရင် သတိုးမင်းကြီး၏ဆရာ အရှင်အတိ

http://www.dhammadownload.com



သင်္ဂါတမထေရ် စာပေတတ်မြောက် ဘက်ကမ်းရောက်၍ ပြည်မြို့တွင်ပင် သာသနာပြုစု နေထိုင်သည်။ အရှင်အတိသင်္ဂါတ တပည့်မှာ ရှင်မုနိန္ဒဃောသ ဖြစ်လေသည်။

သက္ကရာဇ် ၉၇၀ တွင် အနောက်ဘက်လွန်မင်းတရားကြီးသည် ပြည်မြို့ကို စစ်နိုင်၍ နန္ဒယောဓ စစ်သူကြီးနှင့်တကွ ထိုရှင်မုနိန္ဒဃောသ ဆရာတော်ကို ရတနာပုရ ရွှေအင်းဝမြို့တော်သို့ပင့်၍ သာသနာတော်ကို ပြုစုတော်မူစေသည်။ အနောက်ဘက်လွန်မင်းတရားကာ ဤသို့ ပြောလေ့ပြောထ ရှိသတဲ့။ ငါ ပြည်မြို့ကို ရပေတဲ့ ရဟန်းတစ်ပါးနှင့် လူတစ်ယောက်သာ ရခဲ့ပါသည်–ဟူသတည်း။ လူတစ်ယောက်ကား နန္ဒယောဓ စစ်သူကြီးပင်တည်း။ ရဟန်းတစ်ပါးကား သာမဏေအမည်အတိုင်း ရှင်မုနိန္ဒဃောသ၊ ပဉ္စင်းရဟန်း အမည်အားဖြင့် ဦးရီးတော် အမည်ခံ၍ ရှင်ဥပါလိ၊ စစ်ကိုင်းမြို့ တစ်ဖန်ရောက်မှ လေးထပ်ကျောင်းကို တင်လှူပြီး တံဆိပ်လှူသော တိပိဋကာ လင်္ကာအတိုင်း မင်းလှူဘွဲ့တော် ရှင်တိပိဋကာ လင်္ကာရ၊ တောင်ဖီလာ တောရကျောင်းကို ပြောင်းနေသည်တွင်မှ တောင်ဖီလာ ဆရာတော်ဟု တွင်သော အင်းဝ ကောင်းစားစဉ်က အကျော် ၃ ပါးတွင် တစ်ပါးဝင်သော ဆရာတော် ဖြစ်တော်မူသတည်း။ ထိုတောင်ဖီလာ ဆရာတော်မြတ်သည် ရောဝတီမြစ်ကမ်း လေးထပ်ကျောင်းတော်ကြီးတွင် ပထမနေ၍ နောက် သက္ကရာဇ် ၁၀၀၀ ပြည့်တွင် သက်တော် ၆၀ ပြည့်၍ တောင်ဖီလာ တောကျောင်းတွင် ဘာဝနာအလုပ် အားထုတ်ကာ နေတော်မူသည်။ ဆရာတော်သည် သာမဏေဖြစ်စဉ်ကာလ ရှမ်းဇလုံ ဘေးကြောင့် ရတနာပုရ အင်းဝမှ ထွက်သွားရရာ တောင်ငူသို့ရောက်လျှင် ရှင်တိသာသနဓဇ တပည့် ရှင်ဓမ္မရာဇဂုရုထံတွင် ကျမ်းဂန်စာပေ သင်ယူသည်။ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် အလွန်ကျနလှသောကြောင့် ငယ်စဉ်ကပင် ဝေဿန္တရာပျို့ကို ရေးစီရင်၍ လောကဓမ္မ ပြည့်စုံလှသောကြောင့် သာမဏေကျော် ပဉ္စင်းကျော် ပုဂ္ဂိုလ်ကျော်ဟု ထင်ပေါ်လေသည်။ တောင်ဖီလာ ပုဂ္ဂိုလ်ကျော်၏ တပည့် အမြင့်မြို့ မဟာတိဿ မထေရ်သည် ဗန့်ကျီတိုက် ဆားလင်းကြီး တောင်ကျောင်းတွင် စာပေပို့ချ သာသနာပြုစုနေလေသည်။ ထိုရှင်မဟာတိဿ၏တပည့် ရေမိန်ရွာကျောင်း ရှင်စန္ဒထေရ်၊ ၎င်း၏တပည့်မှာ ထိုရွာကျောင်း ဂုဏသီရိထေရ်၊ ၎င်း၏တပည့်မှာ ၎င်းရွာ ရှင်ကလျာဏဓဇထေရ် ဖြစ်သည်။ ထိုကလျာဏဓဇထေရ်သည် မောင်းထောင်ရွာ ကျောင်းတွင် စာပေပို့ချနေထိုင်သည်။ ၎င်း၏တပည့်မှာ ညောင်ကန်ရွာကျောင်း ရှင်ဣန္ဒောဘာသ, ရှင်ကလျာဏစက္က, ရှင်ဝိမလာစာရ, ရှင်စန္ဒသာရ, စံတုမရွာ ရှင်ဝရဏသေိကန္နိမြို့ ကျေးလက်မင်းအိုရွာ ရှင်ဂုဏသီရိတို့ ဖြစ်သည်။ ဤမထေရ်တို့သည် ကလျာဏဓဇမထေရ်၏ထံတွင် သိက္ခာအသစ်တင်၍ စာပေသင်ကြားကုန်၍ တတ်မြောက်ကြကုန်သည်။ ထိုရှင်ကလျာဏဓဇတပည့် ဗန့်ကျီတိုက် ထနောင်းဝန်းရွာကျောင်း ရှင်ဓမ္မဓရထေရ်သည် ကြီးသောအခါ ပဒုံကျေးပန်းရင်းရွာကျောင်းတွင် စာပေပို့ချ သာသနာပြုစု နေတော်မူသည်။

ထိုဆရာစဉ်ဆက်တို့အနက် ရှင်ဂုဏသီရိထေရ်သည် အမရပုရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် ဂုဏလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်ရ၍ အောင်မြေဘုံကျော်ကျောင်းတွင် နေလေသည်။ ထိုမထေရ်၏တပည့် ဉာဏာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်သည် ထိုမင်းလက်ထက်၌ပင် သာသနာပိုင် ဖြစ်သည်။ ထိုဆရာတော်ကြီးသည်ကား သီဟိုဠ်ကျွန်း အမရပုရ ဂိုဏ်းကြီး၏ အစပထမ မျိုးစေ့ချပေးသော ဆရာတော်ကြီးပေတည်း။ ဂုဏာဘိလင်္ကာရ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်၏တပည့် တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု၊ ထိုဆရာတော်၏ တပည့် သူရိယာဘိဝံသသီရိပဝရာ လင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇဂုရု ဆရာတော်သည် အမရပုရ ဒုတိယမြို့တည်နန်းတည် မင်းတရားလက်ထက် သာသနာပိုင် ဖြစ်တော်မူသည်။ ထိုသာသနာပိုင်၏တပည့် ဧယျမ္မောဘိဝံသမုနိဝရဉာဏကိတ္တိသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုထေရ်သည် မင်းတုန်းမင်းလက်ထက် သာသနာပိုင် ဖြစ်တော်မူသည်။ ထိုသာသနာပိုင် ဆရာတော်သည် ဉာဏာဘိဝံသဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုမထေရ်၏ လည်းကောင်း၊ ဝရသေိမထေရ်၏ လည်းကောင်း တပည့် ဖြစ်လေသည်။ ဤဆိုခဲ့သည်တို့ကား သီဟိုဠ်သာသနာဝင် အဆက်

http://www.dhammadownload.com



တူးဖော်ခဲ့စိတ် ချောမောစေ၍ ရွှေနန်းတော်အတွင်း တန်ဆောင်းကြီး ဆောက်လုပ်ပြီးလျှင် ကျမ်းတတ်ကျမ်းပြုသီလ သမာဓိနှင့် ပြည့်စုံတော်မူသော ဇာဂရာဘိဝံသတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဘုရားကြီး ဆရာတော်၊ နရိန္ဒာဘိသီရိသဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဆီးဘန်းနီ ဆရာတော်၊ သုမင်္ဂလာသာမိသီရိပဝရမဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဆရာတော် ၃ ပါးနှင့်တကွ အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး မဟာဥဇနာ၊ ယောမြို့စားမင်းကြီး မင်းလှမဟာစည်သူ၊ သံတော်ဆင့် မိုင်းနိုင်းမြို့စား မဟာသီရိဇေယျသူ၊ သံတော်ဆင့် နေမျိုးရာဇစည်သူတို့ကို စာပြင်ဆင်မှု၌ အကြီးအကြပ် ပြုလုပ်စေ၍ ၅ နှစ်ကျော် ထုလုပ်စေပြီးလျှင် ဝိနည်းငါးကျမ်း ပါဠိတော် ကျောက်ချပ်ရေ ၁၁ဝ၊ သုတ်သုံးကျမ်း ပါဠိတော် ကျောက်ချပ်ရေ ၁၄ဝ၊ အဘိဓမ္မာ ၇ ကျမ်း ကျောက်ချပ်ရေ ၂ဝ၈ တို့ကို ကုသိုလ်တော် မဟာလောက မာရဇိန်ဘုရားအတွင်း၌ အုတ်ပြာသာဒ်ဂူ ၇၂၉ လုံးတည် ကျောက်ချပ်တို့ကို ထည့်သွင်းပြီးလျှင် သေလက္ခရ ကျောက်ထက်အက္ခရာ တင်ထားကိုးကွယ်တော်မူသည်။

သက္ကရာဇ် ၁၂၃၃ ခု၊ နှောင်းတန်ခူးလဆုတ် ၁ဝ ရက် စနေနေ့တွင် မန္တလေး ရွှေမြို့တော် တံဆိပ်ရ မရ ဆရာတော် ၂၄ဝဝ စာပြန်ဆိုရန် အပိုင်းကဏ္ဍခွဲခြား၍ လေ့ကျက်ထားစေသော ဆင်စွယ်တံဆိပ်တော်ရ ဆရာတော် ၆၂ဝ သော ဆရာတော်တို့သည် ကိုယ့်အပိုင်းနှင့်ကိုယ် ပေါင်းစုညီညာ ရွတ်ဆိုကာဖြင့် ပဥ္စမသင်္ဂါယနာတင်ပွဲပြီး ဆင်နွှဲခဲ့ကြလေကုန်သည်။ ရှေးအခါက အဇာတသတ်ဘုရင်နှင့် အရှင်မဟာ ကဿပတို့ကဲ့သို့ သာသနာ ၅ဝဝဝ ကြာရှည်တည်မှု သာသနာပြုတော်မူခဲ့ကြလေကုန်သတည်း။

## မင်းတုန်းဘုရင်မင်းတရား၏ ကုသိုလ်တော်အမြွက်

ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတရားသည် ကုသိုလ်တော်၌သာ မွေ့လျော်တော်မူသည့်အတိုင်း တည်ထားပြုစုတော်မူခဲ့သော ကုသိုလ်တော်တို့မှာ အကျယ်အားဖြင့်ရေးလျှင် ဆုံးကုန်နိုင်ဖွယ် မရှိရကား အကျဉ်းမျှသာ ချုံ့၍ ထည့်သွင်းလိုက်ပေသည်။ မန္တလေးတောင်

အနွယ် ရှင်သဒ္ဓမ္မစာရီ ရှင်မဟာသာမိတို့နှင့်တကွ ငါတို့၏ဆရာမြတ်ရောက်အောင်သော ဆရာစဉ်ဆက်တို့ ဖြစ်လေသည်။

## ဆပ္ပဒဂိုဏ်းဝင် ဆရာစဉ်ဆက်

ဤဆိုလတ္တံ့သည်ကား ဆရာစဉ်ဆက် တစ်မျိုးပေတည်း။ သီဟိုဠ်ပြန် ရှင်သဒ္ဓမ္မ အဆက်အနွယ် ပုဂံရှင်သဒ္ဓမ္မကိတ္တိသည် စစ်ကိုင်းမြို့သို့လာ၍ လေးကျွန်းမြေအရပ်မှာ နေထိုင်သည်။ ရှင်မဟာအရိယဝံသထံမှလည်း စာပေကျမ်းဂန် သင်ကြား၍ ဇေတဝန်ကျောင်းတွင် ပြောင်းရွှေ့နေထိုင်၍ သာသနာပြုတော်မူသည်။ ထိုရှင်သဒ္ဓမ္မကိတ္တိထေရ်၏တပည့် ရှင်ဓမ္မရာဇဂုရု၊ ၎င်းတပည့် မုနိန္ဒဃောသ၊ ၎င်းတပည့် မဟာတိဿ၊ ၎င်းတပည့်စန္ဒပညာ၊ ၎င်းတပည့် ဂုဏသီရိ၊ ၎င်းတပည့် ဉာဏဓဇ၊ ၎င်းတပည့် ဓမ္မဓရ၊ ၎င်းတပည့် ဣန္ဒောဘာသ၊ ၎င်းတပည့် ကလျာဏစက္က၊ ဝိမလာစာရ၊ ဂုဏသာရ၊ စန္ဒသာရ၊ ဝရဓသီ၊ ဂုဏသီရိ၊ ဥဗ္ဗယျဓမ္မာဘိဝံသ၊ ပါကဋထင်ပေါ်ဆရာတော်တို့၏ အစွမ်းအားဖြင့် ဆရာအစဉ်အဆက် သာသနာဝင် ဖြစ်လျက် လာလေသည်။ ဤကား သီဟိုဠ်ရောက် ရှင်ဆပ္ပဒ၏ တပည့် ရှင်သဒ္ဓမ္မကိတ္တိမှ ဆင်းသက်လာသော ထေရပရမ္ပရခေါ် ဆရာအစဉ် သာသနာဝင်ပေတည်း။

ဖအာဖအာ

## * ပဥ္စမသင်္ဂါယနာတင်ခြင်း

သက္ကရာဇ် ၁၂၃ဝ ပြည့် ပြာသိုလကစ၍ မင်းတုန်းမင်းတရားကြီးသည် ဘုရားဟော ပါဠိတော်၊ အဋ္ဌကထာဋီကာကျမ်းများကို ရွှေရေး မှင်ရေး ကညစ်ရေးဖြင့် ရေးသားပြီးလျှင် ပိဋကတ်တိုက်တော်သို့ သွင်းထားတော်မူသည်။ ပေစာတို့မည်သည် လျင်မြန်စွာ ပျက်စီးတတ်သောသဘောရှိရကား သာသနာ ၅ဝဝဝ နှစ် ကုန်သည်တိုင်အောင် ကာလတာရှည် တည်ပါစေခြင်းငှာ မင်းအဆက်ဆက် မပြုလုပ်ဖူးသော ရတနာအဝင် စကျင်တောင်မှ ဖြစ်သော သလင်း ကျောက်ဖြူတော်များကို

* ဤမှစသော နောက်ဆက်တွဲကား ဘာသာပြန်ဆရာ၏ ဖြည့်စွက်ချက်တည်း။

စောင်းတန်းတော်ကြီးနှင့် တောင်ပေါ်ရှိ ရွှေရုပ်တော်ကြီးဘုရား, မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား, အရှေ့စန္ဒာမုနိဘုရား, လောကမာရဇိန် ကုသိုလ်တော်စေတီတော်ကြီး, ရန်ကင်းတောင်ခြေ ထူပါရာမ ကျောက်စေတီတော်, ရန်ကုန် ရွှေတိဂုံ စေတီကြီးတွင် နဝရတ်ကိုးပါး စီခြယ်သော ရွှေထီးတင်လှူခြင်း၊ ထီးတော်မှ ဖိနပ်တော်အထိ ရွှေဆိုင်း သုံးသောင်းကုန် ရွှေချလှူဒါန်းခြင်း၊ ဘုရားပွင့်တော်မူရာ အိန္ဒိယ မဇ္ဈိမတိုက် ဗောဓိပင်အနီးတွင် ၆ ခန်း အုတ်ဇရပ်ကြီး ဆောက်လုပ်လှူဒါန်းခြင်း၊ တူရကီနိုင်ငံ မကာမြို့ စတုဒီသာ တည်းခိုရန်ဆောက်လှူသော အုတ်ဇရပ်ကြီး, စကုမြို့ စက်တော်ရာပါဒစေတီတွင် ရွှေဆိုင်း ၇၀၀၀ ကျော် မွမ်းမံဆောက်လုပ်သည့် ပြာသာဒ်ကြီး, မန္တလေး သုဓမ္မာ ဇရပ်တော်ကြီး, ပဋ္ဌာန်းဟောသိမ် ဇရပ်တော်ကြီး, မန္တလေး မဟာဝိဇယာရာမ တိုက်တော်ကြီးအတွင်း အတုမရှိ အုတ်ကျောင်းတော်ကြီး, မန္တလေးတောင်ခြေ ပိဋကတ်တိုက်တော်ကြီး, မဟာဝိသုတာရာမ တိုက်တော်ကြီးနှင့် မဟာအတုလဘုံစံ ရွှေကျောင်းတော်ကြီး, ကျောင်းရံ ၂၀ ကျော်နှင့်တကွ မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော် ရှမ်းကလေးကျွန်းတွင် ဆောက်လှူသည့် ကျောင်းတော်, ကုသိုလ်တော်ဘုရား ပတ်လည်တွင် အုတ်ဇရပ်တော် ၃၆, မြို့တော်အတွင်း ပြည်သူတို့ ဥပုသ်စောင့်ရန် ဆောက်ထားသည့် ဇရပ်တော် ၁၁၊ တံခါး ၁၂ ရပ်တွင် ဆောက်လုပ်ထားသည့် တရားတင်းကုပ် ၁၂၊ ထို့ပြင် လှူဒါန်းထားသော ကျောင်းတိုက်များ ဇရပ်တန်ဆောင်းစသည်တို့မှာ မရေတွက်နိုင်အောင် ပေါများလှလေကုန်သည်။ ဓမ္မာသောက ဘုရင်ကြီးသည် ကမ္ဘာအနှံ့ သာသနာပြု ဒါနကြီးများ ပြုသကဲ့သို့ ငါတို့ဘုရင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် မြန်မာပြည်အနှံ့ သာသနကျက်သရေကို ဆောင်နိုင်ဖွယ်သော ဘုရားတန်ဆောင်းဝ ကျောင်းပြာသာဒ် အရပ်ရပ်တို့မှာ ရေတွက်မကုန်နိုင်အောင် ပေါများသောကြောင့် သုဏန္တ ပုဂ္ဂိုလ်တို့ သဒ္ဓါပွားရန်အတွက် အနည်းငယ်မျှသာ ရေးသားပြလိုက်ပါသတည်း။

## သီပေါမင်းလက်ထက် သာသနာဝင်

သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၂ ရက် စနေနေ့တွင် သီပေါမင်းသားသည် မန္တလေးရတနာပုံ နေပြည်တော်၌ မင်းအဖြစ်ကို ခံယူတော်မူသည်။ သီရိပဝရာဒိတျာလောကာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူသည်။ သာသနာရေး သာသနာမှုကို ပြုစုတော်မူရန်အလို့ငှာ မဟာဝိသုတာရာမ ဆရာတော်, မဏ္ဍလာရာမဆရာတော်, မင်္ဂလာရာမ ဆရာတော်, စံကျောင်းဆရာတော်, မဟာခေမိကာရာမ ဆရာတော်, တောင်တော်ဆရာတော်, သက်ပန်းဆရာတော်, လှထွေဆရာတော်, ပုခန်းဆရာတော်, ဝိစိတ္တာရာမဆရာတော်, မဟာဝိဇိတာရာမ ဆရာတော်, မဟာဓမ္မဇောတိကာရာမ ဆရာတော်, ပေါင်း တစ်ကျိပ်နှစ်ပါးတို့ကို သုဓမ္မာဝင် သာသနာပြုအပ်တော်မူသည်။ သီပေါမင်း လက်ထက်အခါတွင် တောင်တော် ဆရာတော်မှာ သာသနာပိုင် ဖြစ်တော်မူသည်။ မာလာလင်္ကာရ သာသနဓဇဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ ရွှေကျင်ဆရာတော်ကိုလည်း ထိုနည်းတူစွာ ဇာဂရာဘိဓဇ သာသနပါလဓမ္မ သေနာပတိ မဟာဓမ္မရာဇဂုရု ဟူသော တံဆိပ်တော် ကပ်လှူ သာသနာပြု သာသနာပိုင် အပ်တော်မူသည်။

မြို့တော် အရှေ့တောင်တွင် အရပ် ၅၆ တောင်၊ ဖိနပ်တော် ၅၅ တောင်ရှိ ရတနာမာရ်အောင် စေတီတော်ကို တည်ထား ကိုးကွယ်တော်မူသည်။ အရှေ့ပြင်တွင် ၁ သန်းကျော်တန် မဟာဝိဇယပုည ကျောင်းတိုက်ကြီးကို တည်ထား လှူဒါန်းတော်မူသည်။ မဟာမုနိ ရုပ်ပွားတော်မြတ်၏ တန်ဆောင်း ပြာသာဒ်များ မီးလောင်သဖြင့် ဂန္ဓကုဋိ တန်ဆောင်း ပြာသာဒ်တော်ကြီးတို့ကို အသစ်ဆောက်လုပ် လှူတော်မူသည်။ အမရပုရမြို့တွင်ရှိသော မဟာသကျသီဟ ရုပ်ပွားတော်ကို မန္တလေးမြို့သို့ ရွှေ့ပြောင်းတည်ထား ကိုးကွယ်တော်မူသည်။ အနောက်ပြင်တွင် မဏိရတနာရာမတိုက်ကြီးကို တည်ထား လှူဒါန်းတော်မူသည်။ ဤသို့ စသည်ဖြင့် ကုသိုလ်တော်များကို ဆည်းပူး၍ သာသနာပြုတော်မူသည်။ သီပေါမင်းတရားမှာ အသက် ၂၀ အရွယ်တွင် မင်းဖြစ်၍ နန်းစည်းစိမ်

http://www.dhammadownload.com



၇ နှစ်မျှသာ ရှည်သောကြောင့် ကုသိုလ်တော်များကို များစွာပြုဖို့ အခွင့်မကြုံတော့ရကား များစွာ ဝမ်းနည်းဖွယ်ကောင်းလှလေသည်။

### ပထမ စာတော်ပြန်ပွဲ

ပထမပြန် စာမေးပွဲဟု ယခုခေတ် ခေါ်ဝေါ်နေသော ပထမ စာတော်ပြန်ပွဲကို သက္ကရာဇ် ၁၀၀၀ ပြည့် သာလွန်မင်းတရားကြီး လက်ထက်က စတင် ပြုလုပ်လေသည်။ ထိုမင်းမှစ၍ သီပေါမင်းတရားထိအောင် သာသနာရေးကို အားပေးသောအားဖြင့် ပထမပြန်ပွဲကို ဆင်နွှဲကျင်းပလာခဲ့လေသည်။ များသောအားဖြင့် နယုန်လတွင် ကျင်းပသောကြောင့် နယုန်လကို စာပြန်ပွဲလဟုပင် ထည့်သွင်းထားခဲ့ကြလေသည်။ သီပေါမင်းတရားမှာမူ မင်းမဖြစ်မီက ပထမပြန်ပွဲကို ဝင်နွှဲ၍ အောင်ပန်းရခဲ့သော မင်းသားတစ်ပါး ဖြစ်ခဲ့လေသည်။ အင်္ဂလိပ်မင်းများ လက်ထက်တွင်လည်း ၁၂၅၃ ခုနှစ်ကစ၍ ပထမပြန် စာမေးပွဲကို ကျင်းပ၍ သာသနာရေးကို အားပေးကာ ချီးမြှောက်ခဲ့လေသည်။

### သာသနာပိုင် အစဉ်အဆက်များ

မြန်မာတိုင်းခွင် သာသနာဝင်၌ သာသနာတော်ကို အကြီးအမှူး ဥက္ကဋ္ဌအဖြစ်နှင့် စောင့်ရှောက်တော်မူသော ဆရာတော်ကို သာသနာပိုင်ဟု ခေါ်ခဲ့ကြလေသည်။ သို့ရာတွင် ရှေးကျသော ခေတ်ကမူကား ဘုရင့်ဆရာဟူ၍ သာမန်ခေါ်ဝေါ် သုံးနှုန်းခဲ့ကြလေသည်။ ဘုရင့်ဆရာနှင့် သာသနာပိုင်ဟု နာမံတော်ရကုန်သော ဆရာတော်များနှင့် ထိုသာသနာပိုင်တို့၏ ဒါယကာ မင်းတရားတို့မှာ–

(၁) သက္ကရာဇ် ၇၉၃ ခု ပုဂံပြည် အနော်ရထာမင်းစော လက်ထက် ရဟန္တာအရှင်အရဟံထေရ်၊ (၂) ပုဂံပြည် နရပတိစည်သူမင်း လက်ထက် ပုံသကူမထေရ် အရှင်သီလဗုဒ္ဓိ၊ (၃) သက္ကရာဇ် ၈၇၂ ခု တောင်ငူ မဟာသီရိဇေယျသူမင်း လက်ထက် သီဟိုဠ်ရောက် ဆရာတော် အရှင်မဟာပရက္ကမ၊ (၄) ၆၇၃ ခု ပင်းယတစည်းရှင် သီဟသူမင်း လက်ထက် ရဟန္တာထွေး အရှင် အရဟံငယ်နှင့် အရှင်ဒိဗ္ဗစက် ၂ ပါး၊ (၅) ၆၈၄ ခု ပင်းယဥဇနာမင်း လက်ထက် အရှင် သုဓမ္မသာမိ ဆရာတော်၊ (၆) ၇၃၀ ပြည့်နှစ် အင်းဝမင်းကြီး စွာစော်ကဲ လက်ထက် ၎င်း၏ငယ်ဆရာ၊ (၇) ၈၁၄ ခု အင်းဝ ထုပါရုံ ဒါယကာ နရပတိမင်း လက်ထက် အရှင်မဟာသာမိ ဆရာတော်၊ (၈) ၆၉၇ ခု အင်းဝ အနောက်ဘက်လွန်မင်းတရား လက်ထက် လေးထပ်ဆရာတော် အရှင်မဟာရာမ၊ (၉) ၉၉၆ ခု အင်းဝ သာလွန်မင်းတရား လက်ထက် တောင်ဖီလာ ဆရာတော် အရှင်တိပိဋကာလင်္ကာရ၊ (၁၀) ၁၀၉၅ ခု အင်းဝ ဟံသာဝတီရောက်မင်း လက်ထက် ကျော်အောင်စံထား ဆရာတော် အရှင်ဉာဏဝရ၊ (၁၁) ၁၁၁၄ ခု ရွှေဘိုအလောင်းမင်းတရား ဦးအောင်ဇေယျ လက်ထက် အတုလ ဆရာတော် အရှင်မဟာယသ၊ (၁၂) ၁၁၂၂ ခု စစ်ကိုင်းမြို့ စစ်ကိုင်းမင်း လက်ထက် တောင်တွင်းဆရာတော် အရှင်ဉာဏခင်ကြီးပျော်၊ (၁၃) ၁၁၂၅ ခု အင်းဝ ဆင်ဖြူရှင်မင်းတရား လက်ထက် စရစ်ဆရာတော် အရှင်ဇမ္ဗုဒီပ၊ (၁၄) ၁၁၄၃ ခု အင်းဝ ဘိုးတော်ဦးဝိုင်း လက်ထက် မောင်းထောင် ဆရာတော် အရှင်ဉာဏ၊ (၁၅) ၁၁၈၈ ခု အမရပုရ ဘကြီးတော် လက်ထက် စလင်းဆရာတော် အရှင်ပညာသီဟ၊ (၁၆) ၁၁၉၉ ခု အမရပုရ ရွှေဘိုကုန်းဘောင်မင်းတရား လက်ထက် ပထမ သဲအင်းဆရာတော် အရှင်သူရိယ၊ (၁၇) ၁၂၀၁ ခု အမရပုရ ရွှေဘိုကုန်းဘောင်မင်း လက်ထက် မောင်းထောင် ဆရာတော် ရှင်ဥေယျ၊ (၁၈) ၁၂၀၈ ခု အမရပုရ ပုဂံမင်း လက်ထက် ဗားကရာ ဆရာတော် အရှင်ပညာဇောတ၊ (၁၉) ၁၂၁၄ ခု မန္တလေး မင်းတုန်းမင်း လက်ထက် မောင်းထောင်ဆရာတော် အရှင်ဥေယျ၊ (၂၀) ၁၂၂၀ ပြည့် မန္တလေး သီပေါမင်း လက်ထက် တောင်တော် ဆရာတော် အရှင်မာလာနှင့် ရွှေကျင်ဆရာတော် အရှင်ဇာဂရ၊ (၂၁) အင်္ဂလိပ်မင်း လက်ထက်တွင် ၁၂၅၆ ခုနှစ်တွင် ပုခန်းသမုတိ သာသနာပိုင် ဆရာတော် အရှင်နန္ဒ (၈) နှစ်၊ ၎င်းနောက် မိုးထားသမုတိသာသနာပိုင် ဆရာတော်၊ ၎င်းနောက် မန္တလေး တောင်ခွင်ဆရာတော် အရှင် ဝိသုဒ္ဓ ဟူ၍ ဖြစ်ပေါ်လာခဲ့လေသတည်း။

မြန်မာဘုရင်တို့မှာ မိမိတို့ ကိုးကွယ်သော ဆရာများကို ယေဘုယျအားဖြင့် သာသနာပိုင် တင်ထား ကိုးကွယ်လာခဲ့ကြလေသည်။ ယခုခေတ် အင်္ဂလိပ်မင်းများ လက်ထက်တွင်မူကား မြန်မာမှူးမတ်ဟောင်းကြီးများနှင့်

http://www.dhammadownload.com



တိုင်ပင်၍ မဲနှင့် ရွေးကောက် တင်မြှောက်ခဲ့လေသည်။ မဲပေးရသော ပုဂ္ဂိုလ်တို့မှာ မန္တလေးမြို့တွင် နေထိုင်သော ကျောင်းထိုင်ဘုန်းကြီးများသာ ဖြစ်ကြလေသည်။

၁၂၅၆ ခု သာသနာပိုင် ရွေးကောက်ပွဲ ကျင်းပစဉ်အခါက အရွေးခံကြသော ဆရာတော်တို့နှင့် မဲစာရင်းတို့မှာ ဤသို့ပင်တည်း။

| | | | |
|---|---|---|---|
| ၁ (က) | မိုးတားဆရာတော် မဲရ | ။ | ၃၉၆ |
| ၂ (ခ) | တောင်ခွင်ဆရာတော် | ။ | ၁၉၅ |
| ၃ (ဂ) | ဒုတ်လှမ်းဆရာတော် | ။ | ၈၆ |
| ၄ (ဃ) | ဝဇီရာ ရာမဆရာတော် | ။ | ၃၄ |
| ၅ (င) | လှထွေဆရာတော် | ။ | ၂၃ |
| ၆ (စ) | ဒီပဲယင်းဆရာတော် | ။ | ၂၂ |
| ၇ (ဆ) | လင်္ကာရာမဆရာတော် | ။ | ၁၁ |
| ၈ (ဇ) | ခေါ်တောဆရာတော် | ။ | ၄ |
| ၉ (ဈ) | ကျောက်ပန်းတောင်းဆရာတော် | ။ | ၃ |
| ၁၀ (ည) | မိုးကောင်းဝေယန်ဘုံကျော် | ။ | ၂ |
| ၁၁ (ဋ) | ဝေဠုဝန်ဆရာတော် | ။ | ၁ |
| ၁၂ (ဌ) | အကောက်ဝန် ဆရာတော် | ။ | ၁ |
| ၁၃ (ဍ) | မဟာဝိသုဒ္ဓါရာမဆရာတော် | ။ | ၁ |
| ၁၄ (ဎ) | သင်္ဂဇာဆရာတော် | ။ | ၁ |
| | မဲပေါင်း | | ၇၈၀ |

မိုးတား ဆရာတော်ကြီးမှာ မဲပေါင်း အများဆုံး ရခဲ့သော်လည်း သာသနာပိုင် မခန့်ရသေးမီ ပျံလွန်တော်မူသွားရကား တောင်ခွင်ဆရာတော်ကို ဒုတိယ ဘုရင်ခံချုပ်ကြီးက (ဆာနတ်) အမိန့်နှင့် သာသနာပိုင် ခန့်ရလေသည်။ ဤသို့လျှင် သာသနာရေး သာသနာမှု၏ သိသင့်သိရာတို့ကို ဖြည့်စွက်၍ အမြွက်မျှ ပြအပ်သော သာသနာဝင် နောက်ဆက်တွဲသည် ပြီးခြင်းသို့ ရောက်လေသတည်း။

ဤသို့လျှင် အပရန္တတိုင်း သာသနာဝင်ဟု ဆိုအပ်သော တစ်စိတ်တစ်ဒေသ စကားအစဉ်ဖြင့် အလုံးစုံသော မြန်မာ့တိုင်းကို သိမ်းကျုံး၍ သာသနာဝင်ကို ပြခဲ့ပေပြီ။ မြတ်စွာဘုရားရှင်သည်ပင် အပရန္တတိုင်း စန္ဒကူးကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ်က တမ္ဗဒီပတိုင်း ထိုထိုသို့သော မြို့ရွာ အသွယ်သွယ်သို့ တန်ခိုးတော်ဖြင့် လှည့်လည်ကြွတော်မူ၍ သတ္တဝါဝေနေယျတို့အား ဓမ္မရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသတည်း။

ဤတွင် သာသနာဝင်ကျမ်း၌ ဒသမပိုင်း အပရန္တ သာသနာဝင်အခန်းကြီး ပြီး၏။

## ဤမျှဖြင့် သာသနာဝင် အလုံးစုံ ပြည့်စုံပြီ။

### ကျမ်းရင်းနိဂုံး

၁။ သီဟိုဠ်သား စိတ်ထားငြိမ်သက်လျှင်၊
ဆန်းကြယ်ဉာဏ် အမှန်ရဟန်းရှင်။
သာသနာကြာစွာတည်စေချင်၊
သရဏာဂုံရ ဘွဲ့ရနာမည်ရှင်။ ။

၂။ ကျွန်းဝေးသား အခြားရှင်တို့မှာ၊
သုမင်္ဂလ၊ ဓောတ ဘွဲ့တော်သာ။
ဝိသုဒ္ဓ သီလကိုယ်တော်ပါ၊
ကျွန်းရပ်ခြား မြတ်ဖျားရဟန်းသာ။ ။

၃။ တခြားရှင် များဖျင်တောင်းပန်ရာ၊
ပညာရှင် မည်တွင်ငါဆရာ။
သာသနာဝင် ဘွဲ့တွင်ဤကျမ်းမှာ၊
ကောင်းစွာပြု သာဓုခေါ်လောက်ရာ။ ။

၄။ ထောင့်နှစ်ရာ နှစ်မှာ သုံးထည့်လျှင်၊
သက္ကရာဇ် တွက်စစ် ဤနှစ်ပင်။
နတ်တော်လ ပြည့်ဝဤနေ့လျှင်၊
ချင်းခပ်သိမ်း ပြီးငြိမ်းရောက်ခဲ့ပင်။ ။

၅။ ဤကျမ်းဝယ် စဉ်းငယ်ပြစ်ဒေါသာ၊
စိတ်ကောင်းရှင် ထင်မြင်တွေ့သော်ခါ။
ထိုအချက် ကြည့်လျက်စင်ကြယ်စွာ၊
အမှန်ဖြစ် စင်စစ်ယူကြရာ။ ။

ကျမ်းရင်းနိဂုံး ပြီး၏။

၁၃၀၂ ခု တော်သလင်းလကွယ်နေ့ နံနက် ၉ နာရီအချိန် သာသနာဝင်ကျမ်းကို ဘာသာပြန်ဆို၍ပြီး၏။

http://www.dhammadownload.com